
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်

၅၀၀၇၉၃၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၄၁၁၀၃၀၈

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၈ ခုနှစ် မေလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ဦးမှတ်တမ်း

'အင်းလေးကန်'တွင် နေထိုင်ခဲ့သော ရက်များအတွင်း စားသောက်ရေး၊ အင်းထဲအနံ့ သွားလာရေးနှင့်... 'အင်းသုံးအင်း' ကို ဖြတ်သန်းသွားလာခွင့် ရအောင် တာဝန်ယူ ကူညီပေးခဲ့ကြသော "အင်းပေါ်ခုံရွာ"မှ ပေါင်ဆယ်-ပေါင်ထွေး ဦးဘသန်း-ဒေါ်ရွှေကြည် မိသားစုနှင့် "နမ့်ပန်ရွာ"မှ ကိုတင်မောင်မြင့်...တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိလှပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုကို ဒါရိုက်တာ ဦးကြီးမြင့်က စိုးသူ၊ ဇော်ဦး၊ မို့မို့မြင့်အောင်၊ မေဝင်းမောင်၊ စံရှားတင် တို့နှင့် ၁၉၈၅ခုနှစ်က အောင်မြင်စွာ ရိုက်ကူးရုံတင်ခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်ပါသည်။

## အခန်း တစ်

"အန်တီ...ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ်၊ အတန်းပြီးခဲ့ကြပြီလား"

"ကျွန်တော်ကတော့ ပြီးပါပြီ၊ လှိုင်းက တစ်ချိန်လစ်လာတာ"

"ကိုဖြိုးနော်... သူ တစ်မနက်လုံး ကဲ(န်)တင်းမှာ ထိုင်နေပြီးတော့"

"ငါ ပရယ်တီကယ်(လ်) အစောကြီးပြီးလို့ ထိုင်နေတာ၊ တို့ကျောင်းပြေးခဲ့ရင်လည်း အရေးမကြီးဘူးနော်။ မိန်းကလေးတွေ အတန်းလစ်ရင် ရင်လေးစရာပဲ"

"ကိုဖြိုးနော်... ရုပ်တည်ကြီးနဲ့ မေမေ့ရှေ့မှာ မဂ်လာယူမနေနဲ့၊ သူ့အကြောင်းတွေ အန်တီနွယ့်ကို သွားတိုင်ပစ်လိုက်မယ်"

"မလုပ်နဲ့လေ... မေမေ့ကို နင်တိုင်လို့ ငါက မခံချင်ဖြစ်ပြီး အန်တီ့ကို ပြန်တိုင်မိခဲ့ရင်...အင်း...နင့်အကြောင်း နင်ပြန်စဉ်းစားနော်... မိလှိုင်း"

"ကဲ..."

ဆိုဖာနောက်မှီဖုံဖြင့် လှမ်းပေါက်လိုက်သဖြင့် ဖြိုးမြင့်သော်က သိုင်းပြောင်းပြန် ပုံစံနှင့် ခံပြီး ပြန်ပုတ်ထုတ်လိုက်သည်။

www.burmeseclassic.com



"လှိုင်းက ဘာမှ ဖြစ်တာ မဟုတ်ဘူး၊ ဘာအပြစ်မှ မရှိဘူး။ သူသာ..."

'ဖြူလှိုင်းဖွေး'ဟာကယ် စိတ်ဆိုးသည့်မျက်နှာနှင့် ပြောနေပါ၍...

"အို...သမီးကလည်းကွယ်၊ ကိုဖြိုး...မင်းတို့ နှစ်ယောက်ဟာ ငယ်စိတ်ကို မပျောက်ကြသေးဘူး၊ ကျောင်းလည်း အတူသွားကြ ပြန်ကြ ရက်နဲ့၊ အမြဲ တကျက်ကျက် ရန်ဖြစ်နေကြတော့တာပဲ"

'ဒေါ်ခင်ပြုံးရီ'သည် နှစ်သိမ့်စွာ ရယ်မောပြီး သူ့သမီးနှင့် တူအရင်း၊ သားအရင်းလေးလို မူလတန်းကျောင်းသားဘဝတည်းက ချစ်ခဲ့ရသော 'ဖြိုးမြင့်ဆေ'သို့ ကြည့်ပြီး...

"ဒီနေ့ စကားပြောစရာရှိလို့ မှာလိုက်တာ ကိုဖြိုး၊ နေ့ခင်းက 'နွယ်နွယ်' လာသွားတယ်"

"မေမေက ဒီအိမ် လာနေကျပဲလေ"

"အေး... ခါတိုင်း လာတာက အန်တီတို့ လူကြီးတွေကိစ္စ၊ အခုဟာက ကိုဖြိုးကိစ္စနဲ့ လာသွားတာ ဒါကြောင့် ဒရိုင်ဘာကို မှာလိုက်တာ၊ အပြန်ကျရင် ကိုဖြိုးကို အိမ်ကိုခေါ်ခဲ့ပါလို့၊ အန်တီ ကိုဖြိုးကို ပြောစရာရှိတယ် သား"

စောစောဆီက စကားနိုင်လုကြ၊ စကြ၊ ရန်ဖြစ်ခဲ့ကြသော အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြရင်း...

ဖြူလှိုင်းဖွေးက မျက်ခုံးလေးနှစ်ဖက် မြင့်တက်ပြလိုက်သည်။





"ဘယ့်နဲ့လုပ်ကြမလဲ၊ အန်တီနွယ် သိသွားပြီထင်တယ်"

ဆိုသော အဓိပ္ပာယ်။

ဖြိုးမြင့်ဆေ သည်လည်း မလိုမလဲသော မျက်နှာနှင့် ဒေါ်ခင်ပြုံးရီသို့ ကြည့်နေသည်။ သူတို့၏ လျှို့ဝှက်မှုကို သိသွားကြပြီလား၊ မေမေသည် ဒေါ်ခင်ပြုံးရီမှတစ်ဆင့် ပြောခိုင်းခြင်းလား ဟူသော စိတ်ဖြင့် စိုးထင့်စွာ ကြည့်နေဆဲ...

"ကိုဖြိုးသာ တခြားလူဆိုရင် အန်တီလည်း ဒီစကားမပြောပါဘူး၊ ခုတော့ ဒီအိမ်သားတစ်ယောက်လို ဖြစ်နေပြီး ကိုယ့်သားလေးလို ဖြစ်နေလို့သာ အန်တီ ဒီစကားကို ပြောရမှာပါ...သား"

သည်တစ်ခါတော့ ဖြိုးမြင့်ဆေက အရင် ဖြူလှိုင်းဖွေးသို့ အားကိုးတကြီး ကြည့်ရှာသည်။

"ငါ့ကိစ္စပေါ်သွားရင် နင်ကူညီပါနော်"

ဆိုသော စကားကို မျက်ဝန်းမှတစ်ဆင့် ပြောကြားနေပါ၏။

ဒေါ်ခင်ပြုံးရီသည် သူ့ အင်္ဂလိပ်ရှားပါတိတ်ပေါ်မှ သိန်းငှက်ရုပ်ကလေးများကို စိုက်ကြည့်ပြီး လေးနက်တည်ငြိမ်သော လေသံဖြင့်...

"နွယ်နွယ်က သမီးလှိုင်းကို ကိုဖြိုးနဲ့ ပေးစားပါရစေတဲ့ ကွယ်"

"ဗျာ"

"အို..."

လုံးဝ မထင်မှတ် မမျှော်လင့်သော စကားမို့ နှစ်ယောက်စလုံး မျက်လုံးပြူးကုန်ကြသည်။

ဒေါ်ခင်ပြုံးရီ ဘာဆက်ပြောလာလေဦးမလဲ ဟူသော စိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ငေးကြည့်နေကြပါသော်လည်း ဒေါ်ခင်ပြုံးရှိသည့်နေရာမှ ထရပ်လျက်...

"သမီးတို့ချင်းဟာ အရင်းနှီးဆုံး လူသားနှစ်ယောက်ပဲ၊ ကိုယ့်ဟာကိုယ် ဆွေးနွေးယူကြပါ။ မေမေ့အနေနဲ့တော့ ဒီကိစ္စကို ဘာမှဝင်ပြောစရာ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေမေကလည်း နှယ်နှယ့်ဆန္ဒအတိုင်းပဲ ဖြစ်စေချင်လို့"

စကားဆုံးသည်နှင့် ဒေါ်ခင်ပြုံးရီ အခန်းတွင်းသို့ ဝင်သွားခဲ့ပါပြီ။

ဖြိုးမြင့်ဝေသည် မြင့်မားလှသော ပြဿနာကြီးတစ်ရပ်ကို ရင်ဆိုင်လိုက်ရပြီဆိုသော မျက်နှာနှင့် သူ ယောက်ယက်ခတ် လှုပ်ရှားသွားတော့သည်။

ဖြူလှိုင်းဖွေးသည်မူ...

ကိုဖြိုး၏ဘေးတွင် ဇွတ်ခနဲ ဝင်ထိုင်လိုက်ပြီး၊ အပေါ့ပါးဆုံးသော မျက်နှာ ပြုံးစစဖြင့်...

"ကိုဖြိုး... နင့်မျက်နှာကြီးကလည်း အီးမှန်သွားတာကျနေတာမှ၊ ဒီလောက်တောင် ဖြစ်မနေစမ်းပါနဲ့ ကိုဖြိုးရဲ့ လှိုင်းကို ကိုဖြိုး ကိုယ်ရှုရပါဘူး"

"ဟင်"

"လှိုင်းကလည်း ကိုဖြိုးကို မယူနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပွဲဆေးဖို့ မတတ်နိုင်လို့"

"အရေးထဲမှာ နင်ကလည်း... ဒါပဲပြောနေ"





ကျောင်းစိမ်း ဘောင်းဘီတို ဝတ်ရစဉ်ကာလက ညစ်ညစ်ပတ်ပတ် ဆော့ကစားရင်း ကိုဖြိုး၏ပေါင်တွင် ပွေးတစ်ကွက် ပေါက်ဖူးသည်ကို လှိုင်းတစ်ယောက် တစ်သက်သုံး စ၍ မဆုံးတော့။

"နင်က ရယ်စရာလုပ်မနေနဲ့၊ မေမေက မလွယ်ဘူးလှိုင်း"

"မလွယ်ဘူးဆိုတော့ ကိုဖြိုးက လှိုင်းကို မငြင်းလို့ မဖြစ်ဘူးဆိုတဲ့ သဘောလား"

"နင်ကလည်းဟာ... ငါ့အကြောင်းကို ကမ္ဘာပေါ်မှာ အသိဆုံးလူဟာ နင်ပဲလေ လှိုင်း"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ နင့်နဲ့ငါနဲ့ ဘယ်လိုလုပ် ယူလို့ဖြစ်မှာလဲ"

"အင်း...ဒီလိုတော့လည်း ငါ့တပည့်မဆိုးဘူး၊ အစိမ့်ပွာယ်ပေါက်လွယ်သားပဲ"

ဖြူလှိုင်းဖွေးက ဟာသဇာတ်ဝင်ခန်းတစ်ခုကို ကြည့်နေသလို ခိုးခိုးခစ်ခစ် ရယ်၏။

"ငါဟာ 'ချစ်နှင်းဖြူ'ကို ဘယ်လို မေတ္တာတရားမျိုးနဲ့ ချစ်ခဲ့တယ်ဆိုတာ နင်အသိဆုံးပါလှိုင်း"

"အင်းပါ...ဒါကြောင့် ကိုဖြိုးမှာ အသည်းနှလုံး စပယ်ယာပတ်(တ်စ်)တစ်စုံ အပိုပါတယ်လို့ လှိုင်း ပြောခဲ့တာပေါ့"

"ငါ မမေ့ပါဘူး"

သူများတွေ...

"နှလုံးသားနှင့်အမျှ ချစ်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com

"အသည်းနှလုံးနှင့်ထပ်တူ ချစ်ပါသည်"

ဆိုသော စကားမျိုးဖြင့်ကို ကိုဖြိုးက နှစ်ဆလောက် ပိုလွန်းသည်းလွန်း၍...လှိုင်းက ပေးထားရသောအမည်ပါ။

အသည်းနှလုံး စပယ်ယာပတ်(တ်စ်) တစ်စုံနှင့်လူ...ဟူ၍...

"ကိုဖြိုး"

"ဟင်"

"ဒီကိစ္စ ရှင်းချင်ရင် အလွယ်လေး"

"ဘာလုပ်ရမလဲ"

"ချစ်နှင်းဖြူကလည်း ဘွဲ့ရပြီးမှ လက်ထပ်နိုင်မှာဆို"

"ဟုတ်တယ်...ချစ်ဟာ သူ့ဆုံးဖြတ်ချက်ကို ဘယ်တော့မှ မပြင်တဲ့ မိန်းကလေးလေ"

"သိတယ်၊ ဒါကြောင့် အလွယ်လေးလို့ ပြောတာပေါ့"

"ငါ ဘာလုပ်ရမှာလဲ လှိုင်းရယ်"

"ကိုဖြိုးတို့ နှစ်ယောက် ယူလို့ မဖြစ်သေးဘူး မဟုတ်လား"

"အေးလေ"

"ဒါဆို အလွယ်လေးလို့ ဆိုနေ၊ လှိုင်းအတွက် ယောက်ျား တစ်ယောက် အမြန်ရှာပေးလေ"

"တော်စမ်း မိလှိုင်းရယ်... နင် လောင်မနေနဲ့၊ ငါတကယ် စိတ်ညစ်သွားတာ"

"မယူရပါဘူးဆိုမှ၊ အမယ်လေး...သူကလည်း ဈေးတက်နေလိုက်တာ"





သည်တော့လည်း ဖြိုးမြင့်ဝေက လဲ့ရုံလေး ပြုံးလာပြီး...

"နင်နဲ့ ငါနဲ့က နားလည်မှု ရှိပြီးသားပါလှိုင်း၊ ဒါပေမယ့် မေမေက နင့်ကို သဘောတူပါတယ်လို့ ပြောထားပြီးပြီမို့ နင့်ကို မယူရင်သာ နေလို့ရမယ်။ တခြား တစ်ယောက် ယူမယ်ဆိုရင် လွယ်မယ်လို့ ငါမထင်တော့ဘူး လှိုင်း"

"ချစ်နှင်းဖြူကို ကြည်ဖြူဖို့ပါ အန်တီနွယ့်ကို လှိုင်း ပြောပေးမယ်လေ"

"အေးလေ... တို့နှစ်ယောက် တိုင်ပင်ပြီး ကြိုးစားကြည့်ကြသေးတာပေါ့"

"ကိုဖြိုး"

"ဟော"

"ဒါဆို လှိုင်းကို ကျေးဇူးမမေ့ရဘူးနော်"

"နင်ကလဲဟာ... အရေးထဲမှာ"

"တကယ်ပြောတာ... ရည်းစားတစ်ယောက်လောက် ရှာပေးစမ်းပါ"

"နင့်... လိုက်နေတာတွေ အများကြီးပဲ"

"သွားစမ်းပါ၊ ကျက်သရေတုံးလွန်းလို့၊ တစ်ယောက်မှ မသားနားဘူး"

"အေး...ဒါဆို နင်ကြိုက်တာ တွေ့တော့ ငါ့ကို လက်ညှိုးထိုးပြ နင့်ကိုယ်စား ငါ ရည်းစားစကား လိုက်ပြောပေးမယ်"

"အမယ်လေး...သူများ အားမကိုးဘူး၊ ကိုယ်တိုင်ပဲ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com

စကား လိုက်ပြောပစ်လိုက်မှာ"

အရှင်နေသော လှိုင်းခွက်ထိုးခွက်လှန် ရယ်တော့ ဖြိုးမြင့်ဝေပါ လိုက်၍ ပြုံးမိသည်။

"ကိုဖြိုး...ထမင်းစားသွားနော်..."

"မစားတော့ဘူး၊ ငါ...နည်းနည်း ညစ်သွားပြီ"

"ညစ်မနေစမ်းပါနဲ့၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စကို၊ ဒီမှာ..."

"အင်း..."

"ကိုဖြိုးကိုသာ တကယ်ယူရမယ်ဆိုရင်ခလ ရယ်ချင်တာနဲ့ သေမှာပဲ..."

"နင်ကလည်းဟာ"

"ဟုတ်တယ်လေ၊ တစ်သက်လုံး အတူနေလာခဲ့ကြတဲ့ မျက်နှာ နှစ်ခု၊ ဟိုလိုကြီး ရင်ဆိုင်ရမယ်ဆိုတော့..."

"နင်ကလည်းဟာ..."

သူ့ချစ်သူ ရျစ်နှင်းဖြူကို မျှော်ထားချင်လောက်အောင် ချစ်သော ကိုဖြိုး။ အရာရာ၌ အလေးအနက် ထားတတ်လွန်းသော ကိုဖြိုးသည်–

ပျော်တွှာ၊ ရွှင်တတ်၊ နောက်တတ်၊ လောင်တတ်သော ငယ်သူငယ်ချင်း လှိုင်းသို့ ထိုနေ့တစ်ညနေလုံး 'နင်ကလည်းဟာ' အခွန်းပေါင်းများစွာဖြင့်သာ...

❖ ❖ ❖





"မေမေ...နေကောင်းရဲ့လား"

နာရီပိုင်းမျှ ကွဲကွာပြီးသည်၏ နောက်ပိုင်းတွင် ပြန်လည်တွေ့ဆုံတိုင်း မေးနေကျ မေးခွန်းပါ။

"နေကောင်းပါတယ် သား၊ ကျောင်းက ဘာနဲ့ ပြန်လာလဲ"

"ဘတ်(စ)နဲ့"

"လှိုင်းတို့ကားနဲ့ မလိုက်ခဲ့ဘူးလား"

"ဟင်အင်း"

"အိမ်ကိုရော ဝင်ခဲ့သေးလား"

"ဟင်အင်း"

ဖြိုးမြင့်ဝေ ညာနေကျ မဟုတ်ပါ။ သည်နေ့တော့ သည်အကြောင်းကို မေမေနှင့် မပြောချင်၊ မဆိုချင်၊ မဆွေးနွေးချင်၍ အမင်တကာ ညာပစ်လိုက်မိသည်။

"ထမင်းစားတော့မလား သား၊ မေမေ ဟင်းနွှေးလိုက်မယ်"

"နေပါစေ မေမေ"

"ဘယ့်နဲ့ နေရမှာလဲသားရဲ့၊ ကျောင်းကအပြန် မောလာမှာ၊ သွားနားနေ၊ ရော့... သတင်းစာ"

'ဒေါ်နွယ်နွယ်ဦး'သည် ဖြိုးမြင့်ဝေ၏ ပခုံးထက်မှ လွယ်အိတ်ကို ဆွဲယူ၍ စားပွဲပေါ် တင်ပေးလိုက်ပြီး နောက်ဖေးဘက်သို့ ဝင်ခဲ့သည်။

လျှပ်စစ်မီးဖိုခလုတ်ကိုဖွင့်ပြီး ချဉ်ပေါင်ဟင်းအိုးကို တင်သည်။ သေတ်စတစ်အုပ်ဆောင်းကိုဖွင့်ပြီး ငါးဖယ်ကြော်...ငါးခူနှင့် ငရုတ်သီး၊ ကြက်သွန်ဖြူကြော်ကို ကြွပ်သေးရဲ့လားဟု စမ်းလိုက်၏။ ချဉ်ပေါင် ဟင်းနှင့် ငရုတ်သီးကြော်သည် သူ့သား ကိုဖြိုးအကြိုက်။



www.burmeseclassic.com

www.burmeseclassic.com

"မမရယ်... ကျွန်မ ထည့်ပေးပါ့မယ်။ နေကောင်းတာလည်း မဟုတ်ဘဲနဲ့"

"သြော်...သားကြီး မောမောနဲ့ ပြန်လာပြီး စားရတာ အဆင် မပြေမှာ စိုးလို့ပါ"

အိမ်ဖော် 'မခင်နွဲ့'က သူ့အိမ်ရှင်မကို ကြင်နာစွာကြည့်ပြီး... ထမင်းဝိုင်းပြင်ခြင်းကိစ္စကို အမြန်လုပ်ပေးရှာသည်။

ခါတိုင်းဆိုလျှင် သားဘယ်အချိန် ပြန်လာပြန်လာ အတူစောင့်... ၍ ထမင်းစားတတ်သော ဒေါ်နွယ်နွယ်ဦးသည် ယခု ထမင်းကို စား... ချင်တော့။ ဟန်ဆောင်၍ပင် မစားနိုင်ရှာတော့။

ထာဝရ ဖျတ်လတ် တက်ကြွစွာ ဦးစီးဆောင်ရွက်နိုင်ခဲ့သော... မိန်းမတစ်ယောက်၏ လှုပ်ရှားမှုသည် ပျောက်ဆုံးလုမတတ် နှေး... နေလေပြီ။

ထမင်းဝိုင်း ပြင်ဆင်မှုကို ကျောခိုင်းခဲ့ပြီး သားရှိရာသို့ ထွက်... သည်။

"ငါ့သား ကက်ဆက်တောင် မဖွင့်တော့ပါလား"

ခါတိုင်းဆိုလျှင် အိမ်ပေါ် လှမ်းတက်သည်နှင့် ကက်ဆက်... ခလုတ်ကို နှိပ်နေကျ။ ခိုင်ထူး၏ လှိုက်လှဲသော ခံစားမှု သံစဉ်များ... သူ ကြိုက်သည်။ တေးရေး ကိုနေဝင်းနှင့် ဂျေမောင်မောင်တို့၏ ဆန်းသစ်တီထွင်သော တွေးခေါ်မှုနှင့် ကျယ်ဝန်းသော အဓိပ္ပာယ်... ကျစ်လျစ်သော တေးသံစဉ်များဖြစ်အောင် သီဖွဲ့နိုင်သော အဆင့်မြင့်... တေးများကို သူနှစ်သက်သည်။





"သား...ကက်ဆက်ဖွင့်လေ"

"ခေါင်းကိုက်လာလို့ မေမေ"

"ထမင်းပြင်နေပြီနော်"

"မစားချင်သေးဘူး မေမေ၊ ကျောင်းက ဆိချက်ခေါက်ဆွဲ... စားလာလို့ပါ"

ဒေါ်နွယ်နွယ်ဦးသည် မောဟိုက်စွာဖြင့် သားဘေးမှာ ဝင်ထိုင်သည်။

"မေမေ... နေကောင်းရဲ့လား"

ကြင်နာစွာ ငဲ့စောင်းကြည့်၍ မေးလာသော သားငယ်သို့... ယ်ပြန်သာသော ကြင်နာမှုများဖြင့်...

"မေမေ နေကောင်းပါတယ်သားရဲ့၊ အလုပ်နည်းနည်း လုပ်ရင် ...များများမောတာတစ်ခုပဲ။ ဟိုတုန်းက သိပ်အလုပ် လုပ်ခဲ့တဲ့ ဒဏ်တွေ ...ကြောင့်ပါ သားရယ်၊ အားနည်းနေလို့ပါ"

"မေမေ အိပ်ရာထဲ သွားလှဲနေလေ"

ချစ်လှစွာသော တစ်ဦးတည်းသော သားလေး၏ ဖရိုဖရဲဖြစ်နေ...သော ဆံပင်ရှည်လေးများကို သပ်တင်၍ နဖူးပြင်သို့ တစ်ချက် ရှိုက်... ပြီး အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။

ဖြိုးမြင့်ဝေ ဆိုသော ကိုဖြိုးသည် ဒေါ်နွယ်နွယ်ဦး၏ ဘဝ၊ ဒေါ်နွယ်နွယ်ဦး၏ အသည်းနှလုံး၊ ဒေါ်နွယ်နွယ်ဦး ကမ္ဘာမှ ...တစ်ယောက်တည်းသော အဖော်။

ဒေါ်နွယ်နွယ်ဦး လှုပ်ရှားဆောင်ရွက်ခဲ့သမျှသော အရာအားလုံး



www.burmeseclassic.com

www.burmeseclassic.com

သည် သား ကိုဖြိုးအတွက်ချည်းသာ၊ မိမိအတွက် တစ်ခုမျှ မပါ မရည်ရွယ်ခဲ့ပါ။

"မခင်နွဲ့…ညီမရေ"

အားပျော့သော လေသံလေးကို ကျက်မိသော မခင်နွဲ့က ပြေးလာရှာသည်။

"ဟိုဘက်ခြံကို သွားစမ်း၊ သား ထီးကျန်ခဲ့သလား မေး…"

"ဟုတ်ကဲ့…မမ"

"အေး… သွား…၊ သား မသိစေနဲ့၊ နောက်ဖေးက သွား"

ချစ်သားလေး၏ ပြောင်းလဲလာသော အမူအရာကို စိုးထင့်စိတ်နှင့် အဖြေရှာလိုက်ခြင်းပါ။

တစ်ခြံသာ ခြားသော နေရာမို့ မခင်နွဲ့ ခဏအကြာတွင် ပြန်ရောက်လာသည်။

"ကိုဖြိုး မနက်က ကျောင်းသွားတည်းက ထီးမပါဘူးတဲ့"

"ဘယ်သူနဲ့ တွေ့ခဲ့တာလဲ"

"လှိုင်းရော…ဒေါ်ခင်ပြုံးရီရော"

"သား ခုပဲ ပြန်သွားတာလို့ မပြောလိုက်ဘူးလား"

"ပြောလိုက်တယ်၊ ခုလေးတင် ပြန်သွားတာတဲ့"

"အေး… အေး… သွားတော့"

သား၏ရင်မှ ဝေဒနာကို ရောဂါရှာဖွေရေး ပါရဂူတစ်ယောက်လို ရှာဖွေတွေ့ရှိခဲ့ပါပြီ။

"ဪ… ငါ့သား လှိုင်းတို့အိမ် ဝင်ခဲ့ပြီ၊ ခင်ပြုံးရီက ပြောလိုက်ပြီကိုး"





သားသည် လှိုင်းတို့အိမ် မဝင်ခဲ့ပါ၊ သူ့ကားနှင့်အတူ မလာပါ ဆိုသည်များမှာ မုသားသာ ဖြစ်ချေ၏။

ထိုကိစ္စကို မိခင်က ဆွေးနွေးမေးမြန်းလျှင် ဖြေကြားပြောဆိုရသည်ကို သူရင်မဆိုင်ချင်၍ မဝင်ခဲ့ပါဟု ကာဆီးစကား ဆိုရှာခြင်းပါဟု ဒေါ်နွယ်နွယ်ဦး နားလည်လာရသည်။ မိမိ၏အသက် နှစ်ဆယ့်ရှစ်နှစ်ရွယ်၊ ကိုဖြိုး ငါးနှစ်သားလေးကို ရင်ခွင်ပိုက်လျက် လက်ဆွဲလျက်ဖြင့် ရုန်းကန်ခဲ့ရသော ဘဝ၏ နွေရက်များကို တွေးမိလေတိုင်း အလှူရှိန်ဟ ရင်မှာ လာ၍ဟပ်နေသေးသည်။

မိဘများ သဘောမတူသော သူ၊ သူတို့လောက် ပစ္စည်းဥစ္စာ မပြည့်စုံရှာသော သူ့ချစ်သူကို ဒေါ်နွယ်နွယ်ဦး ငယ်စဉ်က နှစ်ဦးသဘောတူ လက်ထပ်ယူခဲ့ကြသည်။

နှစ်ယောက်လုံး ဘွဲ့ရပြီးသားမို့ ကျောင်းဆရာနှင့် ကျောင်းဆရာမများ အဖြစ်နှင့် နှစ်ယောက်သား ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေချိန်မှာ သားလေး ဖြိုးမြင့်ဝေကို မွေးဖွားခဲ့ပါ၏၊ သား ဖြိုးမြင့်ဝေ သုံးနှစ်သားအရွယ်တွင် ခင်ပွန်း "ကိုဘုန်းဝေ"သည် ကားတိုက်မှုတစ်ခုဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့ရှာသည်၊ ဆုံးရှုံးခြင်းဖြင့် ခွဲခွာရစဉ်…နိဒါန်းကာလများဆီက စိတ်ဓာတ်အကျကြီး ကျခဲ့သော်လည်း…

"အထီးကျန် မဟုတ်ပါလား"

"ငါ့သားအတွက် ငါကြိုးစားမှ ဖြစ်မယ်"

ဆိုသော ခံယူချက်များဖြင့် ဒေါ်နွယ်နွယ်ဦးသည် ကြိုးစားသော အားထုတ်ခြင်းဖြင့် ကြိုးစားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်သော ရည်မှန်းချက်၊ မခံချင်သော မာန်မာနများဖြင့် ကြိုးစားခြင်းများကြောင့် ဒေါ်နွယ်နွယ်ဦး မျှော်မှန်းသည်ထက် ပို၍ အောင်မြင်လာခဲ့သည်။

အင်္ဂလိပ်စာ တော်လွန်းသော ဒေါ်နွယ်နွယ်ဦးမှာ အထက်တန်း ဆရာမဘဝကပင် အိမ်လိုက်သင်သော ကျူရှင်ဆရာမအဖြစ် အချိန်မလောက်ငနိုင်အောင် နာမည်ရခဲ့သော ဆရာမတစ်ယောက်ပါ။

ကိုယ့်ကျောင်းမှ ဆရာ–ဆရာမများနှင့် ဆရာကြီး မသိအောင် ပုန်းကွယ်ရသည်ကတစ်ဘက်၊ ကားနှင့် ကြိုကြို ပို့ကြသော်လည်း ဆရာက တပည့်အိမ်သို့ လိုက်၍ သင်ပြရသော ဆရာမတစ်ယောက် အဖြစ်က သိမ်ငယ်လှသည်ဟူ၍ ယူဆမိ၍ တစ်ကြောင်း...

မိမိကိုယ်ကိုမိမိ ယုံကြည်ချက် အပြည့်အဝထား၍ ကျောင်းမှ ပင်စင်ယူလိုက်သည်။

"ဒေါ်နွယ်နွယ်ဦး အင်္ဂလိပ်စာ သီးသန့်ကျူရှင်"

ဆိုသော ကြော်ငြာများ၊ ဆိုင်းဘုတ်များတင်ပြီး ရှိသည့် လက်ဝတ်လက်စားကို ရောင်းချ၍ မြို့လယ် ဆိပ်ကမ်းသာလမ်း (လွစ္စလမ်း)မှာ အခန်းငှားလိုက်သည်။

ပထမပိုင်းတော့ တွက်ချေသိပ်မကိုက်လှသေး၊ နောက်တစ်ဆင့် အကြံဉာဏ်ထုတ်ပြီး သင်္ချာဆရာတစ်ယောက်၊ ရူပနှင့် ဓာတုတွဲသင်နိုင်သော ဆရာနှစ်ဦး ထပ်ငှားပြီး... ဤလေးဘာသာ တွဲတက်မှ လက်ခံသော ကျူရှင်တစ်ခု ထောင်လိုက်သည်။ တည်ထောင်သည့်နှစ်တွင်ပင်၊ သူ့ဟာသူ ကြိုးစား၍လား၊ သူတို့ အသင်အပြ တော်၍လား၊ သို့မဟုတ် နှစ်ခုတွဲ၍လားမသိ၊ ဆယ်တန်း ဂုဏ်ထူးထွက်ကြသောသူများ စာရင်းကို သတင်းစာအသီးသီး၌ တသီကြီး ကြော်ငြာနိုင်ခဲ့၍...

ထိုင်ခုံ မလောက်နိုင်အောင် နာမည်ကြီးသွားသော ကျူရှင်ကြီး တစ်ခု ဖြစ်သွားတော့သည်။

ဆရာသုံးဦးက လခနှင့် ငှားထား၍ ရသမျှ အပိုဝင်ငွေများသည် ဒေါ်နွယ်နွယ်ဦးပိုင် ဖြစ်တော့သည်။

သုံးလေးနှစ်အတွင်းမှာ သားကို ကားနှင့် ဒရိုင်ဘာနှင့် ကျောင်းတက်စေနိုင်ခဲ့သော ဘဝသို့ ရောက်ခဲ့ပါ၏။ ယခုအချိန်တွင် ဖြင့် ငှားနေသော ခြံနှင့်တိုက်ကို ဝယ်ပြီးပြီ။ ဒုတ်ဆန်း ဆန်နီပစ်ကပ် တစ်စင်းကို သားလည်းစီး၊ အငှားလည်းလိုက်...

အိမ်မှာလည်း တီဗွီနှင့်၊ ဗွီဒီယိုနှင့်၊ ရေခဲသေတ္တာနှင့်၊ တယ်လီဖုန်းနှင့် ရန်ကုန်မြို့၏ လူနေမှုစနစ်ကို အဆင့်မီစွာ နေထိုင်နိုင်သော ဘဝသို့ ရောက်ခဲ့ပါပြီ။

ကျူရှင်ဖွင့်ပြီး ဆယ့်ငါးနှစ်လုံးလုံး မအားနိုင်၊ မနားနိုင်အောင် အလုပ်တွေ ဆက်တိုက်လုပ်ခဲ့သော ဒေါ်နွယ်နွယ်ဦးသည်...

မနှစ်ကမှစ၍ ကိုယ်တိုင် မသင်ပြနိုင်တော့။ ယခုနှစ်တွင်ဖြင့် မနှစ်ကလိုပင် ကိုယ်တိုင်အုပ်ချုပ်နိုင်ခြင်း မရှိတော့ပါ၍...

သူ့ကျူရှင်အမည်နှင့် တိုက်ခန်းကို တစ်လ နှစ်သောင်းနှင့် အပြတ်ငှားထားရသည်။




ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤဝင်ငွေ ကားဝင်ငွေနှင့် စိတ်ချယုံကြည်ရသော မိတ်ဆွေများအား အတိုးပေး၍ ရွှေပေါင်ခံခြင်းများကြောင့် သားအမိနှစ်ယောက်၏ စားသုံးစရိတ်များထက် ဝင်ငွေက ပိုလျှံနေသည်ချည်းပါ။

လိမ္မာလွန်းသော သားလေးနှင့် စီးပွားရေးပြေလည်လာသည့်အချိန်တွင်မှ...

ဒေါ်နွယ်နွယ်ဦး၏ ကျန်းမာရေးက ချွတ်ယွင်းလာခဲ့သည်။

ကြီးမား ကြောက်မက်ဖွယ် ရောဂါတစ်ခုသည် သူ၏ အသည်းတွင် ခိုကပ် အမြစ်တွယ်နေပြီဖြစ်ကြောင်း ရိပ်စားနားလည်ခဲ့သော ဒေါ်နွယ်နွယ်ဦးသည်...

အချိန်မတန်သေးပါပဲနှင့် သား၏ အိမ်ထောင်ရေးကို စီစဉ်လိုက်ရခြင်း ဖြစ်သော်လည်း...

ကိုဖြိုးဆိုသော ဖြိုးမြင့်ဝေမှာဖြင့်...

❖ ❖ ❖



## အခန်း နှစ်

"အောင်မယ်...နင်ကများ ဒီပြောင်ပြောင်ကြီးရဲ့စာကို ယူလာပေးတယ်"

ဖြိုးမြင့်ဝေ၏ သူငယ်ချင်းထဲမှ နဖူးပြောင်နေသော ခပ်ဝဝကျောင်းသားတစ်ယောက်ကို လှိုင်းတို့အဖွဲ့က 'ပြောင်ပြောင်ကြီး'ဟု ခေါ်ကြသည်။

နဖူးပြောင်ရုံမက မျက်နှာပြောင်တိုက်ပြီး ဖြူလှိုင်းဖွေးကို လိုက်လွန်းသဖြင့် ပြောင်ပြောင်ကြီးဟူသော ဘွဲ့အမည်ကို ဆက်ကပ်ခြင်း ခံနေရသူ ရူပဗေဒ တတိယနှစ်ကျောင်းသား 'တင်ဦးညို'

"ငါ ထာဝန်ခံလာလို့ ငါမျက်နှာထောက်ပြီး စာဆုံးအောင်တော့ကြည့်လိုက်စမ်းပါ မိလှိုင်းရာ... နင်ကလည်း"

"အမယ်လေး...သူ့စာရွက်ကလည်း ထူလိုက်တာ၊ ပျော့ပျော့ပါးပါးလေးဆိုလည်း ဟုတ်သေး"

"အိအိးကုန်းဖို့လား"

"အေး..."

တခွိခွိ ရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'သဇင်သင်း'က ရေနွေးကြမ်း သီးသွားပြီး 'မြင့်မြင့်မာ'က ဗူးသီးကြော် ပလုတ်ပလောင်းနှင့် ရယ်သည်။

အင်းလျားဆောင်ရှေ့ အင်းလျားကန် နံဘေး သရက်ပင်ကြီး အောက် ဗူးသီးကြော်ဝိုင်းဆီမှ သူငယ်ချင်းလေးယောက် တစ်ယောက် တစ်ပေါက် စကားပြောရင်း ထိုင်နေကြသည်မှာ ကြာပြီ။

"ဖတ်စမ်းပါဟ"

"ဟာ...အိမ်ရောက်မှ ဖတ်တော့မယ်၊ ဒီလောက် အရှည်ကြီး ဟာကို"

"သူ့စာကို နင်ဘယ်လို မှတ်ချက်ချမလဲဆိုပြီး စောင့်နေရှာ တယ်"

"သေလိုက်ပါလား"

"အောင်မယ်... ငါက ဘာလို့သေရမှာလဲ"

"ကိုဖြိုးကို ပြောတာ မဟုတ်ပါဘူး၊ ပြောင်ပြောင်ကြီးကို ပြောလိုက်"

"အေး...ဒါဖြင့် နက်ဖြန်မှ အဖြေပေးမယ်လို့ ပြောလိုက်မယ်"

"အိုး... အဖြေဆိုတာ ချစ်တယ်၊ မချစ်ဘူး၊ ဒီနှစ်ခွန်းပဲ၊ အခု သူ့ကို ဒီလိုပြန်စရာ အကြောင်းကိုမရှိဘူး ဒီပုံစံတုံးကြီးမျိုးများ— သွားစမ်းပါ"

"လှိုင်း...ဒါဖြင့် နင်က ဘယ်လိုပုံစံမျိုးမှ ကြိုက်မှာလဲ၊ ကိုဖြိုး လောက်ဆို ရပြီလား"

'မြင့်မြင့်မာ'က မေးသည်။





"ဘယ်ရလိမ့်မလဲ၊ ဒီလို ပိန်ပိန်ရှည်ရှည် မျက်မှန်လေးနဲ့ မဟာ ဝဏ္ဏတရုပ် ပေါက်နေတဲ့လူလည်း အချဉ်ပဲ"

"ငါတော့ ဒီလောက်ဆို တော်ပါပြီ"

မြင့်မြင့်မာက ရည်းစားရှိပြီးသား။ အလကား ကိုဖြိုးကို နောက် နေမှန်း အားလုံးအသိ။

"ဒီမှာ... နင်တို့ နှစ်ယောက်လုံးထက် ပိုပြီး ကိုဖြိုးက ငါ့မှငါ ဖြစ်နေတာ သိကြရဲ့လား"

'သဇင်သင်း'က အတည်ပေါက်နှင့် ဝင်နှောက်သဖြင့် လှိုင်း နှင့် မြင့်မြင့်မာတို့ ရယ်ကြသော်လည်း ကိုဖြိုးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"အမယ်လေး...သူများတွေရှေ့မှာမို့ ဟန်လုပ်မနေစမ်းပါနဲ့ ကိုဖြိုးရာ သဇင့်အနားက မခွာနိုင်၊ မခွာနိုင်ဘူးလို့ ရှင်းရှင်းပဲ ဒီကောင် တွေကို ပြောလိုက်စမ်းပါ"

သဇင်သင်းက မာန်ဝင့်သည့် မျက်နှာနှင့် လှိုင်းတို့ဘက်သို့ မေးလေးဆတ်ရင်း ပြောလိုက်သည်။

ကိုဖြိုးကို့ဝိုင်းချွတ်နေကြသည်ဟု လှိုင်းတို့ ထင်သော်လည်း...

ဖြိုးမြင့်ဝေသည် အသိတရားတစ်ခု ရလာသလို ကြည်လက် လာသော မျက်နှာနှင့်...

"ဟာ...ဟုတ်တယ်၊ ဟုတ်တယ်။ သဇင့်နားမှာ ကပ်နေပါရစေ နော်"

လှိုင်းနှင့် မြင့်မြင့်မာတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"အဘွားတို့ မျက်စိအောက်တင် ဒီဘဝမျိုး ဘယ်အချိန်က ရောက်သွားကြတာလဲကွယ်"

မြင့်မြင့်မာက နဖူးပေါ်မှ လက်ဝါးအုပ်မိုးပြီး အဘွားကြီးအို ပုံစံနှင့် ဆိုသည်။

"ကဲပါ...ကိုဖြိုးရယ်၊ ဒီအခြေနေ ရောက်မှတော့ ရှက်မနေပါနဲ့၊ အမှန်အတိုင်းပဲ ပြောပြလိုက်တော့နော်"

အမှန်စကားများ မဟုတ်ကြမှန်း အားလုံးသိပါလျက်နှင့် အတည်ပေါက်နှင့် ပြောနေကြသော သူငယ်ချင်းတစ်စု၏ အသံက စာစာညံညံ။

"လှိုင်း...တို့ကို နောက်နေတယ် မထင်နဲ့။ ငါ သဇင့်ကို တကယ် ကပ်နေရတာ"

"တကယ်လား...ကိုဖြိုး"

"တကယ်...ဘုရားစူး"

"ဒါဆို လှိုင်း သိပြီ၊ ပြောစမ်း...မိသဇင်၊ နင်...ချစ်နှင်းဖြူနဲ့ ဘယ်လိုပတ်သက်လဲ"

မေးချက်က ပေါ်တင်ကြီးမို့ သဇင်သင်း မငြင်းသာ။ ကိုဖြိုးက အရင်ဝင်ပြီး...

"ငါ သောကြာနေ့က ချစ်နောက်ကို လိုက်ရင်း..."

"အမယ်လေးဟဲ့... ချစ် တဲ့"

လှိုင်းက ရင်ဘတ်ဖိပြီး အော်ကြီးဟစ်ကျယ် ပြောလိုက်၍—

"နေစမ်းပါဟဲ့... နင်ကလည်း၊ ကောင်းခန်းရောက်နေပြီ၊





ဆက်ပြော... ကိုဖြိုး"

"သဇင် ပြောလိုက်ဟာ"

"အောင်မယ်... ကိုယ့်အကြောင်း ကိုယ်ပြော၊ ဒီမှာ ပါးစပ်အောင်းဘူး"

သဇင်သင်းက မူးသီးကြော်များကို ပါးစပ်အပြည့် တမင်ထည့်ပြီး ပြော၏။

"ကဲပါ... လုပ်စမ်းပါ ကိုဖြိုးရဲ့"

"ငါ အကောင်းပြောမှာ၊ နင်တို့ မနောက်ကြနဲ့ဟာ"

"ပြော... မနောက်ဘူး။ ကြည်တယ်"

"ငါ 'ချစ်'နေတဲ့ သုဝဏ္ဏတိုက်ခန်းကို လိုက်သွားတာပေါ့၊ ငါ ပတ်နေတုန်း သဇင်နဲ့ သွားတွေ့တာ။ ငါ့အမေ တွေ့ရတဲ့အတိုင်းပဲ ဝမ်းသာလိုက်တာ"

"ဒေါက်"

ရေနွေးကြမ်းပန်းကန်လုံးနှင့် ကိုဖြိုး၏ဒူးခေါင်းကို သဇင်သင်းက ခေါက်ထည့်လိုက်သည်။

"နင်တို့ စဉ်းစားကြည့်လေ၊ ချစ်နဲ့ သဇင်နဲ့က တစ်လမ်းတည်းက တစ်တိုက်ပဲခြားတာ၊ အကြောင်းမရှိ အသိမရှိဘဲ လျှောက်နေရတဲ့ဘဝက ငါကျွတ်ပြီပေါ့။ ချစ်ကိုလည်း အပြင်ထွက်လာတိုင်း ကြည့်လို့ရပြီ"

"ကိုဖြိုး"

လှိုင်းက ခေါ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ... ဒီအဖွဲ့သားအားလုံးဟာ နင် ပွေးပေါက်အရွယ်တည်းက တွဲလာခဲ့ကြတာ"

"ငါ့ ပွေးဖာစ်ကွက်ဟာ နင့်ပါးစပ်ထဲကကို မထွက်တော့ဘူး"

"အေး...ပွေး ပေါင်က အကြောင်းကစပြီး သိခဲ့တာ၊ နင့်ကို ဟိုက လှည့်တောင် မကြည့်သေးဘဲနဲ့၊ ချစ်...ချစ်နဲ့ ခေါ်မနေစမ်းနဲ့။ ငါ နားကြားပြင်းကတ်တယ်"

"ငါ ချစ်လို့... ချစ်လို့ ခေါ်တာ ဘာဖြစ်လဲ"

"တို့ရှေ့မှာ မခေါ်နဲ့"

"ကြည်ရင်ရောဟင်"

"ခေါ်... ကိုဖြိုးကို ချစ်နှင်းဖြူက ချစ်ပါတယ်လို့ ပြောလာတဲ့ နေ့က စပြီး ကြိုက်သလိုခေါ်၊ တစ်ခါတည်း လိုက်နေတာလည်း တစ်နှစ်ခွဲရှိပြီ။ ဟိုက သူ့ကို မျက်လုံးလေးတောင် တစ်ချက် ဝင့်ကြည့်တာ မဟုတ်ဘဲနဲ့များ"

"နင်တို့လိုမှ မဟုတ်ဘဲ၊ ချစ်က ဣန္ဒြေသိပ်ရှိတာ"

"သေနာ"

ချစ်နှင်းဖြူအကြောင်းများ ပြောနေရလျှင် ဆဲသံ ဆိုသံများကိုလည်း ဖြိုးမြင့်ဝေ နားဝင်ချိုနေသည်။

"ဒီမှာ... ငါ အကောင်းပြောတာပါဟာ၊ သဇင်နဲ့လည်း အိမ်နီးချင်းဖြစ်နေပြီ။ နင်တို့ငါ့ကို ကူညီကြစမ်းပါ၊ ငါ သူ့ကို ဘယ်လောက် စွဲလမ်းနေတယ်ဆိုတာ လှိုင်းရယ်... နင်သိပါတယ်။ ငါ တစ်ခါမှ ရည်းစားမထားဖူးတာလည်း နင်အသိပါ။ ချစ်နှင်းဖြူကို ငါ သိပ်ချစ်လို့ပါဟာ"





မျက်နှာ တည်တည်ငြိမ်ငြိမ်လေးနှင့် ရင်ဖွင့်စကား ဆိုပြန်တော့လည်း ငယ်သူငယ်ချင်းများမို့ သနားမိကြသည်။ အရင်းနှီးဆုံး လှိုင်းကတော့ အပိုရဆုံးပါ။

"သဇင်"

"အေး"

"ဒီဆန်းအေး ငါလာခဲ့မယ်၊ အကြောင်းရှာပြီး ချစ်နှင်းဖြူတို့ အိမ် သွားလည်ရအောင်"

"သိမှ မသိတာ လှိုင်းရဲ့"

"အကြောင်း ရှာပါမယ်ဆိုမှ...၊ ရွှေချီလို၊ ကျောက်ကျောလို မုန့်တစ်ခု ငါဝယ်ခဲ့မယ်။ အိမ်မှာ လုပ်စားတာဆိုပြီး သွားပို့မယ်။ ကျောင်းမှာ မြင်ဖူးပါတယ်။ ဒူးမေကျာက မဟုတ်လား...ဘာလားဆိုပြီး ငါ ဆက်ရှိုးမယ်။ ငါ လည်ပါတယ်ဟ"

"ဟုတ်ပြီ... ရတယ်၊ လာခဲ့"

"အေး... တစ်ခါ တွေ့ပြီးရင် ငါ ရင်းနှီးအောင် အောက်ကျခံ ဆောင်းပါ့မယ်။ ပြီးတော့... ကိုဖြိုးနဲ့ မိတ်ဆက်ပေးမယ်။ ကိုဖြိုး ဘယ်လို ဆောင်ကြောင်း၊ ချစ်နှင်းဖြူကို ဘယ်အထိ ခိုက်နေကြောင်းတွေ ငါ့ပညာစွမ်း အကုန်ပြမယ်...ကြည့်နေ"

ကိုယ်ပိုင်ယုံကြည်မှုအပြည့်နှင့် ပြောနေသော ဖြူလှိုင်းဖွေးသို့ ရွှန်းလက်တက်ကြွသော အကြည့်များဖြင့် ကြည့်ရင်း...

"လှိုင်းရယ်...နင်ဟာ ငါ့အတွက် အစစ အရာရာ အားကိုးခဲ့ရပါတယ်၊ ဒီမှာ ချစ်နှင်းဖြူရဲ့ အချစ်ကိုသာ ငါရခဲ့ရင်လေ... ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အစအဆုံး ပြီးပြည့်စုံပါပြီ၊ ဒီတစ်ခုတည်းကို နင် ဖြစ်မြောက်အောင် ကူညီပေးစမ်းပါနော်"

"ချစ်နှင်းဖြူရဲ့အချစ်ကိုသာ ရခဲ့ရင် ငါ့ဘဝအတွက် အစအဆုံး ပြီးပြည့်စုံပါပြီ"

ဟု လေးလေးနက်နက်ပြောလိုက်သော နှလုံးသားတွင်းမှ စကားစုလေး ပွင့်အန်ထွက်လာပုံကို ကြည့်မြင် ကြားနာပြီး လှိုင်းတို့ သူငယ်ချင်းသုံးယောက်လုံး သူတို့၏ ငယ်သူငယ်ချင်း ကိုဖြိုးကို သနားသွားမိကြသည်။

"နင် စာပေးဖူးလား"

"ဟင်အင်း"

"စကားကော ပြောဖူးလား"

"ပြောဖူးတာပေါ့၊ ငါကိုယ်တိုင် ပရိုပို့(စ)လုပ်တာပေါ့ မြင့်မာရဲ့"

"ဒီတော့ သူက ဘာပြောလဲ"

"အဲဒါတွေကို ဘာမှ မစဉ်းစားချင်ဘူးတဲ့၊ ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့လို့ တောင်းပန်ပါတယ်တဲ့၊ ပြောပုံက ယဉ်ကျေးသိမ်မွေ့သလို အသံမှာလည်း ဒေါသကင်းတယ်၊ အမူရာက လည်း သိပ်တည်ငြိမ်တာပဲ"

"ဒါနဲ့ နင်…ဆက်မလိုက်တော့ဘူးလား"

"လိုက်တာပေါ့၊ သူ့မျက်နှာလေးကို ခဏမှ မမြင်ရင် ငါ ကျောင်းတက်ရတာ အဓိပ္ပာယ် မရှိဘူး။ သူ ကျောင်းမတက်ဖြစ်တဲ့ နေ့ဆိုရင် သူနေတဲ့ သုဝဏ္ဏကို ငါလိုက်သွားတာ"





"ကိုဖြိုး"

"ဘာလဲ လှိုင်း"

"နင်ဟာ ချစ်နှင်းဖြူနဲ့ ပတ်သက်ရင် သိပ်ပြီး အလေးအနက်ထားလွန်းတာ ငါသိပါတယ်၊ နင် လိုက်သာနေတယ်၊ သူပြောသလို နှောင့်ယှက်တယ်လို့ မဖြစ်ရအောင် နင် စာမပေးတော့ဘူး။ လိုက်စကားမပြောတော့ဘူး မဟုတ်လားဟင်"

"သိပ်ဟုတ်တာပေါ့ လှိုင်းရယ်…၊ ငါလေ…သူ့ကိုတကယ်ပဲ တန်ဖိုးထားပြီး အမြတ်နိုးဆုံး မေတ္တာနဲ့ ချစ်တယ်၊ ငါ့အတွက် သူ့စိတ် မကြည်မလင် ဖြစ်သွားရမှာကိုတောင် တကယ် စိုးရိမ်မိပါတယ်။ ဒါကြောင့် သူမမြင်သာတဲ့ နေရာကနေပြီးပဲ သူ့ကို အမြဲ စောင့်ကြည့်နေ တာပါ"

ချစ်နှင်းဖြူ ပရယ်တီကယ်(လ်) လုပ်သည့် လက်(ပ)တူး (Lab 2)ရှေ့မှာ ရပ်စောင့်ရင်း ခရုချွဲသည့်နေ့လည်း အဆင်ပြေရဲ့လား၊ အမာခွဲသည့်နေ့လည်း ရွှံ့နေမလား၊ ဘယ်နေ့ ပိုးဟပ်၊ ဘယ်နေ့ ဖားကောင်၊ ဘယ်နေ့ မျှော့ခွဲရမည်ကအစ သူ စုံစမ်းပြီးသား။ ခွဲစိပ်ပြီး ဗိုင်ဘာ(VIVA)ဖြေပြီးသည်အထိ ပထမထပ်တွင် ရပ်စောင့်နေကျ…

လက်ချာများ သင်နေသည့် SE 3 နှင့် SE 4 ၏ တစ်ထပ် ဆောက်အုံလေး၏ဘေးမှ ရပ်ကြည့်နေတတ်သော ကိုဖြိုးကို ကင်းယဲန့်(စ)ကဲန်တင်းသို့ မုန့်စားသွားသော လှိုင်းတို့အုပ်စုက အမြဲလို မြင်တွေ့နေကျ။

"ငါ…တစ်ခါမှ ရည်းစားမထားဖူးတာ နင်တို့ အသိပါဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှလည်း ငါ့စိတ်ထဲမှာ သိပ်ပြီး စိတ်မဝင်စားခဲ့ဖူးဘူး၊ သူကျမှ ငါ့ရင်ထဲက မေတ္တာအားလုံးနဲ့ ချစ်မိ မြတ်နိုးမိတယ်၊ သူဟာ ငါ့ရဲ့ အချစ်ဦးမို့ အရူးအမူးပါပဲ၊ ငါ့ကို နင်တို့ ဟားချင်လည်း ဟားကြပါ။ ချစ်နှင်းဖြူ ငါ့ကို့မုန်းတယ်လို့ ပြောလိုက်ရင် ငါလေ ငါ့ကိုယ်ငါ ဘယ်လို ရင်ဆိုင်ရမလဲတောင် မတွေးရဲတော့ပါဘူး"

အချစ်ဆုံး သူငယ်ချင်း လှိုင်းနှင့်အတူ သစင်သင်း(၂)ပါ ကိုဖြိုး၏ ဝေဒနာကို မျှဝေခံစားနေမိကြပါသော်လည်း...

"ဒီကောင်ဟာ ဒီအတိုင်း သွားရင် ရူးနိုင်တယ်၊

အပေါင်အသင်းများ ကဲ့ရဲ့ကုန်ပြီကွယ်"

ခွန်သန်းထွန်း၏ သီချင်းကို အတည်ပေါက်ကြီးနှင့် ညည်းနေသော မြင့်မြင့်မာ...သို့။

"တော်စမ်းပါ မြင့်မာရယ်...ဒီမှာ တကယ် ရူးသွားမှာ စိုးရိမ်ရကယ်ဟာ"

သစင်သင်းက မြင့်မြင့်မာကို ထ,ဟောက်သည်၊ လှိုင်းကမူ—

"နင်တို့က အစွဲအလမ်း ကြီးတတ်လွန်းပါတယ် ကိုဖြိုးရယ် ငယ်ငယ်လေးတည်းက သူကြိုက်တဲ့ ကစားစရာလေး ပျောက်သွားရင် တမ်းတလို့၊ ငိုလို့ မဆုံးဘူး၊ အသစ်ဝယ်ပြီး အစားထိုး ပေးလို့ကို မရဘူး"

"ဘယ်လို အသည်းနှလုံးမျိုးနဲ့ ငါလူဖြစ်လာသလဲ မသိပါဘူးဟာ"

"ယောကျ်ားလေးပဲ ကိုဖြိုး၊ နည်းနည်းတော့ လျှော့ပေါ့၊ နှင်





သိပ်ခံစားရမှာ စိုးလို့ပါ၊ ချစ်နှင်းဖြူကိစ္စကို ငါ အသေအလဲ ကူညီပေးမယ်လို့ ကတိပေးပါတယ် ကိုဖြိုးရယ်"

"နင့်ကို ငါတကယ် ကျေးဇူးတင်ပါတယ် လှိုင်း"

အင်းလျားကန်ကို ဖြတ်တိုက်လာသော လေပြည်ညှင်းသည် ယ်သူငယ်ချင်း လေးယောက်၏ ချစ်ခင်စည်းလုံးမှု မေတ္တာကို ပိုမို အားမြဲအောင် ကူညီပေးနေသည်သို့ပါ။

❖ ❖ ❖

## အခန်း သုံး

အဝေးကကြည့်ကြည့်၊ အနီးကပ်ကြည့်ကြည့် ချစ်နှင်းဖြူသည် လှိုင်းဖွေးလောက် မလှ။

သို့ပါသော်လည်း သူ့မျက်နှာကျပုံသွယ်သွယ်နှင့် မျက်ဝန်း ဝိုင်းစင်းစင်းလေးက သနားကရုဏာသက်စရာပါ။ မျက်ခုံးကောင်း၍ ခေါင်းပေါ်သည်။ နှုတ်ခမ်းက သာမန်ပါ၊ ကိုယ်လုံးက ကျစ်ကျစ် သွယ်လျသည်။ အသားက လုံးဝ မဖြူ၊ ညိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ခြုံကြည့်လျှင်တော့ ယဉ်ယဉ်လေးနှင့် ကရုဏာသက်စရာ အလှပိုင်ရှင်မျိုး။

ရာဇူး... အထူးသဖြင့် နှစ်စဉ်လိုအလှ ပေါ်နေတတ်သော ရှုမြော်ခင်းတွင် ချစ်နှင်းဖြူ၏ အလှသည် သာမန်မျှသာ၊ ကွင်းဘွဲ့မရသော်လည်း လှလွန်းသူ၊ စက္ကူပြား အပစ်များများ ခံရသူ၊ လိုက်သူတွေ တထောကြီးနှင့်သူမျိုး မဟုတ်ခဲ့ပါ။

သာမန် အလှရှင်လေးတစ်ဦးကိုမှ နှစ်သက်စွဲမက်ခြင်း အဟုန်ကြီးစွာဖြင့် အချစ်၏ အမြင့်မားဆုံး ရပ်ဝန်းဒေသမှ စောင့်မျှော်နေရှာသော ဖြိုးမြင့်ဝေ။

ချစ်သူငယ်ချင်း၏ ရင်တွင်း ဝေဒနာကို သိနေရှာသော လှိုင်းသည် အကယ်၍ ချစ်နှင်းဖြူသည်သာ အရုပ်ကလေးတစ်ရုပ် ဖြစ်ခဲ့လျှင် ဘယ်လောက်ပင် တန်ဖိုးကြီးကြီး သူ ဖြစ်သည့်နည်းနှင့် ဝယ်ပေးလိုက်ချင်ပါသည်။

ယခုတော့...

ချစ်တုံ့ပြန်တတ်သော နှလုံးသားနှင့် မိန်းကလေးမို့ ဝယ်၍မရနိုင်သော မေတ္တာတရားကို ကိုဖြိုး ရရှိနိုင်ပါစေရန် လှိုင်းတစ်ယောက် အစွမ်းကုန် ကူညီနေပါပြီ။

"ဇော်ပြီ၊ လှိုင်းလာတိုင်း ဝိုင်းဝိုင်း စားနေရတာ အားနာလှပါပြီ တကယ်ဆိုရင် နှင်းဖြူတို့က အိမ်ရှင်ပါ"

"ညီသည်ရယ်...အိမ်ရှင်ရယ်၊ လုပ်မနေပါနဲ့၊ လှိုင်းက ပျော်ချင်လို့ တမင်ဒီကို လာတာ၊ စားစရာတွေပါ ယူလာခဲ့တာ ဝိုင်းစားမှ လာရတာ အားရှိတာပေါ့"





"နှင်းဖြူက စေတနာရှိပေမယ့် အိမ်ကို မခေါ်ဝံ့လို့ပါ၊ မမလှိုင်း နားလည်ပေးပါနော်"

ချစ်နှင်းဖြူက အနီးကပ် ကြည့်လေ ချစ်ခင် စွဲမက်စရာ ကောင်းလေ၊ သနားစရာ ကောင်းလေပါလား။

သူ့စကားလုံးလေးများက သနားဖွယ် ဖြစ်သော်လည်း ဘာကို သနားရမှန်းမသိ၍ သူပြောသလို နားမလည်နိုင် ဖြစ်နေသည်ကို သဇင်သင်းက အကင်းပါးစွာဖြင့်...

"ရပါတယ် ချစ်နှင်းဖြူရယ်၊ မိထွေးနဲ့ နေရတဲ့ လူဆိုတာ ဒီလိုပေါ့"

"သြော်...မိထွေးနဲ့ နေရတယ်လား၊ ချစ်နှင်းဖြူတို့က မောင်နှမ ဘယ်နှယောက် ရှိလဲဟင်"

"သုံးယောက်ပါ မမလှိုင်း၊ အငယ်ယောက်ျားလေးနှစ်ယောက်က ဖေဖေရဲ့ နောက်အိမ်ထောင်နဲ့ မွေးတာပါ"

"သြော်... သြော်... ဒါနဲ့ ချစ်နှင်းဖြူ ဘယ်အရွယ်က ချစ်နှင်းဖြူရဲ့ မေမေ ဆုံးသွားတာလဲဟင်"

မျက်လွှာလေးချပြီး ချစ်နှင်းဖြူ ခေါင်းငုံ့သွားခိုက်၊ လှိုင်း၏ ပေါင်ကို သဇင်သင်းက ဆွဲလိမ်လိုက်သည်။

တစ်စုံတစ်ခု အမှားအယွင်းရှိပြီ ပဲ့သာ သိလိုက်ရသည်။ ဘာမှန်း မေး၍ မဖြစ်သေး။

"သြော်... ရှမ်းပြည်နယ်နေ့ လက်မှတ် ချစ်နှင်းဖြူ ဝယ်ထားသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အင်း"

သဇင်သင်းက စောစောဆီက ဖြူလှိုင်းဖွေး၏ အမေးကို ဖာထေးသော စကားအဖြစ် ပြောလိုက်မှန်း သိသော်လည်း ပါးနပ်သော ဖြူလှိုင်းဖွေးက...

"ဟာ...ဒါဆို အတော်ပဲ၊ လှိုင်း လက်မှတ်တွေ ဝယ်ထားလိုက် ရတယ်၊ ချစ်နှင်းဖြူ လိုက်ကြည့်နော်၊ သဇင်နဲ့အတူ လှိုင်းတို့ကားနဲ့ အသွားအပြန် ကြိုပို့ပေးပါမယ်"

ဖြူလှိုင်း ဖွေး အပိုင်ပြောနေသော်လည်း လက်မှတ်တစ်စောင်မှ မဝယ်သေးကြောင်း သဇင်သင်း သိပေမယ့် ငြိမ်နေလိုက်ရပါ၏။

"နေပါ စေ၊ ညဥ့်နက်မှ ပြီးမှာထင်တယ်။ အိမ်က လွှတ်မှာ မဟုတ်ပါဘူး"

"စောစော ပြီးတတ်ပါ တယ်။ ဆယ်နာရီ အလွန်ဆုံး ကြည့်ကြ တာပေါ့၊ ဒီ နှစ်...စိုင်းဆိုင်မောဝ်(ဝ်) လာမယ်တဲ့၊ အိုင်အမ်(မ)ဝမ်းမှာ လုပ်မှာ။ ချစ်နှင်းဖြူတို့အတန်းက 'နန်းနွယ်မွန်' တို့လည်း ရှမ်းလို ကကြမှာ"

လှိုင်းက လှိုင်နေအောင် မြှူဆွယ်သည်။ ထိုညမှာ ကိုဖြိုးကို ဆံရာကြီးအဖြစ် ထားပြီး ကား မောင်းခိုင်းမည်။ ပြီးတော့... ကိုဖြိုး အကွက်ဝင်အောင် သူ့ကို ဖန်ပေးကြမည်။

"နှင်းဖြူ တကယ်လိုက်ချင်ပါတယ်၊ စတိတ်(ချ)ရှိုးကိုလည်း တစ်ခါမှ မကြည့်ဖူးပါဘူး။ ဒါပေမယ့် နေပါစေတော့ မမလှိုင်းရယ် နှင်းဖြူ မပြောရဲဘူး"





မိထွေးနှင့် နေရသူလေးအဖြစ်က သနားစရာပါလား။

"ဒီမှာ ချစ်နှင်းဖြူ၊ ဒီကိစ္စ မပူနဲ့၊ တို့မာမီကို ပြောခိုင်းပေးမယ်။ သူတို့ပါ ကြည့်မယ်ဆိုပြီး ခေါ်ခိုင်းမယ်။ ပြီးတော့... တို့အဘွားကြီးကို ၃၈ လမ်းက သူ့ညီမအိမ်မှာ သွားပို့ထားလိုက်မယ်၊ ဘယ်နှယ်လဲ...မာမီ တစ်ယောက်လုံး ပါမယ်ဆိုရင် ရမှာပါ"

သဇင်သင်း၏ အကြံက ကောင်းလှပါဘိ။

"ဪ...မိခင်အရင်းနဲ့ နေရတဲ့သူတွေဟာ တကယ်ကံကောင်း တယ်နော်... အန်တီလှကိုယ်တိုင် လိုက်မယ်ဆိုပြီး ပြောရင်တော့ ဖေဖေက လွှတ်မှာပါ"

သူငယ်ချင်းနှစ်ယောက် အောင်မြင်မှုရသွားသလို တစ်ယောက် နှင့်တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။

ဖြူလှိုင်းဖွေးက အိပ်ခန်းတွင်းမှ စိပ်ပုတီးစိပ်နေသော သဇင် သင်း၏မိခင် ဒေါ်လှလှသို့ မေးငေါ့ပြသည်။ 'ဘယ့်နှယ့်လဲ' ဆိုသော အမေး...

သဇင်သင်းက ခေါင်းလေးဆတ်ပြီး မျက်စိတစ်ဖက် မှိတ်ပြ ပါ၏။ 'ပိုင်ပါတယ်' ဆိုသည့် အဖြေ...

ကိုဖြိုးတစ်ယောက် ရည်းစားရဖို့အတွက် သဇင့်အဘွားကြီး လည်း မနေရပါလား။

"ပန်းကန်တွေသိမ်းဟား၊ သဇင်တို့ အပေါ်ထပ် တက်ရအောင်"

"ရတယ်၊ ထားခဲ့၊ ငါ့ညီမလေး သိမ်းလိမ့်မယ်"

သုဝဏ္ဏတိုက်ခန်းလေးများသည် ကျဉ်းသော်လည်း စနစ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ အပေါ်ထပ်တွင် လူသူရှင်းလင်း၍ ပြောလိုရာ စကားပြောနိုင်ပြီ။

"ချစ်နှင်းဖြူနဲ့ ဖြူလှိုင်းဖွေးဆိုတော့ ဖဦးထုပ် အက္ခရာတွေချည်းပဲနော်"

"မမလှိုင်းကလည်း ကြံကြံဖန်ဖန်"

"နောက် ဖဦးထုပ် တစ်ယောက်ရှိသေးတယ်လို့ ပြောမလို့"

"ဟင်"

"ကိုဖြိုးတဲ့... မမလှိုင်းရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်းပါ ချစ်နှင်းဖြူ"

"ဩော်..."

"မမလှိုင်းရဲ့မောင်လေး အရင်းနှစ်ယောက်ကိုတောင် မပြောသင့်တဲ့စကား မပြောခဲ့ဘူး။ ပါးစပ် မလုံလို့၊ အဲဒီ ကိုဖြိုးဆိုရင် ဘာမဆို တိုင်ပင်နေကျ ပြောနေကျ"

"ကမ္ဘာပေါ်မှာ ကိုဖြိုးလောက် သဘောကောင်းတဲ့သူ ငါ မတွေ့ဖူးသေးဘူး"

လှိုင်းတစ်ယောက် နီဒါန်းချီနေပြီဟု သိသော သဇင်သင်းက အတည်ပေါက်နှင့် ဝင်နှောက်သည်။

"မီသဇင်... အောက်မှာ ပန်းကန်တွေ သွားသိမ်းစမ်းဟာ ဒီအတိုင်းထားရတာ အားလည်းနာတယ်။ နင်လည်း ရှိမနေစေချင်လို့"

သဇင်သင်းက ဇက်ကလေးပု ပခုံးလေးတွန့်ပြပြီး အောက်ဆင်းသွားတော့သည်။





"ချစ်နှင်းဖြူ"

"စိတ်မဆိုးဘူးဆိုရင် မမလှိုင်း ချစ်နှင်းဖြူကို ပြောစရာရှိတယ်ကွယ်"

ချစ်နှင်းဖြူသည် လှိုင်းတို့၊ ကိုဖြိုးတို့ထက် တစ်နှစ်ငယ်ပြီး တစ်တန်းနိမ့်သည်။ သူတို့က ဖိုင်နယ်(လ်)ရီးယား ဖီးဇစ်(က်)။ ချစ်နှင်းဖြူက မူး သတ်(ဒ်)ရီးယား။

ချစ်နှင်းဖြူက အံ့ဩသော မျက်နှာလေးနှင့် ကြည့်နေသည်။ သူထက် ချမ်းသာ၊ သူထက် ရုပ်ချော၊ သူထက် အသက်ရော အတန်းပါ တစ်နှစ်ကြီးသူ နောက်ဆုံးနှစ် ရူပဗေဒ အဓိကကျောင်းသူ တစ်ယောက်ကို... သူလို သာမန် တတိယနှစ် သတ္တဗေဒကျောင်းသူ တစ်ယောက်က အံ့ဩရုံမက သိမ်ငယ်စိုးထိတ်သော အကြည့်နှင့် ကြည့်နေစဉ်...

"အမှန်တော့ မိန်းကလေးချင်း ကြားဝင်ပေးရမယ့် ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် သူ သိပ်ခံစားနေရတာကို မကြည့်ရက် လွန်းလို့ အသင့်လျော်မှန်း သိပေမယ့် မမလှိုင်း ဝင်ကူညီရတာပါဆိုတာ ချစ်နှင်းဖြူ ခွင့်လွှတ်စွာ နားလည်ပေးနော်"

"ရှင်... နှင်းဖြူ ဘာကို နားလည်ရမှာလဲဟင်"

"အသားညိုညို၊ အရပ်ရှည်ရှည် မျက်မှန်နဲ့ လူတစ်ယောက် ချစ်နှင်းဖြူရဲ့ အတန်းဆောင်မှာ အမြဲလာရပ်နေတာ သတိထားမိလား ဟင်"

"ဩော်... သူလား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်နှင်းဖြူ သည် SE 3 နှင့် SE 4 မှ အတန်းများ တက်ရလေတိုင်း ရပ်ကြည့်နေတတ်သော၊ ပရယ်တီကယ်(လ်) လုပ်လေတိုင်း ပထမထပ် ကော်ရစ်ဒါမှ ရပ်စောင့်နေတတ်သောသူ့ကို မျက်စိထဲတွင် ပေါ်လာ သည်။

"ဟုတ်တယ်... ချစ်နှင်းဖြူ သူ့ကို တစ်ခါက ပြောဖူးတယ်ဆို ကျေးဇူးပြုပြီး ကျွန်မကို လိုက်မနှောင့်ယှက်ပါနဲ့လို့"

"ဟုတ်ပါတယ်၊ အဘ(ရ်)စီကနေ အတ်(တ်စ်)ဘော(လ်)ဒင် အသွားမှာပါ။ နှင်းဖြူ မှတ်မိပါတယ်"

"အဲ... သူပဲ၊ စောစောက မမလှိုင်း ပြောတဲ့ ကိုဖြိုးဆိုတာ"

"ဟင်"

"မမလှိုင်း စကားကို ယုံပါ ချစ်နှင်းဖြူရယ်၊ ကျိန်ပြောဆို ပြောပါ့မယ်။ ဒီကောင် တစ်ခါမှ ရည်းစား မထားဖူးဘူး။ ချစ်နှင်းဖြူကို စတွေ့ပြီးတည်းက တကယ့်ကို စွဲလမ်းနေရှာတာ။ အဲဒီလို အပြောခံရ ပြီးတဲ့နောက်မှာ သူဟာ တကယ့်ကို ခံစားနေရရှာပါတယ်"

ချစ်နှင်းဖြူ၏ ရင် လှုပ်ခတ်စေသော စကားများ...

"ချစ်နှင်းဖြူ စကားကို ထိုက်တန်စွာ နာခံတဲ့အနေနဲ့ သူ ဘာမှ လိုက်မပြောတော့ပေမယ့် သူ့ရင်က စွဲလမ်းမှုတွေ၊ ချစ်ခြင်းမေတ္တာတွေ သူ ဘယ်လိုခံစားရပါတယ် ဆိုတာတွေ ယောဒီမှာ အပြည့်ပါပါတယ်"

ဖြူလှိုင်းဖွေးက သူ့လွယ်အိတ်တွင်းမှ ရှမိုင်းဖုံးနှင့် ဒိုင်ယာရီ စာအုပ်အရွယ် စာအုပ်တစ်အုပ်ကို ထုတ်ပြီး...

"သူဟာ ညဆိုလည်း မအိပ်မနေရေးထားတဲ့ စာမို့ အလော





အနက်ထားပြီး ဖတ်ကြည့်ပေးပါလို့ မမလှိုင်း တောင်းပန်ပါတယ်"

စာတစ်အုပ်အပြည့် ရေးဆွဲထားသော ရည်းစားစာကို ဖြူလှိုင်း ဖွေးက အတင်းပေးအပ်လာသည်။

"ဆိပ်ကမ်းသာ(လွှစ္စ)လမ်းက ဒေါ်နွယ်နွယ်ဦး ကျူရှင်ဆိုတာ ကြားဖူးလားဟင်"

"ဟုတ်ကဲ့... နှင်းဖြူ မောင်လေး ဆယ်တန်းတုန်းက တက်ဖူး ပါတယ်။ အင်္ဂလိပ်စာ ဒီရသွားပါတယ်။ ဘာဖြစ်လို့လဲဟင်"

"အဲဒီ ဒေါ်နွယ်နွယ်ဦးဆိုတာ မမလှိုင်းပြောတဲ့ ကိုဖြိုးရဲ့ မေမေ ပဲ၊ အမေတစ်ခု၊ သားတစ်ခုပဲ ရှိကြတယ်။ သူ့ဖေဖေက ဆုံးသွားပြီ။ ကျောက်ကုန်းမှာ ခြံနဲ့ တိုက်နဲ့ပါ၊ မမလှိုင်းတို့နဲ့ တစ်ခြံကျော်မှာ"

"မမလှိုင်း"

"ဟင်"

"နှင်းဖြူ သူ့ငွေတွေကို ကြောက်တယ်ရှင်"

"အို... ကိုဖြိုးတို့ဟာ သိပ်အချမ်းသာကြီးလည်း မဟုတ်ပါဘူး။ အန်တီနွယ်ကလည်း ဆရာမပီပီ သိပ်သဘောထား ပြည့်ပါတယ်။ ကိုဖြိုးကတော့ မပြောနဲ့တော့။ နှိမ့်ချဖို့ပဲ သူ သိတယ်၊ မာန်မာန လုံးဝ မရှိပါဘူး ကိုဖြိုးအကြောင်း မမလှိုင်း အသိဆုံးပါ နှင်းဖြူရယ်။ စိတ်ရင်း အကောင်းဆုံး ယောက်ျားတစ်ယောက်ပါဆိုတာ မမလှိုင်း တကယ် အာမခံရဲပါတယ်"

ခံစားမှု ပြည့်လျှမ်းသော မျက်နှာလေးနှင့် ငေးကြည့်နေသော ချစ်နှင်းဖြူသို့...



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားတာက တစ်ပိုင်းထားပါ၊ အခုတော့ ဒီစာကို ဆုံးအောင် ဖတ်ကြည့်ပါလို့ မမလှိုင်း တောင်းပန်ပါတယ်။ ချစ်နှင်းဖြူ ဖြစ်စေချင်သလို ဖြစ်ရပါစေမယ်လို့လည်း မမလှိုင်း တာဝန်ယူ ကတိပေးပါတယ်...

"ကဲ...မမလှိုင်း သွားတော့မယ်နော်၊ ကိုဖြိုးနေရာကနေပြီး ခံစားနားလည်နိုင်ပါစေ...လို့ မမလှိုင်း ဆုတောင်းပါတယ်"

❖ ❖ ❖

**အခန်း လေး**

"ဒီညများ ချစ်က ငါ့ကို လက်ခံပါတယ်ဆိုရင် နှင်းစားချင်တဲ့ ဆိုင်ကို ငါကိုယ်တိုင် ထမ်းခေါ်သွားပါ့မယ် လှိုင်းရယ်"

"အမယ်လေး... လူမြင်မကောင်း သူမြင်မကောင်း၊ ထမ်းတော့ မထမ်းပါနဲ့၊ ချယ်ဂါရီနဲ့ ဆွဲတယ်ဆို ဟုတ်သေးတယ်"

"ဆွဲဆို ဆွဲမယ်ဟာ"

"အေး... ချယ်ဂါရီ လှည်းပေါ်မှာ ငါတို့က ကော်ဖောင်း ထိုင်လိုက်မှာနော်"





"သုံးယောက်လုံးလား"

"ဒါပေါ့... ပြီးရင် သမ္မတခုံးရယ်၊ စတော့ကိတ်ခုံးရယ်ကို အကုန်ခိုင်းမယ်"

"တက်ဆို တက်ပါ့မယ်ဟာ၊ ဒီမှာ... ဒါတွေ ထားစမ်းပါဦး၊ ဒီည ငါ... ဘာဝတ်ခဲ့ရမလဲ၊ သူနဲ့ ဘယ်လို ထိုင်ရမလဲ၊ ပြီးတော့... ဘာစကားတွေ ပြောရမလဲဟင်...လှိုင်း"

"သေလိုက်ပါလား...သောက်ကျိုးနဲ့၊ လွန်...လွန်လွန်းတယ်..."

ဖြိုးမြင့်ဝေ ရယ်တော့သည်။

အရှိန်တက်နေသဖြင့် သူ့ကိုယ်သူ ဘာစကားတွေ ပြောမိမှန်းသိ၊ ဖြူလှိုင်းဖွေးယောက်တော့မှ သတိရပြီး ရှက်ရယ် ရယ်ရသည်။

"ယောက်ျားလေးတစ်ယောက် ကောင်မလေးတစ်ယောက်ကို လိုက်တဲ့အခါ သူ့ဘော်ဒါကောင်လေးတွေက နာမည်စုံစမ်း၊ လိပ်စာမေး၊ တယ်လီဖုန်းနံပါတ် ရအောင်ရှာပြီး သတင်းယူကြ။ ပြန်ပြောကြနဲ့ အကွက်ဝင်အောင် ဖန်ပေးကြပါတယ်၊ သူ့ကျမှ တို့မိန်းကလေး တစ်အုပ်က ဝိုင်းလုပ်ပေးရတယ်လို့..."

"နင် ပြောသလို ငါ့သူငယ်ချင်းကိစ္စတွေမှာ ငါကိုယ်တိုင် ကားအောင်းပြီး လိုက်ပေးခဲ့ရတာတွေ မကြာခဏပါလှိုင်း၊ ချစ်နှင်းဖြူ ကျတော့ တစ်မျိုးလေ"

"ဘယ်လို တစ်မျိုးတာလဲ"

"ဩော်... ယောကျာ်းလေးအဖွဲ့နဲ့ လိုက်လို့ရတဲ့ အမျိုးအစား မဟုတ်ဘူး၊ မိန်းကလေးချင်းတောင် သိပ်တွဲတာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အမြဲအေးအေးလေး နေတတ်တာ။ မနှစ်က တစ်နှစ် လုံး ငါလိုက်နေတာ၊ ငါ့လိုပဲ တခြားလိုက်တဲ့လူတွေကိုလည်း သူ အရေးမစိုက်ပါဘူး"

"အင်း..."

"သူ့ကို မနှောင့်ယှက်ပါနဲ့ ဆိုတဲ့ စကားလေးကို နာခံတဲ့ အနေနဲ့ ငါ ဘာမှ မပြောခဲ့ပေမယ့် သူ့နောက်မှာ အရိပ်ကလေးလို လိုက်နေတာ သူ သိနေပါတယ်"

"အင်း..."

"အခု ကံကောင်းချင်တော့ သဇင်က သူတို့နဲ့တစ်လမ်းတည်း တစ်တိုက်ကျော်က ဖြစ်နေလို့သာ ခုလို အခြေနေပေးတဲ့အထိ ရောက် လာရတာ"

"အင်း"

"ငါ အကောင်း ပြောနေတာ၊ နင်ကလည်း တအင်းတည်း အင်းနေတော့တာပဲ"

"ငါ နားဆင်းရဲလှပြီ"

"ချစ်နဲ့ ပတ်သက်တဲ့ အကြောင်းရာလေးတွေ ငါ့ကို ပြောနေ စမ်းပါ လှိုင်းရယ်"

"ဘာကိုလဲ"

"ဩော်...သူ့အိမ်မှာ ဘယ်လိုနေတယ်၊ ထိုင်တယ်။ ဘာလုပ် တယ်၊ ထမင်းဘယ်လို စားတယ်၊ သနပ်ခါးလူးသလား၊ မိတ်ကပ် လိမ်းသလား၊ နှုတ်ခမ်းနီ ဘာရောင် ကြိုက်တတ်သလဲ၊ အို...အစုံပြော





ချစ်ရဲ့အကြောင်း အကုန်ပေါ့"

"နားဒုက္ခ ပေးပြီး ငါ့ပါးစပ်ကို ဒုက္ခပေးဦးမယ်"

"ပြောစမ်းပါဟာ"

"အိအိးကို ဘယ်လိုပုံစံနဲ့ ပါသလဲလို့ရော မကြားချင်ဘူးလား"

"နင်ကလည်းဟာ...ငါဒီလောက် အလေးအနက်ထားနေတာ ကို ပေါ့ပျက်ပျက် ပြောင်ချော်ချော် လုပ်မနေစမ်းပါနဲ့"

"ဒီမှာ ကိုဖြိုး"

"ဘာလဲ...ဟ"

"ရည်းစားစာလည်း လေးအုပ်အပြည့်ပေးပြီးပြီ၊ ဒီညသွားရဖို့ ည်း ဖန်ပေးပြီးပြီ၊ အဲဒါလည်း မပြီးသေးဘဲ အသံနဲ့ နှိပ်စက်နေတာ တော့ လွန်လွန်းပြီ"

"ငါ့ရင်ထဲမှာ၊ ငါ့ဦးနှောက်ထဲမှာ စက္ကန့်မလပ် သူမှသူ ဖြစ်နေလို့ စကားသံတိုင်းဟာ သူ့အကြောင်းတွေချည်းပဲ ဖြစ်နေတာပါ လှိုင်း"

"မိန်းကလေး တစ်ယောက်ကို အရူးလို စွဲလမ်းနေတဲ့ လူမျိုး တစ်ခါပဲ တွေ့ဖူးသေးတယ်"

"ဟုတ်တယ်လှိုင်း... ငါ ချစ်နှင်းဖြူကို ချစ်တဲ့ အချစ်ဟာ ဘယ်သူနဲ့မှ မတူတဲ့ အချစ်မျိုးပါ။ ဘယ်သူနဲ့မှလည်း အနိုင်းမခံနိုင် ဘူး။ သူ့ကိုလေ တန်ဖိုးထားပြီး လေးစားစိတ်နဲ့ သိပ်ပြီး မြတ်နိုးစွာ ချစ်တာပါ"

"အဲဒီ စကားတွေ ပြန်ရုတ်စမ်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်နှင်းဖြူ ရှေ့ကျ ပြောဖို့လေ"

"ရွတ်စရာ မလိုပါဘူး၊ ငါအမြဲ အလွတ်ရနေမှာပါ၊ ငါ့ရင်ထဲမှာ အမြဲရှိနေတဲ့ စကားတွေပါ"

"အင်း... ညကျတော့မှ အကုန်ပြောပါနော်၊ အောင်သွယ်တော်တော့ နားညည်းလှလို့ ပြန်ကြွပါတော့လို့"

"အေး...ဒီလို လုပ်မယ်"

"လာပြန်ပြီ"

"ငါ အခု ပြောတာတွေဟာ အားလုံး ငါ့ရဲ့ခံစားမှုချည်းပဲ ဆိုပေမယ့် ချစ်ရှေ့ကျရင် ငါပြောထွက်ချင်မှ ပြောထွက်မှာ၊ ပြောရဲပါ့မလား မသိဘူး၊ ဒီတော့"

"လုပ်လိုက်ဟ... လုပ်လိုက်ဟ"

စိုင်းထီးဆိုင်၏ လိုချင်တာ မိဖုရား၊ ညားတော့ ဘုရင်မ ဆိုတဲ့ သီချင်းမှ စာပိုဒ်ကို ချစ်လှိုင်းဖွေး ထဟာစ်တော့သည်။

"ဒီတော့ ငါ့ရင်ထဲရှိတာတွေ ငါစာရေး ယူသွားမယ်၊ မပြောရဲရင် ပေးလိုက်မယ်၊ သူ အိမ်ကျ ဖတ်ကြည့်လိမ့်မယ်၊ မကောင်းဘူးလားဟင်"

"လုပ်လိုက်ဟ...လုပ်လိုက်ဟ"

"လှိုင်းရယ်...နှင်တစ်ယောက်ပဲ ငါ့ရဲ့ ခံစားမှုကိုသိလို့၊ ပြောစရာ နှင့်တစ်ယောက်တည်း ရှိလို့ပါ"

"အမယ်လေး အန်တီနွယ်ရေ... မကယ် နိုင်တော့ဘူးလား လှိုင်းရဲ့ အဖြစ်ကို လာကြည့်လှည့်ပါဦး၊ အန်တီနွယ်ရဲ့... ဟဲ့"

ဖြူလှိုင်းဖွေး ငိုချင်းချတော့ ကိုဖြိုး နည်းနည်းတော့ ဒေါကန် သွားပုံရသည်။ ဘာမှ ဆက်မပြောတော့။





"ငါပြန်မယ်"

"ပြန်သင့်တာ ကြာလှပြီ"

သူ့ ဘောက်ဆတ်ဆတ် ခြေလှမ်းများကို ကြည့်ပြီး ဖြူလှိုင်းဖွေး ရယ်ချင်စိတ်မဆုံးမိ ပြန်လှည့်လာပြီး...

"ညနေ လေးနာရီတော့ အဆင်သင့်လုပ်ထားနော် လှိုင်း"

"ဟုတ်ကဲ့"

"ချစ်ရှေ့ကျရင် ငါ့ကို မလှောင်ကြနဲ့နော်"

"ဟုတ်ကဲ့"

"ငါ မေမေ့တော့ ပြောပြီးပါပြီ၊ ကားရေဆေးပြီး သလိုက်မယ်"

"ဟုတ်ကဲ့"

"နှင်ကလည်းဟာ"

"ဟုတ်ကဲ့"

"ငါ တကယ်ပြန်ပါပြီ"

"ဟုတ်ကဲ့"

နောက်ဆုံး ဟုတ်ကဲ့ ကျတော့ ဖြူလှိုင်းဖွေးလည်း မနေနိုင်တော့... ရယ်မိပြီ။ ကိုဖြိုးသည်လည်း လိုက်ရော၍ ရွှင်ရွှင်သောသောလား ရယ်ပါ၏။

စောစောဆီက အရှက်ရောသော ဒေါသလေးသည်လည်း ဘယ်ဆီ ရောက်ကုန်မှန်း မသိတော့။ ဖြူလှိုင်းဖွေးသည်လည်း ခွင့်လွှတ်ခြင်းဖြင့် သူငယ်ချင်းနှင့်အတူ ရင်ပေါ့ပါးစွာ ရယ်မိရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြံကျော်တွင် ကိုဖြိုးတို့တိုက် ရှိသည်။ အလယ်တန်း... နောက်မှ ရောက်လာသော လူသစ်များဖြစ်၍ မရောနှော... နှစ်ကာလများစွာဆီမှ အတူတကွ နေခဲ့ကြသော ကိုဖြိုးနှင့် လှိုင်း... မိသားစုနှစ်စုသည်မူ နှစ်အိမ်တစ်အိမ်လို ကူးချီသန်းချီ။

ခြံရှေ့ ပိန္နဲပင်အောက်မှ ခုံတွင် ထိုင်ရင်း ချစ်သူငယ်ချင်း... အဖြစ်သည်းလွန်းပုံကို တွေးပြီး...

ဒီည ပြေလည်ပါစေဟုသာ အထပ်ထပ်အခါခါ ဆုတောင်း... မိတော့သည်။

❖ ❖ ❖

## အခန်း ငါး

"အမယ်လေး...ဟဲ့"

မြင့်မြင့်မာက အော်လိုက်ပြီးမှ ပါးစပ်ကို ပိတ်ရင်း ကားနောက်... ဘက်သို့ ပြေးလာသည်။

"ဘာလဲ...ဘာဖြစ်နေကြလို့လဲ"





"သွားကြည့်ကြစမ်းဟယ်"

"အို... မကြည့်ချင်ပါဘူး၊ ဘာဖြစ်နေလဲသာ ပြောစမ်းပါ။ ...သလည်း တအားရယ်နေတော့တာပဲ၊ ဘာလဲ ပြောစမ်းပါ မြင့်မာရဲ့"

"ကိုဖြိုးပေါ့...အဟီ ဟိ..."

"ဘာဖြစ်နေလို့လဲ"

"တိုးတိုးပြောပါ၊ ကြားသွားပါဦးမယ်"

"ဘာဖြစ်နေကြလဲလို့"

"မြင်ကွင်းက ပြောင်းပြန်ဟဲ့၊ ငါ သွားချောင်းကြည့်တော့လေ ...ဖြိုးက ချစ်နှင်းဖြူရဲ့ ပခုံးလေးမှာ သူ့ခေါင်းကိုမှီလို့"

"နှပ်နေတယ်လား"

"အေး...ဘာစကားမှလည်း မပြောကြဘူး"

"ငါ သွားချောင်းဦးမယ်"

"ဟိတ်"

မြင့်မြင့်မာနှင့် သဇင်သင်းတို့ တခွိခွိ ရယ်ကြ၏။ သွားချောင်း...ည် ဆိုသော သဇင်သင်းကို လှိုင်းက လက်ဖမ်းဆွဲထားရင်း...

"နေကြစမ်းပါစေဟာ"

"အမယ်... သူက ကိုဖြိုး ကြည်လို့ သိပ်ဝမ်းသာနေတယ် ...ပါလေ"

"ငါ တကယ် ဝမ်းသာတာ၊ နေ့ခင်းက တစ်နေ့လုံး လာပြီး ...ပြနေလို့ ငါမှာ စိတ်ကိုညစ်နေတာ"

"ပြေလည်ချင်တော့လည်း အမြန်သား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မြန်မာလဲ မြင့်မာရယ်။ ကိုဖြိုး လိုက်နေတာ တစ်နှစ်ရှိ ရှစ်လ ရှိပြီဟာ"

"ကိုဖြိုးကို သူ စိတ်ဝင်စားပါတယ်တဲ့။ သူဌေးသားထင်လို့ လန့်နေတာတဲ့။ လှိုင်းတို့ အိမ်လာ...ချစ်နှင်းဖြူကို အိမ်မှာ မုန့်လုပ်ကျွေး ပြီး နင်က ကိုဖြိုးဘဝမှန်တွေ တင်ပြ ချီးမွမ်းခန်းဖွင့်လို့ ချစ်နှင်းဖြူ ကြည်သွားတာ ဖြစ်ရမယ်"

"ဟုတ်တယ် သဇင်၊ ဒါ လှိုင်းကြောင့် ငါးဆယ်ရာခိုင်နှုန်း ပါတယ်။ ငါတော့ ဒီည ဝမ်းနှုတ်ဆေး စားအိပ်မယ်"

"နက်ဖန် ကိုဖြိုးကျွေးမယ်ဆိုလို့လား"

"အေးပေါ့...အပြတ် အုပ်ပစ်မယ်"

"ဟာ... ကြည့်စမ်း၊ ဟိုကောင် သွားပြီ"

သဇင်သင်းသည် ခွေးသူခိုးပုံစံမျိုးဖြင့် ကိုယ်ကို ကိုင်းပြီး ကားရှေ့ဘက်သို့ သွားချောင်းနေသည်။

နေရာက တက္ကသိုလ်ရိပ်သာလမ်းပေါ် မွှောရုံကျော် တက္ကသိုလ် ဆေးရုံ ရှေ့နားလောက်မှာ။

အချိန်က ည ကိုးနာရီခွဲပြီး၊ ဖေဖော်ဝါရီလ ၇ ရက် ရှမ်းပြည်နယ်နေ့ အခမ်းအနားမှအပြန်၊ ကားကို လမ်းမပေါ်မှာ တင် ရပ်ပြီး ကားဘောနပ်(စ)ကို ဖွင့်ထားသည်။

ကားပဲ ပျက်နေသလိုလို၊ နောက်တစ်နည်းက ရှေ့မှ မီးရောင် များကိုလည်း အကာအကွယ်ရစေ။

လာကြတုန်းကတော့ သဇင်သင်း၏ မိခင် ဆေါလုလုက ရှေ့





ခန်းသား ထိုင်လို့၊ ကိုဖြိုးက သူ့ဆန်နီပစ်ကပ် ကားသစ်ကလေးကို ကိုယ်တိုင်မောင်းလို့...

စည်းရုံးရေးမှူး၊ စီမံခန့်ခွဲရေးမှူးနှင့် ဖြစ်မြောက်ရေး ဗဟို ကော်မတီဝင် သုံးဦးနှင့်အတူ ချစ်နှင်းဖြူက ကား၏ နောက်ခန်းမှာ...

အဘွားကြီးကို အပြန်လာခေါ်မည်ဆိုပြီး ၃၈ လမ်းမှာ ချခဲ့၍ ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်မှာ ပြုလုပ်သော ရှမ်းပြည်နယ်နေ့ကို တက်ရောက်ခဲ့ကြသည်။

ရုတ်တရက် ချစ်နှင်းဖြူ ရှက်မှာစိုး၍ လှိုင်းက အလယ်မှာ ထိုင်ပြီး ကိုဖြိုးနှင့် ချစ်နှင်းဖြူတို့က တစ်ဘက်တစ်ချက်စီ၊ ဗျို... နှစ်ကောင်က ဆက်လျက် ချစ်နှင်းဖြူဘေးမှာ...

အပြန်ကျတော့လည်း ကိုဖြိုးဘေးမှ လှိုင်းက ဝင်ထိုင်ပြီး ချစ်နှင်းဖြူကို ရှေ့ခန်းမှ တက်စေခဲ့သည်။

ချစ်နှင်းဖြူသည်လည်း ကိုဖြိုး၏ ချစ်ကာလအချိန်များ... ဝတ္ထုသုံးအုပ်စာလောက် စာများ၊ သူ့ကို အရေးတယူ အလေးအနက် ထားလွန်းသော အပြုမူများကို သူလည်း ကြည်ဖြူစွာ ခံယူပြီးသားမို့...

"မမလှိုင်းတို့ အားလုံး ကားနောက်ခန်းမှာ ရှိနေကြမှာပါ၊ ကိုဖြိုးနဲ့ ခဏလေး ဆွေးနွေးလိုက်ပါနော် ချစ်နှင်းဖြူရယ်"

ကြိုတင် ကြံစည်ထားသောနေရာတွင် ကားက ရပ်ပြီးသည်နှင့် ဖြူလှိုင်းဖွေးက ဆင်းပေးသော ကိုဖြိုး၏ဘက်မှ ကားအပြင်သို့ထွက်ပြီး နှစ်ယောက်တည်း ထားရစ်ခဲ့တော့သည်။

မှန်ခြားထား၍ မကြားသာသော်လည်း မြင်နေရ၍ အလိုက်



www.burmeseclassic.com

www.burmeseclassic.com



သိစွာ သုံးယောက်လုံး အောက်သို့ ဆင်းပြီး လမ်းဘေးတွင် ငုတ်တုတ် ဆောင့်ကြောင့်များထိုင်နေရာမှ သူ့ခိုးကျင့် သူ့ခိုးကြံ ကြံနေကြခြင်း ဖြစ်ပါ၏။

ကားမီးတန်းကြောင့် သဇင်သင်း ကောင်းကောင်း မချောင်း လိုက်ရ… ပြန်ပြေးလာခဲ့တော့သည်။

မိန်းမလှလေးတွေ အဖျံစားဝတ်ပြီး ကားဘေးမှာ ငုတ်တုတ် ထိုင်နေကြသဖြင့် မီးကြီးထွန်းဖွင့်ပြီး ကြည့်သွားသည့် ကားများက မကြာခဏ…

သဇင်သင်းနှင့် မြင့်မြင့်မာက ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်နေကြသည်။ သည်လောက် အသည်းခိုက်အောင် ချွဲလမ်းနေသော ကိုဖြိုးအတွက် သူတို့၏ ကူညီမှု အောင်မြင်ပြီဟုလည်း ဝမ်းသာအား ရှိနေကြပါ၏။

• ဖြူလှိုင်းဖွေးသည်မှ…

အချစ်ဆုံး သူငယ်ချင်း၏ နှလုံးသားနှင့် ထပ်တူနည်းပါးစွာ ရင်သိမ့်စွာ ကြည်နူးမိရပါသည်။

အချွဲလမ်းကြီးတတ်လွန်းသော၊ ချစ်တတ်လွန်းသော၊ အချစ်ကို ကိုးကွယ်စရာလို ပူဇော်လွန်းတတ်သော ချစ်သူငယ်ချင်း ကိုဖြိုးသည်—

သူ့နှလုံးသားမှ အသစ်ဦးပွင့်သော သူ့အချစ်ဆုံး၏ ပခုံး ထက်မှာ မှီအုံးခွင့်ရနေလေပြီ။

ကြီးမားခက်ခဲလွန်းသော ပြဿနာကြီးတစ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဟုလည်း ရင်၌ ပေါ့ပါးရှင်းလင်းစွာ နှစ်သိမ့်ခဲ့ရပါပြီ။





ဟိုနှစ်ယောက် ပျော်နေကြသည့်အတိုင်းလည်း လှိုင်း ပျော်မိသည်။ ထိုထက်ပို၍ အချစ်ဆုံးသူငယ်ချင်း ကိုဖြိုး ရင်သိမ့်စွာ ကြည်နူးနေရသည်ကိုလည်း သူပါ ရင်သိမ့်ကြည်နူးစွာ ဝမ်းမြောက်လျက်ပါ။

အချစ်ဆုံးတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာသည် နှလုံးသားနှင့် ရှုတည်သမျှ မပျက်ယွင်းသော ချစ်ခြင်းများဖြင့် ထာဝရ လက်တွဲနိုင် ကြပါစေဟုလည်း…

လှိုက်လှဲသောဆန္ဒဖြင့် ပန်ဆုပြုမိပါ၏။

ထိုနွေဦးညမှာ…

ငွေလရောင်က ပိုမိုရွှန်းမြနေ၏။

ကြယ်ကလေးများက တဖျပ်ဖျပ် တောက်ပလင်းလက်လျက်…

လေညင်းနုသည် ထိုနေ့မှာမှ ပို၍ အေးမြနေသည်သို့ပါ။ အရာအားလုံးသည် သာယာလှပလွန်းစွာ ဖွဲ့စည်းထားပါသော နွေဦးညလေးတစ်ညပါတကား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ခြောက်

ဝေးလံလွန်းသောအရပ်။

သို့မဟုတ် မြင့်မားလွန်းသော တောင်ပေါ်…

သို့မဟုတ် နက်ရှိုင်းလွန်းသော ချောက်ကမ်းပါးထဲမှ…

ငယ်သံပါအောင် အော်နေသော လူတစ်ယောက်၏ ကြောက်

မက်ဖွယ် အသံနက်ကြီးကို ကြားနေရသည်။

သည်အသံကြားလျှင် ကြိုးထပြေးရမည်မှန်း သိသော်လည်း

အိပ်ချင်စိတ်ကို ရုတ်တရက် တွန်းလှန်၍ မရ။

**"အား…အား…အာမယ်လေးဗျ"**

အော်သံသည် နီးကပ်ကျယ်လောင်လာလေမှ ဖြူလှိုင်းဖွေ

ကြိုးရုံးထရသည်။ ဖြာဝေနေသော ဆံပင်ကို မသိမ်းနိုင်အားပါဘဲနှ

ခေါင်းရင်းဘက်သို့ တန်းပြေးပြီး ဝပ် ခြောက်ဆယ်အား မီးလုံးကို

ဖွင့်ချလိုက်သဖြင့် တစ်ခန်းလုံး ထိန်ထိန်လင်းသွားတော့သည်။

ဖြူလှိုင်းဖွေးသည် ခြင်ထောင်ကို ဆွဲယူ၍ လုံးထွေး မတ

လိုက်ပြီး…

"ဖေဖေ…ဖေဖေ"

ခေါင်းပိုင်းကို ပွေ့ယူလျက် ဆွဲထူရင်း လှုပ်သော်လည်း

တော်တော်နှင့် သတိလည်မလာသေး။

"ဖေဖေ…ဖေဖေ၊ သမီးရှိတယ်။ ဒါ ဖေဖေ့အိမ်လေး၊ ဖေဖေ…

သတိထား၊ သတိထား"

မေးစေ့ကိုကိုင်ပြီး အရမ်းလှုပ်ခါလေမှ သတိရသွားသလို၊

ဖြူလှိုင်းဖွေးသို့ ကြောင်ကြောင်ကြီး ကြည့်လာသည်။

တစ်ကိုယ်လုံးမှာ ချွေးစေးများဖြင့် နစ်လျက်…

"ဖေဖေ… ဖေဖေ၊ သတိရပြီမဟုတ်လားဟင်"

"အင်း… အင်း… ဟင်း… ဟင်း"

အားရပါးရ ငိုတော့သည်။

ဖြူလှိုင်းဖွေးမှာ ခေါင်းအုံးများဖြင့် မှီစေလျက် ထောင်မတ်

အားခဲ့ပြီး ရေတစ်ခွက်ကို အခန်းထောင့်မှ ပြေးခပ်ယူလာကာ…

"ရော့… ဖေဖေ၊ ရင်အေးသွားအောင် ရေလေး သောက်ချ

လိုက်နော်"

ရေကို ဆက်တိုက် မသောက်နိုင်၊ တစ်ကျိုက်ချင်း မော့သောက်

ပြီး မျက်ရည်များစီးကျလျက် ဆက်ငိုနေပါ၍…

"ဖေဖေ… ဟို အိပ်မက် မက်ပြန်ပြီလားဟင်"

"ဟုတ်တယ်… မက်ပြန်ပြီ၊ ဖေဖေ သိပ်ကြောက်တယ် သမီး

…ည်"

"မငိုပါနဲ့တော့…ဖေဖေ၊ အိပ်မက်ပဲ… နိုးတော့လည်း ပြီးသွားပြီ

…သွားပြီပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"ဒီအိပ်မက်တွေ ဒီလိုသာ ဆက်မက်နေရင် ပြန်သတိမရခင် ဖေဖေ နလုံးခုန်ရပ်ပြီး သေသွားလိမ့်မယ်သမီး"

"မဟုတ်တာ... ဖေဖေကလည်း"

"တကယ်ပါ သမီးကြီးရယ်၊ ဖေဖေ့ရင်တွေ စမ်းကြည့်စမ်း"

ဟုတ်ပါရဲ့... နလုံးခုန်နေသည်က ရင်၏အပြင် လှိုင်း၏ လက်ဝါးသို့ အရှိန်နှုန်းမြန်လွန်းစွာ ထိတိုးနေပါ၏။

မြလှိုင်းဖွေးက ချွေးများကို သုတ်ရှုံနိုင် မရတော့။ စိုနစ်နေသော အင်္ကျီကိုပါ လဲပေးလိုက်ရသည်။

အင်္ကျီလဲရသည်ကလည်း မလွယ်ကူ၊ မမြှောက်နိုင် မကြွနိုင်သော လက်ကို မ ယူပြီး ခက်ခက်ခဲခဲ လဲပေးရပါ၏။

"လုံချည်လည်း လဲမှ၊ သမီးကိုလည်း အားနာလှပါပြီ။ ဖေဖေ့မှာ ထိန်းနိုင်တဲ့အင်အား မရှိတော့လို့ပါ"

"ဖေဖေကလည်း... ဒီလို အညစ်အကြေးကို ကိုယ့်သမီးမှ မရှိုင် ဘယ်သူခိုင်းမလဲ"

"အိပ်မက်ထဲမှာ ကြောက်လွန်း လန့်လွန်းလို့ ထွက်ကုန်တာပါ"

ကျင်ငယ်နှင့် ရွှဲနေသော ပုဆိုးကိုပါ လဲလှယ်ပေးရသည်။

နံရံတွင် ကပ်ထောင်ထားသော ခေါင်းအုံးများပေါ်သို့ မှီအားနည်းလွန်းစွာ မှီလဲလျက် အားအင်များအားလုံး ဆုံးရှုံးသွားသည့် ရုပ်တစ်ယောက်လို ပျော့ခွေနေရှာသည်။

အောက်ခံ ခင်းထားသော ပလတ်စတစ်ပြားနှင့် အဝတ်များကိုပါ လဲလှယ်ပြီး ပေါင်ဒါများ ဖြူးပေးလိုက်ရသည်။





"ယောလစ်ကလေးတစ်ခွက် သောက်လိုက်ပါလား ဖေဖေ။ သမီး သွားဖျော်လိုက်မယ်နော်"

"မသောက်ချင်ဘူး၊ ဖေဖေ့နားမှာပဲနေပါ သမီးရယ်၊ ဖေဖေ ကြောက်လွန်းလို့ပါ"

စိတ်မကောင်းမိ။

"အိပ်မက်ပဲ ဖေဖေရယ်။ နိုးတော့လည်း ပြီးသွားပြီပဲ။ ဒါကို အစွဲအလမ်းကြီး မထားပါနဲ့၊ ဖေဖေဟာ... ကျွန်းမှာသူ ည်း မဟုတ်ဘူးလေ"

'ဦးသောင်းထိုက်' သည် မျက်ရည်စိုသော မျက်ဝန်းများဖြင့် သမီးသို့ စိုက်ကြည့်ပြီး...

"သမီး... သတိထားမိလား"

"ဘာကိုလဲ... ဖေဖေ"

"တဖြည်းဖြည်း စိပ်လာပြီလေ"

"ဘာကိုလဲ... ဖေဖေ"

"အိပ်မက်ပေါ့"

"ရှင်..."

"အရင်တုန်းကဆိုရင် ခြောက်လ၊ တစ်နှစ်ကြာမှ တစ်ခါ၊ အခုလာ... တစ်လတစ်ခါ၊ နှစ်လတစ်ခါလောက်။ အခုဆို အရင်ဖြစ်တာနဲ့ ယ်ရက်ပဲ ရှိသေးတယ်... ထပ်ဖြစ်ပြန်ပြီ"

"ဖေဖေ စိတ်စွဲလို့ ဒါပဲ ထပ်မက်နေတာပါ။ အိပ်မက်ကို လေးအနက် ထားမနေပါနဲ့ ဖေဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး... သမီး၊ သမီး မသိဘူးနော်"

အံကို ခဲသော်လည်း မျက်ရည်များက တစ်ပေါက်ချင်း ကျဆင်းရင်း...

"ဖေဖေ့ကိုစွ ဖေဖေပဲသိတယ်၊ သိပါတယ်။ သူတို့ လာကြတော့မယ်"

"ဘယ်သူတွေလဲ၊ ဘာလာလုပ်မှာလဲဟင် ဖေဖေ"

"အိပ်မက်ထဲက လူတွေပေါ့"

"အို... အိပ်မက်ဟာ အပြင်မှာ တကယ် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ ဖေဖေရဲ့"

"သမီး မသိဘူးနော်"

ဆက်ပိုနေ၍ ဘာမှမမေးတော့ဘဲ သနားကြင်နာရလွန်းသော ဖခင်ကြီးသို့ ကြည့်နေဆဲ...

"ဖေဖေ့ အိပ်မက်ထဲက လူတွေဟာ အပြင်မှာ တကယ်ရှိနေတာ"

"ဟင်"

"ဖေဖေတစ်ယောက်တည်းသာ သိခဲ့တဲ့ သိပ်ပြီး နက်နဲတဲ့ လျှို့ဝှက်မှုကြီးတစ်ခု ရှိခဲ့တယ်"

တမင် ဘာမှမမေး...၊ သူပြောလိုသော ဆန္ဒရှိသမျှ ပြောပါစေတော့ဟု သက်ညှာစွာ လွှတ်ပေးထားသည့် သဘော...

"ဖေဖေ့ကို ဆရာဝန်က သေဖို့ နီးကပ်နေပြီတဲ့လား"

"ဟာ... မဟုတ်တာ ဖေဖေကလည်း၊ ဖေဖေ လုံးဝ မသေနိုင်သေးပါဘူး"





"မေးတာ တခြားကြောင့်မဟုတ်ဘူး"

"ဘာကြောင့်များလဲ ဖေဖေရယ်"

"သေမယ်ဆိုရင်တော့ မသေခင် သမီးကို အားလုံး ဖေဖေ ပြောပြခဲ့တော့မယ်"

"ဖေဖေ"

"ဟင်"

"ဖေဖေပဲ ပြောခဲ့တယ်လေ၊ သမီးဟာ ဖေဖေရဲ့ အရင်းနှီးဆုံးလူသား၊ ဖေဖေ အားအကိုးဆုံး မိတ်ဆွေ၊ အချစ်ဆုံး သမီးကြီးဆို"

"ဟုတ်တယ်... ဟုတ်တယ်"

"ဒါဆို ဖေဖေ့ရင်ထဲမှာ ကျိတ်မြိုခံစားနေရတာတွေ သမီးကို ဖွင့်ပြောပြပါလား ဖေဖေ...၊ သမီးပါ ဝိုင်းပြီး ဖြေရှင်းရအောင်ပါနော်"

ဦးသောင်းထိုက် ခေါင်းယမ်းခါသည်။

"ဒါဆိုလည်း ဖေဖေပြောချင်မှ ပြောပါ၊ သမီးကတော့ တစ်ခုပဲ ပြောချင်ပါတယ်"

"ဘာလဲ သမီး"

"ဒီအိပ်မက်ကြီးကို ဖေဖေ့စိတ်ထဲမှာ အစွဲအလမ်း ထားမနေပါနဲ့လို့"

"ဖေဖေလည်း ဒီလိုပဲ ဖြစ်ချင်ပါတယ် သမီးလှိုင်းရယ်...၊ ဒါပေမယ့် ဖေဖေ မက်တဲ့ အိပ်မက်ဟာ အတိတ်ရဲ့ ဖြစ်ရပ်မှန်တွေ ပြန်လည်ရှင်သန်လာတယ်၊ အိပ်မက်ထဲက လူတွေဟာ အပြင်မှာ တကယ်ရှိခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ သမီးကို ဖေဖေပြောပြပါလားနော်"

"ဖေဖေ သေခါနီးတော့ အားလုံး ပြောခဲ့ပါ့မယ်"

ဖြူလှိုင်းမွေးမှာ ဆေးဒက မတက်ချင်တော့၊ သက်ပြင်းသာချပြီး ခေါင်းနားရှေ ထလျက် ဟောလစ်ဇာစ်ခွက် ဖျော်သည်။

စိတ်ငြိမ်ဆေးတစ်ပြားနှင့် ဟောလစ်တစ်ခွက်ကို ချော့တိုက်ပြီး အိပ်ရာပေါ်သို့ ပြန်လှဲပေးလိုက်ရပါ၏။

မကြာမီမှာပင် အိပ်ဆေးတန်ခိုးကြောင့် ဖေဖေ ပြန်လည်၍ အိပ်ပျော်သွားပါလိမ့်မည်။

ဖြူလှိုင်းမွေးသည်သာ မျက်စိကြောင်လျက် ကျန်ရစ်လေမည်။

အဖြစ်အပျက်သည် ဖေဖေပြောသလိုပင် တဖြည်းဖြည်း နီးကပ်လာခဲ့သည်တော့ အမှန်...

မကြည့်ရက်စရာကောင်းလောက်အောင် ကြောက်လန့်ခြင်းကြီးစွာဖြင့် ဖောချွေးများ ပြန်ခဲ့ရသည့် အိပ်မက်ညများ၏ နောက်ပိုင်းတွင် ဖေဖေမှာ ထူထူထောင်ထောင်မရှိတော့၊ မနည်းကို အားပြည့်အောင် ပြန်လုပ်ရသည်ချည်း...

ယခုလို 'အိပ်မက်ဆိုး'သည် မကြာခဏ ဆက်လာသည့်အခါ စိုးရိမ်ဖွယ် အခြေနေ ဖြစ်လာမှာကို စိုးရိမ်နေရလေပြီ။

"နက်ဖြန်ကျရင်တော့ ဖေဖေ့ရဲ့ဆရာဝန် 'ဦးကျော်မင်း'နဲ့ တိုင်ပင်ပြီး ဒီအိပ်မက်ကိစ္စကို တင်ပြရမှာပဲ"

ဖေဖေဟာ သူပြောသလို တကယ်ပဲ လျှို့ဝှက် နက်နဲတဲ့ ကိစ္စ တစ်ရပ်ကို မြှုပ်ကွယ်ထားခဲ့ဖူးသလား။





အိပ်မက်ထဲက လူများ အပြင်မှာရှိသည်ဆိုခြင်းမှာ အမှန်ပဲလား။

သို့မဟုတ်...

ဦးနှောက်အာရုံကြောပါ ချို့ယွင်းနိုင်သည် ဆိုထားသဖြင့် အမြင်မှား အထင်မှား ဖြစ်နေခြင်းလား။

ဖြူလှိုင်းမွေး၏ အတွေးများက ဆက်ဆင့်နေတော့သည်။

ဖြူလှိုင်းမွေး၏ ချစ်လှစွာသော ဖခင်ကြီး ဦးသောင်းထိုက်မှာ သက်ဝဲတစ်ဘက်လုံး ကိုယ်တစ်ခြမ်းသေအောင် လေဖြတ်ထားသော အကြွတ ဝေဒနာသည်ကြီး တစ်ဦးသာ ဖြစ်ပါ၏။

❖ ❖ ❖

### အခန်း ခုနစ်

"ကိုယ့်ရင်ထဲက ပထမဆုံး ပေါ်ထွန်းတဲ့ အချစ်နဲ့ အမြတ်နိုးဆုံး ချစ်မိတယ်၊ ကိုယ် ချစ်ရလွန်းသူ ကလည်း သူ့ရဲ့ မေတ္တာဦးနဲ့ တုံ့ပြန်လာခဲ့တယ်။ ချစ်ရယ်... မောင့်လောက် ကံကောင်းတဲ့သူ ကမ္ဘာပေါ်မှာ ရှိနိုင်တော့မယ် မထင်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်နှင်းဖြူ၏ ပခုံးထက်မှာ ခေါင်းမှီပြီး နှလုံးသားထဲမှ လာသော အသံဖြင့် ဖြိုးမြင့်ဝေ ပြောလိုက်သည်။

"မောင်"

"ချစ်ရယ်"

"မောင်က အမြဲပြောတယ်နော်၊ ချစ်… ချစ်တာဟာ မောင့် လောက် မမီပါဘူးလို့"

"ချစ့်ကို အပြစ်တင်တာ မဟုတ်ဘူး၊ မောင့်ရင်နဲ့ တူမျှတဲ့ အချစ် မျိုး ဒီကမ္ဘာပေါ်မှာ ဘယ်လူသားမှ ဖြစ်ထွန်းနိုင်မှာ မဟုတ်ဘူးလို့"

"သူများ ချစ်သူတွေကလည်း ဒီလိုပဲ ထင်ကြမှာပေါ့လို့"

"နှလုံးသား စွမ်းအင်မှာ အချစ်ရာနှုန်း ဘယ်လောက် ပါဝင် ဖြည့်တင်းထားတယ်ဆိုပြီး တွက်ချက်နိုင်တဲ့ ကွန်ပျူတာစက် ရှိစေ ချင်တယ်"

"အမယ်"

"တကယ်…ဒါမှ မောင့်စံချိန်ကို ဘယ်သူမှ မချိုးနိုင်ဘူးဆိုတာ သိရမှာ"

ချစ်နှင်းဖြူသည် အချစ်ဆုံး မောင့်ကို သိမ်းဖက်ပစ်လိုက်သည်။ မိမိအား မိမိချစ်သူက အဘယ်မျှ မေတ္တာ ထားရှိသည်…ဆိုသည်များကို သိခွင့်ရသော ချစ်သူတို့ရင်လောက် ကြည်နူးနှစ်သိမ့်ရပုံမျိုး လူသားတို့ လောကတွင် မရှိပါ။

"မောင်"

"ချစ်"





"ချစ်လည်းလေ…စာကျက်လို့ကို မရဘူး၊ မောင့်အကြောင်းပဲ ခေါင်းထဲ ရောက်နေတယ်"

"ငါးပုံတွေ မမြင်ဘဲ မောင့်မျက်နှာပဲ မြင်နေတယ်ဆိုပါတော့"

"ဒါတင် ဘယ်ကမလဲ၊ ဘာကျောင်းစာမှ မရေးချင်ဘူး၊ ညည်းစားစာပဲ ရေးနေချင်တယ်"

ပြောပုံလေးက ချစ်စရာကောင်းလွန်းလို့ ဖြိုးမြင့်ဝေမှာ အညင်သာဆုံးသော အနမ်းလေး ပေးမိသည်။

သတ္တဗေဒ ကျောင်းသူလေး ချစ်နှင်းဖြူက နှစ်သက်စွာ ခံယူပါ သတည်း။

သူ့မောင်သည် သူ့အရိပ်ကိုပဲ ကြည့်နေရုံ မက၊ ရှိုက်နမ်းမှုကိုပင် အညင်သာဆုံး ထိတွေ့ရာသည်။ ရမ္မက်ကြွစေသောအနှောက်တိုင်းဟန် အနမ်းဖြင့် နှုတ်ခမ်းကို ဘယ်အခါမှ မနမ်းရှာ။ အကြင်နာကို ပြသော အနမ်းဖြင့်သာ ပါးပြင်ကို ညင်ညင်သာသာလေး အမြဲမွှေးသည်။

"မောင်ရေ"

"ဗျာ"

"မောင့် အချစ် မောင့် အကြင်နာတွေကို ချစ်လေ၊ ပြည့်ဝစွာ ခံယူရရှိတယ်လို့ နားလည်ထားပါတယ်၊ မောင့် သိက္ခာကိုလည်း ချစ် သိပ်လေးစား မိပါတယ်။ ချစ်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ မရိုးသား တဲ့ အကြည့်နဲ့တောင် မကြည့်ဘူးဆိုတာလည်း သိပါတယ် မောင်ရယ်"

"မောင် ဝမ်းသာ ရပါပြီကွယ်"

"ပြီးတော့လေ…မောင့်ရဲ့ သစ္စာတရားကိုလည်း ချစ် ထိုက်ထိုက်



www.burmeseclassic.com

www.burmeseclassic.com


တန်တန် ယုံကြည်ပါတယ်၊ ဒါပေမယ့် ချစ်ကြောက်နေတာ တစ်
ရှိတယ်ကွယ်"

"ဟင်... ဘာများလဲ ချစ်ရဲ့"

"ပတ်ဝန်းကျင်"

"ဟင်... ဘာပတ်ဝန်းကျင်လဲ"

"ချစ်ဘက်က မဟုတ်ပါဘူး၊ မောင့်ဘက်ကပါ"

"မောင့်ဘက်က ဘာဖြစ်လာမှာမို့လဲ"

"သြော်... ချစ်တို့က ဆင်းရဲတယ် မဟုတ်လားကွယ်၊ ချစ်
သဘောမတူလို့ မယူရအောင် မပေါင်းဆုံဖြစ်အောင်၊ စီစဉ်လိုက်မှာ
စိုးရိမ်တယ်၊ ချစ် သိပ်ကြောက်တယ်"

"အိုကွယ်"

"မောင်နဲ့ မဆုံစည်းရတဲ့ အဖြစ်နဲ့များ ကြုံရရင်တော့ ချစ်
ရင်ကွဲပြီး သေရလိမ့်မယ် ထင်ပါရဲ့ကွယ်"

"ဟာ... ချစ်ရယ်"

ညှိုးသွားသော မျက်နှာလေးကိုပင် မကြည့်ရက်၊ သနားလိုက်
ရသည်ဖြစ်ခြင်း...

ချစ်နှင်းဖြူ၏ မျက်နှာလေး မော့လာအောင် မေးစေ့မှ ဆွဲယူ
လိုက်ပြီး အနီးကပ် အကြည့်များဖြင့် အကြင်နာဆုံး ကြည့်လိုက်ပြီး

"စိတ်ချ ချစ်ရယ်၊ ဒါတော့ စိတ်ချပါ၊ မောင်တို့ဟာ သိပ်
အချမ်းသာကြီးထဲကလည်း မဟုတ်ပါဘူး၊ ပြီးတော့ မေမေဟာ
မောင့်ကို သိပ်ကို ချစ်တယ်၊ မောင် ချစ်တဲ့ မိန်းမကို မေမေကလည်း



ကိုက်ချစ်မှာပါ"

"တကယ်ပဲလားကွယ်"

"တကယ်ပါ၊ ဒါတော့ စိတ်ချ၊ မောင့်ကြောင့်လည်း မဝေးကွာရ
စေရဘူး၊ ပတ်ဝန်းကျင်ကြောင့်၊ အခြေနေကြောင့်လည်း မောင်တို့ချင်း
ဆုံစည်းနိုင်ရမယ့် အဖြစ်မျိုး မဖြစ်စေရပါဘူး ချစ်ရယ်၊ မောင် ကတိ
ပေးပါတယ်"

"ချစ်စိတ်ထဲမှာ အဲဒါပဲ အမြဲ ကြောက်နေတယ် မောင်ရဲ့"

"စိတ်ချ...စိတ်ချ၊ မောင့်ကြောင့်တော့ ဘယ်တော့မှ ကွဲကွာ
ရမယ့်အဖြစ်အမျိုး မဖြစ်စေရဘူး၊ ပြီးတော့...မောင် ကတိတစ်ခုလည်း
ချစ်ကို ပေးထားမယ်"

"ဘာများလဲရှင်"

**"ချစ်ကလွဲလို့ မောင့်တစ်သက်လုံး ဘယ်သူ့ကိုမှ ထပ်ပြီး
ဘယ်တော့မှမချစ်ဘူး"**

"အို...မောင်ရယ်"

"ချစ်သည်သာ မောင့်ရဲ့ချစ်သူ၊ မောင့်ရဲ့ ချစ်ဇနီး ဖြစ်စေရမယ်၊
မောင် အသေအချာ သစ္စာဆိုပြီး ကတိပေးလိုက်ပါတယ်ချစ်ရေ...
ချစ်ကလွဲပြီး မောင့်ရင်ထဲကို ဘယ်လို မိန်းမမျိုးမှ ဝင်မလာစေရဘူး
အဲဒါဟာ မောင့်ရဲ့ အသက်ထက်ဆုံး တည်တံ့မယ့် **သစ္စာတရား**ပါ"

နှုတ်ခမ်းလေးများ ကွေးညွတ်အောင် အရှုံခုံး ပြုံးထား


www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ချစ်နှင်းဖြူ၏ မျက်ဝန်းမှာ မျက်ရည်တွေ လျှံပြည့် လင်းလက်လျက်...

"မောင်ရယ်... ချစ်လောက် ကံကောင်းတဲ့ မိန်းမ ရှိနိုင်ပါဦး မလားရှင်၊ မောင့်ကိုလည်း ယုံတယ်၊ မောင့်... သစ္စာစကားကိုလည်း ယုံတယ်၊ သိပ်ယုံတယ်၊ သိပ်စိတ်ချတယ်"

"အိုကွယ်...ဝမ်းသာလိုက်တာ ချစ်ရယ်၊ မောင့်ရဲ့ ဝမ်းအသာရဆုံး နေ့လေးအဖြစ်နဲ့ တစ်သက်လုံး စွဲမှတ်ထားမယ်နော်...ချစ်...နော်"

❖ ❖ ❖

နောက်ပိုင်း တင်ဆက်စရာများလည်း ရှိနေလို့ သစ္စာထားနှစ်ပါးသွားကို ဒီမျှနဲ့သာ နိဂုံးချုပ်သင့်ပါပြီရှင်"

လက်ခုပ်သံများ၊ တဖြောင်းဖြောင်းပါ ဆက်လာသဖြင့် လှည့်ကြည့်လိုက်တော့ သုံးယောက်သား...

ချစ်နှင်းဖြူက ရှက်ရမ်း ရမ်းပြီး မြေပြင်ပေါ်မှ ရွက်ခြောက်ကြွေများနှင့် ကောက်ပေါက်ပြီး...

"သွား...မမလှိုင်းတို့ သိပ်ဆိုးတာပဲ"

ရွက်ခြောက်ကြွေသည် လှိုင်းထံသို့အရောက် မလာနိုင်ရှာဝေကာ ဝဲကာဖြင့် သူ လျှောင်းစက်ကြွေသက်ခဲ့ရာ မြေသို့သာ ပြန်လည်လာ၏။

"လှိုင်း...နှင့်တို့ကလည်း လွန်တာပေါ့ဟ"





"ဘာ...လွန်တာလဲ၊ ငါးနာရီ သွားမှ၊ ခြောက်နာရီခွဲလောက်အားရမှာ၊ ခုပဲ ငါးနာရီ ခွဲနေပြီ၊ နာရီဝက်အိပ်(က်)စတဲန်းရှင်း ပေးထားတာတောင် ကျေးဇူးတင်ဦး ကိုဖြိုးရဲ့"

"ချစ်... ရှက်မနေနဲ့၊ လာ... သူတို့ သုံးယောက် တစ်သက်လုံးယောက်ျားရမယ့်ဟာတွေ မဟုတ်ဘူး"

"အောင်မယ်... ကိုဖြိုးကြီးနော်၊ သူတို့ကို နေရာလည်း ပေးရသေးရဲ့"

"နေရာပေးပေးမယ့် အချိန်မပေးလို့ မြင့်မြင့်မာလည်း အပျိုကြီးဖြစ်မှာပဲ၊ ကြည့်နေ..."

"ဟင့်အင်း... ဒီထဲမှာ မြင့်မာ မပါဘူး၊ ရှေ့လဆိုရင် တို့လူပြန်ရောက်ပြီ၊ အောင်အောင် မအောင်အောင် ယောက်ျားပဲ ယူတော့မှာ"

မြင့်မြင့်မာက ချစ်သူရှိ၏၊ သဘောလိုက်နေသည်။ ပြန်လာလျှင် လက်ထပ်ကြမည်။ လှိုင်းနှင့် သဇင်သာ ရွေးနေသဖြင့် ဗိုင်နယ်(လ်)ရောက်သည်အထိ တွဲစရာ မွဲတုန်း...

ယနေ့ လှိုင်းတို့အားလုံး အတန်းလစ်ပြီး ကမာရွတ်မှ မြင့်မြင့်မာအိမ်သို့ ရောက်နေကြခြင်းဖြစ်ပါ၏။

သဇင်သင်း၊ မြင့်မြင့်မာနှင့် လှိုင်းတို့က အိမ်ပေါ်မှာ လက်ဖက်သုပ်ပွဲနှင့် ရေခဲ့နွေးကြမ်းသောက်ရင်း ခြံတွင်း ပိန်းနဲပင်ကြီး အောက်မှာ ကိုဖြိုးတို့နှစ်ယောက်သား နေ့လယ်တည်းက ထိုင်နေကြသည်ကို ချောင်းနေကြရခြင်းပါ။

ညနေ ငါးနာရီတွင် ကိုဖြိုးက အားလုံးတို့ 'ယဉ်ဆွေ'မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမည်ဆို၍ ငါးနာရီခွဲမှ လှိုင်းက တပ်လှန့်သည်ကို သူတို့က မကျေနပ်ချင်ကြသေး။

အုပ်စုက တောင့်နေသဖြင့် ချစ်နှင်းဖြူလည်း ထွက်ရ ချောင်နေသည်။ ယနေ့ ကျူရှင်တက်မည်။ စာမေးပွဲ နီးနေ၍ ဆရာ့ထံ စာမေးမည်။ အပြန် နောက်ကျမည် ဖြစ်သော်လည်း သဇင်သင်းနှင့်အတူ လိုက်ပို့မည့်သူက လှိုင်းတို့ မောင်နှမဟု ချစ်နှင်းဖြူက အိမ်ကို ပြောထားနှင့်ပြီးသား။

ရှေ့ခန်းမှ နှစ်ယောက်စီးကြပြီး သုဝဏ္ဏ ဝင်ခါနီးမှ ချစ်နှင်းဖြူက နောက်ခန်းသို့ ပြောင်းရွှေ့ထိုင်မြဲ။

အိမ်ရှေ့ရောက်တော့ နောက်မှ မိန်းကလေး တစ်အုပ်ကြီး ရှေ့မှ မောင်းသူကလည်း လှိုင်း၏အစ်ကိုဟု ပြောထား၍ သံသယများကို တားဆီးထားပြီးသား၊

"ကိုဖြိုး...ငွေ ဘယ်လောက်ပါလဲ"

"ပါပါတယ်... သဇင်ရဲ့၊ ဘာလုပ်မလို့လဲ"

"စားချင်တာ ကျွေးနိုင်ပါ့မလားလို့"

"ကျွေးနိုင်အောင် ထည့်လာပါတယ်ဗျာ၊ ကိုယ့်... ကျေးဇူးရှင်တွေပဲ၊ နော်... ချစ်၊ သူတို့ ဘာစားချင်လဲ မေးလိုက်စမ်း...မေးလိုက်စမ်း"

"ကဲ... ဘာစားကြမှာလဲ၊ မောင်က အားလုံးကို စေတနာရှိတာ ပါနော်"

"လှိုင်း... နင် ဘာစားမလဲ"

"အမယ်လေး...ကြိုပြီး သွားရည်ကျအောင် မေးမနေနဲ့၊ ဆိုင်ရောက်တော့ မီနူးကတ်ကြည့်ပြီး မှာမှာပေါ့... သဇင်ရဲ့"





"ဟင်အင်း... ငါကတော့ ငါကြိုက်တာ တစ်ပွဲမှာမှာပဲ"

"မှာလေ...သဇင် ဘာစားချင်လို့လဲ"

ကိုဖြိုးက အတည်မေးလာ၍...

"ဆင် ကောင်လုံးကင်"

"ဝေလငါး ကောင်လုံးကြော်လေးဝါ တဆက်တည်း မှာလိုက်ပါလား"

သဇင်သို့ မြင့်မြင့်မာက လောင်သည်။ ဘယ်သူမှ သိပ်မရယ်ကြ၊ အလကားနေရင်းလည်း ပျော်နေကြသော ချစ်နှင်းဖြူကသာ ကိုဖြိုး၏ ပခုံးကို ခေါင်းနှင့်ဝှေ့ပြီး ရယ်မောသည်။

"ကဲ...ဘယ်လိုလဲ၊ မသွားတော့ဘူးလား၊ နှစ်ယောက်ကို ခုလို မအတိုင်း ကြိုးနဲ့ချည်ပေးရမှာလား"

လှိုင်းက အတည်ပေါက်နှင့် ဟောက်တော့မှ ချစ်နှင်းဖြူက နောက်မှ ကပ်ထားသော သူ့ကိုယ်ကိုခွာပြီး ကိုဖြိုး၏ လက်မောင်းကို ဖက်လျက် ပြုံးနေ၏။

"ကျွေးပါ့မယ်၊ ကဲ...လာကြပါ။ ဒီကျေးဇူးရှင်တွေ ပြောသမျှ ဆင်းသမျှ လုပ်ပါ့မယ်ဗျာ"

"အောင်မာ... အသားယူမနေနဲ့၊ ဒီနေ့ ဒီမှာ တွေ့ခွင့်ရအောင် လုပ်ပေးပါ၊ ညနေစာ ကျွေးပါ့မယ်လို့ ပြောတုန်းက မျက်နှာက တစ်မျိုး၊ ခင်...အခု သိပ် အပိုးမကျိုးချင်တော့ဘူး"

"လှိုင်း...နင် ငါ့ကို ရုပ်တည်ကြီးနဲ့ မဟောက်စမ်းပါနဲ့၊ ချစ်က ကြောက်ကယ် ထင်နေပါဦးမယ်ဟာ၊ ကဲပါ... လာပါ၊ သွားကြပါစို့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်နှင်းဖြူ၏လက်ကို တစ်ချက်မှ မလွှတ်တော့ပါဘဲနှင့်— ကားတံခါး ဖွင့်တင်ပေးလိုက်ပြီးမှ သူက ကားဦးက ကွေ့လိုက်ပြီး မောင်းသူနေရာမှထိုင်လျက် မောင်းထွက်ခဲ့သည်။

နောက်မှာတော့ သုံးယောက်သား...

မဝေးလှသော တက္ကသိုလ်ရိပ်သာ လမ်းပေါ်မှ ယဉ်ခွေ စား သောက်ဆိုင်၏ မြက်ခင်းပြင်မှာ ထိုင်ကြသည်။ ကြာမြင့်စွာ စောင့်စား ပြီးမှ စားစရာများက ရောက်လာတော့သည်။

"ရော့...ချစ်၊ စား"

"မောင် စားပါ"

"တို့ဟူးပျော့ကြော် ပူမှာစိုးလို့ မောင် မှုတ်ပေးထားတာ ချစ်ရဲ့"

"အမယ်လေးဟဲ့နော်... အမယ်လေး"

လှိုင်းက ကြက်သားစက္ကူထုပ်ကြော်ကို ခက်ရင်းနှင့် ဆော ဆောင့် ထိုးရင်း အော်နေ၍ ကိုဖြိုးက ရှက်မာန်နှင့် မဲ၍...

"ဘာဖြစ်တာလဲဟ...နင်ကလည်း၊ အလန့်တကြား"

"သူများ သားသမီးတွေ ကောင်းစားတာ မြင်တော့ နာရီပိုင် အတွင်း ရည်းစားတစ်ယောက်လိုချင်လို့...ဟေ့"

ဖြူလှိုင်းဖွေး ပြောပုံ၊ လုပ်နေပုံ၊ ပြတ်သားပုံလေးများကို ကြည့် အားလုံးက ဟားနေကြသည်။

"ကိုဖြိုးတို့ နှစ်ယောက် ဟိုး...သစ်ပင်အောက် သွားကြပါလား"

"ဟုတ်ပ...လှိုင်းရယ်၊ သူတို့ကြည့်ပြီး စားရမှာ ခံတွင်း ပျက် တယ်"





"အေး...တို့ကလည်း မကောင်းတတ်လို့သာ ဝိုင်းမှာထိုင်ရတာ၊ နေချင်တာက နင်တို့တွေနဲ့ ဝေးရာအရပ်မှာ"

"အို... မောင်ကလည်း"

"ပြောပါစေ ချစ်နှင်းဖြူ၊ တစ်သက်လုံး တစ်ခါမှ မကြည်ဖူး တော့ ကိုဖြိုး ရည်းစားရတာ မျောက်အုန်းသီးရတဲ့ အတိုင်းပဲ။ ဘယ်က စ နှာရမှန်း မသိအောင် လုံးလည်လိုက်နေတဲ့ မျောက်မျက်နှာလေး... ကြည့်ပါလား..."

လောင်တတ်သော မြင့်မြင့်မာ၏ စကားကို ဝိုင်းဟားကြပြီး 'ချစ် စားပါ' 'မောင် စားပါ'နှင့် ဟင်းလျာများကို တို့ရုံ ထိရုံ လုပ်နေ ကြသော သူတို့နှစ်ယောက် မမြင်သာအောင်...

သုံးယောက်သား မျက်စိမှိတ်ပြပြီး ဟင်းများချည်းကုန်အောင် တမင်ကို တဝတပြဲကြီး စားပစ်လိုက်ကြသည်။

ဟိုနှစ်ယောက်ကတော့ ဟင်းလျာ ပျောက်ဆုံးမှုများကိုလည်း မမြင်၊ သူတို့ကိုလည်းမမြင်၊ တစ်လောကလုံးကိုလည်း မမြင်ကြတော့...

ထိုနေ့က ငါးယောက်စာကို ကိုဖြိုး ငွေလေးရာကျော် ရှင်းလိုက် ရပါ၏။

သည်သို့သော ပျော်ရွှင်ရက်လေးများ မဆုံးမီ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ရှစ်

"နွယ်နွယ် လာပြောထားတဲ့ကိစ္စ သမီးစဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

"ကိုဖြိုးနဲ့ သမီးရဲ့ ကိစ္စပေါ့"

"ဟာ… မေမေကလည်း… မဖြစ်နိုင်တာ၊ ကိုဖြိုးမှာ ရည်းစားရှိနေတဲ့ ဥစ္စာ"

"ယောက်ျားလေး ရည်းစားထားတာ မဆန်းပါဘူး။ ဒီအရွယ်ဆို ဆယ်ယောက်လောက် လိုက်ဖူးပြီး ငါးယောက်လောက်နဲ့ ငြိဖူးကြမှာချည်းပဲ"

"အမယ်လေး… ကိုဖြိုးက ဒီလို မဟုတ်ဘူး။ ကိုဖြိုးအကြောင်း သမီးအသိဆုံးပါ မေမေရာ…၊ အသာနေစမ်းပါ"

"ဘယ့်နဲ့ အသာနေရမှာလဲ၊ နွယ်နွယ့် ဆန္ဒအရဆိုရင် သမီးတို့ ကျောင်းမပြီးခင်ကို လက်ထပ်ပေးချင်တာတဲ့"

"မဖြစ်နိုင်တာကြီးကို"

"သမီးက ကိုဖြိုးကို မကြိုက်လို့လား"

"မကြိုက်ပါဘူး။ သူငယ်ချင်းပဲဟာ။ မေမေတို့ကလည်း မဟုတ်တာ"





"မေမေကတော့ ကိုဖြိုးနဲ့ သဘောတူတယ်။ ယူလည်း ယူဖြစ်စေချင်တယ်"

"မေမေ့ကို သမီး ဘာပြောထားလဲ မှတ်မိလား"

"ဘာလဲ မရွှေလှိုင်း၊ ကျုပ် မမှတ်မိပါဘူး"

"သမီးကို ဘယ်တော့မှ ယောက်ျားရှာပြီး မပေးစားကြပါနဲ့၊ ကိုယ့်ဟာကိုယ် ရှာမယ်။ ကိုယ်ရှာတာကို မကြိုက်ဘူးဆိုရင်သာ နားထောင်ပြီး နောက်ဆုတ်ပေးမယ်၊ မေမေတို့ ရှာတာကိုတော့ ဘယ်တော့မှ နားထောင်ပြီး မယူနိုင်ဘူးလို့ တက္ကသိုလ် စတက်တဲ့တည်းက သမီး အပြတ်ပြောခဲ့တဲ့ ဟာကို"

"ကဲ… မရွှေချောသဘော…၊ ညည်းကြိုက်တာ ရွေးရင်သာ ကျုပ်သိပါရစေ"

"စိတ်ချ…စိတ်ချ၊ အကောင်လိုက်ကို အိမ်ခေါ်လာပြီးပြမယ်"

ဒေါ်ခင်ပြုံးရီက သမီး၏ ကျောပြင်ကို တစ်ချက် ဖြန်းခနဲ ရိုက်ပြီး ချစ်စနိုးပုံစံနှင့် ရယ်မောလျက် အခန်းတွင်းမှ ထွက်သွားတော့သည်။

ဖြိုးလှိုင်းဖွေး၏ ဘက်ကမူ လေးလေးနက်နက် မစဉ်းစားကြပါဘဲနှင့် ဆွေးနွေးပွဲက အခုစဉ် အခုပဲ ပြီးဆုံးသွားခဲ့ပါပြီ။

လှိုင်းအတွက် ဦးဆောင်နိုင်သူမှာ မေမေတစ်ယောက်တည်းသာ၊ စိစဉ်ပေးနိုင်မည့်သူမှာလည်း မေမေတစ်ယောက်တည်းသာ…

ဖေဖေက မကျန်းမာ၊ တာတေလန်မောင်လေးနှစ်ယောက်က ဒီကိစ္စမျိုးမှာ လုံးဝ ဝင်ပါစရာ အကြောင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသော လှိုင်းအတွက် လှိုင်းဘက်ကဖြင့်...

ကိုဖြိုးနှင့် လက်ထပ်ရေး ဆွေးနွေးပွဲမှာ အေးငြိမ်းညင်သာစွာ ဖြင့် ခဏအတွင်းမှာပင် ပျက်ပျယ်ခြင်းဖြင့် ပြီးဆုံးသွားခဲ့ပါသော် လည်း...

❖ ❖ ❖

"မနွယ် နေမကောင်းဘူး ကိုဖြိုး"

"ဟင်"

ခါတိုင်းဆို အိမ်ဝမှ ထွက်ကြိုနေကျ မေမေ့ကို မမြင်ရသဖြင့် မေမေ၏ အစ်မကြီး 'ဒေါ်ခင်ဥ'က ဆီးပြောသဖြင့် သောက ရင်ဖြင့် မိခင်ထံ ပြေးဝင်လာခဲ့မိသည်။

"သြော်...သား ပြန်လာပြီလား၊ မေမေ အိပ်ပျော်သွားလို့ သားရဲ့"

မျက်တွင်းများ ညိုပြီး မျက်နှာကျလျက် အိပ်ရာထက်မှာ နွမ်းဖျော့နေသော်လည်း ဘာမှ မဖြစ်သည့်ပုံစံနှင့် ပြုံးလျက် ကြိုဆို နေရှာသော မေမေရယ်။

"သား"

"မေမေ"

"ဒီနေ့ ပြန်လာတာ နောက်ကျလှချည့်လား"





"ဟုတ်...ဟုတ်ကဲ့၊ သူငယ်ချင်း တစ်ယောက်ကို လိုက်ပို့နေရ လို့ပါ မေမေ"

"မေမေ သားကို မျှော်နေတာ ကြာလှပြီ"

ရင်၌မကောင်း ဖြစ်သွားမိသည်။ ချစ်နှင်းဖြူနှင့်အတူ ရုပ်ရှင် ကြည့်၊ ထမင်းစား၊ ပြန်ပို့နေရ၍ အိမ်သို့ အခုည ၇ နာရီထိုးခါနီးမှ ရောက်ခဲ့သည်။

"သား... ထမင်းဆာနေရောပေါ့ မဥ၊ သားကြိုက်တဲ့ တဓေင်း ချဉ်ဟင်းအိုးလေး နွေးခိုင်းလိုက်ပါဦး"

"အေး...အေး"

ဒေါ်ခင်ဥ... လှည့်ထွက်ခါနီးမှ...

"နေပစေတော့ ကြီးကြီး၊ သား သူငယ်ချင်းတွေနဲ့ စားလာခဲ့ ပြီ"

မျက်နှာ ပျက်နေသော သားကို အကဲခတ် နေကြ၍ ဖြိုးမြင့်ဝေ အနေခက်လှပါ၏။

"သားကြီး သွားနားလေ၊ ခဏ နေပြီး လန်းသွားအောင် ရေချိုး လိုက်နော်"

မေမေ့နားမှ ခွာခဲ့ပြီး အခန်းကွယ်မှ ကြီးကြီးဥကို မျက်ရိပ်ပြပြီး ခေါ်လိုက်ရသည်။

"မေမေ ဘာဖြစ်လို့လဲ...ဟင်၊ ဟင်...ကြီးကြီးဥ"

"နေ့ခင်းက ဓာတ်သွားပြီး ထွက်လာတော့ မေ့မြောမသွားရုံ ယ် အားကုန်သွားလို့ 'ဒေါက်တာသီဟ'ကို ဖုန်းဆက်ခေါ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်း လာရဲ့လား"

"သူ့မှာလည်း ကားမရှိဘူး၊ သူ့သားယူသွားလို့တဲ့၊ ဒီကလည်း ခေါ်စရာ ကားမရှိလို့ နှစ်နာရီလောက်ကြာမှ ရောက်လာနိုင်တယ်"

စိတ်မကောင်း ဖြစ်ရပါပြီ...

"ဆရာဝန်က မနွယ်ကို အသေအချာစမ်းပြီး၊ ဆေးတစ်လုံး ထိုးပေးတယ်"

"သက်သာသွားရဲ့လား"

ဒေါ်ခင်ဥက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလျက်...

"ဆေးရုံတင်ပါတဲ့"

"ဟာ"

ကျေးဇူးကြီးလှသော အချစ်ဆုံး မိခင်ကြီးအတွက် ပူပန်မှုသည် ဦးခေါင်းသို့တိုင် မြင့်တက်လျက်...

"ဒါ...ဒါဖြင့် သိပ်စိုးရိမ်နေရလို့လားဟင် ကြီးကြီး"

"စိုးရိမ်စရာတော့ ရှိတယ်၊ ဒါပေမယ့် ရုတ်တရက်တော့ ဘာမှ မဖြစ်နိုင်သေးဘူးတဲ့၊ ဆေးရုံမှာ စစ်ဆေးကုသသင့်လို့ ဆေးရုံတင်လိုက်ပါလို့ မှာသွားတယ်၊ စာလည်း ရေးပေးသွားတယ်၊ အဲဒါ ကိုဖြိုးကို စောင့်နေတာ၊ ဘယ်လို လုပ်ကြမလဲ...လို့"

"ဆေးရုံတင်မှ ပျောက်မယ်ဆိုရင် တင်ရမှာပေါ့ သား တစ်ချိန်လုံးစောင့်ပြီး မေမေ့ကို ပြုစုပါ့မယ် မေမေ့သဘောကရော"

"ကိုဖြိုး"

"ဗျာ... ကြီးကြီး"





"မနွယ်က ဘာပြောတယ် မှတ်သလဲ"

"ခင်ဗျာ"

"သူ ဆေးရုံတက်ရမှာ အရေးမကြီး ပါဘူးတဲ့၊ သားလေး သာရသွားရတာ ပင်ပန်းမယ်၊ သားစိုးရိမ်သွားမှာ စိတ်ပူတယ်တဲ့လေ"

"သြော်...သား စိုးရိမ်ရမှာလေးကို စိတ်ပူတယ်တဲ့လားဗျာ..."

"အေး... မနွယ်ဟာ သားကို ဘယ်လို အမေမျိုးမှ မထားနိုင်တဲ့ မေတ္တာနဲ့ ချစ်ရှာတယ်ဆိုတာ၊ သားသိရဲ့လား"

"သိပါတယ် ကြီးကြီးရယ်၊ သူ့ဘဝဟာ သားအတွက် အသက်ရှင်ပေးနေတာလို့ ငယ်ငယ်တည်းက ပြောခဲ့တာပါ"

"အေး...သူ မုဆိုးမဘဝ ဖြစ်ခါစကသာ ကြီးကြီးတို့ တိုက်တွန်းတဲ့ 'ကိုထွန်းလွင်'ကို ယူခဲ့ရင် အခုလောက်ဆို သံအမတ် ကတော်ကြီး ဖြစ်နေပြီ သား။ အဲဒီတုန်းက သူပြောခဲ့တာတွေကို ကြီးကြီး မှတ်မိပါသေးတယ် သားရယ်"

စိတ်အာရုံက အိပ်ခန်းတွင်းမှ မိခင်ကြီးထံ ရောက်နေသော်လည်း ကြီးကြီးဥ၏ စကားကို ကြားနာနေရသည်။

"သူ... ဒီလူကို ယူလိုက်ရင် သူ့ဘဝ ကောင်းစားမယ်ဆိုတာ သိပါတယ်တဲ့၊ ဒါပေမယ့် ကိုဖြိုးဟာ ပထွေးရဲ့ အရိပ်အောက်မှာ ကြီးပြင်းလာရရှာမယ်တဲ့၊ ပြီးတော့ နောက်ထပ် သားသမီးတွေ ရလာရင်လည်း သူ့သားကြီးကို အချစ်လျော့သွားမှာ၊ အပြုစုယုယ နည်းသွားမှာ စိုးရိမ်ပါတယ်တဲ့၊ ဒါကြောင့် ရှင်ဘုရင် ဖြစ်ပါစေ သူ့အချစ်ဆုံးသားအတွက် သူဘယ်ယောကျ်ားကိုမှ မယူနိုင်ဘူးတဲ့လေ၊ အင်း...အဲဒီတုန်း



www.burmeseclassic.com

www.burmeseclassic.com



က မနွယ်ဟာ အသက်နှစ်ဆယ့် ရှစ်နှစ်ပဲ ရှိသေးတယ်၊ အရွယ်ကောင်း တုန်းပေါ့၊ မင်းက သုံးနှစ်သား"

သူ့ဘဝနဲ့ ဆက်လဲပြီး တစ်ယောက်တည်း ရုန်းကန်လျက် သားအတွက်သာ သူ့တစ်ဘဝတာလုံးကို အချိန်ပေး၍ နေခဲ့ရှာသော ချစ်မေမေရယ်…

ဖြိုးမြင့်ဝေသည် ကြီးကြီးဥနားမှ လေးကန်စွာထပြီး မိခင်၏ အခန်းတွင်းသို့ ဝင်ခဲ့သည်။ ဒေါ်နွယ်နွယ်ဦးမှာ နွမ်းလျစွာ မှိန်းနေ ဆဲပါ။

"မေမေ"

အိပ်မနေမှန်းသိ၍ တိုးတိုးလေးခေါ်သဖြင့် မျက်စိပွင့်လာသည်။

"ဆရာဝန်က မေမေ့ကို ဆေးရုံမှာ အနားယူစေချင်တယ်ဆို"

"အင်း…"

"မေမေ ဘယ်လိုသဘောရသလဲ၊ သားကတော့ တက်လိုက် စေချင်တယ်"

"မေမေက ဆေးရုံနေနေ။ အိမ်မှာပဲကုကု ဖြစ်ပါတယ်၊ ငါ့သား စာမေးပွဲက နီးပြီလေ၊ မေမေ ဆေးရုံတက်ရင် သားပင်ပန်းမယ် စာကျက်ပျက်မယ်"

"ဒါတွေ ထည့်မစဉ်းစားပါနဲ့ မေမေရာ၊ နောက်ဆုံး စကား လိုက်မယ်၊ စာမေးပွဲတစ်နှစ်ကျရော ဘာဖြစ်သေးလဲ၊ ထပ်နေ… ထပ် ရပါတယ်၊ မေမေကသာ အရေးကြီးတာပါ"

ဒေါ်နွယ်နွယ်ဦးသည် သား၏လက်ကို ဆွဲယူလိုက်ပြီး အသ ရာ တစ်ခုလို သူ့ရင်မှာ ဖိကပ်ထားစေလျက်…





"သား…"

"ဗျာ…မေမေ"

"မေမေ မေးထားတဲ့ကိစ္စ သားစဉ်းစားပြီးပြီလား"

"ဘာကိုလဲ မေမေ"

"လှိုင်းနဲ့ ကိစ္စလေ"

"သြော်…ဒါလား၊ ဒါတွေ မေမေ နေကောင်းတော့မှ စိတ်စဉ်စမ်းပါ မေရာ…"

"နေမကောင်းလို့ စိတ်စဉ်တာပါ သားရယ်"

အားလျှော့သော စကားပါလား…

ရင်၌ နင့်သွားအောင် သနားသောစိတ်ဖြင့် မိခင်သို့သာ ည့်နေမိသည်။

"မေမေ အမြဲပြောတယ်နော်၊ သားကို အစိုးရိမ်ဆုံးဟာ မိန်းမ တဲ့ကိစ္စပဲလို့၊ ဘဝနဲ့လဲရမယ့် ကိစ္စမို့ မျိုးရိုးကောင်းပြီး မိန်းမပီသတဲ့ မျိုးကိုမှ ရစေချင်တာဆို…"

"ဟုတ်တယ် သား"

"ရရမှာပေါ့… မေမေရာ၊ ဖြစ်ရမှာပေါ့၊ မေမေ့ ကျန်းမာရေး သာ အဓိကပါ"

ချစ်နှင်းဖြူသည် ယခုတည်းက ချက်တတ် ပြုတ်တတ်၊ ချက်ရ ရသော မိန်းကလေးမို့ အိမ်ထောင့်တာဝန်နိုင်ပြီးသား၊ အရိုးသားဆုံး လေးနှင့် ချွေးမလောင်းကို ပြလိုက်လျှင်လည်း မေမေ ကျေနပ် မှာပါ… ကြည်ဖြူသွားမှာပါဟု ခပ်ပေါ့ပေါ့လေးသာ တွေးပြီး…



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတင်ဖို့ ကိစ္စများအတွက် ဖြိုးမြင့်ဝေ ဆက်တိုက် စီစဉ်
ရပါတော့သည်။

❖ ❖ ❖

## အခန်း

"မောင်ရယ်… ဖြစ်ပါ့မလား၊ ချစ် ကြောက်တယ်"

"အို…ချစ်ကလည်း မဖြစ်တဲ့ ခေါ်လာပါ့မလား၊ လာခဲ့စမ်းပါ
မောင့်မေမေ ဘယ်လောက် သဘောကောင်းလဲဆိုတာ ချစ် တွေ့ရ
လိမ့်မယ်"

ရန်ကုန်ဆေးရုံကြီး၏ လှေကားထစ်များကို မတက်ရဲသေး
ခြေလှမ်းများဖြင့်ပင် အချစ်ဆုံးမောင်၏ လက်တွဲခေါ်ဆောင်ရာ
ချစ်နှင်းဖြူ လိုက်ခဲ့ရပါပြီ။

"တက်ခါစတုန်းကတော့ မရတော့ဘူးတောင် ထင်တာ
မောင်ဖြင့် စိတ်ပူလိုက်တာ၊ ညဆို လုံးဝမအိပ်နိုင်ဘူး"

"ဟုတ်တယ်…ဟိုရက်တွေက မောင်… စိတ်ရောလူပါ ပင်ပန်း





နေတာ၊ ချစ် မကြည့်ရက်လောက်အောင်ပါပဲ၊ လူတောင် ပိန်ကျ
သွားတယ်"

"ဟုတ်တယ်၊ မေမေ့ကို ပြုစုမယ့်သူက မောင်တစ်ယောက်
တည်းရှိလို့ အစွမ်းကုန် ပြုစုတာပါ"

"မောင်တို့ သားအမိက သိပ်ချစ်ကြတယ်နော်"

"မေမေ…မောင့်ကိုချစ်တာက နှိုင်းတုစရာမရှိအောင် ချစ်ခဲ့
တာပါ၊ ဟော… အခန်းဝတောင် ရောက်လာပြီ၊ မကြောက်နဲ့နော်"

ချစ်နှင်းဖြူ၏ ရင်၌ နှလုံးခုန်နှုန်း မြန်လှသည်။ ပထမဆုံး
အကြိမ် ဆုံရမည့် ယောက္ခမလောင်းကြီးကို ကြောက်ရွံ့လိုက်ပါဘိ။

ပြီးတော့ ဒေါ်နွယ်နွယ်ဦးသည် မုဆိုးမ တစ်ယောက်ဆိုသော်
လည်း ဒေါ်နွယ်နွယ်ဦး ကျူရှင်ဆိုလျှင် ဆယ်တန်းကျောင်းသားနှင့်
မိဘအသိုင်းအဝိုင်းက မသိကြသူများ မရှိသလောက်ပင်။

အင်္ဂလိပ်စာပေကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ပါသော
ဝိဇ္ဇာဘွဲ့ရ ဆရာမတစ်ဦး။

မေမေ သက်သာလာပါပြီ။

မေမေ ထမင်းစားနိုင်ပြီ။

"ဆေးရုံကတောင် ဆင်းရတော့မလား မသိဘူး။ ချစ်နဲ့ မေမေနဲ့
ဆုံဖို့ အကောင်းဆုံးနေရာဟာ ဆေးရုံမှာပဲ၊ သတင်းလာမေးတယ်ပေါ့။
ဒါတော့ အိမ်လိုက်ရသလို အောက်လည်းမကျဘူး"

"မေမေ ထူထူထောင်ထောင်နဲ့ စကားတွေ ပြောနိုင်နေပြီ၊ ချစ်
ဆေးရုံလိုက်ခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သတင်းစကားများကြောင့် နောက်ဆုံး ချစ်နှင်းဖြူ ဆေးရုံသို့ ရောက်ခဲ့ရပါပြီ။

အချိန်က ညနေချိန်မတိုင်မီမို့ လူရှင်းနေ၏။ မေမေ့အတွက် စပါယ်ရှယ်(လ်)နပ်(စ်) ငှားခွင့် မရ၍ အကူ သူနာပြု အမျိုးသမီးကြီး တစ်ယောက်နှင့် ကြီးကြီး ဒေါ်ခင်ဥတို့သာ ရှိနေကြသည်။

တခြားဧည့်သည်များ မရောက်ကြသေး။

ကိုဖြိုး၏ဆေးတွင် အိမ်မှ ပေးလိုက်သော စတီးထမင်းချိုင့်ဆ ကို ဆွဲလျက် ရုက်ရှိုးသော အမူရာနှင့် ပါလာသော မိန်းကလေး မေမေက အကဲခတ်ရုံ ခတ်သည်။

ကြီးကြီးကတော့ ထူးဆန်းအံ့သြစွာ ကြည့်ရှုလျက် ရှိနေ မနေတတ်အောင် ဖြစ်နေရှာသော ချစ်နှင်းဖြူကို တစ်ချက်ကြည့် လိုက်ပြီး…

"မေမေ… ဒါ သားတို့ကျောင်းက ချစ်နှင်းဖြူ… တဲ့၊ သတ်(ဒ်)ယီးယားပါ"

"ဪ… အေး… အေး"

"မေမေ ဆေးရုံတက်နေတယ်ဆိုလို့ သတင်းလာမေးတာ"

"ဟုတ်လား… ကျေးဇူးတင်ပါတယ်ကွယ်၊ ထိုင်… သမီး ထိုင်ပါ"

သည်တော့မှ ချစ်နှင်းဖြူ၏ မျက်နှာလေး ပြုံးလာပြီး နှစ်ယောက်ထိုင် ခုံတန်းရှည်လေးမှာ ဝင်ထိုင်ပါ၏။

"နေကောင်းပါရဲ့လား"





အသံလေးက စာမေးခံရသူလို တိမ်ဝင်နေရှာသည်။

"အင်း… အတော့်ကို သက်သာလာပါပြီ၊ အန်တီ့ကို တကူး တက လာမေးရတာ အားနာစရာကွယ်။ နေတော့ရော ဘယ်မှာလဲ"

"သုဝဏ္ဏမှာပါ"

"ဪ… ဪ၊ ဟိုကနေ တက္ကသိုလ်တက်ရတာဆိုတော့ တော်တော်နည်းနည်းထောက်လို့ ပင်ပန်းမှာပဲ။ ဘာနဲ့လာရသလဲ သမီး"

"ဆယ့်တစ်ကား စီး၊ ပုသိမ်ညွှန့် ဖ လမ်းမှာဆင်းပြီး အင်းစိန် ထိုင်းပြေးတဲ့ ဆယ့်ခြောက်ကား ပြန်စီးရပါတယ်"

"အင်းပေါ့လေ… ပညာရေးအတွက်ဆိုရင် ကျောင်းသားတိုင်း အနည်းနဲ့အများတော့ ပင်ပန်းကြတာချည်းပါပဲ၊ တချို့ဆို နယ်က တောင် မိဝေးဖဝေး လာကြရသေးတာ"

မေမေသည် အာလာပ သလ္လာပ စကားကို ဆိုသလိုလိုနှင့် ချစ်နှင်းဖြူ၏ အခြေနေကို မေးနေကြောင်း ချစ်နှင်းဖြူ မသိရှာ သော်လည်း သူသိပါသည်။

"မေမေ… ထမင်းစားတော့မလား၊ သား ထည့်လိုက်မယ်နော်"

"နေပါစေ၊ မမဥ ထည့်ပါလိမ့်မယ်။ သား သူငယ်ချင်းနဲ့သာ စကားပြောပါ။ ထိုင်လေ… သား"

လှစ်နေအောင် ပါးသော မေမေသည် ကိုဖြိုး၏ ဆန္ဒပြည့်ဝစေ ခြင်းငှာ မေမေက သူ့ ချစ်၏ဆေးတွင် ကပ်ထိုင်ခိုင်းကြောင်း သိသဖြင့် ဝမ်းသာကြည်နူးစွာ မေမေ၏ မျက်မှောက်မှာ ချစ်နှင့် နှစ်ယောက် ဒွဲတွဲထိုင်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်တို့ လာပို့တဲ့ ပန်းသီးတွေရှိတယ်...သား၊ မေမေ မကုန်ပါဘူး... အများကြီး၊ ချစ်နှင်းဖြူကို ခွာကျွေးလိုက်ပါ"

"ဟာ... နေပါစေ အန်တီရယ်"

"စားပါလား၊ မောင်... အာ... ခွာလိုက်မယ်နော်"

ဖြိုးမြင့်ဝေက ယောင်၍ မောင်ဟု လွှတ်ခနဲ အထွက်၊ ချစ်နှင်းဖြူ က ပေါင်ကို လိမ်၍အဆွဲ...

ဤသည်များကို အဘွားကြီးနှစ်ယောက် မြင်ကြ၊ ကြားကြ သော်လည်း မမြင်ဟန်၊ မကြားယောင် ဆောင်နေလိုက်ကြရသည်။

ကိုဖြိုးက သူ့အမေ ကျေနပ်လေသည်အထင်နှင့် ပြုံးလို့... ချစ်နှင်းဖြူကလည်း...

"ငါ့ကို ဖော်ဖော်ရွေရွေ လိုက်လိုက်လှဲလှဲ ခေါ်ရှာတယ်၊ မောင် ပြောတဲ့အတိုင်း မောင့်မေမေက ပြေလည်ရှာသား၊ ငါ့ကို တရေးတယ ခေါ်တယ်၊ ဝမ်းသာလိုက်တာကွယ်"

ချစ်နှင်းဖြူ၏ရင်မှာ လူကြီးများ၏ အတွင်းစိတ်ကို နားမလည် နိုင်စွာဖြင့် ပျော်နေရှာလေသည်။

ဒေါ်နွယ်နွယ်ဦးမှာမူ မျက်နှာများ ပြုံးထားပါသော်လည်း...

"ကြည့်စမ်း...ငါ့သားလေး ဘယ်အချိန်ကများ ရည်းစားထား လိုက်ပါလိမ့်။ ဘယ်က မိန်းကလေးလဲ၊ ဘယ်လိုမျိုးရိုးများလဲကွယ်... ဘုရား...ဘုရား"

ရင်၌ သိမ့်သိမ့်တုန်သွားအောင် လှုပ်ရှားရ၍ ထိုနေ့ညနေ ထမင်းပင် မစားနိုင်တော့။





မိန်းကလေးသည် နှစ်လိုဖွယ် အဆင်းရှိသော်လည်း သူလိုချင် သော ဆွေမျိုးမှ ဟုတ်ရဲ့လား၊ သူ့သားနှင့် ထိုက်တန်သော အရည် အချင်းများမှ ရှိပါ့မလား။

သည်မိန်းကလေးသည် ချစ်သားလေး၏ဘဝကို တစ်သက်တာ လုံး အေးမြချမ်းငြိမ်းအောင် ဖေးကူ လက်တွဲနိုင်မည့် အတွေးခေါ်ရှင် မိန်းတစ်ဦးမှ ဖြစ်နိုင်ပါ့မလား။

သားလေး၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ သက်တောင့် သက်သာရှိအောင် ပြုစုတတ်မည့် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်လာပါ့မလား။

စသော...စသော...

အချစ်ကြီးလွန်းသူ၊ သားအတွက် သောကများလွန်းသူ မိခင် တစ်ယောက်၏ အပူရင်သည် ရွှံ့မီးတောင် ပွက်သည်သို့ သောကတွေ တစ်ပွက်ပြီးတစ်ပွက် ထာဝရ ဆူပွက်လျက်ပါလား။

"တော်ပြီ... မမဥ"

"ဟင်... မေမေ ထမင်းစားတာ နည်းလှချည့်လား"

"နေ့လယ်စာ စားထားတာ များလို့ သား"

ဖြိုးမြင့်ဝေ တကယ်ယုံသော်လည်း ဒေါ်ခင်ဥက မယုံနိုင်ပါ။ ခိုးလိုကြည့်နေသော သူ့သားလေးဘေးမှာ ကောင်မလေး တစ်ယောက် ပါလာ၍ဟု သိလိုက်လေပြီ။

"အန်တီ ဆေးရုံတက်ရတာ အတော်လေးတောင် ကြာပြီ ခင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နှစ်ဆယ့်တစ်ရက်ရှိပြီ၊ ဆင်းရတော့မယ် တောင် ပြောနေပါပြီ"

ဆင်းတဲ့နေ့ကျရင် နှင်းဖြူလည်း လာကူပါ့မယ်"

"နေပါစေ… ကျောင်းတက်ပျက်နေပါ့မယ်ကွယ်"

"ဒါဆို အိမ်ရောက်တော့မှ လာကြည့်ပေါ့ ဟုတ်လား"

ဖြိုးမြင့်ဝေက ကြားဝင်ပြောသော်လည်း ဒေါ်နွယ်နွယ်ဦး ပြုံး၍သာနေသည်။ မဖိတ်ခေါ်ပါ။

"သား… သားကြီး"

"ဗျာ… မေမေ"

တစ်ဦးတည်းသော သားမို့ သားကြီးခေါ်လည်းဖြစ် သားငယ် ခေါ်လည်းဖြစ်သဖြင့် ဖြစ်တိုင်းခေါ်နေတော့သည်။

"ချစ်နှင်းဖြူ ပြန်ရမှာက အဝေးကြီး၊ လိုက်ပို့လိုက်တော့လေ"

"ရပါတယ် အန်တီ"

"နောက်ကျနေပါဦးမယ်"

ချစ်နှင်းဖြူက ဖြိုးမြင့်ဝေသို့ ကြည့်လိုက်သည်။ ဘာလုပ် မလဲဟု မျက်ဝန်းနှင့် မေးလိုက်သည်။

"ဒါဆို သား သူ့လိုက်ပို့လိုက်ဦးမယ်၊ ပြီးရင် ပြန်လာခဲ့မယ် နော်… မေမေ"

"အေး…အေး…ဖြည်းဖြည်းမောင်းသွားနော်သား သော်… ကြီးကြီးပါ ခေါ်သွားလိုက်ပါ။ ချစ်နှင်းဖြူကို ပို့ပြီးမှ သူ့ကို ကျောင်း မြှောင်းဝင်ပို့ခဲ့ပါ"





"ဒါဆိုလည်း ကြီးကြီးလာလေ"

"သွား… ကိုဖြိုး၊ ကြီးကြီး မလိုက်သေးဘူး"

"အို… မမဥကလည်း၊ လိုက်သွားပါဆိုမှ"

"မလိုက်သေးဘူးအေ။ ဟဲ့ကိုဖြိုး… သွားတော့"

ကြီးကြီး၏ အမိန့်မဆုံးမီ ထွက်ခွာလာခဲ့ကြသည်။ မတော် မေမေက အတင်းလိုက်ခိုင်းမှဖြင့် ဒုက္ခ။

ဆေးရုံကြီးမှ အပြန်လမ်းတွင် ပေါ့ပါးသော ရင်ဖြင့် ချစ်သူနှစ်ဦး ပြုံးရွှင်ကြည်နူးစွာ ပြန်လာခဲ့ကြချိန်မှာ…

"မမဥကလည်း… ဒီလောက်ပြောတာ သဘောမပေါက်ဘူး၊ လိုက်သွားပါဆိုမှ"

"အေး… သဘောပေါက်လို့ကို လိုက်မသွားတာ"

"ဟင်"

"တကတဲ ကိုယ့်မှာဖြင့် ဆေးရုံပေါ်မှာရှိသေးတယ်။ ကိုယ် နေကောင်းအောင်သာ ကြိုးစားစမ်းပါ၊ ယောက်ျားလေးပဲ… လွှတ်ထား လိုက်"

"ဒီမိန်းကလေးအကြောင်းကို နွယ် သိပ်သိချင်တယ် မမဥရယ်"

"အေး… ဆေးရုံကဆင်းတော့ ငါစုံစမ်းပေးမယ်။ ခုတော့ ကိုယ့် ညီမကိုပဲ ပြုစုနိုင်မယ်၊ တူရဲ့ ရည်းစားနောက်ကိုတော့ စုံထောက် လုပ်ပြီး ကြောခံမနေနိုင်ပါဘူး"

ကရုဏာမျက်စောင်းများဖြင့် ညီမကို ရယ်မောပြောပါသော် သည်း ဒေါ်နွယ်နွယ်ဦး၏ ရင်ထဲမှာဖြင့် ပူပြင်းလွန်းစွာ မိုးထင် ချွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာသီဟကို ပြောမယ်၊ နွယ် မနက်ဖြန်ပဲ ဆင်းပါ ရစေလို့"

"ဘယ်လို"

"ဒီကိစ္စ အေးနေလို့ မဖြစ်ဘူး မမဥ၊ မိန်းကလေးရဲ့ အခြေအနေနဲ့ မျိုးရိုးကို အသေအချာ စုံစမ်းရမယ်၊ သဘောတူလောက်တဲ့ အခြေနေ ရှိရင်လည်း နေပစေတော့။ မတူလောက်ရင်လည်း စောစောကပဲ ဖျက်ရမယ် မမဥရေ"

"မနွယ်ကလည်းဟယ်"

"သားစိတ်ဆင်းရဲလှ တစ်လပေါ့၊ တစ်ဘဝလုံးနဲ့တော့ လဲမပေးနိုင်ဘူး။ နွယ် လှိုင်းနဲ့ သဘောတူထားပြီးသား"

"ကလေးချင်း ချစ်ဖို့ကလည်း လိုသေးတယ်"

"ချစ်နှင်းဖြူနဲ့ သဘောတူလောက်ရင် အမြန်ပေးစားပါမယ်။ သဘောမတူသင့်ရင်လည်း အမြန်ဆုံး ဖျက်ရမယ် မမရေ၊ ဒီကိစ္စကို အမြန်ဆုံး ဆောင်ရွက်မှ၊ အို... မနွယ် နက်ဖြန် ဆေးရုံကဆင်းမယ်"

"နေကောင်းမှ ဆင်းပေါ့၊ ဘယ့်နှယ်..."

"အို... နွယ့်အခြေနေ နွယ်သိပါတယ် မမဥရယ်၊ သားအတွက် အိမ်ထောင်မှုကိစ္စကို စီစဉ်ပေးခဲ့နိုင်မှပဲ နွယ်အသေဖြောင့်မှာပါ"

"အို... ခုလည်း နေကောင်းနေသားပဲ"

"နွယ့်ကိုယ်နွယ် သိပါတယ်"

"မနွယ်... ငါ့ညီမဟာ ကိုဖြိုးကို အချစ်လွန် မေတ္တာနဲ့ ချစ်လွန်းနေတယ်ကွယ်၊ နည်းနည်းပါးပါးလည်း လူငယ်တွေဘက်က ကြည့်ပါ"





"နွယ်ဟာ ကျောင်းကြီးတစ်ခုကို အုပ်ချုပ်နေတဲ့ ဆရာမ တစ်ယောက်ပါ။ လူငယ်တွေရဲ့စိတ်ကို သိပါတယ်၊ ကိုယ့်သားစိတ်ကို ကိုယ်ပိုသိတာပေါ့ မမဥ"

"ဒါဖြင့်လည်း သဘောပဲဟော့"

"နွယ် ဆေးရုံက ဆင်းပြီး ဒီကိစ္စကို အမြန်ဆုံး စုံစမ်းစဉ်းစား စစ်ဆေးပြီး သားလေးရဲ့ အိမ်ထောင်ရေးကို အချိန်မီ ဖန်တီးပေးခဲ့ ချင်တယ်"

"ခုန ကောင်မလေးကို သဘောမကျဘူးလား"

"ရုပ်ကလေးကို သဘောကျပါတယ်၊ ကြည်ဖြူကျေနပ်သင့်တဲ့ အခြေနေဆိုရင် ချက်ချင်းပေးစားလိုက်တော့မယ် မမဥရေ..."

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ်

"မမလှပဲ စဉ်းစားကြည့်ပေါ့၊ သိန်းနေရာက ဘယ်လိုလုပ် ပြောမလဲ၊ ဆိုမလဲ၊ အခုကိစ္စကို သူ့ဖအေက မေးနေပြီလေ၊ အရက်မူး သမားက သိန်းတို့ သားမိတွေအတွက်သာ ဘာကိစ္စဖြစ်ဖြစ် မူးချင် ယောင်ဆောင်နေတာ၊ သူ့သမီးအတွက်ဆိုရင် သိပ်သိတတ်တာ။ သိန်းက ဒီအရေတွေမြင်လို့ ကျောင်းမထားပါနဲ့၊ စာပေးစာယူပဲ တက်နိုင်းပါဆိုတာ မရဘူးလေ၊ ဟင်း... နှာခေါင်းကျည်ပွေ့တွေပြီ မဟုတ်လား"

မှဲကာ ရွှဲ့ကာဖြင့် သိမ်ဖျင်း နိမ့်ကျသော အတွေးနှင့် အပြောများ ကြောင့် ဒေါ်လှလှ စိတ်ပျက်စွာ ကြည့်နေမိသည်။

"ဟင်း... ဟိုက သူဌေးသားတဲ့... သူဌေးမယားဖြစ်ရင်တော့ တော်ပါရဲ့၊ ဗိုက်တစ်လုံးနဲ့ကျန်မှ ဟုတ်မှပေဖြစ်နေဦးမယ်"

"ဒီမှာ မသိန်းရွှေ... ဒီကောင်လေးဟာ ဟော့ဟော့ရမ်းရမ်း အစားထဲက မဟုတ်ပါဘူး၊ မိကောင်းဖခင်သားသမီးလေးပါ၊ မမလှတို့ ငယ်ငယ်လေးတည်းက သိခဲ့ကြတာပါ၊ သူ ချစ်နှင်းဖြူကို တကယ် မေတ္တာစစ်နဲ့ ချစ်တာပါကွယ်"





သစင်သင်း၏ မိခင် ဒေါ်လှလှသည် မျက်နှာပေးအမူရာနှင့် မှဲကာရွှဲ့ကာ ပြောနေသော ချစ်နှင်းဖြူ၏မိထွေး 'ဒေါ်သိန်းသိန်းရွှေ' ကို စိတ်ပျက်စွာ ကြည့်နေသည်။

ယင်းဓာတ်လမ်းသည် သူ့အိမ်မှ သူ့သမီးမှ စခဲ့သော ဓာတ်လမ်း ဖြစ်ကြောင်း သိ၍သာ သည်းခံနေရသည်။ ဒေါ်သိန်းသိန်းရွှေလို မိန်းမ မျိုးနှင့် သိပ်ပြီး မပတ်သက်ချင်။

သမီးလေး၏ သူငယ်ချင်း၊ သားလေးလို ချစ်ရသော ကိုဖြိုး အတွက်မို့သာ သူတို့ကိုယ်တိုင်ကလည်း သည်ကိစ္စမှာ တစ်စွန်းတစ်စ ပါဝင်ခဲ့ရသည်။ ဥပမာ ရှမ်းပြည်နယ်နေ့ညက သူပါလိုက်သွားရပုံမျိုး။

"အင်းလေ ဒါဖြင့်လည်း ပြီးတာပါပဲ၊ သူ့အဖေကို ပြောပြ လိုက်ပါမယ်၊ သိန်းနဲ့က ဘာမှမပြီးဘူးလေ၊ မိခင်တစ်ယောက်လိုမှ သူက မလေးစားတာ၊ တကယ်ဆိုရင် သိန်းကို တိုင်ပင်ပါလား"

"ဘာကိုလဲ"

"သြော်...ဒီကောင်လေးနဲ့ ကိစ္စပေါ့။ လူကြီးပါသိတယ်ဆိုတော့ အော်ကားချင်တောင် မရဲဘူးပေါ့ မမလှရဲ့"

"ဒီလို အစားထဲကလည်း မဟုတ်ပါဘူးမသိန်းရွှေရဲ့၊ ပြီးတော့ စဉ်းစားထားတဲ့ကိစ္စကို ဘယ်သမီးက ဘယ်အမေကို ပြောဝံ့ကြမှာ လဲကွယ်"

"မမလှပဲ စဉ်းစားကြည့်လေ၊ ကျောင်းသူတစ်ယောက်ရဲ့ စရိုက် သာ နည်းလား၊ သိန်းတို့ သားအမိတစ်တွေကတော့ မသေရုံတမယ် နေရတာ၊ သူကတော့ သူ့သမီးမှ သူ့သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်နှင်းဖြူ ကျောင်းစရိတ်ကို ကိုစိုးချစ်ရဲ့ အစ်မ အပျိုကြီးက ထောက်တယ်ဆို၊ မန္တလေးမှာ ရှိတယ်ဆို"

"အမယ်လေး... ရံဖန်ရံခါပါ"

ဒေါ်လှလှက ကြားသိသမျှ အမှန်စကားကို တမင်မေးတော့လည်း၊ မျက်နှာပေးတစ်မျိုးနှင့် လျှောချသော လေယူလေသိမ်းနှင့် မိန်းမချင်းမျှ မျက်နှာပူစေလောက်သော အမူရာနှင့် ပြောနေပြန်ပါပြီ။

"ဒီအိမ်က သဇင်တို့လည်း တူတူ ကျောင်းနေတာပါပဲ၊ ဘာသံမှ မကြားရပါဘူး။ သူမှ ထူးပြီးကို ကဲတာ၊ မအေ့သွေးပါပြီး မအေလို ဖြစ်ချင် ထင်ပါရဲ့...ဟင်း"

ချစ်နှင်းဖြူ၏ 'အတိတ်နွမ်း'ကို ပြန်လည်၍ လှစ်ဟနေစရာ အချိန်မဟုတ်တော့ပါ။ ကလေးနှင့် မပတ်သက်သော သူ့မိခင်၏ ပြီးဆုံး မြေမြှုပ်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်ကို ပြန်လည်မြေလှန်နေစရာ မလို။

"မမလှကလည်း သိန်းလာမေးတာ သိပ်သဘောမတွေ့ဘူး ထင်ပါရဲ့"

"မမက ဘာပြောနေလို့လဲ မသိန်းရွှေ"

"အို... ရှည်ပါတယ်။ သူ့သမီးဇာတ်ရှုပ် သူ့အဖေကိုယ်တိုင် ရှင်းကြလို့ ပြောလိုက်မယ်။ မေးခိုင်းလို့ လာမေးရတာပါ။ တကယ်တော့ ဒီဇာတ်လမ်းဟာ ဒီအိမ်က စတာပဲ"

သမီးလေး သဇင်နှင့်သာ မပတ်သက်လျှင်၊ ချစ်နှင်းဖြူကိုသာ တူမလေးလို မချစ်ခဲ့ မသနားခဲ့လျှင် ဤမိန်းမကို အိမ်ပေါ်မှ မောင်းချမိမည် ထင်ပါ၏။





ယခုတော့ သူပြောသလို တစ်စိတ်တစ်ပိုင်းကလည်း ဟုတ်နေပြန်သဖြင့် ငြိမ်နေလိုက်ရသည်။ ပြီးတော့ ဟိုအခန်းနှင့် မတည့်၊ သည်အခန်းနှင့် အတင်းပြောတတ်သော သိန်းသိန်းရွှေလို အနေထိုင်အောက်တန်းကျသော မိန်းမမျိုးနှင့်လည်း ပြဿနာမတက်ချင်။

သူ ပြန်သွားပြီး မကြာမီမှာ အရက်နံ့ တထောင်းထောင်းနှင့် 'ကိုစိုးချစ်' ရောက်လာခဲ့သည်။

တော်ပါသေးသည်။ သားတို့ သမီးတို့ဖခင် 'ကိုအောင်သင်း' ရှိချိန်မို့...

"သမီးကိစ္စ သိချင်လို့ပါ၊ ရှက်လည်း ရှက်ပါရဲ့ဗျာ"

"ရှက်ဖို့တော့ မရှိပါဘူးလေ၊ ဒါပေမယ့် ဒီကိစ္စဟာ ကလေးတွေကိစ္စမို့ ကလေးတွေပဲ မေးသင့်ပါတယ်"

"သမီးမေးလို့ အမှန်အတိုင်း ပြောမှာ မဟုတ်ဘူး၊ သူက ဟိုကောင့်ကို ယုံနေပြီလေ"

အလကားနေရင်း ပြဿနာ အိမ်ပေါ် ရောက်လာသဖြင့် ဒေါ်လှလှ စိတ်ညစ်လှပါဘိ။

"ကျွန်တော် တစ်ခုပဲ သိချင်ပါတယ် ဒေါ်လှလှ"

"ဘာကိုလဲ"

"ဒီကောင်ဟာ သမီးကို အတည်ကြံတာလား... အပျော်ကြံတာလား ဆိုတာကိုပဲ"

မျက်နှာကို လမ်းမဘက်သို့လွှဲလျက် မေးလာသည်။ အရက်နံ့ကြောင့် နီမြန်းနေသော မျက်နှာတွင် ဒေါသဖြင့် ခက်ထန်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်ခြင်း၊ ရှက်ရွံ့ မျက်နှာပူခြင်းများဖြင့် မှုန်မှိုင်း ညှိုးငယ်နေကြောင်း မြင်တွေ့လိုက်ရပါသဖြင့်...

"သြော်... သူလည်း ဖခင်ရင်းတစ်ယောက်ပဲလေ"

မိဘချင်း ကိုယ်ချင်းစာစိတ်ဖြင့် ဒေါ်လှလှက...

"စိတ်ချပါ ကိုစိုးချစ်၊ ဒါတော့ ကျွန်မ အာမခံပါတယ်၊ ကောင်လေးဟာ သိပ်ရိုးပါတယ်၊ ရည်းစားသနာတောင် တစ်ခါမှ မရှုပ်ဖူးပါဘူး၊ ဒါ... ပထမဆုံးပဲလို့ ပြောပါတယ်"

"ဒါဆိုလည်း ဝမ်းသာပါတယ်ဗျာ၊ ကောင်လေးမိဘတွေကရော သိပ်ချမ်းသာလား။ သမီးနဲ့ရော သဘောတူပါ့မလား"

"ရှင်တို့ ကျွန်မတို့တွေထက်တော့ အများကြီး ချမ်းသာတာပေါ့လေ၊ မအေတစ်ခု သားတစ်ခုမို့ သူ့သားလေးကို ငုံထားမလောက် ချစ်ရှာပါတယ်၊ သူ့ သားချစ်သူဆိုရင် သူလည်း သဘောတူမှာပါ"

"ကောင်းပါပြီလေ၊ ကျွန်တော် အမှန်အတိုင်း ဝန်ခံပါ့မယ်..."

"ဟုတ်ကဲ့"

"ခုလို တည်တည်တံ့တံ့ သမီးကို မေတ္တာမျှတာဆိုရင်တော့ ပေးစားလိုက်ချင်ပြီ"

"ဟင်..."

"ကျွန်တော့်သမီးလေးဟာ ဘာလုပ်လုပ် မျက်နှာကောင်း မရရှာဘူး၊ ဘွဲ့မရချင်လည်း နေပါစေတော့၊ လင်ကောင်းသားကောင်းလေး ရသွားစေချင်တယ်"

"ကျွန်မ သဘောပေါက်ပါပြီ"





"ဘယ်လိုမင်္ဂလာဆောင်မှ၊ ဘာတွေတင်တောင်းမှ ဆိုတဲ့ အခွင့်အရေးမှ မလိုချင်ပါဘူး၊ သမီးကို မိသားဘသားပီပီ တရားဝင် တက်ထပ်ယူရင် တော်ပါပြီဗျာ"

"ကောင်လေးက ကျောင်းတော့ မပြီးသေးဘူး... နောက်ဆုံးနှစ်လေ၊ သူ့ အမေလည်း ဟိုတလောက ဆေးရုံတက်ရတယ် ကြားတယ်၊ ဒါပေမယ့် ကိုစိုးချစ်အနေနဲ့ ခုလို ကျေနပ်နိုင်တယ်ဆိုရင် လေးတွေနဲ့ ကျွန်မ ဆွေးနွေးပေးပါ့မယ်"

"ဟုတ်ကဲ့"

"ပြီးတော့ ကိုဖြိုးကိုလည်း ဒီဘက်က အခြေနေတွေ ပြောပြပေး မယ်"

"ကျေးဇူးပါပဲ ဒေါ်လှလှရယ်၊ ကျွန်တော့်သမီးလေး ကောင်း ကောင်းမွန်မွန်နဲ့ အိမ်ထောင်ရက်သားကျသွားရင် တော်ပါပြီ၊ ကျွန်တော် သောက်သောက်နေတာ စိတ်ညစ်တာတွေလည်း ပါပါတယ်"

"ဒီလိုပဲပေါ့လေ၊ တစ်အိမ်ထောင်မှာ တစ်မျိုးတော့ မပြေလည်မှု လေးတွေ ရှိကြတာပါပဲ"

"ကျွန်တော့်မိန်းမ ပြောမှားဆိုမှားရှိလည်း ခွင့်လွှတ်ပါ"

"ရပါတယ်လေ၊ အိမ်နီးနားချင်းတွေပဲ"

ကိုစိုးချစ်က ထိုင်ရာမှ ပြန်ရန် ထလိုက်ပြီးမှ...

"သမီးနဲ့ အဖေဆိုတော့လည်း ဒီကိစ္စ ပြောဆိုလို့ မကောင်းလို့ ကျွန်တော် ဒေါ်လှလှဆီ လာနှောင့်ယှက်ရတာပါ၊ ကဲ... သွားမယ် နော်"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ရှင်၊ နှောင့်ယှက်တယ် မထင်ပါဘူး”

“ကျွန်တော့်ဆန္ဒ အကုန်တင်ပြပြီးပါပြီ၊ ဒေါ်လှလှ သဘော ပေါက်တယ်နော်…”

“ဟုတ်ကဲ့… ပေါက်ပါတယ်”

“သမီးလေးချင်း စာနာပြီး အမြန်ဖြစ်အောင် ကူညီပေးပါလို့ ကျွန်တော် တောင်းပန်ပါတယ်နော်၊ ကျွန်တော်သွားမယ် ဒေါ်လှလှ”

နှုတ်ဆက်လျက် ပြန်ထွက်သွားသော ဦးစိုးချစ်ကို ဒေါ်လှလှ ငေးကြည့်ကျန်ရစ်သည်။

ကြီးမားသော ပြဿနာတစ်ရပ်ကို သူ့လက်ထဲသို့ ထည့်ပေး သဖြင့် လေးလံစွာ ကိုင်ယူထားလိုက်ရပြီဟု နားလည်ရ၏။

အမှန်တော့ သမီးလေးသည် သူတို့ ထွက်လို့ ဝင်လို့ကောင်း အောင်၊ ချစ်နှင်းဖြူကို ခေါ်လို့ကောင်းအောင် ‘မေမေ လိုက်ခဲ့နော်’ဟု ကားပေါ် ခေါ်ခေါ်တင်သွားသဖြင့် သူပါ သဘောတူ ဆောင်ရွက်နေ ကြသည့် ကိစ္စကြီးတစ်ရပ်လို ဖြစ်သွားရတော့သည်။

ဦးစိုးချစ်သည်…

မန္တလေးမြို့မှ အံသင့်အတင့် ချမ်းသာသော မိဘမှ ပေါက်ဖွား လာသော တစ်ဦးတည်းသော သားတစ်ယောက်ပါ။ အစ်မ အပျိုကြီး သည် ချစ်နှင်းဖြူကို သိပ်ချစ်သော်လည်း သိန်းသိန်းရွှေလို ယောက်မနှင့် နေ၍မဖြစ်နိုင်။ မောင်နှမနှစ်ယောက် အမွေခွဲပြီး မန္တလေးမြို့ သူ့အတွက် အမွေရသော တိုက်လေးတစ်လုံးကို စပေါ်နှင့် ငှားလျက် စပေါ်ငွေကို အတိုးပေး၊ အိမ်လခနှင့် ပေါင်းလိုက်လျှင် သူနေသော





တစ်ယောက်စာ စစ်ကိုင်းချောင်းမှာ လောက်ငရုံမက ပိုလျှံနေသဖြင့် မလေးအတွက် တစ်လတစ်ရာ ပို့ပေးနေသည်ကို ဒေါ်လှလှတို့ ည်း အသိပါ။

ဦးစိုးချစ်သည် ဘွဲ့မရသော်လည်း တက္ကသိုလ်မှထွက်ပြီး န်သွယ်ရေးဌာနတွင် အလုပ် လုပ်ခဲ့သည်။ ဆိုင်ထိုင်မန်နေဂျာ ပ်ရာမှ ငွေများ ကွာဟမှုဖြင့် ထောင်နှစ်နှစ်ကျပြီး အလုပ်ပြုတ် သည်။

ယခုတော့ အလုပ်အကိုင်က အတည်တကျမရှိ၊ သူ့ဇာတ်ညွှန်း း သုံးကားလောက် ရုပ်ရှင်ရိုက်ရဖူးသည်။ ယခုတော့… ရုပ်ပြများ တွက် ဝတ္ထုမှ အတိုချုံ့၍ ရေးရသော ရုပ်ပြဇာတ်ညွှန်းလေးများ ကြားရေးရသည်က အပိုဝင်ငွေ။

သူ့ ပင်တိုင်အလုပ်က တက္ကစီအငှားကားကို ညဘက် မောင်းရ သည်။ နေ့လယ်ကားက မရ။

ကုန်သွယ်ရေးဆိုင် မန်နေဂျာဘဝက ရရှိသော အခန်းလေးမှ ပြောင်းရသဖြင့် အနေမှန်သော်လည်း မိသားစုများသဖြင့် အစားကမူ တလှည့်၊ ချောက်တလှည့်။

သူတို့၏ အကြောင်းကို စဉ်းစားပြီး သမီးနှင့် ကိုဖြိုးတို့၊ လှိုင်း တို့ကို အကြောင်းစုံ ဖွင့်ပြောပြမည်ဟု ဒေါ်လှလှ ဆုံးဖြတ်လိုက်ပါ တော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်တစ်

"သမီးရဲ့ ဖေဖေ... နေကောင်းရဲ့လား"

"ဒီလိုပါပဲ အန်တီနွယ်ရယ်၊ ဘာမှ မထူးခြားပါဘူး"

"လေဖြတ်ထားတဲ့လူဟာ ဒီလိုပဲပေါ့၊ ဦးနောက်ပုံမှန် ဖြစ်နေ တာပဲ တော်သေးတယ်"

"ဦးနောက်ဆိုလို့ ပြောရဦးမယ်၊ အန်တီနွယ့်ကို လှိုင်း တစ်ခါက ပြောဖူးတယ်လေ။ ဖေဖေဟာ အိပ်မက်ဆိုးတွေ မက်ပြီး ပြန်နိုးလာတဲ့ အခါ သနားစရာကောင်းလောက်အောင် ဇောချွေးတွေပြန်၊ ကြောက် လန့်နေတယ် ဆိုတာလေ"

"အန်တီနွယ့်ကို တစ်ခါပြောထားရင် ဘယ်တော့မှ မမေ့ပါဘူး"

"ဒါကြောင့် အားလုံးက အန်တီနွယ့်ကို သိပ်ဦးနှောက်ကောင်း တဲ့ မိန်းမ၊ သိပ်ထက်မြက်တဲ့မိန်းမလို့ ပြောကြတာနေမှာ"

"ကိုယ့်အခေါ် ကိုယ်ပြန်ချီးမွမ်းနေ၊ ကဲ... ပြောစမ်းပါဦး ကိုသောင်းထိုက် ဘာဖြစ်လို့လဲ"

"မနှစ်က တစ်နှစ်ကလောက်က ပြောဖူးတဲ့ အဲဒီ အိပ်မက်ဟာ ပိုပြီး နိုးလာတယ်၊ ခပ်စိပ်စိပ် မက်လာတယ်။ ခုဆို အဝေးဆုံး တစ်ပတ်ပဲ။ အဲဒါ စိတ်ရောဂါ ဆရာဝန်နဲ့ ပြရရင် ကောင်းမလားလို့





"ကောင်းတယ်...သမီး၊ တိုင်ပင်သင့်တာပေါ့၊ ဘယ်လိုတွေ နေလဲ... ပြောပါဦး"

"အန်တီနွယ် နေမကောင်းရတဲ့အထဲ..."

"အို... နေမကောင်းဘူး ဆိုပေမယ့် ဘာမှ ထလုပ်ရတာမှ ..တ်ဘဲ၊ ဝိုင်းတွေးပေးရုံပဲ"

"လှိုင်းလည်း အန်တီနွယ်နဲ့ တိုင်ပင်ချင်နေတာ ကြာပါပြီ။ အန်တီနွယ် နေမကောင်းနေတုန်းမို့ အားနာလို့..."

"ရပါတယ်၊ ပြောစမ်း... လှိုင်း"

"ဖေဖေဟာ အဲဒီလို ထထ အော်ပြီးလို့ ပြန်သတိရတဲ့အခါ ..င်းက အိပ်မက်ပဲ၊ ဘာမှ မဖြစ်နိုင်ဘူး၊ နိုးလာတော့ ပျောက်သွားပြီလို့ ..ပြောလိုက်ရင် ဖေဖေက သမီး မသိဘူးနော်... သမီးတို့ မသိပါဘူး ..ပြီး အမြဲပြောတယ်။ တစ်ခါတလေ ငိုတယ်... အန်တီရယ်"

"ဟုတ်လား၊ ငိုတဲ့အထိတော့ မသိသေးဘူး"

"လှိုင်း စိတ်ထဲမှာ ထင့်လာတယ်၊ သံသယ နည်းနည်း ဝင်လာ ..ယ်"

"ဘာကိုလဲ... လှိုင်း"

"စိတ်ကြောင့်ပဲ ချောက်ချားနေတာလား။ ဒါမှမဟုတ် လှိုင်းတို့ ..မိတဲ့ အချိန်က ဖေဖေဟာ တစ်စုံတစ်ခုကို လျှို့ဝှက်လုပ်ကိုင်ခဲ့တာ ..သလား၊ ဒါမှမဟုတ် အတိတ်ဆိုး တစ်ခုခုများ ရှိခဲ့ဖူးသလားလို့ ..း သံသယ ဝင်လာမိပါတယ်"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့ ပတ်သက်ပြီး အန်တီနွယ် ဘာများသိထားတာ ရှိသလဲဟင်၊ ရှိခဲ့ရင်လည်း လှိုင်းကို သိခွင့်ပေးပါ... လို့"

ခုတင်ထက်ပေါ်မှ ဒေါ်နွယ်နွယ်ဦးသည် အသားအရေများ ခြောက်ပြီး အများကြီး ပိန်လှီသွားသော်လည်း သူ့ခန္ဓာ နွမ်းနယ်မှုနှင့် ဆန့်ကျင်စွာ သူ့မျက်ဝန်းက တောက်ပရွှန်းလက်ထက်မြက်ဆဲပါ။

"ဟုတ်တယ်... လှိုင်း၊ ခု အချိန်မျိုးမှာ အန်တီနွယ်သိခဲ့သမျှ သမီး သိသင့်ပါတယ်"

"အန်တီနွယ် ဘာတွေသိထားလဲဟင်"

ဒေါ်နွယ်နွယ်ဦးသည် ကိုယ်ကို တစောင်းလှည့်လိုက်ပြီး အသံ ကို ချင့်ချင့်ချိန်ချိန်နှင့် ထိန်း၍ ပြောရှာသည်။ မမောအောင်၊ မပင်ပန်း အောင် သူ့ကိုယ်သူ အရာရာ ချိန်ဆတတ်လေစွ။

"သမီးတို့ လူမှန်းမသိတတ်ခင် အရွယ်က ကိုသောင်းထိုက်ဟာ နိုင်လွန်စက်ရုံတစ်ခုမှာ လခစားနဲ့ မန်နေဂျာအလုပ် လုပ်တယ်"

"ဟုတ်ကဲ့"

"အဲဒီနောက် ၁၉၆၄ ခုနှစ်လောက်မှာ ပြည်သူပိုင်သိမ်းတော့ သူတို့စက်ရုံလည်း ပြည်သူပိုင် အသိမ်းခံရတယ်၊ ဒီတုန်းက သိမ်းတာ က စက်ရုံအဆောက်အအုံနဲ့ စက်ရုံပိုင်ပစ္စည်းပဲ သိမ်းတာ၊ ကိုယ်ပိုင် ပစ္စည်း မသိမ်းဘူး။ ဥပမာ ကိုယ်ပိုင်နာမည်နဲ့ ကား...ကိုယ့်မိသားစု နာမည်နဲ့ ခြံတွေ၊ တိုက်တွေကို လိုက်မသိမ်းပါဘူး"

"ဟုတ်ကဲ့ အန်တီ"

"ဖြစ်ချင်တော့ စက်ရုံပိုင်ရှင်ဟာ ပြည်သူပိုင်သိမ်းချိန်မှာ နယ်





ရောဂါအခံကလည်းရှိတော့ စိတ်ထိခိုက်ပြီး အိပ်ရာထဲက မထနိုင်တော့ ဘူး။ ဒါကြောင့် စာရင်းအင်းကိစ္စတွေ ကိုသောင်းထိုက်ပဲ ရှင်းရ၊ လင်းရ လိမ့်မယ်"

"ဟုတ်ကဲ့"

"အဲဒီအချိန်မှာ တစ်ခုခုများ ကြံဖန်ခဲ့သလားလို့ တွေးစရာ ရှိပါတယ်"

"အစိုးရကို စာရင်းပြတဲ့နေရာမှာလား"

"ဒါတော့ ဘယ်လိုလုပ်လို့ရမလဲ၊ ကုမ္ပဏီပိုင်းကိုပေါ့"

"ပြောပါဦး အန်တီရယ်"

"ပစ္စည်းတွေကို ကုမ္ပဏီပိုင်ရှင်က စေတနာနဲ့ ပေးသလား၊ အကြံအဖန်လားဆိုတာ လှိုင်းရဲ့ဖေဖေကိုယ်တိုင်မှတစ်ပါး ဘယ်သူမှ မသိနိုင်ဘူး။ ဘာလို့လဲဆိုတော့ အဲဒီ ကုမ္ပဏီပိုင်ရှင် 'ဦးအေးနောင်' သေဆုံးသွားလို့"

"အို"

"သူ့ဇနီးက 'အင်းသူ'တဲ့၊ သိပ်ရိုးသားလို့ ယောက်ျားအလုပ်ကို ဘာမှ နားမလည်ရှာဘူး။ ဒါပေမယ့် အပြင်က ကောလာဟလ စကားတွေတော့ ထွက်လာတယ်"

"ဘာတွေလဲဟင် အန်တီ"

"အဲဒီ အင်းသူ အမျိုးသမီးဟာ နေစရာမရှိလို့ ပြန်သွားရချိန်မှာ ကျိန်ဆဲသွားတယ်။ တချို့ကပြောတော့လည်း ပြုစားသွားတယ်တဲ့။ အဲဒါတွေကတော့ မဟုတ်နိုင်ပါဘူး။ လူတွေရဲ့ အကျယ်ချဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောလာဟာလတွေပါ။ ဒါပေမယ့် အဲဒီကစပြီး ကိုသောင်းထိုက် အ
ခိုင်လာတာတော့ အမှန်ပဲ သမီး"

ဤသတင်းစကား၏ အစွန်းအစ အဖျားအနားလောက်
တော့ ကြားခဲ့ရဖူးသည်။ ယခုလို ချစ်ခင်လေးစားရသော အန်
ဒေါ်နွယ်နွယ်ထံမှ ကြားလာရသည့် အခါတွင် ရက်ရွဲ့စိတ်နှင့် အား
ဝမ်းနည်းစွာ ခံစားရ၍ မျက်နှာလေးပင် ညှိုးငယ်သွားပြီထင်သည်
ဒေါ်နွယ်နွယ်ဦးက...

"ဒီလိုရှိပါတယ် လှိုင်း"

ဝေးလံသော အတိတ်နှမ်းကို မျှော်ငေးသလို ငိုင်နေရာ
ဒေါ်နွယ်နွယ်ဦးသို့ ပြန်လည်ကြည့်မိသည်။

"သေဆုံးသွားတဲ့ ဦးအေးနောင်ဟာ ကိုသောင်းထိုက်ကို သိပ်
သိပ်အားကိုး၊ သိပ်စိတ်ချတယ်တဲ့၊ ဒါကြောင့်လည်း သူ့ကို သဘော
ပေးခဲ့ အပ်ခဲ့တာမျိုးလည်း ဖြစ်နိုင်ပါတယ်"

"သူ့ဇနီး အင်းသူ အမျိုးသမီးဆိုတာရော အန်တီ"

"ဦးအေးနောင်လည်း ဆုံးပြီးရော အဲဒီအမျိုးသမီးလည်း ပျော
သွားတာပဲ၊ ရှမ်းပြည်နယ်ကို ပြန်သွားပြီလို့ ယူဆကြတာပဲ၊ ဘယ်
ကမှလည်း သိပ်ပြီး ဂရုထားမနေအားခဲ့ကြဘူး ထင်ပါရဲ့...၊
မိန်းကလေး ကလည်း ဘယ်သူမှ အပေါင်းအသင်း အဆက်အသွ
မရှိတော့ သူ့ဇာတ်ဟာ တစ်ခါတည်း မြုပ်သွားတာပေါ့"

"အန်တီနွယ်"





"ဘာလဲလှိုင်း"

"ဖေဖေ... ဖေဖေ... ဟာ အဲဒီ ရှမ်းအမျိုးသမီး ဆိုတာကို
သတ်ပစ်လိုက်တာများလား"

"အို... လှိုင်းကလည်း၊ မဟုတ်တာ"

"ဖေဖေ ချောက်ချားပုံက ကြောက်စရာကြီးမို့ပါ"

"ဘာပဲဖြစ်ဖြစ် လူသတ်မှုဖြစ်ခဲ့ရင်တော့ ခုလို အနှစ် နှစ်ဆယ်
ကျော်ပါးအထိ တိမ်မြုပ်မနေနိုင်ပါဘူးကွယ်"

"ဖေဖေ ကြောက်လန့်နေတာ၊ အဲဒီကိစ္စပဲ ဖြစ်ရမယ် ထင်တယ်
နော်"

"တွေးနိုင်စရာတော့ ရှိတာပေါ့။ ဒါပေမယ့် လေဖြတ်တယ်
ဆိုတည်းက ဦးနှောက်အာရုံကြောတွေ ထိခိုက်လို့လည်း စိတ်တွေ
ချောက်ချားတာ ဖြစ်နိုင်ပါတယ်။ အကောင်းဆုံးကတော့ သူ့ဆရာဝန်နဲ့
ရင်တိုင်ပင်ပြီး... စိတ်ရောဂါ ပါရဂူနဲ့ ပြသင့်ရင် ပြရမှာပေါ့"

"အို... အန်တီ မောသွားပြီထင်တယ်၊ ရေသောက်မလား ဟင်"

ဒေါ်နွယ်နွယ်ဦး နှမ်းလျစွာ ခေါင်းညိတ်၍ ဖြူလှိုင်းမွေးမှာ
ခဲ့သေတ္တာတွင်းမှ ရေပုလင်းကို ထုတ်ယူပြီး သောက်ရေအိုးမှရေနှင့်
ခွက်တွင် ထက်ဝက်စီ စပ်ပြီး တိုက်သည်။ ရိုးရိုးရေလိုလည်း မပူ၊
ခဲရေလောက်လည်း မအေးမြအောင်ပါ။

ဘာအလုပ်ပဲ လုပ်လုပ် အလုပ်ဆီမှာ အာရုံထားပြီး စေ့စပ်
သေချာသော လှိုင်းကို ဒေါ်နွယ်နွယ်ဦး သိပ်သဘောကျသည်။

အလုပ်တော်၍ အတွေးခေါ် ကောင်းရုံ မဟုတ်သေး၊ သဘော
ထားလည်း အရွယ်နှင့်မလိုက်အောင် ပြည့်ဝကြောင်း ငယ်စဉ်တည်းက



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ရသဖြင့် ဖြူလှိုင်းမွေးကို ခေါင်းနှယ်နှယ်ဦး အပြစ်ရှာမရနိုင်လော အောင် သဘောကျနေပါပြီ။

ပြီးတော့ ကိုဖြိုးကိုလည်း သူ့အစ်ကိုလို၊ မောင်လို၊ သူငယ်ချ လို အနွံ့အတာခံ၍ ချစ်ရှာသည်။

လှိုင်းနှင့် ဓမ္မစားလိုက်လျှင် အားလုံး ပြီးပြည့်စုံပြီ။ သားလေး တစ်ဘဝတာလုံး ယောက်ျားနှင့်ယှဉ်၍ ကူညီဖေးမနိုင်သော မိန်းမမျိုး လင်ယောက်ျား၏ တစ်ခါတစ်ရံ အတွေးချော်တတ်မည်ကို တည့်မ ပေးနိုင်မည့် မိန်းမမျိုး။ လိုကွက်ဟာကွက်များကို ဖြည့်ဆည်းပေးနိုင်မည့် မိန်းကလေး။

"အို... လှိုင်းနဲ့ ဒီလောက် နီးစပ် ရင်းနှီး နေပါရက်နဲ့ ဘယ် ဘယ်နဲ့မျှား သားဘဝထဲကို ချစ်နှင်းဖြူ ဆိုတဲ့ မိန်းကလေး ရောက်လာရတာလဲကွယ်"

"အန်တီ ဘာစားမလဲ၊ လှိုင်း လုပ်ပေးခဲ့မယ်လေ ဟော ဖျော်ပေးခဲ့ရမလား"

"နေပစေ... အန်တီ ဘာမှ မစားချင်ဘူး"

"လှိုင်း လာလို့ စကားတွေ ပြောရတာနဲ့ အန်တီနှယ်လည် မောနေပါပြီ"

"အန်တီက လှိုင်းနဲ့ စကား ပြောနေချင်တာပါကွယ်"

"ဒါဖြင့် ကိုဖြိုး ပြန်လာတဲ့အထိ လှိုင်း စောင့်ပေးနေပါ့မယ်"

"ကိုသောင်းထိုက်က ထားလို့ ရလို့လား"

"ရတယ်လေ... အန်တီ၊ နေ့လယ်ဆို သူ့ညီမဝမ်းကွဲ တော ဥက္ကလာက လာစောင့်ပေးပါတယ်၊ တစ်နေ့တစ်ဆယ် ပေးလို့



ပါတယ်။ လှိုင်းကလည်း ကျောင်းတက်နေရတုန်း မဟုတ်လား။ ညဘက် ကျတော့ ဖေဖေ့ အခန်းထဲမှာပဲ ဝင်အိပ်ပြီး တစ်ချိန်လုံး သတိထား အိပ်ရပါတယ်။ ခုန ပြောသလို အိပ်မက်ညများဆို မအိပ်ရ ပါဘူး အန်တီ။ အညစ်အကြေး လဲပေးရ။ အကြောက်ပြေအောင် ချော့ရနဲ့"

"အေးကွယ်... မိဘကို ပြုစုတဲ့ အကျိုးဟာ ဘာနဲ့မှ မလဲနိုင် အောင် မွန်မြတ်လှပါတယ်"

"ဟုတ်ကဲ့... အန်တီ"

"သားလေး ကိုဖြိုးလည်း အန်တီ့ကို သိပ်ဂရုစိုက်ရှာတယ် ကွယ်... သနားပါတယ်"

"ဒီသားအမိ နှစ်ယောက်တည်း ရှိတာ အန်တီနှယ်ရယ်... လုပ်ပစေပေါ့"

"အင်း"

"အိမ်မှာဆို အငယ်ကောင် နှစ်ယောက်လုံး သဘော်သားရူး ရူးနေကြတယ်လေ၊ သွားချင်တဲ့ စိတ်နဲ့၊ သွားရတော့မယ်ဆိုတဲ့ စိတ်ကူးယဉ်ချက်နဲ့ စာကို မကျက်ကြတော့ဘူး"

"နှစ်ယောက်လုံး ဆယ်တန်းကျတွေ၊ အောင်အောင်တော့ ဖြေသင့်သေးတယ်၊ သွားဖို့ကရော နီးလို့လား"

"မသိပါဘူး အန်တီနှယ်ရာ၊ မေမေတော့ လိုက်နေတာ ဖတ်ဖတ် ကို မောနေတာပဲ။ ကြာချင်လည်း ကြာမယ်တဲ့၊ ချက်ချင်း ဖြစ်ချင်လည်း ဖြစ်မယ်တဲ့"





www.burmeseclassic.com

www.burmeseclassic.com



"အင်း...ခင်ပြုံးရီ တစ်ယောက်လည်း အတော်လေး စီးပွားရေး မှာ ကျွမ်းကျင်နေပြီ၊ ဝမ်းသာပါတယ်ကွယ်"

ဒေါ်ခင်ပြုံးရီသည် ပထမ စိန်ထည် ပစ္စည်းလေးများ ဟိုလိုက်ပြ သည်လိုက်ပြဘဝမှ ယခုတော့ စိန်ပွဲစား၊ ရွှေပွဲစား အမည်ခံပြီး ဝယ်ရောင်းအဆင့် ရောက်ခဲ့ပြီ။ လိုသမျှ ငွေကိုလည်း တစ်ရာ နှစ်ကျပ် တိုးဖြင့် ယုံကြည်စွာ ချေးငှားမည့် လူကလည်း ရှိနေသဖြင့် သိန်းချီ ပစ္စည်းများ ရောင်းနိုင်ဝယ်နိုင်သဖြင့် စီးပွားရေးက ပြေလည်သထက် ပိုမို၍ ပြေလည်လာခဲ့ပြီ။

ဖေဖေနှင့် အိမ်ကိုဖြင့် လုံးဝ လှည့်မကြည့်နိုင်အားတော့ မောင်လေးနှစ်ယောက်ကလည်း ငွေကို ဘယ်လိုနည်းနှင့် သုံးရပါ့မလဲ စဉ်းစားနေကြသူများသာ။

တစ်ခုတော်သည်က ခိုးဝှက်ခြင်း၊ လှည့်ပတ်ခြင်းတော့ လုံး မရှိကြ၊ သူတို့လိုသမျှ နားပူအောင်တောင်းသည့်အကျင့်သာ ရှိကြ ပါ၏။

အိမ်ထောင်ကြီးတစ်ခုလုံးကို ကျောင်းမပြီးသေးသော လှိုင်း ပင် ဦးဆောင်စီမံနေရသလို ဖြစ်နေပါ၏။ အိမ်၏ စားကုန်ကြမ်းများ ဝယ်ခြမ်းရသည်ကအစ လှိုင်း၏ တာဝန်...။ စားကုန်ချော ဖြစ်လာမည့် ဟင်းလျာကိုတော့ စီမံရုံ၊ ချက်မည့်သူများ ငှားထားပါ၏။

ဤအရည်အချင်းများကို ဒေါ်နွယ်နွယ်ဦး မြင်သော်လည်း သားက ဘာလို့များ မမြင်နိုင်ရပါလိမ့်။

ဒေါ်နွယ်နွယ်ဦးသည် မှိန်းလျက် တွေးနေဆဲ လှိုင်းက သူ့ အ





ာ နီးကပ်နေပြီဖြစ်သော စာမေးပွဲအတွက် စာကျက်နေရှာသည်။ ိမ်တွင် ကြီးကြီး ဒေါ်ခင်ဥလည်း မရှိ။

"ဟော... သားကြီး ပြန်လာပြီ"

လမ်းထိပ်က တီးလိုက်သော ကားဟွန်းသံ သံ့သံ့လေးကို ါနွယ်နွယ်ဦး ကြားသည်။ သူ့ကားဟွန်းသံကို သူမှတ်မိနေသည်။ လှိုင်းဖွေးပင် မကြားလိုက်။

ခြံတွင်းသို့ ဖြိုးမြင့်ဝေ၏ကား ဝင်လာချိန်မှာ ဖြူလှိုင်းဖွေး ပြင်သို့ ထွက်ခဲ့သည်။

"မေမေ နေကောင်းလား လှိုင်း"

"အေး... ကောင်းပါတယ်၊ ကိုဖြိုးကလည်း ကြာလိုက်တာဟာ"

"ငါ ချစ်ဆီ ခဏလေးသွားနေလို့"

"ထင်သားပဲ"

"ဆောရီး လှိုင်းရယ်... နင်ပြန်ချင် ပြန်တော့လေ"

"ရပါတယ်၊ အပေါ်တက်စမ်းပါဦး"

"ဟိုကိစ္စတွေ မေးသေးလား"

"ချစ်နှင်းဖြူနဲ့ ကိုဖြိုးကိစ္စလား"

"အေးပေါ့"

"ဟင်အင်း...ဘာမှကို မမေးဘူး"

"နင်နဲ့ငါရဲ့ ကိစ္စရော"

"ဘာမှမပြောဘူး၊ အရင်အတိုင်းပဲ"

"ဒါဆို... အိုကေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုလဲ"

"ငါ ချစ်ကို ဆေးရုံခေါ်သွားတယ်လေ၊ အဲဒီကိစ္စကို မေမေ ဘာမှ မပြောဖြစ်ဘူး။ ဘာမှလည်း မမေးတာ ခုချိန်ထိ။ မေမေက အပါးပဲဟာ၊ တို့နှစ်ယောက်ဟာ ချစ်သူတွေလို့ သိရောပေါ့။ ဒါကြောင့် ငါ တမင်ခေါ်သွားတာ"

"မထင်နဲ့ ကိုဖြိုး"

"ဟင်... ဘာဖြစ်လို့လဲ"

"အန်တီနွယ်ဟာ ကိစ္စတစ်ခုကို မသေချာဘဲ မလုပ်ဘူး။ ဒီကိစ္စကို သူပေါ့ပေါ့တန်တန် နေလိမ့်မယ်လို့ ငါတော့မထင်ဘူး"

"နင်ကလည်းဟာ"

"တို့ တစ်ခုပဲ ဆုတောင်းရမယ် ကိုဖြိုး"

"ဘာကိုလဲ"

"သူ စုံစမ်းပြီးတဲ့အခါ အန်တီနွယ်က ချစ်နှင်းဖြူနဲ့ သဘောတူ ပါစေလို့"

"အေးနော်"

ကိုဖြိုး ပြုံးနေသော်လည်း ဖြူလှိုင်းဖွေးက တွေးတွေးဆ ဟန်ဖြင့်...

"ကိုဖြိုး"

"ဟင်"

"အန်တီနွယ် ရောဂါအခြေနေလည်း ဆရာဝန်နဲ့ ဆွေးနွေး တိုင်ပင်ဦးနော်၊ ကြည့်ရတာ သိပ် အားမရဘူး။ ဆေးရုံကသာ ဆင်း





ယ်၊ သူ့အခြေနေဟာ တိုးတက်မလာသေးဘူး ကိုဖြိုး"

"ငါလည်းသိလို့ မေမေ့ကို သိပ်ဂရုစိုက်ပါတယ် လှိုင်းရယ်။ တာတောင် တစ်ယောက်အိပ်ခုတင် နှစ်ခုဆက်ပြီး မေမေနဲ့ အတူပြီး အိပ်တာပါ၊ ခုလည်း နင်ရှိနေတာနဲ့ ဆေးဝယ်ရင်း ချစ်ဆီ သွားလိုက်တာပါ"

"အေးပါ။ ငါက စောင့်ပေးနိုင်ပါတယ်"

"ချစ်ကို ငါက အိမ်လိုက်ပြီး မေမေ့ကို ကြည့်ပါလို့ ခေါ်တယ်၊ လိုက်ရဲဘူးတဲ့"

"ခု အခြေနေမှာတော့ ဒီလိုပဲ ထားလိုက်တာ ကောင်းပါတယ် ဦး၊ နေပါစေ၊ ချစ်နှင်းဖြူကလည်း နားလည်မှာပါ"

"အေးပါ၊ သူကတောင် ငါ့ကို သနားနေပါတယ်တဲ့"

"ဆေးလည်း ရခဲ့တယ်နော်"

"ရတယ်၊ ဒီမှာလေ"

"ကဲ... ဒါဖြင့်လာ၊ အန်တီ့ဆီ သွားမယ်၊ ပြီးရင် လှိုင်း ပြန်တော့ နော် ကိုဖြိုး"

"အေး...အေး... စောင့်ပေးတဲ့အတွက် ကျေးဇူးပဲဟာ၊ ကြီးကြီးဥ လည်း ခုတလော လမ်းများလိုက်တာ"

ကြီးကြီး ခေါ်ခင်ဥ ဘာကြောင့် လမ်းမှားနေရသည်ဆိုသည်ကို ဘမိမှာပင် ကိုဖြိုးတို့ သိခွင့်ရကြပေတော့မည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်နှစ်

"မောင်နဲ့ ချစ်နဲ့အကြောင်းကို ဖေဖေ သိသွားပြီ မောင်..."

"ဟင်... ဘာပြောလဲ၊ ချစ်ကို ဆူသေးလား"

"မဆူဘူး၊ ဖေဖေက စိတ်ပူနေတာ"

"ဘာကိုလဲ"

"မောင်က သူဌေးသားမို့ သူ့သမီးကို အတည်မယူဘဲ ပစ်သွား မှာ စိုးလို့တဲ့"

ဖြိုးမြင့်ဆေ၏ ရယ်သံသည် အင်းလျားရေပြင်မှ လှိုင်းညွန့်လေး များလို ငြိမ့်ငြိမ့် ညင်ညင်သာသာ။

"ချစ် အောင်မှ မောင်က လက်ထပ်မှာလား ဟင်"

မျှော်လင့်ခြင်းကြီးစွာ မေးလာပုံလေးက ကရုဏာသက်လွ စရာ...

"မောင့်မှာ ဒီလိုရည်မှန်းချက်ကြီး ရှိမနေပါဘူးဗျာ၊ မောင့်ဆ အတိုင်းသာဆိုရင် ခုကို ချစ်နဲ့ မခွဲဘဲ တစ်ခါတည်း အတူနေလို ချင်ပြီ"

"မောင်"

"ဟင်"





"မောင့်မေမေက ကျေနပ်ပါ့မလား"

"ကျေနပ်မှာပါ၊ ဆေးရုံကို ချစ်လိုက်လာတဲ့နေ့က ပြောလည် ဆိုပဲလေ"

"အဲဒီနေ့က တအား ကြောက်နေတာ၊ တော်သေးတယ်၊ စကား ပြော ဖော်ရွေတယ်နော်၊ ချစ်နဲ့မောင်နဲ့အကြောင်း ဘာမေးသေးလဲဟင်"

"ဘာမှမမေးလို့ မောင်တောင် အံ့ဩနေတာ"

"ကောင်မလေးတွေကို ဒီလိုပဲ ခဏခဏ ခေါ်သွားနေကျ မို့လား"

"မဟုတ်ရပါဘူးဗျာ၊ ချစ်ပဲ မောင့်သစ္စာတရားကို ယုံကြည်ပြီး သားဆို၊ မောင့်ဘဝရဲ့ ပထမဦးဆုံးနဲ့ တစ်ယောက်တည်းသော ချစ်သူ ပါ၊ မိန်းကလေးဆိုလို့ လှိုင်းတို့အုပ်စုကလွဲပြီး မောင်... ဘယ်သူ့ကိုမှ သိတာ ချစ် အသိပါ"

"သိပါတယ်။ ဒါနဲ့ မောင့်မေမေက တကယ်ဘာမှ မမေးဘူး လား၊ ရိပ်မိသွားလားဟင်... အရေးထဲ မောင်ကလည်း မောင်လို့ ခေါ်သွားသေးတယ်"

"နှုတ်ကျိုးနေပြီ ချစ်ရဲ့"

"ကဲပါ... အဲဒါတွေ ပြန်ပြောရတာလည်း ထပ်နေပြီ၊ ချစ်တို့ ရေးကို မောင်ဘယ်လို စဉ်းစားပေးမှာလဲ၊ ချစ်ကို အထင်မသေးဘူး ဆိုရင်တော့ အမှန်အတိုင်း ပြောပါရစေတော့လား မောင်ရယ်"

"ပြောစမ်းပါ... အမှန်အတိုင်းဆိုတာကို ပြောစမ်းပါ၊ ဘာလို့ မောင်က မောင့်ရဲ့ အချစ်ဆုံးကို အထင်သေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

“**မောင်ကသာ ချစ်ကို** တည်တည်ကြည်ကြည် ချစ်ကြိုက်တာ ဆိုရင် **ဖေဖေ မေကန့်ကွက်**ချင်တော့ဘူးတဲ့၊ ဘွဲ့မရလည်း နေပေစေ **တော့ မိထွေးနဲ့**လည်း မထားချင်တော့ဘူး၊ သမီးဘဝကို သမီး **ဘဝထောင်**တော့တဲ့”

ဖြိုးမြင့်ဝေ ငြိမ်သက်စွာ တွေဝေနေဆဲ၊ ရော်ရွက်ဝါသည် ဖြိုးမြင့် **ဝေ၏**သားမှာ ကြွေကျလာ၏။

မထင်မှတ်သော သံသယ လျှပ်နွယ်သည် ချစ်နှင်းဖြူ၏ နှလုံး သားပေါ်မှာ ဖြတ်ခနဲ လင်းလက်သွားတော့သည်။

“မောင်ရယ်”

“ဟင်… ချစ်”

“မောင့်အချစ်ကို ချစ် ယုံပါတယ်၊ ဒါပေမယ့် တကယ်တမ်း လက်ထပ်ယူဖို့ကျတော့ မောင် ဝန်လေးသွားပြီ မဟုတ်လားဟင်”

“ဟာ… ချစ်ရယ်”

“မောင်…ချစ်ရဲ့ ချစ်ဦးရယ်၊ မောင်… ပစ်သွားရင် ဆိုတဲ့အတွေး ကို ချစ်တစ်ခါမှ မတွေးဖူးခဲ့သေးဘူး”

“ဟာကွာ… ချစ်ကလည်း မဟုတ်တာတွေ”

“ဟုတ်တယ် မောင်ရယ်၊ မောင်သာ ချစ်ကို ပစ်သွားမယ်ဆိုရင် ချစ်လေ ရိုးရိုးသေမှာမဟုတ်ဘူး၊ ရူးပြီးမှသေမှာ…”

“အို…”

“ပတ်ဝန်းကျင်ဆိုတာ အသာထားဦး၊ ဖေဖေနဲ့ မိထွေးတို့ကို လုံးဝ ချစ်ရင်မဆိုင်ရဲတော့ဘူး၊ အို…မောင်သာ ချစ်ကိုပစ်ရင် တစ်ခါ





ည်း သတ်သေပစ်လိုက်မယ်၊ ရှင်းရော…”

“ဒီမှာ ချစ်… ဘာတွေပြောနေတာလဲဟင်…၊ ဘာတွေ ပြောနေ လဲ၊ မောင်လိုကောင်ဟာ သူများနဲ့မတူဘူးဆိုတာ ချစ်အသိပါ၊ ကို ချစ်လိုပဲ မခွဲနိုင်ဘူးဆိုတာ နားလည်ထားပါ၊ ချစ်ကို စွန့်လွှတ် ခဲ့နေ့ဟာ မောင့်ဘဝ တစ်ခုလုံးကို ဆုံးရှုံးစွန့်လွှတ်ရတဲ့နေ့ပဲ၊ သက်နဲ့ မောင့်ပါးကိုရိုက်စမ်းပါ၊ ခံပါ့မယ်၊ မောင့်ရဲ့ သစ္စာတရား တော့ မထိပါးပါနဲ့ချစ်”

မောင်၏ ‘သစ္စာမာန်’ ကြောင့် ခက်ထန်သွားသော မျက်နှာကို နှင်းဖြူသည် ကြည်ညိုစွာ ကြည့်မိသည်။

“မောင်… ချစ် စကားပြော မှားသွားရင် ခွင့်လွှတ်ပါနော်၊ အို… သွားရင် မဟုတ်ဘူး…၊ မှားကိုမှားသွားပါတယ်”

“ဟင်”

“အဲဒီအတွက် ချစ်အများကြီး တောင်းပန်ပါတယ်မောင်ရယ်… လွှတ်ပါနော်”

“ချစ်ရယ်…”

“မောင့်ကို ချစ်လွန်းတဲ့စိတ်၊ မောင်နဲ့ဝေးရမှာ ကြောက်လွန်းတဲ့ ပြီးတော့… အိမ်ကို ရင်မဆိုင်ချင်တော့တဲ့ စိတ်တွေကြောင့် စကားပြော လောသွားမိပါတယ်။ ဒီအတွက် မောင့်မျက်နှာ သွားတာ မကြည့်ရက်ဘူး။ ပြီးတော့…တစ်ခါမှ မအော်ဖူးတဲ့ချစ်ကို လို့ ချစ်ဝမ်းနည်းမိပါတယ်။ ဒါပေမယ့် မောင့်သစ္စာတရားကို ပြီး လေးစားကြည်ညိုသွားမိပါပြီကွယ်”



www.burmeseclassic.com

www.burmeseclassic.com



လေနုအေးလေးမှ မတိုးသာ မဖြတ်သာအောင် တွေးယူဖွဲ့ပို
ထားလိုက်မိသည်။

ချစ်နှင်းဖြူ၏ အလှသည် တသီးတသန့်လေး လှသလို... 
စိတ်ထားကလည်း လေးစားမြတ်နိုးလွန်းဖွယ် ကောင်းလောက်အော
ခွင့်လွှတ်တတ်ခြင်းများဖြင့် ခြင့်မြတ်ရှာပါပေသည်။

ပြီးတော့... သူ့လက်ရှိ နေရ ထိုင်ရသော ဘဝ၏ မရိုပြည့်
များအတွက်လည်း ဖြိုးမြင့်ဝေမှာ အဆုံးမရှိသော ကြင်နာရခြင်းမျာ
သနားနေမိသည်။

"မောင်တို့ စာမေးပွဲကလည်း တစ်လနဲ့လေးရက်ပဲ လိုတော
တယ်။ ဒီတော့ စာမေးပွဲပြီးအောင် ဖြေလိုက်ကြရအောင်လားနော်...

"ဟုတ်ကဲ့ပါ မောင်"

"ချစ် အောင်အောင်၊ မအောင်အောင်၊ မောင်ပဲ အောင်အော
ကြိုးစားမယ်...ဒါမှ ကျောင်းကိစ္စပြီးမယ်။ စီးပွားရေးကို အနေအေ
ကင်းကင်းနဲ့ ကြိုးစားရှာလို့ရပြီ"

"မောင် ဘာလုပ်မယ် စိတ်ကူးလို့လဲ"

"မေမေ အားလုံး စီစဉ်ထားပြီးပြီ ချစ်ရဲ့၊ ကျောင်းကိုလ
အုပ်ချုပ်ရင်း... အဲဒီကျူရှင်ရဲ့ အောက်ထပ်မှာ တိုက်ခန်းဝယ်၊ စာ
စက်တစ်လုံးပါ ဝယ်ထားပြီး ပုံနှိပ်လုပ်ငန်းပါ တွဲလုပ်ရင် မကြီး
နိုင်စရာမရှိဘူး"

"မောင့်မေမေဟာ တကယ် စီးပွားရှာတတ်တယ်နော်..."

"မေမေ့လောက် ဉာဏ်မှန်းချက်ကြီးပြီး အလုပ် လုပ်နိုင်တဲ့
မျိုး မောင့်ရဲ့ ပတ်ဝန်းကျင်မှာ မတွေ့ဖူးသေးဘူး ချစ်၊ ပြီးတော့





"အင်း..."

"အားလုံးသော အားလုံးဟာ မောင့်အတွက်ချည်းပဲ"

"ဘာကိုလဲ"

"လက်ရှိခြံရော၊ တိုက်ခန်းတွေရော၊ ကားရော၊ ပုံနှိပ်စက်ပါ
အားလုံး မောင့်နာမည်တွေနဲ့ ဝယ်ထားတာချည်းပဲ၊ ဘွဲ့ရအောင် ပညာ
င်ရမယ်။ ပြီးရင် စီးပွားရေးလုပ်ငန်း လုပ်ရမယ်လို့ ကြိုတင်ပုံစံ
ပြီးသား"

"မောင်ရယ်... မောင့်မှာ ပြီး ပြည့်စုံနေလေ၊ သူညဘဝထဲက
ဟာ အားငယ်ရလေပါပဲကွယ်"

"အို... မိန်းမက အိမ်ထောင် ထိန်းသိမ်းတတ်ဖို့ပဲလိုတာ၊ ပစ္စည်း
ရှာဖို့က မောင့်ကိစ္စပဲ၊ မေမေဟာ မောင်နဲ့တွဲပြီး အလုပ်တွေ
င်ပေးထားလို့ မောင်လည်း တတ်နေပါပြီ၊ မောင်ဟာလေ နောင်
ယ်ဘဝ ဆက်ပြီး လူဖြစ်ဦး၊ ဒီလိုမိခင်မျိုးကို မရနိုင်တော့ပါဘူး
ရယ်...၊ မောင့်ကိုလည်း ဘယ်လိုချစ်မှန်း မသိဘူး"

"မောင့်ကိုချစ်သလို... ချစ်ကိုပါ ဆက်ပြီး ချစ်နိုင်ပါစေလို့
လင့်စွာ ဆုတောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ချစ်ကတော့ အောက်ကျ
နေမှာပါ။ တစ်အိမ်လုံးကိစ္စကို သိမ်းကျုံးလုပ်မှာပါ"

"မောင့်အချစ်ကလေးရယ်...ဒီလောက် နှိမ့်နှိမ့်ချချ မပြောပါနဲ့
။ မေမေဟာ စိတ်ထားမြင့်မြတ်တဲ့ မိန်းမတစ်ယောက်ပါ။ ချွေးမကို
ထားချင်တဲ့ ယုတ်မာတဲ့ ယောက္ခမမျိုး မဖြစ်စေရပါဘူး။ တစ်ခု
"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲမောင်"

"မေမေ့ရဲ့ ကျန်းမာရေးဟာ ပိုပြီး တိုးတက်မလာဘူးကွယ်... အဲဒါကြောင့် ချစ်နဲ့ မောင်ရဲ့ကိစ္စ ပွင့်ပွင့်လင်းလင်း မပြောရက်ခဲ့တာပါ"

"မောင် ဆုံးဖြတ်သလို ချစ် နာခံပါ့မယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ စာမေးပွဲပြီးရင်တော့ မောင်တို့ လက်ထပ်ကြမယ်လေနော်"

"မောင်ရယ်... ချစ် တကယ်ယုံပါရစေ"

"မောင် ညာဖူးလို့လား ချစ်ရာ... ဒီမှာ ချစ်အိမ်ကို ပြောလိုက်တော့။ အခု စာမေးပွဲပြီးတာနဲ့ မောင်တို့ လက်ထပ်တော့မယ်လို့နော်"

"ဖေဖေက ဝမ်းသာမှာပါ"

"တစ်ခုပဲ မောင်စိတ်မကောင်းဖြစ်ရမှာ"

"အို... ဘာများလဲ"

"မေမေက နေမကောင်းနေတော့ မေမေ ရည်မှန်းထားသလို ခမ်းခမ်းနားနား မင်္ဂလာပွဲ ကျင်းပနိုင်... မကျင်းပနိုင်"

"မောင်ရယ်... မလိုပါဘူး၊ မလိုပါဘူးကွယ်။ ချစ်တို့ဘက်က မောင်တို့ဂုဏ်ဒြပ်နဲ့ လိုက်မီအောင် မင်္ဂလာပွဲ လာနိုင်တဲ့အဆင့်တော့ မရှိကြပါဘူးရှင်"

ဖြစ်ရပ်မှန်ကို တင်ပြနေလေ... သနားရလေပါ။

"ချစ်တစ်ခုပဲ မောင့်ကို အသနားခံ တောင်းပန်ပါရစေ"

"ပြောပါ... ချစ်"





"မိထွေးပါသိအောင် ကြေညာထားပြီးမှ မောင်က လက်မထပ်ဖြစ်မှာ အကြောက်ဆုံးပါ"

"မောင်ဘာနဲ့ သစ္စာဆိုပြီး ကတိပေးရမလဲ ချစ်၊ ပြော..."

"မောင့်ပါးစပ်ကပြောတဲ့ စကားတိုင်းဟာ 'မုသားမဲ့သစ္စာ' ဆိုတာ ချစ်ယုံကြည်ပြီးသားပါ မောင်၊ အိမ်ကိုပြောပြီးမှ ပျက်ကွက်ရမှာကြောက်လွန်းလို့... စာမေးပွဲပြီးတာနဲ့ တရားရုံးတစ်ခုမှာ တရားဝင် လက်ထပ်ပါလို့ ချစ်လေ... ချစ်လွန်းလွန်းလို့ အရှက်မဲ့စွာ တောင်းပန်ရပါပြီ မောင်ရေ..."

"တော်ပါတော့ အချစ်လေးရယ်၊ သနားရလွန်းလို့ မောင့်ရင်တွေ နာလာပါပြီဗျာ"

ဖြိုးမြင့်ဝေသည် သူကိုယ်တိုင် အမြတ်နိုးဆုံး မေတ္တာနှင့် အချိန်ကြာမြင့်စွာ လိုက်ပြီးမှ ရရှိလာခဲ့သော ချစ်နှင်းဖြူဆိုသည့် အချစ်ဦးလေးကို ရင်မှာ နူးညံ့စွာ ပိုက်ထွေးထားလိုက်ပြီး...

ပါးပြင်နုနှင့် နဖူးပြင်များပေါ်သို့ အကြင်နာအနမ်းနုလေးများသာ ပွင့်ဝေစေခဲ့သည်။

ဖြိုးမြင့်ဝေသည် သူ၏ ချစ်နှင်းဖြူသို့ ကြမ်းကြမ်းတမ်းတမ်းပင် မထွေးပိုက်ရက်။

ပါးကလေးများ ပဲ့ကြွေသွားမှာကို စိုးရိမ်သလို၊ အနမ်းကိုပင် နုနုရွရွလေး နမ်းတတ်ရှာသည်။

သြော်... အချစ်ဦးလေး စိုးကြောက်နေရှာသော 'ခွဲခွာခြင်း' ဆိုသည်မှာ သူ့ဘဝတွင် မရှိစေရဟု...

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အင်းလျားရေပြင်ကို သက်သေတည်လျက် လာမည့် တစ်လကျော်ကြာသော အချိန်မှာ အတူတကွ နေပါတော့မည်ဟု ကရုဏာမှ ပေါက်ပွားလာသော အခိုင်မာဆုံး ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ပါသတည်း။

❖ ❖ ❖

## အခန်း တစ်ဆယ့်သုံး

စက္ကန့်များစွာကြောင့် နာရီ၊ နာရီများစွာကြောင့် နေ့ရက်၊ နေ့ရက်များစွာကြောင့် တစ်လဆိုသော ကာလသည် ဘာမှမကြာလိုက်။

မနေ့ကပင် ကိုဖြိုးတို့၊ လှိုင်းတို့၏ နှစ်လည်စာမေးပွဲကြီး ပြီးဆုံးခဲ့ပါပြီ။ တက္ကသိုလ်အတွက် နေ့ဝင်နှုတ်ဆက်ရက်များလည်း ပြီးဆုံးလွန်မြောက်ခဲ့ချေပြီ။

မနေ့ကမူ...

အချစ်ဆုံးသော ချစ်နှင့် ချစ်သူဘဝ၏ နောက်ဆုံးရက်များ အဖြစ်နှင့် တက္ကသိုလ် ပရဝုဏ် နယ်မြေ အတွင်း၌ပင် အပျော်ကြီး ပျော်ခဲ့ပြီးပါပြီ။





ချစ်နှင့် နေရချိန်သည် အမြင်၌ရော ရင်၌ပါ 'အချစ်' ရှိနေပြီး ချစ်နှင့် ခွဲခွာလာရပြီးသည်နှင့်...

နောက်တစ်ခါ ချစ်နှင့် မဆုံရမချင်း 'အလွမ်း'သည် ဖြိုးမြင့်ဝေ၏ ရင်မှာ ဝေဆာပြည့်ဖုံးလျက်ပါ။

ယနေ့တော့ ချစ်နှင့် မဆုံတွေ့နိုင်တော့။ လှိုင်းတို့အိမ်မှာ ဒေါ်ခင်ပြုံးရှိပါ အတူထိုင်စောင့်နေကြသည်။

နေ့လယ် ဆေးရုံမှဆင်းပြီး ထမင်းစားချိန်မှာ လှိုင်းတို့အိမ်မှ အားနှင့် ဒေါက်တာသီဟ ပါရှိလာခဲ့သည်။

"ဒီအိမ်မှာပဲ အားလုံး တိုင်ပင်ကြရအောင်ပါ ကိုဖြိုး"

"မေမေ့အခြေအနေဟာ သိပ်ဆိုးနေပြီလား လှိုင်းရယ်"

"ဒီနေ့ ဓာတ်မှန်ပါ ယူလာမယ်၊ ပါရဂူတွေနဲ့ ဒေါက်တာသီဟ ဆွေးနွေးလာခဲ့မယ်လေ၊ အန်တီနွယ်ရဲ့ ရောဂါရာဇဝင်ကို ဆေးရုံတင်ထားတည်းက ဆရာဝန်ကြီးတွေ သိပြီးသားပါ။ ဒါတွေစုပြီး ဒီမှာ ဆွေးနွေးကြမယ်။ ဘာပဲဖြစ်ဖြစ်... စိတ်တော့ အေးအေးထားပါ ကိုဖြိုး"

"မအေးနိုင်ဘူး လှိုင်းရယ်၊ ငါ မေမေ့အတွက် သိပ်စိတ်ပူသွားပြီ"

"ကဲပါလေ... ဒေါက်တာသီဟ ဝင်လာပြီ၊ တစ်ခါတည်း ဆွေးနွေးကြရအောင်ပါ။ ဘယ်လို ကုသကြမယ်ဆိုတာကိုပေါ့... ကိုဖြိုး ရယ်နော်"

ဒေါက်တာသီဟသည် တစ်အိမ်သားလုံးကို နှုတ်ဆက်ပြီး စားပွဲပေါ်သို့ သူ့အတက်ချီကေ့(စ်)ကို တင်ပြီး ထောက်ခနဲ ဖွင့်လိုက်သည်။ ထက် ဓာတ်မှန်တစ်ချပ်ကို ဆွဲထုတ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသီဟသည် နိုင်ငံခြားသို့ မသွားရမီ သာမန်ဆရာဝ
ဘဝကပင် ကိုဖြိုးတို့ လှိုင်းတို့ နှစ်အိမ်လုံးနှင့် ခင်မင်ရင်းနှီးသော
မိသားစုဆရာဝန်ပါ။ ယခု ခွဲစိတ်ပါရဂူ အဖြစ်နှင့် မြန်မာပြည်သို့
ပြန်ရောက်ပြီးသော်လည်း ယခင်အတိုင်း ခင်မင်မြဲ၊ ကုသပေးမြဲပါ။

"ဆရာ... မေမေ့ အခြေနေဟာ စိုးရိမ်စရာများရှိလား...ဟင်"

ပူပန်မျက်နှာနှင့် မေးသော ကိုဖြိုး၏ မျက်နှာရှေ့မှ အလင်
ရောင်တွင် ဓာတ်မှန်ကို ထောင်ပြပြီး...

"ဒါ အသည်းနေရာပဲ ကိုဖြိုး၊ ဒီနေရာတွေ ပျက်စီးကုန်ပြီ ဆို
သဘောပဲ"

"ဗျာ"

"ဟိုတလောက ဝမ်းအမည်းတွေ အများကြီးသွားပြီးတော့
ဆေးရုံတင်လိုက်ရတယ် မဟုတ်လား။ အဲဒီတည်းက သူ့ အသည်း
ကို ယူပြီး ဓာတုဗေဒနဲ့ စစ်ဆေးအဖြေရှာခဲ့ကြပြီးပါပြီ"

"ခင်ဗျာ"

"ဒေါ်နွယ်နွယ်ဦးရဲ့ အသည်းမှာ ကင်ဆာရောဂါတွေ အားလုံး
ပျံ့နှံ့ဖျက်ဆီးထားပြီကွယ်"

"ခင်ဗျာ... ခင်ဗျာ... ကင်ဆာ ဟုတ်လား"

"ဟုတ်ပါတယ် ကိုဖြိုး၊ ဒီက မမပြုံးတို့ လှိုင်းတို့တော့ အားလုံး
သိပြီးကြပါပြီ၊ ကိုဖြိုး စာမေးပွဲ မပြီးသေးလို့၊ မပြောရက်ကြသေး
ခုမှ ဖွင့်ပြောရတာ"

"ဆရာရယ်... ဒါ... ဒါဖြင့် မေမေ့... မေမေ့ အခြေနေဟာ..."





"စိတ်သာငြိမ်အောင် ကြိုးစားတော့ ကိုဖြိုး၊ ဆရာတို့ ဆေးပညာ
နဲ့တော့ ကုသလို့ မရနိုင်တော့ဘူးကွယ်"

"အို... ဆရာရယ်"

"ဒါပေမယ့် သူ့ရဲ့ ကံတရား ရှိပါသေးတယ်လေ၊ ဘေးက
ထိန်းမတ်ပေးပြီး သူ့ စိတ်တိုင်းကျ၊ စိတ်ချမ်းသာအောင် ထားပေးကြ
ပေါ့။ ဒါဆို နောက်သုံးလလောက်တော့ ထပ်ပြီး အသက်ရှင်နိုင်..."

"သုံးလ...ဟုတ်လား၊ သုံးလတည်း မေမေ အသက်ရှင်ခွင့်
ရှိနိုင်တော့မယ်တဲ့လား ဆရာရယ်... မေမေ့ကို... မေမေ့ကို ကယ်ပေး
ပါဦးဗျာ"

ဒေါက်တာသီဟ၏ လက်မောင်းကို ပြေးကိုင်ပြီး ဒူးထောက်
ချလျက် တုန်တုန်ယင်ယင် ပြောနေရှာသော ကိုဖြိုးသည်...

သူ့စကားဆုံးသည်နှင့် တုန်လှုပ်ချောက်ချားလွန်းစွာ ငိုရှိုက်
နေရှာသည်ကို ကြည့်ပြီး...

ဒေါ်ခင်ပြုံးရီရော လှိုင်းပါ ဝိုင်း၍ ငိုကြရပါပြီ။

"မေမေ...မေမေ သုံးလတည်း အသက်ရှင်တော့မယ်"

"မေမေနဲ့... အချစ်ရဆုံး ကျေးဇူးရှင်မိခင်ကြီးနဲ့ သုံးလတည်း
နေခွင့်ရတော့မယ်"

ဆိုသော အသိသည် ဖြိုးမြင့်ဝေ၏ ရင်မှာ မီးတောင်သဖွယ်
ဖူလောင်စွာ ပေါက်ကွဲလေပြီ။

"ဆရာ... မေမေ့ကို ကယ်ပေးပါဦးဗျာ၊ ဘယ်လောက်ကုန်ကုန်
ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဆရာ...ဟို...နိုင်...နိုင်ငံခြားမှာ သွားကုခွင့် ပေးတယ် မဟုတ်လားဟင်၊ ဟိုမှာ သွားကုရင်ရော"

မျှော်လင့်ချက်ကြီးစွာ မေးနေရှာသော ကိုဖြိုး၊ မျက်ရည်များ စီးသွယ်လျက် တုန်တုန်ယင်ယင် ဖြစ်နေရှာသော ကိုဖြိုးကို...

ဒေါက်တာသီဟက ထူမပြီး ကုလားထိုင်ပေါ်တွင် ထိုင်စေသည်။

"ကင်ဆာဟာ ရောဂါပိုး မရှိဘူး၊ ပြီးတော့ ခုချိန်ထိ ကမ္ဘာပေါ်မှာ လွှမ်းနေတဲ့ ကင်ဆာရောဂါကို အောင်မြင်စွာ ကုသနိုင်တဲ့ဆေးရုံ မရှိသေးပါဘူးကွယ်"

"ဒါ...ဒါဆို... ကျွန်တော့် မေမေကို ဒီတိုင်းပဲ ထားရတော့မယ်ပေါ့၊ ကုလို့မရတော့ဘူးပေါ့... ဟုတ်လား ဆရာ"

ဒေါက်တာသီဟမှာ ခေါင်းမညိတ်လိုက်ရက်။

တစ်ဦးနှင့်တစ်ယောက် အချစ်ကြီး ချစ်လွန်းကြသော အမေ တစ်ခု သားတစ်ခု၏ ဘဝကို ဒေါက်တာသီဟ သိပြီးသား။

အားလျှော့ရပါပြီ...

မေမေ့ကို မကြာမီမှာ အပြီးတိုင် ဆုံးရှုံးရခြင်းများဖြင့် ခွဲခွာရ တော့မည် ဆိုသော အသိဖြင့် ကိုဖြိုးသည် ဘာစကားမှ မပြောနိုင်တော့။

ခေါင်းငုံ့ချပြီး မျက်ရည်များ တစ်ပေါက်ချင်း ကျဆင်းရာက ထိန်းမရတော့သလို ရှိုက်၍ရှိုက်၍ ငိုနေသည်ကို အားလုံး မကြည့်ရက် မမြင်ရက်တော့။

ဒီအဖြစ်မျိုးလို ကြုံဆုံတွေ့မြင်နေကျ ဒေါက်တာ သီဟပင်လျှင်





သံယောဇဉ် ဖြစ်နေရသော တူလေးသဖွယ် ဖြိုးမြင့်ဝေ၏ ငိုရှိုက်နေပုံကို ကြည့်ပြီး မျက်ရည်လည်လာသည်။

ဒေါ်ခင်ဖြူးရီလည်း မနေသိမ့်နိုင်။ သူလည်း ကိုဖြိုးကို သနားစိတ်၊ အခင်မင်ဆုံးမိတ်ဆွေ နွယ်နွယ်ကို နှမြောစိတ်များဖြင့် ဒေါက်တာ သီဟ ပြန်သွားသည်ကိုပင် ကောင်းစွာ မနှုတ်ဆက်နိုင်၊ မျက်ရည် ဖြိုင်ဖြိုင်သာ ကျလျက်...

"ကိုဖြိုးရယ်... ဒီလောက် ငိုမနေပါနဲ့ကွယ်၊ သူ့ကံကလည်း ရှိပါသေးတယ်"

"လှိုင်း...သူငယ်ချင်း၊ ငါ မေမေ့ကို မခွဲနိုင်ဘူး၊ မေမေသေမှာကို ငါရင်မဆိုင်ရဲဘူး။ ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ လှိုင်းရယ်"

လှိုင်းလည်း ဘာမှ မဖြေသိမ့်နိုင်၊ မပြောနိုင်တော့။

ကိုဖြိုးနှင့်အတူ နာကျင်ကြေကွဲစွာ သည်းသည်းထန်ထန် လှိုင်းပါ လိုက်၍ ငိုရှိုက်မိပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း တစ်ဆယ့်လေး

"ခွဲကြရတော့မည်"

ဆိုသော အသိဖြင့် ခုတင်ပေါ်တွင် အိပ်ပျော်နေရှာသော ချစ်မေမေ၏ မျက်နှာကို ငေးကြည့်ရင်း ကိုဖြိုး၏ မျက်ဝန်းမှ ကျဆင်းလာသော မျက်ရည်များက အဆက်မပြတ်။

"မေမေရယ်"

နှလုံးသားထဲမှ တမ်းတမ်းတတ ကြေကြေကွဲကွဲ ခေါ်မိသည်။

မေမေသည် သူ့ကိုယ်သူ ထာဝရ ဒုတိယနေရာမှ နေခဲ့သည်။ သူ ပင်ပန်းကြီးစွာ ရှာဖွေခဲ့သော စီးပွားများအားလုံးသည် သားလေးအတွက်သာ။

သား တောင်းဆိုသမျှ မလုပ်ပေးခဲ့ဖူးသည့်အရာ မရှိခဲ့သေး။

သုံးနှစ်သားရွယ် သားလေးအတွက် သူ့ဘဝ တစ်ခုလုံးကို မြှုပ်နှံ၍၊ သူ့အတွက် 'ဘဝသစ်'ကို တည်ဆောက်နိုင်ပါလျက်နှင့် သားအတွက်သာ တစ်သက်တာ နေပေးခဲ့ရှာသည့် ကျေးဇူးရှင် မိခင်ကြီး။

ဖခင်၏ နေရာမှရော မိခင်၏ နေရာမှပါ မလစ်လပ်ရအောင် တာဝန်နှစ်ရပ်လုံးကို ထမ်းဆောင်ပေးခဲ့ရှာသည့် မေမေ့အတွက်...



ကိုဖြိုး၏ လုပ်ကျွေးတုံ့ပြန်ခြင်း ဆိုသည်များကို ဆံရှည်တစ်မျှင် ...ျှ ပြန်လည်၍ မပေးဆပ်နိုင်မိမှာ...

မေမေသည် သူ့နှလုံးသည်းပွတ်ပမာ ချစ်လှစွာသော သားလေး ...ကို ထာဝရ စွန့်လွှတ်ခဲ့ခွာ၍ သေခြင်းတရား၏ နောက်သို့ လည်စင်း၍ လိုက်သွားရရှာတော့မည် ဆိုခြင်းအတွက်...

ကိုဖြိုး၏ ရင်မှာ ဆောက်တည်ရာမရနိုင်လောက်အောင် ...လှိုက် ချောက်ချားစိတ်၊ နမြောတသ ယူကျုံးမရလွန်းသော စိတ်များ ... မိခင်၏ ခုတင်ဘေးတွင် ကျိတ်မြို ပိတ်ဆီးလျက် သည်းထန်စွာ ...ျူးနေရှာသော ကိုဖြိုး၏ ပခုံးကို လက်နုလေးတစ်ခုက ညင်သာစွာ ...ကိုင်လာပြီး...

"တိတ်ပါ ကိုဖြိုးရယ်၊ အန်တီနွယ်နီးလို့ တွေ့သွားရင် ခက်နေ...ဦးမယ်"

နားနားကပ်လျက် လေသံတိုးဖြင့် လှိုင်း သတိပေးလေမှ ...မျက်ရည်များ သုတ်လိုက်ပြီးသည်နှင့်...

'ဒေါ်နွယ်နွယ်ဦး လွန့်လူးလာသည်။

"သားလေး... ကိုဖြိုး"

"ကိုဖြိုးရှိတယ် အန်တီ၊ အနားမှာပါ"

လှိုင်းက သူ့ကိုယ်နှင့် ကွယ်ကာပြီး ကိုဖြိုး၏ မျက်ရည်စများကို ...ပစ်နိုင်ရန် အချိန်ပေးလိုက်၏။

"သမီး...ရောက်နေတာ ကြာပြီလား"

"ဟုတ်ကဲ့ အန်တီနွယ်၊ သမီးတို့ စာမေးပွဲပြီးသွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ အချိန်ပြည့် လှိုင်းနေလို့ရပြီ အန်တီနွယ်ရဲ့"

လုံမဖော စိတ်ချမ်းသာပါစေရန်နှင့် မျက်ရည် စိုနေသော သူ့သား၏ အရိပ်အခြည်ကို မသိပါစေရန် ဖာဖာထေးထေးပြောသော စကားဖြစ်သော်လည်း...

ဒေါ်နွယ်နွယ်ဦးသည် လင်းလက်ကြည်နူးသော အပြုံးဖြင့် အဓိပ္ပာယ်တစ်ရပ်ကို ဖော်ကျူးလိုက်ကြောင်း လှိုင်းသိလိုက်ရပါ၏။

ရှိစေတော့...

လူ့လောကတွင် သုံးလတာမျှလောက်သာ အသက်ရှင်နိုင်မည့် မိန်းမသားတစ်ဦးအတွက် ဘာကိုမှ တုံ့ပြန်ချေပလိုစိတ် မရှိတော့ပါ။

"သား... သားလေးနေကောင်းရဲ့"

"မေမေရယ်... သားနေကောင်းပါတယ်"

ကိုဖြိုး၏အသံတုန်နေသည်။ သားငယ်၏ မျက်နှာကို အရိပ်အခြည်ခတ်နိုင်လွန်းလေစွ။

ဆရာဝန်နှင့် ဆုံခဲ့သည်၊ ဖြစ်ရပ်မှန်ကို သိရှိခဲ့ရပြီဟု ဒေါ်နွယ်နွယ်ဦး လုံးဝ ရိပ်မိနိုင်မည် မထင်ပါ။

သူ့ဝေဒနာကို သူ သိသည်။ အားလျော့နေသည်ကတော့ ကြာခဲ့ပြီ။

သို့သော်လည်း ဤလောကကြီး၌ သူ ဆက်လက် အသက်ရှင်နိုင်မည့်အချိန်သည် ရက်ပေါင်း ကိုးဆယ်မျှ လောက်သာ ရှိတော့မည်ဆိုသည်ကိုဖြင့် သူမသိရှာပါလေ။





"မေမေ ဘာစားမလဲဟင်"

"ဘာမှ မစားချင်ဘူးသား"

"လိမ္မော်ရည်လေး လောက်တော့ သောက်လိုက်ပါဦးလား မေမေ၊ သား ညှစ်လိုက်မယ်နော်"

ဒေါ်နွယ်နွယ်ဦးက ကြည်နူးစွာ ခေါင်းညိတ်သည်။

ကိုဖြိုးကိုယ်တိုင် လိမ္မော်ရည်ကို ဖျော်စပ်သည်။

ပြီးတော့ မိခင်ကြီးကို သူကိုယ်တိုင် ပွေ့ထူပြီး တိုက်ကျွေးနေပါ၏။

'နောက်ဆုံးအချိန်'ဟူသော ကြေကွဲစိတ်ဖြင့် ကိုဖြိုးသည် ယုယဆုံး ပြုစုနေရှာသည်။

အန်တီနွယ်ကလည်း သား၏ အယုယကလေးများကို ကြည်နူးစွာ ခံယူနေပါ၏။

မိခင်ကို ပွေ့ထားလျက်၊ နှုတ်ခမ်းတွင် ပေနေသော လိမ္မော်ရည်၊ လိမ္မော်မှာ အစအနလေးများကို တယုတယ သုတ်ပေးနေသောမြင်ကွင်းကို ကြည့်ပြီး ဖြူလှိုင်းဖွေး၏ ရင်၌ နင့်နဲ့ကြေကွဲစွာ ခံစားလာရသဖြင့် ကျလာသော မျက်ရည်ကို သူတို့တွေ မမြင်ပါစေရန် အခန်း၏ပြင်ပသို့ ထွက်ခဲ့ရတော့သည်။

"အို... လှိုင်း၊ နင်... ငိုနေတယ်လား"

ခဏကြာတော့ ဧည့်ခန်းဆိုဖာပေါ်တွင် ကိုဖြိုး လာထိုင်ရင်း မေးသည်။

"ကိုဖြိုးတို့သားအမိကို မကြည့်ရက်လွန်းလို့ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရင်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာတော့ တွေးသာကြည့်
ပါတော့ လှိုင်းရေ"

"သိတယ်... လှိုင်းသိတာပေါ့ ကိုဖြိုးရယ်"

"အမေရဲ့ အသည်းတွေ ကြွေကျကုန်တယ်ဆိုသလို၊ ငါ့ရင်ထဲ
က အသည်းတွေလည်း ကြွေသွားသလိုပါပဲ"

"တိုးတိုးပြော၊ ကြားသွားဦးမယ်၊ ပြီးတော့ နင်ငိုထားတာ
လည်း အန်တီနွယ်သိလို့ မဖြစ်ဘူးကွယ်... တိတ်ပါ ကိုဖြိုး"

ဖြိုးမြင့်ဝေ မျက်ရည်သုတ်ရှာသည်။

"လှိုင်းရယ်၊ နင်တို့လို မိသားစု အများကြီးနဲ့ နေရမယ်၊ စီးပွား
ရေး၊ ပညာရေး၊ လူမှုရေးတွေကို ငါ့ရဲ့ဖေဖေကပါ မေမေနဲ့အတူ
ထမ်းနေနိုင်တာမျိုးဆိုရင် ငါ ခုလောက်ခံစားရမယ် မထင်ဘူး"

"လှိုင်း... စာနာပါတယ်ကိုဖြိုးရယ်"

"ခုတော့ ငါ့ရဲ့ အသက်နှင့်အမျှ အတူ နေခဲ့ရတဲ့ မေမေ၊ ငါ့
အတွက် သူ့ဘဝထက်ပိုပြီး ချစ်မြတ်နိုးခဲ့တဲ့ မေမေ့ကို ငါစွန့်လွှတ်
ရတော့မယ်၊ သိပ်ချစ်ကြတဲ့ တို့သားအမိကို သေခြင်းတရားက ရက်ရက်
စက်စက်ကြီး ခွဲထုတ်တော့မယ် လှိုင်းရဲ့"

"ကိုဖြိုးရယ်"

မနှစ်သိမ့်နိုင်တော့...

လှိုင်းပါရောပြီး တနင့်တနဲကြီး ငိုချလိုက်မိပါတော့သည်။

"ဟဲ့... အို... တိုးတိုးလုပ်၊ သိပ် နားပါးတာ၊ ကြားသွားဦးမယ်
အကြောင်းစုံသိပြီးသား ကြီးကြီးဥက လာရောက်ဟန့်တားပြီ





"လှိုင်း ပြန်တာ လိုက်ပို့တယ်ထင်တယ်တဲ့၊ ပြောစရာရှိလို့
နှစ်ယောက်စလုံး ပြန်လာခဲ့ကြဦးတဲ့ ခေါ်နေပြီ"

ကြီးကြီးဥ စကားကြောင့် ကိုဖြိုး၏ စာကြည့်ခန်းတွင် ပြေးဝင်
ကြသည်။ ကိုဖြိုးက... သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်ပြီး...
ခန်းထဲတွင် ပြုံးကြည့်ရှာသည်။ သူ့မျက်နှာ နဂိုအတိုင်း ဖြစ်ရန်ပါ။

လှိုင်းကတော့ ပါလာသော စလင်းဘက်အတွင်းမှ ကရင်
ပေါင်(ဖ)နှင့် မျက်ခမ်းတစ်ဝိုက်ကို တို့ဖျက်ပြီး မျက်နှာတစ်ပြင်လုံး
ခဲ့သည်။

"မငိုနဲ့တော့ နော် လှိုင်း"

"ကိုဖြိုးလည်း ထိန်းထားပါနော်"

နှစ်ယောက်အတူ အပြုံးတုများကို ဆင်မြန်းလျက် အခန်းတွင်း
သို့ ပြန်ဝင်ခဲ့ကြရသည်။

"လှိုင်း ပြန်လို့ စကားပြောရင်း လိုက်သွားမိတာ မေမေ"

"နှုတ်မဆက်ဘဲ လှိုင်းပြန်သွားလို့"

"ပြန်လာမှာမို့ပါ အန်တီနွယ်..."

"အေးကွယ်... ထိုင်ကြဦး"

"မေမေ နေသာရဲ့သား ဟင်"

"သားရဲ့ လိမ္မော်ရည်အေးလေး သောက်လိုက်ရတာ ရင်ထဲမှာ
ကြည်ပြီး အေးသွားတာပဲ သားရဲ့"

အားလုံး ကြည်ကြည်နူးနူးဖြင့် အပြုံးအစစ်နှင့် ပြုံးမိကြသည်။

"သား ကိုဖြိုးနဲ့ သမီးလှိုင်းကို ပြောစရာ ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... အန်တီ၊ ပြောပါ"

"ကိုဖြိုးရဲ့ ချစ်သူ၊ ချစ်နှင်းဖြူရဲ့ အကြောင်းကို မေ
အသေးစိပ် စုံစမ်းပြီးပါပြီ"

"ဟင်"

"ရှင်... အန်တီ သိတယ်လား"

ခေါင်းညိတ်သည်။

"သား ချစ်ရင်၊ မေမေလည်း ချစ်နိုင်အောင် ကြည်ဖြူနိုင်အော
ဆိုပြီး စုံစမ်းရတာပါ၊ အင်မတန်မှ စီစဉ်နိုင်တဲ့ မေမေဟာ အိပ်ရာထဲ
နေပြီး တယ်လီဖုန်းတစ်လုံးနဲ့ မိတ်ဆွေတွေကို အကူညီတောင်း၊ မ
ကို ဟိုသည်လွှတ်ပြီး စုံစမ်းတော့ အားလုံး သိခဲ့ရပါပြီ..."

စီရင်ချက် တစ်ခုအဖြစ်နှင့် ကိုဖြိုးမှာ ရင်မလှုပ် မိခင်၏စကာ
ကို မျှော်လင့်နေရပါ၏။

"ချစ်နှင်းဖြူဟာ ရိုးသားတယ်၊ အေးငြိမ်းတယ်၊ အနိမ့်ခံသ
မို့လား မသိ၊ သနားစရာလေး ဖြစ်နေတယ်"

ကိုဖြိုး၏မျက်ဝန်းတို့ ရွှန်းလက်လာသည်။

"မေမေ ဂုဏ်မမက်ပါဘူး၊ ငွေ မလိုချင်ပါဘူး၊ သားအတွ
အကောင်းဆုံး အိမ်ထောင်ဖက်တစ်ယောက် ရစေချင်တာဟေ
မေမေရဲ့ အဆုံးစွန်သော အမြင့်မားဆုံးသော မျှော်လင့်ချက်ပါ
သားရယ်"

"ဒါဆို မေမေ... ချစ်... နှင်းဖြူကို လက်ခံနိုင်လားဟင်"
စာမေးပွဲ ပြီးပြီးချင်း လက်ထပ်ပါတော့မည်ဟု ကတိထား





ချစ်သူထံသို့ပင် မရောက်နိုင်သည်မှာ သုံးရက်ရှိသွားခဲ့ပြီ။

မေမေသည်သာ ချစ်ကို လက်ခံပါမည်ဆိုလျှင် ယခု လက်ထပ်၊
ခုပင် အိမ်ခေါ်လာပြီး ချစ်သူနှစ်ယောက် ဝိုင်းပြုစုလိုက်ချင်သည့်
နှသည် ရင်တွင်းသို့ အသံထက်မြန်သော အလျှင်နှုန်းဖြင့် ရောက်ရှိ
ခဲ့သည်။

"ဟုတ်ပါတယ် အန်တီနှယ်... ချစ်နှင်းဖြူဟာ လှိုင်းတို့သူငယ်
င်းပါ၊ သိပ်ရိုး သိပ်အေးပြီး သိပ်သဘောကောင်းပါတယ်၊ သူတို့ချင်း
ည်း သိပ်ချစ်နေကြတယ် အန်တီနှယ်... ကိုဖြိုးနဲ့ ကြည်ဖြူခွင့်ပေး
ိုက်ပါ လှိုင်း၏ ဝိုင်းတောင်းပန်ပါတယ် ရှင်..."

"ဒီလိုရှိတယ် သမီး..."

ထက်မြက်သော မျက်ဝန်းများ တောက်ပစွာဖြင့် လှိုင်းသို့ ကြည့်
ိုက်ပြီး...

"အချစ်တစ်ခုတည်းဆိုရင်တော့ ချစ်သူဘက်က ရှိမယ်၊ အချစ်
ယ်ဆိုရင် ပြီးပါတယ်၊ ပြည့်စုံတယ်... ဒါပေမယ့် အိမ်ထောင်တစ်ခု
ည်ဆောက်တော့မယ် ဆိုရင်တော့ သူတစ်ယောက်တည်း မပြီး
တော့ဘူး၊ သူ့ပတ်ဝန်းကျင် မျိုးရိုးကိုပါ ကြည့်ရတော့မယ်"

"စိုးရိမ်ဖွယ် အခြေနေ ဖြစ်လာလေပြီလား" ဟူသော အကြည့်
ဖြင့် ကိုဖြိုး လှိုင်းကို ကြည့်လာသည်။ ထင်သည့်အတိုင်းပါပင်...

"မိန်းကလေးက ဆင်းရဲတယ်၊ မိထွေးနဲ့ နေရတယ်၊ မိထွေးက
ွေးတဲ့ ကလေးတွေ ရှိသေးတယ်၊ မိထွေးကလည်း အောက်တန်း
ကယ်ကျတယ်၊ အဖေကလည်း ခါးဝတ်ပုဆိုးကဲ့သို့ အဖော်ကို စွဲမြဲ



www.burmeseclassic.com

www.burmeseclassic.com



ရှာ သောက်နေတဲ့လူ... အဲဒီ မိသားစု တစ်အုပ်လုံးဟာ၊ တစ်ခါမဟုတ် တစ်ခါ၊ တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ ပတ်သက်လာမှာပဲ..."

"အန်တီနွယ်ပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ချစ်နှင်းဖြူ ကိုယ်တိုင်ကကို သူတို့နဲ့ ခွဲထွက်ချင်နေတာ၊ အပတ်သက်မခံချင် တာပါ၊ ဒီအကြောင်းကြောင့်ဆိုရင် အန်တီနွယ် စိတ်ချပါ၊ ဒီကိစ္စကို ချစ်နှင်းဖြူ ကိုယ်တိုင်ကပါ ကာကွယ်မှာပါ"

"ဖခင်က အရက်သမား၊ ပြည်သူပိုင်ငွေ အလွဲသုံးစားမှုနဲ့ ထောင်နှစ်နှစ် ကျဖူးတယ်"

"ဟင်..."

ဒီအကြောင်းကို ကိုဖြိုးတို့ လှိုင်းတို့ပင် မသိကြသေး၊ ဒေါ်လှလှ ကလည်း ပြောမပြခဲ့...

"မမေရယ်၊ သူ့အဖေဖြစ်ခဲ့တဲ့ အမှုမျိုး တစ်ချိန်က အတော် များများ ဖြစ်ခဲ့ကြပါတယ်။ ဒါဟာ သားရဲ့ ချစ်သူနဲ့ မဆိုင်ပါဘူးဗျာ"

"ကောင်းပြီ၊ ဒါတွေကို ချေဖျက်နိုင်တယ်ထား၊ မမေရဲ့ ရင်ထဲ အသည်းနှလုံးထဲမှာ ဘယ်လိုမှ ချေဖျက်လို့ မရနိုင်တဲ့ အရာတစ်ခု ရှိနေတယ်သားရေ"

ကိုဖြိုးသည် စိုးရိမ်လွန်းစိတ်ကြောင့် မမေးရဲတော့။

"ဘာများလဲ အန်တီနွယ်ရယ်"

"သူ့အမေ ဘယ်သူလဲ၊ ဘာလုပ်နေလဲဆိုတာရော သိကြရဲ့ လား"

"သူ့မေမေက သူငယ်ငယ်တည်းက ဆုံးခဲ့ပါပြီ မေမေ"





"မဟုတ်ဘူးသား... မဟုတ်ဘူး"

ဒေါ်နွယ်နွယ်ဦးသည် နှမ်းလျှမှု၊ နာကျင် ကြေကွဲမှုများကို ခဲ၍...

"ချစ်နှင်းဖြူရဲ့ မိခင်ဟာ အခု သာကေတမြို့နယ် တစ်နေရာမှာ နေဆဲပဲ"

"ဟင်..."

"သူဟာ... ဦးစိုးချစ် လက်ထဲကနေ ချစ်နှင်းဖြူကိုပါ ထားခဲ့ ... နောက်ယောကျ်ားနောက် လိုက်ပြေးသွားခဲ့တာ"

"အို..."

"ဒါတင်ဘယ်ကဦးမလဲ သားကြီးရယ်...၊ သူ ထောင်သုံးလ ပြီး လွတ်လာတာ လေးဆယ့်သုံးရက်ပဲ ရှိသေးတယ်"

"ဟင်... ဘာမှုနဲ့လဲ အန်တီနွယ်"

"မကောင်းတဲ့ မိန်းကလေးတွေကို မွေးပြီး စီးပွားရှာမှုနဲ့၊ ပြည့် န်သာမလေးတွေနဲ့အတူ ခေါင်းဆောင်ဖြစ်တဲ့ သူ့ကိုပါ ဖမ်းခဲ့တာ"

"ဟာ"

"မိန်းကလေးတွေကိုတော့ အမျိုးသမီး စောင့်ရှောက်ရေးဂေဟာ ပို့က်ပါပြီ။ သူ့ကိုတော့ ထောင်ချ၊ ပညာပေးပေါ့၊ ခုတော့ အခြေမဲ့ နေမဲ့နဲ့ သာကေတမှာ ရှိလေရဲ့၊ နာမည်က မခင်နှင်းတဲ့"

"အို... ဒါ... ဒါတွေ မေမေ ဘယ်လိုလုပ်သိလဲ၊ ဟုတ်ရော တ်လို့လား၊ မေမေရယ်... သား လက်မခံပါရစေနဲ့၊ မယုံပါရစေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေဟာ...မဟုတ်တဲ့အလုပ်ကို မလုပ်ဘူး။ မမှန်တဲ့ အပြောဆို ဘယ်တော့မှ မပြောဘူးဆိုတာ သားအသိပါ"

"မေမေရယ်"

ကိုဖြိုး ငိုလေပြီ။

"ချစ်နှင်းဖြူတို့ ငယ်ငယ်က ပုဇွန်တောင် တပ်မြေမှာ အတူနေခဲ့ကြသူတွေဆီက သိခဲ့ရတာ၊ ကိုစိုးချစ်နဲ့အတူ အလုပ် လုပ်ခဲ့ကြတဲ့ ဌာနက လူဟာ မေမေ့တပည့်ရဲ့ ဖခင်တစ်ယောက်"

"နောက် သူတို့ဇာတိမြေက လူတွေကိုပါ တစ်ဆင့် တစ်ဆင့် လိုက်လို့ အားလုံး သိခဲ့ရတာပါသား"

"ကိုစိုးချစ်ရဲ့ မျိုးရိုးက မဆိုးပါဘူး။ မခင်နှင်း မျိုးရိုးကတော့ တစ်ယောက်မှ တည်တည်တံ့တံ့ မရှိပါဘူးကွယ်"

"သာကေတအထိ မင်းရဲ့ ကြီးကြီးဥကို လွှတ်ပြီး ကြည့်ခိုင်းတာ မခင်နှင်းကိုယ်တိုင်နဲ့ တွေ့ခဲ့ရတာပါ"

"အို"

"ဒါပေမယ့် ချစ်နှင်းဖြူကိုယ်တိုင်က သူ့မိခင် ဘယ်မှာရှိနေတယ်ဆိုတာ မသိပါဘူး။ သူ့မိခင်ကတော့ ချစ်နှင်းဖြူ ဘယ်မှာရှိနေတယ်ဆိုတာ သိနေပါတယ်သား"

မေမေ...ဘယ်နည်းနှင့်မှ သဘောမတူနိုင်တော့ဘူးဆိုတာကို သိလိုက်ရသော ကိုဖြိုး၏ ရှိုက်သံသည် နှလုံးအိမ်သို့ တိုက်ရိုက်မြည်ဟည်းလာတော့သည်။

ထိန်းထားနိုင်ခြင်း အင်အားမရှိတော့ပါဘဲနှင့် ခေါင်းငုံ့၍ ငိုရှိုက်လိုက်သော ဖြိုးမြင့်ဝေကို သူ့ပေါင်ပေါ်မှာ ခေါင်းတင်နိုင်စေရန်





ခေါင်းနွယ်နွယ်ဦးက နေရာရွှေ့ပြီး ကလေးလေးတစ်ယောက်လို ပွေ့ယူလိုက်သည်။

ဖြူလွှိုင်းဖွေးလည်း စိတ်မကောင်းနိုင်တော့။

သူငယ်ချင်းက သည်ကောင်မလေးကို လိုက်နေသည်။ အချစ်ကြီး ချစ်နေသည်ဟု အဖြစ်သည်းနေသဖြင့် သူပါ ဝိုင်းကူညီခဲ့သည်။

ချစ်သူတစ်ယောက်၏ နောက်ပိုင်းမှ အသိုင်းအဝိုင်းများကိုပင် လေ့လာရမည်ဆိုသည်ကို လုံးဝမသိခဲ့၊ နားမလည်ခဲ့၊ သက်ဆိုင်လိမ့်မည်ဟုလည်း လုံးဝ မတွေးမိခဲ့ပါချေ။

လူငယ်တို့ ဝန်းကျင်ဝယ် ကျောင်းသူကျောင်းသားချင်း ချစ်ကြိုက် မြတ်နိုးကြသည့်နေရာမှာ မိဘနာမည်ကိုပင် မသိရှိကြသူက အများကြီးပါ။

"သား... မေမေ့သားကြီး... မငိုပါနဲ့ကွယ်... မငိုပါနဲ့"

သား၏ ကျောပြင်လေးကိုသပ်ပြီး တည်ငြိမ်ရင့်ကျက်သော မျက်နှာနှင့် သူ့သားလေးကို ငုံ့ကြည့်လိုက်ပြီး...

"မေမေ ပြောချင်တဲ့စကား မဆုံးသေးဘူး သား၊ နားထောင်ပါဦး"

"ပြော... ပြောပါ မေမေ"

"ချစ်နှင်းဖြူဟာ ဒီလို...ဒီလို အသိုင်းအဝိုင်းရှိပါတယ်လို့ သူ မသိသေးတဲ့ကိစ္စကို မေမေတင်ပြတာပါ သား"

ဖြိုးမြင့်ဝေ ခေါင်းညိတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့ အိမ်ထောင်ရေးကို မေမေဆုံးဖြတ် မပေးပါဘူး၊ သား ကိုယ်တိုင် ဆုံးဖြတ်ပါကွယ်"

"ဗျာ..."

"ချစ်နှင်းဖြူကို မယူရဘူးလို့ မေမေ မကန့်ကွက်တော့ဘူး သားရေ"

"ဗျာ... မေမေ"

"ဘာဖြစ်လို့လဲဆိုတော့ သားလေး စိတ်ဆင်းရဲသွားမှာကို မေမေ မကြည့်ရက်ဘူး။ သား စိတ်ပြောင်းပျော်ရွှင်လာအောင်လည်း မေမေဟာ အရင်ကလို စွမ်းဆောင်နိုင်မှာ မဟုတ်တော့ပါဘူး သားရယ်။ မေမေ့ကိုယ် မေမေ သိပါတယ်"

"အို... အန်တီနွယ်ကလည်း ဒေါက်တာသီဟက အိမ်မှာ ပြောပါတယ်။ ကိုဖြိုးကလည်း ထစမ်းဟာ... မငိုပါနဲ့။ နင်ကလည်း... ယောက်ျားပဲ"

သားအမိနှစ်ယောက်၏ ကြေကွဲမှုကို မကြည့်ရက်တော့၍ ကိုဖြိုးကို မဲသလို၊ မာန်သလိုနှင့် လှိုင်းကြားဝင်မိသည်။

"သား"

"မေမေ"

"မေမေ... ချစ်နှင်းဖြူနဲ့ သဘော မတူနိုင်ပါဘူးလို့ တစ်လုံးမှ မပြောသေးဘူးနော်"

အံ့ဩသလို ကြည့်နေသော သားသို့...

"သား စိတ်ချမ်းသာမယ်ဆိုရင် ချစ်နှင်းဖြူကို ယူပါ၊ ဒါပေမယ့် မေမေ မသေခင် မြင်ခဲ့ချင်တာကတော့ တစ်မျိုး..."

"ဘာလဲ မေမေ... ဟင်"

"သားကို သမီးလှိုင်းနဲ့ တင့်တင့်တယ်တယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးခဲ့ချင်တယ်"

"ဗျာ..."

"အဲဒါဟာ မေမေ့ဘဝ နောက်ဆုံးအချိန်ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကြီးတစ်ခုပါပဲ သားလေး"

"မေမေရယ်"

"ဒါပေမယ့်... မေမေ့သားလေး ကြိုက်သလို ဆုံးဖြတ်ပါ။ မေမေ အသေမဖြောင့်ရင်လည်း သားအတွက် စိုးရိမ်ပူပန်မှုကို တမလွန်အထိပဲ သယ်ယူသွားပါ့မယ်သားလေးရယ်၊ သားလေးသာ စိတ်ချမ်းသာစွာ နေရစ်ခဲ့နိုင်ပါစေ"

ဒေါ်နွယ်နွယ်ဦးသည် တစ်ချိန်လုံး မာန်တင်းထားပါသော်လည်း နောက်ဆုံးစကားများ ပြောကြားအပြီးတွင် အိပ်ရာပေါ်သို့ နွမ်းလျစွာ ပြန်လည်ခွေလှဲပြီးနောက်...

"အို... အန်တီနွယ်ရယ်"

ဖြူလှိုင်းဖွေးပင် မကြည့်ရက်နိုင်လောက်အောင် ဒေါ်နွယ်နွယ်ဦးမှာ ရှိုက်ငင်ကာ ငိုရှာပါတော့သည်။

အခန်းထဲတွင် အသည်းနှလုံးသုံးစုံမှ အပူမျက်ရည်ခြောက်သွယ်တို့သည် အလျှဉ်မပြတ် စီးဆင်းလျက်...

❖ ❖ ❖







www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ငါး

"မမလှိုင်း ခုလိုလာပြောပြတာ ဘယ်လို ကျေးဇူးတင်မှန်း မသိပါဘူး မမလှိုင်းရယ်... တကယ်ပါပဲ"

"ကိုဖြိုးဟာ တကယ်သနားစရာ ကောင်းနေရှာပါတယ် ချစ်နှင်းဖြူရယ်၊ သူ ချစ်နှင်းဖြူဆီ သိပ်လာချင်ရှာတာပါ"

"နေပါစေလို့ ပြောလိုက်ပါနော်... မမလှိုင်း၊ သူ့မမေကိုပဲ ပြုစုပါလို့၊ လက်ခံမယ်ဆိုရင် နှင်းဖြူတောင် ဝိုင်းပြုစုပေးချင်ပါတယ် မမရယ်"

"ရပါတယ်ကွယ်၊ အခု အိမ်မှာ စပယ်ရှယ်(လ်)နပ်(စ်) ငှားထားပါတယ်"

"မမလှိုင်း"

"ဟင်"

"သုံးရက်လုံး မောင် ရောက်မလာတော့လည်း လွမ်းလိုက်ရတာ ရင်ကွဲမတတ်ပါပဲ မမလှိုင်းရယ်"

ရင်နင့်စေသော သက်ပြင်းမောကို တိတ်တခိုး လွှင့်ထုတ်ရသည်။





"ခုလို အကြောင်းစုံ သိရတော့လည်း...နေပါစေ။ မောင် ဟိုမှာပဲ ပြုစုပါ၊ နှင်းဖြူဆီ မလာပါနဲ့၊ နှင်းဖြူအတွက် စိတ်ထင့်မနေပါနဲ့၊ နှင်းဖြူ နားလည်ပါတယ်လို့ ပြောပေးပါနော် မမလှိုင်း"

"ကောင်းပါပြီကွယ်"

"မောင် သိပ်စိတ်ပင်ပန်းနေရှာမှာပဲနော်... မောင့်ကို သနားလိုက်တာ"

"ချစ်နှင်းဖြူ"

"ရှင်... မမလှိုင်း"

"မမလှိုင်းဟာ ချစ်နှင်းဖြူတို့ရဲ့ ချစ်ခရီး မစခင်တည်းက စဖြစ်အောင် ပါဝင်ကူညီလာခဲ့သူမို့ အခြေနေအားလုံးကို သိနေသူတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်းပဲ မေးပါရစေလား ချစ်နှင်းဖြူ"

"မေးပါ မမ...မေးပါ"

"စာမေးပွဲကြီးပြီးတာနဲ့ လက်ထပ်မှာပါလို့ ချစ်နှင်းဖြူရဲ့ ဖေဖေနဲ့ မိထွေးကို ပြောထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ မောင်ကလည်း အထပ်ထပ် ကတိပေးလို့ ပြောထားမိပါပြီ"

"ဒါဆိုရင် ဒီတိုင်းနေလို့ရော ဖြစ်ပါ့မလား"

"ဘယ်လိုလဲ မမလှိုင်း"

"ဟိုလေ... အန်တီနွယ် ကွယ်လွန်ပြီးတဲ့အထိ"

"အို...မမလှိုင်းရယ်၊ ဒီလို မပြောပါနဲ့၊ ရှိပါစေ... မောင့်မေမေဟာ သုံးလမဟုတ်ဘူး၊ သုံးနှစ် လေးနှစ် ဖြစ်ပါစေ၊ နှင်းဖြူ နားလည်စွာ စောင့်ပါ့မယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးရယ်"

"တကယ်လို့ အသက်မသေဘဲ ကျန်းမာလာရင်လည်း နှင်းဖြူတို့ လက်ထပ်ကြမယ်လေ၊ မောင့်မေမေ နှင်းဖြူကိုလည်း ဖော်ဖော်ရွေရွေခေါ်တယ်၊ နှင်းဖြူကိုလည်း ကျေနပ်မယ်ထင်ပါတယ်"

တင်းကျပ်မှုရင်မှ သက်ပြင်းတစ်ရှိုက် ချရပြန်သည်။

"အန်တီနွယ်ရဲ့ အခြေနေကတော့ လုံးဝကို မျှော်လင့်စရာ မရှိတော့ပါဘူးလေ၊ သုံးလဆိုတာ နောက်ဆုံးရက်ကို ပြောတာ ဒီကြားထဲမှာလည်း ဖြန်းခနဲ ဖြစ်သွားချင် ဖြစ်သွားမှာ"

"သနားပါတယ်နော်၊ မောင့်ကိုလည်း သိပ်သနားတာပဲလို့ ပြောပေးပါနော် မမလှိုင်း"

"ကောင်းပါပြီ ချစ်နှင်းဖြူ၊ ဟိုကလည်း သူ့ကို မျှော်နေရှာမယ်၊ ချစ်ကို သနားလှပါပြီဆိုပြီး တတွတ်တွတ် ပြောနေတာနဲ့ ငါသွား ပေးပါ့မယ်လို့ ပြောလို့ သူ သိပ်ဝမ်းသာသွားပြီး အဲဒီစာရှည်ကြီးကို ရေးပေးလိုက်တာ"

"စာထဲမှာ သူ့မေမေကို မအိပ်ဘဲ စောင့်နေရင်းက လွမ်းလွန်းလို့ ရေးလိုက်တာလို့ ပါတယ် မမလှိုင်းရဲ့"

"အင်း"

"ဟိုဘက်အိမ်က သဇင်သင်းတို့ကလည်း ကျောင်းပိတ်လို့ မော်လမြိုင်သွားကြတယ်၊ မြင့်မြင့်မာကလည်း သူနဲ့ ဈေးစပ်ထားတဲ့ သဘော်သား ပြန်ရောက်လာပြီ၊ ကားပါလာတယ်တဲ့၊ အဲဒါ ရွှေးဖို့ ရောင်းဖို့၊ မင်္ဂလာဆောင်ဖို့တွေ အလုပ်ရှုပ်နေကြတယ်တဲ့"





"ဟုတ်တယ်၊ မမလှိုင်းလည်း ကြားတယ်၊ သဇင် ခရီးထွက်သွားတာတော့ ဒီရောက်မှသိတာ"

"တက္ကသိုလ်မြေက ရေတမာရွက်ကလေးတွေဟာ မှိုခိုရာ အပင်မှ ကြွေပြီး လွင့်စဉ်ပြန့်ကျဲကုန်သလိုပါပဲ၊ ကျောင်းပြီးသွားတဲ့အခါ တစ်ယောက်တစ်နေရာစီ ရှန်းကန်ဖို့ လွင့်စဉ်သွားကြပြီနော်"

ချစ်နှင်းဖြူ၏ အဘိဓမ္မာဆန်သော အတွေးလေးကို ခေါင်း ညိတ် ထောက်ခံမိရင်းက လာရင်းကိစ္စသို့ ပြန်လည်ဦးတည်ရသည်။

"ဒါဖြင့်ရင် ဒေါ်နွယ်နွယ်ဦး မကျန်းမာ နေစဉ် အတောအတွင်း မှာ ချစ်နှင်းဖြူတို့ရဲ့ လက်ထပ်ရေးကိစ္စကိုလည်း ခေတ္တရပ်ဆိုင်းထားလို့ ရနိုင်မယ်ပေါ့နော်"

"ရပါတယ် မမလှိုင်းရယ်... ရပါတယ်၊ ချစ်နှင်းဖြူ နားလည် ပါ စောင့်နေပါမယ်"

"အိမ်ကရော"

"အကြောင်းစုံ ပြောပြထားမှာပေါ့"

"ကောင်းပါတယ် ချစ်နှင်းဖြူ"

"မောင်ဟာ ဖောက်ပြန်မယ့်လူမှ မဟုတ်ဘဲ မမလှိုင်းရယ်၊ သိပ်ပြီး သစ္စာတရားကို တန်ဖိုးထားတဲ့ လူပါ၊ နှင်းဖြူတို့ အချစ်ဦး နှစ်ယောက်ဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အသေအချာ ပေါင်းဆုံ ရမှာလို့ နှင်းဖြူ ယုံကြည်ထားပြီးသားပါ"

"ဒီစကား ကြားရတာ မမလှိုင်းလေ ချစ်နှင်းဖြူကို လေးစား တယ်၊ အထင်ကြီးတယ်၊ ပြီးတော့ ကျေးဇူးလည်း တင်ပါတယ် ညီမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလှိုင်း"

"ဟင်"

"မောင့်ကို သိပ်သနားတာပဲလို့ ပြောပေးပါနော်"

"ကောင်းပါပြီကွယ်"

"နှင်းဖြူအတွက် ဘာမှ ကြောင့်ကြ မနေပါနဲ့၊ သူ သိပ်ချစ်တဲ့ မေမေကိုသာ ပြုစုပါ၊ ဒီမှာလည်း အားလုံး ပြေလည်ပါတယ်လို့ ပြောပေးပါနော်"

"ပြောလိုက်ပါ့မယ်၊ ကိုဖြိုးကလည်း ဒီစကား ကြားရရင် ဝမ်းသာရှာမှာပါ"

"နှင်းဖြူ နားလည်စွာ စောင့်နေပါ့မယ်လို့လည်း ဆက်ဆက် ပြောလိုက်ဦးနော် မမလှိုင်း"

"ကောင်းပါပြီရှင်၊ နှင်းဖြူရဲ့မိတ္တွေးလည်း ဈေးက ပြန်လာကာ နီးရောပေါ့၊ မမလှိုင်း ပြန်တော့မယ်နော်"

"ရပါတယ် မမလှိုင်းရဲ့၊ မမလှိုင်းဟာ မောင့်ရဲ့ ညီမလို့ သူ ထင်နေတာ၊ နှင်းဖြူ သူ့ခွေးသားနဲ့ ယူတော့မယ်၊ ဟို ကားနီလေးနဲ့ လာတဲ့ ကောင်လေးပေါ့။ ဘာညာဘာညာတွေ အရပ်ထဲမှာတောင် လျှောက်ကြွားနေပြီ"

"ဟုတ်လား"

အရေးထဲ နှစ်ယောက်လုံး ပြုံးမိကြရသည်။

"ဒါနဲ့ ချစ်နှင်းဖြူကို မေးပါရစေနော်"

"မေးပါ မမလှိုင်း"





"ချစ်နှင်းဖြူရဲ့ မေမေဟာ ချစ်နှင်းဖြူ ဘယ်အရွယ်က ဆုံးသွားတာလဲဟင်"

ကြည်လင်နေသော ကောင်းကင်ပြာကို၊ တိမ်ညိုတိမ်မည်းတို့ ...တ်သန်းဖုံးလွှမ်းသွားသည်သို့ ချစ်နှင်းဖြူ၏ မျက်နှာလေး ညိုမှိုင်း ...ဖြင့်...

"သေတာတော့ မဟုတ်ပါဘူး မမလှိုင်းရယ်"

"ဩော်"

"နောက်အိမ်ထောင်ပြုသွားတာပါ၊ နှင်းဖြူ ဆယ်နှစ်သမီး ...ရွယ်လောက်က လာဆက်သွယ်ပါသေးတယ်၊ ဖေဖေက လက်မခံ ...ပြန်သွားတည်းက ခုအချိန်ထိ ဘာမှ မသိရတော့ပါဘူး၊ သေလား ...လားတောင် သိခွင့်မရအောင် အဆက်အသွယ် ပြတ်နေပါတယ် ...လှိုင်း"

"ဆောရီးပဲ ညီမလေးရယ်၊ မမလှိုင်းကို ခွင့်လွှတ်ပါနော်..."

ဒေါ်နွယ်နွယ်ဦး စုံစမ်းစေခဲ့သော သတင်းစကားများ မမှန်ကန် ...လို၍ တမင် မေးမိရခြင်းပါ။ ယခုအတိုင်းသာ ဆိုပါလျှင် ဖြစ်နိုင်ဖွယ် ...ရှိနေပါပြီ။

ချစ်နှင်းဖြူအနေနှင့် အမှန်အတိုင်း တင်ပြရှာပြီး ယခု သူ့မိခင် ... နောက်ဆုံးအခြေအနေကို သူ သိခွင့်မရခြင်းကပင်လျှင် ကောင်း ...မွန်းလေစွ။

"ကဲ... ချစ်နှင်းဖြူရယ်၊ အားလုံးအတွက် ကျေးဇူးတင်ပါတယ် ...ယ်၊ မမလှိုင်း ပြန်တော့မယ်နော်၊ ဘာမှာဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မောင့်ကို နားလည်စွာ စောင့်နေပါတယ် ဆိုတာလေးသာ
ပြောပေးပါနော် မမလှိုင်း၊ ပြော်... ပြီးတော့ နှင်းဖြူအတွက် ဘာ
စိတ်မပူပါနဲ့လို့... မောင့်ကိုလည်း သိပ်သနားတာပဲလို့ နော်... မမလှိုင်း"
"ကောင်းပါပြီကွယ်... ကောင်းပါပြီ၊ အားလုံး ပြောလိုက်
မယ်၊ တဲ... မမလှိုင်း သွားပြီး..."

❖ ❖ ❖

သုဝဏ္ဏာမှ အပြန်တွင် မေမေက ဆီးကြိုပြီး...
"ငါ ခုပဲ ဟိုအိမ်က ပြန်လာတာ၊ ငိုလိုက်ရတာ ခေါင်းတွေ
ကိုက်လို့ ဟယ်၊ တကယ်ပါပဲ...ငါတော့ သေချင်စိတ် ပေါက်လာ
တယ်"
"ဟင်... အန်တီနွယ် ဘာဖြစ်လို့လဲ"
"ဒီလိုပါပဲ၊ ဘာမှတော့ ထူးမဖြစ်ပါဘူး"
"ဒါနဲ့ ဘာဖြစ်လို့လဲ"
"ဘာဖြစ်ရမလဲ... ကိုဖြိုးကိစ္စပေါ့"
"ကိုဖြိုးက ဘာဖြစ်လို့လဲ"
"ဒီလို သမီးရဲ့၊ နေ့လယ်က သွားတော့ သားအမိနှစ်ယောက်
လုံးနဲ့ စကားပြောနေတာ၊ ဟန်ဆောင်မျက်နှာတွေနဲ့ ပြေလည်လို့
ကိုဖြိုးလည်း ခြံထဲ ခဏဆင်းသွားရော နွယ်နွယ်ကလေ"





"အင်း... ဘာပြောလဲ မေမေ"
"သူ သေရင် သားလေး ကိုဖြိုး အဲဒီမိန်းကလေးနဲ့ ယူတော့မှာ
ပဲတဲ့၊ နွယ့်သားလေးကို မကယ်နိုင်တော့ဘူးလား၊ ဒီမိန်းကလေးနဲ့ယူရင်
အသဆုံးတော့မယ်တဲ့"
"အို"
"နွယ် ဘာမှ မစွမ်းဆောင်နိုင်တော့ဘူး ခင်ပြုံးရိရယ်၊ သားလေး
အတွက် ကူညီပေးပါ၊ ကယ်ပေးပါ၊ ကာကွယ်ပေးပါလို့ ငါ့ကို ဖက်ပြီး
ငိုလိုက်တာအေး၊ မေမေလည်း မျက်ရည် ဘယ်ဆည်နိုင်တော့မလဲ"
"ဒုက္ခပါပဲ"
"သူ့ခမျာ သေခါနီး တကယ့်ကို စိတ်ဒုက္ခခံစားနေရရှာတယ်၊
ဟာ သူ့သားကို ငုံထားမလောက် ချစ်တာ..."
"ဒီစကားတွေ ကိုဖြိုး မကြားဘူးပေါ့နော်"
"အမယ်လေး... ငါငိုရလွန်းလို့ ခေါင်းကိုက်နေတာသာကြည့်၊
ယ်နွယ့်ဆီကလည်း ထွက်လာရော ကိုဖြိုးက ဆီးငိုတော့တာပါပဲ
မီးရယ်"
"ဟင်"
"အန်တီပြုံးကို မေမေ ပြောနေတာတွေ သူအားလုံး ကြားပါ
ယ်တဲ့"
"ခက်တော့တာပဲ မေမေရယ်"
"သား အမိ နှစ်ယောက်လုံးရဲ့ မျက်ရည်တွေ မြင်တာ မေမေ
ကလွန်းလို့ပါ သမီးရယ်၊ ညည်းကလည်း ကိုဖြိုးကိုယူလိုက်ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... မေမေ ကလည်း၊ ပြောပုံက လွယ်လိုက်တာ သူငယ်ချင်းချင်း ဘယ်လိုလုပ် ယူမလဲ၊ ပြီးတော့ ကိုဖြိုးမှာက ရည်းစားနဲ့ သေ မေမေရဲ့၊ ခုပဲ သူ့ရည်းစားဆီက ပြန်လာတာ"

"ညည်းက ဘာသွားလုပ်တာလဲ"

"ကိုဖြိုးခိုင်းလို့ပါ၊ သူမလာနိုင်ကြောင်း၊ လွမ်းကြောင်းတွေ သွားပြောပေးရတာ"

"အမယ်လေးဟဲ့၊ ဟိုဟာမက အလည်လေးလား သူ့အမေက တော့ မကောင်းဘူးဆို"

"မျိုးရိုးဆိုတာ လိုက်တတ်တယ်လို့ ပုံသေနည်းနဲ့ တွက်လို့ မရနိုင်ပါဘူး မေမေရယ်၊ ချစ်နှင်းဖြူဟာ တကယ့်သနားစရာလေးပါ"

"မေမေလည်း ဘာမှ မပြောတတ်တော့ပါဘူး သမီးရယ် အဲ သားအမိနှစ်ယောက် ငိုနေတာကို ငါ မကြည့်ရက်လွန်းလို့ ဝိုင်းငိုလာ ခဲ့တာ ကိုက်လိုက်တဲ့ခေါင်းတွေ"

"သမီး ကိုဖြိုးတို့ခြံ သွားလိုက်ဦးမယ် မေမေ"

"အေး...အေး"

ဧည့်ခန်း၏ ခြေရင်းထောင့်တွင် ကိုဖြိုး၏ စာကြည့်ခန်းရှိ၏။

ကိုဖြိုးသည် ကုလားထိုင်ပေါ်တွင် ခေါင်းကိုမှီ၍ မော့ထိုင်နေပြီး မျက်နှာကို လက်ကိုင်ပဝါနှင့် အုပ်ထားသည်။

"ဩော်... ကိုဖြိုး ငိုနေပါလား"

လက်ကိုင်ပဝါပေါ်တွင် စိုစွတ်နေသော မျက်ရည်များကို မြင်ရသည်။ သူ မျက်စိမှိတ်ထား၍ ဖြူလှိုင်းဖွေး လာသည်ကို သူ မသိ။





"အို... အန်တီနွယ်လည်း..."

ခုတင်တွင် တဆောင်းလေး ခွေလဲပြီး စီးသွယ်နေသော မျက်ရည် ကို လက်ကိုင်ပဝါနှင့် သုတ်လျက် ငိုရှိုက်နေရှာသည်။

ခေါင်းအုံးဘေးတွင် စိပ်ပုတီးလေးက ရစ်ခွေစွာ ကျနေ၏။

"ဩော်... အန်တီနွယ်ရဲ့ နောက်ဆုံးအချိန်မှာ သံသရာကူး ကောင်းစေဖို့ ဘုရားတရား ကိစ္စလေးမှ မလုပ်နိုင်ရှာပါလားကွယ်"

ဖြူလှိုင်းဖွေးသည် ခြေဖော့နင်းလျက် အခန်းပြင်သို့ ပြန်ထွက် လာသည်။ ကြီးကြီးဥနှင့် မမနွဲ့တို့က မြင်သော်လည်း အသံထွက်၍ နှုတ်မဆက်ကြ၊ မေးလေးငေါ့ ခေါင်းလေးညိတ်ရုံသာ၊ လူမမာ နိုးသွားမှာ စိုး၍ပါ...။

ဖြူလှိုင်းဖွေးမှာ ဧည့်ခန်းမှ ဆိုဖာပေါ်တွင် ခပ်လေျာ့လျော့ ထိုင်ချ လိုက်ပြီး ကိုဖြိုးလိုပင် ခေါင်းကို နောက်သို့မှီလှန်လျက် မော့ကြည့် နေမိသည်။

မျက်နှာကြက်မှ ပန်ကာကို အနေးဖွင့်ထားသဖြင့် ပန်ကာရွက်တဲ သုံးခုသည် ခပ်နှေးနှေး လည်ပတ်နေ၏။

ပန်ကာသုံးရွက်သည် ဖြူလှိုင်းဖွေး၏ အမြင်မှာ အသွင်ပြောင်း လာသည်။

"ဒေါ်နွယ်နွယ်ဦး"

"ဖြိုးမြင့်ဝေ"

"ချစ်နှင်းဖြူ"

တို့၏ မျက်နှာသုံးခုသည် ဖြူလှိုင်းဖွေးကို အငေါ်စီးမှ လှည့်ပတ်ပြီး အားကိုးတကြီး ကြည့်နေကြသလို ထင်မြင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမှိတ်လိုက်သော်လည်း ဤမျက်နှာလုံးခုသည် သူ့စိတ်အာရုံမှာ ထင်နေဆဲ၊ မြင်နေဆဲပါ။

မျက်ဝန်းမှာ မျက်ရည်စတွေနှင့် သားအမိနှစ်ယောက်၏ အကြွင်း

အခေါ်အရင်းလို ချစ်ခင် အားကိုးခဲ့ရသော ဒေါ်နွယ်နွယ်ဦး၏ နောက်ဆုံးအချိန်မှာမှ မပြည့်ဝလေသော ဆန္ဒများ...

အချစ်ဆုံး သူငယ်ချင်း၏ ရင်၌ ဖြစ်ထွန်းနေသော ချစ်သူ တစ်ဘက်၊ မိခင်တစ်ဘက်၊ ပရိဒေဝ မီးတောက်များ။

နားလည်စွာ စောင့်ပါမည်ဆိုသော သနားစရာ ချစ်နှင်းဖြူ—

ဤသုံးမျက်နှာသည် မိမိ၏ဝန်းကျင်မှာ ဝဲလှည့် ဝေ့ဝဲနေကြဆဲ အချိန်မှာပင်...

ဖြူလှိုင်းဖွေးသည် အံကိုကြိတ်လိုက်သည်။ ကြီးမားသော သနားကြင်နာရခြင်းမှ ဖြစ်ထွန်းလာသော အမြတ်ဆုံးစေတနာဖြင့်—

"ကိုဖြိုး"

သူ့နားသို့ သွက်လက်စွာ ထသွားပြီး ပခုံးမှ ကိုင်ဆွဲ၍ မတ်မတ် ထိုင်စေလိုက်ပြီး...

"ငါ ချစ်နှင်းဖြူဆီက ပြန်လာခဲ့ပြီ"

"ဟာ...သူ...ဘာပြောလဲဟင်၊ ငါမလာတာ ဘယ်လိုထင်သလဲ၊ သူ သံသယတွေ ဝင်နေပြီလား။ နင်က အစုံရှင်းပြလိုက်ရဲ့လား...ဟင်"

"အေးပါ၊ အားလုံးပြေလည်တယ်"

ဖြူလှိုင်းဖွေးက အသေးစိတ် ရှင်းပြလိုက်တော့...





"အို... သူနားလည်စွာ စောင့်မယ်တဲ့လား"

ဝင်းကြည်သွားသော ကိုဖြိုး၏ မျက်နှာ။

"ကိုဖြိုး"

"ဟင်"

"ချစ်နှင်းဖြူကို မယူတော့ပါဘူးလို့ အန်တီနွယ်ကို နင် ...ညာပြီး ကတိမပေးနိုင်ဘူးလား"

"မေမေဟာ သူ မရှိတဲ့နောက်ပိုင်းမှာ ချစ်နှင်းဖြူကို ယူမှာပဲလို့ ...သေအချာ သိနေပါပြီ"

ကိုဖြိုး၏မျက်ဝန်းမှာ ချက်ချင်းပင် မျက်ရည်များ ပြည့်လျှမ်းလာ ...တော့သည်။

"အန်တီနွယ် မရှိတဲ့ နောက်ပိုင်းမှာ ချစ်နှင်းဖြူကို လက်ထပ်မှာ ...ဟုတ်လား"

"ငါ ချစ်ကို မစွန့်လွှတ်နိုင်ပါဘူး လှိုင်းရယ်။ မေမေ အသက် ...င်ရှားရှိသမျှ ငါ ချစ်ကို လက်မထပ်ပါဘူး၊ ဒါပေမယ့် မေမေ ဖြစ်စေ ...င်တာက တစ်မျိုး"

"ဘာကိုလဲ"

"ချစ်နှင်းဖြူကို မယူဘဲနေမှာထက်ကို သူ အသက်ရှင်တုန်းမှာ ...င်နဲ့ လက်ထပ်စေချင်တာ လှိုင်း၊ ဘယ်လိုမှ မဖြစ်နိုင်လွန်းတဲ့ကိစ္စ ...ကြောင့် ငါဒီလောက် ကြေကြေကွဲကွဲ ငိုနေတာပေါ့ လှိုင်းရယ်"

"ကိုဖြိုး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ခုပဲစဉ်းစားပြီးပြီ။ ဆုံးဖြတ်ပြီးပြီ"

"ဘာကိုလဲ"

"ကိုဖြိုးရယ်၊ ချစ်နှင်းဖြူရယ်၊ အန်တီနွယ်ရယ် သုံးယောက်လုံး စိတ်ချမ်းသာဖို့အတွက် ငါတစ်ယောက်တည်း အနစ်နာခံပေးမယ် ငါ့ဘဝရဲ့ ထက်ဝက်ကို နင်တို့အတွက် ခွဲဝေပေးလိုက်တော့မယ် ကိုဖြိုး"

"ဘယ်လို... ဘယ်လို... လှိုင်း"

"ကိုဖြိုး... လှိုင်းကို ဟန်ဆောင်လက်ထပ်လိုက်ပါ"

"ဟာ"

"ပြီးတော့... တရားရုံးမှာ တို့နှစ်ယောက်တည်း တိတ်တိတ်ပြန်ကွာထားပြီး သီးခြားနေမယ်။ အန်တီနွယ်ရှေ့မှာတော့ တရားဝင်ဇနီးမောင်နှံပေါ့"

လှိုင်းသည် ပြတ်သားစွာ မာန်တင်း၍ ပြောသော်လည်း ကိုဖြိုးကို မကြည့်ဝံ့တော့။

"အန်တီနွယ် စိတ်ချမ်းသာသွားပါစေ ကိုဖြိုးရယ်"

"အို... နင် ဒီအထိ လိုက်လျော အနစ်နာခံပေးမယ်တဲ့လား သူငယ်ချင်းရယ်"

"ဒါမှ အားလုံးအတွက် အကောင်းဆုံးဖြစ်မယ်လေ"

"ဟုတ်တယ်...ဟုတ်တယ်၊ လှိုင်းရယ်... မေမေ သိပ်ဝမ်းသာသွားမှာ၊ လာ... မေမေ့ကိုတို့ လက်ထပ်ပါတော့မယ်လို့ သွားပြီးညာပြောကြစို့နော်..."

"မဟုတ်သေးဘူး ကိုဖြိုး"





"ဟင်"

"တို့ ပထမဆုံး ပြောရမှာ အန်တီနွယ် မဟုတ်ဘူး"

"ဘယ်သူ့ကိုလဲ"

"ချစ်နှင်းဖြူကို"

❖ ❖ ❖

## အခန်း တစ်ဆယ့်ခြောက်

"အင်းလေ... ခုနေ မမလှိုင်းမှာပါ ရည်းစားရှိနေရင် ပိုကောင်းမယ်နော်၊ လေးယောက် ညှိထားလို့ရတာပေါ့၊ ခုတော့ မမလှိုင်းတစ်ယောက်တည်းက အနစ်နာခံပေးနေရသလို ဖြစ်နေပြီနော် မောင်၊ မမလှိုင်းကို ချစ်တို့ သိပ်ကျေးဇူးတင်ထိုက်တယ်"

"ထားပါတော့၊ နောင် တစ်နေ့နေ့မှာ ရရှိလာမယ့် တို့ရဲ့ချစ်သူကိုသာ ဒီလှို့ဝှက်မှုကြီးကို ပြောပေးကြပေါ့၊ သက်သေခံပေးကြပေါ့"

"ဖြစ်တယ်...သိပ်ဖြစ်ပါတယ်၊ နင်ကလည်း ရွေးလွန်းနေတာပါ လှိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွေးတာမဟုတ်ဘူး ကိုဖြိုးရဲ့၊ ငါ တကယ့်ကို ချစ်လို့ကို မရတာ၊ ဘယ်တော့မှ ငါ ချစ်လို့ရတဲ့လူ တွေ့မလဲ မသိပါဘူး"

"တွေ့ရင် တစ်ခါတည်း ရည်းစားစကားသာ လိုက်ပြောတော့ လှိုင်း၊ တို့ ကူညီမယ်... သိလား။ တို့တုန်းက နင် ကူညီခဲ့သလိုပေါ့ဟာ"

"မောင်ကလည်းလေ...အရေးထဲ"

"အေးလေ...ဒီလောက်အရေးကြီးတဲ့ကိစ္စကို ဆွေးနွေးတုန်းများ ကဲပါ... လှိုင်း ပြောတဲ့ အစီစဉ်ကို ကျေနပ်ကြတယ် မဟုတ်လား"

"ဘာများ မကျေနပ်စရာရှိမှာမို့လဲ မမလှိုင်းရယ်"

"တစ်ခုတော့ရှိတယ်ပေါ့ ချစ်နှင်းဖြူ"

"ရှင်"

"အများ အမြင်မှာတော့ ကိုဖြိုးဟာ မမလှိုင်းနဲ့ လက်ထပ်ပြီးမှ ကွာရှင်းပြီးသားအဖြစ်နဲ့..."

"အို... မမလှိုင်းရော၊ ဒါတွေ ပြောမနေပါနဲ့၊ မောင့်ကို ဘယ်လို ပုံစံနဲ့ပဲ ချစ်ရ ချစ်ရပါ၊ မစွန့်လွှတ်ရရင် ပြီးပါပြီရှင်"

ဖြိုးမြင့်ဝေသည် သူ့အချစ်ဆုံးကို လှိုင်း၏ရှေ့မှာပင် တင်းတင်း ကျပ်ကျပ်ကြီး ဖက်ပစ်လိုက်ပြီးမှ...

"တကယ်တမ်းပြောရမယ်ဆိုရင် ချစ်သူမရှိသေးတဲ့ နင့်ရဲ့ ဘဝက ပိုပြီး နစ်နာပါတယ် လှိုင်းရယ်။ ဒါကို ငါနဲ့ ချစ်ကတောင်ပိုပြီး စိတ်မကောင်းဖြစ်ရမှာပါ"

"ထားပါတော့လေ၊ ငါ့စေတနာကြောင့် ငါ့ချစ်သူဟာ ခွင့်လွှတ် တတ်သူ၊ နားလည်နိုင်သူ ဖြစ်ပါစေလို့ပဲ ငါဆုတောင်းရတော့မှာပါ"





"တို့နှစ်ယောက်ကလည်း သက်သေခံကြမှာပါ"

"ကဲ...ဒါတွေထားတော့။ ချစ်နှင်းဖြူ ကျေနပ်တယ်ဆိုရင် ...တွေ ဒီညပဲ အန်တီနွယ်ကို ပြောလိုက်ကြစို့"

"မောင် စိတ်ချမ်းသာမယ့်ကိစ္စဆိုရင် နှင်းဖြူဘာမှ မကျေနပ် ...ရာ မရှိပါဘူး မမလှိုင်းရယ်။ နှင်းဖြူ ကိုယ်တိုင်ကလည်း မောင့်မေမေ ...ကို သနားနေမိပါတယ်။ နှင်းဖြူ မောင့်ကို ရှောင်ဖယ်ပေးပါ့မယ်လို့ ...ိုက်ပြောပေးရဦးမလားဟင်"

ဖြူလှိုင်းဖွေးသို့ မေးလာသော်လည်း ဖြိုးမြင့်ဝေက ဖြေသည်။

"ဒီထိအောင် မလိုပါဘူး ချစ်ရယ်၊ မောင်ကပဲ မောင့်ချစ်သူကို ...နဲ့လွှတ်ပါတော့မယ်၊ လှိုင်းကိုပဲ ယူမယ်ဆိုပြီး သူ့ရှေ့မှာတင် တရား ...ကြီးတွေ၊ ရှေ့နေတွေ၊ အသိသက်သေတွေနဲ့ လက်ထပ်စာချုပ်မှာ ...ကယ်လက်မှတ်ထိုးပြလိုက်လည်း မေမေ ယုံသွားမှာပါ ချစ်ရဲ့"

"ဪ... မောင့်သူငယ်ချင်း လှိုင်း၊ ချစ်ရဲ့ မမလှိုင်းဟာ ...ောင်တို့အတွက်နဲ့ မောင်ရဲ့ တရားဝင်ဇနီး ဖြစ်ပေးရမယ်။ ပြီးတော့ ...ာရှင်းပေးရမယ်ဆိုတော့ လူတိုင်းက..."

အားလုံး နားလည်ကြသော်လည်း တစ်ယောက်မျက်နှာ ...စ်ယောက် မကြည့်ကြ။ ကိုဖြိုးကလည်း စကားမဆက်တော့။

"ကဲပါလေ...ကိုဖြိုးရော၊ ချစ်နှင်းဖြူရော၊ ဒီအတွက် ဘာမှ ...ွေးမနေနဲ့တော့၊ လှိုင်းက စွန့်လွှတ်အနစ်နာခံပေးမယ်လို့ ဆုံးဖြတ်ပြီး ...ီး ဖြစ်ချင်တာ ဖြစ်ပါစေတော့"

"လှိုင်းရယ်... နင့်ရဲ့ ကျေးဇူးကို ငါနဲ့ချစ်ရဲ့ တစ်သက်တာ



www.burmeseclassic.com

www.burmeseclassic.com

ပတ်လုံး ပေးဆပ်နေပါမယ်။ ငါ့မေမေ စိတ်ချမ်းသာ သွားရှာမှာ
ငါလေ... ဝမ်းသာရလွန်းလို့ ဘယ်လိုစကားမျိုးနဲ့ ဖော်ပြရမလဲတော့
မပြောတတ်တော့ပါဘူး"

"ဒါတွေ ထားလိုက်စမ်းပါ၊ ဒီမှာ..."

"အင်း...ဘာလဲ လှိုင်း"

"တို့ လက်ထပ်တဲ့နေ့မှာ ချစ်နှင်းဖြူကို မမလှိုင်း ရီကွက်
တစ်ခု လုပ်ပါရစေ"

"ပြောပါ မမလှိုင်း၊ နှင်းဖြူ ဘာပဲ လုပ်ပေးရ လုပ်ပေးရပါ"

"အဲဒီနေ့ ညနေကစပြီး နောက်တစ်နေ့ နေ့လယ်အထိ မမလှိုင်း
အိမ်မှာ လာနေ၊ လာအိပ်ပေးပါ"

"ရှင်"

"အဲဒီည မမလှိုင်းနဲ့ ချစ်နှင်းဖြူ အတူအိပ်ပြီးနောက်တစ်နေ့
နေ့လယ်မှာ မြို့ပြင်က တရားရုံးတစ်ခုခုမှာ သွားကွာရှင်းကြမယ်
ချစ်နှင်းဖြူက အသိသက်သေလက်မှတ်ထိုးပါ"

"ဖြစ်ပါတယ် မမလှိုင်းရယ်၊ မမလှိုင်း လာခေါ်လေ၊ မမလှိုင်း
အိမ်မှာ အိပ်မယ်ဆိုရင် အိမ်ကလည်း လွှတ်မှာပါ"

ချစ်နှင်းဖြူက သွက်လက်တက်ကြွနေသော်လည်း ကိုဖြိုး
ချစ်သူငယ်ချင်းအတွက် အားနာနေ သနားနေမိသည်။

"လက်ထပ် လက်မှတ်ထိုးပြီးချိန်ကစနေ ကွာရှင်းပြီးချိန်အထိ
ချစ်နှင်းဖြူ မမလှိုင်းနားမှာပဲ ရှိနေစေချင်တယ်...

"ဘာဖြစ်လို့လဲဆိုတော့ ချစ်နှင်းဖြူရဲ့ မျက်ကွယ်မှာ ချစ်နှင်း





ရဲ့ ချစ်သူကို 'မမလှိုင်းရဲ့ပိုင်ဆိုင်သူ' အဖြစ်နဲ့ ရှိမနေစေချင်လို့ပါပဲ
ကွယ်..."

"မမလှိုင်းရယ်"

"လှိုင်းရယ်...နင့်ရဲ့ အနစ်နာ ခံနိုင်မှုနဲ့၊ နင့်ရဲ့ သစ္စာတရား
တော့ ရှာလို့ မရနိုင်အောင် ရှားပါးလှပါတယ်၊ ငါလေ...နင့်ကို
ငယ်ချင်းတစ်ယောက်လို မဟုတ်တော့ဘူး၊ လေးစားမြတ်နိုးထိုက်တဲ့
အစ်မကြီးတစ်ယောက်လို ချစ်ခင်ကျေးဇူးတင်လှပါတယ်လှိုင်း"

"နှင်းဖြူလည်း မောင်နဲ့ ထပ်တူပါပဲရှင်"

"ကဲ...ဒါဖြင့် မမလှိုင်း စကားအတိုင်း မမလှိုင်းတို့ လက်ထပ်
တဲ့နေ့ကျရင် လာခေါ်မယ်နော် ချစ်နှင်းဖြူ"

"ဟုတ်ကဲ့ပါ မမလှိုင်း"

"ဒီကြားထဲ မရောက်ဖြစ်ရင် ချစ်နှင်းဖြူက ကိုဖြိုးကို ခွင့်လွှတ်
ပါနော်၊ အန်တီနွယ်ရဲ့ အခြေနေဟာ ဆိုးရွားနေတာနဲ့အမျှ သူ့
သားလေးနဲ့အတူ သိပ်နေချင်ရှာတယ်ကွယ်၊ ဒါကြောင့် မမလှိုင်းက
ကြားက တောင်းပန်ပေးတာပါ"

"ဟာ...ရပါတယ် မမလှိုင်း၊ မောင်...ချစ်ဆီကို မလာနဲ့နော်၊
မောင့် မေမေကိုပဲ ပြုစုပါ၊ ချစ်နဲ့က တစ်သက်လုံး နေရမှာ၊ ကိုယ့်မိခင်
ကိုသာ ပြုစုပါနော်၊ ချစ် နားလည်စွာ စောင့်နေပါမယ် မောင်ရယ်"

သြော်... သဘောထား ဖြူစင်လွန်းတဲ့ ချစ်သူနဲ့ အနစ်နာခံပေး
နိုင်တဲ့ ယုံသူငယ်ချင်းတို့ နှစ်ယောက်ရဲ့ မေတ္တာတွေ စေတနာတွေ
ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



တို့သားအမိရဲ့ရင်ကို ခေတ္တမျှ ပြေငြိမ်းစေတော့မယ်၊ လူ့ဘဝရဲ့ နောက်ဆုံးအချိန်မှာ ငါ့ရဲ့ အချစ်ဆုံး မေမေဟာ ငါ့အတွက် သိပ် စိတ်ချမ်းသာသွားရှာမယ်။

"ငါ ကျေးဇူးတင်တယ် လှိုင်း"

"ခုလို နားလည်မှုရှိစွာ လိုက်လျောပေးတဲ့ ချစ်ကိုလည်း မောင် ကျေးဇူးတင်လှပါတယ်ကွယ်၊ ဒီကိစ္စဟာလည်း မောင်တို့သုံးယောက် ကလွဲပြီး တစ်လောကလုံး ဘယ်သူမှ မသိနိုင်ကြပါဘူးလေ"

လောက၏ နိယာမ အစဉ်အလာကြီးကို လျှို့ဝှက်နည်းနှင့် တွန်းလှန် တိုက်ခိုက်ကြတော့မည့်…

အသက် နှစ်ဆယ် ဝန်းကျင်ရွယ် လူငယ်သုံးဦး၏… အတွေး အခေါ်များနှင့် ဆောင်ရွက်ချက်များတို့သည်..

❖ ❖ ❖





## အခန်း တစ်ဆယ့်ခုနစ်

"နွယ်နွယ် ခေါ်ခိုင်းတယ်ဆိုလို့"

"ဟုတ်တယ် ခင်ပြုံးရီရယ်၊ နွယ်လေ… ဝမ်းသာလုံးဆို့ပြီး တစ်ခါတည်းများ အသက်ထွက် သွားတော့မလား ထင်မိတယ်"

"မောပါမယ် နွယ်ရယ်၊ ဖြည်းဖြည်းပြောပါ"

"ခုတော့လေ… သားအတွက် နွယ် ရည်မှန်းထားတာတွေ ထုပ်စရာတွေ အများကြီးမို့ နွယ်မသေနိုင်သေးပါဘူး၊ အားရဝမ်းသာ ဆောင်ရွက်ချင်တယ် ခင်ပြုံးရီရယ်၊ ခင်ပြုံးရီ သိပြီးပြီနော်"

"သိပါ့နွယ်ရယ်၊ နွယ်ခေါ်ခိုင်းတယ်ဆိုမှ ဒီအကြောင်း ပြောမှာပဲ ဆိုပြီး လှိုင်းက ခုပဲ ဖွင့်ပြောလိုက်တာ"

"ဒီလို ခင်ပြုံးရီရဲ့"

"အင်း"

"သူ့ချစ်သူရဲ့ မိဘ ဇာစ်မြစ်လည်း သူမသိပါဘူး၊ မအေ ထုပ်သူက စုံစမ်းပြီးပြောတော့ သူလည်း စိတ်ပျက်သွားတယ် ထင်ပါရဲ့၊ ဒါကြောင့် နောက်ဆုတ်ပါ့မယ်တဲ့၊ လှိုင်းကလည်း ခွင့်လွှတ်တယ်တဲ့"

"ဟုတ်ပါတယ် နွယ်ရယ်၊ သူတို့ဟာ၊ ငယ်ငယ်လေးတည်းက သံယောဇဉ် ရှိနေကြတာ၊ ရည်းစားအဖြစ် စရမှာ ခက်နေကြလို့နေမှာ၊



www.burmeseclassic.com

www.burmeseclassic.com

ခုတော့လည်း နှစ်ယောက်လုံး နားလည်မှုတွေနဲ့ တတွဲတွဲ၊ ကျွန်မလည်း ကိုဖြိုးကို သားလေးလိုချစ်လို့ ဝမ်းသာပါတယ် နွယ်ရယ်"

"ခင်ပြုံးရီ"

"နွယ်"

"ဒီကိစ္စကို အမြန်ဆုံး စီစဉ်ရအောင်ပါ"

"နွယ်... ဘာလုပ်ချင်သလဲသာ ပြောပါ၊ ကျွန်မအားလုံး စီစဉ်ပေးမယ်"

"သားနဲ့သမီးကို ခမ်းခမ်းနားနားကြီး အမြန်ဆုံး လက်ထပ်ပေးချင်တယ်၊ အင်းလျားလိတ်မှာ"

အခန်းဝမှ ချောင်းနားထောင်နေကြသော ကိုဖြိုးနှင့် လှိုင်းတို့ ရင်ဘတ်နှိပ်ပြီး မျက်လုံးပြူးလျက် တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကြသည်။

"နွယ် နွယ်လည်း သိပ်ကျန်းမာတာ မဟုတ်ဘူး၊ အကျယ်ချဲ့ မနေပါနဲ့တော့လား"

"ဟင့်အင်း...ခင်ပြုံးရီ၊ နွယ်ရဲ့ သားလေးအတွက် ဒါဟာ နွယ်ရဲ့ နောက်ဆုံး မျှော်လင့်ချက်နဲ့ နောက်ဆုံး ဆောင်ရွက်ချက်ပါ"

"အို... ဒီလိုမပြောပါနဲ့ နွယ်ရယ်"

"နွယ်အပြောလောသွားလို့ ခင်ပြုံးရီရဲ့၊ မကောင်းတာတွေ တားမြစ်ပြီးပြီ၊ ကောင်းတာတွေ ညွှန်ပြဆုံးမပြီးပြီ၊ ဘွဲ့ရအောင် ပညာသင်ပေးပြီးပြီ၊ ကျူရှင်ကျောင်းတစ်ခုနဲ့ ပုံနှိပ်လုပ်ငန်းကို တည်ထောင်ပေးပြီးပါပြီ၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်





သင်စေ၊ ပေးဝေနှီးရင်း၊ ပြီးတော့ မိဘရဲ့ နောက်ဆုံးပဋ္ဌာန်းဖြစ်တဲ့ အိမ်မြားခြင်း ကျန်တယ်၊ အဲဒါကို ငွေငါးသောင်းလောက်အထိ အကုန်စမ်းပါစေ၊ နွယ်ရည်မှန်းပြီး စုထားတာရှိတယ်"

"အို... ကျွန်မတို့လည်း အကုန်ခံဦးမှာပေါ့၊ နွယ်တစ်ယောက်တည်း..."

"မဟုတ်ဘူး—ဒါတွေအားလုံး နွယ့်ငွေပဲ သုံးပါရစေ၊ ခင်ပြုံးရီမှာ အခြားသားတွေ ရှိသေးတယ်၊ ဒီမှာက ဒီတစ်ယောက်တည်း၊ ရှိသမျှ ကိုဖြိုးအတွက်ပဲလေ"

"သမီးလှိုင်း ခပ်ငယ်ငယ်တည်းက ဘောက်ထော်ဘက်မှာ မြေကွက်တစ်လုံး သူ့နာမည်နဲ့ ဝယ်ထားတာရှိတယ်လေ နွယ်"

"အင်း... ဟုတ်တယ်၊ ဟိုတုန်းက ကိုသောင်းထိုက် ပြောဖူးတယ်"

"အဲဒါ နှစ်ချုပ်နဲ့ငှားထားတာ၊ အတော်ပဲ... ရှေ့လဆို အိမ်ငှားတွေ ဆင်းတော့မယ်၊ အဲဒီတိုက်ကို လက်ဖွဲ့မယ်"

တကယ်ယုံကြည်စွာ စီစဉ်နေကြသော သူတို့၏ အဘွားကြီးများနှင့် ဝေးရာသို့ ထွက်ခွာလာပြီး ကိုဖြိုးနှင့် လှိုင်းတို့ သက်ပြင်းချကြသည်။

"လူသား၏ စိတ်ဓာတ်အားမာန်"

ဆိုသည်များကို ဒေါ်ခင်ပြုံးရီ လက်တွေ့ မြင်ရပါပြီ၊ ထူပေါ်မှ ဆနိုင်သော ဒေါ်နွယ်နွယ်ဦးသည် သားမင်္ဂလာဆောင်အတွက် အားတက်လွန်းသော စိတ်ဖြင့် အိပ်ရာမှ ကြွံ့ထသည်။ သူ့အားရောဂါကို သူပင် သိရှိပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



"တိုက် လက်ဖွဲ့မယ်ဆိုရင် နှယ်ဒီလို စီစဉ်ချင်တယ်၊ သော်
သားနဲ့ သမီး ရှိတယ်မဟုတ်လား"

"ရှိတယ်... အပြင်မှာ၊ ခေါ်လိုက်ရမလား"

"ဟုတ်ကဲ့"

မလုံသောမျက်နှာနှင့် မြုံးစိစိလုပ်ပြီး ဝင်လာကြသူများ
အံ့သြရပါပြီ။ ဖြူဖျော့နေသော ဒေါ်နှယ်နှယ်ဦး၏ မျက်နှာ
သွေးရောင်များ လွှမ်းလျက်...

"မေမေ နေကောင်းတယ်နော်"

"သိပ် ကောင်းတယ်သား၊ သားအလိမ္မာ၊ သမီးအလိမ္မာ
ကြောင့် နေကောင်းရုံတင် မဟုတ်ဘူး၊ အသက်တောင် ရှည်ဦးမ

"လှိုင်းလည်း ဝမ်းသာပါတယ် အန်တီနှယ်၊ တကယ်
လှိုင်းနဲ့ကိုဖြိုးက သံယောဇဉ် မဖြတ်နိုင်ကြပါဘူး၊ အန်တီနှယ်
အစခက်နေလို့ ဖြစ်မှာပါနော် ကိုဖြိုး..."

ဤဇာတ်လမ်းမှ ဒါရိုက်တာကြီး လှိုင်းက သွက်လက်တ
နေသလောက် တက်သစ်စ မင်းသားလေး ကိုဖြိုး ကျွတ်နေသည်

သူတို့၏ အဘွားကြီးများ အလစ်တွင် အံကြိတ်၍ မျက်
ပြူးပြလိုက်သဖြင့် လှိုင်းက လျှာတစ်လစ် ထုတ်ပြလိုက်သည်။

သူ့အစီအစဉ်များကို တင်ပြပြီး ဒေါ်နှယ်နှယ်ဦး၏ အပြုံးမျ
သည် အခန်းတွင်း၌ လင်းလို့... ဝင်းလို့...၊ သူ့မှတစ်ဆင့် ကူးစ
လာသော ကျန်လူများ၏ အပြုံးများသည်လည်း လင်းလက်လျက်

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေသော နေ့ရက်
ဖန်တီးနိုင်သဖြင့် အားလုံးထဲတွင် လှိုင်း၏ အပြုံးက အတောက်ပဆုံး

❖ ❖ ❖





မျှော်လင့် ထင်မှတ်ထားသည်ထက် အဆပေါင်းများစွာ
ကြီးကျယ်သော မင်္ဂလာပွဲကြီးတစ်ခုကို ဒေါ်နှယ်နှယ်ဦး အစီအစဉ်၊
ဒေါ်ခင်ပြုံးရီ၏ စွမ်းဆောင်ချက်များဖြင့် ဆင်ယင်ကျင်းပတော့မည်။

"ဖိတ်စာလေးရော"

ဆိုသဖြင့် ကိုဖြိုးနှင့်လှိုင်းတို့ မျက်လုံးပြူးသွားကြရပြီ။

"မေမေလည်း နေကောင်းတာမှ မဟုတ်ဘဲနဲ့၊ ဘာလို့ လူတွေ
များကြီး ဖိတ်မှာလဲ"

ကိုဖြိုးက ပြောသော်လည်း မရ၊ အိပ်ရာထဲမှ တက်ကြွနေသူက
ဒေါ်နှယ်နှယ်ဦး။

အပြင်မှာ တက်ကြွနေသူက ဒေါ်ခင်ပြုံးရီ။

"မေမေရယ်... သိပ်ပြီး အကျယ်မချဲ့စမ်းပါနဲ့၊ သမီးစိတ်ညစ်
ပြီ။ ...ပြီး...ပြီးတော့ အန်တီနှယ့် ပိုက်ဆံလည်း အရမ်းမသုံးပါနဲ့"

"မရွှေလှိုင်း ကျုပ်ကို ဆရာလုပ်မနေနဲ့၊ နှယ်နှယ်က လို
လောက် သုံးပါလို့ အပ်ထားမယ့် သင့်လျော်သလောက်ပဲ သူ့ကို
ရင်းပြတာ။ ကျန်တာ ကျုပ်ကချည်း စိုက်နေတာ။ သူလည်း
ားလေးတစ်ယောက်တည်းမို့ အစွမ်းကုန် လုပ်ချင်သလို မေမေက
ည်း တစ်ဦးတည်းသော မေမေ့သမီးကြီးအတွက် ကုန်စမ်းပါစေ၊
သာနေ၊ သမီးတို့ လူငယ်တွေ ဘာမှ ဝင်မပြောနဲ့၊ မေမေတို့
ည့်စီစဉ်မယ်"

ခက်ချေပြီ။

ကိုဖြိုးရော လှိုင်းပါ ကိုယ့်ဇာတ် ကိုယ်မနိုင်ကြတော့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်သည်ဘက် ဆွေမျိုးများ၊ ဟိုအိမ် သည်အိမ် ကူညီ တရုန်းရုန်း ဖြစ်ကုန်ကြပြီ။

"ကိုဖြိုးရေ...လှိုင်းတော့ သေတောင် သေချင်ပါပြီ၊ ဖိတ်စာဝေ ဝေတော့ သူငယ်ချင်းတွေ မျက်လုံးပြူးကုန်ကြပြီပေါ့"

"အေး...လှိုင်းရယ်၊ ငါလည်း စိတ်ညစ်ပါတယ်"

"သူငယ်ချင်းတွေဆီက လာလိုက်တဲ့ဖုန်းတွေ တဂွမ်ဂွမ်နဲ့ မောင်နှမလို ဆို၊ သူငယ်ချင်းလို ဆို၊ ချစ်နှင်းဖြူ ဘယ်ရောက်သွားသ ဆိုတဲ့သူက ပါသေး"

"ငါ့ဆီလည်း ဒီတိုင်းပါပဲဟာ"

"ကိုဖြိုး"

"ဟင်"

"လှိုင်းတို့ တစ်ချက်မှားသွားပြီ"

"ဘာကိုလဲ"

"လှိုင်းရဲ့ မေမေကိုပါ ဖွင့်ပြောမိရင် ဒီလောက်အကျယ်အကျယ် ဖြစ်မှာမဟုတ်ဘူး။ ခုတော့ မေမေက ပိုသည်းနေတာ၊ သူ့အပေါ် အသင်းစုံနဲ့ အပြတ်ကို ဟဲနေတော့တာပဲ"

"အန်တီပြူးကို ဘယ်ပြောလို့ ဖြစ်ပါ့မလဲ လှိုင်းရယ်"

"ဘာဖြစ်လို့လဲ"

"ဘွဲ့ရပြီးစ သမီးချောချောလေးဟာ လက်ထပ်ပြီးသား ကွာရှင်း ပြီးသား မိန်းကလေးတစ်ယောက် ဖြစ်ရမယ့် အဖြစ်မျိုးကို ဘယ် မိခင်က လက်ခံနိုင်ပါ့မလဲလှိုင်း"





"ဟုတ်တယ်နော်... ဖွင့်ပြောလိုက်လို့ လက်မခံပါဘူး ဖွမ်လုပ်နေမှ အစီအစဉ်အားလုံး ပျက်မှာ၊ နေပစေတော့ ကိုယ့် လုပ်ချင်တာ လုပ်ကြလို့သာ လွှတ်ပေးထားလိုက်တော့" ရှုစ်

"အင်းပေါ့လေ၊ ခုမှတော့ ဘာတတ်နိုင်တော့မှာလဲ"

"တို့ သုံးယောက်ရဲ့ လျှို့ဝှက်မှုကြီး မပေါ်ဖို့နဲ့ ချစ်နှင်းဖြူ လည်း ကျေနပ်ဖို့ပဲလိုပါတယ်"

"ချစ်က ကျေနပ်ရှာပါတယ်၊ မနေ့က ငါ ခဏ ပြေးလိုက်သေး တယ်၊ မင်္ဂလာ ဆောင်ရမယ် ပြောတော့လည်း ဘာမှ မပြောပါဘူး။ အဲဒီညနေကျရင်သာ မမလှိုင်း ပြောထားတဲ့အတိုင်း သူ့ကို လာခေါ် ပါတဲ့"

"ချစ်နှင်းဖြူကလည်း နင့်ကို တကယ်ချစ်ရှာပါတယ်"

"ငါကလည်း သူ့ကို ငုံထားချင်တယ်ဆိုတာထက် လွန်ပြီး ချုပ်ထားချင်တယ်။ ငုံတာက ပြန်ထွက်သွားနိုင်သေးတယ်၊ ရင်ထဲမှာ ချုပ်ထားတော့ ပြန်ထွက်လို့ မရတော့ဘူး"

"အမယ်လေး...အရေးထဲ၊ နင်တို့ နှစ်ယောက်ကလည်း လွန်ကို လွန်လွန်းပါတယ်"

"လှိုင်းရယ်...အခန်းထဲက မေမေ့မျက်နှာကို ကြည့်လိုက်စမ်းပါ"

ဒေါ်နွယ်နွယ်ဦးသည် အိပ်ရာပေါ်တွင်ထိုင်ပြီး ငွေဖလား သာပုံ့သူ၊ ပန်းစည်းအပ်ဖို့၊ အလှပြင်ဖို့...စသော ကိစ္စအဝဝနှင့် ရောက်ရှိ နေကြသော မိတ်ဆွေများ၊ ဆွေမျိုးများ၊ သူ့သူငယ်ချင်းများနှင့် အားရပါးရ စကားပြောပြီး ရယ်မောသံက လွင့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ် ကိုဖြိုးရယ်၊ အန်တီနှယ် သိပ် စိတ်ချမ်းသာ နင့်မျက်ရည်တွေကလည်း ခန်းခြောက်သွားပြီမို့၊ ငါ့ရဲ့ ကျည်းမှုကြောင့် မြင်လို့၊ ငါ ဝမ်းသာမဆုံးတော့ပါဘူး ကိုဖြိုးရေ"

"လှိုင်းရယ်...၊ နင့်ရဲ့ ကျေးဇူးတရားကို ငါနဲ့ ချစ် တစ်သက်လုံး ကြဲတိုင်း ပေးဆပ်နေပါ့မယ်"

"ငါ ဒီလို မျှော်ကိုးလို့ လုပ်ပေးတာမှ မဟုတ်တာ ကိုဖြိုးရယ်၊ ကိုယ့်စေတနာနဲ့ကိုယ်ပါ"

"မင်္ဂလာရက်တောင် နီးနေပြီနော်"

"အေးလေ... လာမယ့် ကြာသပတေးနေ့ဆိုတော့ ကြားသုံးရက်ပဲ လိုတော့တာပေါ့"

❖ ❖ ❖



## အခန်း တစ်ဆယ့်ရှစ်

"သမီးကို ဖေဖေ ပြောစရာရှိလို့"

ဦးသောင်းထိုက်သည် သမီးကြီး ဖြူလှိုင်းဖွေး၏လက်ကို ဆွဲပြီး [ခု]င်ပေါ်တွင် ထိုင်စေသည်။

သူ့ကို ပခုံးမှ ဖက်စေလျက် လမ်းတွဲလျှောက်ပေးနေသော သူ့[အ]တွက် အဖော်အမျိုးသားသည် အလိုက်သိစွာပင် အခန်းတွင်းမှ [ထွ]က်သွားတော့သည်။

ဖြူလှိုင်းဖွေး ကိုဖြိုးနှင့် လက်ထပ်ပါတော့မည်ဟု ကြေညာပြီး [ဖေ]ဖေ့အတွက် ငွေရမ်းပေးထားပြီးပါပြီ။ မေမေက သူ့ မပြုစု[နိုင်]သော်လည်း လူငှားပေးထား၍ တော်ပါသေးသည်။ [ပတ်တည်းက နေ့ခင်း ထမင်းကျွေးနှင့် တစ်ဆယ်၊ ည...ဆယ့်ငါးကျပ်]

အိမ်မှာ ဆွေမျိုးများ၊ မိတ်ဆွေများ တရုန်းရုန်း လာကြ၊ [သွ]ားကြ၊ စားကြ၊ သောက်ကြပါသော်လည်း သြဇာ မရှိတော့သော၊ [ဦး]မ်းဆောင်နိုင်တော့သော ဖေဖေ့ကို အလွန်ဆုံး နှုတ်ဆက်၍ ပြန်သွား[ကြ]သာ၊ တချို့က ဖေဖေ့ကို သတင်းပင် မေးဖော်မရ၊ ဖေဖေသည် [အ]ရင်းမရှိတော့။

"ဖေဖေ ခုတလော နေကောင်းနေတယ်နော်၊ အိပ်မက်ကောင်း[မ]က်တာ ကြာလှပြီ။ ဒီလိုနဲ့ ပျောက်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သမီးကို ဖေဖေ ပြောစရာရှိတယ်ဆို"

"အေး၊ ကိုဖြိုးနဲ့ လက်ထပ်မယ်ဆိုလို့ ဖေဖေ သိပ်ဝမ်းသာ
နေတာ"

မပေါ့သော ရင်ဖြင့် ဖခင်ကို ပြုံးပြလိုက်ရသည်။

"အဲဒီအတွက် ဖေဖေ့ရဲ့ လက်ဖွဲ့ကို သမီးလက်ခံပြီး အသုံးချပါ
လို့ ဖေဖေ ပြောပါရစေ"

"လက်ခံပါ့မယ် ဖေဖေ၊ အသုံးလည်း ချပါ့မယ်။ ဘာပစ္စည်း
မို့လဲ ဖေဖေရဲ့"

ထာဝရ အားငယ်နေရရှာသော ကိုယ်တစ်ခြမ်းသေနေသည့်
ဖခင် လူမမာကြီး စိတ်ချမ်းသာပါစေရန် ပြန်ကြားရသော စကားများ
ပါ။

"သမီး ငယ်ငယ်လေးတည်းက ဖေဖေ သမီးအတွက် အကြီး
အကျယ် ကြံစည်အားထုတ်ပြီး ဝယ်ထားခဲ့တဲ့ ပစ္စည်းပါ"

"ဘာလဲ၊ ဟင်... ဖေဖေ"

"ဘောက်ထော် ပြည်သာယာက တိုက်ပါ"

"ဩော်... ဒါလား"

တစ်ဦးတည်းသော သမီးကြီးအတွက် သမီး၏ နာမည်နှင့်
တိုက်တစ်လုံး ဝယ်ပေးထားခဲ့ကြောင်း အားလုံး သိရှိခဲ့ကြပါသည်။

"အကြီးအကျယ် ကြံစည်အားထုတ်ပြီး ဝယ်ထားတဲ့တိုက်"
ဆိုသော စကားကို လေဖြတ်ထား၍ စကားသံ ပီသခြင်း မရှိလှ





သော ဖေဖေ့ထံမှ ပထမဆုံး ကြားသိလိုက်ရသဖြင့် နည်းနည်းတော့
အံ့သြမိသား။

သို့ပေမယ့် မမေးဖြစ်ခဲ့...။

"အဲဒီတိုက်ကို သမီးလက် အပ်မယ်၊ နွယ်နွယ် မရှိတဲ့ နောက်
ပိုင်းကျရင် သမီးနဲ့ ကိုဖြိုးနဲ့ သွားနေကြပါ"

"ဟုတ်ကဲ့"

"သမီးကို နေစေချင်လွန်းလို့ပါ၊ ဖေဖေ့ကို လေးလေးနက်နက်
ကတိပေးပါလား သမီး"

"ဟုတ်... ဟုတ်ကဲ့၊ ပေးပါတယ် ဖေဖေ၊ သမီး သွားနေပါ့မယ်"

ဒေါ်နွယ်နွယ်ဦး ကွယ်လွန်ပြီးနောက် ပြောင်းလဲသွားမည့်
အခြေနေကို ဖေဖေ မသိရှာသေး။

ဘာပဲဖြစ်ဖြစ်... လှိုင်း ငယ်စဉ်လွှဲတည်းက ဖေဖေ ကြိုတင်
စီစဉ်၍ ဝယ်ပေးထားရှာသော တိုက်ကို ဖြူလှိုင်းဖွေး လက်ခံရပါမည်။

"သမီးကြီး... လှိုင်း"

"ဟုတ်ကဲ့... ဖေဖေ"

"အဲဒီတိုက်ပေါ်ကို ပြောင်းတက်ပြီးတဲ့အခါကျတော့ အဲဒီတိုက်
နဲ့ ပတ်သက်တဲ့ အကြောင်းရာလေးတစ်ခု ဖေဖေမသေခင် သမီးကို
ပြောခဲ့မယ်"

"ရှင်"

"ဖေဖေ့မှာ အခုအချိန်ထိ ဖေဖေတစ်ယောက်တည်းသာ
သိနေတဲ့ လျှို့ဝှက်အကြောင်းရာလေးတစ်ခု ရှိနေပါတယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတိုက်နဲ့ ပတ်သက်လို့လားဟင် ဖေဖေ"

"ဟုတ်တယ် သမီး...ဟုတ်တယ်"

"ပြည်သူ့ပိုင် သိမ်းခဲ့စဉ်က..."

ဆိုသော ဖေဖေ၏ အကြောင်းရာ တစ်စွန်းတစ်စကို အန်တီနွယ်ထံမှ သိခဲ့ရသော ကိစ္စနှင့်များ ပတ်သက်နေလေမလား။

"ဖေဖေ"

"ဟင်"

"ခုပဲ သမီးကို ပြောပြပါလား ဖေဖေရယ်၊ သမီး သိပ်သိချင်လို့ပါ"

ဦးသောင်းထိုက်သည် ဖြည်းညင်းစွာ ခေါင်းခါလျက်...

"သမီး ဒီတိုက်ပေါ်မှာ တိုက်ပိုင်ရှင်အဖြစ်နဲ့ တက်နေတဲ့အခါကျတော့မှ ဖေဖေ ပြောပြပါမယ်သမီး"

"သား အဖချင်းပဲ ဖေဖေရယ်၊ ဘာလို့ ဒီလောက် လျှို့ဝှက်နေရတာလဲ"

"လျှို့ဝှက်ဆို လျှို့ဝှက်ထားစရာ အကြောင်းရှိနေလို့ပေါ့"

"သမီး သိချင်လှပြီ"

"တိုက်ပေါ် တက်နေကြဖို့လည်း မဝေးတော့ပါဘူးလေ သမီးရယ်"

"အဲဒီ ဘောက်ထော်ပြည်သာယာက တိုက်ကြီးဟာ နှစ်ထပ်တိုက် အကြီးကြီး၊ ခြံကလည်း ကျယ်တယ်၊ ဝယ်တုန်းက ဘယ်လောက်ပေးရလို့လဲဟင် ဖေဖေ"





"ဟိုတုန်းက ဒီနေရာတွေ ဈေးပေါသေးတယ် သမီး၊ အို... ရောက်ကျတော့ ဖေဖေ အားလုံး ပြောပြပါ့မယ်..."

"သမီး နေခွင့်ရတဲ့ အချိန်ကျရင် ဖေဖေပါ လိုက်နေနော်..."

"အခြေနေအရပေါ့ သမီးရယ်"

"ဖေဖေလည်း ခုတလော နေကောင်းနေပါတယ်"

"အိပ်မက်တွေ မမက်ရင် ဖေဖေ နေကောင်းပါတယ်"

"ခုတလော မမက်တာ ကြာပြီနော်၊ အဲဒါတွေဟာ ဖေဖေနဲ့ ယ်လိုထိတွေ့ခဲ့လို့လဲ ဖေဖေ"

"ဖေဖေ ပြောပြမယ့် တိုက်ရဲ့ လျှို့ဝှက်ချက်ထဲမှာ အဲဒါလည်း ကျုံးဝင်ပါတယ် သမီး"

"ဖေဖေကလည်း ပဟေဠိ ပုစ္ဆာကျနေတာပဲ၊ စကားထာ ပ်တမ်း ကစားနေတာလည်း မဟုတ်၊ အခန်းထဲမှာ သားအဖ ယောက်တည်း ရှိတုန်း ပြောပြစမ်းပါ ဖေဖေရာ"

"ဖေဖေ ပြောပြလိုက်ရင် အဲဒီတိုက်ကြီးမှာ သမီးမနေဖြစ်မှာ ...ို့"

"ဟာ... ပိုကြောက်သွားပြီ၊ သရဲခြောက်လို့လား"

"အို...မဟုတ်တာ၊ ဒါတွေ ဖေဖေ အယုံအကြည် မရှိပါဘူး"

"ဒါဖြင့် ဘာလဲ ဖေဖေရဲ့"

"ကိုဖြိုးနဲ့ သမီးတို့ အဲဒီတိုက်ကြီးမှာ သွားနေရမယ့် အချိန်ဟာ ...ပြီး နီးကပ်နေပါပြီကွယ်၊ ဟိုမှာနေဖြစ်ပြီးရင် ဖေဖေ ပြောပြတော့ ...ါ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] ထင်နေသလို ကိုဖြိုးနှင့် နေရမည်မဟုတ်ပါ။ လှိုင်[illegible] [illegible] ထိုတိုက်ကြီးတွင် နေဖြစ်ဖို့ များစွာဝေးကွာနေ[illegible] [illegible]ကြောင်း မသိရှိရှာသော ဖေဖေ့ရှေ့မှာပင် လှိုင်း သက်ပြင်[illegible] [illegible]ကြီးကို ချလိုက်မိပါ၏...။

❖ ❖ ❖

## အခန်း တစ်ဆယ့်ကိုး

ပလေးဘွိုင်-ကို တက်ငှားပစ်သည်။

မင်္ဂလာ ဩဘာရတု သီဆိုပေးမည့် ဒေါ်တင်တင်မြနှင့် အားလုံ[illegible] ယနေ့ စတီရီယို လောကမှ ထိပ်တန်း အဆိုတော် များချည်း...

သတို့သမီး ကိုင်မည့် ပန်းစည်းက ငါးရာကျော် တန်သည်[illegible] ငွေဖလားမှာ စိုက်မည့် ဘိသိက်ပန်းကို တောင်ကြီးမှတစ်ဆင့် လေယာဉ်နှင့် ယူလာမည်။ ပန်းအလှပြင်ဆရာမသို့ အပ်ပြီးပါပြီ[illegible] အိပ်ရာ ခန်းနားက စင်ကာပူပြန် တရုတ်များထံမှ ဝယ်ပြီးပြီ...

သတို့သမီး တစ်ကိုယ်လုံး ညှတ်ကျအောင် စိန်ဆင်[illegible] ဒေါ်ခင်ပြုံးရီ စိန်သူဌေးများနှင့် ညှိနှိုင်းထားပြီးသား၊ အလှပြင်မည်[illegible] ကိုတင်ထွဋ်ကိုလည်း အစွမ်းကုန်ပြင်ဖို့ မှာကြသေးသည်။





မင်္ဂလာအခမ်းအနား အစမှအဆုံးထိ ဗွီဒီယို(VIDEO)ရိုက်ရန် လည်း အဆင်သင့်...

"လှိုင်း သိပ်စိတ်ညစ်နေသလားဟင်"

"စိတ်ညစ်လှတယ် ရယ်တော့လည်း မဟုတ်ပါဘူးလေ၊ ဒါပေမယ့် အဲဒီ ပရိသတ်ကြီးအလယ်ကို ထွက်ရမှာတော့ စိတ်ထဲမှာ တစ်မျိုးပဲ ကိုဖြိုးရယ်"

"မေမေတို့ အန်တီပြုံးတို့ကလည်း မတရားကြီးကို စီစဉ်နေ တော့တာပဲ"

အင်းလျားလိတ်ဟိုတယ်၏ သီးသန့်အခန်းထဲမှ သတို့သမီး၊ သတို့သားတို့အတွက် ရရှိထားသော အခန်းထဲတွင် တီးတိုး ညည်းညူ နေမိကြသည်။

"မေမေတော့ တအားပျော်နေတယ် လှိုင်းရေ"

"အင်း... ဒီအတွက် လှိုင်း ဝမ်းသာပါတယ် ကိုဖြိုး"

"ဒေါက်တာသီဟက ဒီလောက် အပင်ပန်းခံလို့ မဖြစ်ဘူးလို့ ပြောတာလည်း မရဘူး"

"သူ စိတ်ချမ်းသာသလိုသာ နေပါစေ"

"ဒီနေ့ မနက် အစောကြီးတည်းက သူ အားလုံး ထပြီး စီစဉ် နေတာ၊ သူ့မိတ်ဆွေတွေလည်း အများကြီး လာနေကြပြီ"

"အင်းလေ...ရုံးပိတ်ရက်မဟုတ်တဲ့ ကြားရက်အချိန်ကြီးတောင် လူတွေကလည်း များလိုက်တာ"

ဒီထက်လည်း ပိုညည်း၍ မဖြစ်တော့ အလှပြင်ဆရာက နောက်ဆုံး ခြယ်မှုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်တော့မယ်နော်...အသင့်"

တစ်လှန့်သဖြင့်...အပျိုရုံ၊ လူပျိုရုံများ၊ ပန်းခြင်းကိုင်မည့်

ကလေးများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

"မမေရယ်... ဘာလို့ ဒီလောက် အပင်ပန်းခံနေရတာလဲ

နေကောင်းရဲ့လား"

ခေါင်းပေါင်းကြီးနှင့် ကိုဖြိုးက အားရဖွယ် မရှိအော

ပန်းလျှနေရှာသော သူ့မိခင်၏လက်ကို ဆုပ်ကိုင်၍ မေးလိုက်သည်

ဒေါ်နွယ်နွယ်ဦး၏ လက်တို့သည် သွေးလည်ပတ်မှု မရောက်တော့

သလို အေးစက်နေပါ၏။

"ကောင်းတယ်သား...ကောင်းတယ်၊ သားကြီးရယ်... ဒီ

မေမေ ပျော်လိုက်တာ"

"သမီး... လှိုင်း"

"အန်တီနွယ်"

"လှလိုက်တာကွယ်"

ပြုံးကြရပါသည်။ ကိုဖြိုးရော လှိုင်းပါ ဒီအမြင်၊ ဒီအပြော

ဒီအသိများ ဖြစ်ထွန်းပါစေဆိုသော စေတနာအပြည့်နှင့် ကြိုးဆောင်ခဲ့

ခြင်း မဟုတ်လား။

ဝမ်းသာပါစေ၊ ဒေါ်နွယ်နွယ်ဦး ဝမ်းသာလေ၊ ဟန်ဆောင်ရကျိုး

နပ်လေပါ။

"မေမေ့ဘဝရဲ့ အကြီးမားဆုံး၊ အပျော်လင့်ဆုံး ဆန္ဒကြီး

ပြည့်ဝပြီ သားတို့.သမီးတို့ရယ်"





နှစ်ယောက်ကြားမှာ ခေါင်းငုံ့ မှီလိုက်သည်။ လဲပြိုသွားတော့

မလို ဖြစ်ပြီးမှ သူ့ကိုယ်သူ ထိန်းလိုက်နိုင်ရှာပါ၏။ ဝမ်းသာရှာလွန်း

သဖြင့် ဒေါ်နွယ်နွယ်ဦး၏ နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်နေသည်။

"နွယ်နွယ်ရေ... အသင့်တဲ့၊ ကဲ...လူ စီရပ်တော့၊ ပန်းခြင်း

ကိုင်မယ့် ကလေးနှစ်ယောက်က ရှေ့ကထွက်၊ ဟဲ့... ဗွိဒီယိုသမားကို

ခေါ်တော့လေ၊ စထွက်တည်းက စရိုက်မှာ၊ လာ... နွယ်နွယ်"

ဒေါ်ခင်ပြုံးရီ ပျာလောင်ခတ်နေသည်။ ခင်ပွန်းသည်များ

ပေါ်ရှိသောပွဲတွင် အဘွားကြီးနှစ်ယောက် ယှဉ်တွဲလျက် နောက်က

လိုက်ကြရမည်။

နှစ်ဘက်သော မိဘများ၊ များစွာ ဤခန်းမတွင် လျှောက်ဖူး

ကြမည် သို့သော် ဒေါ်ခင်ပြုံးရီနှင့် ဒေါ်နွယ်နွယ်ဦးတို့လို အပြုံးမျိုး

ဖြင့် မည်သူမျှ လိုက်မိကြမည်မထင်။

ကိုဖြိုးက သူ့တောင်ရှည်ကြီးကို မမတင်နေ၏။

လှိုင်းကလည်း ထိုင်မသိမ်းနှင့်ဗလာထဘီကြောင့် ခြေလှမ်းရ

ကသဖြင့် မလှုပ်လျှင်လည်း မပြီးမည့်ကိစ္စကို လုပ်ရပါပြီ။

ကိုဖြိုး၏လက်ကို ချိတ်တွဲလျက်...

"ကိုဖြိုး..."

"ဟင်..."

"ညနေ မြန်မြန်ရောက်ချင်လှပါပြီ"

"ချစ်ကို ခေါ်ဖို့ မဟုတ်လား"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒါပဲ စိတ်ရောက်နေပါတယ်၊ ဒီက ကိစ္စကြီးသာ
မြန်မြန်ပြီးစေပါစေတော့"

ညှို့ဝရီသတ်အလယ်သို့ ထွက်ကာနီးတွင် ညည်းနေကြသော
မင်္ဂလာဆောင်မယ်များကို စောင့်ကြို၍ ကောင်းချီးသြဘာပေးကြမည်
ဝရီသတ်ကတော့ သူတို့အဖြစ်ကို ရိပ်မိကြမည်ပင် မထင်။

"ကိုဖြိုး"

"ဟင်"

"တို့လို ဟန်ဆောင်မင်္ဂလာပွဲကို တစ်ခါမှ လုပ်ဖူးကြမှာ
မဟုတ်ဘူးနော်"

"အင်း"

"ဒါပေမယ့် အန်တီနွယ် သိပ်ပျော်နေတာပဲ ဝမ်းသာပါတယ်
ကိုဖြိုးရယ်"

"ဒါပေမယ့် မေမေဟာ စိတ်ဆောင်နေသလိုပဲ၊ ကြည့်ရတာ
အားမရစရာ"

"နင် ထင်လို့ပါ၊ သူ ပင်ပန်းနေလို့ပါ"

နှစ်ယောက်လုံး စိတ်မာတ်ခိုင်ကြည်စွာ ဆုံးဖြတ်ပြီးသား
အံကြိတ်၍ ဟန်ဆောင်နေကြရသည်။ ဖြစ်နိုင်ပါလျှင် နေရာမှ တစ်
တည်း ထွက်ပြေးလိုက်ချင်ပါပြီ။

"အင်း... အန်တီနွယ် ခုလောက် ထောင်ထောင် ထောင်ထော
ဖြစ်နေရင် ချစ်နှင်းဖြူကို သွားခေါ်ပြီး...

"အို... ညနေကိစ္စ ညနေကျမှပဲ ကြည့်ရှင်းတော့မယ်၊ ချစ်နှင်း
ကလည်း နားလည်တယ်၊ ကိုဖြိုးကလည်း ငါ့ရဲ့စေတနာကို သူ





သစ္စာတရားနဲ့ တုံ့ပြန်မှာပါ၊ တို့သုံးယောက် ဆက်လက် ဟန်ဆောင်
နေကြမယ်၊ နားလည်မှုရှိနေကြမယ်ဆိုရင် ပြီးတာပဲလေ"

"ငါ့ဘဝတစ်ခြမ်း ပေးဆက်လိုက်တဲ့အတွက် သူ့ရဲ့ နောက်ဆုံး
အချိန်မှာ ရည်မှန်းချက် အကြီးမားဆုံး မိန်းမတစ်ယောက်ဖြစ်တဲ့
အန်တီနွယ်ရဲ့ဆန္ဒ ပြည့်ရှာပြီ...

"အချစ်ဆုံး သူငယ်ချင်း ကိုဖြိုးရဲ့ မျက်ရည်တွေလည်း
ခမ်းရပြီ...

"ဒါ ငါ့စေတနာ၊ ငါ့ စွန့်လွှတ်ခြင်း၊ ငါ့ရဲ့ အနာခံခြင်း..."

အတွေးမဆုံးမီ ကိုဖြိုး၏ တရားဝင်ဇနီး ဖြစ်ပါပြီဆိုသည့်
အကြောင်းကို လူပုံအလယ်တွင် ပြသရန်အတွက် ခြေလှမ်းကို စတင်
လှမ်းရပါပြီ...

အလျှောက်ခက်နေသော ဖြူလွှင်းဖွေးကို ဂရုတစိုက်တွဲလျက်
လျှောက်ပေးနေရသော ကိုဖြိုး၏ ရင်မှာ အချစ်ရဆုံး ညီမ အရင်းလေး
တစ်ယောက် မလဲရန်၊ မငြိုရန် တွဲခေါ်နေသည့်အတိုင်းပါပင်...

တီးဝိုင်းမှ တေးသံများ၊ ပရိသတ်များ တီးတိုးစုလိုက်သော
စကားသံများ မသဲကွဲသော်လည်း ကျယ်ပြောလာသော အသံများနှင့်
အကြည့်များ။

အားလုံးသော အားလုံးကို ကိုဖြိုးရော လှိုင်းပါ မကြားကြတော့၊
မမြင်ကြတော့။

စင်မြင့်ပေါ်သို့ ရောက်ပြန်တော့လည်း လာနှုတ်ဆက်ကြသူများ
ကို ကိုဖြိုးရော လှိုင်းပါ ဟန်ဆောင်၍ပင် မပြုံးကြတော့။



www.burmeseclassic.com

www.burmeseclassic.com



**နှမ်းလှော်… ဝန်းလှ၊** ပြီးစေချင်လှပါပြီ…

**ကိုဖြိုးသည်** လက်မှ နာရီကို မသိမသာလေး လှမ်း[illegible] **ကြည့်နေကြောင်း** လှိုင်းသတိထားမိသည်။

**ချစ်နှင်း**ဖြူကို သူသွားခေါ်ရန် တစ်စက္ကန့်ထက် တစ်စက္က[illegible] **နီး**လာဝါပြီဟု ကိုဖြိုး အားတင်နေကြောင်း လှိုင်းသိပါသည်။

"စိတ်ညစ်နေလား လှိုင်း"

"ရပါတယ်"

သည့်လောက်သာ ပြောခွင့်ရသည်။ မင်္ဂလာချိန် မတိုင်မီ [illegible] သည့် အချိန်ထက် စောစီးစွာ ကြွရောက်လာသော ပရိသတ်အ[illegible] သည် စားသောက်ခွင့် ရပြီးသည့်နောက်တွင် ကျားလိုက်လာသ[illegible] သုတ်ခြေတင်ကြတော့သည်။ လူတစ်အုပ် ပြန်လိုက်… လှိုင်းတို့ရ[illegible] အလုံးကြီးတစ်လုံး ကျလိုက်နှင့်ပါ…။

"မေမေ နေကောင်းရဲ့လား မသိဘူး"

စင်မြင့်ပေါ်မှာ တောင်ရှည်ပုဆိုးကြီးနှင့် ကိုဖြိုးသည် ထိ[illegible] စာမေးပွဲထောင့်တွင် ခပ်မှိုမှို ထိုင်လျက် အပြုံးလျှော့နေသော မိခ[illegible] ကို စိုးရိမ်စွာ ကြည့်မိသည်။

သတို့သမီး·သတို့သားကိုမှ လက်ဆွဲပြီး အင်္ဂလိပ်လို [illegible] မဆက်ရလျှင် မင်္ဂလာပွဲလာခြင်း အထမမြောက်သလို ဖြစ်နေသ[illegible] ယဉ်ကျေးမှုကြောင့် ကိုဖြိုးနှင့် လှိုင်းတို့လက်များ ပြုတ်ထွက်[illegible] မတတ်…။

သည်လိုနှင့်…





၃–နာရီမှ ၅–နာရီဆိုသော အချိန်ကို နှစ်နှစ်ရာလောက် ကြာ[illegible]သည် ထင်ရအောင် စိတ်ညစ်ညူးလွန်းစွာ ကျော်ဖြတ်ပြီးသည့်[illegible]နောက်တွင်…

သိုက်မြိုက်စည်ကားလွန်းသော အင်းလျားလိတ်၏ မင်္ဂလာ[illegible]ခမ်းနားကြီးလည်း ပြီးဆုံးပါပြီ။

မျက်နှာကြက်မှ လှပလွန်းသော မီးပန်းဆွဲကြီးမှ မီးသီးများ[illegible]သည်း ပိတ်ငြိမ်းခဲ့လေပြီ။

ကိုဖြိုးနှင့် လှိုင်းတို့ပင်လျှင် မင်္ဂလာစင်မြင့်မှ သက်ဆင်းပြီး [illegible]သူတို့အတွက် စီစဉ်ထားသော ဘီအမ်(မ)ဒဗလျူ ကားသစ်ကြီးရှိရာသို့ [illegible]င်ရောက်ထိုင်ကြပြီးချိန်မှာ…

"ကိုဖြိုး အဝတ်လဲပြီးရင် ဆေးရုံကြီးသာ လိုက်ခဲ့တော့"

ဒေါက်တာ သီဟက ကားပြတင်းမှ ငုံ့၍ ပြောလာသည်။

"ခင်ဗျာ"

"အေး…ဒေါ်နွယ်နွယ်ဦး နေမကောင်းလို့ အန်ကယ်ပဲ ဆေးရုံ[illegible]ကြီး ခေါ်သွားတော့မယ်"

"ဗျာ… မေမေ"

"သိပ်မစိုးရိမ်ပါနဲ့၊ ကိစ္စမရှိပါဘူး၊ အဝတ်လဲပြီးရင်သာ [illegible]လိုက်ခဲ့…ဒါပဲ"

ရွှေပွဲလာ ပရိသတ်အဖြစ်နှင့် ရောက်ရှိလာသော မေမေ၏ [illegible]ဆရာဝန်နှင့် ဘယ်လို ချိတ်ဆက်မိသွားကြသည် မသိ။

ဒေါက်တာသီဟ၏ လဲန်ဆာ ကားပေါ်တွင် ကြီးကြီး[illegible] [illegible]မှ ပိုက်လျက် မောင်းထွက်သွားသည်ကို မြင်လိုက်ရသည်နှင့်…



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... တစ်ခါတည်း လိုက်သွားချင်လိုက်တာ၊ အရေ
ဒီအဝတ်အစားတွေကလည်း"

"ခဏမြန်မြန်လေး မောင်းပေးလိုက်ပါရှင်"

ဖြူလှိုင်းဖွေး၏ စကား ဆုံးသည်နှင့် ဘီအမ်(မ)ဒဗလျူ
မိုင်ခြောက်ဆယ်နှုန်းလောက်နှင့် အင်းလျားလိတ်မှ မောင်းထွ
တော့သည်။

"ကိုဖြိုး သွားနှင့်၊ လှိုင်း ဒါတွေ ချွတ်ပြီးတာနဲ့ ဆေးရုံ
လိုက်ခဲ့ပါ့မယ်"

"အင်း... ငါ သွားပြီ လှိုင်း"

အမျိုးသား ဝတ်စုံမို့ အမြန်လဲလှယ်နိုင်ပြီး သူတို့အတွ
လိုက်၍ ကူညီသော ဤကားကြီးနှင့်ပင် ကိုဖြိုး ဆေးရုံသို့ ရောက်
ပါပြီ။

"ဟာ... မေမေ"

ခုတင်ဘေးတွင် ဆရာဝန်များ ဝိုင်းလို့...

"မေမေ"

"ကိုဖြိုး"

ဒေါက်တာ သီဟ က သူတို့ကြားသို့ တိုးဝင်လာသော ကိုဖြိ
၏လက်ကိုဆွဲပြီး ရပ်တန့်စေလျက်...

"ဆရာတို့ အစွမ်းကုန် ကြိုးစားနေကြပါတယ်၊ ကိုဖြိ
ခဏလေး"

ပူပန်ခြင်း ရင်သည် ပွင့်ကွဲတော့မတတ်...





မေမေ၏ နှာခေါင်းတွင် အောက်ဆီဂျင်ပိုက်နှင့် လက်တွင်
(ပ)သွင်းထားသော အပ်စိုက်လျက်နှင့် အသက်ကို ခက်ခဲစွာ
ရသော မေမေ၏ရင်သည် နိမ့်ဆင်းလိုက်၊ မြင့်တက်လိုက်...

"မေမေရယ်...သားကို ချက်ချင်းကြီး ခွဲမသွားပါနဲ့ဦးဗျာ"

ဆေးရုံ၏ နံရံထောင့်တွင် ကျောမှီလျက် ကိုဖြိုး၏ နှလုံးသား
င်းမှ တမ်းတစွာ တောင်းဆိုမိသည်။ မျက်ရည်တို့ မျက်ဝန်းမှာ
တ်လာ၍ မျက်စိမှိတ်ထားရသည်။

"ကိုဖြိုး"

"ဟင်... လှိုင်း"

အရာရာ၌ ဖျတ်လတ်သော လှိုင်းသည် မိတ်ကပ်မျက်နှာမှလွဲ၍
တောင်တုများ ဆံထုံးများ ပယ်ဖြုတ်ပြီး အားလုံး နေသားတကျနှင့်
လှပပ။

"ငါ အခြေနေ သွားကြည့်လိုက်ဦးမယ်"

ဒေါ်နွယ်နွယ်ဦးသည် သူ ကြည်နူးဝမ်းမြောက်ခဲ့ရသော မင်္ဂလာ
ကြီးနှင့်အတူ လောကကြီးကိုပါ ခွဲတွာ ကင်းကွာနေ၏။

သူ့ မေ့မြောနေရှာလေပြီ...

ဖြူလှိုင်းဖွေးသည် ဒေါက်တာသီဟ နားသို့ သွားပြီး ကိုဖြိုး
ကြားသာအောင်...

"အခြေနေ ဘယ်လိုလဲဟင်... အန်ကယ်(လ်)"

"မျှော်လင့်စရာ မရှိတော့ဘူးကွယ်"

"ဟာ"/



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတစ်စလောက် ပဲ့ကျသွားသလို ရင်၌ နာကျင်ဟာတ…
သွားသည်။

"မင်္ဂလာဆောင်မှာ ပင်ပန်းသွားလို့လား၊ မင်္ဂလာဆောင်ကြောင့်
လားရှင်"

"ပင်ပန်းတာတော့ ပါတာပေါ့လေ၊ ဒါပေမယ့် လှိုင်းတို့
မင်္ဂလာဆောင်လို့ ဒီလိုဖြစ်ရတာတော့ မဟုတ်ပါဘူး၊ သုံးလ အလွန်
ဆုံးလို့ ပြောထားခဲ့တာပဲ အခု တစ်လကျော်ပါပြီ"

"မင်္ဂလာဆောင်ကြောင့် ချက်ချင်းကြီး ဖြစ်သွားရတာလားလို့
ဆရာရယ်"

"မဟုတ်ပါဘူး လှိုင်း၊ ဒီလို စွဲမှတ်မထားပါနဲ့"

နည်းနည်းတော့ ဖြေသာရပြန်သည်။

"ခုလည်း နာရီပိုင်းအတွင်းတော့ ဖြစ်မယ် မထင်ပါဘူး၊ သူ့
အသည်းက ဆိုးရွားနေပေမယ့် နှလုံးခုန်နှုန်းက သိပ်မဆိုးသေးဘူး
တစ်ရက် နှစ်ရက်လောက် နေချင်လည်း နေသွားရဦးမှာပါ"

"တစ်ရက် နှစ်ရက်တဲ့"

ချစ်သူငယ်ချင်းကို ကြည့်လိုက်တော့ လှိုင်းနှင့် ဒေါက်တာ
သီဟတို့ ပြောဆိုနေကြသည်ကို ချောက်ချားစွာ ကြည့်နေရှာသည်။
သူ့ အနီးကပ် လာမမေးရဲ။

စိုးရိမ်ပူပန်စိတ် လွှမ်းကဲလွှမ်းလျှင် ရင်မဆိုင်ရဲသောစိတ်တို့
ဝင်လာတတ်သည်။

လှိုင်းက ကိုဖြိုးနားသို့ သွားပြီး…





"သိပ်လည်း စိတ်ပူမနေပါနဲ့ ကိုဖြိုး၊ အခြေနေဟာ စိုးရိမ်စရာ
အဆင့် မရောက်သေးပါဘူးတဲ့၊ ကြိုးစားကြတုန်းပါတဲ့"

"ငါ သိပါပြီ… ငါ သိပါပြီ လှိုင်းရယ်…"

ကိုဖြိုးသည် လှိုင်းကို အားကိုးတကြီးဖြင့် ဖက်၍ ငိုရှာ
တော့သည်။

"ကိုဖြိုးရယ်"

လှိုင်းလည်း ရော၍ ငိုမိရပါပြီ။

မေမေတို့ရော ဆွေမျိုးတွေပါ အားလုံး ရောက်လာကြသည်။

ဒေါ်နွယ်နွယ်ဦး ဆေးရုံသို့ စ၍ ရောက်ရှိလာချိန်မှာပင် ငါးနာရီ
ထိုးကာနီးနေပြီ…

လူနာက သည်း…

ကြည့်သူကများသဖြင့် ဒေါ်နွယ်နွယ်ဦး၏ ခုတင်မှတ်လည်းကို
ကန့်လန့်ကာအဖြူကြီး ကာရလိုက်တော့သည်။

ဆေးရုံ၏ အမင်္ဂလာမြင်ကွင်းတစ်ခုပင်။ ကန့်လန့်ကာဖြူ
ကြီးလျှင် ပိတ်ဖြူနှင့် ထုပ်ရတတ်ကြောင်း ဆေးရုံကျွမ်း သူတိုင်း သိကြ
သည်။

ကိုဖြိုးသည် သတိမရတော့ဘဲ မောနေသူ မိခင်နားမှ မခွာ
တော့…

သူ့များသားသမီးထက် ပိုကဲစွာ ချစ်ခဲ့၊ မြတ်နိုးခဲ့၊ လေးစား
ကြည်ညိုခဲ့၊ ဖခင်လိုတစ်မျိုး အားကိုးခဲ့ရသော အချစ်ဆုံးမိခင်ကြီး၏
နောက်ဆုံးရုပ်လွှာ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ်"

**မိခင်၏မျက်နှာကို မလွှဲတမ်းကြည့်လျက် မျက်ရည်တွေသာ တစိမ့်စိမ့် စီးကျနေသော ကိုဖြိုးသည်...**

မိခင်၏ ပရိဒေဝအတွက် ဘယ်အချိန် ရောက်နေမှန်းလည်း မသိ။

ဘာမှလည်း သတိမရတော့...

ချစ်နှင်းဖြူနှင့် ချိန်းဆိုထားသည်ကိုပင် မေ့လျော့သွားရပြီ။

ဖြူလှိုင်းဖွေးသည်လည်း ထို့အတူ...

ဘာမှ မလှုပ်ရှားနိုင်အောင် သောကရောက်နေရှာသော ကိုဖြိုး ကိုယ်စား သူပင် လှုပ်ရှားနေရသည်။ ဆရာဝန်များ၊ နည့်အိမ်သည်များ ဆေးဝယ်ရန် ကိစ္စများ၊ အားလုံးလိုလို လှိုင်းတစ်ယောက်တည်း လှုပ်ရှား နေရ၍...

ကိုဖြိုးနည်းတူ ချစ်နှင်းဖြူကို သွားခေါ်ဖို့ကိစ္စကို လှိုင်းလည်း လုံးဝ သတိမရနိုင်အားတော့။

❖ ❖ ❖





**ချစ်...**

မောင့်မေမေ မနေ့က ဆေးရုံတင်လိုက်ရတယ်။

မျှော်လင့်ချက် မရှိတော့ဘူး...တဲ့။ ဆေးရုံကြီး ကို ချစ်လာခဲ့ပါ။

သစ္စာဖြင့်...

**မောင်**

"ဟင်...ကြည့်စမ်း၊ ဒီကောင်မနဲ့ ဘာလို့ အဆက်သွယ်လုပ်ရ ဘာတုန်း၊ ကိုဖြိုးကြောင့် ခက်ပါတယ်။ လှိုင်းသိသွားရင် ဒုက္ခ၊ မေးရင် ပြီးပြီလို့သာ ပြောလိုက် မောင်မောင်၊ ဒီစာ ငါဆုတ်ပစ်လိုက်မယ်"

ကြီးကြီး ခေါ်ခင်ဥသည် သူတို့၏ မောင်တစ်ဝမ်းကွဲ ကိုမောင် မောင်၏လက်မှ စာကို ယူဖတ်ပြီး သိမ်းဆည်းလိုက်တော့သည်။

ဆေးရုံသို့ လာကြည့်ရင်း သူငယ်ချင်းလို ပေါင်း၍ရသော လေးဝမ်းကွဲတော်သူ ဦးလေးမောင်ကို...

"ဒီလိပ်စာနဲ့ ဒီစာလေး ရောက်အောင် သွားပေးပေးစမ်းပါ၊ နော်တော့်ကို ကူညီပါ ဦးဦးမောင်"

ဟု ပြောလျက် ဆေးရုံပေါ်မှာပင် ဖြစ်သလိုရေးပြီး ပေးခိုင်းလိုက် သောစာကို ကြီးကြီးဥ ဖြတ်ယူထားလိုက်ခြင်းအတွက်...

လူကြီးများဘက်မှ နေကြည့်လျှင် မှန်ကန်သော ဆောင်ရွက် ချက်တစ်ရပ် ဖြစ်ခဲ့ပါသော်လည်း...

လှိုင်ဝိုက် သိပ်သည်းစွာ အကြံကြီး ကြံထားခဲ့ကြသော လူငယ် နှစ်ဦးအတွက်မူ...



www.burmeseclassic.com

www.burmeseclassic.com



ဤစာလေးတစ်စောင် ပျောက်ဆုံးမှုသည်...

အကြီးမားဆုံးသော ဖြစ်ရပ်ကြီးများကို ဖြစ်ထွန်းစေ၊ ပြောင်းလဲစေ၊ ပျက်စီးစေအောင် ဆောင်ရွက်လိုက်သော ကိစ္စကြီးတစ်ရပ် ဖြစ်နေကြောင်း...

ကြီးကြီးဥနှင့်အတူ ဘယ်သူမှ မသိရှိနိုင်ခဲ့ကြပါချေတကား။

❖ ❖ ❖

## အခန်း နှစ်ဆယ်

လမ်းမဘက်ဆီမှ ကားဟွန်းသံ၊ ကားဖြတ်သွားသံများ၊ ကြားလေတိုင်း နားကိုစွင့်၊ လည်ကိုဆန့်ပြီး မျှော်နေရှာသော ဖေဖေ ဦးစိုးချစ်၏ အဖြစ်ကို တိတ်တခိုးသာ ကြည့်ရသည်။ မျက်နှာချင်း မဆိုင်ရဲ။

"ဟို သူဌေးသားက သူညီမဆိုတဲ့ ကောင်မလေးနဲ့ မင်္ဂလာဆောင်တော့မယ်ဆိုပါလား"

မိထွေးဖြစ်သူ ဒေါ်သိန်းသိန်းရွှေက မဲ့ကာရွဲ့ကာနှင့် ရေးကြီးသုတ်ပျာ ပြောလာ၍...

"ဟုတ်လား...သမီး"





ချစ်နှင်းဖြူ ခေါင်းငုံ့နေသည်။ ဘာမှ မပြော။ ဒေါ်သိန်းသိန်းရွှေသည် မေးကို ဆတ်ကာ၊ နှုတ်ခမ်းကို ရွဲ့ကာဖြင့် စုတ်ပွဲညံ့ဖျင်းလှသော အမူရာနှင့် ကြည့်တဲ့ပြီး ဆေးလိပ်တစ်တိုကို ဆွဲဆင်းသွားတော့သည်။ အတင်းလည်ပြောရန်ပါ။

"ဖေဖေ မေးနေတယ်၊ ခုန သိန်းသိန်းရွှေ ပြောတဲ့ သတင်း ဟုတ်သလား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် မဟုတ်ပါဘူး ဖေဖေ"

"ဘာ"

အော်သံကြောင့် လန့်သွားသည်။ ဘာက စ၍ ဘယ်လို ရှင်းပြရမှန်း မသိ။

"ဟိုက နင့်ကို တစ်ပတ်ရိုက်သွားကြပြီထင်တယ်"

"မဟုတ်ဘူး၊ ဖေဖေ... မဟုတ်ပါဘူး၊ သူလာမှာပါ။ မလွဲမလိုင်း လာခေါ်မှာပါ"

"မိနှင်းဖြူ"

ကြုံးအော်ပြန်သဖြင့် တုန်သွားသည်။

"ငါ့ကို မလိမ်နဲ့၊ နင်ဘာဖြစ်နေလဲဆိုတာ အမှန်အတိုင်း ပြောစမ်း"

ချစ်နှင်းဖြူ မလိမ်ရဲသည်ထက် ဘယ်လိုစကားလုံးမျိုးနှင့် လိမ်ညာရမှန်းကို မစဉ်းစား မစီစဉ်တတ်တော့။

မိခင် စွန့်ပစ်သွားသော သမီးတစ်ယောက်အနေနှင့် အရှိန်းဆုံးသော လူသားဖြစ်သည့် ဖခင်ကြီးကိုပင် အစမှ အဆုံးတိုင် အသေးစိတ် အသေချာ ဖွင့်ပြောပြလိုက်သည့်အခါ...

www.burmeseclassic.com

www.burmeseclassic.com



"ကြေးအစ် စေည်အပ်တာပဲ၊ လူငယ်တွေရဲ့ အတွေးအခေါ် ကျွန်းကျွန်းလေးနဲ့ လုပ်ချင်တာကို ရမ်းလုပ်နေကြပါလား၊ သမီးကို ခေါ်တိုင်ဝင်တယ်ဆိုတာရော တကယ်လား၊ သူ့အမေကရော..."

"ဆေးရုံကြီးက ဒေါက်တာသီဟဆိုတာကို ဖေဖေ စုံစမ်းကြည့်ပါ၊ သုံးလအလွန်ဆုံး ခံမှာပါတဲ့။ ကင်ဆာတဲ့၊ ပြီးတော့ သူတို့ ဟန်ဆောင်လက်ထပ်ဖို့ကိစ္စကိုလည်း သမီးကို ခေါ်တိုင်ပင်ပြီးမှ သမီးက သဘောတူလို့ လုပ်တာပါ ဖေဖေ၊ အဲဒါ အားလုံး အမှန်တွေချည်းပါ။ ဘုရားစူးရပါစေရဲ့ ဖေဖေရယ်"

မညာတတ်သော သမီးလေး၏ တုန်တုန်ယင်ယင် စကားများကြောင့် သနားစိတ်နှင့် ယုံကြည်သွားရှာပါပြီ။

"အင်း... ဘာပဲဖြစ်ဖြစ်၊ လှိုင်းဆိုတာဟာ ဟိုကောင်လေးရဲ့ တရားဝင်ဇနီး ဖြစ်သွားပြီပေါ့"

"သူတို့ ပြန်ကွာကြမှာပါ၊ နက်ဖြန် ကွာကြမှာပါ၊ သမီးပါ လိုက်ရမှာပါ ဖေဖေ၊ တကယ်ပါ"

မနက်ပိုင်းဆီက အပိုင်ပြောထားသော စကားအရ ယနေ့ညနေပိုင်းတွင် ဖေဖေမှာ လာခေါ်မည်ဆိုသော လှိုင်း၏ကားသံကို နားတစွင့်စွင့်၊ လည်တဆန့်ဆန့် ဖြစ်နေရှာလေသည်။

ကမ္ဘာ၏ သည်မှာဘက်ခြမ်းသို့ ကျရောက်လာတော့မည့် အမှောင်ကို တွန်းလှန် ဖယ်ထုတ်နိုင်သော စွမ်းအင် ရှိချင်လှသည်။

ချစ်နှင်းဖြူ၏ ဆန္ဒ မပြည့်ဝတော့...

ရောင်ခြည်သည် တဖြည်းဖြည်း အားပျော့လာသလို...





ချစ်နှင်းဖြူသည်လည်း တဖြည်းဖြည်း အားလျော့လာခဲ့ရပါပြီ။

"ဒီနေ့ သူတို့ တကယ်လက်ထပ်ဖြစ်သလား"

"ဟုတ်...ကဲ့"

"ဟင်း"

ဆိုသော ဖခင်၏ သက်ပြင်းသံသည် ညိုမှောင်ငြိမ်သက်နေသော ကောင်းကင်ပြင်မှ ကြားလိုက်ရသော မိုးထစ်ချုန်းသံကြီးထက်ပင် မြည်ဟည်းသည်ဟု ထင်ပါ၏။

ဒေါ်သိန်းသိန်းရွှေ ပြန်လာချိန်မှာ ဖေဖေက ဘာမှမပြောသော်လည်း တံခါးကို ခြေနှင့် ဆောင့်ကန်၍ ပိတ်လိုက်သည်။

အပြင်မှ အလင်းရောင်သည် အမှောင်အောက်တွင် စုန်းစုန်းနစ်မြုပ်သွားခဲ့ရှာပြီ။

ပြတင်းဆောင်ကို ကျစ်ကျစ်ဆုပ်ကိုင်လျက် အကြာကြီး ရပ်နေသော ဖခင်၏ နောက်ခိုင်းပုံစံကို မကြည့်ရက်တော့...

"ဖေဖေရယ်... သမီးအတွက် ခံပြင်းစိတ်နဲ့ ခံစားနေရတယ်ဆိုတာ သမီး နားလည်ပါတယ်...

"ဒီမိထွေးဝင်္ကက ကျွတ်အောင် အိမ်ထောင်ပြုလိုက်တော့လို့ ခွင့်ပေးခဲ့တဲ့ ဖေဖေ၊ မောင့်ကို ကြည်ဖြူပေးခဲ့တဲ့ ဖေဖေရယ်"

ခုတော့...

"အို...မောင်ရော၊ မမလှိုင်းရော၊ ငါ့ပေါ်မှာ ဒီလို ရက်စက်မှာ မဟုတ်ပါဘူး"

"ဒီလို လုပ်ရက်ကြမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရဲ့ သစ္စာတရားကို ငါယုံတယ်"

"မေလှိုင်းရဲ့ ထားတဲ့စေတနာကို ငါနားလည်တယ်"

"မောင်ရေ... ချစ်ကို ရက်ရက်စက်စက်ကြီး စွန့်ပစ်မှာ မဟုတ်ဘူးနော်...နော်...မောင်ရယ်"

"မောင်...ချစ်ကို ခွဲခွာမှာမဟုတ်ပါဘူးနော်..."

"ဒါပေမယ့်...မောင်ရေ..."

"အချိန်တွေ နှောင်းလာပြီ အချစ်ဦးရယ်"

"ပျောက်ဆုံးသွားတဲ့ အလင်းရောင်နဲ့အတူ မောင့်ကို ချစ်ထာဝရ ဆုံးရှုံးရတော့မှာလားရှင်..."

ဖေဖေ တစ်ညလုံး မအိပ်နိုင်ကြောင်းလည်း ချစ်နှင်းဖြူ သိရသည်။

ထိုညက ချစ်နှင်းဖြူသည် အိပ်ရာပေါ်မှာ မအိပ်စက်၊ မျက်ရည်မြစ်မှာ ပန်းလျှစွာ မွန်းနစ်လျက်...

❖ ❖ ❖

"ဟယ်...ကြည့်စမ်း...ကိုစိုး"

"ဟင်း...ဟင်း...ထင်သား...ထင်ပြီးသား၊ ဒီကောင်မ ပြောတုန်းကတော့ မယုံကြဘူးလေ။ မိထွေးမို့ပဲ မနာလိုသလိုလို၊ ဟင်း...ခုတော့နာခေါင်းကျည်ပွေ့တွေ့ကြပြီ မဟုတ်လား"





"ဘာလဲကွ"

"ဒီမှာကြည့်...ဒီမှာဖတ်ကြည့်...ရော့"

လုပ်သားသတင်းစာကြီးကို ဆောင့်ပေးလိုက်သဖြင့် ဦးစိုးချစ်က ငုံ့ဖတ်နေသည်။

ချစ်နှင်းဖြူမှာ အသက်မရှူရဲ...

"တောက်"

ဖေဖေက တောက်ခေါက်သံနှင့်အတူ သတင်းစာကို လုံးပြီး ချစ်နှင်းဖြူ၏ မျက်နှာကို အားနှင့် ပစ်ပေါက်သည်။

ပြီးတော့...စားပွဲကို လက်သီးနှင့် ဝုန်းခနဲမြည်အောင် ထိုးလိုက်ပြီး ဖေဖေ ငိုလေပြီ။

ထုံးတမ်းစဉ်လာအရ စာစီထားသည်များကို မမြင်တော့...

ဖြိုးမြင့်ဝေနှင့် ဖြူလှိုင်းဖွေးတို့သည် နှစ်ဘက်သော လူကြီးမိဘများ၏ သဘောတူညီချက်အရ အင်းလျားလိတ်ဟိုတယ်တွင် လက်ထပ်ပြီးစီးပါကြောင်း။

သည့်မျှမကသေး...

ကြွရောက်လာသောသူများ၊ လက်ဖွဲ့ပေးသူများနှင့်တကွ မိတ်သင်္ဂဟအပေါင်းအား ကျေးဇူးဥပကာရ တင်ရှိလှပါကြောင်း ကြော်ငြာတစ်ခုက ဆက်လျက်...

ချစ်နှင်းဖြူမှာ ရပ်တည်နိုင်စွမ်းမရှိတော့၊ ညွတ်ခွေကျသွားရ၏။

ဓာတ်လမ်းကောင်းတစ်ပုဒ်ကို ကြည့်နေရသော ပွဲကြည့်ပရိသတ်လို ဒေါ်သိန်းသိန်းရွှေက ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် မျက်ရည်များ စီးကျနေသော ခေါင်ကြီးအနီးသို့ ကြမ်းပြင်ပေါ်မှပင် တရွေ့ရွေ့ တိုးသွား ပြီး ခေါင်၏ ခြေအစုံကို လှမ်းဖက်လျက်...

"ဖေဖေ... ဖေဖေရယ်...ဖေဖေ မငိုပါနဲ့"

"သမီးကိုပဲ သတ်ပစ်လိုက်ပါတော့ ဖေဖေရဲ့"

ဦးစိုးချစ်သည် သမီးကို ငုံ့မကြည့်ခင် သူ့မလှမ်းမကမ်းတွင် ရပ်ကြည့်နေသော ဖနီးသည်ကို မြင်လိုက်ရသဖြင့် ကိုယ့်သမီးဘက်က မျက်နှာပူစိတ်၊ ရှက်ဒေါသစိတ်များနှင့်အတူ သမီးအတွက်လည်း ကြီးစွာသော ခံပြင်းခြင်းများဖြင့်...

"သွားစမ်း... အမိုက်မ"

"အမယ်လေး"

ဖက်ထားသောခြေကို ဆောင့်ရုန်းပြီး တအားကန်ထည့်လိုက် သဖြင့် ချစ်နှင်းဖြူ ကြမ်းပြင်မှာ လိမ့်လဲကျသွားရတော့သည်။

"ခွေးမ...ခွေးလောက်မှ အသိဉာဏ်မရှိတဲ့ ဟာမ"

"ဟိုက နင့်ကို အချိုသတ်ပြီး ဆယ်ပတ်လောက် ရိုက်သွားတာ"

"နင်သိရဲ့လား၊ နားလည်ရဲ့လား"

အသံကုန် ကြုံးဟစ်ပြီး စားပွဲပေါ်မှ ဆေးလိပ်ခွက်ကို ကောက် ယူပြီး နံရံသို့ လှမ်းပေါက်လိုက်တော့ ကွဲရှသံက မိုးကြိုးပစ်လိုက် သည်သို့ပါ။

"မဟုတ်မဟုတ် လုပ်ဇာတ်ခင်းပြီး ပြောတာ၊ နင်မို့ယုံတယ် ဟင်... ယုံဦး... ယုံဦးဟာ... ယုံဦး..."





"အား... အား"

ကြောက်အားလန့်အားနှင့် ကြုံးအော်မိသည်။

မျက်စိထဲတွင် မီးတောက်မြင်၏။

ဘယ်ပြန်ညာပြန် အရိုက်ခံရသော ပါးနှစ်ဖက်က... ဖူးဖူး ယောင်နေပြီ။

ကြမ်းပြင်တွင် ပုံလဲပြီး၊ ပါးစပ်ထဲက သွေးများ စီးဖြာကျဆင်း တော့သည်။

ဦးစိုးချစ်မှာ ညက အရက်ဖြူ လက်ကျန် ပုလင်းဝက်နီးပါးကို တစ်ချက်တည်း မော့ပစ်လိုက်ပြီး ဦးထုပ်ကို ဆွဲယူဆောင်းလျက်...

"ခုမှ ရောက်လာလည်း ဘာလုပ်တော့မှာလဲ"

"နင့်ဆီလာရင် ငါဓကက်ဖြတ်ခံမယ်"

"ခွေးဇာတ်ခင်းချင်တဲ့ အမိုက်မ၊ နင့်ထိုက်နဲ့ နင့်ကံ၊ ခံလိုက် ခံလိုက်စမ်း"

ဒေါသရှိန်၊ အရက်ရှိန်များဖြင့် နှစ်ချက်ဆင့် ဆောင့်ကန်ပြီး ပေါ်မှ ဆင်းသွားတော့သည်။

"အမယ်လေး"

ချစ်နှင်းဖြူ ကြမ်းပြင်မှာ လိမ့်လူးလျက်။ ချုပ်တည်းထားခဲ့ရသမျှ ဖြင့်ပြီး အတားဆီးမဲ့စွာ အားပါးတရ ဖွင့်အော်ငိုလိုက်မိပါပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆေးရုံကြီးပေါ်မှာ သောကပင်လယ် ဝေနေဆဲမှာပင် ဖြိုးမြင့်ဝေတာ...

ချစ်နှင်းဖြူသည် ကိုဖြိုးပေးလိုက်သော စာကို ကိုင်၍ လိုက်ယှ မှာဝါဟုဝင် ယုံကြည်နေသည်။

ချစ်နှင်းဖြူ ရင်ဆိုင်နေရသော အခြေနေကို လုံးဝမရိပ်မိ မသိရှိကြ။

"ခဏ ဖယ်ကြပါ"

ဒေါက်တာ သီဟ ရောက်လာသည်။ လက်ထောက်ဆရာဝန် များနှင့်အတူ စတပ်(ဖ)တစ်ယောက်ပါ ဝိုင်းလျက် ဒေါက်တာသီဟ သည် သူ၏ အခင်မင်ဆုံးသော မိတ်ဆွေ လူနာကို ကြာမြင့်စွာ စမ်းသပ် ကြည့်ရှုပြီး...

"ကိုဖြိုး"

"ခင်ဗျာ"

ဒေါက်တာသီဟသည် တစ်ချိန်လုံးလို ငိုထားသော သနားစရာ ကိုဖြိုး၏ မျက်နှာကို သားသမီးချင်း စာနာစိတ်ဖြင့် ကြည့်လိုက်ပြီး...

"အန်ကယ်... ဝမ်းနည်းပါတယ် ကိုဖြိုး"

"ဗျာ... ဗျာ"

"မနွယ်... အသက်မရှိတော့ဘူးကွယ်"

ဒေါက်တာသီဟနှင့်အတူ ဆရာဝန်များ ကျောခိုင်းထွက်ခွာ သွားကြပြီ။

ဆရာမသည် လွှမ်းခြုံထားသောစောင်ကို ရင်ဘတ်ပေါ်မှ ဆွဲယူ





၍ ခေါင်းနွယ်နွယ်ဦး၏ မျက်နှာပေါ်သို့ မအုပ်လိုက်နိုင်မီ ကိုဖြိုးသည် စောင်ကို ကြမ်းတမ်းစွာ ဆွဲယူဖယ်လိုက်ပြီး...

သူ့မိခင်၏ သက်မဲ့မျက်နှာလေးကို မေးစေ့အောက်မှ ကိုင်ရင်းမလျက်...

"မေမေ..."

"မေမေရယ်..."

"သားကို တကယ်ပဲ ခွဲသွားပြီလားဗျာ"

❖ ❖ ❖

## အခန်း နှစ်ဆယ့်တစ်

"ဘာကွ..."

"ချစ်...ချစ်နှင်းဖြူကိုပါ"

"ငါ မင်းကို မသတ်မီခင် မင်းထွက်သွားစမ်း"

"ကျွန်တော် တောင်းပန်ပါတယ် ဦးရယ်၊ ချစ်နှင်းဖြူနဲ့ ခဏလေး တွေ့ပါရစေ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဈေးချောနွမ်းနွမ်း အကြည့်ဖြင့် အောက်ကျခံ တောင်းပန်နေသော ကိုဖြိုးသို့ ဦးစိုးချစ်က တစ်စစီ ပိုင်းဖြတ်သတ်ပစ်ချင်လောက်အောင် ဒေါသ သည်းထန်လွန်းသော အကြည့်ဖြင့် ကြည့်နေ၍...

"ကျွန်တော်တို့ သုံးယောက်သာ သိကြ၊ နားလည်ကြတဲ့ ကိစ္စလေး ရှိနေပါတယ်...ဦး၊ ဦးရှေ့မှာပဲ ကျွန်တော်ပြောပါ့မယ်ခင်ဗျာ ခဏလေးသာ တွေ့ခွင့်ပေးပါ"

"မင်းတို့ သုံးယောက်တည်း မဟုတ်ဘူးကွ... လေးယောက် ငါပါ သိတာ"

"ဗျာ..."

"ငါပါ သိတယ်၊ မင်းကို ငါပါ မျှော်တယ်။ မင်းက ပေါ်မလာခဲ့ မကာဘူး။ နောက်နေ့မှာ သတင်းစာက ကြော်ငြာလိုက်သေးတယ်"

"အဲဒါ... အဲဒါ"

"တော်ကွာ... ငါ့သမီး အမိုက်မကို အဲဒီနေ့က ပါးနားရိုက်လိုမ့်ကန်ပစ်ပြီး အိမ်ပေါ်က နှင်ချလိုက်ပြီ"

"ဟင်... ခု... ခု သူ ဘယ်မှာလဲဟင်"

"ဒီမှာ... ငါ့သမီးကို ငါကိုယ်တိုင် သတ်ပစ်မယ်ကွ... သိလား မယားငယ်တော့ အဖြစ်မခံဘူးဟေ့ကောင်"

"မဟုတ်ပါဘူး... မဟုတ်ရပါဘူး ဦးရယ်"

"မင်း သွားစမ်းကွာ"

"မသွားပါရစေနဲ့ ခင်ဗျာ၊ ချစ်နှင်းဖြူကို မတွေ့ရခင် ဦးကို အရင်ရှင်းပြပါရစေ၊ ကျွန်တော့်မေမေဟာ သေဆုံးသွားတာ ဒီနေ့လည်





၂ နာရီကမှ အသုဘချပါတယ်ခင်ဗျာ။ အခု ၅ နာရီမှာ ကျွန်တော်ဒီကို အရောက်လိုက်လာတာပါ"

"မင်းပါ လိုက်သေလိုက်ပါလား"

"ချစ်နှင်းဖြူကိုပဲ ကျွန်တော် တွေ့ပါရစေ၊ သူက သေဆို ကျွန်တော် သေပါ့မယ်"

"အောင်မာ... လာသေး၊ ခွေးမသား...ကဲကွာ"

"အား..."

"ဝုန်း...ဒုန်း"

ဆိုသော အသံများ ဆင့်လာသဖြင့် အခန်းတွင်းမှ ချောင်းကြည့်နေသော ဒေါ်သိန်းသိန်းရွှေ ပြေးထွက်လာပြီး...

"ကိုစိုး...လက်လွန် ခြေလွန်တွေ ဖြစ်ကုန်တော့မှာပဲတော်၊ လာပါ...လာစမ်းပါ"

အခန်းတွင်းသို့ အတင်းဆွဲသွင်းပြီး ပြန်ထွက်ပြေးလာကာ...

ဦးစိုးချစ်၏ လက်သီးချက်ဖြင့် တံခါးနှင့်ပါ ထပ်ဆောင့်မိသော ဒဏ်ရာများနှင့် လဲကျနေဆဲ ဖြိုးမြင့်ဝေကို မထူပြီး...

"ငါ့တူရယ်... ပြန်ပါတော့ကွယ်၊ အဒေါ် တောင်းပန်ပါတယ်"

မိခင်ကို နေ့မအိပ် ညမအိပ် ပြုစုခဲ့ရခြင်းနှင့် ဈာပနမှာ ပင်ပန်းခဲ့လွန်းခြင်းများကြောင့် ဖြိုးမြင့်ဝေတွင် အင်အားမရှိတော့။

အင်အားရှိခဲ့ပါလျှင်လည်း ပြန်လည်၍ မချေပလိုပါ။

"ဒေါ်ဒေါ်ရယ်... ကျွန်တော် ဒေါ်ဒေါ့်ကိုပဲ တောင်းပန်ပါရစေခင်ဗျာ၊ အခု ချစ်နှင်းဖြူ အိမ်ထဲမှာ ရှိနေတယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး— မင်းတို့ လက်ထပ်ပြီး နောက်တစ်နေ့ ညရထား
သွားပြီ"

"ဟာ... ဘယ်... ဘယ်ကိုလဲ ခင်ဗျာ"

"မသိဘူးကွယ့်"

တိုက်ခန်းထဲမှ ထွက်လာခဲ့ကြပြီး ကားဆီသို့ လျှောက်
မေးနေ ပြောနေခြင်းပါ။

နွမ်းနယ်နေသော ဖြိုးမြင့်ဝေသည် ချက်ချင်း အင်အားပြည့်
သလို...

"ဒီမှာ...ဒေါ်ဒေါ်"

"ဟေ..."

"ကျွန်တော်ချစ်တဲ့သူကို မတွေ့ရရင်၊ ဒါမှမဟုတ် သူရှိ
နေရာကို ညွှန်မပြရင်၊ ကျွန်တော် ဒီအိမ်က ပြန်ကို မပြန်တော့ဘူ"

"အို..."

"တကယ်...ဒေါ်ဒေါ်၊ ကျွန်တော့်ဘဝဟာ မထူးတော့ဘူ
ဦးစိုးချစ် လာသတ်လည်း ကောင်းတယ်၊ ချစ်ရဲ့ အိမ်ရှေ့မှာ ကျွန်တေ
သေရမှာကို ကျေနပ်တယ်၊ ခင်ဗျားတို့ ကြိုက်သလို လုပ်ကြဗျာ။ဟော
နေရာက ကျွန်တော် တစ်လှမ်းမှ မလှမ်းတော့ဘူး"

ခြေစုံရပ်ပြီး ပြတ်သားတင်းမာသော မျက်နှာနှင့် ပြောချလို
တော့သည်။

တကယ်လည်း မထူးတော့သော သူ့ဘဝအတွက် ဖြစ်ချင်
ဖြစ်တော့ဟု ဖြိုးမြင့်ဝေ ဆုံးဖြတ်လိုက်ချေပြီ။





ခြေစုံကြီးရပ်ပြီး ပြောလိုက်သော ဖြိုးမြင့်ဝေကို ဒေါ်သိန်းသိန်း
ရွှေက တအံ့တသြကြီး ကြည့်လိုက်ပြီး...

"အမယ်လေး...ဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ ဟိုက သိပ်ဒေါသ
ကြီးတာ၊ လူသတ်ပွဲတွေ ဖြစ်ကုန်တော့မှာပဲ၊ လာပါ...လာပါ...အဒေါ်
ပြောပါ့မယ်"

"သူ အိမ်ထဲမှာရှိသလား"

"မရှိဘူး၊ တကယ်ခရီးထွက်သွားပြီ၊ သူရှိရာ နေရာကို ပြောပြ
ပါ့မယ်၊ လာပါကွယ့်"

အလန့်လန့်အထိတ်ထိတ်နှင့် လက်ဆွဲပြီး ခေါ်သွားသော
ဒေါ်သိန်းသိန်းရွှေနောက်သို့ လိုက်ဖြစ်ခဲ့ရပြီ။

"သူ့ ကြီးကြီးရှိတဲ့ မန္တလေးကိုသွားပြီ"

"ဘယ်သူနဲ့ သွားလဲ"

"တစ်ယောက်တည်းပေါ့"

"ဟင်... ကဲပါ... လိပ်စာပြော၊ ကျွန်တော် လိုက်သွားမယ်..."

"မန္တလေးဆိုပေမယ့် စစ်ကိုင်းကို သွားတာ"

ပထမတော့ မယုံစိတ်နှင့်ကြည့်ပြီးမှ ချစ်ပြောဖူးခဲ့သော သူ့
ကြီးဒေါ် **ဒေါ်စုစု**သည် စစ်ကိုင်းချောင်တွင် တရားအားထုတ်နေ
သည်။ မန္တလေးမှရသော အိမ်လခကို သူ့ကျောင်းစရိတ်အတွက် ပို့ပေး
နေသည်ဟု ပြောခဲ့ဖူး၍ ငြိမ်နေလိုက်စဉ်...

"စစ်ကိုင်းတောင်ရိုးက 'သမိန်ထောချောင်'မှာ ရှိတယ်၊ သူ့
ရပ်ကလေးနဲ့သူနေပြီး တရားကျင့်နေတယ်၊ အဲဒီကို လိုက်သွားတာ..."



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က ဘယ်သူလဲ"

"ဒေါ်စုစုတဲ့"

'ဟုတ်ပြီ'ဟု ယုံကြည်လိုက်ရသည်။ ဒေါ်သိန်းသိန်းရွှေ သည်း လိမ်ညာရုံမှ။ သူ့ယောက်ျား ထွက်လာမှာ ကြောက်လွန်း၍ ပုံနှင့် နောက်ကြောင်းမလုံ။

"သမိန့်ထောချောင်နော်... နာမည်က ဒေါ်စုစု"

"ဟုတ်တယ်... ဟုတ်တယ်"

"ကောင်းပြီ... ကျွန်တော် လိုက်သွားမယ်"

သူ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့ရသည်။

ယခု ငါးနာရီခွဲ။

လွန်ခဲ့သော သုံးနာရီက သူ၏ ချစ်လှစွာသော၊ အားကိုးလွန်း ခဲ့ရသော... သူ့ကို ငုံထားမတတ် ချစ်လွန်းရှာသော ကျေးဇူးရှင် မေမေ့ကို...

ဂူသွင်းသင်္ဂြိုဟ်ခဲ့ရပြီ။

ယခု သူ့ချစ်သူသည်...

သူ့အဖြစ်ကို နားလည်နိုင်ခြင်း ကင်းစွာဖြင့် အဝေးသို့ သူ့ အတွက် လွှင့်ထွက်ပြေးသွားရရှာ၏။ ဖခင်၏ အရိုက်အနှက်ခံပြီး နှင်ချလိုက်သောကြောင့် ခံစားရမည့် ချစ်၏ ရင်မှဝေဒနာများသည် သူ့ထံသို့ ပုံတူကူးလျက် ထပ်တူထပ်မျှ ခံစားခဲ့ရပါ၏။

ဖြိုးမြင့်ဝေ မျက်မှန်ကိုချွတ်ပြီး ဘေးထိုင်ခုံပေါ်သို့ ပစ်ချလိုက် ရသည်။





မိခင်ကြီးအတွက်နှင့်၊

အချစ်ဆုံးအတွက်၊

ကျကြွေလာသော မျက်ရည်စက်တို့သည်...

ဖြိုးမြင့်ဝေ၏ အပြန်လမ်းကို ဖြောင့်တန်းစွာ မြင်နိုင်စွမ်းအား မရှိတော့။

ဝေသီမှုန်းရီစေသော မျက်ရည်တို့သည် ဖြိုးမြင့်ဝေ၏ မျက်ဝန်း မှ လျှံ၍၊ ပြည့်ရုံမက...

လမ်းတစ်လျှောက်လုံး စီးသွယ်လျက်...

❖ ❖ ❖

## အခန်း နှစ်ဆယ့်နှစ်

"ကိုဖြိုးက ဘယ်လိုဖြစ်တာလဲ"

"ကိစ္စရှိလို့တဲ့"

"နင်တို့နေပုံဟာ မဟုတ်သေးပါဘူး လှိုင်း"

"မေမေကလည်း... ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မေမေကလည်း"

နှစ်ယောက်လုံး နားလည်ကြပါသော်လည်း သားအမိချင်း မပြောအပ်သော စကားလုံးများကို မျိုချနေကြသည်။

ယခုအချိန်အထိ ကိုဖြိုးတို့အိမ်တွင် တခမ်းတနားကြီး ပြင်ဆင် ထားသော အိပ်ရာခမ်းနားသည် ဒီအတိုင်း…

ဒေါ်နွယ်နွယ်ဦး၏ ဆေးရုံတက်ချိန်၊ ကွယ်လွန်ချိန်များနှင့်ရော သီးခြားစီနေကြရုံမက ယနေ့မနက် ရက်လည်ဆွမ်းကျွေးပြီးသည်နှ ညရထားဖြင့် ဖြိုးမြင့်ဝေတစ်ယောက် မန္တလေးသို့ ထွက်ခွာသွားလေပြီ

သူ့ အချစ်ဆုံး ချစ်နှင်းဖြူကို ရှင်းပြရန်၊ တောင်းပန်ရ ပြီးတော့… ပြန်ခေါ်လာရန်…

သီးခြားနေ၍ ရက်လည်သောညတွင် ခရီးထွက်သွားသော ကိုဖြိုးနှင့် ယခု သူ့ရှေ့မှ လှိုင်းတို့ကို ကြည့်ပြီး ဒေါ်ခင်ပြုံးရီ နာ မလည်နိုင်အောင် ဖြစ်နေရလေသည်။

"ရက်လည်ပြီးတာနဲ့ ဖယ်ပေးပါ့မယ်"

ဟု ပြောလည်ထားသော ဖြိုးမြင့်ဝေ၏ ဦးလေးတစ်ဝမ်းကွဲ အတွက် ဒေါ်ခင်ပြုံးရီတို့ကပင် ဦးဆောင်ပြီး ရှင်းလင်းသိမ်းဆည်း ရွှေ့ပြောင်းပေးရပါမည်။

ဒေါ်နွယ်နွယ်ဦးပိုင် ခြံနှင့် တစ်ထပ်တိုက်ကလေးကို သုံးသိန်း နှင့် သူ့မောင် တစ်ဝမ်းကွဲသို့ ရောင်းချခဲ့ပြီးသား။

ငွေကိုလည်း ဘဏ်တွင် ကိုဖြိုးတို့ လှိုင်းတို့ အမည်နှင့် အပ်နှံ စီစဉ်ခဲ့ပြီးသားပါ။





ကိုဖြိုးတို့ လှိုင်းတို့ ကြင်စဦး ဇနီးမောင်နှံအတွက်မူ ဘောက် ထော်မှ နှစ်ထပ်တိုက်ကြီးတွင် နေထိုင်ကြရန် စီစဉ်ပေးပြီးပြီ။ ပြည် သာယာတိုက်ကြီးတွင် အိမ်ငှားလည်းမရှိတော့၊ ဆေးများသုတ်ပြီး ရှင်းလင်းပြီးလေပြီ။

ဒေါ်နွယ်နွယ်ဦး ရက်လည်ပြီးသည်နှင့် လှိုင်းတို့ ဇနီးမောင်နှံ ဒီတိုက်ကလေးကိုအပ်ပြီး ဟိုဘက်တိုက်ကြီးသို့ ပြောင်းကြရုံသာ။

"ကိုဖြိုးက ဘာကိစ္စနဲ့ သွားတာလဲ"

"သူ့ သူငယ်ချင်းတစ်ယောက်ကိစ္စ ထင်တာပဲ"

"သမီးကို ပြောမသွားဘူးလား"

"အသေအချာလည်း မမေးလိုက်ပါဘူး မေမေရာ"

ကိုဖြိုး ချစ်နှင်းဖြူအိမ်သို့ လိုက်သွားရာမှ ကြားရ သိခဲ့ရသော အဖြစ်သနစ်စုံကို ဖြူလှိုင်းဖွေး သိပြီးသော်လည်း မရေမရာ အဖြေ ကြောင့်…

"ညည်းတို့ဟာ မဟုတ်သေးပါဘူး မိလှိုင်းရယ်"

ဟု ဒေါ်ခင်ပြုံးရီက ညည်းညည်းညူညူ ပြောပြီး ကိုဖြိုးတို့ အိမ်သို့ ပစ္စည်းများ သိမ်းဆည်းပေးရန် ထွက်ခွာသွားခဲ့လေပြီ။

"ချစ်နှင်းဖြူ ပြန်လိုက်လာပါစေ"

ဆိုသော ဆန္ဒသည် ဖြူလှိုင်းဖွေး၏ အကြီးမားဆုံးသော ဆေတနာ ဆန္ဒပါ။

သူ့မိသားစုနှင့်၊ အသိုင်းအဝိုင်းအားလုံးနှင့်၊ ပတ်ဝန်းကျင်ကြီး တစ်ခုလုံးကိုပါ ရင်ဆိုင်ရမည့် ပြဿနာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုးနှင့် လက်ထပ်ပြီးသား"

ဆိုသော မိန်းကလေးတစ်ယောက်၏ အမြင့်မြတ်ဆုံးသော တန်ဖိုးဖြစ်သည့် ပန်းခိုင်၏ အညွန့်မှ ချိုးချလိုက်သလို တန်ဖိုးမဲ့သွားရမည့် မိမိ၏အဖြစ်ကို သိပါသည်။

ရှိပါစေ...

မိမိ၏ စေတနာသည် ဒေါ်နွယ်နွယ်ဦး၏ နောက်ဆုံးအချိန်လေးမှာ ချမ်းမြေ့ကြည်နူးစွာ ခံစားသွားရရှာသလို ကိုဖြိုးနှင့် ချစ်နှင်းပြာ တို့လည်း ခေတ္တမျှ နားလည်စွာ ခွဲခွာပြီး ယခုဆို ပြန်လည်ပေါင်းစည်း မိကြတော့မည်။

မိမိ၏ ဘဝတစ်ခြမ်းကို အဆုံးရှုံးခံပေးလိုက်ရခြင်းအားဖြင့် အချစ်ခင်ရဆုံး လူသားသုံးဦး၏ ပျော်ရွှင်ချမ်းမြေ့မှုကို ဖန်တီးရှင်အဖြစ် နှင့် ဖြူလှိုင်းဖွေးမှာ ကိုယ့်ကိုယ်ကို ကျေနပ်မိပါသည်။

"မမလှိုင်း... ဦးလေးကြီး ခေါ်နေပါတယ်"

"ဩော်...အေး...အေး"

အိမ်ဖော်လေး၏ စကားကြောင့် အပေါ်ထပ်သို့ ပြေးတက် ခဲ့သည်။

ဖေဖေ ဦးသောင်းထိုက်သည် ရေပတ် တိုက်ထားပေးပြီးခါစ ကြည်ကြည်လန်းလန်းဖြင့် ခုတင်ပေါ်တွင် ခေါင်းအုံးများဆင့်ပြီး မှီထိုင်နေ၏။

"ဖေဖေ ခေါ်ခိုင်းတယ်ဆို။ နေကောင်းရဲ့လား ဖေဖေ"

"ကောင်းပါတယ်၊ သမီးအားလား"





"အားပါတယ်၊ ဖေဖေ ဘာခိုင်းချင်လို့လဲ"

"မခိုင်းပါဘူး၊ သမီးကို ဖေဖေ ပြောစရာရှိလို့ပါ"

"ပြောပါ ဖေဖေ"

"ကိုဖြိုး ခရီးထွက်တာ မကြာဘူးဆို၊ ဘယ်သွားတာလဲ၊ ဘာလုပ်တာလဲ"

"နက်ဖြန် သန်ဘက်ခါ ပြန်လာမှာပါ၊ သူ့မေမေ ခိုင်းခဲ့တဲ့ကိစ္စ နေမှာပေါ့ ဖေဖေရာ"

ကိုဖြိုးနှင့် ပတ်သက်သော အကြောင်းရာက သည်လောက်နှင့် သာ ယုံကြည်စွာ ပြီးဆုံးခဲ့ပါ၏။

"ကိုဖြိုး ပြန်လာရင် ဘောက်ထော်က တိုက်ကို သမီးတို့ ပြောင်းကြဖို့ ပြုးစီစဉ်နေပြီ မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီတိုက်အကြောင်းကို သမီး သိတယ်နော်"

"ဟုတ်ကဲ့... သမီး ငယ်ငယ်လေးကတည်းက တစ်ဦးတည်း သော သမီးကြီးအတွက် သမီးနာမည်နဲ့ ဖေဖေ ဝယ်ပေးခဲ့တာပါ။ တော သဘောတူသူနဲ့ ယူရင် အဲဒီတိုက်ကို လက်ဖွဲ့ပြီး အဲဒီတိုက်မှာ နေကြရမယ်လို့ ဖေဖေနဲ့မေမေ စီစဉ်ထားတဲ့အတိုင်း အခု သမီးသွားနေ ရတော့မှာပါ"

"အေး...အဲဒီတိုက်ပေါ် သွားမနေခင်၊ ဖေဖေ့မှာ ပြောချင်စရာ တွေ ရင်နဲ့တစ်လုံးမို့၊ ဖေဖေ ဖွင့်ပြောလိုက်တော့မယ် သမီးရယ်"

လှို့ဝှက်ချက်တစ်ခုရှိနေကြောင်း ယခင်ကပင် အကဲခတ်နိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့သော ဖြူလှိုင်းမွှေးသည် ဖခင်၏ ခုတင်ခြေရင်းတွင် ခြေနှစ်ဖက်လုံး တင်၍ ထိုင်လိုက်ပြီး ပြောကြားလာမည့် စကားကို စိတ်ဝင်စားစွာ နားထောင်နေမိတော့သည်။

"အဲဒီ တိုက်ဟာလေ သမီးကြီးရဲ့တိုက် ဆိုပေမယ့် တကယ့် ပိုင်ရှင်အစစ်က ရှိသေးတယ်"

"ရှင်"

"ဟိုတစ်ချိန်တုန်းကတော့ အရာအားလုံး ငွေရှိရင် ဖြစ်တယ် ဆိုတဲ့ စိတ်နဲ့ ကိုယ့်ဘဝကို ငွေရဖို့ကိစ္စတစ်ခုတည်းမှာပဲ နှစ်မြှုပ်ထားခဲ့တယ်။ တရားနည်းနဲ့ရရ၊ မတရားနည်းနဲ့ ရရ"

ဖခင်၏စကားကို စိတ်ဝင်စားခြင်းကြီးစွာဖြင့် နားထောင်နေမိသော ဖြူလှိုင်းမွှေးမှာ လွန်ခဲ့သော အနှစ် နှစ်ဆယ်နီးပါးဆီမှ အဖြစ်အပျက်များကို နားဖြင့် ကြားနာရုံမက မျက်စိထဲ၌ပါ မြင်ယောင်နေမိတော့သည်။

❖ ❖ ❖

"သောင်းထိုက်ရေ… ငါသေရမှာ မကြောက်ပါဘူးကွာ၊ ငါ့သား လေးနဲ့ သိပ်ပြီး ရိုးလွန်းအလွန်းတဲ့ ငါ့မိန်းမကို ငါ စိတ်မချဘူး"

"ဒါတွေ မတွေးပါနဲ့ အစ်ကိုကြီးရာ၊ အစ်ကိုကြီးလည်း မသေနိုင်ပါဘူး။ ကိစ္စအားလုံးကိုလည်း ကျွန်တော်ပဲ လုပ်ပေးမှာပေါ့"

"မင်းကို ငါ အားကိုးပါတယ်ကွာ"





ထိုစဉ်က ကိုသောင်းထိုက်သည် သူ၏အလုပ်ရှင် 'ဦးအေးနောင်' ၏ အားကိုးဆုံး ယုံကြည်စိတ်ချရဆုံးသော တပည့်တစ်ဦးမို့၊ မန်နေဂျာ အထူးပေးထားခြင်း ခံရသူပါ။

ဦးအေးနောင်မှာ အောက်ခြေမှ တက်လာသူဖြစ်၍ အောက် သက် ကြေသည်။

"ချမ်းသာ နိုင်လွန်စက်"

ဟု နေ့ချင်းညချင်း ကြီးပွားလာသော်လည်း တစ်နေရာမှ ယွတ်ကွက်ဟာကွက် မရှိအောင် စေ့စေ့စပ်စပ် ဆောင်ရွက်ကြည့်ရှုခဲ့ သဖြင့် ဘယ်အလုပ်သမားမှ မချောင်၊ အလုပ်လည်း လစ်၍မရ၊ ငွေကို ဖြောင့်ဖို့လည်း လုံးဝမလွယ်။

ယခုတော့ အိပ်ရာထဲမှ မထနိုင်ရှာ။ နိုင်လွန်စက်ကိုလည်း ပြည်သူပိုင် သိမ်းလိုက်၍ နှလုံးရောဂါက အခြေနေဆိုးလာခဲ့သည်။ ပြင်ပအခြေနေကို ကိုသောင်းထိုက်မှတစ်ဆင့်သာ သိရှိခွင့်ရသော ဦးအေးနောင်သည်…

"စက်ရုံနှင့် မပတ်သက်သော ပစ္စည်း၊ စက်ရုံအမည်နှင့် မထားသော တိုက်တာ၊ အဆောက်အအုံ၊ မော်တော်ကား စသည်များကို သိမ်းယူခြင်းမပြု"

ဟူသော အချက်လက်များကို ကိုသောင်းထိုက်က ထိန်ချန်ထား လိုက်သည်။

"အစ်ကိုကြီး ဒီမှာ လက်မှတ်ထိုးပါ"

"ဒီစာချုပ်မှာ လက်မှတ်ထိုးရမယ်တဲ့ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟု မထနိုင်သော ဦးအေးနောင်၊ မျက်မှန်မပါဘဲ စာမဖတ်နိုင်သော ဦးအေးနောင်ကို ရေးကြီး သုတ်ပျာ အမှုရာနှင့် လက်မှတ်များ ထိုးထိုး—ခိုင်းလိုက်ပြီး...

မော်တော်ကား နှစ်စင်းနှင့် တိုက်တစ်လုံးကို ရောင်းချကြောင်း လက်မှတ်များ ထိုးခိုင်းနေခြင်းပါ။

ခိုင်လုံအောင်လည်း သူ့မိတ်ဆွေ ရှေ့နေတစ်ယောက်ကို တိုင်ပင်ပြီး လိမ်ညာကောက်ကျစ်မှုများကို ဆောင်ရွက်ခဲ့သဖြင့်...

ကားနှစ်စီးရောင်းရသောငွေ လေးသောင်းခန့်နှင့် ထိုစဉ်က နှစ်သောင်းလောက်နှင့် ဦးအေးနောင် ဝယ်ထားခဲ့သော ဘောက်ထော်မှ တိုက်ကြီးကို ကိုသောင်းထိုက် အပိုင်စီးနိုင်ခဲ့လေပြီ။

"သောင်းထိုက်"

"ဟုတ်ကဲ့... အစ်ကိုကြီး"

"ငါ့မိန်းမက သိပ် အတယ်ကွာ၊ ငါ့သားလေးအတွက် ထားတဲ့ ပစ္စည်းတွေကိုတော့ မင်းစောင့်ရှောက်ပါနော်"

"စိတ်ချပါ အစ်ကိုကြီး... စိတ်ချပါ"

"မလေးရေ... လာပါဦးကွယ်"

အခါလည်ကျော်ရွယ် ချစ်စဖွယ် ကောင်းလွန်းလှသော သားလေးကိုချီလျက် ဦးအေးနောင်၏ဇနီး 'မလေးခင်' ထွက်လာသည်။

လူပျိုကြီး ဘဝကျမှ သူ့ထက် အသက်ဆယ့်နှစ်နှစ် ငယ်သော ရှမ်းပြည်နယ်မှ မလေးခင်ကို လက်ထပ်ယူခဲ့သည်။





အရွယ်လွန်မှ ရရှိလာသည့် တစ်ယောက်တည်းသော သားကို မိဘတို့သည် အချစ်ဆုံး အမြတ်နိုးဆုံး ဖြစ်လေသည်။

ဦးအေးနောင်သည် အသားဖွေးဖွေး၊ မျက်လုံး ဝိုင်းဝိုင်းနှင့် မေးစေ့မှ အချိုင့်လေးကြောင့် မေးနှစ်ခွလို ဖြစ်နေသော ချစ်စရာကောင်းလွန်းလှသည့် သူ့သားလေးကို လှမ်းဖက်လိုက်ပြီး...

"သားလေး လူလားမြောက်အောင် ငါ မနေရတော့ဘူး"

ဇနီးသည် သည် ဘာမှ မဖြေသိမ့်တတ်ရှာ။

သူက စ၍ ငိုသည်...။

"မလေး"

"ဟုတ်ကဲ့ရှင့်"

"သားလေးအတွက် ပညာသင်စရိတ်တွေ ကျန်ပါသေးတယ်ကွယ်၊ ဒီစက်ရုံထဲက ဖယ်ပေးရမယ်ဆိုရင် ဘောက်ထော်ခြံမှာ သူတို့သားအမိ နေဖို့ထိုင်ဖို့ ပြောင်းရွှေ့ဖို့ကအစ မင်းပဲ စီစဉ်ပေးလိုက်ပါနော် သောင်းထိုက်၊ မင်းကို ငါ သိပ်အားကိုး ပါတယ်ကွာ"

ဇနီးသည်ကို တပည့်ဖြစ်သူသို့ ယုံကြည်စိတ်ချစွာ အပ်နှံရှာသည်။

"စိတ်ချပါ အစ်ကိုကြီး၊ ကျွန်တော် အားလုံးတာဝန်ယူပါတယ်"

ဦးအေးနောင်သည် သားကို တစ်ဘက်ကဖက်လျက် တပည့်လက်ကိုဆွဲပြီး အားကိုးတကြီး ပြောရှာသည်။

လက်တွင်းမှ သားငယ်လေးသည် လောကကြီးမှ လောဘသားတို့၏ ရှုပ်ထွေးကောက်ကျစ်မှုများကို ဘာမှ မသိရှာ။ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ခါခါနှင့် ပြုံးပြုံးရယ်ရယ် လုပ်နေသဖြင့် ကိုသောင်းထိုက် ယူချိုလိုက်ရသည်။

"အင်း... ဒီကလေးနာမည်နဲ့ ထားတဲ့ ပစ္စည်းတွေတော့ ငါ အားလုံး...အုပ်...လိုက်ပြီးပြီ"

"မတတ်နိုင်ဘူး၊ ကမ္ဘာမီးလောင်ရင် ကိုယ့်သားတောင် ချုန် ရသေးတာပဲ"

"ခုလို သူတို့ သောကမီးလောင်နေချိန်မှာ သူတို့သားလေး ချနင်းပြီး ချမ်းသာကြီးပွားအောင် ငါလုပ်ရမှာပဲ"

ရက်စက်လွန်းသော အကြည့်စိမ်းများဖြင့် အပြစ်မဲ့ကလေး ကိုကြည့်ပြီး ကိုသောင်းထိုက် ပြုံးလိုက်ပါသတည်း။

❖ ❖ ❖

"ဒေါက်တာရယ်၊ ကျွန်တော့်ကို ဘာကြောင့် လူတွေ တွေ့ဆုံခွင့် ပိတ်ပင်ထားရတာလဲဗျာ"

"ဟင်... ကျွန်တော် မပိတ်ပင်ပါဘူး"

"ဗျာ"

"ဘယ်သူနဲ့ဖြစ်ဖြစ် တွေ့နိုင်ပါတယ်၊ စိတ်လှုပ်ရှားစရာ ကိစ္စ တွေသာ မဆွေးနွေးနဲ့ပေါ့"





ဦးအေးနောင်သည် ဖိုလ္လိုက် မောဟိုက်သော ရင်ဖြင့် ဆရာဝန် ၏ ကုသမှုကို ခံယူရင်း စဉ်းစားကြည့်မိသည်။

"ဆရာ့ကို ဘယ်သူသည်နဲ့မှ မတွေ့ရဘူးလို့ ဒေါက်တာက ကျွန်တော့်ကို အရေးတကြီးမှာထားပါတယ်၊ မလေးခင်လည်း ဘယ်သူလာလာ ဆရာ အိပ်နေတယ်သာပြောပြီး အပြင်မှာပဲ ညှိခံ ... လုံးဝ စကားများများ မပြောရဘူး၊ သိပ်အရေးကြီးတယ်တဲ့"

ဦးအေးနောင်မှာ ကိုသောင်းထိုက် ပြောစကားများကို ပြန်လည် ...ယောင်လာမိသည်။

ခါတိုင်း ဆရာဝန်လာချိန်မှာ သူရှိနေမြဲ။ ယနေ့တော့သူ ...က်လာခင် ရင်ထဲမှအောင့်ပြီး အသက်ရှူကျပ်လွန်းလာသည်။ ...များပါ ပြာမိုက်လာသဖြင့် ဆရာဝန်လာချိန် မတိုင်မီ ရုတ်တရက် ...လိုက်ရသဖြင့် ကိုသောင်းထိုက် ရှိမနေချိန်မှာ ဦးအေးနောင်က ...တ်တမဲ့ မေးမိရာမှ သံသယစိတ်တို့သည် ကြောက်မက်ဖွယ် ...ားလာခဲ့လေပြီ။

"ခဏနေရင် အိပ်ပျော်သွားလိမ့်မယ်၊ ကောင်းကောင်း အနား ...၊ စိတ်လှုပ်ရှားစရာတွေ မတွေးနဲ့နော်...ဦး၊ ကျွန်တော် ညနေ ...ခေါက် လာခဲ့ပါဦးမယ်..."

ဟူ၍ ဆရာဝန်က မှာကြားပြီး ပြန်သွားခဲ့လေပြီ။ သူ့လူနာ ...ကြီး၍ ဂရုစိုက်ပါရန်လည်း ဒေါ်လေးခင်သို့ မှာကြားခဲ့ပါ ...သည်။

"မလေး... သောင်းထိုက်ကို သွားခေါ်ခိုင်းစမ်းကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေ လာတော့မှာပဲ၊ အစ်ကိုကြီး အိပ်ပျော်အောင် အိပ်လို
ပါတဲ့၊ ဆရာဝန်က မှာသွားတယ်လေ..."

"မင်း မသိပါဘူးကွာ၊ သွားခေါ်ခိုင်းစမ်းပါ"

ပြည်လမ်းမှ ကျောက်ကုန်းသို့ သွားခေါ်ခိုင်းလိုက်သည
နေမကောင်း၍ လာခေါ်သည်ဆိုသဖြင့် အကွက်စေ့သော ကိုသော
ထိုက်မှာ ဆရာဝန်ထံ တယ်လီဖုန်းဆက်၍ မေးကြည့်လိုက်သ
အခါ...

"အခြေနေကတော့ သိပ်မကောင်းဘူး"

ဟူသော ပြန်ကြားချက်ကို ရယူပြီးနောက် ဦးအေးနောင်
ပြည်လမ်းမှ ခြံကြီးသို့ ရောက်လာခဲ့လေပြီ။

"မလေး အခန်းထဲ မဝင်ခဲ့နဲ့နော်၊ ဆရာက ကျွန်တော်
ဘာပြောချင်လို့လဲ မသိဘူး"

အခြေနေကို ကြို၍ထိန်းပြီး နှစ်ယောက်ချင်း ဝင်တွေ့သည

ထင်သည့်အတိုင်းပင်...

"သောင်းထိုက်... မင်းကို ငါ မသက်ာလို့ ရှာကြည့်တာ
ကားနှစ်စီးရဲ့ လိုင်စင်တွေနဲ့ ဘောက်ထော်က အိမ်ဂရံတွေ၊ စာချုပ်
မရှိတော့ပါလား"

ရောဂါဖိစီးချိန်မှာ အငြိမ်မနေဘဲ ဗီရိုထဲမှာ ဖွင့်ရှာ
ကိုယ်ခန္ဓာလှုပ်ရှားခြင်းနှင့် သံသယမှုစသော ဒေါသများကြောင့် ဦး
နောင်မှာ စကားလုံးများကို မနည်းအားယူ၍ ပြောနေရသည်။

သူ့ရင်သည် နိမ့်ချည်၊ မြင့်ချည်...



သူ့မေးက...လေး၍ စကားသံက တုန်တုန်ခိုက်ခိုက်...

ကိုသောင်းထိုက်မှာ မျက်လုံးအပြူးသားနှင့် သူ့ကို ကြည့်နေ
သာ ဦးအေးနောင်သို့ ကြည့်ရင်း...

"သူ သိပ်စိတ်လှုပ်ရှားလိုက်ရင် တစ်ခါတည်း အသက်ပါ
သွားနိုင်တယ်၊ အထူးဂရုစိုက်ပါ"

ဆိုသော ဆရာဝန်၏ စကားကို ပြန်လည်ကြားယောင်လာ
ည်နှင့်...

အကွက်ဝင်ပြီဆိုသော အသိဖြင့် ဘေးဘီသို့ လှည့်ကြည့်ပြီး
းနားမှာ လူ မရှိလေမှ...

"ဟုတ်တယ်...အားလုံး ကျွန်တော် အပိုင်လုပ်လိုက်ပြီ၊ ခင်ဗျား
သေရမယ့်လူပဲ"

"ဘာ.. .ဘာ... ဘာပြောတယ်"

"ခင်ဗျားရဲ့ ကားနှစ်စီးလည်း ရောင်းစားလိုက်ပြီ"

"ဟင်..."

"ခင်ဗျားသားလေး နာမည်နဲ့ထားတဲ့ တိုက်လည်း ကျုပ်သမီး
နာမည်နဲ့ ပြောင်းလိုက်ပြီ"

"ဘာ..."

"ဦးအေးနောင်... ဒေါသ မကြီးနဲ့လေ၊ ခင်ဗျားကိုယ်တိုင်
မှတ်ထိုးပေးထားပြီးပြီ၊ ခင်ဗျားမသေတောင် ပြန်ယူလို့ မရတော့
ခင်ဗျားလည်း သေရမယ့်လူပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မင်း…မင်းဟာ ခွေး…ခွေးထက် ယုတ်တဲ့ကောင်

ဦးအေးနောင် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး နောက်

ကောသံများ လုံးထွေးထွက်လာတော့သည်။

"ငါ့သားလေး… ငါ့သားလေး ပစ္စည်းပြန်ရမှာ၊ ဘုရားက ပြ

ပြန်ပေးမှာ…

"မင်း… မင်း… သာ…

"ငါ့သားလေးပစ္စည်း ပြန်မရရင် ငါလေ… ဘဝအဆက်ဆ

က မင်းကို ကျိန်ဆဲနေမယ်"

"ဟား…ဟား… ကျိန်စမ်းပါဗျာ၊ အဓိပ္ပာယ်မရှိတာတွေ

"ဒီ…ဒီမှာ…မင်း…မင်းဟာ လူ့ဘဝ၊ အခုဘဝမှာ လူ…

မဖြစ်စေရဘူး"

"လူပဲဗျာ…ဘာလို့ လူမဖြစ်ရမှာလဲ၊ ခင်ဗျားပစ္စည်းတွေ

သူ့ဌေးကြီးတောင် ဖြစ်ဦးမှာ"

"မင်း…မင်းဟာ ဘဝဆုံးမယ့်ကောင်၊ ဘဝတုံးမယ့်ကောင်

"မင်းကို ငါ…သတ်…သတ်ချင်…"

လက်ညှိုး ငေါက်ငေါက်ထိုးပြီး ဖောချွေးများပြန်လ

မျက်လုံးကြီးအပြူးသားနှင့် ခုတင်ပေါ်မှ ကြူးထလိုက်ချိန်မှာ…

ကိုသောင်းထိုက် နောက်ဆုတ်ပေးလိုက်သည်။

"ဝုန်း"

"ဒုန်း"

ဆိုသော အသံကြောင့် မလေးခင်တို့ ပြေးလာကြချိန်မှာ ခုတ





ပေါ်မှ လိမ့်ကျပြီး ခေါ်မှရတော့။

ဘယ်သောအခါမှလည်း ခေါ်၍ ရမည် မဟုတ်တော့ပါ။

နှလုံးရောဂါကြောင့် သေဆုံးကြောင်း ဆရာဝန်အပါဝင်

အားလုံးက မှတ်တမ်းတင်လိုက်ကြသည်။

ဦးသောင်းထိုက်မှတစ်ပါး ဦးသောင်းထိုက်၏ အကြောင်း

ဤလောကတွင် သိသူတစ်ယောက်မှ မရှိတော့ပါ။

သို့ပါသော်လည်း…

သူ့ကို လက်ညှိုးထိုးပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်

မျက်လုံးကြီးအပြူးသားနှင့် ကျိန်ဆဲပြီး ခုတင်ပေါ်မှ လိမ့်ကျသွားသော

မျက်နှာကြီးနှင့် ကျိန်ဆဲသံများကို…

ဦးသောင်းထိုက်သည် အနှစ် နှစ်ဆယ်တိုင်အောင် ထာဝရ

အိပ်မက်ဆိုးကပ်စွာ ယနေ့ပင် မြင်နေရသည်သို့ပါတကား…။

❖ ❖ ❖

ကိုသောင်းထိုက်မှာမူကား သူဌေးကလေး ဦးသောင်းထိုက်

အဖြစ်နှင့် ကိုးနှစ်၊ ဆယ်နှစ်လောက်သာ စံစားခဲ့ရပြီးနောက်…

သွေးတိုးရောဂါနှင့် လေဖြတ်ခဲ့သည်။ ကိုယ်တစ်ခြမ်းသေ

ဘဝနှင့် အိပ်ရာထဲတွင်သာ နှစ်ပေါင်းများစွာ ကုန်ဆုံးလွန်မြောက်လာရ

သည့်အခါ…

လူ မလှုပ်ရှားနိုင်လေ အတွေးတို့က ပျံ့လွင့်လေ…



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့လွင့်ရာမှ ပြန်လည်ရောက်ရှိလာသော အတွေးထဲတွင် အတိတ်သည် ပါရှိလာခဲ့လေ၏။

ထိုအတိတ်သည် ဦးသောင်းထိုက်ထံမှာ ထာဝရ ပူးကပ်နေခဲ့လေပြီ။

အထိးကျန်...သုံးမရသော ဘဝမှာ ဦးအေးနောင်၏ နောက်ဆုံးမျက်နှာနှင့် ကျိန်ဆဲခဲ့သော စကား...

"မင်း လူ့ဘဝမှာ လူမဖြစ်စေရဘူးကွ"

"လူ့ဘဝမှာ လူမဖြစ်ဘဲ..."

မှန်လွန်းလှပါသည်။

လူ့ဘဝတွင် လူတစ်ယောက်အဖြစ်နှင့် သွားလာလှုပ်ရှားနိုင်မှုအားလုံး ဆုံးရှုံးခဲ့လေပြီ...

အသက်ရှူ၍ ထမင်းစားနိုင်သည်မှလွဲလျှင် လူသားတစ်ယောက် ရရှိခံစားနိုင်သော အခွင့်ရေးများအားလုံး ဆုံးရှုံးလျက် လူမဖြစ်ရသော ဘဝ...

နောက် သူ့ရှေ့တွင် မချိမဆံ့ သေဆုံးသွားခဲ့သော... ဦးအေးနောင်၏ ကျိန်ဆဲသွားသော စကားများမှ...

"လူ့ဘဝမှာ လူ မဖြစ်ဘဲ"

ဆိုသည့် စကားက မှန်ခဲ့ပြီမို့...

ကြောက်ရွံ့လွန်းစွာ ချောက်ချားလွန်းစွာ တွေးပြီး အိပ်ပျော်သွားသော ညများတွင် အိပ်မက်ထဲ၌ ဦးအေးနောင်၏ ကြောက်စရာမျက်နှာကြီးနှင့် ကျိန်ဆဲနေပုံများကို ယခင်ကအတိုင်း ပြန်မြင်ရပြီး...





ကြောက်လန့်တကြီး ကြုံးကြုံး အော်နေခြင်းသာ ဖြစ်ကြောင်းအားကို သိရှိခွင့်ရခဲ့သော ဖြူလိုင်းမွေးမှာ...

"ဘယ်လိုမှ ပြင်မရတဲ့ ကိစ္စတွေ ဖြစ်ခဲ့ပြီလေ ဖေဖေရယ်၊ ဘုရားဘုရားသာ အာရုံပြုပေါ့၊ အို...ဖေဖေ ဘာလို့ ငိုရတာလဲ"

"သမီး"

"ဖေဖေ"

"သေခြင်းဆိုးနဲ့ ဖေဖေ သေရမှာပါ"

"အို... မဟုတ်...မဟုတ်ရဘူး ဖေဖေ"

"သမီး"

"ရှင်"

"ဖေဖေ... ယုတ်မာခဲ့သလောက် တန်မျှစွာ ခံစားရပါစေတော့၊ ခံစားသွားပါ့မယ်၊ အခု ဒီအကြောင်းတွေ ဖွင့်ပြောရတာ သမီးကို ဖေဖေ မသေခင် မှာခဲ့ချင်စရာ ရှိလို့ပါ သမီး"

"ပြောပါ ဖေဖေ"

"သမီး... ဘောက်ထော်ခြံက တိုက်ကြီးကို ပြောင်းရတော့မယ်လေ"

"ပြောင်းတောင် မပြောင်းချင်တော့ပါဘူး ဖေဖေ"

"အားလုံး စီစဉ်ပြီးပြီ၊ မပြောင်းလို့ မဖြစ်ဘူးသမီး၊ ပြောင်းပါ၊ ပြီးတော့ ဖေဖေ့ကြွေးကို သမီးက ဆပ်ပေးပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးအေးနောင်ရဲ့ သားနဲ့မယားကို ရှာပြီး ကြည့်ရှုထောက်ပံ့လိုက်ပါကွယ်...၊ ဖေဖေ့အမှားကို ဖေဖေ နောင်တတွေ ရပါပြီ။ ဒီသားအမိကို ပြန်ပြီး ကျေးဇူးပြုနိုင်ရင် ဖေဖေ နည်းနည်းဖြေသာမှာပါ သမီးရယ်"

"သမီး လုပ်ပါ့မယ် ဖေဖေ၊ ဖေဖေ ဖြစ်စေချင်သလို ဖြစ်ရပါစေ့မယ်၊ သူတို့က ဘယ်မှာနေလဲဟင်"

"အင်းလေးမှာ"

"ညောင်ရွှေ အင်းလေးနော်..."

"ဟုတ်တယ် သမီး၊ အင်းလေးကန် နမ့်ပန်ရွာက မလေးခင်တဲ့ သူ့အဖေက ဦးရွှေမြတဲ့၊ ယက်ကန်းစင်ထောင်တယ် သမီး၊ ရှာရင် ရမှာပါ"

"ရှာမယ် ဖေဖေ၊ သမီး သွားရှာမယ်"

"သာဓုပါကွယ်...၊ ဒီကိစ္စတွေ ဘယ်သူ့မှ မပြောဘဲ ဖေဖေ့ရဲ့ ဝဋ်ကြွေးကို သမီးလေး ပေးဆပ်ပေးပါ"

"စိတ်ချပါ ဖေဖေ၊ ဒါနဲ့ အဲဒီ တိုက်ပိုင်ရှင် သားလေးရဲ့ နာမည်က ဘယ်သူတဲ့လဲဟင်"

"အနောင်လို့ခေါ်တယ်။ နန္ဒနောင်တဲ့"

**"နန္ဒနောင်"**

"ဟုတ်တယ် သမီး၊ နန္ဒနောင်တဲ့"

❖ ❖ ❖





# "သစ္စာသည်သာ ငါ၏ကိုးကွယ်ရာ"

အကြီး ချဲ့ထားသော ချစ်နှင်းဖြူ၏ ရောင်စုံဓာတ်ပုံအောက်မှာ ထုတ်စာလုံးနှင့် သူကိုယ်တိုင် ကွန်ပတ်(စ)နှင့် လှည့်၍ ရေးထားသော စာတန်း...

"ကိုဖြိုး"

သူ လှည့်မကြည့်၊ သူ၏ ချစ်မြတ်နိုးဆုံး မျက်နှာရှိရာသို့ မော့ကြည့်နေသော ကိုဖြိုး၏မျက်နှာမှ မျက်ရည်စတို့ကို မမြင်ရသော်လည်း ကိုဖြိုး ငိုရှိုက်နေကြောင်း ဖြူလှိုင်းဖွေး သိပါသည်။

"ထိုင်ပါဦး သူငယ်ချင်းဂုယ်"

ဖြိုးမြင့်ဝေ၏ လက်မောင်းကို ဆွဲယူပြီး နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ထိုင်စေသည်။

ကိုဖြိုး၏ မျက်နှာပြင်မှာ မျက်ရည်မရှိ။ မျက်ဝန်းတစ်ခုလုံးကမူ နီမြန်းလျက်...

"ဩော်...ရင်ထဲမှာ ငိုနေတဲ့ ကိုဖြိုးရယ်"

နှလုံးသား ဒဏ်ရာသည် မျက်ဝန်းမှာ ပေါ်လွင်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်း ပြောတဲ့အတိုင်း၊ လှိုင်း လိုက်သွားပါရစေ ကိုဖြိုး၊ လှိုင်းလေ... ချစ်နှင်းဖြူရဲ့ ခြေကိုဖက်ပြီး တောင်းပန်ပြီး ပြန်ခေါ်လာခဲ့ပေးပါ့မယ်ကွယ်"

"သူ့စာကို နင်ဖတ်ပြီးပြီပဲ။ ရှိပါစေတော့ လှိုင်းရယ်၊ ငါ့ဘဝမှာ သစ္စာတရားကိုပဲ မြတ်နိုးရာအဖြစ်နဲ့ ကိုးကွယ်ပြီး နေပါတော့မယ်"

ချစ်နှင်းဖြူ၏ ဓာတ်ပုံအောက်မှ စာတန်းလေးကို မော့ကြည့်လိုက်မိသည်။ ကိုဖြိုး ရေးထိုးထားသော ဤမော်ကွန်းသစ္စာတိုင်စာတန်းသည် ကိုဖြိုး၏ ရင်မှာပါ လာရောက် ချိတ်ဆွဲထားသည်သို့ပါ။

အမြတ်နိုးဆုံး ချစ်သူ...နှင့်

အချစ်ဆုံး ငယ်သူငယ်ချင်းတို့ နှစ်ယောက်လုံး ပေါ်သို့ ကိုဖြိုး၏ သစ္စာတရားသည် ပြိုင်တူ ကျရောက်ပါ၏။

ဘောက်ထော် ပြည်သာယာမှ တိုက်သစ်သို့ ဖြိုးမြင့်ဝေနှင့် ဖြူလှိုင်းဖွေးတို့နှစ်ယောက် ပြောင်းပြီးခဲ့ကြသည်မှာ ဆယ်ရက်ရှိခဲ့ပါပြီ။

ကိုဖြိုးနှင့် အတူသွား၊ အတူလာ၊ အတူစားကြသည်မှလွဲ၍ အိပ်တော့ တစ်ယောက် တစ်ခန်းစီ။

"**စေတနာမဖြစ်ဘဲ ဝေဒနာဖြစ်**" ဆိုတဲ့ စကားဟာ လှိုင်းအတွက်များ ထားခဲ့တဲ့ စကားလားလို့တောင် တွေးမိတယ်။ လှိုင်းရဲ့ စေတနာဟာ ကိုဖြိုးတို့ အားလုံးအတွက် ဝေဒနာတွေကိုယ်စီ ဖြစ်ရပြီကွယ်"

"ကံကြမ္မာပါ လှိုင်း"





"မဟုတ်ဘူး ကိုဖြိုး၊ ဒီအကြံကို လှိုင်းစရပြီး အနစ်နာခံပေးမယ်ဆိုတဲ့ စေတနာကြောင့် အားလုံး ခုလို ဖြစ်ကုန်ရတာပါ"

"မဟုတ်ပါဘူး လှိုင်းရယ်"

"ဟုတ်ပါတယ် ကိုဖြိုး၊ ကိုဖြိုး ခုလို ခံစားနေတာတွေ၊ ချစ်နှင်းဖြူ ခုလို ဘဝပျက်သွားရတာတွေဟာ လှိုင်းကြောင့်၊ လှိုင်းကြောင့်ပါ"

ဖြူလှိုင်းဖွေး မျက်ရည်တွေ ပေါက်ပေါက်ကျလာတော့ ကိုဖြိုး ကြင်နာစွာ လှည့်ကြည့်လာသည်။

"လှိုင်း..."

ဖြူလှိုင်းဖွေး မထူးနိုင်။ အငိုတိတ်နိုင်အောင်သာ ကြိုးစားနေရဆဲပါ။

"နားလည်မှု လွဲနေတဲ့ ချစ်ဟာ ပြန်လည် နားလည်လာနိုင်မှာပါလို့ မျှော်လင့်လို့ ရပါသေးတယ်။ တို့ နှစ်ယောက်ဟာ ပြန်လည်ဆုံစည်းကြမယ်လို့ တောင့်တလို့ ရနိုင်ပါသေးတယ် လှိုင်း"

"ဘယ်လိုမှ အစားထိုးလို့မရနိုင်တဲ့ ဆုံးရှုံးမှု တစ်ရပ်ရဲ့ ကွက်လပ်ကို နင် ဖြည့်ပေးလိုက်နိုင်တာကို သတိရစမ်းပါ လှိုင်း"

"ဘာကိုလဲ"

"သြော်... ငါ့ရဲ့ အကြီးမားဆုံး ကျေးဇူးရှင် မေမေဟာ နင့်ရဲ့ အနစ်နာခံပေးမှုကြောင့် သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူဟာ သိပ်စိတ်ချမ်းသာသွားခဲ့ရပါတယ်ကွယ်"

"မင်္ဂလာဆောင်မိလို့များ ဖြစ်ရတာလားလို့ သံသယရှိနေတယ် ကိုဖြိုး၊ လှိုင်း ဝမ်းမသာနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အငိုသည် တိတ်၍ မရတော့။

"အရင်တစ်ခါလည်း နင် ဒီစကား ပြောပြီးပြီ၊ တို့က မင်္ဂလာဆောင်ချင်တာမှ မဟုတ်ဘဲ၊ မေမေက သူစိတ်ချမ်းသာသလို စီစဉ်သွားတာပါ။ ပြီးတော့... တို့ မင်္ဂလာဆောင်မှာ သူချစ်တဲ့ တပည့်တွေ၊ မိတ်ဆွေတွေ၊ ဆွေမျိုးတွေနဲ့ အစုံတွေ့သွားရလို့ သူ့မျက်နှာလေးကို ပြုံးလို့ရွှင်လို့၊ နင်မြင်ပါတယ် လှိုင်းရယ်။ အဲဒီမြင်ကွင်းအတွက်ကြောင့် နင်ဟာ ငါ့ရဲ့ ကျေးဇူးရှင်မလေး အဖြစ်နဲ့ ငါ ခံယူပါတယ်"

"ကိုဖြိုးရယ်"

"မေမေ သေဆုံးရတာ ကျွမ်းနေတဲ့ ရောဂါကြောင့်ပါ၊ ဒီတစ်ခုကိုတော့ နင့်စိတ်ထဲက လုံးလုံး ဖျောက်ပစ်လိုက်ပါနော်...လှိုင်း"

ကိုယ့်အတွက် သူထပ်ပြီး စိတ်မကောင်းဖြစ်ရမှာစိုးလို့သာ ခေါင်းညိတ်ပြီး မျက်ရည်သုတ်ရပါသည်။ ရင်ထဲမှာတော့ ဖြေမရနိုင်။

"ငါ စစ်ကိုင်းကို လိုက်မသွားရဘူးလားဟင်"

"ချစ်ရဲ့ စာကို နင်ဖတ်ရပါတယ်၊ ငါ သူပြောတဲ့အတိုင်းပဲ နေမယ်၊ စောင့်မယ်။ ငါ့ရဲ့ သစ္စာတရားကြောင့် ငါ့ချစ်သူဟာ ငါ့ကို ပြန်ပြီးနားလည်လာမှာပါလို့ ငါယုံကြည်ထားပါတယ် လှိုင်း"

"သူချိန်းတဲ့အချိန်ကလည်း ကြာလိုက်တာ၊ ငါ မသွားရဘူးလား ကိုဖြိုးရယ်။ ငါ့ကို သွားခွင့်ပေးပါ"

"နင့်ကို ခွင့်မပေးတာ မဟုတ်ပါဘူး လှိုင်း၊ ချစ်ရဲ့ စကားကို ငါနားထောင်ပါတယ်ဆိုတာ ပြချင်လို့ပါ"

သက်ပြင်းမောကိုသာ ချမိပါ၏။





"ကိုဖြိုး"

"ဟင်"

"သိပ်ချစ်ကြတဲ့ နင်တို့ ချစ်သူနှစ်ယောက်ရဲ့ဘဝကို ငါ သတ်ပစ်လိုက်သလိုပဲနော်"

"အို... မဟုတ်တာ၊ တကယ်တမ်း တွေးကြည့်မယ်ဆိုရင် နင့်ဘဝကိုသာ၊ ငါဟာ သတ်ပစ်ထားတာပါ လှိုင်းရယ်၊ ငါ နည်းနည်းလေးမှ စိတ်မချမ်းသာဘူး၊ နင့်ကိုလည်း သနားတယ်"

"ငါ့အတွက် ထားလိုက်ပါတော့လေ၊ ချစ်နှင်းဖြူအတွက် နင်ခံစားနေရတာတွေကို ငါ မကြည့်ရက်လွန်းလို့ သူ့ဆီလိုက်သွားပြီး လူချင်း လဲပေးချင်ပါတယ် ကိုဖြိုး၊ ဒါဟာ ငါ့ရဲ့ သစ္စာစကားပါ"

"ယုံပါတယ် လှိုင်း၊ ဒါပေမယ့် ငါ ခုန ပြောတဲ့အတိုင်း စောင့်ကြမှာလို့ပဲ သဘောထားပြီး တို့များ အချိန်ကိုပဲ စောင့်ကြပါစို့ကွယ်"

"အင်းပေါ့လေ"

"ဪ...လှိုင်း"

"ဘာလဲ...ကိုဖြိုး"

"တို့လည်း အိမ် ပြောင်းဟယ်၊ ရွှေ့ဟယ်နဲ့။ ဧည့်သည်တွေကလာကြနဲ့၊ ဆယ်ရက်ဟာ ဘယ်လိုကုန်သွားမှန်းကို မသိဘူး။ အရေးကြီးတဲ့ ကိစ္စတစ်ခု ကျန်သေးတယ်လေ"

"ဘာကိုလဲ ကိုဖြိုး"

"နင်နဲ့ငါ တရားရုံးမှာ သွားပြီး ကွာရှင်းပေးဖို့လေ"

ခံစားမှု မပါသော မျက်ဝန်းနှင့် ကိုဖြိုးကိုကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"နင့်သဘောလေ"

"ချစ်ကို တို့ သစ္စာထားခဲ့ကြတဲ့အတိုင်း နက်ဖြန် သန်ဘက်ခါ လောက်မှာပဲ အင်းစိန်တရားရုံးမှာ တို့သွားပြီး ကွာရှင်းထားရအောင် နော်"

"နင့် သဘောပါ"

အမှန်တော့ တရားရုံးမှာ ကွာရှင်းပြီး ပြန်လည် အတူနေလျှင် တရားမဝင်ပါ။ သီးသန့် အိပ်ကြသည်ကို တရားဥပဒေက လက်မခံ အတူနေလျှင် အကြင်လင်မယား ပြန်ဖြစ်ပါ၏။

ဘာပဲဖြစ်ဖြစ်... ကိုဖြိုးနှင့် လှိုင်းတို့သည် လောကကြီးအတွက် ပတ်ဝန်းကျင်အတွက် ကွာရှင်းကြသည်မှ မဟုတ်ဘဲ။

ကိုယ်၏ သစ္စာတရားကို ကိုယ့်ရင်မှာ မကွဲမကွာ ပိုက်ထွေးလျက် ချစ်နှင်းဖြူ တစ်ယောက်တည်းအတွက်...

ကိုဖြိုးနှင့် လှိုင်းတို့ သန်ဘက်ခါ တရားရုံးမှာ ကွာရှင်းထားကြ နှစ်ဦးသဘောတူခဲ့ကြပါလေပြီ။

တယ်လီဖုန်း မြည်လာ၏။

ဖြူလှိုင်းဖွေးပင် ကောက်ကိုင်လိုက်ရသည်။ ထူးသံ ကြားသည် နှင့်...

"ကိုဖြိုးမြင့်ဝေရဲ့ ဇနီးလား ခင်ဗျာ"

ပရိသတ်အလယ်တွင် ကြေညာထားပြီးပါလျက်နှင့် ရင်ကို လှုပ်ခတ်စေနိုင်သော မေးခွန်းပါလား...





"ဟုတ်ပါတယ်"

သင်တန်းတွေ စတော့မှာမို့ ကျောင်းသားသစ်တွေ လက်ခံဖို့ သိနာတွေ၊ ထွက်သွားတဲ့ ဆရာအစား ငှားဖို့ကိစ္စတွေ ရှိနေလို့ ကို ကျောင်းကို ခဏလွှတ်ပေးပါ၊ လုံးဝမလာတော့ ကျွန်တော်တို့ ည်း ဘာလုပ်ရမှန်းကို မသိလို့ပါ"

"သူ ရှိနေပါတယ်ရှင့်၊ သူနဲ့ပဲ ပြောပါ..."

တယ်လီဖုန်းခွက်ကို ကိုဖြိုးလက်သို့ ထည့်လိုက်ရသည်။ မ်တီနွယ်၏ တပည့် ကျူရှင်တာဝန်ခံသည် ငွေကြေးသစ္စာရှိသော ည်း ဆရာလုပ်လွန်းသည်။

ယခုလည်း ကိုဖြိုး ရောက်မလာခြင်းမှာ ဇနီးအသစ်စက်စက်က ခွင့်လို့ဟု သူသဘောပေါက်ဟန် ရှိသည်။ တယ်လီဖုန်း ပြောအပြီး င်...

"ငါ... ကျောင်းခဏ သွားလိုက်ဦးမယ်"

"အေး...အေး"

ကိုဖြိုး ကားပေါ် တက်ခါနီးတော့...

"အလုပ်ကို ကြိုးစားလုပ်ဦး ကိုဖြိုးရယ်၊ ယောက်ျားဆိုတာ အားမှုက တစ်ပိုင်း၊ တိုးတက်အောင် ကြိုးစားရမှာက တစ်ပိုင်းပဲ၊ မ်တီနွယ်ဟာ နင့်အတွက် သိပ်ရည်မှန်းချက်ကြီးခဲ့တယ်၊ ပြီးတော့ မှ နင့်ဘဝကို စ ရမှာနော်..."

"ငါ နားလည်ပါတယ်၊ ငါ ကြိုးစားပါမယ်လှိုင်း၊ ပုံနှိပ်တိုက်ကို ဲ့လုပ်မယ်၊ ထစ်နှစ်လုံး အလုပ်တွေ ငါ ကြိုးစားနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဒါမှ ချစ်နှင်းဖြူ ရောက်လာရင် အခြေကျပြီးသား ဖြစ်နေမှာ၊ ငါ လုပ်တတ်တဲ့ ကိစ္စဆိုလည်း ဝိုင်းလုပ်ပေးပါ့မယ်"

"လှိုင်းရယ်... မေမေဟာ သူ့ကိုယ်စား နင့်ကိုများ ထားခဲ့သလား လို့တောင် ငါထင်မိပါတယ်၊ နင့်ကိုလေ ငါ အရင်ကလို သူငယ်ချင်း မျိုးထက် ပိုပြီး လေးစားတယ်၊ ကြည်ညိုတယ်၊ အားကိုးပါတယ် လှိုင်း... နင်ဟာ ငါ့တစ်သက်လုံး ဆပ်လို့ မကုန်နိုင်တဲ့ ကျေးဇူးတရား တွေကို ပိုင်ဆိုင်နေပါတယ်"

"ဒါတွေ ပြောမနေပါနဲ့လေ"

"ငါသွားမယ်...ထမင်းစားနှင့်တော့၊ မြို့ထဲမှာ ကြုံသလို ငါစားပြီး၊ ညနေမှ ပြန်လာတော့မယ်နော်..."

"အေး...အေး"

ဘဝ၏ အဓိပ္ပာယ်များ ပျောက်ဆုံးနေသော မိန်းမ...

အသည်းနှလုံးရော ဘဝပါ အဓိပ္ပာယ် မဲ့နေရသော်လည်း ပျက်စီး ပုပ်သိုးခြင်း မရှိအောင် ဆေးရည် စိမ်ထားရသော အဖြစ်နှင့် မိန်းမ...

ကိုယ်ပိုင်ဘဝ ပျောက်ဆုံးနေသော မိန်းမတစ်ယောက်အဖြစ် နှင့် ဖြူလှိုင်းဖွေးသည် ဒေးဒိုင် လေးလံစွာ အခန်းတွင်းသို့ ပြန်ဝင် လာခဲ့သည်။

တစ်တိုက်လုံးမှာ မိမိတစ်ယောက်တည်း...

စာတန်းတစ်ခု ချိုးဖြတ်ဆွဲထားလျှင် မြင်မိသည့်အခါတိုင်း ထပ်၍ ထပ်၍ ဖတ်နေတတ်ကြသည့် လူ့သဘာဝအတိုင်း...





"သစ္စာသည်သာ ငါ၏ကိုးကွယ်ရာ"

စာတန်းကို ဖတ်ပြီး မော့ကြည့်မိတော့ ချစ်နှင်းဖြူသည် သူ့ကို တက်စက်သော မျက်ဝန်းများနှင့် ကြည့်နေသလို မြင်မိသည်။

အိမ်ပြောင်းပြီး နောက်နေ့ ကန့်လန့်ကာကအစ လိုအပ်သော ပစ္စည်းများဝယ်ရန် ဗိုလ်ချုပ်ဈေးသို့ ကိုဖြိုးနှင့် နှစ်ယောက်သွားကြသည့် နေ့က...

သဇင်သင်းနှင့် မြင့်မြင့်မာတို့ကို တွေ့ရသည်။

"ချစ်နှင်းဖြူကို သစ္စာဖောက်ပြီး ရက်စက်လိုက်ကြတာတော့ အားပါတော့၊ တို့လို ငယ်သူငယ်ချင်းတွေကိုတောင် နင်တို့ ဖိတ်လာဆောင် မဖိတ်တာတော့ တရားလွန်လွန်းတယ်၊ ချစ်နှင်းဖြူ သက်ဆင်းရဲတာနဲ့အမျှ နင်တို့ စိတ်ချမ်းသာကြပါစေ...ဒါပဲ၊ တို့သွား မယ်..."

နာကျည်းလွန်းဖွယ် စကားများ...မျက်လုံးစိမ်းနှင့် ရက်စက် လှသော အကြည့်များကို ထားခဲ့ပြီး လှည့်ထွက်သွားကြသည်။

ဖြူလှိုင်းဖွေး လိုက်လည်း မခေါ်တော့၊ ရှင်းလည်း မပြချင် တော့ပါ။

ထိုနေ့က အပြန်တွင် ဖြူလှိုင်းဖွေးက ငိုလို့၊ ကိုဖြိုးက မျက်ရည်ဝဲလို့...



www.burmeseclassic.com

www.burmeseclassic.com



**နီးကပ်သော အတိတ်သည် နာကျင်ဖွယ် ပြန်လည်ရှင်သန်လာပြီးနောက်တွင် ချစ်နှင်းဖြူ၏ဓာတ်ပုံ၏ အောက်မှ စားပွဲအံဆွဲကိုဆွဲထုတ်လိုက်သည်။**

ကိုဖြိုး တရိုတသေ သိမ်းထားသော ချစ်နှင်းဖြူ၏စာ...

**ကိုဖြိုးမြင့်ဝေ...**

ဒေါ်နွယ်နွယ်ဦး ကွယ်လွန်ကြောင်းလည်း သတင်းစာမှာ တွေ့ပါတယ်။

ကြီးကြီးစုကို အားလုံး ရှင်းပြသွားတာတွေလည်း ကြားရ သိရပါတယ်။

တွေ့ခွင့် ပေးပါလို့ အခါခါ တောင်းပန်တာကို မတွေ့နိုင်တာကတော့ တစ်နှစ်တိတိ အမိဖွားနဲ့ တရားဝင်နေလို့ပါပဲ။

ကျွန်မရဲ့ဘဝကိုလည်း ဖျက်ခဲ့ပြီးပြီ။ ကျွန်မရဲ့ အသည်းနှလုံးကိုလည်း ကွဲစေ ကြေစေခဲ့ပြီးပါပြီ။ ကျေနပ်ပါတော့ရှင်။ မွေအဝိဖွားနဲ့ဝင်နေတဲ့ ကျွန်မရဲ့ ဘဝကိုပါ ထပ်ပြီး မဖျက်ဆီးလိုက်ပါနဲ့လို့ ကျွန်မ အကြိမ်ကြိမ် အခါခါ တောင်းပန်ပါရစေ။

တစ်နှစ်အတွင်း ကိုဖြိုးမြင့်ဝေရော၊ ကိုဖြိုးမြင့်ဝေရဲ့ ဖနီးရော၊ တခြားအပေါင်းအသင်းများရော ဘယ်သူမှ မလာကြပါနဲ့။

တကယ်လို့ ကိုဖြိုးမြင့်ဝေ ကျွန်မနဲ့တွေ့ဖို့ ထပ်ပြီး ကြိုးစားမယ်ဆိုရင်တော့ ကျွန်မကိုယ် ကျွန်မ သတ်သေပစ်လိုက်မယ်။ •





ကျွန်မရဲ့ မိခင်ကို ကျွန်မတောင် မသိရပါဘူးရှင်။ ရှင်တို့ မိသားစုက လိုက်လံဖော်ထုတ်လို့သာ ကျွန်မရဲ့ မိခင်ဟာ မကောင်းတဲ့မိန်းမကြီးဖြစ်ကြောင်း ကျွန်မ သိရပါတယ်။ ရှင်တို့တွေ အကြီးအကျယ် လိုက်စုံစမ်းကြတဲ့ သတင်းကို ကျွန်မ ပြန်ပြီး ကြားရပါတယ်။

ကံအကျိုးပေး နံနဲခဲ့လွန်းလို့ မိတကွဲ ဖတကွဲ ဖြစ်ခဲ့ရတယ်။

ကျွန်မရဲ့ အချစ်မြတ်နိုးဆုံးလူနဲ့ မထိုက်တန်အောင် 'မိကောင်းဖခင် သားသမီး မဟုတ်ဘူး'ဆိုတဲ့ သတ်မှတ်ချက်ကို ခံခဲ့ရပါတယ်။

အဲဒါတွေအတွက် လူ့လောကထဲကို ပြန်ပြီး မဝင်ရဲလောက်အောင် ရှက်ကြောက် နာကျည်းနေခဲ့ရပါတယ်။

"သစ္စာတရားကို ခိုင်မြဲစွာ စောင့်စည်းလျှက်ပါ"

လို့ အထပ်ထပ် မှာသွားကြောင်းလည်း ကြီးကြီးစုက ပြန်ပြောပါတယ်။

ရှိပါစေတော့ရှင်...

မမဖြူလှိုင်းမွှေးနဲ့ ကိုဖြိုးမြင့်ဝေဟာ မှန်ကန်သော လမ်းပေါ်မှာ လျှောက်နေကြသူ နှစ်ယောက်ပါ၊ လျှောက်ပါ... ဆက်လျှောက်ကြပါလို့ ကျွန်မတိုက်တွန်းပါတယ်။

ကိုဖြိုးမြင့်ဝေ အပါအဝင် ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်တော့ပါဘူး။ အပြစ်ရယ်လို့လည်း မမြင်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့က မွဲလွန်းတဲ့အဖြစ်၊ အသက်နဲ့အမျှ တောင်း
တိုင်း မပြည့်ခဲ့ရတဲ့ ဘဝကိုပဲ နာကျည်းစွာနဲ့ ခံယူ ပါတော့မယ်
"ဘဝရဲ့ ခါးသီးဖွယ်ဒဏ်ချက်ကြောင့် နီးစပ်ရာ
မိတ်ဆွေရင်းက မလိုက်စားသင့်သေးတဲ့အရွယ်မှာ တရားနော
ကျွန်မ အားကိုးစွာ ခိုလှုံနေမိပါပြီ..."
ကျွန်မကို ငဲ့ညှာသောအားဖြင့် တစ်နေ့စ်တိတိကြာ
တွေ့ဆုံဖို့ ကြိုးစားချင် ကြိုးစားပါလို့ နောက်ဆုံး တောင်း
လိုက်ပါတယ်။
ရွှင်လန်းချမ်းမြေ့ဖွယ် ဘဝကို ဖန်တီးနိုင်ကြပါစေ
ချစ်နှင်းဖြ

ဖြိုးမြင့်ဝေ တရိုတသေ သိမ်းထားသည့်အတိုင်း စာကို သူ့
မှာ ပြန်ထားပြီး ချစ်နှင်းဖြူကို မော့ကြည့်လိုက်မိသည်။
"မမလှိုင်းရဲ့ သစ္စာတရားကို အထင်မှားနေတဲ့ ချစ်နှင်းဖြူ
ညီမလေးရယ်"
"အေးမြတဲ့ 'တရားမေ့ရိပ်'က ထွက်ခွာလာပြီးတဲ့အခါ
ချစ်နှင်းဖြူကို ဘယ်သူမှ မတူအောင် အချစ်ကြီး ချစ်နိုင်ခဲ့တဲ့ ကိုဖြိုး
မမလှိုင်းတို့ရဲ့ 'သစ္စာရိပ်မှာ' ပြန်လည်နားခိုလှည့်ပါလို့ မမလှိုင်း
ဖိတ်ခေါ်ပါတယ်ကွယ်...
"အရာအားလုံးဟာ မမလှိုင်းကြောင့် ဖြစ်ရတာပါဆိုရင်လည်း
ဒီမှာ ပေးဆပ်နေရပါပြီလို့ပဲ ပြောပါရစေ...





"တစ်နှစ်ဆိုတဲ့ အချိန်ကာလကြီး လွန်မြောက်ပြီးတဲ့နောက်မှာ
ခွင့်လွှတ် နားလည်ခြင်းများနဲ့ ချစ်နှင်းဖြူတို့နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့
စွာ ဘဝကို ပြန်စနိုင်ကြပါစေလို့..."
"မမလှိုင်းလေ... သစ္စာတရားကို ပူဇော်ရင်းက အလိုက်လှဲဆုံး
သော စေတနာတွေနဲ့ ဆုတောင်းဆေးပါတယ် ညီမလေး ချစ်နှင်းဖြူရယ်"

❖ ❖ ❖

## အခန်း နှစ်ဆယ့်သုံး

မေမေ၏ စီးပွားရေးအခြေနေက ကြာလေ ကိုးဟက်လေ
အကြီးကောင်က မေမေ လျှာထွက်မတတ် လုပ်ပေးလိုက်
ခြင်းကြောင့် ဂဒက်(Cadet)အဖြစ်နှင့် သင်္ဘောလိုက်ရန် စင်ကာပူ
နိုင်ငံသို့ ထွက်သွားပြီး၊ အငယ်ကလည်း မကြာမီသွားရတော့မည်
ဆိုပြီး ကြွနေပါ၏။ အိမ်မှကားကို တစီစီမောင်းကာ လမ်းတကာ
လည်နေ၏...
မေမေ၏ အနားတွင် မည်သူမှ မရှိ၊ မေတ္တာပေး၍ ပြုစုမည့်သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ ငွေပေးသဖြင့်သာ နေ့စောင့်တစ်ယောက်၊ ညစောင့်တစ်ယောက် ရှိကြပါ၏။

အောက်ထပ်တွင်ဖြင့် 'ဆွေမျိုးများ၊ မိတ်ဆွေများက' စား… သောက်ကြနှင့် တရုန်းရုန်း တအုန်းအုန်း။

စီးပွားတက်လာ၍ သုံးနိုင် ဖြုန်းနိုင်ခြင်း၊ ခရီးထွက်ခြ… အလှူလုပ်ခြင်း၊ နောက်ဆုံး ဗွီဒီယို ကြည့်ကြသည်က အစ…

ဖေဖေ မပါဝင်နိုင်၊ မေမေတို့၏ ကြီးပွားချမ်းသာ တိုးတက်… သည် သူနှင့် သီးခြားလို ကင်းကွာနေပါ၏။

အိမ်သားများ တက်ကြွစွာ သွားလာလှုပ်ရှားကြလေ၊ … စိတ်အားငယ်စွာ ဝမ်းနည်းကြေကွဲရလေပါ။

သြော်… လူ့ဘဝတွင် အသက်ရှူနိုင်၊ အစားရေစာ စားသော… နိုင်သည်မှလွဲပြီး လူသားတစ်ယောက် ရရှိခံစားအပ်သော အခွင့်အရေး… အားလုံး စွန့်လွှတ်ဆုံးရှုံးရသောဘဝဖြင့် နေရသော ဖေဖေ့ကို… ရော… လာခိုက်မှာ လိုအပ်သည်များကို ပြုစုပေးနေ၍…

"ကိုဖြိုး လာခေါ်ခါနီးပြီ မဟုတ်လား၊ သမီးသွားတော့လေ…"

"ရပါတယ် ဖေဖေရယ်၊ သမီး ဘာလုပ်ပေးခဲ့ရဦးမလဲ"

"မလိုဘူး သမီး၊ ပြုံးက စားစရာတွေရော၊ ပြုစုမယ့် သူ… ပေးထားပါတယ်။ ဒါပေမယ့်…"

ဦးသောင်းထိုက်သည် စကားဆက်မည် လုပ်ပြီးမှ ရပ်တန့်လို… သည်။ ဖေဖေ၏ ခံစားမှု ရင်ဝေဒနာကို မနှိုးဆွလို၍ လှိုင်း တမင်ဘာ… မမေး။





"သမီး"

"သမီးရှိပါတယ် ဖေဖေ"

"ဖေဖေ မှာဖူးခဲ့တဲ့ စကားကို မမေ့ပါနဲ့နော်"

"သမီးခေါင်းထဲမှာ အမြဲထည့်ထားပါတယ်၊ စဉ်းလည်း စဉ်းစား နေပါတယ်"

"ဖေဖေ့ရဲ့ ဝင့်ကြွေးနဲ့ ကျေးဇူးကြွေးကို ပေးဆပ်နိုင်တဲ့သမီး ဖြစ်ပါစေကွယ်။ ကဲ… ဖေဖေ မှိန်းလိုက်ဦးမယ်၊ သမီး အောက်ဆင်း တော့လေ…"

အစစ အရာရာမှာ ကျဆုံးခြင်းများဖြင့် ဖွဲ့စည်းထားသော ဘဝတွင် လူတစ်ယောက်အဖြစ်နှင့် ရပ်တည်နိုင်ခြင်း မရှိတော့သော၊ သူ့အခန်းကျဉ်းလေးတွင်းမှ သမီးကို ထွက်ခွာသွားစေလိုသော ဆန္ဒဖြင့် တမင်နှင်၍ သူ မျက်စိ မှိတ်ထားလိုက်ကြောင်း ဖြူလှိုင်းဖွေး သိသော် လည်း ဘာမှ မမေးရက်၊ မပြောရက်တော့ပါပဲ၊ အောက်ထပ်သို့ ဆင်းလာချိန်တွင်။

"ဟော… ကိုဖြိုး ကားလည်း ဝင်လာပြီ"

လွှစွလမ်း သူ့အလုပ်ခန်းမှ ပြန်လာသော ဖြိုးမြင့်ဝေ၏ ကားပေါ် တက်ခါနီးတွင် အားလုံးသို့ နှုတ်ဆက်ခဲ့ရသည်။

ကြင်စဦး မောင်နှံသို့ တုံ့ပြန်နှုတ်ဆက်သော သူတို့၏ အပြုံး များက သစ်လွင်တောက်ပသလောက်…

ကိုဖြိုးနှင့် လှိုင်းတို့၏ အပြုံးများက မှိုင်းမှုန် မှေးမှိန်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့လည်း ထုံးစံအတိုင်း ကိုဖြိုးက ကားဂိုထော[...] ထဲသွင်း၏ လှိုင်းက သော့ပိတ်ထားသော တံခါးကိုဖွင့် ထမင်းဝိုင်းပြင်[...]

တစ်ဘက်စွန်းဆီမှ ထိုင်ပြီး ထမင်းစားနေကြသော်လည[...] တစ်ခါတစ်ရံ စကားတစ်လုံးမှ မပြောဖြစ်ကြ။

"ငါ ဘာကူလုပ်ပေးရဦးမလဲ"

"ရတယ်... သွား"

ဖြူလှိုင်းဖွေး နှစ်ယောက်စာ ထမင်းဝိုင်းကို တစ်ယောက်တည[...] သိမ်းဆည်းနေချိန်မှာ ဖြိုးမြင့်ဝေသည် ထုံးစံအတိုင်း

"သစ္စာသည်သာ ငါ၏ ကိုးကွယ်ရာ"

ဆိုသော စာတန်းအထက်ဆီမှ သူ၏အချစ်ဆုံး 'ချစ်' ပုံရိပ်[...] မတ်ကတ်ရပ်၍ တမ်းတစွာ ကြည့်ရင်းက သူ့ရင်မှ သစ္စာတရား တို[...] တိုင်တည်လျက် တစ်နှစ်ဆိုသော ကာလကို ဖြတ်ကျော်နိုင်ပါ[...] တော့ဟု သူ မျှော်လင့်ခြင်းကြီးစွာ ဆုတောင်းနေပေလိမ့်မည်သာ။

ဖြူလှိုင်းဖွေးမှာ ဖျတ်လတ်သူမို့ နောက်ဖေးချောင် ကိစ္စများ[...] ခဏနှင့် သိမ်းဆည်းပြီးခဲ့သည်။

ဈေးကို သုံးလေးရက်စာ သွားထားပြီး၊ နေ့စဉ် ရေခဲသေ[...] တွင်းမှ သားငါးများကိုထုတ်ပြီး ချက်သည်။ ကိုဖြိုးက မနက်စာ မ[...] ညစာလည်း စားဖြစ်ချင်မှ စားဖြစ်သည်။ ပြန်စားပါဟု ဖြူလှိုင်း[...] ကလည်း တစ်ခါမှ မခေါ်မိ၊ ကိုဖြိုးအတွက် စားသောက်ခြင်း ကိစ္စသည[...] ကြီးမားသော တာဝန်တစ်ရပ် မဟုတ်ခဲ့ပါ။

"ကိုဖြိုးကို လှိုင်း ပြောစရာရှိလို့"





ခတ်ပုံကို တငေးတမောကြည့်ပြီး လှည့်လာချိန်မှာမှ ဖြူလှိုင်းဖွေး စကား စရသည်။

"ပြောလေ လှိုင်း...၊ အိမ်သုံး ငွေလိုရင် ဗီရိုထဲမှာ ရှိတယ်လေ"

"မလိုပါဘူး၊ လိုလည်း ယူသုံးနေတာပါပဲ၊ ပြောစရာက လေးနက်တဲ့ အကြောင်းရာပါ"

"ဟင်... ချစ်ရဲ့ အကြောင်းများလား"

"မဟုတ်ဘူး၊ လှိုင်း အကြောင်း"

"ဘာ"

"သြော်... ဒီတိုက်ကြီးကို လက်ဖွဲ့လိုက်တယ် ဆိုပေမယ့် လှိုင်း မပိုင်ဆိုင်ပါဘူး"

"ငါနဲ့လည်း နည်းနည်းမှ မသက်ဆိုင်ဘူးလို့ ခံယူထားပြီး သားပါ၊ လူကြီးတွေ အစီအစဉ်အရသာ လာနေရတာ၊ တို့နှစ်ယောက် လုံး နားလည်ကြပြီးသားပါ"

"ကိုဖြိုး"

"ပြောလေ"

"ဒီ တိုက်ဟာ ပိုင်ရှင်ရှိတယ်"

"ဘယ်သူလဲ"

"အကြောင်းစုံ ပြောပြပါ့မယ်၊ ပြောပြပြီးရင် လှိုင်းကို ကိုဖြိုး တစ်ခု ခွင့်ပေးပါ"

"တကယ်တော့ နင်ဟာ ငါ့ဆီမှာ ခွင့်တောင်းစရာတောင် မလိုပါဘူး လှိုင်းရယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင်ဟာ ငါ့ရဲ့ ပိုင်ဆိုင်သူမှ မဟုတ်ဘဲ..."



www.burmeseclassic.com

www.burmeseclassic.com



"တို့ ကျောင်းပြီးတာက တို့နှစ်ယောက်ပဲ သိတာပါ ကိုဖြိုး အသိသက်သေကလည်း ရုံးက ကြုံရာလူကို လက်မှတ်ထိုးခိုင်းတော့ တို့အသိုင်းအဝိုင်းနဲ့ တခြားစီပါ..."

"ကဲပါ...ဒါတွေ ထားပါတော့၊ နင်ဘာလုပ်ချင်လို့လဲ ပြောစမ်း လှိုင်း"

"ခရီးသွားချင်လို့"

"ဘယ်ကိုလဲ"

"ရှမ်းပြည်နယ်"

"ကိစ္စက"

"ဒီတိုက်ပိုင်ရှင်ကို သွားရှာမလို့"

"ဟင်"

"လှိုင်း အကြောင်းစုံ ပြောပြပြီးရင် ခရီးထွက်ချင်တယ် ကိုဖြိုးရယ်"

"ထွက်လေ လှိုင်း... ဒီမှာ ငါနဲ့အတူ ဘဝ သေနေရတာနဲ့စာရင် နင် ခရီးထွက်လိုက်တာ ကောင်းပါတယ်လှိုင်း..."

"ကျေးဇူးတင်ပါတယ် ကိုဖြိုး"

"မလိုပါဘူးဟာ၊ တို့နှစ်ယောက်ဟာ ဘာမှ မသက်ဆိုင်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ပါ၊ ကိုယ်လုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်ပါလှိုင်း"

"ဒါဆို...ငါ အင်းလေးကို သွားပါရစေ"

"သွားလေ လှိုင်း... ပြီးတော့ ဟိုမှာ ကြိုက်သလောက် ပျော်ချမ်းသာသလောက် နေပါကွယ်"





"ကောင်းပါပြီ၊ အဖြစ်အပျက် စုံကို လှိုင်း ပြောပြဦးမယ်နော်"

"ပြောလေ လှိုင်း"

"ပြောပြီးရင် အင်းလေးကန် နမ့်ပန်ရွာက 'ဒေါ်လေးခင်'နဲ့ သားလေး 'နန္ဒနောင်'ဆိုတာကို လှိုင်း သွားရှာပါရစေ...နော် ကိုဖြိုး..."

❖ ❖ ❖

## အခန်း နှစ်ဆယ့်လေး

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်မှ လဆုတ် ၃ ရက်အထိ ဆယ့်ရှစ်ရက်ပတ်လုံး ရွာစဉ်တစ်လျှောက် လှည့်လည်၍ ဒေသစာရိ ကြွချီ အပူဇော်ခံသည့်...

**"အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်"**

သည် မြန်မာတစ်ပြည်လုံးမှ စည်ကားသော ဘုရားပွဲတော် များထဲတွင် ပါဝင်ပြီး အဆန်းပြားဆုံးသော ပူဇော်ပွဲတစ်ခု ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

နမ့်ဟူး ရွာ ဖောင်တော်ဦး ဘုရားကျောင်းတော်မှ ထွက်ပြီး အင်းတိမ်၏ ကျောင်းတွင် ရွှေသင်္ကန်းကပ်၍ အင်းတိမ်မှာပင် 'ကြေးပေါခုံ'ကျောင်း၌ စတင်၍ ညကျိန်းခဲ့သော ဘုရားလေးဆူသည်–

'ဟဲယာရွာမကျောင်း'၊ 'ငါးဖယ်ချောင်းကျောင်း'၊ 'ကြေးစားကုန်းကျောင်း'တို့တွင် ညကျိန်းပြီး 'ပွဲစားကုန်းကျောင်း'၌ နေ့ဆွမ်းသာကပ်လျက် 'လင်းကင်းကျောင်း'စသော ရွာစဉ်များတွင် ညကျိန်းပြီးနောက်...

သီတင်းကျွတ်လဆန်း ၇–၈–၉ ရက်များတွင် 'ညောင်ရွှေမြို့' ဘုရားကြီး၌ သုံးည အပူဇော်ခံနိုက်တွက် စည်ကားလိုက်သည့် ဖြစ်ခြင်း ပွဲဈေးတန်းကြီးက ဟည်းလို့၊ စားသောက်ဆိုင်တိုင်းတွင် လူအပြည့်၊ ရုပ်ရှင်နှင့် တွဲတေးသိန်းတန်–ချစ်စံပယ်တို့၏ မိုးအလင်းဇာတ်ကလည်း ရုံပြည့်ရုံလျှံပါ။

ထိုမှထွက်ပြီး 'နမ့်သဲကျောင်း'တွင် နေ့ဆွမ်းကပ်၊ 'မိုင်းသောက်'နှင့် 'သလဲဦးကျောင်း'တွင် ညကျိန်း၊ 'ကေလာကျောင်း'တွင် နေ့ဆွမ်း၊ 'ဇရပ်ကြီးကျောင်း'တွင် ညကျိန်း...

'ဘုရားပေါက်'တွင် နေ့ဆွမ်း၊ 'နမ့်ပန်'တွင်ညကျိန်း၊ 'မန်ကျည်းဆိပ်'တွင် နေ့ဆွမ်းကပ်ပြီး 'ကျိုင်းခမ်း'၊ 'မိုင်းပိုး'၊ 'နောင်တော'စသော ရွာ၏ ကျောင်းများတွင် ညကျိန်းပြီး...

'အင်းပေါခုံကျောင်း'တွင် နေ့ဆွမ်း ကပ်ပါ၏။ ထိုမှထွက်လျက် 'ရေသာကျောင်း'တွင် ညကျိန်းပြီးနောက်...

အင်းလေးကန်၏ ရွာစဉ်လှည့်အပြီးတွင် နမ့်ဟူးရွာ





ဖောင်တော်ဦးကျောင်းတော်သို့ ပြန်ဝင်ခဲ့ပါ၏။ ပင့်၍မရသော ဘုရားတစ်ဆူက ကျောင်းတော်တွင် သီတင်းသုံးလျက် ကျန်ရစ်သည်။ တစ်ချိန်က ဤဘုရားပါ ငါးဆူ ပင့်မိ၍ ဖောင်ပျက်ခဲ့ဖူးသည်။ လေးဆူသာ ဆယ်ယူရရှိပြီး ရေမြုပ်နေသော ဘုရားတဆူ သူ့အလိုအလျောက် ကျောင်းတော်ပေါ်သို့ ပြန်လည်ကြွရောက်နေသည်ကို လူတိုင်း ဖူးတွေ့ကြရဖူးသည်။ ဖောင်ပျက်ဖူးသည့်နေရာကို မှတ်တိုင်စိုက်ထားပါ၏။

ဖောင်တော်ဦးဘုရား လှည့်လည်ပွဲ ခမ်းနားပုံကို မကြုံဖူးခဲ့ကြလျှင်လည်း ဓာတ်ပုံ၊ ရုပ်ရှင်၊ ပြက္ခဒိန်၊ ပန်းချီကား စသည် များတွင် မြင်ဖူးကြပါလိမ့်မည်။ မြင်ဖူးသည့်အတိုင်းလည်း လှပခမ်းနားလှသော ရွှေဝါရောင် ကရဝိက်ကြီးတစ်ကောင်ဖြင့် ဖောင်ကို ဆင်ယင်ပြီး ၎င်းအထဲတွင် ငွေကျောင်းဆောင်ဖြင့် ရွှေတုံးအတိုလို ဖြစ်နေသော ဘုရားလေးဆူ စံပယ်တော်မူနေကြသည်။

ကရဝိက်ဆင်ထားသော စက်လှေကြီး၏ဘေးတွင် လှပစွာ ဆင်ယင်ထားသော လှေငယ်တစ်စင်းကလည်း တွဲလျက်ပါရှိသည်။

ညောင်ရွှေမြို့နှင့် ရွာပေါင်းနှစ်ဆယ်ကျော်သို့ လှည့်လည် အပူဇော်ခံရာတွင် ရေလမ်းကျဉ်းသော ရွာများသို့ ကရဝိက်ဖောင်ကြီး ဝင်နိုင်လျှင် ဘေးမှ လှေငယ်နှင့် ဘုရားများကို ပင့်ပြီးဝင်ရန် ဖြစ်ပါ၏။

ရောက်ရာ ရွာများမှ 'ဆွဲလှေစီးသူများ'အားလုံး အတတ်နိုင်ဆုံး ၎င်းတို့၏ တိုင်းရင်းသားရိုးရာ ဝတ်စုံများကို ဝတ်ဆင်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားသဖြင့် သွားလေရာ၊ ရောက်လေရာတိုင်း၌ ရှမ်းဝတ်စုံ၊



www.burmeseclassic.com

www.burmeseclassic.com



အင်းသားဝတ်စုံတို့ဖြင့် လေ့နှစ်စင်းအပြည့် ခြေနင်းလော်၍ ဘုရားဖောင်တော်ကို ဆွဲကြသည်များမှာ လှပကျက်သရေရှိလှသည်။

ဗုဒ္ဓဘာသာကို လေးမြတ်ယုံကြည်စွာ ကိုးကွယ်ကြသော ရှမ်းအမျိုးသား၊ အမျိုးသမီးများနှင့် အင်းသူ၊ အင်းသားတို့သည် အထူးသဖြင့် ဤဖောင်တော်ဦးဘုရားများကို မြတ်မြတ်နိုးနိုး ကိုးကွယ်ဆည်းကပ်ကြပါ၏။

ညောင်ရွှေဘုရားကြီး အတွင်း၌ သက်သတ်လွတ် ဆွမ်းတော်ပွဲများကို တခမ်းတနား ပြင်ဆင် ဆက်ကပ်ကြသည်။ 'ပေါက်တောင့်' ဟူသော ကောက်ညှင်းကို ပုံစံလုပ် ဆေးရောင်စုံ ဆိုးထားသည့် မုန့်ချပ်က ဆွမ်းတော်ပွဲတိုင်းမှာ ပါသည်။ အဖိုးတန် သစ်သီးစုံ၊ ပန်းရေချမ်းတို့ အစုံအလင်...

အသင့်ဆွမ်းတော်ပွဲ ရောင်းချသူသာရှိသည်။ အညာဘုရားပွဲများလို ဆွမ်းတော်စွန့်စားသူမရှိ၍ စွန့်ထားသော ဆွမ်းတော်ပွဲများက တစ်ပုံတစ်ပင်ကြီးပါ။

ရွာစဉ်တစ်လျှောက်လည်း ရွာဝင်မည့် လမ်းတိုင်း ကိုင်း၊ မြက်ရိုင်းနှင့် ဗေဒါပင်များကို ကြိုတင်ရှင်းလင်းပြီး...

တစ်တောင် ပတ်လည်ခန့် လှပသော ဝါးကပ် အကွက်များကို ဆေးရောင်စုံများ ခြယ်သလျက် ပလတ်စတစ်ပန်းများ၊ ပန်းစိုများ၊ အုန်းခက်၊ ခနိခက်များ၊ သပြေရွက်များ စသည်တို့ ထိုးပြီး ဘုရားကြွမည့် ရေလမ်းတစ်လျှောက်လုံး စိုက်ထောင်ထားကြသည်ကိုလည်း လှပစွာ မြင်ရသည်။





ဝင်သည့် ရွာတိုင်းလည်း စည်ကားသိုက်မြိုက်လွန်းလှသည်။ ဒေါ်ကြည်ညိုလွှန်းစွာ ဆွမ်းကပ်ကြ၊ လှူဒါန်းကြသည်မှာလည်း အားရဖွယ်ပင်။

ဘုရားကြွသည့်တစ်လျှောက် နောက်မှ လိုက်လံဖူးမြော်ကြသော လှေပေါင်း မြောက်မြားစွာထဲမှ တစ်ခုသော လှေထဲတွင်...

"ဖြူလှိုင်းဖွေး"လည်း လိုက်ပါလာခဲ့သည်။

တစ်ကမ္ဘာလုံးတွင် ဘယ်နေရာမှာမှ မရှိသော "ခြေနင်းလော်ခတ်သော" လှေပြိုင်ပွဲများကိုလည်း အသည်းယား ရင်ထိတ်စွာ ကြည့်မြင်ခဲ့ရသေးသည်။

"ကဲ...လှိုင်းရေ၊ ဘုရားပွဲနောက်က လျှောက်လိုက်ကြည့်နေတာ ကျေနပ်လောက်ပါပြီ၊ နမ့်ပန်ရွာကိုပဲ တို့သွားနှင့်ကြပါစို့နော်... ပြန်ကျရင် နမ့်ပန်ရွာကိုလည်း ဘုရားဝင်ကျိန်းဦးမှာပါ"

"သွားကြမယ်လေ၊ ကျေနပ်လို့ ပြန်ရတာတော့ မဟုတ်ပါဘူး"

"ဟင်..."

"တကယ်ပါ၊ ရိုးရာ အကအခုန်တွေ၊ လှေလှေချင်း ဆွမ်းလောင်းကြ၊ လှေပေါ်မှာပဲ ဈေးရောင်းကြ၊ စားကြ သောက်ကြနဲ့ ကြည့်ရတဲ့ မြင်ကွင်းက ဆန်းလွန်းလို့ လှိုင်းဖြင့် ကြည်နူးပျော်ရွှင်လိုက်ရတာ ဆရာမရယ်"

"ဝမ်းသာပါတယ်၊ တို့များ အင်းသူ အင်းသားတွေရဲ့ အရိုးခံဓလေ့ကို ခံယူရပြီးရင် ပိုပြီး ကြည်နူးပျော်ရွှင်ရမှာပါ၊ ကဲ... ညနေစောင်း လှိုင်းသိပ်မကြီးခင်တို့ "နမ့်ပန်ရွာ"ကို သွားကြစို့..."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမဒေါ်မေကြူ"သည် "အင်းသူ"ပါ။ ဘွဲ့ရပြီး ရန်ကု
သားနှင့် အိမ်ထောင်ကျ၍ ယခုနှစ် နှစ်ဝက်ကျောင်း မပိတ်မီ ခွင့်ယူပြီ
အင်းလေးသို့ ပြန်မည်ဆို၍ အင်းလေးအသိ လိုက်ရှာနေသော ဖြူလှိုင်
မွေးမှာ သူတို့မိသားစုနှင့်လည်း ရင်းနှီးပြီးသား ဖြစ်နေ၍…

"ဖောင်တော်ဦး ဘုရားပွဲကို" သွားရောက် ဖူးချင်လို့ ဆရာမနဲ့
လိုက်သွားမလို့…

ဟူသော တင်ပြချက်ကို မေမေက ဘာသံသယမှ မဝင် ကိုပြ
ကျေနပ်လျှင် ပြီးတာပဲဟု ယူဆသူပါ။ နဂိုတည်းက လှိုင်းသည်
ရိုးရိုးကုပ်ကုပ်ကလေး နေတတ်ခြင်းကို ဂုဏ်မယူ။

အမျိုးသားတို့နှင့် ရင်ဘောင်တန်းပြီး စွမ်းဆောင်ရသည်
စွမ်းဆောင်နိုင်သည်ကိုသာ ဂုဏ်ယူခဲ့သူပါ။

"ယောက်ျား ဆန်ပါတယ်"

ဆိုလျှင် ထိုလူသားတစ်ယောက်သည့် လူကောင်း…

"မိန်းမ ကျနေတာပဲ"

ဟု အပြောခံရလျှင် သွားရော…

သက်သက် မိန်းမအားလုံးကို သိမ်းကျုံးနှိမ်ပြီး သူတို့ယောက်ျာ
များကို မြှောက်စားသည့်စကား။

ဤဝါဒကို တော်လှန်ချင်သော လှိုင်းသည် သူ မလုပ်ရဲ၊ မပြော
ရဲ၊ မဆိုရဲသော ကိစ္စဟူ၍ မရှိ။ ကိုယ် ကိုယ်တိုင်က တည်ကြည်
ဖြောင့်မတ်ဖို့သာ လိုသည်ဟု ခံယူသည်။

ကိုယ့်သမီးအကြောင်းသိသော ဒေါ်ခင်ပြုံးရိုက သမီး ခရီးသွား
မည့် ကိစ္စကို သာမန်ကိစ္စလို့ သဘောထားလိုက်တော့သည်။





ဖေဖေ့တော့ မပြောခဲ့။ သိပ်စိတ်လှုပ်ရှား ကျန်ခဲ့မှာ စိုးရိမ်၍ပါ။

"လှိုင်းရေ… စားနော်၊ အင်းသူအင်းသားဆိုတာ ညှော်သည်ကို
သိပ်မြတ်နိုးတာ…"

"ဟုတ်ကဲ့… ဆရာမ"

နမ့်ပန်ရွာမှ ညနေစာ ထမင်းဝိုင်းကို မြိန်ယှက်စွာ စားနေဆဲ၊
ဆရာမ ဒေါ်မေကြူ နိုင်းလိုက်သောလေ ပြန်လာသည်။

"ဒီရွာမှာ မလေးခင်ဆိုတာ မရှိဘူး ဆရာမ၊ ဦးရွှေမြ
ဆိုတာလည်း ဆုံးပြီတဲ့…"

"ဟင်…"

အားလျှော့ရတော့မလား ဟူသော အတွေးမဆုံးခင်မှာပင်…

"အင်းပေါ်ခုံမှာ အနောင်ဆိုတဲ့ လှေသမားလေးတစ်ယောက်
တော့ ရှိတယ်တဲ့၊ ဟုတ် မဟုတ် ဆရာမ လိုက်ကြည့်ပေါ့"

"အေး… ဒါဆိုလည်း နက်ဖြန်မှ သွားကြတာပေါ့"

"ခု…သွားလို့ မရဘူးလားဟင်"

"လှိုင်းက သူတို့ဆီ သွားနေဦးမှာဆို၊ ဒီည ဒီမှာပဲ အိပ်လိုက်
ပါတော့၊ မနက်မှ သွားကြတာပေါ့၊ အနောင် ဆိုတိုင်းလည်း လှိုင်း
တွေ့ချင်တဲ့လူ ဟုတ်ချင်မှ ဟုတ်မှာပေါ့…"

ညှော်သည်မို့သာ ငြိမ်နေလိုက်ရသည်။ စိတ်မြန်သော လှိုင်းက
ယခုပင် ထသွားလိုက်ချင်ပါပြီ။

"အို… ထသွားလို့လည်း မရတဲ့နေရာပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ အင်းလေး ရေပေါ်ရွာများမှာ ခြေထောက်အားကိုး နှင့် လျှောက်စရာမြေ လုံးဝမရှိပါ။ ဟိုရွာနှင့်သည်ရွာ မဆိုထားနှင့် ဟိုဘက်အိမ်နှင့် သည်ဘက်အိမ်ကိုပင် လှေမပါဘဲ သွား၍မရ၊ ဟိုဘက် အိမ်နှင့် သည်ဘက်အိမ်မှ ကြောင်နှစ်ကောင် ချစ်တင်းနှောချင်၍ အသံကုန် အော်နေကြရသည်ကိုပင် လူက အလိုက်သိစွာ ပို့ပေးနေကြ သည်ဟု ဆို၏။

"မလွယ်ပါလား"

ဟူသော အသိဖြင့် "ကျွန်းမျော"မှလွဲ၍ လုံးဝ မြေမရှိ လမ်းမရှိသော ရေပတ်လည်ပေါ်မှ အိမ်လေးများကိုကြည့်ပြီး ထိုညက အင်းလေးကန်၏ နမ့်ပန်ရွာ၌ပင် ဖြူလှိုင်းဖွေး အိပ်စက်လိုက်ရ တော့သည်။

❖ ❖ ❖



## အခန်း နှစ်ဆယ့်ငါး

ရေအောက်မှ လှုပသော ရေမှဲပင်၊ ကျောက်ခက်ပင်၊ မှော်ပင်များ၊ ငါးငယ်လေးများ အုပ်စုဖွဲ့ ကူးသွားနေပုံက ဖောက်ထွင်းမြင်နေရအောင် မှန်သားလို ကြည်လင်ငြိမ်သက်နေသည့် အင်းရေပြင်သည်...

တစ်ညလုံး အေးနေရာမှ နံနက်ဦး နေခြည်နွေးနှင့် ထိတွေ့၍ ဘိမ်ဆိုင်တိမ်ပါးလေးလို မှိုင်းပျမှုန်ဝေသော အငွေ့များ ပျံတက် လာသည်။

ဤရေပြင်ရှုခင်းမှာ တစ်သက်လုံး ထိုင်ကြည့်နေချင်လောက် အောင် ဆွတ်ပျံ့ကြည်နူးဖွယ် လှပလွန်းလှချေသည်။

"အင်းပေါခုံ ရွာ၏ ကျောင်းစဉ်ရပ်" အစွန်ဖျားတွင် ရေထဲသို့ ကိုယ်ကိုနှစ်ပြီး ကျွန်းမျောဆယ်လံလောက်ကို လက်နှင့်တွယ်လျက် မြေဖို့နေသော လူတစ်ယောက်ကို...

"ဟေး... ဒီရွာမှာ အနှောင်ဆိုတဲ့ ကောင်လေးကို သိလား"

"သိတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အားတက်ဖွယ် စကားမို့ သူ့ကို စူးစိုက်ကြည့်မိသည်။

ပင်နီရောင် ရှမ်းဘောင်းဘီနှင့် အင်္ကျီ မပါ၊ ထွားကျိုင်းသော ကိုယ်ခန္ဓာနှင့် ကျစ်လျစ် ဖုထစ်နေသော ကြွက်သားများ၊ ဝါရွှေသော အသားရောင် အဆင်းကို ရေထိ၊ နေလောင်ထားသဖြင့် နီကြင်ကြင် ကျောပြင်ကြီးကို မြင်နေရသည်၊ သူ လှည့်မကြည့်။

"ဟေး...တို့ကို လိုက်ပြစမ်းပါကွာ၊ ဒီမှာ ရန်ကုန်က ဧည့်သည် က တွေ့ချင်လို့..."

ဒေါ်မကြူ မလိုက်အား၊ သူတို့လေ့သမားနှင့် လွတ်လိုက်၍ တာဝန်ရှိ လေ့သမား၏ အမေးစကားကြောင့် သူ ဆတ်ခနဲ လှည့်ကြည့် လာသည်။

မျက်နှာနနဲ့၊ မျက်ခုံးကောင်းကောင်း၊ မျက်ဝန်းစူးစူးနှင့် လူက ဖြူလှိုင်းဖွေးသို့ စိုက်ကြည့်လိုက်ပြီး...

"ဘာကိစ္စလဲ"

"သူတို့ချင်းတွေ့တော့ ပြောမှာပေါ့ ကောင်လေးရ၊ အနောင် ဆိုတဲ့သူ ဆီသာ မင်းလိုက်ပြစမ်းပါ၊ လာကွယ် လေ့ပေါ်တက်"

သူသည် လူတစ်ရပ်စာ လွတ်နေသော ရေပေါ်မှာ လမ်းလျှောက် လာသလိုပင် ကျင်လည်စွာ အနီးကပ်လာပြီး လေ့နံကို တွယ်လျက် ဖြူလှိုင်းဖွေးသို့ အနီးကပ် အသေအချာ ကြည့်လိုက်ပြီး...

"အနောင်ဆိုတာ ကျုပ်ဗျ"

"ဟယ်"

လာရှာသည့် လမ်းမှ ပထမဆုံး တွေ့လိုက်ရသူသည် 'အနောင်'





ဖြစ်လိမ့်မည်ဟု လုံးဝ မထင်မှတ်မိ တွေ့လိုက်သဖြင့် အံ့ဩလွန်းနေသော ဖြူလှိုင်းဖွေးထံမှ အကြည့်ကို သူ လွှဲလျက် လေ့သမားသို့...

"အနောင့်ဆီကို ဒီလောက်လှတဲ့ မြို့က ဧည့်သည် ဘာလို့ လာမှာလဲဗျာ"

"ဒါဖြင့် ဒီရွာမှာ တခြားအနောင် ရှိသေးလို့လားကွ"

"မကြားမိဘူးဗျ၊ အနောင်လို့ ခေါ်တဲ့ နန္ဒနောင်ဆိုတာတော့ အနောင် တစ်ယောက်တည်း ရှိတယ်ဗျ"

"အို... အနောင်"

"အစ်မက အနောင့်ကို သိလို့လားဟင်"

လေ့နံကို ကိုင်၍ ဖြူလှိုင်းဖွေး၏ မျက်နှာကို ပြုံးပြုံးပြပြ ကြည့်ပြီး အံ့အံ့ဩဩ မေးလာသည်။

"သိတယ်... အနောင်၊ တကယ်လို့သာ မင်းဟာ ဦးအေးနောင်နဲ့ ဒေါ်လေးခင်ရဲ့သား ဖြစ်မယ်ဆိုရင်ပေါ့"

"ဟာ... ဟာ... ဟုတ်တယ်ဗျ၊ အဲဒါ အနောင်ရဲ့ **အမယ်**နဲ့ **အဖ**ဗျ"

အံ့ဩလွန်းနေသော မျက်နှာလေး ဝင်းကြည်သွားပုံက ဒွေးစင်လ နယ်... ဆိုသည်ထက် အဆတစ်ရာ သာလွန်းသည့် ပုံမျိုးပါ။

"အနောင်ရဲ့ မိဘကို သိလို့ လာတာဆိုရင် အနောင်တို့ အမျိုးလားဟင်၊ အစ်မကို အစ်မ တော်ချင်လိုက်တာဗျာ"

တောက်ရှုန်းသောအပြုံး၊ ကြည်လှဲ့သော အကြည့်ဖြင့် ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးဆိုလည်း မမှားပါဘူးကွယ်၊ အနော်တို့အမေ ရှိတယ် မဟုတ်လား"

"ရှိတယ်ဗျ... 'ပေါင်ဆယ်'လည်း ရှိတယ်ဗျ။ အဖ တော့ သေတာကြာပြီ"

"ဒါဆို... လူကြီးတွေ ရှိတဲ့ဆီ သွားရအောင်လား အနော်"

"ပေါင်"ဆိုသည်မှာ "အဘွား"ကို ခေါ်ကြောင်း၊ အဘွားသည် ဆေါ်ဆယ်မို့ "ပေါင်ဆယ်"ဟူ၍ အနော်ခေါ်ကြောင်း အိမ်ပေါ်ရောက်မှ ဖြူလှိုင်းဖွေး သိခွင့်ရသည်။

"ကျွန်မ ရန်ကုန်ကပါ၊ ကျွန်မဖေဖေက ဦးအေးနော်ရဲ့ မိတ်ဆွေရင်းပါရှင်၊ အဲဒါ အင်းလေးရောက်ရင် သူ့သူငယ်ချင်းရဲ့ဇနီးနဲ့ သားလေးဆီ သွားပါလို့ မှာတာနဲ့ လာခဲ့တာပါ"

"အို... ဝမ်းသာလိုက်တာ၊ အစ်ကိုကြီး ဆုံးပြီးမှ လာကြည့်သူ မရှိပါဘူးကွယ်၊ ဝမ်းသာလိုက်တာ ဒါနဲ့ ဖောင်တော်ဦး ဘုရားပွဲ လာတာလားဟင်"

"ဟုတ်ပါတယ်၊ ဘုရားပွဲကြည့်ပြီး ဒီကို တမင်လာတာပါ"

အမှန်တော့ သူတို့ဆီ လာခြင်းပါ၊ ဘုရားပွဲပြန်မည့် ဆရာမ ဒေါ်မေကြူနှင့် အကြံလိုက်လာကြောင်းဖြင့် မပြောတော့။

"ဒီမှာ တည်းလို့ ဖြစ်ပါ့မလား"

ဒေါ်လေးခင် စကားဆုံးသည်နှင့် မြေးဘွားသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။





ပန်းနုရောင် ဝတ်စုံနှင့် ဖြူဝင်းချောမွေ့လွန်းလှသော နုနုရွရွ မိန်းမလှလေးတစ်ယောက်၊ သူတို့အိမ်နှင့် ထိုက်တန်မည်မထင်၊ ခေါ်မတင်ရက်သည့် စေတနာ ရောစွက်လွန်းသော အားနာမှု မျက်နှာများ ဖြစ်နေကြောင်း သိသော ဖြူလှိုင်းဖွေးက...

"လှိုင်းအတွက် အနော့်အယုက် မဖြစ်ဘူးဆိုရင်တော့ ဒီမှာပဲ တည်းပါရစေ...၊ လူကြုံနဲ့ လိုက်လာတာမို့ပါ၊ တခြားမှာ အသိလည်း တစ်ယောက်မှ မရှိပါဘူးရှင်"

"တည်းပါ... တည်းပါ၊ သမီးရယ်...အဘွားတို့ အိမ်က စုတ်ချာတော့ မြို့သူလေး တစ်ယောက်အနေနဲ့ သိပ်ဆင်းရဲမှာ စိုးလို့ပါ"

အနော်သည် သူ့အဘွားသို့ စိုးရိမ် ထိတ်လန့်စွာ ကြည့်လိုက်သည်။ အဘွား၏ စကားကြောင့် အစ်မလှလှလေးက သူတို့အိမ်မှ ဆက်မခံချင်ဟု ထင်သွားမှာ စိုးရိမ်လွန်းလို့ပါ။

ပြီးတော့... ဘာကြောင့်မှန်းမသိ။ သူ့နှာမည် မေးပြီးလာသော အစ်မလှလှလေးကိုကြည့်ပြီး သူ့ရင်မှာ လှိုက်ခုန်နေသည်။ ပျော်ရွှင်ခြင်း ဝင် ဖြစ်မည်ထင်ပါ၏။ သူ့ရင်ဝေဒနာကို သူ မသိ။

"အဘွားတို့ စားသလို၊ အဘွားတို့ နေသလိုပဲ နေတတ် ပါတယ်။ ဒီမှာပဲ တည်းပါရစေရှင်"

"တည်းပါဗျာ၊ သွားချင်တဲ့နေရာတွေ အနော် အန္တ လိုက်ပို့ ပါမယ်။ ဒီမှာပဲ တည်းပါနော်..."

ပျောက်ဆုံးသွားမှာ စိုးရိမ်သလို ဝင်ပြောသော အနော်၏ မျက်နှာလေးက ရိုးသားစင်ကြယ်လွန်းလေစွ၊ ရေစိုဘောင်းဘီနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



အကျီမရှိ၊ ဆံပင်စိုစို ဖရိုဖရဲလေးများက ပို၍ပင် ကြည့်ကောင်းနေတော့သည်။

ဒေါ်လေးခင်ကလည်း ဘာလုပ်ပေးရမှန်း မသိအောင် ဗျာလောင်ခတ်ပြီး ဝမ်းပန်းတသာ ကြိုဆိုရှာသည်။

ဖြူလှိုင်းဖွေးကို လိုက်ပို့သော လှေနောက်မှ သူ့စက်လှေနှင့် လိုက်သွားသော အနောင် ပြန်ရောက်လာချိန်မှာ ဖြူလှိုင်းဖွေး၏ သေတ္တာကြီးကို ဝမ်းသာအားရ သယ်မလျက်...

မြေးအဘွားသုံးယောက်လုံး အလုပ်ရှုပ်အောင် စားသောက်ဖို့ စီမံနေကြသည်ကို ဖြူလှိုင်းဖွေးပါ ဝင်ပြီး ကူညီပေးနေသဖြင့်...

"မာနမကြီးသော၊ ဟိတ်ဟန်မလုပ်သော မြို့သူ ချောချောလေး"

အဖြစ်နှင့် မြတ်နိုးဖွယ် လက်ခံကြသော အိမ်ရှင်များနှင့် အတူ ထိုနေ့က... ငသဖွဲ့နှင့် မြေပဲထောင်းကြော်၊ ငရုတ်သီးစပ်ကြော်နှင့် ဟင်းချိုရည်ကျဲတစ်ပွဲကို ဖြူလှိုင်းဖွေး စားကောင်းလွန်း၍ ထမင်းများ ထပ်ယူလေ၊ သူတို့ ဝမ်းသာအားရ ဖြစ်ကြလေပါ။

"သား အစ်မသွားချင်တဲ့နေရာတွေ သားလေး လိုက်ပြလိုက်ပါကွယ်"

"စိတ်ချ ပေါင်ဆယ်"

"ညနေကျ အနောင်နဲ့ လှေလျှောက်စီးရအောင်နော် အစ်မ"

❖ ❖ ❖





မြည်ိုစိုစို၊ မြေတခိုတွင်၊ ရှေးညိုပုံ့သင်း၊
"ညောင်ရွှေအင်း"လည်း...
နတ်မင်းသုံးရန်၊ နန္ဒာကန်နှင့် သဏ္ဌာန်မခြား၊
ရေသား တံငါ၊ စီးပွားရှာတို့၊
ကွန်ချာဖွင့်ရပ်၊ ဝင့်ကာအုပ်လျှက်၊
ပေါ်ငှတ်လူးလာ၊ မြူးစကာနှင့်...

ဦးဇုည

တောင်ပတ်ဝန်း၍၊ မျှော်မှန်းလေရာ၊
စိမ့်လဲ့ပြာသည်၊ နန္ဒာကန်လော၊
ငါတွေးတောခဲ့...
သစ္စာမချွတ်၊ မေတ္တာဆွတ်၍
ညီညွှတ်မျှတ၊ ဆက်ဆံကြသည်၊
ခမ္မပါလော၊ ငါ တွေးတောခဲ့...

မင်းသုဝဏ်

သရက်ပင် နှစ်ပင် ပူးပါလို့၊ လမ်းဦးက အိမ်
မိတို့အိမ်၊ ကြောင်လိမ်မို့လှေကား
မယ်နဲ့မောင်၊ သစ္စာထား၊ မြဲပါ့မလား...

ရွှေအင်းသားတို့ဖွဲ့ဆိုသော လူမျိုးလှည့်ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



"အနောင်က ကဗျာတွေ စာတွေလည်း ရသားပဲ၊ ဘယ်ဆီးလို့လဲ"

"သိပ်ဝါသနာပါတာ မမရဲ့၊ ကဗျာတွေ ရေးထားတာအများကြီး"

"ဟုတ်လား... အိမ်ပြန်ရောက်ရင် ပြစမ်းပါဦး"

"ဟာ... ရှက်စရာကြီးဗျာ"

"အို... စာရေးတာပဲ၊ ဘာရှက်စရာလိုလဲ"

"အနောင်က အစ်မတို့လို ပညာရှိမှ မဟုတ်တာ"

"ပညာ တတ်တဲ့သူတိုင်း အနုပညာရှင် မဖြစ်သလို အနုပညာရှင်တိုင်းဟာလည်း ပညာမတော်ကြဘူး အနောင်...၊ ပညာလည်းတတ်တယ်၊ အနုပညာနယ်မှာလည်း ကျော်ကြားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဒါပေမယ့် ရှားပါးတယ် အနောင်၊ အနောင်ဟာအနုပညာကို ဝါသနာပါတယ်၊ ဗီဇရှိတယ်လို့ မမလှိုင်း အကဲခတ်မိပါတယ်"

"အနောင် ညက သီချင်း ခိုးဆိုတာ ကြားသွားပြီထင်တယ် ရှက်လိုက်တာဗျာ"

"သီချင်းဆိုတာ ရှက်စရာလားကွ၊ မမလှိုင်းလည်း သီချင်းဆိုသံတွေကို နှစ်ခြိုက်စွာ ခံစားတတ်ပါတယ်၊ အနောင်ကလည်း အရာရာမှာ ရှက်နေတော့တာပဲ"

"ယောက်ျားဆိုတာ အရှက်အကြောက် သိပ်ကြီးဖို့ မလိုဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ဘာဖြစ်မှန်းမသိဘူး၊ အစ်မကျတော့





ဘျွန်တော် သိပ်ရှက်တယ်ဗျာ"

လှေကို ထိုင်၍ ငြိမ့်ငြိမ့်လေးရွှေ့အောင် လှော်ပေးနေရင်းက ကြည်ဝင်းသော အပြုံး၊ အရှက်ပုံးနေသော မျက်နှာလေးနှင့် ဖြူလှိုင်းဖွေးသို့ ကြည့်ပြီး သူ ပြုံးနေသည်။

အင်းလေးကန်တွင် ရွာကြီးနှင့် အုပ်စုဝင် ရွာငယ်များ နှစ်ရာကျော်လောက် ရှိသည့်အနက် အနောင်တို့၏ 'အင်းပေါခုံ' တစ်ရွာတွင်သာ လျှပ်စစ်မီးရသည်။

ရွာအရှေ့တွင် မီးစက် ထားရှိရာ သွပ်မိုး သွပ်ကာ အဆောက်အုံ။

တစ်ရွာလုံးအတွက် သောက်ရေကန်အဖြစ် သတ်မှတ်ထားသော ကိုင်းပင်များ ဝိုင်းစိုက်ထားသည့် ရေပြင်ကျယ်ထဲမှ ရေကြည်အိုင်လေးကိုလည်း လှေလှော်ရင်း အနောင် လိုက်ပြသည်။

"ကျွန်းမျောဆိုတာ အဲဒါတွေလားဟင် အနောင်"

ရေပေါ်အိမ်၏ နောက်ဘက်ဆွယ်တွင် ရေပေါ်၌ ပေါလောပေါ်နေသော မြေသားပေါ်တွင် ယခုလို သီတင်းကျွတ်မှစပြီး စိုက်တော့မည့် ခရမ်းချဉ်နှင့် ပဲ၊ ဖရုံ၊ သခွား၊ ဗူးစင်များနှင့် သူတို့အခေါ် 'စပ်ဆီး'... ဆိုသည့် ငရုတ်သီးပင်ကို အများဆုံး စိုက်ပျိုးကြသည်။ ပန်းလည်း စိုက်သည်။

"ဟုတ်တယ် အစ်မ၊ ကျွန်းမျောဆိုတာ သဘာဝကျွန်းမျောနဲ့ လုပ်ယူတဲ့ကျွန်းမျော နှစ်ခုရှိပါတယ်"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"သဘာဝကျွန်းမျောဆိုတာကတော့ ရေးပေါ်မှာ ပေါ်နေတဲ့ ဒိုက်တွေ မှော်ပင်တွေကနေပြီး ရွှံ့တို့ သရိုက်တို့နဲ့ ပေါင်းမိရာက သစ်ပင်ငယ်တွေ အမြစ်တွယ်ပြီး သူ့ဟာသူ ရေပြင်ကျယ်မှာ ဖြစ်ထွန်းနေတဲ့ ကျွန်းပါ"

"ကျွန်းမျောဆိုတာ ရေအောက်ခြေက မြေနဲ့ဆက်ပြီး ပေါ်နေတာလားဟင်"

"ဟာ... မဟုတ်ဘူး၊ လုံးလုံး မဟုတ်ဘူး၊ ရေပေါ်မှာ သစ်ပင်ငယ်တွေနဲ့ မြေတွေ စုထွေးကျစ်မာပြီး ပေါ်လောပေါ်နေတာ"

"သိပ်ဆန်းတယ်နော်"

"အင်းလေးမှာတော့ အားလုံး အဆန်းချည်းပဲ၊ လူလုပ်တဲ့ ကျွန်းမျောဆိုတာကတော့ စောစောက ပြောတဲ့ ဒိုက်တွေကို ပြောင်းပြန် လှန်ပစ်ပြီး အပေါ်က မြေထပ်ဖို့၊ ရေမှော်ပင်တွေစိုက်၊ ဒိုက်တွေ သယ်လာ၊ ထပ်တင်ပြီး တမင်လုပ်ယူရတာပါ"

"အဲဒီပေါ်မှာ စောစောက စိုက်သမျှ ဖြစ်တာပဲလား၊ အတန်း လိုက် ကလေးတွေ ရေပေါ်မှာ ချစ်စရာနော်"

"စိုက်သမျှ ဖြစ်ပါတယ်၊ သစ်ပင်ကြီးထွားဖို့ ရေနဲ့နေနဲ့ လေနဲ့ က အလျှံပယ်လေ အစ်မရယ်၊ ပြီးတော့ ခု ဓာတ်မြေဩဇာတွေလည်း ထည့်စိုက်ကြပါတယ်"

"ကြည့်ပါဦးကွယ်၊ ဆယ်ပေ...သုံးပေ လောက် အကန့်-အကန့် မြေပေါ်မှာ စိုက်ထားလိုက်ကြတာ၊ ပြီးတော့ ကျွန်းမျော တစ်ကန့်နဲ့တစ်ကန့်ကိုလည်း ရေက ခြားနေလိုက်သေးတယ်"





"အလယ်မှာ ရေလမ်းရှိမှ...သီးတဲ့ ပွင့်တဲ့ အခါ၊ ရေလမ်းကြား က လှေနဲ့ဝင်ပြီး ခူးရ ဆွတ်ရတာပေါ့"

"အနောင်ပြောမှ စဉ်းစားမိတယ်။ လှေလေးနဲ့ လိုက်ခူးရတာ ပျော်စရာကြီး နေမှာပဲနော်"

"အနောင်တို့တော့ ပျော်စရာလို့ မထင်ပါဘူးဗျာ၊ ပွဲကြည့်ရမှ ပျော်စရာကောင်းတာ"

ဖြူလှိုင်းမွေးသည် လွတ်လပ်ကြည်မြူးစွာ ရယ်မောမိပါသည်။

"ဒီကျွန်းမျောတွေကို ကိုယ့်ဟာကိုယ် လုပ်ယူကြတာပေါ့နော်"

"မဟုတ်ဘူးအစ်မ၊ တချို့လည်း ဟိုးအဝေးကြီးက ရေပြင်ကျယ် မှာ ဖြစ်နေတဲ့ ကျွန်းမျောတွေကို ဝါးနဲ့ သောင်ခတ် ဖြတ်တောက်ပြီး သယ်ယူလာကြတာ၊ ပြီးမှ ဝယ်ယူသူ လိုသလောက် ဖြတ်ရောင်းရ ပါတယ်"

"ဟင်... ဘာနဲ့သယ်လဲ"

"ဝါးရှည်တွေနဲ့ ထောက်ထောက်ပြီး တရွေ့ရွေ့ သယ်ယူလာ တာပေါ့၊ ရွာတွေကျ ဖြတ်ရောင်းပါတယ်၊ "အလံတစ်ရာ"ကို ခုဆို ငွေ"တစ်ထောင်"လောက် ရပါတယ်၊ အနောင်လည်း သွားသယ်ရောင်း တာပဲ၊ အလံတစ်ရာဆိုတာ ကိုက်နှစ်ရာခန့်၊ ပေပေါင်း ခြောက်ရာ လောက်ရှိတဲ့ ကျွန်းမျောအရှည်ကြီးပါ အစ်မ"

"ဟုတ်လား၊ ဒါကြောင့် မမလှိုင်း လာတုန်းက မြေသား ရှည်ရှည်ကြီးတွေကို ဝါးနဲ့ ထောက်ထောက်ပြီး လူလေးငါးယောက် ပါလာတာကို မြင်ခဲ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… သိပ်ပင်ပန်းတယ်၊ ဒါပေမယ့် လုပ်ရတာပဲ၊ အမေနဲ့ ပေါင်ဆယ်နဲ့ကို အနောင်ပဲ ရှာကျွေးနေရတော့ ပင်ပန်းလည်း လုပ်ရမှာပဲလေ"

ရင်နှင့် တနင့် ကြားလိုက်ရသော စကားပါတကား။

စိတ်သည် အတိတ်အရပ်သို့ ချက်ချင်း ပျံ့နှံ့ပြေးလွင့်သွားသည်။

ချစ်နှင်းဖြူ၊ ကိုဖြိုး၊ ပြီးတော့… ဘောက်ထော်မှ တိုက်ကြီး။

"အနောင်၏တိုက်ကြီး"

မိမိတို့ အခန့်သား နေနေချိန်မှာ၊ ဤတိုက်ကြီးကို တစ်လ တစ်ထောင့်ငါးရာနှင့် ငှားစားထားချိန်မှာ၊ အနောင်သည် အင်းထဲမှ ရေပေါ်တွင် မြေလေးတစ်ကွက်စာ ရောင်းစားဖို့အတွက် ပင်ပန်းခက်ခဲစွာ အသက်မွေးနေရရှာပါလား။

"အစ်မ၊ ဘာတွေ စဉ်းစားနေတာလဲ"

"ဟင်…"

"အနောင့် စကားတွေကြောင့် အစ်မ စိတ်ညစ်သွားပြီလား"

"မဟုတ်ဘူး အနောင်၊ အနောင့်ကို သနားလို့…"

"ဟာ… အနောင့်ကို သနားတယ် ဟုတ်လား"

"အင်း…"

"အမေရယ်၊ ပေါင်ဆယ်ရယ်က လွဲရင် ဒီစကားမျိုး ဘယ်သူကမှ မပြောဘူးဗျ၊ အစ်မ သနားတယ်ဆိုတာ ဝမ်းသာလိုက်တာဗျာ"

"အနောင်ရယ်"





"ပြီးတော့ အစ်မရဲ့ အဖေက ငွေသုံးထောင်တောင် ပို့ခိုင်းလိုက်တာဆိုတော့ အစ်မ အဖေဟာ အနောင်တို့ကို သိပ်စေတနာထားတယ်ထင်တယ်နော်၊ သူကလည်း သနားလို့ နေမှာပေါ့နော် အစ်မ"

"ဒါပေါ့"ဟုပင် မဖြေရက်တော့၊ အနောင်ကိုသာ ငေးကြည့်နေမိသည်။

"ပေါင်ဆယ်က ပြောနေတယ်"

"အင်း… ဘာပြောလဲ"

"အစ်မ ရောက်လာတာ တို့တွေ စိတ်ကောင်းထားလို့ နတ်သိကြားက လွှတ်လိုက်သလား မှတ်ရတယ်တဲ့၊ အစ်မက နတ်သမီးလေးလို လှတာကိုဗျ၊ ပြီးတော့… သိပ်လည်း စေတနာကောင်းတယ်နော်"

"အနောင်"

"ဗျာ"

"မမကို ချီးမွမ်းခန်းတွေ ဖွင့်မနေစမ်းပါနဲ့ အနောင်ရယ်၊ မမလှိုင်း မကြားချင်ဘူးကွယ်၊ အနောင်တို့ အိမ်မှာ မမလှိုင်း နေရစဉ်အတွင်း အဲဒါတွေ မပြောပါနဲ့နော်…"

ကိုယ့်အကြောင်းနှင့်ကိုယ် တားမြစ်မိခြင်းပါ။

"မမလှိုင်းလေ၊ ဒီရောက်မှ သိပ်ပြီး စိတ်ချမ်းသာကြည်နူးရပါတယ် အနောင်ရယ်၊ အနောင်တို့ မိသားစု သုံးယောက်လုံးကို မမလှိုင်း ချစ်ခင်တယ်၊ သံယောဇဉ်ရှိတယ်၊ အနောင့်ကျတော့ မမလှိုင်း သနားတယ်"



www.burmeseclassic.com

www.burmeseclassic.com

နန္ဒနောင်သည် လွှဲဖယ်ရမှာ မေ့မြောနေသလို ဖြူလှိုင်းဖွေးသို့ ငေးကြည့်ပြီး...

"အစ်မပြောတာ သိပ် နားထောင် ကောင်းတာပဲ။ အနောင် အဲဒီလို ခေါ်ရမလားဟင်"

"ဘာကိုလဲ"

"မမလှိုင်း...မမလှိုင်းနဲ့လို့ ပြောတာလေ"

"ခေါ်ပါ၊ မမလှိုင်းက အနောင့်ထက် ကြီးတာပဲ"

"ဒါပေမယ့် လှိုင်းဆိုတာကို ထည့်မခေါ် ချင်ဘူးဗျာ၊ လှိုင်း ဆိုတာက မတည်ငြိမ်ခြင်းလို့ အဓိပ္ပာယ်ရတယ်လေ၊ မမရဲ့အလှက သိပ်ပြီး တည်ငြိမ်လွန်းလှပါတယ်၊ အစစ အရာရာလည်း ဒီနာမည်နဲ့ မလိုက်ပါဘူး"

"ဒါကြောင့် အနုပညာ အတွေးအခေါ်ရှိတယ်လို့ ပြောတာပေါ့၊ ဘယ်လို ခေါ်ချင်လို့လဲ"

"မမပဲ ခေါ်ပါရစေ"

"ကောင်းပါပြီရှင်"

"မမ"

"ဟင်"

"မမ ဘယ်တော့ပြန်မှာလဲဗျာ"

"ဘယ်တော့ ပြန်စေချင်လို့လဲ"

"ဘယ်တော့မှ မပြန်စေချင်လို့"

"အို...ဘယ်ဖြစ်ပါ့မလဲ"





"မဖြစ်ဘူးဆိုတာ နားလည်ပြီးသားပါဗျာ၊ မမက မေးလို့ ဖြေရတာပါ"

ဖြူလှိုင်းဖွေး ဘာမှ မပြော၍ အနောင်လည်း ဘာမှ မေးရဲဟန် မတူတော့။

အင်းရေပြင်ကြည်နဲ့ ထိတွေ့ရတာ သိပ်ကြည်နူးပါသည် ဆိုသော သူ၏ မမအတွက် လှေကို ညင်သာစေရန် ခြေနှင့် မခတ်၊ လက်နှင့်သာ ဖြည်းဖြည်းလေး ရွှေ့အောင် လှော်ပေးနေရှာသည်။

အနောက်ဘက် တောင်စွယ်အောက်ရောက်၊ နေဝန်းနီ၏ လက်ကျန် ရောင်စဉ်တို့သည် အပူရှိန်ကင်းမဲ့သော တောက်ပခြင်း များဖြင့် နီမြန်းလျက်။

အင်းရေပြင်ကို ဖြတ်တိုက်လာသော ညနေခင်းလေပြည်သည် ရင်ကို အေးမြစေနိုင်လွန်းလှပါလားကွယ်...

သူတို့ အောက်ခြေဝန်းကျင်မှ ရေပြင်သည် အရာအားလုံးကို ထွင်းဖောက်မြင်နိုင်လောက်အောင် ကြည်လင်ခြင်းများဖြင့် စီးဆင်း လျက်...

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com



နေမင်းရဲ့× အလင်းရောင်သည်လည်း × ×
မနေ့ကနဲ့မတူ× မနေ့ကလို× မပူတော့ပြီ×

× × ×

ငှက်ကျေးရဲ့ သီချင်းသံသည်လည်း × ×
မနေ့ကနဲ့မတူ× မနေ့ကလို× မဆူတော့ပြီ...
အတွေးသစ်× အမြင်သစ်တွေ× ဆောင်ကျဉ်းပေးခဲ့လို့×
ငါသည်× အချစ်အတွက်× တစ်ဖန် မွေးဖွားခဲ့ပြီ×
မျှော်လင့်ခြင်းတွေ× ရင်မှာ× ပြန်ရှင်သန်လာ×
မာန်မာနတွေ× ရင်မှာ× ပြန်ခိုင်မာလာ×
ဒီဘဝကို× အရှုံးမပေးတော့ဘူးလို့×
ငါ့နှလုံးသား တစ်ချက်ခုန်လိုက်တိုင်းသည်×
မနေ့ကနဲ့ ကွာ×
မနေ့ကလို မနာတော့ပြီ×
သူ့မျက်နှာ× ခဏ× မြင်လိုက်ကတည်းကစပြီး×
ငါသည်×
အချစ်အတွက်× တစ်ဖန် မွေးဖွားခဲ့ပြီ...

စိုင်းထီးဆိုင်၏ အကောင်းဆုံးသော သံစဉ်နှင့် စိုင်းခမ်းလိတ်၏ ရင့်သန်လှသော အတွေးအခေါ်တေးကို...

နောင်သည် ဂစ်တာဖြင့် တီးခတ်ရင်း ဖြည်းညင်းစွာ သီဆိုနေပါ၏။





"ငါသည် အချစ်အတွက်× × တစ်ဖန် မွေးဖွားခဲ့ပြီ"

ဆိုသော စာသားကို ဖြူလိုင်းမွေး၏ အကြိုက်ဆုံးသော အဆိုသမား စိုင်းထီးဆိုင်လေသံနီးနီး ကောင်းအောင် ညင်သာစွာ သီဆိုနေသည်။

အိမ်ရှေ့ လေ့ဆိပ်တံတားဦးတိုင်ကို မှီ၍ ထိုင်ပြီး တီးခတ်နေသော နန္ဒနောင်...

အင်းရေပြင်တစ်ခုလုံး ငြိမ်သက်နေသည်။ လသာရက်မို့ ကြည်လင်သော ရေပြင်ကို ငွေရောင်လွှမ်းနေသည့် မြင်ကွင်းက တစ်ပြန့်ကြီး...

အိပ်ရာမှ ထလျက် အပေါ်ပြတင်းမှ ရပ်ကြည့်နေမိသော ဖြူလိုင်းမွေးသည် နန္ဒနောင်ကို နောက်ခိုင်းမြင်ရသော်လည်း...

သူဆိုနေသော တေးစာသားသည် ဖြူလိုင်းမွေး၏ နှလုံးသားကို ဆဒ္ဒနာဦး ဖြစ်စေအောင် လှုပ်ခတ်စေနိုင်သည်ပါလားကွယ်...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်ခြောက်

မမြင်ရခင့်ကပင် အကြင်နာ တစ်ပွေ့ကြီးနှင့် ရောက်လာခဲ့သော ဖြူလှိုင်းဖွေးအတွက် ဆုံတွေ့ရတော့ ခင်မင်စရာ ဖြစ်လာခဲ့သည်။

ရင်းနှီးမှုကဖြင့်...

ဥဒေါင်းတောင်သို့ တက်သောနေ့က စတင်ခဲ့လေသည်။

"မမ သိပ်မောနေသလား ဟင်"

"မောတော့ မောတယ် အနောင်ရယ်၊ ဒါပေမယ့် ကြည်နူးချမ်းမြေ့စရာ မြင်ကွင်းတွေကြောင့် အမောပြေပါတယ်"

အနောင်သည် ပုဆိုးဝတ်လေ့ လုံးဝမရှိ။ ရှမ်းဘောင်းဘီ ပင်နီရောင်၊ အနက်နှင့် နံ့သာရောင်တို့ကို ဝတ်ဆင်လေ့ရှိရာ ဒီနေ့တော့ တီရှပ်ကြည်ပြာနှင့် ဂျင်းဘောင်းဘီအပြာရောင်ကို ဝတ်ထားသဖြင့် ရုပ်ရှင်ထဲတွင် မြင်ရသော ဇာတ်လိုက်မင်းသားလေးတစ်ယောက်လို လှနေသည်။

"နေပါစေ... အနောင်ရယ်..."

သူ့ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါ သန့်သန့်လေးကို ထုတ်ယူပြီး ဖြူလှိုင်းဖွေး၏ နဖူးပြင်မှ၊ လည်ပင်းနှင့် လည်ဟိုက် အကျီပေါ်မှ ချွေးသီးဥများကို တို့သုတ်ပေးနေသည်။





"ဒီတောင်က ပေ ၈၀၀ ကျော်ပဲ ရှိပေမယ့် မတ်စောက်လို့ ဆာတတ်တယ် မမရဲ့၊ သိပ်ပင်ပန်းနေပြီလားဟင်"

အကြင်နာကို ပေးစွမ်းစေသော စကား။ ပေးစွမ်းလေသော များကြောင့် ရင်မှာ ကြည်နူးမှုလေးများ ဖူးဝေသည်။ ဥဒေါင်းတောင်သည် ကွေ့ 'ကိုးကွေ့' ကို ကျော်ဖြတ်ရ။ 'ဖွားပြန်နိုတောင်' နှင့် 'မြရင်ဆို' နေရာသည် အမတ်ဆုံး...

သုံးမိုင်နီးပါးခန့် အကွာမှာ အိမ်ခြေ ၃၀၀ ကျော်ရှိ ပအိုဝ် တိုင်းရင်းသားများ အများဆုံး နေထိုင်သော 'ကျေးတွန်ရွာ'ကြီး ရှိလေသည်။

ဥဒေါင်းတောင်၏ အရှေ့မြောက် အရပ်တွင်ရှိနေသော အင်းလေးကန် တစ်ပြန့်ကြီးနှင့် ဟိုတစ်စု သည်တစ်စုဖြင့် တည်ရှိသော ရေပေါ်ရွာလေး များကို အပေါ်စီးမှ မြင်ရ၏။ ရေငွေ့တွေက ဆိုင်းဓွေနေသေးသည်။ သဘာဝ အလှများအားလုံး စုစည်းထားသော မြင်ကွင်းကြောင့် သာယာ ကြည်နူး ရသကို ပေးစွမ်းစေလေသည်။

အင်းရေပြင်၏ နောက်ခံက တောင်တန်းညို့ညို့။ တောင်တန်း ညို့ညို့အထက်မှာ တိမ်လှိုင်း ဖြူဖြူ မှိုင်းမှိုင်းတို့က တစ်ဆက်တည်း။

"အင်းရေပြင် တစ်ပြန့်ကြီးကို အပေါ်စီး အနီးကပ်က ကြည့်ရတာ သိပ်လှတာပဲနော် အနောင်ရယ်"

"မမ ကြိုက်တယ် ဆိုလေ အနောင်က ကြွားချင်လေပဲဗျာ၊ အနောင့် လေ့ငှားသူရှိရင် ဖယ်ခုံအထိ သွားရတတ်တယ်၊ အဲဒီအခါ အင်းသုံးအင်းကို ဖြတ်ရရင် မမ ပို့ပျော်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းသုံးအင်း ဟုတ်လား"

"ဟုတ်ပါတယ် မမ၊ အင်းလေးကို လာကြ၊ ပွဲချိပ်ကလေး ငှားပြီး ဖောင်တော်ဦးဘုရားဖူး၊ ယက်ကန်းစင်လေးတွေကြည့် လှိုင်းကြီးမှာစီးလို့ ညနေမစောင်းခင် တက်သုတ်ရိုက်ပြန်ပြီး ဖွဲ့လိုက်ကြတဲ့ အင်းလေးအကြောင်းတွေ..."

"ဟာ... အနောင်ကလည်း"

"တကယ် မမရဲ့၊ ဒေသတစ်ခုရဲ့ စရိုက်ကို တစ်နေ့လာရုံနဲ့ ရမလား အသေအချာ လေ့လာသင့်တာပေါ့ဗျာ၊ ကြည့်... မမတောင် အင်းသုံးအင်း ဆက်နေတယ်ဆိုတာ မသိဘူး မဟုတ်လား"

"မသိဘူး အနောင်၊ တကယ် ဝန်ခံပါတယ်"

"လူသိများတဲ့ ကျွန်တော်တို့ရဲ့ 'ညောင်ရွှေအင်း' ပြီးရင် 'စကားအင်း' 'ဖယ်ခုံအင်း' ဆိုပြီး တမျှော်တခေါ်ကြီး ဆက်နေတာ မမရဲ့"

"အနောင်သွားရင် မမကို တကယ်ခေါ်နော်"

"အနောင့်လှေကို ငှားသူရှိမှ လှေသမားဘဝနဲ့ သွားရမှာ၊ မမ လိုက်နိုင်မှာလား"

"ဘာပဲဖြစ်ဖြစ် မမက ခံနိုင်ရည်ရှိပြီးသားပါ"

"ကျွန်တော် သွားနိုင်ဖို့ ကြိုးစားလိုက်ဦးမယ်၊ တကယ်လိုက်နော်"

"လိုက်မှာပေါ့"

"အခုရော ဆက်သွားမလား၊ နားမလားဟင်"

"မမောတော့ဘူး၊ ဒါပေမယ့် နားချင်သေးတယ်၊ ဘာလို့ဆိုတော့ မမအနောင့်ကို ကဗျာလေးတစ်ပုဒ် ရွတ်ပြချင်လို့"





"ဟာ... အနောင်က စာတို့ ကဗျာတို့ သိပ်ဝါသနာပါတာ မမရဲ့၊ ဆိုပြနော်"

**တိမ်လား-တောင်လား-ခွဲခြားမရ...**
**မြူလား-တောလား-မခြားနားခဲ့...**
**မှန်လား-ရေလား-မတွဲပြားသို့...**
**အင်းသား ငါ့ဓါး...**
**လှုပ်ရှား ရုန်းကန်-အားနှင့်-မာန်သည်**
**ဒုက္ခလေလား...**
**သစ္စာလား...**

"ဟာ... မမ... မကောင်းဘူးဗျာ"

"လှည့်စမ်းပါဦးကွ၊ ရှက်တဲ့ မျက်နှာလေး ကြည့်ရအောင်"

နန္ဒနောင်က တကယ့်ကို ခေါင်းကြီးငုံ့ပြီး မြေစိုင်သားကို ခြေနှင့် ထိုးဖွနေသည်။

"မမ ခိုးဖတ်တာ မဟုတ်ဘူးနော်၊ ဒေါ်လေးက သူ့သားလေး ဆယ်ထားတဲ့ ကဗျာတွေ ဘယ်လောက်တော်လဲ ဖတ်ပါဆိုလို့၊ အနောင် တကယ်တော်တယ်ကွာ..."

"မတော်ပါဘူးဗျာ၊ အမေကလည်း ဘာလို့ မမကိုမှ သွားပြရ တာလဲ မသိဘူး"

"အနောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဒီကဗျာလေးဟာ သာမန်ပါပဲ၊ ဒါပေမယ့် ခုလို အင်းထဲကို ဝင်ပြီး အင်းရဲ့အလှကို ခံစားမိသူတိုင်းအတွက် ဖော်ကျူးချက်က တကယ် ပီပြင်ပါတယ် အနောင်ရယ်၊ ဟိုမှာ ကြည့်လိုက်စမ်း"

"ဘာကိုလဲ မမ"

"တိမ်နဲ့တောင်နဲ့ရောလို့...မြူငွေ့ထဲမှာ ရွာလေးတွေက ဝပ်လို့၊ ပြီးတော့ အင်းရေဟာ တကယ့်မှန်သားလို ကြည်လင်လို့ပါ၊ အင်းကို ထိတွေ့ပြီး ဖတ်ရတဲ့သူအတွက် တကယ် ရသမြောက်ပါတယ်ကွယ်။ ဒီမှာ အနောင်"

"ဗျာ... မမ"

"အင်းသားလေး အနောင်ရဲ့ လှုပ်ရှားရုန်းကန်မှုဟာ... ဒုက္ခ တစ်ခုလို ပင်ပန်းဆင်းရဲရတာ မှန်ပေမယ့် သစ္စာလည်း မည်ပါတယ် အနောင်ရယ်"

"အနောင် နားမလည်ဘူး"

"သစ္စာဆိုတဲ့ အဓိပ္ပာယ်ဟာ တည်ကြည်ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်းပါ အနောင်၊ ခုလို အနောင်ဟာ မိခင်နဲ့ အဘွားကို ရိုးသားတည်ကြည်စွာ ရှာကျွေးနေရတဲ့အတွက် မွန်မြတ်လှပါတယ်လို့ ခံယူပါနော်"

"ဟုတ်ကဲ့ မမ"

"ဒါပေမယ့် အနောင် ကြာရှည် မပင်ပန်းစေရတော့ပါဘူး"

"မမ ဘာကို ပြောတာလဲ"





"နောက်တော့ အနောင် သိမှာပါ၊ လာသွားကြစို့"

နားလည်ချင်သော မျက်နှာလေးနှင့် ငေးကြည့်နေသော်လည်း မေးရဲရှာ။

ကရဏ္ဍာမုန်တိုင်းရှေ့မှ အကြောင်နာ လေပြည်ညင်းလေး ဖြူလှိုင်းဖွေး၏ နှလုံးအိမ်ကို ဖြတ်သန်းတိုက်ခတ်၏။

မကြာမီအချိန်မှာ အနောင်သည် သူပိုင်ဆိုင်ထိုက်သည်ကို သိန်းချီ၍ ပိုင်ဆိုင်ရပေတော့မည်ဟု မသိရှာသေး။

"မမ တက်လို့ရရဲ့လား၊ အနောင် တွဲရမလားဟင်"

"မမက အနောင့်ကိုတွဲမယ်"

သူ့ညာလက်ကို ကွေးညွတ်ပေးလိုက်တော့ ဖြူလှိုင်းဖွေးက လက်မောင်း မာမာကြီးကို အားပြု ခိုတွဲပြီး နီးနီးကပ်ကပ် ထိထိတွေ့ တွေ့ဖြင့်...

တစ်ချိန်က သားရဲတိရစ္ဆာန်များ၊ ဥဒေါင်းများ များစွာ နေထိုင် ကျက်စားခဲ့သော ဥဒေါင်းတောင်ပေါ်သို့ ရောက်ခဲ့ပါပြီ။

"ဟာ... အဆောက်ဦတွေ အများကြီးပဲနော်"

"လာသမျှ ဘုရားဖူးတွေ တည်းဖို့၊ အိပ်ဖို့၊ စားဖို့ အပြည့်အဝ ပေးနိုင်ပါတယ် မမ။ ပွဲတော်ရက်ဆို တစ်နေ့တည်း လူသုံးထောင်ကျော် အထိ ထမင်းကျွေးရပါတယ်"

"အို... ဟုတ်လား"

"ဘုန်းကြီးက သိပ်တန်ခိုးကြီးတော့ လိုအပ်တယ်ဆိုတာ မရှိဘူး၊ အမြဲပဲ ပြည့်စုံရုံမက ပိုလျှံတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောဇာသက္ကရာဇ် ၁၂၅၃ ခုနှစ်တွင် ဖွားမြင်ခဲ့သော "ဥဒေါင်းတောင် ဆရာတော်ဘုရား"သည် ယခုအခါ သက်တော် ကိုးဆယ်ကျော်နေပြီဖြစ်သည်။

ပင်လောင်းမြို့နယ် တီကျစ်မြို့နှင့် ၅၆ မိုင် ဝေးသော 'ပင်ခင်' ဆိုသည့် တောင်ကြားရွာကလေးမှာ ဗုဒ္ဓဘာသာဝင် ရှမ်းတရဲအမျိုးသားနှင့် ပအိုဝ့်အမျိုးသမီးတို့မှ ထူးဆန်းစွာ မွေးဖွားခဲ့လေသည်။ ဆံပင်မွေးများအားလုံး အဖြူနှင့် ခြေနှစ်ဖက်လုံးမှာ ကြာပွင့်ကြာဖူးပုံ ခြေခဏာများပါသည်ဟု သိရပါ၏။

ငယ်စဉ်က ကိုရင်ဘဝ၊ ရဟန်းဘဝများတွင် ပရိယတ် စာပေများကို ကောင်းစွာ လိုက်စားပြီး နောက်ဆုံးတွင် ကျားတွန်ရွာ၌ ၁၈ နှစ်တိတိ ကျောင်းထိုင်နေရာမှ သက္ကရာဇ် ၁၃၁၀ ပြည့် ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် လူသူတစ်ယောက်မှမရှိသော ဤဥဒေါင်းတောင်သို့ ကြွရောက်လာပြီး အဓိဋ္ဌာန်နှင့် တရားကျင့်ပြီး မေတ္တာတရားများစွာ ပို့သ အမျှပေးဝေသဖြင့် ဘာအန္တရာယ်မှ မကျရောက်ခဲ့ပေ။

သုံးလေးမိုင်မှ ခုနစ်မိုင်လောက်အထိ ဝေးလံသော ဒေသများသို့ ခြေလျင်၊ တစ်ခါတစ်ရံ လှေကြုံနှင့် ရသမျှ ဆွမ်းခံပြီး တစ်ကြိမ်တည်း တစ်ထပ်တည်းသာ ဘုဉ်းပေးလျက် ဒုက္ခခံကာ ဂူအောင်း၍ တရားကျင့်ခဲ့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ခဲ့ရုံမက…

သက်တော် ကိုးဆယ်ကျော်ချိန်မှာပင် အဖူးမြော်ခံပြီး သီလပေး၊ တရားပြနိုင်သေးသဖြင့်…

ဖြူလှိုင်းမွေးမှာ ကြည်ညိုသဒ္ဓါကြီးစွာဖြင့် ဆရာတော်ဘုရားကြီး





အား လေးစားမြတ်နိုးစွာ ရှိခိုးကန်တော့ခဲ့ပါသည်။

"ထမင်းစားရအောင် မမ"

"ဟယ်… ဖြစ်ပါ့မလား"

"ထမင်းစားဆောင်တွေကြည့်လေ၊ ဆရာတော်ကြီးရဲ့ မေတ္တာကြောင့် လာသမျှလူတွေ ကျွေးနိုင်အောင် လှူကြတဲ့ စေတနာရှင်တွေကလည်း အများကြီးပဲ မမရဲ့"

"အေးလေ၊ တစ်ချိန်က လူတစ်ယောက်မှမရှိတဲ့ တောနက်ထဲက တောင်ကြီးလို့ ပြောရင် ယုံနိုင်စရာမရှိလောက်အောင်ကို… ဘုရားတွေ၊ ကျောင်းတွေ၊ ဇရပ်တွေ၊ ကမ္ဘဋ္ဌာန်းဂူတွေနဲ့ တင့်တယ်လိုက်တာနော် အနှောင်ရယ်…၊ ဒါကြောင့်လည်း ဒီလောက်ဝေးခေါင်တဲ့ နေရာကို ရောက်အောင် လာကြတာပဲနော်"

ထမင်း၊ ဟင်း၊ ပူပူနွေးနွေးနှင့် ပြုံးပြုံးရွှင်ရွှင် ကျွေးမွေးကြသော ဆယ်ကျော်သက် ကုသိုလ်ရှင်တို့ ပြင်ပေးသော သက်သတ်လွတ် ထမင်းဟင်းကို ဖြူလှိုင်းမွေးရော၊ နန္ဒနှောင်ပါ ဆာဆာနှင့် တဝကြီး စားမိကြသည်။

ဖြူလှိုင်းမွေး၏ ပိုက်ဆံအိတ်တွင်းရှိ ငွေအထပ်လိုက်မှ ရာတန်တစ်ချပ် လှူလိုက်သည်ကို နန္ဒနှောင်က ငေးမောနေရှာသည်။

အတက် မလွယ်သလို၊ အဆင်းလည်းခက်သော တောင်တက်လမ်း၏ သဘာဝအတိုင်း ခြေမချော်စေရန် အနှောင့်ကိုပင် တွဲလျက်…

နန္ဒနှောင်ကလည်း သူ့မမကို ဂရုစိုက်လွန်းစွာဖြင့် တပြန်တလဲ လက်ကိုတွဲလျက် အကြည်နူးဆုံး။ အချမ်းမြေ့ဆုံးသော အပြုံးများဖြင့် အပြန်လမ်းမှာလည်း…

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေးဆိုတာ ဖောင်တော်ဦးဘုရား တစ်ဆူပဲ ကြီးကြီး ကျယ်ကျယ် ရှိတယ်ထင်တာ၊ ကြည့်ပါဦးကွယ်၊ ဒီအင်းတိမ်ရွာက **'အင်းတိမ်ဘုရားတွေ'**ဟာ အံ့မခန်းပါပဲလား"

ပုဂံခေတ် စေတီပုံစံအချို့နှင့် တူသော စေတီသွယ်သွယ် ရှုးရှုး မြင့်မြင့်တို့က ပတ်လည်မှာ ဝိုင်းဝိုင်းလည်အောင် များပြားလှသည်။ တချို့လည်း ပျက်စီးနေလေပြီ။

"ဟုတ်တယ် မမ၊ စေတီအဆူတစ်ထောင် ရှိတယ်လို့ ဆိုပါ တယ်။ အင်းတိမ်ဘုရားကြီးရဲ့ စောင်းတန်းဟာလည်း မြင်တဲ့အတိုင်းပဲ အုတ်တိုင်ချည်း တစ်ဘက် ၁၆၀၊ နှစ်ဘက်ဆိုရင် ခိုင်ခန့်တဲ့တန်ဆောင် တိုင်တွေ ၃၂၀ အပြင် သစ်သားတိုင်တွေပါနဲ့ဆို လေးရာနီးပါး ရှည်လျားတာ မမ အမြင်ပဲနော်..."

"ဒါ...ရှေးတော်ဘုရားတွေ တည်ခဲ့တာလား"

"ဘယ်ဟုတ်မလဲ မမရယ်... ဘုရားသမိုင်း ထုံးစံအတိုင်း ပထမ သီရိဓမ္မာသောက မင်းကြီး တည်တယ်လို့ အဆိုရှိပါတယ်။ တကယ် တော့ သီရိဓမ္မာသောကမင်းဆိုတာ အိန္ဒိယပြည်က မင်းတစ်ပါးပါ၊ သူ တည်ခဲ့တယ်ဆိုတဲ့ သက္ကရာဇ် အတိအကျ သမိုင်း မှတ်တမ်း မရှိ ပါဘူး။ ဒါ... ပုဂံခေတ်နဲ့ အပြိုင်တည်တယ်လို့ ယူဆနိုင်ပါတယ်"

"အနောင် မဆိုးဘူးပဲ"

"နရပတိစည်သူနဲ့ အနော်ရထာမင်းတို့ ထပ်မံပြုပြင်တယ်လို့ တန်ဆောင်းက ပန်းချီတွေမှာ ရေးထားတာ ကြည့်လေ မမ"

"ဟုတ်ပါရဲ့"





"ဒါဆို အနော်ရထာက ခရစ်နှစ် အေဒီ-၁၀၄၄ မှ ၁၀၇၇၊ နရပတိစည်သူက ၁၁၇၄-က ၁၂၁၁ ခုနှစ်တွေမှာ နန်းစံတာဆိုတော့ ဒီစေတီတော်တွေရဲ့ သက်တမ်းဟာ အနည်းဆုံး နှစ် ခုနှစ်ရာနဲ့ ရှစ်ရာကြား ရှိပြီ၊ စေတီတစ်ထောင်နီးပါးလည်း ရှိနိုင်ပါတယ်။ ပျက်နေ တာတွေမပါဘဲ ခုကို လေးငါးရာတော့ရှိမှာ၊ ဒါကြောင့် ဗုဒ္ဓသာသနာ ထွန်းကားခဲ့တယ်ဆိုတာ ယုံမှားစရာ မရှိပါဘူးမမ၊ နောက်ပိုင်း အလောင်းစည်သူလည်း ဒီအင်းလေးကို ရောက်လာတာ အထင်အရှား ပါ၊ လမ်းမှာလည်း ရှေး...ဘုရားပျက်တွေ အများကြီး မမ တွေ့ခဲ့ပါ တယ်နော်"

"အနောင်"

"မမ"

"အနောင်ဟာ အင်မတန်မှ 'အာရုံစူးစိုက်မှု' ရှိတဲ့ လူငယ်ပဲ။ အဲဒီလို အတဲန်းရှင်း(attention)ရှိတဲ့လူတွေဟာ ကိုယ်ရောက်ရှိနေတဲ့ နေရာတိုင်းမှာ တော်တတ်ကြတယ်"

"အနောင်လို ကောင်ကတော့ မမရာ၊ လေ့လော်တော်ရုံအပြင် ဘာများ ရှိဦးမှာလဲ"

"အနောင် ငယ်ပါသေးတယ်လေ၊ နောင်ကို လုပ်ငန်းကိုင်ငန်း တွေ လုပ်ကိုင်လာရတဲ့အခါမှာ ဒီလိုလူမျိုးဟာ တိုးတက်ဖို့ မျှော်လင့် ချက် သိပ်ရှိတာပေါ့။ လူဆိုတာ အရာရာကို အလေးအနက် ထားတတ် လေ... အခြေနေပေးလာတဲ့အခါမှာ တိုးတက်လေပဲ အနောင်ရဲ့"

"ဒီစကားဟာ အနောင်လို တောသားနဲ့ မဆိုင်ပါဘူးဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်လာမှာပေါ့ အနောင်ရယ်...၊ ကဲ...လာ...သွားကြစို့"

မတ်စောက်လွန်းသော တောင်ကို မတက်နိုင်ကြသူများအတွက် အတက် ၆၀၊ အဆင်း ၆၀ ကျပ်နှင့် အထမ်းသမား လေးယောက်က အမျိုးသမီးကြီး တစ်ယောက်ကို ထမ်းလာသည်ကိုလည်း တွေ့ရပါ၏။ ကျိုက်ထီးရိုး အထမ်းသမားထက် လူနှစ်ယောက်အား ပိုသည်။ ထိုင်လိုက်ရသူကတော့ ဝေယျာဝစ္စ စီးရသလိုပါ။

"လာ... မမ၊ ဒီဘက်မှာ ရေတံခါးရှိတယ်၊ သွားကြည့်ရအောင်"

ရေစာခွန် စီးသံလို မြည်ဟည်းနေသော ရေလွှတ်တံခါးပေါက်သို့ ရောက်ခဲ့သည်။ ဘီလူးချောင်းမှ စီးဝင်လာသော ရေအလျဉ်ကို တားမြစ်ခြင်း၊ ဖွင့်လွှတ်ခြင်းပြုသည့် ရေထိန်းနေရာလေး အရောက်သွားသည့် မြေနီလမ်းလေးက ကျဉ်းလွန်းသဖြင့်...

နန္ဒနောင်သည် သူ့မမကို မွေ့မယူရုံတမယ် ဂရုစိုက်လွန်းစွာ ဖေးမ တွဲခေါ်လာသည်။

ဝါးပင်ရိပ်၊ သစ်ပင်ရိပ်များက ထူထပ်စွာ။ သစ်ပင်ထက်မှ ငှက်ငယ်တို့၏ တေးသံလား၊ ချစ်သူကို တမ်းတသံလားဖြင့်မသိ တစာစာ အော်မြည်နေကြရာသည်။

လက်မောင်းမှ သိုင်းဖက်တွဲခေါ်လာသော နန္ဒနောင်သည် ခရီးဆုံးမှ ရပ်တန့်လိုက်ကြသည်အထိ သူ့လက်ကို မလွှတ်။

ဖြူလှိုင်းဖွေး၏ ခံစားမှုဝေဒနာဦးသည် ရင်ဌ လှိုက်ခါစွာ ဖြစ်ထွန်းလာရပြန်သည်။

"မမ"





"ဟင်..."

"အနောင့်ရင်ထဲမှာ တစ်မျိုးကြီးပဲဗျာ"

"ဘာကိုလဲ"

"ပျော်လွန်းလို့လား မသိဘူး။ သိပ်ခံစားရတာပဲ"

ဖြူလှိုင်းဖွေး ဘာမှ မဖြေ။ ရင်တွေက ခုန်လို့... လိုက်သမျှ သူတွေကို ဖြတ်ချန်ခဲ့သည့် ဖြူလှိုင်းဖွေး။

ပြတ်သားလှပါသည်၊ ရဲရင့်လှပါသည်ဆိုသော သတ္တိတွေ ဘာကြောင့်များ ပျောက်ဆုံးကုန်ပါလိမ့်။

ဘာမဟုတ်သည့် ကောင်လေးတစ်ယောက်နှင့် တိုတောင်းသော အချိန်အတွင်းမှာ နှလုံးသား လှုပ်ရှားမှုများ မဖြစ်ထွန်းသင့်သေးကြောင်း သိထားနားလည်သည်တော့ အမှန်ပါ။

သို့ပေမယ့်...

မိမိ၏ အရိပ်ကိုကြည့်နေသော လိုအပ်သမျှကို ရို့ကျိုးစွာ ဆောင်ရွက်ပေးနေရှာသော နန္ဒနောင်၏ အကြင်နာများကို ရှုံ့မက်စွာ ငေးနေချင်မိသည်။

လောကကို အလှဆင်နေကြသော တောင်တန်း တောင်ဆွယ်၊ ချုံးမန်၊ သစ်ပင်နှင့် ကြည်လင်သော မြသားရေပြင်တို့နှင့် ထိတွေ့နေရသော ရသကိုလည်း ပျော်ရွှင်နေသော ဖြူလှိုင်းဖွေး၏ နှလုံးသားသည် လှုပ်ရှားခြင်း ကင်းမဲ့စွာ မရပ်တည်နိုင်တော့ပါ။

"မမ... ဒီမှာ ထိုင်မလား ဟင်"

"ပြန်ကြစို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမ"

ဖြူလှိုင်းဖွေး၏ လက်မောင်းပြည့်ပြည့်လေးကို သူ့လက်ချောင်းများ နစ်ဝင်သွားအောင် ဆုပ်ကိုင်ပြီး ဆွဲခေါ်လာသည့် နောက်က လိုက်ခဲ့ရပါ၏။ လှေဆိပ်မှာ မော်တော်စောင့်နေကြသော ဘုရားဖူးများက လှပလိုက်ဖက်သော အတွဲတစ်တွဲအဖြစ် ကြည့်နေကြောင်း သိ၍ သူတို့၏ မျက်ဝန်းများကို ရင်မဆိုင်ရဲတော့။ တစ်ဘက်ကမ်း ဈေးတန်းနှင့် ချောင်းကူးတံတားကိုသာ ကြည့်ပြီး...

နန္ဒနောင် တွဲခေါ် ဆွဲယူရာ နောက်သို့သာ လိုက်ခဲ့ပြီး ဖွန်ဆင် စက်တပ်လှေကို စက်နှိုး၍ ထွက်ခဲ့ကြတော့သည်။ 'ရွာကြီး'၊ 'ရေသာ' 'ဆော်မ'ဆိုသော ရွာများဘေးမှ အမှိုက်သရောများ၊ ကိုင်းပင်များ မြက်ရိုင်းများကို လှေဦးနှင့် ထိုးခွဲဖြတ်ကျော်ပြီး ရေနီ 'ချောင်း'များ ရေပြာ 'ရိုး'ကလေး၊ ချောင်းကျဉ်း၊ ချောင်းကျယ်များကို ဖြတ်သန်း သည်။ ရေလမ်းက ပြန့်ပြောကျယ်ဝန်းခြင်းမရှိ။

ဇွဲချိတ်၏ ပန်ကာတွင် ငြိနေသော ဒိုက်ဖောင်များကို ရှောင်ရှား ရင်းမှ နန္ဒာနောင်က...

"အချိန်မရမှာ စိုးလို့သာ လှေကို စက်တပ်ခဲ့ရတာ အနောင် လှေကို ခြေနဲ့လက်နဲ့ပဲ လှော်ခတ်ပေးနေချင်တာ"

"အကျင့်ပါနေလို့လား"

"ဘယ်ဟုတ်မလဲ၊ မမကို လှေပေါ်မှာ ညင်ညင်သာသာ စီးနေ စေရအောင်လို့ပါ။ စက်သံက ဆူညံတယ်လေ၊ သဘာဝ မဆန်ဘူး မမ နားပူမလားလို့ပါ"





"သြော်... အနောင်ရယ်"

"မမ"

"ဟင်..."

"ဒီရှေ့ခုံမှာ လာထိုင်ပါ"

"လှေဦးမှာ မထိုင်ကောင်းလို့လားဟင်"

"အနောင်တို့ အင်းသားတွေမှာ နတ်ကိုးကွယ်တဲ့ ဓလေ့ သိပ်မရှိ ဘူး။ အယူလည်း မသည်းပါဘူး။ အုန်းဆွဲတာတို့၊ ဘာတို့လည်း မ်တွေမှာ မရှိပါဘူး မမ၊ ဘုရား တရားကိုသာ တကယ်ပဲ လေးစား ည်ညိုပါတယ်။ မထိုင်ကောင်းလို့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

လှေ၏ နောက်ဘက် ထိုင်ခုံလေးဆီသို့ ဖိနပ်ကိုကိုင်ရင်း လှိုင်းဖွေး ရွှေ့လာထိုင်သည်။ လှေဦးကို ကျောခိုင်းထိုင်တော့ အနောင် မျက်နှာချင်းဆိုင်။

"မမနဲ့ ဝေးနေလို့"

"ဟာ"

အရှက်မျက်နှာကို ကွယ်စရာ နေရာမရှိ။ စက်လှေကို မောင်းရင်း နောင်သည် မျက်နှာလွှဲလိုက်ရမှာကို နမြောနေသလို မလွှဲတမ်း ကြည့်နေသည်။

"လှလိုက်တဲ့ မျက်နှာ... ကျက်သရေ ရှိလိုက်ပါတဲ့ အလှရှင်"

"သြော်... အနောင့်ဘဝထဲကို ကြံကြံဖန်ဖန် ရောက်လာတဲ့ ယ်..."



www.burmeseclassic.com

www.burmeseclassic.com



"မမ ပြန်သွားမှာကို အနောင် ရင်ဆိုင်ရဲတဲ့သတ္တိ ရှိမှာမဟုတ်ပါဘူး..."

"မပြန်ပါနဲ့ မမရယ်..."

"မမ မပြန်ပါနဲ့တော့နော်..."

"အနောင်ရဲ့ ရင်ထဲက အသည်းနှလုံးတွေနဲ့ အပြည့်အလျှံ ဖော်ပြလို့မရနိုင်လောက်တဲ့ ခံစားမှုတွေနဲ့...

"အနောင်လေ... မမကို သိပ်ချစ်တယ်ဗျာ"

နှုတ်မှ မပြောရဲသော စကားလုံးလေးများက နှလုံးသားမှာ မြည်ဟည်းနေသည်။

"အနောင်"

ကြည့်နေပါလျက်... ကြားနေပါလျက် မထူးမိ။

"ဟေး... အနောင်"

"အာ... မမ"

"ဘာငေးနေတာလဲ။ လော့...စက်ရပ်နေပြီလေ"

"လော့တက်နဲ့လော့မလို့၊ မမစီးချင်တယ် မဟုတ်လားဟင်"

အညာနှင့် စေတနာကို ရောဖြေလိုက်ရသည်။

"အနောင် ပင်ပန်းနေပါ့မယ်၊ စက်နဲ့ပဲ ပြန်ရအောင်ပါ"

"ပင်ပန်းစမ်းပါစေဗျာ... မမအတွက်ပဲ"

"မမကလည်း မမအတွက် အနောင်ပင်ပန်းရင် သနားတာပေါ့"

"မမ"





"ဟင်"

"အနောင့်ကို သနားတယ်လို့ ပြောတာ ဒါပါနဲ့ဆိုရင် ကိုးကြိမ်တိတိ ရှိပြီ"

"အောင်မယ်... တယ်လည်း သေချာပါလား"

"တကယ်ပါဗျာ၊ အဲဒီလို မမပြောလိုက်တိုင်း ဒီရင်ထဲမှာ နွေးခနဲဖြစ်ဖြစ်သွားတော့ မှတ်ထားတာပေါ့"

ဖြူလိုင်းဖွေးက အပြုံးများနှင့် လက်နေသော မျက်ဝန်းဖြင့်သာ ကြည့်မိသည်။ သူ့ကို ဘာမှ မပြော။

"မမ၊ ဟို... ကြာနီလေးတွေ ကြည့်လိုက်စမ်း၊ မလှဘူးလားဟင်"

"သိပ်လှတာပဲနော်"

"ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ပဒုမ္မာနဲ့ ကြာပုဏ္ဍရိတ်ရယ်လို့ ကြာမျိုးငါးပါးရှိတဲ့အထဲမှာ အဲဒီကြာနီလေးဟာ အလှဆုံးထင်ပါရဲ့"

"ဟယ်...ဟုတ်ပါရဲ့၊ အနီရောင်က လှလိုက်တာကွယ်၊ ဓာတုဗေဒနဲ့ ဖော်စပ်လို့မှ မီပါ့မလားမသိဘူး၊ ပွင့်ဖတ် ချွန်ချွန်လေးတွေနဲ့ ခပ်ငုံငုံလေး ပွင့်နေတယ်နော်။ ရေပြာပြာ သစ်ရွက် စိမ်းစိမ်းတွေကြားမှာ ပွင့်နေတဲ့ ကြာနီနီလေးတွေဟာ လှလိုက်တာကွယ်၊ ဒါကြောင့် အင်းထဲမှာ ကြာမျိုးငါးပါး မှူးပွင့်တယ်လို့ စာဖွဲ့ကြတာပေါ့နော်"

"မမ ယူမလား၊ ခူးပေးမယ်လေ"

"နေပစေ အနောင်"

"ဟုတ်ပါတယ်လေ၊ ပန်းနီနီ မပေးကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို... ဘာဆိုင်လဲ"

ဖြူလှိုင်းဖွေး မျက်နှာလွှဲသွားလေမှ သတိရမိသည်။ ချစ်သူချင်းပေးလျှင် အချစ်ဦးနှင့် လွှဲတတ်သည်ဟု အဖြစ်သည်းသော ချစ်သူတို့ အယူသည်းခဲ့ကြသည့် ကိစ္စရပ်သာပါ။

"အနော်င် စကားမှားရင် ခွင့်လွှတ်ပါနော်...မမ"

ပြုံး၍ ခေါင်းညိတ်ပြမိတော့ ညှိုသွားသော နန္ဒနော်င်၏ မျက်နှာလေး ပြန်လည်ဝင်းပလာတော့သည်။

"သိပ်ပြီး နံ့ရှာတဲ့ အနော်င်တို့ရဲ့ မိသားစုထဲကို မမရောက်လာတာ တကယ်ပဲ အံ့ဩစရာပါဗျာ၊ အရာရာတိုင်းဟာ မမနဲ့ မထိုက်တန်ဘူးလို့ပဲ မြင်နေကြပါတယ်၊ သြော်... အမေတို့ကတောင် ပြောနေတယ်"

"ဘာကိုလဲ"

"မမပေးတဲ့ ငွေသုံးထောင်ကို မမ ပြန်ရင် ပြန်ပေးလိုက်မှာတဲ့"

"အို...မဟုတ်တာဘဲ"

"ဟုတ်ပါတယ်ဗျာ၊ ဧည့်သည်က ဘယ့်နဲ့ပေးရမှာလဲ။ အနော်င် မမှတ်မိတဲ့ အနော်င့်ဖေဖေနဲ့ မမဖေဖေနဲ့က ဒဒိပ်ရင်းနီးတဲ့ သူငယ်ချင်းဆို၊ ခုလို ကြည့်ရှုဖို့ မမကို လွှတ်လိုက်တာ သိပ်ဝမ်းသာနေကြတာ မမရဲ့၊ ဒါပေမယ့် အနော်င်တို့ မယူရက်ပါ ဘူးဗျာ"

အမုန်တရားကို ကွယ်ဝှက်ထားရခြင်းသည် ရင်၌ ပင်ပန်းလွန်းလှချေသည်။

"မမ"





"ဟင်"

"မမ ရောက်လာတာကို အနော်င်လေ သိပ်ဝမ်းသာရပါတယ်ဗျာ၊ တကယ်မှ ဟုတ်ရဲ့လားလို့လည်း မကြာခဏ သံသယဖြစ်မိတယ်၊ မဟာလေ အိပ်မက်ထဲမှာသာ တွေ့နိုင်တတ်တဲ့ အလှနတ်သမီးလေး တစ်ပါးပါဗျာ..."

"ဟာ...ဘာတွေ ပြောနေတာလဲ"

"အနော်င်လေ သိပ်ဝမ်းသာရတာနဲ့အမျှ စိုးရိမ်ပူပန်ခြင်းကြီးစွာ ဖြစ်နေရပါတယ်၊ မမယုံပါ"

"ဘာကိုလဲ အနော်င်"

"မမ ပြန်သွားမှာကို အနော်င် သိပ်ကြောက်တာပဲဗျာ..."

တမ်းတ မျှော်လင့်နေသော မေတ္တာမျက်ဝန်းသို့ ကြည့်ပြီး ဖြူလှိုင်းဖွေးက...

"မမ မပြန်သေးပါဘူး အနော်င်ရယ်"

"ဒါဆို သိပ်ဝမ်းသာရပါပြီဗျာ.မမ"

"ဘာလဲ အနော်င်"

"ဒီမှာ နေရတာ မမစိတ်ပျော်ရွှင်ပါရဲ့လား...ဟင်"

"ဒီမှာလည်း ပျော်ပါတယ် အနော်င်...၊ ဒီမှာ ပျော်တာထက်ကို ရန်ကုန်မှာ မနေချင်တာက ပိုပါတယ်လို့ပဲ ပြောပါရစေ"

"အနော်င်သိတယ်၊ မမ ရောက်နေတဲ့ နှစ်ပတ်အတွင်းမှာ တစ်ခါတလေ အိမ်ရှေ့က လှေဆိပ်မှာ မမ ထိုင်ပြီး အကြာကြီး ငေးနေတတ်တယ်၊ မမ ဘာများ စိတ်ညစ်လာလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... စေတနာ မဖြစ်ဘဲ ဝေဒနာ ဖြစ်သွားတယ် ဆို ပြောရိုးပြောစဉ် စကားတစ်ခုဟာ မမအတွက်များ ရည်ညွှန်းခဲ့ သလားတောင် ထင်မိပါတယ် အနော်ရယ်"

"ဘာလဲ မမ... အနော် သိပါရစေဗျာ"

"ဘယ်သူမှ သိလို့ မဖြစ်တဲ့ ကိစ္စကြီးတစ်ရပ်ကို မမ ဆောင်ရွ မိခဲ့လို့ ဝေဒနာအသီးသီးနဲ့ ခံစားနေကြရတယ်၊ ဒီအကြောင်း တွေးလိုက် တိုင်း 'ငါ့ကြောင့်'ဆိုပြီး ရင်ထဲမှာ နင့်နေအောင် ခံစားရပါတယ်... 'ဘာလဲ'လို့ အနော်သိချင်ရှာမယ်၊ မမကို ခွင့်လွှတ်ပါအနော်၊ မ ပြောလို့ မဖြစ်ဘူးကွယ်"

"မဖြစ်ရင် မပြောပါနဲ့၊ အနော့်အတွက် စိတ်အနှောင့်အယှက် မဖြစ်လိုက်ပါနဲ့ဗျာ"

"မဖြစ်ပါဘူး အနော်ရယ်"

"ဒီကို ရောက်လာတုန်းမှာ မမပျော်နေတာပဲ မြင်ချင်တယ် မမ ပြုံးနေတာကိုပဲ အနော်ကြည့်နေချင်တယ်ဗျာ"

ဘာမှမပြော၊ လက်နှင့် ထိတွေ့၍ရသော ရေကို စွတ်ရုံလေး လက်ခုပ်နှင့်ယူပြီး အနော့်မျက်နှာကို လှမ်းပက်ပစ်လိုက်သည်။

"မမနော်... ဒီကောင်က တစ်ခါတည်း ရေထဲဆွဲနှစ်ပစ်လိုက် မှာဗျ"

"အား"

သူ့မမ၏ ကျီစယ်မှုအတွက် အားတက်ပြီး လှော်တက်ကို လျက် ဖြူလှိုင်းဖွေး၏ လက်နှစ်ဖက်ကို ပူးယှက်ဖျစ်ညှစ်ကိုင်ပြီး မရ





မရဲနှင့် ပြောနေသော နန္ဒနော်...

"လွှတ်ကွယ်... လှေက သိပ်လှုပ်နေပြီ"

"အနော်က အင်းသားပဲ၊ လှေမှောက်လည်း ဘာကြောက်စရာ ရှိလဲ"

"ဟိုက်...ကြည့်စမ်း၊ လှေကို တမင်လှုပ်အောင် လုပ်နေတယ်၊ ကြောက်ပါတယ်ဆိုမှ"

"အဟား... ဟား... မမဒီမှာ ကြည့်စမ်း"

မော့ကြည့်လိုက်တော့...

သူ့ မမ မျက်နှာကို ရေစက်လေးများနှင့် ဖျန်းပက်လိုက်သဖြင့်...

"အား... မကောင်းဘူးကွာ"

ထပ်ပက်လာသော ရေစက်များကို ကွယ်ကာ ပုန်းအောင်းရန် မျက်နှာကို ဟိုရွှေ့ သည်တိုး လုပ်တော့ ပုန်းခိုစရာနေရာရသည်။ နန္ဒာနော်၏ ရင်ခွင်မှာ...

သူ့ ရယ်သံလွင်လွင်လေးသည် အင်းရေပြင်မှ လေညင်းလေးလို အေးမြလို့...

"မမရယ်...မမရယ်ဗျာ"

လှုးနေသော လှေပေါ်မှ ယိမ်းယိုင်နေသော ဖြူလှိုင်းဖွေး၏ ကိုယ်လုံးလေးကို မရဲတရဲနှင့် ထိတွေ့ပွေ့ဖက်ရှာသော နန္ဒနော်၏ လက်ကလေးများ တုန်လို့ပါ၊ စကားသံလေးများကလည်း တိုးညင်း လွန်းစွာ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်တွင်းရောက် အလှဆုံးမမကို ပြန်မလွှတ်ချင်တော့ ရင်ကိုဖွင့်ခွဲပြီး တစ်ခါတည်းသာ ရင်ထဲမှာ သိမ်းထားလိုက်ချင်ပါပြီ—

ထိုနေ့က…အင်းရေပြင်ကြီးတစ်ခုလုံး လှလို့…။

❖ ❖ ❖

**အခန်း နှစ်ဆယ့်ခုနစ်**

ယနေ့ နမ့်ပန်ဈေးနေ့…

အစည်ကားဆုံးသော တောင်ပိုင်းရှမ်းပြည်နယ်၏ ဈေးနေ့ တစ်နေ့လည်း ဖြစ်ပေသည်။

'အင်းတိုင်'ဆိုသော ခေါင်တိုင်၊ ကျောက်တိုင် ဆိုသော သကြား စက်ရှိသည့် 'မိုင်းသောက်'၊ သန်တောင်ဆိုသော 'တောင်တို'၊ 'မိုင်းဖြူး' နှင့် ယခု 'နမ့်ပန်ဈေးနေ့' စသည်ဖြင့် ငါးရက်တစ်ခါ ဈေးနေ့ဖြစ်ပါ၏။

လှေအပ်ရာဌာနတွင် ဘယ်လိုမှ ကိုယ့်လှေကို ရှာမရနိုင် လောက်အောင် ဖြစ်ရသည်။





"မြန်မာ တစ်ပြည်လုံးက လှေတွေများ ဒီရောက်နေသလား" ဟု တွေးပြီး နန္ဒနောင်ကို ရှာမတွေ့တိုင်း ဖြူလှိုင်းဖွေး စိတ်တို နေမိသည်။

အင်းနှင့် ထိစပ်နေသော တောင်ခြေမှ နမ့်ပန်ဈေးနေ့အတွက် ဆိုင်ခုံများတန်းလျက် ဆောက်ထားသည်။ တခြားဈေးနေ့များလို လှေပေါ်၌သာ ရောင်းချကြသော "ရေပေါ်ဈေး"မဟုတ်၊ တောင်ခြေ မြေပြန့်ပေါ်၌ အခိုင်အမာ ဆောက်ထားသော ဆိုင်တန်းများ။

တစ်ဘက်ထိပ်မှာ အမဲသားဆိုင်၊ တစ်ဘက်ထိပ်မှာ ဝက်သား ဆိုင်ကြီးများရှိပြီး အလယ်၌ ဆိုင်ခန်းပေါင်း ၇၀ ခန်းတိတိ ရှိသည်။ ဆိုင်တိုင်း ကုန်အပြည့်၊ ဝယ်သူ အပြည့်ပါ၊ ဆိုင်ခန်းအတန်းပေါင်း ၁၆ တန်း ရှိပါ၏။ ဤနမ့်ပန်ရွာတွင် အထက်တန်းကျောင်းနှင့် ဆေးရုံ တို့လည်း ရှိကြလေသည်။ အင်းပေါ်ခုံတွင် အထက်တန်းကျောင်း မရှိပါ။ ဤရွာအရောက် ကျောင်းသားများ လှေလှော်၍ ကျောင်း တက်ရသည်။

မြေပေါ်ဈေးသာမက လှေနှင့် ရောင်းနေကြသော ဈေးသည်များ ကလည်း တမျှော်တခေါ် တပြင်ဘပြန့်ကြီးပါ။

"လှေငှားတဲ့လူရဲ့ ရွာအထိ လိုက်ပို့ရဦးမှာ၊ ရှာဖို့လည်း မလွယ် ဘူး၊ ပြန်ကြပါစို့နော် လှိုင်း"

လှေများထဲမှလူများ၊ ကုန်းပေါ်မှ လူများကို တစ်ယောက်ချင်း လိုက်ကြည့်နေမိသဖြင့် နန္ဒနောင်ကို ရှာနေကြောင်း သိသော အနောင်၏မိခင် ဒေါ်လေးခင်က ဖြူလှိုင်းဖွေးကို ပြောလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



နံနက် အရုဏ်မတက်မီတည်းက အိမ်မှ ထ၍ နန်းနောင် သွားရို ပြင်ဆင်ပြီး ဤဈေးတွင် လှေငှားသမားလေးအဖြစ်နှင့် ထမ်းပိုးသယ်မ လှော်ခတ်ပေးနေရလေမည်။

လှေကို ဒေါ်လေးခင်ကိုယ်တိုင် လက်နှင့်လှော်ပြီး ပြန်ခဲ့ကြ သည်။ လှေထဲတွင်လည်း ဖြူလှိုင်းဖွေး တွေ့ရာ ကောက်ဝယ်ခဲ့သော ဟင်းချက်စရာက အပြည့်အစုံပါ၊ ဝက်သားတွဲ တစ်ဆယ်ဖိုးနှင့် ငါးဖိန်း ကြီး သုံးကောင်တွဲ ၁၅ ကျပ်ကလည်း သီးစုံရွက်စုံကြားမှာ ပါသည်။ အင်းတိမ်မြောက်ပိုင်း ရေနွေးပိုင်းမှ ရသော ပုစွန်လေး တစ်ပုံ ၅ ကျပ်နှင့် လည်း ဝယ်ခဲ့သေးသည်။

နမ့်ပန်နှင့် အင်းပေါခုံ ရွာကြီး နှစ်ရွာအနီးမှ တန်ခိုးကြီးပြီး ခန့်ညားစွာ တည်ထားသော ဘုရားကြီးတစ်ဆူကိုလည်း ဝင်ဖူးခဲ့ကြ သည်။

အနော်ရထာ၊ အလောင်းစည်သူ စသော ပုဂံမင်းများလက်ထက် တည်းက တည်ထားကိုးကွယ်ပြုပြင်ခဲ့ပြီး နောက်ပိုင်းတွင် ညောင်ရွှေ မဟာရာဇာ စဝ်မောင် ပြန်လည်ပြုပြင်ပြီး နောက်ဆုံးတစ်ဦးတည်း စေတနာရှင်နှင့် ကုန်းကယ်၊ နမ့်ပန်၊ ရေလယ် စသော ရွာများမှ စုပေါင်း ပြုပြင်ထားသော...

'ဖလားမှောက်'ခေါ် 'လိုတော်ပေါက်'ခေါ် 'ဘုရားပေါက်' ဘုရားကြီး...

သို့ ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။ ရှေးလက်ရာ သစ်သား ကနုတ်ပန်း၊ ပုရပိုက်များ စသည်တို့ကို တွေ့ရပြီး ရင်ပြင်တော် မြေလည်း





ကျယ်သည်။ ပရဟိတ မိဘမဲ့ကလေးကျောင်းလည်း ဘုရားကြီးအနီး မှာ ရှိပါ၏။ ဤဘုရားကုန်းမြေအဆုံးမှာ ရေပတ်လည် ဝိုင်းနေသဖြင့် ကျွန်းတစ်ကျွန်းလို ဖြစ်နေပေသည်။

"ပြန်စို့လေ လှိုင်းရဲ့၊ ပေါင်ဆယ် မှျော်လှရှောမယ်"

ဖြူလှိုင်းဖွေးမှာ အင်းသူတစ်ယောက်လိုပင် လှေပေါ်၌ ခမောက် ဆောင်းပြီး ဒေါ်လေးခင်၏ရှေ့မှ လှော်တက်တစ်ခုနှင့် ဝိုင်းလှော်၍ အိမ်သို့ ပြန်ဖြစ်ခဲ့ကြသည်။

"မနက်စာ အားလုံးချက်ပြီးပြီ၊ လာကြ၊ ဒီမှာ ကိုမောင်မြနဲ့ ကိုအောင်ရွှေတို့ ရောက်နေကြတယ်"

နမ့်ပန်ရွာမှ ဆရာမ ဒေါ်မေကြူ မိတ်ဆက်ပေးခဲ့သော လူကြီး များက ဖြူလှိုင်းဖွေးသို့ သက်သက် လာရောက်တွေ့ဆုံကြခြင်းဖြစ်၏။

"မလှိုင်းလည်း ဒီမှာနေရတာ ပျော်နေပုံရတယ်။ ဝမ်းသာ ပါတယ်"

"ပျော်တာတော့ ပြန်တောင် မပြန်ချင်ဘူး ဦးလေးရယ်..."

"အချိန်ရတယ် မဟုတ်လား။ အေးအေးဆေးဆေး နေသွားပေါ့"

"ဟုတ်ကဲ့၊ ကျောင်းပြီးသွားချိန်မို့ အားနေပါတယ်"

ဒေါ်မေကြူသည် သူ၏ လူမှုရေးကိစ္စကို ဘာမှ ထည့်ပြော သွားဟန် မတူ။

"ဒီအင်းထဲမှာ အင်းပေါခုံက အကြီးဆုံးပဲလားဟင်"

"ဟဲယာရွာမလည်း ကြီးပါတယ်၊ ၁၂ ရပ်ကွက်ရှိပြီး ဘုန်းကြီး ကျောင်းကို ၁၂ ကျောင်း ရှိပါတယ်၊ နမ့်ပန်မှာလည်း သုံးကျောင်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ အင်းပေါ်ခံ ရွာလေးဟာ လျှပ်စစ်မီးလည်းရတော့ ပိုပြီး နေလို့ကောင်းမယ် ထင်ပါရဲ့နော်၊ ဒီရွာမှာရော အိမ်ခြေ ဘယ်လောက် ရှိလဲ"

"မီး ရတာ ဒီတစ်ရွာတည်းပါ၊ ဟိုတုန်းကတော့ ယက်ကန်း လုပ်ငန်း သိပ်ထွန်းကားတယ်"

"ခုတော့ ဘာဖြစ်လို့လဲ"

"အင်းလေး ဇင်းမယ်၊ ဗန်ကောက်လုံချည်တွေလည်း အဝတ် နည်းကုန်တာ တစ်ကြောင်း၊ ပိုးချည်ဈေးတွေကလည်း ကြီးတယ်လေ"

"ဒါပေမယ့် ယက်ကန်းစင်တွေ၊ ယက်ကန်းခတ်သံတွေ၊ ကြား နေရပါတယ် ဦးလေး"

"ဟိုတုန်းကနဲ့စာရင် လျော့နည်းသွားတာကို ပြောတာပါ။ ခုလည်း ငွေချည် ဇင်းမယ်၊ အင်းလေးပိုးကြိုးအစစ် ယောကျာ်းကွင်း တွေဟာ ဝတ်နေကြဆဲပါပဲ"

"လှိုင်းတော့လေ ယက်ကန်းစင်တွေ လျှောက်ကြည့်လိုက်၊ လှေစီးလိုက်၊ ငါးဖမ်းတာတွေ ကြည့်လိုက်၊ ကျွန်းမျောတွေ ဖြက်ပြီး စိုက်ကြတာတွေ၊ လှေလေးတွေနဲ့ စိုက်ခင်းကြားထဲဝင်ပြီး သီးနှံပန်းမန် တွေ ခူးတာ ကြည့်လိုက်နဲ့ တကယ့်ကို ပျော်နေမိတယ် ဦးလေးရယ်"

"လှိုင်းဟာ အားအားနားနားနဲ့ ပျင်းပျင်းရိရိ မနေတတ်ဘူး ကိုမောင်မြ၊ အိမ်မှာလည်း 'အင်းဟင်း' ချက်နည်းတွေ ကြည့်ပြီး ချက် လိုက်၊ ပြုတ်လိုက်၊ သူတတ်တာတွေ ချက်ကျွေးလိုက်နဲ့ပါ၊ သားလေး 'အယ်နောင်' အားတိုင်းလည်း လှေလာဖို့ လျှောက်သွားနေတာပဲ၊





ကျွန်မတို့တော့ လှိုင်း ပြန်သွားရင် နေတတ်မှတောင် မဟုတ်ပါဘူး ရှင်..."

"ပေါင်ဆယ်တို့လည်း မျက်စိရှာမှာ"

ပေါင်ဆယ်က လွမ်းနေမယ်၊ ရှာနေမယ်ဆိုသော စကားကို 'မျက်စိရှာမှာ' ဟု ပြောရာသည်။

ပေါင်ဆယ်နဲ့ ဒေါ်လေးခင် စကားဝိုင်းသို့ ဝင်လာ၍ ဖြူလှိုင်း ဖွေးက ထတဲ့ပြီး ရေနွေးကြမ်းတစ်အိုးနှင့် ခွန်းတပ်ဆားပန်းကန်လုံးငယ် လေးကို အရင်လာချသည်။

အင်းသူ အင်းသားတို့ ရေနွေးကြမ်း သောက်တိုင်း ဆားခတ်၍ သောက်တတ်ကြသည်။

မနက်က ကြော်ခဲ့သော ငါးမုန့်နှင့် ဆန်လုံးစိကြော်၊ မြေပဲကြော် များကို ထည့်ပြီး ယူလာသော ဖြူလှိုင်းဖွေးကို သူ့အိမ်သူ့ရာလို တရင်း တနှီး နေတတ်သည့်အတွက် အားလုံး၏ မျက်နှာက ပြုံးလို့။

"စောစောက သူမေးထားတဲ့ အင်းပေါ်ခံအကြောင်း ပြောပြလိုက် ပါဦး ကိုအောင်ရွှေ၊ သူက ဒီရွာသားလှိုင်းရဲ့ နမ့်ပန်သူနဲ့ အိမ်ထောင် ကျလို့ ဟိုရွာမှာ သွားနေတာ"

"ဟုတ်လား"

"ဒီ အင်းပေါ်ခံကတော့ အရှေ့ရပ်၊ အနောက်၊ အလယ်၊ ကျောင်းစဉ် စတဲ့ ရပ်ကွက်တွေမှာ အိမ်ခြေ ၂၄၆ အိမ် ရှိပါတယ်"

"အဲဒါ ရွာမမှာချည်းလား"

"မဟုတ်ဘူး မလှိုင်း၊ ဝိုင်းနေတဲ့ ရွာငယ်တွေ အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးခင်က သန်းခေါင်စာရင်းအရပေါ့။ 'တောင်ပို'၊ 'တောင်ပိုနီ'၊ 'ဟဲခမ်း'၊ 'ဆည်ခေါင်း'နဲ့ 'ဟင်းချို'ဆိုတဲ့ ရွာငယ်တွေ အပါအဝင်ပေါ့"

"ဩော်... ဟင်းချိုဆိုတာ တစ်ရွာလုံးမှ ၇ အိမ်ပဲ ရှိတယ်လို့ အယ်နောင် ပြောဖူးပါတယ်"

"ဟာ...မလှိုင်းတောင် အယ်နောင်လို့ ခေါ်တတ်နေပါရောလား"

"ယောကျ်ားလေးအငယ်ကို 'အယ်'၊ မိန်းမကျတော့ 'အီ'လို့ ခေါ်တယ်လို့ ပေါင်ဆယ်က ပြောပြထားလို့ပါ"

"ဟုတ်တယ်။ မောင်ကို–အယ်၊ မကို–အီလို့ ခေါ်ကြတယ်"

"ဒါဆို... မလှိုင်းဆိုရင် အီလှိုင်းပေါ့နော်"

အားလုံး ဝိုင်းရယ်ကြပြီး...

"ခုတော့ လူငယ်တွေတော့ မခေါ်ကြတော့ပါဘူး။ အားလုံး မြန်မာဆန်ဆန် နာမည်လှလှလေးတွေပဲ ပေးနေကြပါပြီ"

"လှိုင်းလည်း ရောက်စက ဘာတွေ ပြောနေကြမှန်းကို မသိဘူး။ နားယဉ်လာလေ... နားလည်လာလေပါ။ အင်းစကားဟာ မြန်မာ စကားပဲ"

"ဟုတ်ပါတယ် မလှိုင်း၊ တချို့ သွင်သွင်ကွဲတာတွေလည်း ရှိပါတယ်၊ ဥပမာ ပေါင်က အဘွား၊ ကြီးတော်ကျတော့ မွေ့ကူ၊ စားတဲ့ ဘဲကို အောင်ဘဲ။ ဆန်ကောကို တတ်လေး စတဲ့ ကွဲလွဲမှုတွေတော့ ရှိတယ်"

"ဟုတ်တယ်၊ လှိုင်း သတိထားမိတာ 'သ'သံနဲ့ မပြောကြဘူး နော်၊ 'သ'ကို 'ဆ'နဲ့ ပြောတယ်။





"ဟာ...မလှိုင်းက လေ့လာတတ်သားပဲ၊ ရှမ်းအမျိုးသား အပါ အဝင် အင်းသားတွေဟာ သ–နဲ့ ဟထိုးသံ မပြောတတ်ကြဘူး"

"ဥပမာ သူတို့ကိုယ်သူတို့ 'အင်းဆား' 'လေလော်တယ်' ဒီလို ပြောကြတယ်၊ ငရုတ်သီးကိုလည်း စပ်ဆီး"

"အင်း တောင်...အန်းလို့ ခေါ်သလားလို့"

"ဟုတ်တယ် မလှိုင်းရေ၊ 'င'သတ်နဲ့ 'န' သတ်သံရောတဲ့ စကားသံပေါ့၊ အင်းသားကို 'အန်းဆား'နဲ့ 'အင်းဆား'ကြားက အသံနဲ့ ခေါ်တယ်"

"ဟုတ်ကဲ့"

"ထမင်း ဟင်း ကျတော့... ထမန်း ဟန်းလို့ ခေါ်ကြပြန်တယ်"

"လှိုင်း ထားဝယ် ရောက်ဖူးတယ်၊ ထားဝယ်မှာလည်း ထမင်း ဟင်းကို မန်း၊ ဟန်းလို့ ခေါ်ပါတယ်၊ ထားဝယ်စကားနဲ့ အင်းစကား တူတူပဲဆို"

"ဒီကိစ္စကို လူတွေတော်တော်များများ ပြောနေကြပါတယ်၊ ဒီလိုပါ...၊ အလောင်းမင်းတရားဟာ ကုန်းဘောင်ခေတ်မှာမှ နန်းစံတဲ့ မင်းပါ၊ ခရစ်နှစ် ၁၇၅၂ ကမှ စခဲ့တာပါ၊ အဲဒီမှာ ယိုးဒယားကိုတိုက်ဖို့ သွားကြတဲ့အထဲမှာ ထားဝယ်သားတွေလည်း ပါပြီး စစ်အောင်နိုင်လို့ အပြန်မှာ မင်းခေါင် မင်းနောင် (ငထောင်၊ ငနောင်)ဆိုသူနှစ်ဦးနဲ့ အဖွဲ့ဟာ အင်းလေးကို သဘောကျပြီး နေရစ်ကြတယ်၊ ထားဝယ်က ဘုရားတွေပင့်ပြီး ဒီမှာ ရွာလေးရွာတည်ပြီး အခြေစိုက်ခဲ့ကြတယ် မလှိုင်း"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ဦးလေး"

"သူတို့ ရောက်လာတာတော့ အမှန်ပဲ၊ ဒါပေမယ့် အင်းထဲမှာ ကုန်းဘောင်ခေတ်မတိုင်မီ ခေတ်သုံးလေးခေတ်အကွာ ပုဂံခေတ်တည်းက ဒီမှာ လူတွေ နေကြပြီ၊ သာသနာထွန်းကားနေပြီဆိုတာ အထင်အရှားပါ။ ရွာကြီး၊ ရွာမ၊ နောင်တော၊ နမ့်ပန်ဆိုတဲ့ ရွာလေးရွာဟာ ပထမဆုံး တည်တာတဲ့၊ ဒါပေမယ့် ဒီအရင်တည်းက ဒီအင်းမှာ လူတွေ ရှိနေကြပါလိမ့်မယ်"

"ဟုတ်ပါတယ်၊ ဖောင်တော်ဦးဘုရား ငါးဆူနဲ့ အင်းတိမ်က စေတီတွေ ရာထောင်ချီနေတာကို ကြည့်ပြီး လှိုင်းတို့လို လူပြိန်းတောင် မှန်းလို့ရပါတယ်"

"အင်းထဲမှာ တချို့စကားတွေကို မလှိုင်း သတိထားမိရဲ့လား၊ ပုဂံခေတ် စကားတွေ ကျန်နေသေးသလို ပြောနေကြတုန်းပဲ"

"လှိုင်း... သတိမထားမိသေးဘူး"

"ဘာကြောင့်"ကို 'ဘဇာကြောင့်'လို့ ပြောတတ်ကြတယ်လေ"

"ဟာ်...ဟုတ်တယ်၊ လှိုင်း...ခုမှ သတိရတယ်။ ပြီးတော့ ရှေးမြန်မာဆန်တဲ့ အပြောတွေလည်း ပြောကြတယ်၊ ဆာတယ်ဆိုရင် 'မွတ်တယ်' မွတ်သိပ်တဲ့ အဓိပ္ပာယ်ပေါ့၊ 'ငှားတယ်'ဆိုရင် 'ခတ်တယ်' ဆိုတာ အညာမှာ ပြောတတ်ကြပါတယ်"

"ဟုတ်တယ် မမလှိုင်း၊ အင်းသူ အင်းသား ဆိုတာ မြန်မာစင်စစ် ဖြစ်ပြီး မြန်မာစကားပြော၊ မြန်မာစာ ရေးကြတဲ့ လူမျိုးတွေပါ၊ ရေမြေကြောင့် ဝဲတာရယ်၊ ရှမ်းနဲ့ နွယ်တဲ့ မလေ့လေးတွေရယ် ရှိတာက လွဲရင်ပေါ့"





"ဟုတ်ကဲ့၊ အင်းထဲအကြောင်း သိပ်စပ်စုချင်တဲ့ လှိုင်းကို ခုလို ပြောပြကြတာ သိပ်ကျေးဇူးတင်ပါတယ်၊ အကြမ်းနဲ့ အကြော် စားကြ သောက်ကြပါဦး"

ဦးမောင်မြနဲ့ ဦးရွှေအောင်တို့က အကြော်ဝါးရင်း...

"ရောက်တုန်း လေ့လာတာ ကောင်းပါတယ်၊ ဘယ်ဒေသ ဖြစ်ဖြစ် အဝေးကကြားရတာနဲ့ အနီးကပ်မြင်ရတာ နည်းနည်း ပါးပါးတော့ ကွဲလွဲနေတတ်ကြတာချည်းပါပဲ"

"သြော်... အဝေးက ကြားတာဆိုလို့ လှိုင်းတို့ ကြားထား သိထားတာက အင်းသားသေရင် ရေထဲပဲ မြှုပ်တာဆို။ ငါးဖိန်းတွေ၊ ငါးရှဉ့်တွေက စားကြတာတဲ့၊ အဲဒီငါးတွေကို လူတွေက ပြန်စားကြတယ် ဆိုပါလား"

"အဲဒါကြောင့် ကွဲလွဲမှုလေးတွေ ရှိတတ်ကြတယ်လို့ စောစောက ပြောတာပေါ့၊ ကျွန်တော်တို့ အင်းသားတွေ ဒီလောက် မရိုင်းပါဘူးဗျာ"

"ဟုတ်ကဲ့... အဲ့ဒါ သိပါရစေ"

"ကျွန်တော်တို့ အင်းရွာတစ်ရွာရဲ့ 'ဘူမိ'ကျတဲ့ နံနဲ့ထောင့် တစ်နေရာကို ပညာရှိတွေက တွက်ချက်သတ်မှတ်ပေးထားပါတယ်"

"ဘာအတွက်လဲ"

"အလောင်းမြှုပ်ဖို့ပါ"

"သြော်... သြော်... ပြောပါဦး"

"ဥပမာ၊ ဒီ အင်းပေါ်ခုံဆိုရင် အနောက်တောင်အရပ်မှာ ဘူမိကျတယ်၊ နမ့်ပန်ဆိုရင် အရှေ့အရပ်မှာ ဘူမိကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဟုတ်ကဲ့"

"ရွာမှ လူတစ်ယောက် သေဆုံးရင် ဘုန်းကြီးလှေက ရှေ့ကကြွ နောက်က ခေါင်းတင်တဲ့ လှေက လိုက်၊ ပြီးတော့ ပို့တဲ့လူတွေပေါ့၊ ခေါင်းတင်တဲ့ လှေကိုလည်း တချို့ အလံလေးတွေ ပန်းတွေနဲ့ လှအောင်ပြင်ကြတာလည်း ရှိပါတယ်၊ ရန်ကုန်မှာ ပန်းခွေ တင်သလို ပေါ့"

"ဟုတ်တယ်၊ အနောင်နဲ့ လှေစီးတုန်းက အသုဘချတာ မြင်လိုက်ဖူးတယ်၊ ဒါပေမယ့် အသေအချာ မမေးဖြစ်ဘူး။ ပြောပါဦး စိတ်ဝင်စားလို့"

"အဲဒီလို ဘူမိကျတဲ့ အနောက်တောင်မှာ သင်္ချိုင်းမြေဆိုပြီး ကျွန်းမျောကြီး ရှိတယ်"

"ဟုတ်ကဲ့..."

"ကိုင်းပင်၊ မြက်ပင်တွေ ကြားက ကျွန်းမျောပေါ် ခေါင်းတင်ပြီး သင်္ဂြိုဟ်ခြင်းအမှုကို ပြုတာပါပဲ တတ်နိုင်သူများကတော့ မြေတစ်လှေ တာ ၁၂ ကျပ်နဲ့ သုံးလေးငါးလှေ တတ်နိုင် တတ်နိုင်သလို ဖို့ကြပါတယ်"

"ဒါဆို ဒီအင်းလေးမှာ ဂူလုပ်လို့ မရဘူးပေါ့နော်..."

"ဒီရေပေါ် ရွာတွေမှာ မလုပ်ကြဘူး။ ကျွန်းမျောဆိုတာကလည်း အောက်ခြေမှာ မြေက နှစ်ပေလောက်သာ ရှိတော့ လုပ်လို့မရှိကြဘူး၊ ဒါပေမယ့်... အင်းပတ်လည်မှာ ဝိုင်းနေတဲ့ တောင်တွေရဲ့ တောင်ခြေနီးတဲ့ ရွာတွေရဲ့ မြေပေါ်မှာတော့ သင်္ချိုင်းဂူလုပ်ကြပါတယ်"

"ဟုတ်ကဲ့၊ ခုလို ရှင်းပြတာ သိပ်ကျေးဇူးတင်ပါတယ်။ လိုင်း





တစ်ဆင့် အင်းဒေသကို စိတ်ဝင်စားသူတွေအတွက် ဗဟုသုတ ရရှိပါစေ ဆိုတဲ့ စေတနာနဲ့ ရန်ကုန်ရောက်ရင် ပြန်ပြောပြလိုက်ပါ့မယ်"

"ရှေး အရင်တုန်းကတော့ ဝါးနဲ့ ထိုးမြှုပ်တယ်လို့ ကြားဖူးတယ်နော်...၊ ဒီဘက်ခေတ်မှာတော့ အားလုံး မြေပေါ်နဲ့မခြား တိုးတက်ခေတ်မီနေပါပြီ မီဆို... ကျွန်တော်တို့ရဲ့ အင်းလေးကို ကျွန်တော်တို့ မြန်မာတွေ ဘယ်လောက်လာကြသလဲဆိုတာတော့ မပြောနဲ့တော့၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေတောင် ဒီအင်းလေးကို တစ်နှစ်မှာ ပျမ်းမျှ ၆၀၀၀ ခန့် လာတယ်လို့ မှတ်တမ်းတင်ထားပါတယ်"

"ဟုတ်တယ်။ ဟိုတယ်နဲ့ ခရီးသွားလာရေးက စီစဉ်ပေးထားတဲ့ လှေလှလှလေးတွေနဲ့ သွားကြ၊ ပြန်ကြတာတွေ တွေ့ရပါတယ်။ ဆောင်းပါးရှင်နဲ့ ဓာတ်ပုံဆရာတွေကလည်း ပါတယ်တဲ့။ ဒါကြောင့် ကမ္ဘာပေါ်မှာ တစ်နေရာတည်းရှိတဲ့ အင်းဒေသရဲ့ လှေကို ခြေနဲ့လှော်ခတ်ကြပုံ အကြောင်းကို သူတို့တွေက တစ်ဆင့် တခမ်းတနား တင်ပြကြလို့ အင်းလေးဟာ ကမ္ဘာ့ကျော်နေပါပြီ"

"ဝမ်းသာပါတယ်ဗျာ"

"အပြည်ပြည်ဆိုင်ရာ အမျိုးသား ပထဝီဝင် အသင်းက ထုတ်ဝေတဲ့ မဂ္ဂဇင်းမှာ ပါတာကို လှိုင်း ဖတ်ဖူးပါတယ်။ အင်းလေးကို စိတ်ဝင်စားနေတာ ကြာပါပြီ။ လှေနဲ့ ခဏလေးလာ၊ နေ့ချင်း ပြန်သွားရတာကို မကျေနပ်လို့ ခုလို အကြာကြီး လာနေတာပါ"

"ဝမ်းသာပါတယ်။ နောက် ဘာသိချင်သေးလဲ"

"သိချင်တာတွေကတော့ အများကြီးပါပဲ။ တစ်ချို့ဟာတည်းမေးတော့လည်း ကြားရဲ့ သိရ ပြောရတဲ့လူတွေ ငြီးငွေ့တာပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မလှိုင်းရဲ့"

"ခုတော့ အစိက အချက်တွေ အတော်ကို ပြည့်စုံသွားပါပြီ။ ဦးလေးတို့ကို ကျေးဇူးတင်ပါတယ်"

"ကဲ... ဒါဆိုလည်း ကျုပ်တို့ ပြန်ဦးမယ် မလေးခင်"

"ဟုတ်ကဲ့ ရှင့်၊ လှိုင်းရောက်မှ ကျွန်မတို့အိမ်ကို ဧည့်သည်တွေလည်း လာကြတယ်၊ စည်ကားလို့ ပျော်စရာကြီးပါရှင့်"

"အယ်နောင် မလာသေးဘူးနော်"

"လေ့ခတ် လိုက်သွားပါတယ်ရှင့်"

ထာဝရ 'ရှင့်' ထည့်ပြောတတ်သော အင်းသူများအတိုင်း ဒေါ်လေးခင်က 'ရှင့်'ချင်း ထပ်နေပါ၏။

"မလေးခင် သား သိပ်လိမ္မာတယ်။ တို့များ လာသွားတယ် ပြောလိုက်ပါ။ ကဲ...မလှိုင်းရေ... သွားလိုက်ဦးမယ်။ ညောင်ရွှေကို ဘာမှာဦးမလဲ။ မနက်ဖြန် သွားမလို့"

"မမှာတော့ပါဘူး။ အကြောင်းရှိရင်သာ အိမ်က အကြောင်းကြားဖို့ ညောင်ရွှေလိပ်စာ ပေးထားပါတယ်။ သူတို့လိုမှ မှာပါလိမ့်မယ်။ လှိုင်းအတွက်တော့ အားလုံး ပြည့်စုံအဆင်ပြေနေပါပြီရှင်"

"ဝမ်းသာပါတယ်ကွယ်၊ ကဲ...သွားပြီနော်"

ဦးမောင်မြနှင့် ဦးအောင်ရွှေတို့ကို လှေဆိပ်အထိ လိုက်ပို့နှုတ်ဆက်ရင်း အနောင့်အပြန်လမ်းကို ဖြူလှိုင်းဖွေး စောင့်မျှော်လျက်...

❖ ❖ ❖



## အခန်း နှစ်ဆယ့်ရှစ်

"ဟယ်... ဒီဘက်မှာ အကျယ်ကြီးပါလား"

ငြိမ်သက်နေသော ပင်လယ်ပြင်ကြီးတစ်ခုကို တွေ့လိုက်ရ၍ အံ့သြသွားရသည်။

"အဲဒါ 'စကားအင်း' စပြီ မမရဲ့"

"အို... အကြီးကြီးပဲနော်... အင်းလေးထက် ကျယ်တယ်၊ လူနေရွာ နည်းလို့ မြင်ကွင်းက တပြန့်ကြီးပါလား အနောင်ရယ်"

"ဒါကြောင့် ပြောတာပေါ့၊ အင်းလေးပြီးရင် ဒီဘက်မှာ ဒီလို အင်းကြီးတွေ ရှိနေတယ်လို့ လူတိုင်း မသိကြပါဘူးမို့"

"ဒါ စကားအင်းနော်"

"ဟုတ်တယ် မမ... ဟို ရှေ့မှာ 'မော်ဘီတံတား'ပဲ...

ခု မြင်ရတာ 'မင်းရွာ'နဲ့ 'ကုန်ကျိန်'ရွာ။ ပြီးတော့ ဟိုဟာ 'မြေခြားရွာ' ညောင်ရွှေ မြို့နယ်နဲ့ စကားမြို့နယ်ကို ခြားထားတဲ့ ရွာပေါ့၊ အခု ကျွန်တော်တို့ရဲ့ ညောင်ရွှေ အင်းလေး ဆုံးသွားပြီ"

"အနောင့်ကိုယ် အနောင် ဘယ်လိုပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လို့"

"ဘာဖြစ်လို့လဲ၊ အနောင်လို့ ပြောတာလေးက ချစ်စ ကောင်းရဲ့သားနဲ့"

"အနောင်ဆိုတာက တွေ့သမျှလူကို ပြောနေကျ၊ အားလုံး အတွက် ဆိုပါတော့၊ အဲဒီ အားလုံးထဲမှာ မမကို မပါဝင်စေချင်လို့ပါ မမဟာ ကျွန်တော့်အတွက် တစ်ယောက်တည်းသောသူ အဖြစ်နဲ့ သီးသီး ခြားခြား ရှိနေစေချင်လို့ပါ မမ၊ အဲလို ပြောခွင့်ပြုပါနော်"

"ရပါတယ်... ယောက်ျားလေးတိုင်း ကျွန်တော်လို့ ပြောတာ အဆန်းမှ မဟုတ်တာ"

"ကျွန်တော်ကတော့ ဆန်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လို့ ဘယ်သူ့ကိုမှ မပြောဖူးလို့"

"ထားပါတော့ရှင်... ထားပါတော့၊ ကြိုက်သလိုသာ ပြော အနောင်ပဲဖြစ်ဖြစ်၊ ကျွန်တော်ပဲ ဖြစ်ဖြစ်"

"မမဟာ သိပ်လှတယ်၊ ခုလို ပြုံးလိုက်တော့ ပိုပြီး လှတယ်ဗျာ"

"အလှဘွဲ့ဝေ့ ကျူးရင့်တာများနေပြီ နော်... အနောင်"

"ဒါကတော့ လှလို့လှတယ်..."

"တော်တော့ကွာ၊ ဟိုဟာ ဘာလုပ်နေတာလဲဟင်"

"သြော်... မမကြိုက်တယ်ဆိုတဲ့ ငသဖွဲ့ငါးလေးတွေကို ဖမ်း သားပတ်လည်မှာ သက်ငယ်နဲ့ ကာထားတာပါ၊ ငါးဖမ်းတဲ့လေး ပေါ့ မမ"

"မမတို့ အမြဲမြင်တွေ့နေရတဲ့ 'ဆောင်း'နဲ့ ဖမ်းတာလား..."





"မဟုတ်ဘူး မမ။ ဆောင်းက ငါးလေးတွေလည်းရတယ်၊ ငါးကြီးတွေလည်း ပါလာတတ်ပါတယ်၊ မိုးနဲ့ ရဲ့ အချွန်နဲ့ ထိုးစိုက်ပြီး လည်း ဖမ်းကြလေ့ရှိပါတယ်။ အင်းလေးမှာတော့ အများဆုံး ရတာ 'ငါးဖိန်း'ပါ"

"တကယ် အရိုးများတဲ့ ငါးဝဲ၊ စားလို့တော့ ကောင်းပါတယ်၊ အင်းလေးနဲ့ ငါးဖိန်းနဲ့ကတော့ တွဲလျှက်ပဲနော်"

"ဟုတ်ကဲ့။ ဆောင်းရယ်၊ ပိုက်ရယ်နဲ့ ဖမ်းကြတာက ငါးဖိန်း၊ ငါးရံ့၊ ငါးဆယ်၊ ငါးလူး၊ ငါးခုံးမ၊ ငါးရစ်၊ ငါးခူ၊ ငါးရှဉ့်တွေရတယ် မမရဲ့၊ အခုမြင်ရတာကတော့ ငါးသဖွဲ့သက်သက် ဖမ်းတာ။ ဖွဲ ဆန်ကွဲလေးတွေ ကြဲချလိုက်ရင် ငါးသဖွဲ့လေးတွေ တက်လာတာကို နိုင်လွန်ပိုက်နဲ့ ဖမ်းယူတာပါ၊ ငါးသဖွဲ့ခြောက်ကလည်း တစ်ပိဿာ ခြောက်ဆယ်ဈေး"

"အနောင် ဟိုးတောင်ပေါ်မှာလည်း ရွာတွေ ရှိလားဟင်..."

"ရှိတယ် မမ၊ ဒါပေမယ့် ပအိုဝ့်ရွာတွေ များပါတယ်၊ ရှမ်းရွာ လည်း ရှိကယ်၊ ကျွန်တော်တို့လို အင်းသားကတော့ ဘယ်တော့မှ မြေပေါ်မှာ မနေဘူး၊ ရေစပ်နဲ့ ရေထဲမှာပဲ နေကြတယ် မမ"

"ဟုတ်တယ်နော်၊ လျှောက်စရာ မြေတစ်လက်မမှ မရှိတော့၊ လှေကို ခြေနဲ့ လှော်ခတ်တဲ့ အတတ်ပညာကို ထွင်ယူကြတဲ့ ရှေးလူကြီး တွေကို ကျေးဇူးတင်ရမယ်၊ တကယ် စိတ်ကူးကောင်းတယ်၊ ဒါမှလည်း ခြေရဲ့ လှုပ်ရှားမှုရမှာပေါ့နော်။ ဒါကြောင့် အနောင်လေး သိုင်ထွား နေတာ"



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်တွင် လူများရှိနေ၍ နန္ဒနောင်က ထိန်းချုပ်နေလိုက်ရပုံရသည်။ သူ့ကို ကလေးဆန်ဆန် ပြောလျှင် မကြိုက်၊ ဖြူလှိုင်းဖွေးစမိမှ သူက ထစ်ခနဲရှိ အင်းရေနဲ့ချည်း လှမ်းပက်နေတတ်တော့သည်။

"ဖြစ်ပါ့မလား သမီးလေးရယ်"

"အယ်နောင်... မမကို ခေါ်မသွားနဲ့လေ"

ဟု ပေါင်ဆယ်တို့ အတန်တန် တားသည့်ကြားက နန္ဒနောင်ကလည်း အတင်းခေါ်သည်။ လိုက်ချင်ပြီးသား ဖြူလှိုင်းဖွေးကလည်း လိုက်ဖြစ်အောင် လိုက်ခဲ့ပါပြီ။

နန္ဒနောင်၏လှေကို ငါး၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက် အရက်နှင့် အခြားကုန်စည်များ တင်ရန် ငှားရမ်း၍ လှေငှားသမားဘဝနှင့် လိုက်ပါခဲ့သော အနောင့်နောက်မှ တကောက်ကောက် ပါနေသည်က မသင့်လျော်မှန်း သိသော်လည်း ဖြစ်ခဲ့သမျှ အားလုံးကို ခေတ္တမျှ မေ့ထားပြီး ပျော်ရွှင်ကြည်နူးဖွယ် အင်းရေပြင်ကျယ်မှာ အနောင်နှင့် လည်ချင်လွန်းလှ၍ ဘာပဲဖြစ်ဖြစ် လိုက်လာမိခဲ့ပါပြီ။

ကုန်သည်နှစ်ယောက်နှင့် အဖော်တစ်ဦးက လှေဦးမှာ၊ လှေအကူ ကောင်လေးကလည်း သူတို့နှင့်အတူ။

ဖြူလှိုင်းဖွေးအတွက် ထည့်ပေးလိုက်သော အဖော်မိန်းကလေးက ဂုန်အိတ်များပေါ်တွင် အိပ်လိုက်လာ၍ စက်လှေကို မောင်းလာသော နန္ဒနောင်ဘက်သို့ မျက်နှာလှည့်ပြီး ထိုင်လျက် စကားတွေ ဝေနေအောင် ဖြူလှိုင်းဖွေးတို့ ပြောလာနိုင်ခဲ့ကြသည်။





"အင်းရာဇဝင် ကြေညက်တဲ့ အင်းသားလေးက ပြောပြကွာ"

"ဘာပြောရမှာလဲ"

"ဒီပတ်ဝန်းကျင်တွေအကြောင်း သိကောင်းစရာတွေပေါ့"

"ကျမ်းပြုစုမလို့လား"

"ဟုတ်တယ်၊ သိပ်ဆိုးတဲ့ အင်းသားလေးတစ်ယောက်အကြောင်းလည်း တဖွဲ့မလို့"

"မမနော်၊ ဆိုးတယ်လို့ပြောရင် ပိုပြီး ဆိုးပြလိုက်မှာဗျ"

"ကဲ... မပြောလည်း...နေ"

ဖြူလှိုင်းဖွေးက သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှ ဖြတ်ခနဲလှည့်ပြီး လှေဦးသို့ မျက်နှာမူ၍ သူ့ကို ကျောခိုင်းပစ်လိုက်သည်။

"အာ"

နောက်ဘက်မှ အေးခနဲ ဖြာကျလာသဖြင့် ရေမှုန်ရေမွှားနှင့် လှမ်းပက်ပြီဟု သိလိုက်ရသည်။

"ပြန်မလှည့်ရင် တစ်ကျောလုံးရွှဲနေအောင် ပက်မှာဗျနော်"

ဆူညံနေသော စက်သံထက်ကျော်အောင် အော်ပြောနေသောကြောင့် တခြားလူများကြားမှာလည်း စိုးရိမ်ရသည်။ သူကိုယ်တိုင်သည်း နန္ဒနောင်ကို ကျောခိုင်း၍ မနေလိုပါ။

"ကျွန်တော့်မမက ဒီလို ဒီလို လိမ္မာတာ"

နန္ဒနောင်သည် တွေ့စက ခေါင်းမဖော်ရဲလောက်အောင် ရှက်ကြောက်နေရာမှ ယခုတော့ ရင်းနှီးမှု လွန်ကဲလွန်းသော စကားများကို ဆိုတတ်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် လှည့်ထိုင်ပြီးမှ ရေ လက်တစ်ခုပ်ယူ၍ သူ
ပြန်ပက်ပစ်လိုက်မိပြန်သည်။

အနောင်၏ ကြည်နူးမှုအပြုံးက ဝေဝေလွင်လွင်။

"အင်းလေးနဲ့ ဖယ်ခုံကို လေ့ငှားတဲ့လူရှိတိုင်း လိုက်ခဲ့ရ
များလှပါပြီ၊ အင်းရေပြင်ဟာ အရင်ကထက်ကို ပိုလှနေကယ်ဗျ၊ အဲ
ဘာကြောင့်လဲဟင် မမ"

"သွား... မသိဘူး"

"ကျွန်တော် သိတယ်... ပြောရမလား"

"မပြောနဲ့"

"မမ"

"ဘာလဲ"

"ခုနလို ထပ်ကြည့်စမ်းပါဗျာ၊ လှလွန်းလို့"

မျက်စောင်းတဝင့် ကျရောက်ပြန်တော့...

"ဟာ... အဲဒါကမှ ပိုလှတာဗျ"

"အနောင်နော်... ပြောင်ချော်ချော် လုပ်မနေနဲ့"

ကြည်နူးခြင်းကို မသင့်လျော်ခြင်းက ဖျက်ချေရမည်မို့ ခပ်တည
တည် ပြောပြန်တော့လည်း အပြုံးလေးပင် ရော့ရဲသွားသည်။ သူ့စကား
များမှာ ကြောက်၍ သူဘာမှ ထပ်မပြောတော့။ ခဏကြာမှ ဖြူလှိုင်
ဖွေးက...

"ဟိုးတောင်ပေါ်မှာ စေတီလေးနော်"

"အဲဒါ တောင်တိုဘုရားလို့ ခေါ်ပါတယ် မမ၊ တန်ဆောင်မုန်း
လပြည့်ဆိုရင် ဘုရားပွဲ သိပ်စည်ကားတာပဲ..."





"တောင်တို ဘုရားနော်"

"ဟုတ်ပါတယ်။ အလောင်းစည်သူ သန်လျက်နဲ့ ခုတ်လို့
ောင်ပြတ်ပြီး၊ ဟိုးဘက်မှာ တောင်ပိုင်းတစ်ပိုင်း ရောက်နေတဲ့ နေရာမှာ
ည်း ဘုရားတည်ထားတယ်လို့ ဒဏ္ဍာရီဆန်တဲ့ မှတ်သားချက်တွေ
နေပါတယ်"

"အနောင်က တကယ်ပဲ အင်းလေးနဲ့ ပတ်သက်ရင် အကုန်
ျှမ်းတယ်နော်"

"မမ မေးတာ ပြောပါ့မယ်"

"ဘာကိုလဲ"

"အင်း အကြောင်းပေါ့။ ညောင်ရွှေအင်းကို ဖြတ်အလာမှာ
ခင်းပေါါခုံက ထွက်လာတာနဲ့ တောင်ပို့နီ၊ နောင်တောလယ်ခြေ၊
ဲခမ်း၊ မိုင်းပျိုး၊ ရေသာ၊ ဟဲလုံနဲ့ ဖောင်တော်ဦးဘုရားကြွတဲ့ မန်ကျိုး
ိပ်ရွာတွေကို ဖြတ်လာခဲ့ပြီ၊ အခု မြင်နေရတာ တောင်တိုပါမမ"

"အင်း... အင်း"

"ရှေး ဘုရားပျက်တွေ မြင်ခဲ့ရတာကတော့ 'ကျိန်းခန်း'ပါ၊
ြီးတော့ 'အင်းဖျား'ပဲ၊ အခု ကျွန်တော်တို့ ရောက်နေတဲ့ စကားအင်း
ိုတာ အရင်က စကားစော်ဘွား အုပ်ချုပ်ပြီး သိပ်ကို စည်ကားခဲ့
ာယ်လို့ ပြောပါတယ်"

"စကားအင်းက ညောင်ရွှေအင်းထက် ကျယ်တယ်နော်"

"ဟုတ်ကဲ့။ ညောင်ရွှေကထွက်ပြီး သုံးမိုင်ရောက်တာနဲ့
ခင်းလေးဟာ အလျား ၇ မိုင်၊ အနံ ၁၄ မိုင် ရှိပေမယ့် ရွာတွေများပို့
လို့ လှလှပပ ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ခုံအင်းကျဲတော့ရော"

"အင်းသုံးအင်းထဲမှာ ဖယ်ခုံဟာ အကြီးဆုံးပါ"

"ဒီလောက် လှပ ကျယ်ပြန့်တဲ့ အင်းတွေရှိတဲ့ နေရာမှာ ရုပ်ရှင်ဆရာတွေ လာရိုက်ဖို့ ကောင်းတယ်၊ အမြဲ အင်းလေးမှာပဲ ရိုက်ကြတယ်"

"ဟော... ရှေ့က ဘာလုပ်တာလဲဟင်"

"ရေစောင့်နတ်ကို ဆေးလိပ်လှူခဲ့တာပါ၊ ဒီတစ်လျှောက်လုံးမှာ ဒါလေးတစ်ခုပဲ နတ်ကွန်းရှိပါတယ် မမ"

"ဟင်... နတ်ကလည်း ဆေးလိပ်ပဲ ဆက်ရတယ်နော်"

"သူတို့ ယုံကြည်ချက်နဲ့ သူဟို့လေ၊ မမ ဟိုးရှေ့မှာ ကြည့်လိုက်စမ်း"

"ဟုတ်ပါရဲ့၊ တောင်တွေ ပိတ်ဆီးနေသလိုပဲနော် ရေလမ်းဆုံးပြီလား၊ အဲဒါ ဖယ်ခုံလားဟင် အနောင်"

"တောင်ကန့်လန့်တဲ့၊ 'ကန့်လန့်ကာတောင်'လို့လည်း ခေါ်ပါတယ်၊ အနားရောက်ရင် ကွေ့သွားရဦးမှာ မမရဲ့၊ တောင်ကန်လန့်ကာရဲ့နောက်မှာ ရေပြင်တစ်ပြန့်ကြီး ရှိသေးတယ်"

"လှိုင်းလေးကလည်း ငြိမ်တော့ စီးရတာရယ်၊ မြင်ရတဲ့ မြင်ကွင်းတွေရယ်က လှလိုက်တာ အနောင်ရယ်နော်"

"တောင်နိုးနဲ့ တိမ်ခိုင်တွေ ရောထွေးနေတာ လွမ်းစရာ မကောင်းဘူးလားဟင် မမ"

"မကောင်းပါဘူး၊ ပျော်စရာလေး၊ မမမှာ လွမ်းစရာလူမှ မရှိတာ"





မျှော်လင့်ခြင်းဖြင့် တောက်ရှန်းနေသော် နန္ဒနောင်၏ မျက်ဝန်းတို့သည် ဖြူလှိုင်းဖွေး၏ ရင်ကို ထွင်းဖောက်တော့မတတ်။

တွန်(န)ဟူးတံတား၊ နွားလပို့တောင်တို့ကိုလည်း လှပစွာတွေ့ရပြီး၊ ညောင်လေးပင် လွန်သည်နှင့် နမ်(မ)တုန်ရွာရှိသော ဖယ်ခုံအင်းရေပြင်ကျယ်ကြီးထဲသို့ ဝင်ပါပြီ။

တောင်ကန့်လန့်ကာကို ဖြတ်ရစဉ် တောင်စဉ် တောင်ကွဲကြားလေးထဲမှ နန္ဒနောင်က ကျွမ်းကျင်စွာ ဖြတ်မောင်းလာသည်။

အင်းလေးနှင့် ဖယ်ခုံ မိုင်သုံးဆယ်ကျော်မျှ ကွာဝေးသော်လည်း ချိတ်လှေနှင့်လည်း သွားရ၊ လမ်းတွင် အစောင့်ကင်းများ၏ အစစ်ဆေးလည်း ခံရသဖြင့် ညနေစောင်းခါနီးမှ ရောက်ပါလေမည်။

ဖယ်ခုံမြို့နှင့် ဖယ်ခုံဈေးဆောမှာ အင်းရေပြင် တပြန့်ကြီး တမျှော်အဝေးကြီးကိုလည်း အနောင်နှင့်အတူ ညနေကျရင် အင်းဆောမှ ဖယ်ခုံမြို့ကို နင်းပြီး လမ်းလျှောက်ကြရပါဦးမည်။

လမ်းတစ်လျှောက်လုံးလည်း ရှေးစေတီဘုရားပျက်များနှင့် နံ့သွားသော ဘုန်းကြီးကျောင်းများကို မြင်ရသည်။ ဗလီနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို မတွေ့ရ။ ဗုဒ္ဓဘာသာကိုသာ သက်ဝင်ယုံကြည်ကြသော အင်းသူ အင်းသားတို့ ပါလား။

"ဟော...ထွန်းအေး၊ ထစမ်းကွာ"

"ဘာလုပ်မလို့လဲဟင်...အနောင်"

"မိုးတွေ ညို့လာပြီ မမ၊ ကုန်တွေ လုံအောင် အုပ်မိုးမလို့။ ပြီးတော့ သူ့တာလဲ မောင်းခိုင်းမလို့"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပါ့မလား"

"သူ မောင်းနေကျပါ၊ မိုးရွာလာရင် မမ စိုမှာစိုးလို့ ကျွန်တော် ကိုယ်တိုင် ထီးမိုးပေးမလို့"

"သဲလိုက်တာ"

ဟု ပြောချင်သော်လည်း သဲတာလေးကိုပင် ခံယူချင်မိ၍ ဘာမှ မပြောတော့။

"ထွန်းအေး၊ ဟော့...ထွန်းအေး"

"မမ နိုးပေးမယ်။ သူ့နာမည်က ထွန်းအေးတဲ့လား။ စိုင်းထွန်းအေးလားဟင်"

"ဟာ... မမကလည်းဗျာ"

စိတ်ပျက်သွားလွန်းသော အမူရာကြောင့်...

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ အင်းသားတွေဟာ ရှမ်းပြည်နယ်မှာ နေတဲ့ မြန်မာတွေသာ ဖြစ်ပါတယ်။ ရှမ်းအမျိုးသားလုံးဝ မဟုတ်ပါဘူး မမ"

"အင်းလေးဆို ရှမ်းတွေ နေတာပဲလို့ သိထားနေကြတာ"

"ရှမ်းတွေလည်း ရှိပါတယ်။ အင်းသားစစ်ရင် လုံးဝ ရှမ်း မဟုတ်ပါဘူး။ စကားပြော ဝဲတာကလွဲရင် မြန်မာစကားပြောပြီး မြန်မာစာ ရေးကြတာပါဗျာ"

"နောက် မြန်မာကဗျာကလည်း စပ်တယ်နော်"





နန္ဒနောင်၏ 'အင်းသားအားမာန်' ဆိုသော ကဗျာလေးကို ညည်းညွှန်းပါ၏။

"အင်းလေးဆိုရင် ရေးကြပြီ 'စိုင်း' ဘယ်သူ၊ 'နန်း' ဘယ်ဝါနဲ့၊ အဲဒါ သိပ်မှားပါတယ်ဗျာ"

"ပေါင်ဆယ်တို့ ဦးမောင်မြတို့နဲ့လည်း ဒီကိစ္စ ဆွေးနွေးပြီးပါပြီ။ မမ မှတ်သားပြီးပါပြီ"

"ဘယ်တုန်းကလဲ"

"နမ့်ပန်ဈေးနေ့ကလေ"

"ဟုတ်သားပဲ။ မမ ရောက်လာမှ အနောင်နဲ့ မမနဲ့ ဒီတစ်ရက်ပဲ ခွဲဖူးသေးတယ်နော်"

"ဟေး...ကောင်လေးတစ်ယောက် မှားသွားပြီကွ"

"ဘာလဲဗျ...မမကလည်း"

"အနောင်တဲ့"

"အာ...ဟုတ်တယ်ဗျာ"

"အဲဒီလိုပဲ ပြောစမ်းပါ"

"ဒါဆို အနောင်လည်း ပြောမယ်၊ ကျွန်တော်လည်း ပြောမယ်နော်..."

"ကြိုက်သလို ပြောပါရှင်၊ ဟာ... လှိုင်းကြီးလာပြီနော် အနောင်"

"မမ ကြောက်လို့လားဟင်"

"ကြောက်စရာ မကောင်းဘူးလား ဟင်၊ လှေကို လူးနေတာပဲ"

"ဒီလောက်နဲ့ ကြောက်စရာမရှိပါဘူး မမ။ အင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လေ့နှောက်တာတွေကတော့ ခဏခဏပါ။ ခုတော့ ဘာမှကို မဖြစ်... ရဘူး... စိတ်ချ၊ ဒီမှာ... မမ"

"ဟင်..."

"အနောင့်ထက် စောပြီး မမ မသေစေရပါဘူးဗျာ၊ အနောင် အရင်အသေခံပြီး မမကို ကယ်မှာပါ"

"အင်း... တစ်ခါတလေတော့လည်း မမရဲ့ လက်ရှိဘဝမှာ နေရတာနဲ့စာရင် သေသွားတာက ကောင်းမယ်လို့ သေခြင်းတရားကို တောင့်တမိပါတယ် အနောင်ရယ်"

"ကျွန်တော် သိပ်သိချင်တယ်။ မမက ဘာမှ ပြောမပြဘူးလေ"

"နောင်တစ်နေ့နေ့တော့ သိရမှာပေါ့ အနောင်ရယ်၊ ဟာ... မိုးဖွားလေးတွေတောင် လွင့်လာပြီနော်"

နန္ဒနောင် နှိုးမရခဲ့သော မောင်ထွန်းအေး မိုးရေထိ၍ သူ့ဟာသူ ထလာပြီး ပလတ်စတစ်ခြုံထည်ကြီးများနှင့် လိုက်လံအုပ်နေသည်။ ကုန်များ၏ ရှေ့ပိုင်းမှ စီးကြသော သူများလည်း သူတို့ကို ကျောခိုင်း၍ ထီးဆောင်းထားကြ၏။

"ကျွန်တော် ကိုင်ပေးရမလား"

"အေး...မင်းကို နှိုးနေတာ ကြာလှပြီ၊ လာ..."

မောင်ထွန်းအေးက မိုးစက်များသည် သူနှင့်မဆိုင်သလို ခပ်တည်တည်ပင် နန္ဒနောင်နှင့် လူချင်းလဲပြီး ပဲ့ချိတ်လှေကို မောင်းနေတော့သည်။

"မမ ချမ်းပြီလားဟင်၊ မိုးကာ ဝတ်မလား"





"ရတယ်၊ မဝတ်ချင်ဘူး အနောင်"

ယောက်ျားဆောင်း ဖဲထီးကြီးကိုဖွင့်ပြီး ဖြူလှိုင်းဖွေးသို့ မိုးပေးနေ၍...

"အနောင်လည်း လုံအောင်ဆောင်းပါ"

ထီးကို သူ့ဘက်မရွှေ့၊ လူကသာ ဖြူလှိုင်းဖွေးဘက်သို့ တိုးကပ်လာသည်။

"မိုးတွေ သည်းလာပြီ၊ မမ ကြောက်နေလားဟင်"

"မမနားမှာ အနောင်ရှိနေပြီပဲ"

"မမရယ်"

ထီးကို သူ့ပခုံးပေါ်တင်၍ နောက်ဘက်သို့ နည်းနည်းယိုင်ထားလိုက်ပြီး...

ဖြူလှိုင်းဖွေး၏ ပခုံးလေးကို သိုင်းဖက်လျက် သူ့ကိုယ်မှာ ကပ်ထားစေသည်။

ကောင်းကင်ပြင်ကြီးတစ်ခုလုံး ပြိုကျလာသလို မိုးက သဲကြီးမဲကြီး ရွာချလိုက်တော့သည်။

ဖြူလှိုင်းဖွေး၏ ခမောက်လည်း လွင့်လန်၍ ဆောင်းမရတော့။

အနောင်၏ လက်မောင်းကိုဖက်ပြီး သူ့ရင်ခွင်မှာ မိုးခိုမိပါပြီ။

"မမရယ်၊ အနောင် ဖက်ထားပါရစေဗျာ"

ခွင့်ပန်ပြီးသည်နှင့် နစ်နစ်နဲနဲ ထွေးပွေ့ထားသည်ကို ဖြူလှိုင်းဖွေး မရုန်းမိ၊ မရုန်းချင်တော့။

မိုးသံ၊ စက်သံတွေကြားမှာ ကြားသာအောင် အနောင်က ပါးချင်းအပ်လာပြီး...

www.burmeseclassic.com



"မမရယ်... အနောင့် ရင်ထဲက မမများ ပျောက်သွားရင် အနောင် ရူးကျန်ရစ်မယ်ထင်ပါရဲ့"

"အိုကွယ်"

"မမ"

"အနောင်"

"အနောင်လေ... မမကို သိပ်..."

အားနေသော လက်ဝါးနုလေးနှင့် အနောင့်ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး...

"ဆက်မပြောနဲ့တော့ မောင်လေးရယ်"

"ပါးစပ်က ပြောခွင့်မရလည်း အနောင့်ရဲ့ အသည်းနှလုံးထဲမှာတော့ ပြောနေပါရစေဗျာ"

"မမ ကြားနေရပါတယ် အနောင်ရယ်"

"မမ...ကျွန်တော့် မမ... အနောင့် မမရယ်..."

"တော်တော့ကွယ်၊ ဒီစကားကို ပြောလို့ မဖြစ်သေးလို့ တားမြစ်ရတာပါ၊ မမ ရင်ထဲကိုလည်း အနောင် မြင်မှာပါနော်..."

"မမ... မမရယ်ဗျာ"

တုန်ခိုက်နေသော လက်နှင့် အင်အားနစ်ဆတိုးပြီး အနောင်က ဖက်ထားလိုက်တော့...

ဖြူလှိုင်းဖွေး၏ နှလုံးသားသည် အင်းရေပြင်ပေါ်မှ လှိုင်းထက် လှိုက်ခုန်လျက်။

❖ ❖ ❖



## အခန်း နှစ်ဆယ့်ကိုး

"ဩော်... နေပါစေ ဆိုတာလည်း ပြောမရပါလား သမီးလေး..."

အစက ပေါင်ဆယ်၏ စကားသံဝဲဝဲကို မနည်းနားထောင်ယူရသည်။ အနေကြာလာတော့လည်း အားလုံး နားလည်ပါသည်။ ဒေသမြေသနှင့် တချို့စကားလုံးများ ကွဲပြားသည်မှလွဲ၍ မြန်မာလိုပြောသော မြန်မာစကားကို နားယဉ်လာလေ နားလည်လေပါ။

"ဆေးခါးဟင်းကို လှိုင်းကိုယ်တိုင် ချက်မလို့ ပေါင်ဆယ်ရဲ့"

"ပြောမရဘူး အမေရေ၊ သူက တက္ကသိုလ်က ဘွဲ့ရတဲ့ သူဌေးသမီးသာဆိုတယ်၊ မတတ်တာကို ဘာမှ မရှိဘူး"

ဒေါ်လေးခင်က ပြုံးရွှင်ကျေနပ်စွာ ပြောရှာသည်။

ရှမ်းပြည်နယ်မှ 'ပဲထွန်'ကို လှိုင်းက မကြေတကြေထောင်းပြီး မြန်မာပြည်က ဂျင်းနှင့် မတူသော ဂျင်းကလေးကိုထု၊ ကြက်သွန်နီ ပါးပါးလှီးပြီး ပဲတစ်အိုး ပြုတ်လိုက်သည်။ ပွက်ပွက်ဆူတော့ ဆား ထည့်၊ အပေါ်အင်မြည်း၊ စားခါနီးမှ ဆေးခါးရွက်ကို အမှုန့် လှော်ထားသော ဆေးခါးမှုန့်ကို ထည့်ခတ်သောက်ကြမည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ဖျားအေဖ်၊ ရောဂါဒဏ်ကို ခံနိုင်သည်ဆိုသော အင်းဒေသ ၏ ဘေးနေကျ ဆေးခါးဟင်းတစ်ခွက် ဖြစ်ပြီ။

"ဒို… ဒို… ဒို"

"ဟော… ကုန်ခြောက်သည် လာပြီ"

မောင်းသံကြားသဖြင့် ဖြူလှိုင်းဖွေးက ဘုရားစင်ရှေ့မှ သူ့ စလင်းဘက်ကို ဆွဲယူပြီး လှေကားပေါ်မှ ဆင်းပြေးသည်။ ပြီးတော့ အရှည်လိုက်ခင်းထားသော ဖျဉ်လေးပေါ်မှ လျှောက်ပြီး ကန့်လန့်ဖြတ် ခင်းထားသော ပျဉ်ပြားနှစ်ချပ်စာ လှေဆိပ်တံတားလေးပေါ်မှာ ထိုင်၍…

"ရပ်ဦးနော်"

မျက်နှာသုတ်ပဝါ ခေါင်းပေါင်းပေါင်းပြီး အနက်ရောင် အင်းသား ဝတ်စုံ ဝတ်ထားသော ဈေးသည်ကြီးက ဝယ်နေကျ ဖောက်သည်လေး လှိုင်းကို ပြုံးကြည့်ပြီး ကုန်အပြည့်နှင့် သူ့လှေကို တံတားနှင့်အညီ ကပ်လာပြီး တံတားတိုင်ကို သူ ဆွဲလိုက်သည်။

"မုန့်အနှစ်ထုပ်ပေး"

ဆီ၊ ဆား၊ ဆပ်ပြာမှအစ ငရုတ်၊ ကြက်သွန် စသော ကုန်ခြောက်မျိုးစုံကို လှည့်လည်၍ လှေနှင့် ရောင်းနေသော ဈေးသည်ပါ။

ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကတော့ ဈေးနေ့များတွင် နန္ဒနောင်က ဝယ်လာနေကျမို့ အပြည့်အစုံ။

"ဘာယူဦးမလဲ"





"သြော်… အပ်ချည်လုံး ပေးခဲ့ဦး၊ ဘုရားစင်အတွက် လိုက်ကာ ဆေး ချုပ်မလို့"

ကိုယ့်အိမ် ကိုယ့်ရွာ၊ ကိုယ့်မိသားစုလို သဘောထားပြီး ဖြူလှိုင်း ဖွေး ထင်တိုင်းကြဲနေလေ… အိမ်ရှင်တို့က ဝမ်းသာမဆုံး ဖြစ်ကြ လေပါ။

ဆပ်ပြာမှုန့်နှင့် ဘီစကွတ်မုန့်များပါ ဝယ်ပြီး ကုန်ခြောက်လှေ ထွက်မှ အင်း မုန့်ဟင်းခါးရောင်းသော အမျိုးသမီးကြီး လှေလှော် လာသည်။

"စားပါဦး"

"လာ"

မျက်နှာသိ ဖြစ်နေပြီမို့ ဈေးသည် လှေရှင်တို့ ပြုံးလျက်ပါ။

ဆန်နှစ်များ၍ အရည်ပျစ်ပျစ်နှင့် ငါးရံ့၊ ငါးဖိန်းတို့နှင့် ချက်သော အင်းမုန့်ဟင်းခါး တစ်ပန်းကန်စားလိုက်သေးသည်။

ပေါင်းဆယ်တို့က မုန့်စားလေ့ မရှိကြ။ တစ်နေ့ကို ထမင်း သုံးထပ်စားသည်။

ရန်ကုန်သူ ဖြူလှိုင်းဖွေးက ခုလို မနက် စောစောစီးစီး ထမင်း စားတတ်။

"ဟင်းရည်ယူဦး"

"ဝပြီ"

တစ်ပွဲ ပြားငါးဆယ်မို့ ဖြူလှိုင်းဖွေး ပိုက်ဆံအကြွေ နိုက်နေစဉ် မုန့်ဟင်းခါးသည်က စားပြီးသား ပန်းကန်ကို ရေမှာနှစ်ပြီး ဆေးကြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကြည်လင်သော ရေကြောင့် ပန်းကန် သန့်စင် သွားပြီ
ဘယ်လောက်များ ဟန်ကျလိုက်ပါသလဲ။

အင်းထဲတွင် ရေသည် အမြဲစီးဆင်းနေသဖြင့် ဘာအညစ်
အကြေးပဲကျကျ စီးမျောသွားသည်မို့ ရေက ထာဝရ ကြည်လင်
ရှင်းသန့်နေပေသည်။

ဤ အင်းပေါ်ခုံ အပါအဝင် အင်းထဲမှ ရွာကြီးရွာငယ် ၂၀၀
ကျော်လုံးတွင် သူဌေးရော၊ ဆင်းရဲသားရော၊ ကျောင်းသား၊ အလုပ်
သမား၊ ဈေးသည် စသော အားလုံးသော အားလုံးသည်လှေနှင့်
ကင်းကွာ၍ ဘယ်လိုမှ မရ။

ဘုန်းကြီး ဆွမ်းခံကြွလည်း လှေနှင့်ကြွရသည်။

အင်းပေါ်ခုံမှာ ယက်ကန်းလုပ်ငန်း အများဆုံးကြောင့် စီးပွားရေး
ကောင်းသော ရွာကြီးဖြစ်၍ ခန့်ညားသော ဘုန်းကြီးကျောင်းကျယ်ကြီး
ဆောက်လုပ်ပြီး ရခိုင်ပြည် မာန်အောင်မြို့မှ ဆရာတော် ကျောင်းထိုင်
သည်။ သိမ်များ၊ ဇရပ်များကလည်း အခန့်သား။

ကလေးများ ကစားလည်း လှေနှင့်ပါ။ အပျိုအိမ်ရှေ့ လူပျိုလှည့်
လည်း လှေနှင့်ပါပဲ။

“ဘာတွေ ဝယ်လာပြန်ပြီလဲ။ ငွေတွေ ကုန်လုပြီ”

“ဘာမှ မဟုတ်ပါဘူး ပေါင်ဆယ်ရာ”

မီးဖိုထဲ တန်းဝင်ပြီး ဆေးခါးဟင်းမှာ ဟင်းခပ်မှုန့် ခပ်လိုက်
သည်။

“ငါးရှဥ့် ထည့်ချက်ရင် ညှော်သည်ဟာ ပြန်မလာတတ်လို့





ဆေးခါးဟင်းမှာ ငါးရှဥ့်ကို ဘယ်တော့မှ ထည့်မချက်ကြဘူး။
သမီးလေးကလည်း ငါးရှဥ့်မစားလို့ အတော်ပါပဲ”

“ပေါင်ဆယ်တို့ အင်းသူအင်းသားတွေဟာ ညှော်သည်ကို
တကယ်မြတ်နိုးကြတယ်နော်။ ရန်ကုန်က လူတွေကျတော့ ညှော်လာမှာ
ကြောက်နေကြတာ... ပေါင်ဆယ်ရဲ့”

“ပေါင်တို့တော့ ပျော်တယ်ကွယ်၊ စီးပွားရေး မကောင်းလို့
အယ်နော် လုပ်စာလေး စားနေရလို့ ဟင်းကောင်းတွေ ချက်မကျွေး
ရတာ စိတ်မကောင်းဘူး...”

“ဟာ... လိုင်း ငါးကြိုက်ပါတယ် ပေါင်ဆယ်ရဲ့၊ စားလို့ကောင်း၊
နေလို့ကောင်းလွန်းလို့ ဝတောင်လာတယ်၊ မှတွေ့ဘူးလား”

“ဒါပေမယ့် အလှပျက်ပြီ၊ အသားတွေ မည်းသွားတယ်ကွယ်”

“ဒါတော့ အနောင်အားတိုင်း အင်းထဲကကို မတက်ဘဲ
လှေချည်း လျှောက်စီးနေတာကို ပေါင်ဆယ်ရဲ့”

ဖြူလိုင်းဖွေးက ဆေးခါးဟင်းအိုးကိုမြည်း၍ ချပြီးနောက်
မုန်ညင်းရွက်ကို တရှဲရှဲ ကြော်လိုက်သည်။

နမ့်ပန်းဈေးနေ့က ဝယ်ထားသော ရေပေါ်ဗူးစင်စိုက်ခင်းမှ
ဗူးသီးနုနုကိုလည်း အချောင်းလေးများ လှီးပြီး ညနေကျ ဆန်နှစ်နှင့်
ကြော်စားကြဦးမည်။ ရေနွေးကြမ်းနှင့် ဖြူလိုင်းဖွေး ကြော်သည့် ဗူးသီး
ကြော်ကို နန္ဒနောင်သည် ထမင်းစားပန်းကန် နှစ်ချပ်စာလောက်
အမောက် ကုန်သည်။

အအားမနေတတ်သော ဖြူလိုင်းဖွေး ချက်ပြုတ်ကျွေးသမျှ



www.burmeseclassic.com

www.burmeseclassic.com



မြေအဘွား၊ သားအမိသုံးယောက်လုံး ဝမ်းသာအားရ စားကောင်းကြလေ၊ ဖြူလှိုင်းမွေး ပျော်ရလေပါ။

"သားလေးဟာလေ၊ လှိုင်းရောက်လာတာကို သိပ်ပျော်နေတာ၊ ဒေါ်လေးတို့လည်း လှိုင်း ပြန်မယ်လို့ ပြောမှာကိုပဲ ကြောက်နေကြတာ"

"လှိုင်း နေဦးမှာပါ ဒေါ်လေးရဲ့"

"ဒေါ်လေးတို့ သားအမိကတော့ ဘယ်လိုပဲ နေရ နေရပါ၊ ဒေါ်လေးသားလေး ပင်ပင်ပန်းပန်း ရှာဖွေကျွေးနေရတာကို သနားလှပြီ သမီးရယ်"

ဒေါ်လေးခင်သည် သူ့သားလေးအတွက် မျှော်လင့်ခြင်းကြီးစွာဖြင့် အားကိုးသော မျက်နှာနှင့် ကြည့်လျက်...

"မြို့မှာ သူ့အတွက် သက်သာမယ့် အလုပ်ကလေး အကိုင်လေး ရှိရင် ခေါ်သွားပြီး ခိုင်းပေးပါ သမီးရယ်"

"ဒေါ်လေးတို့က သူမရှိရင် ဖြစ်မလား"

"ခွဲတော့ မခွဲနိုင်ပါဘူး။ ဒါပေမယ့် သူကောင်းစားမယ်ဆိုရင် မိခင်ဆိုတာ ကိုယ့်ရင် ကွဲလည်းကွဲပေါ့"

"ရင်ကွဲလောက်အောင်လည်း မခွဲရပါဘူး ဒေါ်လေးရာ၊ အင်းလေးနဲ့ ရန်ကုန်ဟာ ရထားနဲ့ဆို နှစ်ရက်ခွဲ၊ လေယာဉ်နဲ့ ဟဲဟိုးက လာရင် တစ်ရက်တည်းနဲ့ ရောက်နိုင်တာပါ"

"ဒါပေမယ့် အစ်ကိုကြီး ဆုံးပြီးမှ ဒေါ်လေး ရန်ကုန်ကို တစ်ခါမှ မရောက်တော့ဘူး။ အသိလည်း မရှိ၊ ငွေလည်း မရှိဘူးလေ"

ဖခင်ဦးသောင်းထိုက်၏ မျက်နှာကို ကွက်ခနဲ မြင်ပြီး ရင်၌ နင့်တက်လာသည်။





"သူ့အဖေသာရှိရင် သားလေးဟာ ဒီလို ပင်ပန်းရှာမှာ မဟုတ်ဘူး။ သားလေးရလို့ သိပ်ဝမ်းသာပြီး အလုပ်တွေ သိပ်လုပ်တာ၊ ဒေါ်လေးကတော့ ဘာမှ အသုံးမကျလို့ သားလေး ဆင်းရဲနေရရှာတာပါ"

"ဒေါ်လေး"

"ဟင်"

"အနောင်က ဆယ်တန်းတက်ပြီးမှ မဖြေရတာနော်"

"ဟုတ်ပါတယ်၊ နမ့်ပန် အထက်တန်းကျောင်းမှာ ထားပါသေးတယ်။ ဒေါ်လေးရဲ့ ဖခင် ဦးရွှေမြလည်း ဆုံးသွားတယ်၊ ဒေါ်လေးတို့လည်း ယက်ကန်းလုပ်ငန်းက ပြုတ်သွားတယ်လေ၊ အခုဆို အရင်လို ဘယ်သူမှ ယက်ကန်းလုပ်ငန်း မကောင်းကြတော့ဘူး။ ဒါကြောင့် သားက သူ့ဟာသူ ကျောင်းထွက်၊ လှေတစ်စင်းဝယ်ပြီး အငှားလိုက်နေတာ၊ လှေက ရှစ်ထောင်ပေးရတယ်။ ဒေါ်လေး စိန်နားကပ်ရောင်းပြီး ဝယ်တာ။ အဲဒါက လွဲလို့ ဘာမှ မရှိတော့ဘူး"

"အင်း"

သက်ပြင်းချလိုက်သော်လည်း ရင်၌ မရှင်း...

"အနောင်ကို စာမေးပွဲ ပြန်ဖြေစေချင်သေးတယ်၊ အသက် နှစ်ဆယ်တောင် အနောင် မပြည့်သေးဘူးနော်"

"သားကို ပညာတတ်လေး ဖြစ်စေချင်တာပေါ့၊ ဒါပေမယ့်..."

"လှိုင်း အနောင့်အတွက် တစ်ခုခု စီစဉ်ပေးပါ့မယ် ဒေါ်လေး..."

"အားကိုးပါတယ် သမီးရယ်၊ လှိုင်းရဲ့ဖေဖေ... အစ်ကိုကြီး သူငယ်ချင်းဆိုတာကိုလည်း ပြောပြပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ရန်ကုန်မှာ အလုပ်ကိုင်လေးရှိရင် သားလေးကို ခေါ်ခိုင်းပါ၊ ကြည့်ရှုပါလို့..."

"ဟုတ်...ဟုတ်ကဲ့...ဒေါ်လေး"

ဖခင်လက်ထက်မှ အတိတ်ဆိုးသည် ခါးသီးကြောက်မက်ဖွယ် ရိုပ်မိုးလာတော့သည်။

ဆက်လက်၍ မဆွေးနွေးချင်တော့သဖြင့် နောက်ဖေးချောင် ကိစ္စများကို ဖျတ်လတ် မြန်ဆန်စွာ သိမ်းဆည်းလိုက်သည်။ အနောင်ဝယ်ပြီး သယ်တင်ရသော ထင်းများကို နမြောစွာ ငြိမ်းသတ်ပြီး...

"လှိုင်း ရေချိုးလိုက်တော့မယ်နော်"

"ချိုး...ချိုး...သမီး၊ မြေးလေး အယ်နောင် ပြန်လာရင် သူ့မမနဲ့တူတူ ထမင်းစားချင်ရှာတာကွယ့်"

ညောင်ရွှေသို့ လေ့ငှားလိုက်သွားသော အနောင့်ကို မျှော်ရင်း လေ့ဆိပ်သို့ဆင်းရန် အင်္ကျီချွတ်ပြီးနောက်...

"ဒေါ်လေး...လှိုင်းရဲ့အင်္ကျီတွေ လျှော်ဖို့ ဒီမှာပုံထားတာ မတွေ့လို့"

"လှိုင်း မောင်လေး မနက်က အစောကြီး ထပြီး အားလုံး လျှော်သွားပြီ"

"ဟောတော့"

"အဘွားက အသက်ကြီးလို့၊ အမေကျတော့ နေမကောင်းမှာ စိုးလို့ဆိုပြီး သူလျှော်ပေးနေကျ၊ ကျေးဇူးရှင် ကိုယ့်အစ်မ အင်္ကျီပဲ၊





လျှော်ပါစေ"

သိတတ်လွန်း၊ လိမ္မာလွန်းသော နန္ဒနောင်ကို နေရင်း ထိုင်ရင်း လွမ်းလာသည်၊ ပြန်လာမည်မှန်း သိလျက် ခဏလေး ခွဲရသည်ကိုပင် ရင်မဆိုင်ချင်။

"အနောင်ရယ်... မမလှိုင်း မျှော်နေပါတယ်ကွယ် ပြန်လာပါတော့၊ မမရဲ့ သံယောဇဉ်ကြိုးကလေးရယ်"

ဒီဇယ်ဆီက တစ်ဂါလံ အစိတ်ထက် မလျှော့သဖြင့် အသွားအပြန် တွက်ခြေကိုက်အောင် ညောင်ရွှေလေ့ဆိပ်မှာ အပြန်လူ စောင့်နေ မျှော်နေရရှာပေမည်။

"အနောင်လည်း မမဆီကို အမြန်ပြန်လာချင် ရှာမှာပါလေ..."

သနားရသော ခံစားမှုက အရာအားလုံးထက် ပိုမို စူးနစ်လိုက်လှဲရပါလား။

ရင်လျားနှင့် အိမ်ရှေ့သို့ ထွက်ခဲ့သည်။ လေ့ဆိပ်၏ ပျဉ်ပြားပေါ်မှ ရေထဲသို့ ခုန်ဆင်းလိုက်ရချိန်မှာ ရင်၌ အေးခနဲဖြစ်သွားသော ခံစားမှုကို ဖြူလှိုင်းဖွေး အနှစ်သက်ဆုံးပါ။

အင်းရေသည် ကြည်လင်ရုံမက အေးစိမ့်သော ရသသည် နှလုံးသည်းပွတ်ကို စိမ်နှစ်လိုက်ရသလို ချမ်းမြအေးငြိမ်းလိုက်ပါဘိ...

အင်းအိုင် ချောင်းမြောင်းနှင့် မြစ်တို့ မည်သည် မြေပြင်ထက် နိမ့်ဝပ်သော အရပ်တွင် ရှိကြသည်ချည်း။

ယခု ညောင်ရွှေအင်းသည်မူ...

ပေပေါင်း ၂၉၀၀ ကျော် အမြင့်မှ တောင်များကြားတွင် ဖြစ်ထွန်းနေသော ရေပြင်ကြီး ဖြစ်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေသည်မှ မနက်လှ။ ပေ ၃၀ ကျော်မျှ လောက်သာ ရှိတတ်ပါ၏။

ယခု နန္ဒနောင်တို့၏ အိမ်ရှေ့ ရေချိုးဆိပ်ကလေးမှာ မြေများ ဖို့ထားမှုကြောင့် ခြောက်ပေလောက်သာ နက်၏။

မိုးနှင့် နွေတော့ ရေအတိမ်အနက် ကွာလေသည်။ နွေ၌ ရေတိမ်လွန်းဖြင့် တပို့တွဲလမှစ၍ မြောင်းဖောက်ထုတ်ခြင်း၊ ကူဘိုတာ ရေစုတ်စက်နှင့် ရေစုတ်ထုတ်ခြင်းများ လုပ်ပြီး… ပေါ်လာသော နုံးမြေ ပေါ်မှာ ကျွဲနဲ့သာ လယ်ထွန်ပြီး စပါးစိုက်ကြသည်။

အစိုးရ မျိုးစပါးပေးသော ရွှေဝါကွန်းနှင့် ရှမ်းရိုးရာဆန်မိုးနဲ့ ကို အစိုက်ဆုံးဖြစ်ပါ၏။ မြေဖြူရွာတစ်ပိုက် တောင်ပေါ် တောင်ခြေ မြေနိမ့်တွင်တော့ အားလုံး စိုက်ကြသည်။

မိုင်းသောက်ဘက်မှာတော့ ကြံထွက်၍ သကြားစက် တည်ထားပါ၏။

စပါးရိတ်ချိန် ရေလျှံချိန်မှာဖြင့် ရေပေါ်၌ ပေါ်နေသော မျိုးပင် စပါးပင်များကို လှေတစ်ရပ် မမီလျှင် ခုံများခုံ၍ ရိတ်ကြရလေသည်။ ဘာပဲလုပ်လုပ် မြေပြန့်သားတို့ထက် ပို၍ပင်ပန်းစွာ ဝီရိယစိုက်ထုတ်ရသည်ချည်းပါ။

ရာသီဥတုကဖြင့် မျှတလှသည်။ အမြင့်ဆုံး အပူချိန်က ၉၀ ဒီဂရီ ဖာရင်ဟိုက်နှင့်၊ အနိမ့်ဆုံးက ၄၅ ဒီဂရီသာ။

မိုးရေချိန် လက်မကျတော့ ၆၀ ခန့် ရှိလေသည်။ မြို့မှာနှင့် မတူ။ တစ်မိုးလုံး ပြိုကျတော့မလို ညိုမှောင်ပြီး ထစ်ချုန်း၍ ရွာတတ်လေသည်။





ဤသို့သောင်ရွှေ အင်းလေးထဲသို့…

အနောက်ဘက်ဆီမှ စီးဝင်လာသော ဘီလူးချောင်း၊ မြောက်ဘက်မှ နမ့်လတ်ချောင်းနှင့် အရှေ့ဘက်ဆီမှ၊ တောင်ကျချောင်းများနှင့် ရေဆင်းလမ်းများစွာတို့က အင်းလေး ရေကန်တွင်းသို့ ထာဝရ စီးဆင်းလျက်ပါ။ ဤ ရေအလျဉ်သည် စကားအင်း၊ ဖယ်ခုံအင်းတို့ကို ဖြတ်ပြီး ဘီလူးချောင်းအဖြစ်နှင့် ကယားပြည်နယ်ဘက်သို့ ဆက်လက် ခရီးဆက်ကာ သံလွင်မြစ်အထိ ရေဆင်းလမ်း ရှည်လျားစွာ စီးဆင်း၍ သွားရောက် ပေါင်းဆုံသည်။

ဖြူလှိုင်းဖွေးမှာ အောက်ခြေမှ ရေမှော်ပင်၊ ကျောက်ခက်ပင်နှင့် ရေမဲပင်လေးများနှင့် ထိတွေ့အောင် ရေငုတ်ရင်း ကူးခတ်ရင်းက အင်းလေးဒေသ၏ စိတ်ဝင်စားဖွယ် ကောင်းလွန်းသော အကြောင်းအရာများကို စဉ်းစားနေမိသည်။

ရေကူးကန်မှာ ရေကူးရသည်ထက် ဤအင်းလေးမှ ရေရှင်ရေပြင်တွင် ကူးခတ်ရသည်က ပိုမို၍ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းလွန်းလှပါသည်။

အင်းသားတို့သည် လှေကို ခြေနှင့်ခတ်သလို၊ အလုပ်နှင့်လက်မပြတ်သော အင်းသူတိုင်း ရေချိုးရင်း ရေကူးနေကြသဖြင့် လှုပ်ရှားမှုများစွာနှင့် ပေါင်းဆယ်တို့လို အသက် ၈၀ ကျော်အထိ ကျန်းမာကြတုန်းပင်…

ဘုရားပွဲမှ လွဲ၍ ရုပ်ရှင်ရုံနှင့် ပွဲလမ်းသဘင် မရှိ၍ ပျော်စရာ မကောင်းသော်လည်း…

www.burmeseclassic.com

www.burmeseclassic.com

အေးမြ ငြိမ်းချမ်းခြင်းများဖြင့် ကြည်နူးစရာကောင်းလွန်းလှသော...

ဤအင်းလေး၏ အင်းပေါ်ခုံရွာလေးမှာ ဖြူလှိုင်းဖွေး နှစ်သိမ့်ကြည်နူးနေမိရုံမက နန္ဒနောင်မည်သော အနောင်ဆိုသည့် ကောင်လေးသည်လည်း ဖြူလှိုင်းဖွေး ရင်ထဲမှာ ဝင်ရောက် လှုပ်ရှား၍ နှလုံးသားကို စိုးမိုးလျက် ရှိနေပါပြီတည်း။

❖ ❖ ❖

## အခန်း သုံးဆယ်

**လှိုင်း...**

ဖြစ်နိုင်ရင် ပြန်လာပါ။

**ကိုဖြိုး**

ညောင်ရွှေမြို့ရှိ ဖြိုးမြင့်ဝေ၏သူငယ်ချင်းမှတစ်ဆင့် ရိုက်လိုက်သော ကြေးနန်းစာကို ကိုင်ပြီး ငိုင်နေမိသည်။





နောက်ဖေးမှ လှေထားရာ လှေကားထစ်အဆုံး ဒုက်ခုံပေါ်တွင်ထိုင်ပြီး ခြေကို ရေထဲ၌ ချနစ်ထား၏။ တိုင်ကို မှီထိုင်နေသော ဖြူလှိုင်းဖွေးကို နန္ဒနောင် အကြာကြီး ကြည့်နေပြီးမှ...

"ကိုဖြိုးဆိုတာ ဘယ်သူလဲဟင်...မမ"

ဖြူလှိုင်းဖွေး မဖြေ။

"မမ ပြန်သွားတော့မှာလားဗျာ"

နန္ဒနောင်၏ အသံသည် ကြေကွဲမှုကြောင့် ဆွေးမြည့်နေလေပြီ။

အသည်းနှလုံးချင်းသာ ပွင့်လင်းခဲ့ကြသော ဖယ်ခုံ ချစ်ခရီးမှ ပြန်ပြီးနောက် သုံးရက်မြောက်နေ့တွင် ရောက်လာသော ကြေးနန်းစာပါ။ နန္ဒနောင် ကိုယ်တိုင်ပင် ညောင်ရွှေမှ သယ်ယူပေးခဲ့ရပါ၏။

"ကိုဖြိုးတစ်ယောက် ဘယ်လိုများ ဖြစ်နေရှာပါလိမ့်"

ထားရစ်ခဲ့သော ချစ်သူငယ်ချင်းအတွက် စိုးရိမ်ခြင်း စတင်သည်။

ဆရာမ ဒေါ်မေကြူ အပြန်တွင် ဆက်သွယ်ရန် နေရာကိုမှာလိုက်သဖြင့် အိမ်မှ စိတ်အေးနေကြလေမည်။ အိမ်တွင် အပြောင်းလဲရှိပုံမရ။

ကိုဖြိုးသည်သာ ဘာဖြစ်လို့ပါလိမ့်။

"မမ..."

သူ့ကို လှည့်ကြည့်ချိန်မှာ...

"ကျွန်တော် ထပ်မေးပါရစေ မမ၊ ကိုဖြိုး ဆိုတာ ဘယ်သူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

နန္ဒနောင်၏ မျက်ဝန်းမှာ မျက်ရည်တွေ ကြည်ဝေရစ်သိုင်းလို့ပါလား။

သူ့အမေးကို မဖြေဖြစ်နိုင်ဘဲ ငိုင်ငိုင်တွေတွေ ကြည့်နေသော လှိုင်းဖွေးသို့ အားလျှော့သော မျက်နှာလေးနှင့် ကြည့်ရင်း...

"ကိုဖြိုးဆိုတာ မမ ချစ်သူ မဟုတ်လားဗျာ၊ ကျွန်တော် သိပါပြီ မမရယ်"

"ဒါကိုတော့ အနောင် အကြွင်းမဲ့ယုံပါ။ ကိုဖြိုးဟာ မမချစ်သူ လုံးဝ မဟုတ်ပါဘူး"

"တကယ်လားဗျာ..."

"နောက် ပြောနိုင်တာ တစ်ခုရှိပါသေးတယ်"

"ဘာလဲဟင်"

"မမ ဘဝမှာ ဘယ်သူ့ကိုမှ တစ်ခါမှ မချစ်ခဲ့ဖူးသေးဘူး"

စိုလက်သော မျက်ဝန်း၊ မျှော်လင့်ခြင်း အကြည့်များဖြင့် ကြည့်နေသော နန္ဒနောင်သို့...

"ဒါပေမယ့်... မမ ပြန်ရတော့မယ် အနောင်ရယ်"

"ဟာ...မမ"

ကိုဖြိုးကို စိတ်မချနိုင်တော့။

ဖြူလှိုင်းဖွေး အင်းထဲမှာ ပျော်ရွှင်စွာ ရှိနေသည်ကို သူသိသည်။ အကြောင်းမရှိဘဲ သူပြန်ခေါ်မည်မဟုတ်ပါ။ ချစ်နှင်းဖြူနှင့် အဆက်သွယ်ရသည်ဆိုသော မင်္ဂလာသတင်းနှင့်သာ ကြုံဆုံရပါစေသား...

"ဟယ်... အနောင်"





ကိုဖြိုးအတွက် သောကတွေးများက ရန်ကုန်မြို့သို့ ပျံ့လွင့်နေ၍ နန္ဒနောင်ကို မကြည့်မိ။ ရှိုက်သံလို သဲ့သဲ့လေး တစ်ချက်ကြားလို့ လှည့်ကြည့်လိုက်တော့...

"အို... အနောင် ငိုနေတယ်လားကွယ်"

နန္ဒနောင်၏ မျက်ရည်စများသည် ကရုဏာ မုန်တိုင်း အဖြစ်နှင့် ဖြူလှိုင်းဖွေး၏ နှလုံးသည်းပွတ်ကို လွင့်စဉ်စေမတတ် တိုက်ခတ်လာသည်။

နန္ဒနောင်သည် အသည်းနု၍ ငိုနေပုံမျိုးမဟုတ်။ ပြင်းထန်သော ခံစားမှုမှ ပေါက်ကွဲလာသော မျက်ရည်စက်များမို့ သူ အံကိုတင်းတင်းကြိတ်လိုက်ပြီး...

"တစ်နေ့နေ့ ဒီလို ဖြစ်လာမယ်ဆိုတာ ကျွန်တော်သိပြီးသားပါလေ၊ သိပ်အလှမ်းကွာနေတဲ့ ကျွန်တော့်လို တောသားငမွဲဟာ မမနဲ့ အဝေးဆုံးနေရာမှာ ကျန်ရစ်ခဲ့ရမှာပါဗျာ"

"မဟုတ်သေးဘူး အနောင်"

"ကျွန်တော့်ကို မနှစ်သိမ့်ခဲ့ပါနဲ့တော့ မမရယ်...၊ ကျွန်တော့် တစ်ဘဝတာလုံး တမ်းတရခြင်းတွေနဲ့အတူပဲ ကျန်ရစ်ခဲ့ပါရစေတော့ဗျာ"

အနောင်က ထပ်ကြွေသော မျက်ရည် မျက်နှာကို ငုံ့ဝှက်လိုက်ပြီး...

"မမ ဘယ်တော့ပြန်မှာလဲဟင်"

"မနက်ဖြန်"



www.burmeseclassic.com

www.burmeseclassic.com



"မြန်လှချည်လား မမရယ်…၊ ကိုဖြိုး ဆိုတဲ့လူက အင်အားကြီးမားလှချည်လားဗျာ…"

တုန်နေသော အသံနှင့် ကြွေနေသော မျက်ရည်များကို ကြည့်ပြီး နန္ဒနောင်၏ လက်ကို လှမ်းယူ၍ သူ့ပါးပြင်မှာ အပ်ထားလိုက်မိတော့…

ပူနွေးသော ဖြူလှိုင်းဖွေး၏ မျက်ရည်တို့သည်လည်း သူ့လက်ခုံပေါ်မှာ စိုစွတ်ပါသတည်း။

❖ ❖ ❖

"သမီးလေးကို ဒီလောက် မြန်မြန်ကြီး ခွဲရမှာဆိုတော့…"

"အို…ပေါင်ဆယ်၊ ပေါင်ဆယ်ရယ် မငိုပါနဲ့"

အသက် ရှစ်ဆယ်ရွယ် အဘွားအို၏ အလွမ်းမျက်ရည်ကို မကြည့်ရက်တော့။

သိမ်းဆည်းနေသော ပစ္စည်းများကို ပုံထားပြီး အဘွားဒေါ်ဆယ်ကို အမျိုးမျိုး ဖျောင်းဖျနှစ်သိမ့်ရပါသည်။

"ကိုဖြိုးဆိုတာ လှိုင်းရဲ့ အစ်ကိုလား"

ဒေါ်လေးခင်၏ အမေး…

ရန်ကုန်မြေမှ အဖြစ်သနစ်များနှင့် ကင်းကွာလွန်းသော ဒေသလေးပါလား။

"ဟုတ်…ဟုတ်ကဲ့"





ရှင်း၍ရမည်မဟုတ်သော ဇာတ်ရှုပ်မို့ ဟုတ်ကြောင်းသာ ညာပစ်လိုက်ရတော့သည်။

"မလှိုင်းကို ဒေါ်လေးတစ်ခု တောင်းပန်ပါရစေ"

"ဟုတ်ကဲ့… ပြောပါ"

"မလှိုင်း ဖေဖေ ပေးခိုင်းလိုက်တယ် ဆိုတဲ့ငွေ သုံးထောင်ကို ပြန်ယူသွားပါ၊ ပြီးတော့ သားလေးကို ရန်ကုန်ခေါ်သွားပေးပါကွယ်"

"ရှင်"

"မလှိုင်း ဖေဖေက သားကိုတွေ့ရင် မလှိုင်းလိုပဲ သနားကြင်နာခင်မင်မှာပါ၊ သူ့ သူငယ်ချင်း သားလေးဆိုပြီး ကြည့်ရှုစောင့်ရှောက်မှာပါ"

"ဒေါ်လေးရယ်"

"သားလေးရဲ့ ဘဝရှေ့ရေးကို သနားသဖြင့် တစ်နည်းနည်းနဲ့ ထောက်ပေးပါလို့ ဒေါ်လေးက အသနားခံပါတယ်လို့ မှာလိုက်ကြောင်း ပြောကြပေးပါနော်"

"အမေ"

ဒေါ်လေးခင်၏ စကား ၂ တိုးတိုးလေးကို နန္ဒနောင်၏ အော်လိုက်သံက အုပ်မိုးသွားပြီး…

"အမေ ဘာတွေ ပြောနေတာလဲ၊ ကျွန်တော်လိုကောင်ကို မလှိုင်းက ခေ…သွားချင်ပါ့မလား ဆိုတာလည်း အမေ စဉ်းစားဦးပေါ့ဗျ"

"အနောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ အံကြိတ်ထားသည်၊ မထူး။

"မမလှိုင်း ခေါ်ရင်ရော လိုက်မှာလားဟင်"

"ရှိပါစေတော့ဗျာ၊ ဒီမှာ ကျန်ခဲ့တာကမှ ခံသာဦးမယ် ဟိုရောက်လို့ ကန်လွှတ်တော့မှ ဒီကောင် ရင်ကွဲပြီး ပြန်လာရမှာ—"

"အို...သားလေးရယ်"

"ငါ့မြေးလေး ငိုနေပြီ"

လှိုင်း၏အနားမှ ထသွားကြပြီး မငိုစဖူး ငိုနေရှာသော အနော လေးကို သားအမိနှစ်ယောက် ဝိုင်းဖက်ပြီး သူတို့ပါ ငိုနေကြလေ

"ဩော်... ငါ့ဘဝရယ်"

မိမိကိုယ်ကို ရွံရှာလာမိသည်။ ကိုယ်က အချစ်ရဆုံးလူ သည် ကိုယ့်အတွက် မျက်ရည်တွေ ကျရလို့ပါလား။

"ငါဟာ ကျိန်စာတိုက်ထားတဲ့ ကဝေမ ကျနေပြီ၊ ငါ့ကြောင့်— ငါ့ကြောင့်"

ချစ်နှင်းဖြူနှင့် ကိုဖြိုးတို့၏ မျက်ရည်များ၊ နန္ဒာနောင် ပေါင်ဆယ်၊ ဒေါ်လေးကို့၏ ငိုပွဲများကို ဖြစ်ထွန်းစေခဲ့သော မိန်း

"အမေတို့ မငိုကြနဲ့ဗျာ၊ ဟိုမှာ အနောင့်မမ ငိုနေပြီဗျ"

နန္ဒနောင်က သူ့မျက်ရည်ကို လက်ခုံနှင့် သုတ်ချလိုက် ဖြူလှိုင်းဖွေး၏ မျက်ရည်နစ်နေသော မျက်နှာလေးကို သနားကြင် ခြင်း ကြီးစွာ စိုက်ကြည့်နေတော့သည်။

ပြောမယ့်သာ ပြောနေသည်။ အနောင်မှာ သူ့ကို ဘယ် မခွဲရက်နိုင်ကြောင်း ဖြူလှိုင်းဖွေး သိပါသည်။





တကယ်တမ်း ခွဲခွာလိုက်ရလျှင်လည်း အင်းရေပြင်များ နွေးလာ မတတ် သူ့မျက်ရည်တို့ ကြွေနေရှာပေလိမ့်မည်။

"ဒီမှာ ပေါင်ဆယ်...ဒေါ်လေး"

ပြတ်သားသော ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် သူတို့နားသို့ ရုတ်ခြည်း ထသွားပြီး...

"အနောင့်ကို လှိုင်း တကယ့်ခေါ်သွားလို့ ဖြစ်မလားဟင်..."

"ဒေါ်လေးတို့ကတော့ ဖြစ်ပါတယ်၊ ခေါ်လည်း သွားစေချင်ပါ တယ်၊ ဒါပေမယ့် သားလေး ပြောသလို သူ့အတွက် မလှိုင်းမှာ အနောင့်အယှက်..."

"နေတော့ ဒေါ်လေး..., မပြောနဲ့တော့၊ အနောင့်ကို ခေါ်သွား မယ်၊ ပြီးတော့ ဒေါ်လေး ဖြစ်စေချင်သလို ဖြစ်ကို ဖြစ်ရမယ်"

ပြတ်သားသော စကားကို ခပ်ကျယ်ကျယ် ပြောနေသော ဖြူလှိုင်းဖွေးသို့ နန္ဒနောင်က အံ့ဩသလို မော့ကြည့်နေသည်။

သူတို့ အုပ်စုက ထိုင်လျက်၊ ဖြူလှိုင်းဖွေးက မတ်တတ်။

"ကဲ...အနောင်၊ မမလှိုင်းနဲ့ လိုက်ခဲ့တော့နော်"

သူ ဘာပြောရမှန်းမသိ၊ ဝေခွဲ၍ မရအောင် ဖြစ်နေပုံရသည်။

"ဟုတ်ပါတယ်၊ အနောင့်ကို ကိုယ်တိုင် ခေါ်သွားပြီး အားလုံး ရှင်းပြလိုက်တာပဲ ကောင်းပါတယ်လေ"

သူတို့ နားမလည်နိုင်သော စကားလုံးများကို ပြောနေသော ဖြူလှိုင်းဖွေးကိုသာ ငေးကြည့်နေကြသည်။ ဘာမှ မမေးကြ

"အနောင်...လိုက်မယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မယ် မမ"

အနောင်ကလည်း အခိုင်အမာ ဆုံးဖြတ်လိုက်ပုံရသည်။

"နက်ဖြန် ခွဲလိုက်ရမှာနဲ့စာရင် နာရီပိုင်းလေးပဲ မမနဲ့ ပိုနေရလည်း အနောင် နေခွင့်ရချင်ပါတယ် မမရယ်..."

အဘွားနှင့် မိခင်ရှေ့မှာပင် မတ်တတ်ရပ်လျက် ရှိနေသော ဖြူလှိုင်းဖွေး၏လက်ကို လှမ်းဆွဲပြီး အနောင်က နှင့်နှင့်နဲနဲ ပြောလိုက်သည်။

သူ့လို နှုတ်က မပြောနိုင်၊ မပြောသာသော်လည်း ဖြူလှိုင်းဖွေး၏ နှလုံးသားတွင်းမှာ ပြောကြားနေသော စကာလုံးလေးများကို စီခြယ်သီကုံးလိုက်ပါလျှင်...

"မမရင်ထဲမှာလည်း အနောင့် အတိုင်းပဲ၊ တစ်စက္ကန့်မှ မခွဲချင်ပါဘူးချစ်ရယ်"

❖ ❖ ❖



## အခန်း သုံးဆယ့်တစ်

ရထားက အထက်တန်းတွဲမရ၍ အကျပ်ကျပ်အညပ်ညပ်ဖြင့် ပြွတ်သိပ်နေသော လူများကြားမှာ စီးခဲ့ရ၍ အနောင်နှင့် အင်းထဲမှာလို စကားတွေ ဝေနေအောင် ပြောခွင့်မရ။

ညဘက်တွင်သာ အနောင့်ပခုံးကိုမှီပြီး မှေးစက်လာခွင့်ရသည်။

အင်းထဲမှ ညောင်ရွှေမြို့၊ ညောင်ရွှေမှ ရွှေညောင်မြို့သို့ လာပြီး၊ မနက် ဆယ်နာရီခန့်က ထွက်လာသော ရထားသည် ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့ နေ့လယ် တစ်နာရီမှာ ဆိုက်ဝင်လာခဲ့ပါပြီ။

ညောင်ရွှေမှ ကိုဖြိုး၏ သူငယ်ချင်းက တယ်လီဖုန်း ဆက်ထားသဖြင့် သိရှိနေကြလောက်ပါပြီ။

"ဟေး...ကိုဖြိုး...လှိုင်း ဒီမှာ"

ပြတင်းမှ ကိုယ်တစ်ပိုင်းထွက်ပြီး ကြုံးအော်လိုက်သော ဖြူလှိုင်းဖွေး၏ အသံကြောင့် လှည့်ကြည့်လာပြီး မရပ်သေးသော ရထားတွဲနောက်မှ ဖြိုးမြင့်ဝေ ပြေးလိုက်လာသည်။

"ငါ့မမရဲ့ ကိုဖြိုးဆိုတာ ဟို...မျက်မှန်နဲ့လူပဲ၊ ပညာတတ်၊ လူရည်သန့်၊ လူချောတစ်ယောက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ မွေးသော်လည်း ဒေါ်လေးခင် ကလေးပိုက်၍ ပြန်ပြီးတည်းက တစ်ခါမှ မရောက်ဖူးသော အင်းသားလေး အနော်အတွက် ရန်ကုန်ရှုခင်းသည် ရှုပ်ထွေးလွန်းစွာ ဆန်းပြားလှချေသည်။

"ကိုဖြိုး... နေကောင်းရဲ့လား ဟင်၊ ပိန်သွားတယ်"

"နေတော့ ကောင်းပါတယ်၊ လှိုင်းတော့ ဝပြီး အသားတွေ မည်းလာတယ်နော်"

"နေပါဦး၊ ခု ဘာဖြစ်လို့လဲဟင်"

"ချစ် ကိစ္စပဲပေါ့၊ အိမ်ရောက်မှ အားလုံးပြောပြပါ့မယ်လှိုင်း၊ အွန်တီပြုံးတို့လည်း လာကြိုကြတယ်"

"ဟယ်... ဟုတ်လား"

အင်းထဲမှာ ဘယ့်လိုပင် ပျော်ရွှင်ခဲ့သည် ဆိုပါသော်လည်း ကိုယ့်မိသားစုနှင့် ပြန်လည်တွေ့ဆုံရပြန်တော့လည်း ဖြူလှိုင်းမွေးမှာ လှိုက်ခုန်စွာ ရွှင်မြူးလျက်ပါ။

"ချစ် ကိစ္စပဲပေါ့"

ဆိုသော ကိုဖြိုး၏ ချစ်နှင်းဖြူကို ရည်ညွှန်းသော စကားသည် နန္ဒနောင်အတွက်ဖြင့် သူ့မမနှင့် ကိုဖြိုးတို့၏ ချစ်အကြောင်းများဟု သူ ကြေကွဲစွာ နားလည်မိသည်။

"အမယ်လေး...ငါ့သမီးရဲ့၊ တောသူမရုပ်ကို ပေါက်လာတာပဲ"

မေမေ ဒေါ်ခင်ပြုံးရီ၏ စကားကြောင့် နောက်ဘက်မှ နန္ဒနောင်ကို အားနာသလို လှည့်ကြည့်ပြီး...

"မေမေ...ဒါ သမီးသွားတည်းတဲ့အိမ်က ကောင်လေး၊ သမီးကို





လိုက်ပို့တာ"

"ဪ...အေး...အေး"

"ဖေဖေ နေကောင်းရဲ့လား မေမေ"

"အေး... ကောင်းတယ်၊ အရင်အတိုင်းပဲပေါ့"

ဘူတာပြင်သို့ ထွက်လာခဲ့ကြသည်။ မေမေ၏ ဆီဒင်ကားနှင့် ကိုဖြိုး၏ ဆန်နီပစ်ကပ်နှစ်စင်းလုံးက အဆင်သင့်။

"ငါ အိမ်ကို လိုက်သွားရင် အနော်လေး စိတ်ကျဉ်းကျပ်နေတော့မယ်။ ဆောက်ထော်ကအိမ်ပဲ သွားပြီးမှ ဖေဖေ့ကို အေးအေးဆေးဆေး ပြောပြပြီး အနော့်ကိုပါ ပြလိုက်တော့မယ်"

ယင်းအတွေးများဖြင့်...

"မေမေ... ဒါဖြင့် သမီး ညနေမှ လာခဲ့တော့မယ်။ ခုတော့ ကိုဖြိုးနဲ့ လိုက်သွားလိုက်ဦးမယ်နော်"

"အေးပါ"

"မောင်လေးရော"

"ရှိတယ်၊ ဒီနေ့ ဝင်းမင်းတို့အိမ်မှာ ဗွီဒီယိုပြလို့တဲ့ သွားကြည့်နေတယ်"

"ကဲ...ဒါဖြင့် သွားကြစို့လေ... ရှမ်းပြည်လက်ဆောင်တွေ မေမေရေ၊ အင်းထဲက ပေးလိုက်ကြတာ၊ အနော်...ဒီတစ်တောင်း ဟိုကားပေါ် တင်ပေးလိုက်ပါနော်၊ ကိုဖြိုး... ဒါ တို့အတွက်"

တောင်းနှစ်လုံးကို အမွေခွဲဝေ ပေးလိုက်သည်။

ဒေါ်ခင်ပြုံးရီကို နှုတ်ဆက်ပြီး သူ့ကားထွက်မှ ဖြူလှိုင်းမွေးတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြရန် ကားပေါ်တက်တော့ အနောင့်ကို နောက်ခန်းက ထိုင်ခိုင်းရသည်။ မှန်ခြားထားသော ရှေ့ခန်းထဲမှာ ကိုဖြိုးနှင့် လှိုင်းတို့က ထိုင်ပြီးသည်နှင့် ကားထွက်သည်။

နန္ဒနောင်သည်...

သူ့ကို ဥပက္ခာပြုလျက် နောက်ဘက်မှာ ထိုင်စေပြီး ကိုဖြိုးဆိုသူနှင့် စကားတွေ ဝေနေအောင် ပြောနေသော သူ့မမကို ကြေကွဲစွာကြည့်မိသည်။ လေးစားမြတ်နိုးလွန်းရပါသော မမ၏ သွင်ပြင်ကိုသာမြင်နေရသည်။ မှန်ခြားထား၍ စကားသံကို မကြားရ။

"မမက ငါနဲ့ ထိုက်တန်တဲ့နေရာမှာ ထားတာပဲလေ၊ နေရမှာပေါ့၊ ကိုဖြိုးဆိုတဲ့သူဟာ မမနဲ့ ဘယ်လိုများ ပတ်သက်သလဲဆိုတာ ငါခုချိန်ထိ သိခွင့် မရသေးပါလား"

သူ့ရှေ့မှ မမသည် သူနှင့် မိုင်ပေါင်း ကုဋေကုဋာ ဝေးကွာမြင့်မားသော အရပ်မှာ ရောက်သွားသလို ခံစားရသည့် နန္ဒနောင်၏ ကြေကွဲဖွယ် အတွေးများနှင့် ငေးကြည့်နေချိန်မှာ...

ရှေ့ခန်းဆီ၌...

"ဟိုမှာ ပျော်နေတုန်း ပြန်ခေါ်ရတဲ့ငါ့ကို ခွင့်လွှတ်ပါ လှိုင်းရယ်...၊ ငါလည်း ဘာလုပ်ရမှန်းမသိလို့၊ မကြံတတ်လို့ နင့်ကို အားကိုးတကြီး ပြန်ခေါ်ရတာပါ"

"ဒါဆို ချစ်နှင်းဖြူဟာ စစ်ကိုင်းတောင်ရိုးက သမိန်ထောချောင်မှာ တရားကျင့်နေတယ်၊ တစ်နှစ်အဓိဋ္ဌာန်ဝင်နေတယ်ဆိုတာ မဟုတ်ဘူးပေါ့နော်"





"တရားတော့ တကယ်ဝင်ဖြစ်တယ်တဲ့၊ ဒါပေမယ့် လှိုင်းရယ်... သံဝေဂကြောင့် မဟုတ်ဘဲ၊ သောကကြောင့်ပဲ၊ သူဘယ်မှာ တရားရနိုင်ပါ့မလဲ"

"အင်း...ဆက်ပြောပါဦး၊ ခု မန္တလေးမှာပဲလား"

"အေး...ငါလည်း နင်မရှိတော့ ယောင်လည်လည်နဲ့ပေါ့၊ ချစ်ကိုလည်း သိပ်လွမ်းလွန်းလို့ တစ်ခါလိုက်သွားတာ၊ သူ့ကို မဆက်သွယ်ပါဘူး။ ငါ့ညီ တစ်ယောက်ကို စုံစမ်းခိုင်းတာပါ"

"အင်း... ဒီတော့"

"စစ်ကိုင်းချောင်မှာ မရှိတော့ဘူး။ မကျန်းမာလို့ မန္တလေးမှာ ဆေးသွားကုနေတယ်တဲ့ ဘယ်လိုမေးလို့မှ မရဘူး"

"နင်ကိုယ်တိုင် မေးတာလား ကိုဖြိုး"

"အေး ပြင်ဦးလွင်က ငါ့ညီနဲ့ ငါနဲ့ လိုက်သွားပြီး ချစ်ရဲ့ကြီးကြီးဒေါ်စုစုကို ငါကိုယ်တိုင် သွားမေးတော့လေ..."

"အင်း... ဘာပြောလဲ ဟင်"

"အားပြတ်သလိုဖြစ်ပြီး ရောဂါရတာတဲ့၊ မျက်စိတွေ အသားတွေ ဝါပြီး အစာစားတိုင်း အန်တာပဲတဲ့၊ ဒါနဲ့ မန္တလေးက ဆေးတနာဂျင်တစ်ယောက်က ဆေးကုပေးဖို့ ခေါ်သွားတာတဲ့၊ သူ့အဖေနဲ့ကလည်း လုံးဝ မဆက်သွယ်ဘူးတဲ့၊ ဒီတော့...ငါက ငါတွေ့ပါရစေလို့၊ ငါလေအဲဒါ ယောဂီအမျိုးသမီးကြီးကို ရှိခိုးပြီး တောင်းပန်မိပါတယ်"

"အို...ကိုဖြိုးရယ်"

မျက်မှန်ချွတ်ပြီး... ကားမောင်းရင်း မျက်ရည်များကို သုတ်ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်...သူဟာ သူတော်ကောင်းတရားကို အားထုတ်နေတဲ့ ယောဂီမို့ ကတိတစ်လုံးကို မဖျက်ပါရစေနဲ့တဲ့"

"ဟင်"

"ချစ်နှင်းဖြူ အတန်တန် တောင်းပန်ပြီး အထပ်ထပ် ကတိတောင်းသွားလို့ သူရှိတဲ့နေရာကို မပြောနိုင်တာ ခွင့်လွှတ်ပါသားရယ်တဲ့"

"ဒါနဲ့ နှင် ပြန်လာတာလား"

"အေး... ပြန်လာရတာပေါ့၊ ဒါပေမယ့် ပြင်ဦးလွင်မှာရှိတဲ့ ငါ့အဖေရဲ့ ညီ... ဆရာဝန်ရဲ့သား... ငါ့ညီက စုံစမ်းတော့ အဲဒီဇရပ်ရှင်က ကယ်သွားတာတဲ့၊ ဇရပ်ရှင်က လက်ဆည်ကန်မှာ နေတာတဲ့၊ သူသိပြီတဲ့"

"ဟုတ်လား"

"အေး...အဲဒါ အစ်ကိုတွေ့ချင်ရင် စုံစမ်းပေးမယ်လို့ ဖုန်းဆက်တာနဲ့ ငါလည်း နှင့်ဆီ သုတ်ခြုံးရိုက်လိုက်တာ"

"အေး...ဒါ သတင်းကောင်းပဲ၊ နှင် လိုက်သွားသင့်ပြီ ကိုဖြိုး"

"ငါတစ်ယောက်တည်း ရှင်းပြရင် ချစ် ယုံချင်မှယုံမှာ။ ပြီးတော့ သူပြောတဲ့ တစ်နှစ်ကလည်း မပြည့်သေးဘူးလေ၊ ဒါကြောင့် ငါနဲ့အတူ နှင်ပါလိုက်ခဲ့ပေးပါ လှိုင်းရယ်"

"လိုက်မယ်...လိုက်ပါ့မယ် ကိုဖြိုး၊ မငိုပါနဲ့ဟာ"

"တို့နှစ်ယောက် အတူတောင်းပန်ကြရအောင်ပါနော် လှိုင်း..."

"ငါ ချစ်နှင်းဖြူရဲ့ ခြေကိုဖက်ပြီး တောင်းပန်ပါ့မယ် ကိုဖြိုးရယ်၊





ငါကယ်တော့ နှင်တို့နှစ်ယောက် ခုလို အသည်းကွဲမတတ် ခံစားနေကြတာတွေဟာ... ငါ့ကြောင့်ပါ ကိုဖြိုးရေ"

ရန်ကုန်မြေကို ပြန်ရောက်ပြန်တော့လည်း ခံစားမှုဟောင်းများသည် ပြန်လည်ရှင်သန်လာခဲ့ပြီ၊ အင်းအေသဖြင့် ပျော်ရွှင်မှုများလည်း ပျောက်ဆုံးရပါပြီ။

ဘောက်ထောက် ပြည်သာယာရှိ ခြံဝင်းနှင့် တိုက်ကြီး၏ ခြံဝင်းအောက် ရောက်ရှိကြချိန်မှာ ကိုဖြိုးရော၊ လှိုင်းရော၊ ငိုလို့ပါ။

ပြဿနာသည် အထွတ်အထိတ်မှာ ရောက်နေချေပြီ၊ ချစ်နှင်းဖြူ၏ အသက်ကို ကယ်ဆယ်နိုင်ဖို့အတွက် အချိန်မီ နှစ်ယောက်သား နန္ဒလေးသို့ သွားတန် သွားရပါလိမ့်မည်။ အတွေး တို့သည် ယောက်ယက်ခတ်နေသဖြင့် နန္ဒနောင်ကို အရေးတယူ မရှိနိုင်တော့သလို ဖြစ်ခဲ့ရသည်။

"ထိုင်...အနောင်ရေ၊ ဒါ မမလှိုင်း နေတဲ့အိမ်ပဲ၊ နောင်ကျရင် အိမ်ပိုင်ရှင် ဘယ်သူလဲဆိုတာ သိလာရမှာပေါ့ကွယ်"

ဆိုဖာပေါ်တွင် နန္ဒနောင်ကို ထိုင်ခိုင်းခဲ့ပြီး အိမ်နောက်ဖေးသို့ ဝင်ခဲ့သည်။ အိမ်ရှင်မ မရှိသော တိုက်ကြီးတစ်ခုလုံး ဖုန်အလိမ်းလိမ်း၊ ပင့်ကူမျှင်တို့က ယှက်နွှယ်လျက်...

ဖြူလှိုင်းဖွေးနှင့် ဖြိုးမြင့်ဇေတို့သည် ထမင်းစားခန်း စားပွဲမှာ ထိုင်လျက် ချစ်နှင်းဖြူ၏ကိစ္စကို ဆွေးနွေးနေကြချိန်မှာ...

နန္ဒနောင်သည်...

နာကျည်းခံပြင်းစိတ်များ စတင်ဖြစ်ထွန်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမအတွက် ကိုဖြိုး ဆိုသူမှာ သူ့ထက် အဆပေါင်း ရာထောင်မကသာအောင် အရေးထားရသောသူဟု သူနားလည်လာရပြီ။

သူတို့နှစ်ဦး၏ အလွမ်းသယ် မျက်ရည်များကိုလည်း မြင်တွေ့ရပါပြီ။

"အနောင့်ရဲ့ ထုထည် အကြီးမားဆုံး မေတ္တာတရားတွေကို မမ သိပါတယ်ဗျာ၊ အနောင် မမကို ဘယ့်လောက် စွဲလမ်းနေတယ်၊ ဘယ်ထိအောင် ချစ်မြတ်နိုးနေပါတယ်ဆိုတာ မမ သိနေလို့ အနောင့်ကို တမင် ခေါ်လာပြပြီး နှိပ်စက်နေတာလားဗျာ"

ကြိတ်မနိုင် ခဲမရမို့ ခံစားရခက်လွန်းသော နာကျင်မှုများ ရင်၌ တလှိုက်လှိုက် ဖြစ်ထွန်းနေချိန်တွင်...

"ဒီခြံက ဖြူလှိုင်းဖွေး ပြန်လာပြီလားဟင်"

အမျိုးသမီးတစ်ယောက်၏ အသံကြောင့် လှည့်ကြည့်ပြီး ဘာမှ မဖြေဖြစ်မီ...

"လှိုင်းလေ...ကိုဖြိုးမိန်းမ ပြန်ရောက်ပြီလားလို့"

"ဗျာ"

ထိုင်ရာမှ ခြေစုံထရပ်လိုက်မိသည်။ ဖြစ်နိုင်ပါလျှင် ဤစကြဝဠာမှ လွင့်စဉ်သွားအောင် ထွက်ပြေးနိုင်သော အားအင်များ ရရှိချင် သည်။

"ဩော်... အသံကြားလို့ ထွက်လာတာ၊ မမခိုင်ပါလား လာလေ"

"မထိုင်တော့ဘူး။ လှိုင်းကားပေါ်က ဆင်းလာတာ မြင်လို့ လာနှုတ်ဆက်တာ"





"ဟုတ်ကဲ့ မမခိုင်၊ ကျေးဇူးပါပဲ"

"ဘာလို့နယ်ကွယ်၊ ရခါစ ယောက်ျားကို ဒီလိုပဲ တစ်ယောက်တည်း အကြာကြီး ထားခဲ့ရသလား"

"ဟာ... မမခိုင်ကလည်း"

"ကိုဖြိုးဖြင့် လှိုင်းကို လွမ်းရှာလွန်းလို့ တမှိုင်မှိုင်နဲ့၊ ကဲ...ကဲ... ဇနီးမောင်နှံနှစ်ယောက် အလွမ်းသယ်ကြပါဦး၊ မမခိုင် သွားတော့မယ်နော်"

ကိုဖြိုး ထွက်မလာ...

ဟိုဘက်ခြံမှ မမခိုင်ကို နှုတ်ဆက်ပြီး ပြန်လှည့်လိုက်ချိန်မှာ...

"ဟယ်...အနောင်"

ဒီလောက် ဒေါသတရားကြီးစွာ ရက်စက်နာကျည်းစွာ ဖြစ်ထွန်းနေသော လူတစ်ယောက်၏ မျက်နှာကို ဖြူလှိုင်းဖွေး မမြင်ဖူးသေး။

"ကျုပ် ပြန်မယ်"

သူ့အိတ်ကို ကောက်ဆွဲလွယ်လျက် ထွက်ခွာတော့မည့် အနောင့်ကို ဖြူလှိုင်းဖွေး အတင်းလိုက်ဆွဲပြီး...

"မပြန်ရဘူး အနောင်၊ ရန်ကုန်မှာ မသွားတတ်၊ မလာတတ်နဲ့ ဒီမှာ အနောင့်ကို မမ ပြောစရာတွေရှိတယ်၊ ထိုင်စမ်းပါဦး"

"ကျုပ်ကို မဆွဲနဲ့"

"အနောင်ကလည်းကွယ်၊ မဟုတ်တာ...လာစမ်းပါ"

သူ့လက်မောင်းကို အားနှင့်ဆွဲလိုက်ချိန်မှာ အရပ်ရှည်မြင့်၍ ခွန်အားဗလ ကောင်းလွန်းလှသော နန္ဒနောင်သည် လက်ကို ရုန်းရင်း ဆောင့်တွန်းလျက်...



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းဗျာ"

"ဝုန်း"

"အမယ်လေး"

ဆိုသော အသံများက ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

နန္ဒနောင် တွန်းလိုက်သဖြင့် ဖြူလှိုင်းဖွေးမှာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပက်လက်လန် လဲကျသွားတော့သည်။

"ဟင်...ဘာဖြစ်တာလဲ၊ ဟေ့ကောင်၊ မင်းဘာလုပ်လိုက်တာလဲဟင်"

"ကိုဖြိုး...မလုပ်နဲ့...မလုပ်နဲ့၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး"

နန္ဒနောင်သို့ တိုက်ခိုက်တော့မည့် ကိုဖြိုးသို့ အသံကုန်အော်ဟစ်ပြီး...

"တံခါးပိတ်လိုက်စမ်းပါ ကိုဖြိုး၊ သူ့ကို လှိုင်း ပြန်မလွှတ်နိုင်ဘူး။ ပြီးတော့ ကိုဖြိုး... အပေါ်ခဏ တက်နေပေးပါ"

ဖြိုးမြင့်ဝေသည် ဖြူလှိုင်းဖွေး ခိုင်းသမျှ အကုန်လုပ်ပြီး အိမ်ပေါ်သို့ တက်သွားသည်အထိ ဖြူလှိုင်းဖွေး မထနိုင်သေး။ ခါးအောက်ပိုင်း တစ်ခုလုံး နာကျင်လှသည်။ မနည်းအားခဲ၍ ထပြီး နန္ဒနောင်၏ လက်ကလေးကို ဆွဲလျက်...

"မမကို ဒီလောက်တောင်ပဲ ရက်စက်နိုင်တယ်လား ဟင် အနောင်"

"မမ နာတာထက် ဒီကောင့်ရင်ကို ဓားနဲ့ခွဲသလို ခံစားနေရပါတယ်ဗျာ၊ ကျွန်တော့်ကိုရော ဘာလို့ ဒီလောက် ရက်ရက်စက်စက်ကြီး အရူးလုပ်ရတာလဲ မမရယ်၊ အနောင် သွားပါရစေတော့ဗျာ"





သည်တစ်ခါကျလာသော နန္ဒနောင်၏ မျက်ရည်များက အလျှဉ်မပြတ်တော့။

"မမဟာ အကျင့်စာရိတ္တ ပျက်လောက်အောင် ယုတ်မာတဲ့ မိန်းမတစ်ယောက် မဟုတ်ရပါဘူးကွယ်၊ လာပါ ကလေးရယ်၊ မမ ရှင်းပြပါရစေနော်"

သူ့ကြောင့် နာကျင်သွားရုံမက သူ့မမ၏ မျက်ဝန်းမှာ မျက်ရည်တွေ တွေ့လိုက်ရတော့...

"မမ ဘယ့်လောက် ရက်စက်ပေမယ့် အနောင် မရက်စက်နိုင်ပါလားဗျာ"

"မမလည်း မရက်စက်ရပါဘူး မောင်လေးရယ်၊ မမ ပြောဖူးခဲ့ပါတယ်နော်၊ မမ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးပါဘူးလို့"

အနောင် ဘာမှမဖြေ...

"ဒီလိုပဲ မမမှာ ပိုင်ဆိုင်သူလည်း မရှိပါဘူး အနောင်၊ ပြီးတော့ အနောင့်ကိုလည်း မမ သိပ်တွယ်တာ နေတယ်ဆိုတာ အနောင်သိပါတယ်၊ မဟုတ်လားကွယ်"

"သိတယ်...ဒီကလည်း မမကို သိပ်ချစ်တယ်၊ ဒါပေမယ့် ခင်ဗျားကို မရလို့ အသည်းနှလုံးကွဲပြီး သေသွားစမ်းပါစေဗျာ၊ သူများ မိန်းမကို ကြဲလောက်အောင်တော့ မယုတ်မာနိုင်ဘူး"

"အနောင်... မမ မောင်လေး"

ကွယ်လွန်သူ ကိုသန်းလှိုင်၏ စေးစာသားအတိုင်း "ကြင်နာခြင်း တစ်ဝက်၊ ရှုပ်ထွေးခြင်း တစ်ဝက်" ဖြင့် ကြည့်နေသော နန္ဒနောင်သို့...



www.burmeseclassic.com

www.burmeseclassic.com



"အများအမြင်မှာ မမဟာ ကိုဖြိုးရဲ့ ဇနီးတစ်ယောက်ပါ၊ ဒါပေမယ့် မမတို့နှစ်ယောက်ဟာ ပြန်လည် ကွာရှင်းထားကြတယ်၊ တစ်ခါမှလည်း အတူတကွ မနေကြပါဘူး"

ပိုမိုရှုပ်ထွေးသော အကြည့်ဖြင့် ကြည့်နေသော နန္ဒနောင်သို့...

"မမနဲ့ ကိုဖြိုးရဲ့ နှစ်ယောက်ကြားမှာ ကိုဖြိုးသိပ်ချစ်တဲ့ ချစ်နှင်းဖြူဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ တံတိုင်းကြီးတစ်ခုလို ခြားထားပါတယ်၊ အဲဒီတံတိုင်းကိုလည်း ကိုဖြိုးရဲ့ အကြီးမားဆုံး သစ္စာတရားတွေနဲ့ ထောက်မကာဆီးထားပါတယ်"

"ကျွန်တော် ဘာကို နားလည်ရမှာလဲ မမရယ်"

"မမ ပြောလို့တော့ ဘာမှကို အနောင် နားလည်မှာ မဟုတ်ဘူး၊ ချစ်နှင်းဖြူနဲ့ ကိုဖြိုးတို့ ချစ်သူနှစ်ဦးရဲ့ အထောက်အထားတွေ၊ တရားဝင်စာချုပ်စာတမ်းတွေကို ပြပြီး ကိုဖြိုးကိုယ်တိုင် သက်သေအဖြစ်နဲ့ ပါဝင်ပြောပြစေရပါ့မယ် အနောင်ရယ်"

မျက်ရည်ခန်းစ နီးမြန်းသော မျက်ဝန်းများဖြင့်သာ ငေးကြည့်နေသည်၊ ဘာမှ မပြောရှာ...

"မမရဲ့ ကြီးမားလွန်းတဲ့ စေတနာကြောင့်၊ ကြီးမားလွန်းတဲ့ ဝေဒနာတွေ ရစေခဲ့တယ်ကွယ်၊ ဒါတွေကို ဖြေမဆည်နိုင်လို့ မမ အင်းလေးကို ရောက်လာခဲ့တာပါ၊ ပြီးတော့လည်း..."

သက်ပြင်းမောတစ်ရှိုက်ချပြီးမှ...

"အနောင့်ကို ဖေဖေနဲ့ တွေ့ပေးပြီး အနောင့်ရဲ့ ရပိုင်ခွင့်တွေကို မမ ပေးဆဲက်ဦးမှာပါ"





"ကျွန်တော် ဘာမှ နားမလည်ပါလား မမရယ်"

"ပထမဆင့် အနေနဲ့ မမဟာ အနောင့်ကို အရှုးလုပ်တာ မဟုတ်ရပါဘူးလို့ အရင် ဖြေရှင်းမယ်၊ လာအနောင်..."

အောက်ထပ်မှ ကိုဖြိုး၏အခန်းသို့ ခေါ်သွားပြီး...

**"သစ္စာသည်သာ ငါ၏ကိုးကွယ်ရာ"**

ဆိုသော စာတန်းအထက်မှ ဓာတ်ပုံကို ညွှန်ပြ၍...

"ဒါ ကိုဖြိုးသိပ်ချစ်တဲ့ သူ့ရဲ့ အချစ်ဦး ချစ်နှင်းဖြူတဲ့ အနောင်..."

"ဟင်"

"သူဟာ သူ့ချစ်သူအတွက် သစ္စာတရားကို ကိုးကွယ်ရာတစ်ခုလို ပူဇော်ရင်း ချစ်နှင်းဖြူကို စောင့်နေရှာတာပါကွယ်"

"ဩော်"

"ဒီအဖြစ်ပျက်တွေ အစက အဆုံးထိ အနောင့်ကို ကိုဖြိုးနဲ့အတူ မမ ပြောပြမယ်နော်"

"လာပါ မမရဲ့ အနောင်လေးရယ်၊ မမရဲ့ အချစ်ဆုံးငယ်သူချင်းဘဝမှာပဲ ထာဝရရှိနေရှာတဲ့ ကိုဖြိုးဆီကို သွားကြရအောင်ပါနော်"

နန္ဒနောင်၏လက်ကို ကြင်နာစွာ တွဲလျက် တက်လာသောလှိုင်းကို ကြည့်ပြီး ဖြိုးမြင့်ဝေလည်း သူတို့နှစ်ဦး၏ သမုဒယကိုနားလည်စွာဖြင့် အသေးစိတ် ရှင်းပြရန် စောင့်နေရှာပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်နှစ်

"ဖေဖေ...ဒီမှာ နန္ဒနောင်ကို သမီး ခေါ်လာပါပြီ"

ပြန်ရောက်ပြီး အကြောင်းစုံ တစ်ခေါက်ပြောပြီးမှ နန္ဒနောင်ကို အိမ်သို့ ခေါ်လာခဲ့ခြင်းပါ။ နန္ဒနောင်ကဖြင့် ဘာမှ မသိရှာသေး။

"ဩော်...ဒါ...ဒါ ဦးအေးနောင်ရဲ့ သားလေးလား၊ သူ့သား လေးလား"

"အို... ဖေဖေ"

နန္ဒနောင်၏လက်ကို လှုပ်ရှားနိုင်သော သူ့လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး ရှိုက်ငိုတော့သည်။ လေဖြတ်ထားသူတို့သည် စိတ်ကိုပါ မထိန်းသိမ်းနိုင်တတ်ကြ။

"မင်း... လူမဖြစ်စေရဘူးလို့ ကျိန်စာဆိုခဲ့တဲ့အတိုင်း ဦးလေး လူထဲဝင်လို့မရတဲ့ဘဝကို ကြည့်ပါတော့ကွယ်"

"အို... ဖေဖေကလည်း၊ ဒါတွေ ဘာလို့ ပြောနေတာလဲ၊ ကဲပါ... ဒါတွေလည်း ပြောမနေနဲ့။ ငိုလည်း မငိုပါနဲ့တော့။ ပြီးတာတွေ ပြီးပြီပဲ။ အနောင် ယုံကြည်အောင် ပြမယ်ဆိုတဲ့ ဖေဖေရဲ့ စာချုပ်စာတမ်းတွေ





ဟိုဆေ့(ဖ်)ထဲမှာ မဟုတ်လား။ ပေး... သမီးကို သော့..."

ခေါင်းအုံးစွန်းမှ သော့ကိုယူပြီး မီးခံသေတ္တာကို ဖြုလှိုင်းဖွေး သွားဖွင့်နေသည်။

နန္ဒနောင်မှာ ဘာကိုမှ နားလည်နိုင်စွမ်း မရှိပါဘဲနှင့် ဟိုကြည့် သည်ကြည့်ဖြင့် ကြောင်ကြောင်စီစီ ဖြစ်နေရှာသည်။

မီးခံသေတ္တာထဲတွင် ဖေဖေ၏ ဒိုင်ယာရီများ၊ မှတ်တမ်းများ၊ စာအုပ်များ၊ စာချုပ်များမှလွဲ၍ ဘာမှမရှိ။ အောက်ထပ် မေမေ၏ အခန်းထဲ၌သာ စိန်ရွှေရတနာ အရောင်းဝယ်ပစ္စည်းများ၊ ငွေများကို ထားရှိလေသည်။ မေမေသည် စီးပွားရေးကို ဦးစားပေးရှာန်းသည်။ ဖောက်ပြားတတ်ခြင်းမရှိ။ ဤသည်မှလွဲလျှင် ဖေဖေ့ကို လုံးဝဂရုမစိုက် တော့။ ကြိုက်သလောက် ငွေကုန်ပါစေ...၊ ပြုစုသူ နှာစေး ကုသ ပေးခြင်းများတော့ လုပ်ပါ၏။

"မရှာတတ်လို့ စာချုပ်တွေ အထပ်လိုက် ထုတ်လာခဲ့ပြီ ဖေဖေ"

"ဖေဖေ့ကို ထုစမ်းသမီး"

ဖြုလှိုင်းဖွေး မထုရမီ နန္ဒနောင်က သွက်လက်စွာ ထ၍ ထူပွေ့ပြီး ဖေးမပေးထားပါ၏။

ဦးသောင်းထိုက်မှာ စာချုပ်များကို လက်တစ်ဖက်နှင့် ရှာဖွေပြီး—

"သမီး သူ့ကို ဘာမှ မပြောရသေးဘူးလား"

"ဟုတ်ကဲ့...ဖေဖေ၊ မပြောရသေးဘူး"

"ဒါဆို အရင်ပြောပြလိုက်ပါ။ ဖေဖေ့မှာ ပြောနိုင်တဲ့အင်အား မရှိတော့ပါဘူး သမီးရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးနှင့် ပတ်သက်၍ အရင် အံ့ဩစဉ်ကလို နာကျည်းခက်ထန်ခြင်းမရှိ။ သားအဖနှစ်ယောက်ကြားမှာ စိတ်မကောင်းသောမျက်နှာလေးနှင့် ဟိုငေးလိုက်၊ ဒီကြည့်လိုက်။

"ဒီလို အနောင်ရေ၊ အတိုချုံးပြီး ပြောမယ်ဆိုရင်တော့ အနောင်ရဲ့ ဖေဖေဟာ သားလေးအနောင့်အတွက် ရည်ရွယ်ပြီး ငယ်ငယ်တည်းက တိုက်တစ်လုံး ဝယ်ထားပေးခဲ့တယ်"

"ခင်ဗျာ... ကျွန်တော့်အတွက်..."

"ဟုတ်တယ် အနောင်၊ အဲဒါကို မကျန်းမမာဖြစ်နေတဲ့ အနောင့်ရဲ့ ဖေဖေဆီက တရားသဖြင့်နည်းနဲ့ မဟုတ်ဘဲ မမရဲ့ ဖေဖေက ယူခဲ့သတဲ့ကွယ်"

"ဟုတ်ပါတယ် ငါ့တူရယ်၊ မင်းအဖေ ကျိန်စာတိုက်သွားလို့ ဦးလေး ဘဝကိုသာ ကြည့်ပါတော့"

"ဟာ... ဦးလေးကလည်းဗျာ..."

"ဟုတ်သားပဲ... ဖေဖေကလည်း၊ ဘာတွေ ပြောနေတာလဲ၊ ဘယ်မှာလဲ စာချုပ်၊ တွေ့ပြီလား"

"ဒီ...ဒီမှာပါ"

"ဟုတ်ပါရဲ့၊ ဒီမှာ... အနောင်၊ စာချုပ်သဘောတွေ မမတော့ နားမလည်ဘူး။ အုပ်ထိန်းသူက ဦးအေးနောင်၊ အမွေဆက်ခံမယ့်သူက နန္ဒနောင်ပေါ့"

"ဟုတ်ကဲ့..."

"အဲဒါကို ဖေဖေကနေပြီး လိမ်လည် လက်မှတ်ထိုးစေခဲ့တယ် ဆိုပါတော့ကွယ်၊ ဒါနဲ့ပဲ အနောင်ရဲ့ခြံနဲ့ တိုက်ဟာ မမအတွက်





ဖြစ်လာတယ်။ အခု ဘောက်ထော်က တိုက်ကြီးဟာ အနောင်ရဲ့ တိုက်ကြီးပါ"

"ခင်ဗျာ..."

"အဲဒါကို ပြန်ပေးချင်လို့ မမကိုယ်တိုင် အင်းထဲမှာ အနောင့်ကို လာရှာတာပေါ့"

"အို...ခု မမ နေတဲ့ တိုက်ကြီး..."

"ဟုတ်တယ် အနောင်၊ အဲဒါကို အနောင့်ကို ပြန်ပြီး လွှဲအပ်ပေးပါမယ်"

"ဟာဗျာ... မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ် အနောင်ရယ်...၊ ဖေဖေကလည်း ဒီအကြောင်းတွေကို ဖွင့်ဟ ဝန်ခံခဲ့ပြီး အနောင့်ကို ပေးချင်တယ်။ မမလှိုင်းတို့လည်း ဆင်းပေးမှာပါ"

"ဟင်..."

"အနောင် ဘာလို့ ဒီလောက် အံ့ဩနေရတာလဲ"

"မယုံကြည်နိုင်လွန်းလို့ပါ မမရယ်..."

"ကာယကံရှင်တွေ ကိုယ်တိုင် ပြောနေတာပါ။ ဒီမှာကြည့်၊ ၁၉၆၀ ခု ကျော်ကျော်ပိုင်းက စာချုပ်စာတမ်းတွေ၊ အနောင် ယုံပြီလားဟင်"

"ယုံတော့ ယုံပါပြီ။ ဒါပေမယ့်... ဒီလောက်ကြီးကျယ်တဲ့ သိန်းချီတန်တယ်ဆိုတဲ့ တိုက်ကြီးဟာ အနောင်နဲ့ မထိုက်တန်သလိုပဲဗျာ၊ အနောင် မယူဘူး။ မမလှိုင်းပဲ နေပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကသာ ငြင်းမယ်ဆိုရင် ဦးလေး အသေဖြောင့်တော့မှာ မဟုတ်ပါဘူးကွယ်"

ဦးသောင်းထိုက် ငိုပြန်ချေပြီ။ လှိုင်းက နန္ဒနောင်နားနားသို့ ကပ်ပြီး လေသံတိုးဖြင့်...

"ကဲပါ...အနောင်ရယ်၊ နောက်တစ်ပိုင်း မမနဲ့ ရှင်းကြမယ်။ ခုတော့ ဖေဖေစိတ်ချမ်းသာအောင် ယူမယ်လို့ ပြောလိုက်စမ်းပါ"

နန္ဒနောင်သည် ဦးသောင်းထိုက်ကို အိပ်ရာထဲသို့ ညင်သာစွာ ပြန်လည်ပွေ့လှဲပြီး...

"ကဲပါ...ဦးလေး၊ ကျွန်တော် မမလှိုင်းနဲ့ ညှိနှိုင်းပြီး ပြန်ယူပါ့မယ်။ ဖြစ်ပြီးခဲ့သမျှတွေလည်း ဖေဖေ့ကိုယ်စား ကျွန်တော်က ခွင့်လွှတ်ပါတယ်။ ဒါဆို ဖေဖေလည်း ရောက်လေရာဘဝက ကျေနပ်မှာပါဗျာ၊ ကျွန်တော့်ကို ခုလို ပေးတဲ့အတွက် ကျေးဇူးတင်တဲ့အနေနဲ့ ကျွန်တော် ကန်တော့ပါတယ်၊ ဦးလေး စိတ်ချမ်းသာပါတော့ခင်ဗျာ..."

နန္ဒနောင်သည် နဂိုကပင် လိမ္မာယဉ်ကျေးရုံမက ကိုးနွံရိုကျိုးသော ကောင်လေးတစ်ယောက်ဖြစ်၍ သူ ထိုင်ကန်တော့သည်ကို ကြည့်ပြီး သားအဖနှစ်ယောက်လုံး သနားကြင်နာခြင်းကြီးစွာ ဖြစ်ကြရပါပြီ။

မျက်ရည်တွေတွေကျလျက် ဖေဖေ့မျက်နှာ ပြုံးလာသည်။ ဦးအေးနောင်ကို ပေးဆပ်ရန်ရှိသော ဝဋ်ကြွေးများ ပေးဆပ်ပြီးလေပြီဟူသော အသိဖြင့် ဖေဖေ ကြည်နူးနှစ်သိမ့်စွာ ပြုံးနေပါ၏။

စာချုပ်များ ယူခဲ့ပြီး ဟိုတုန်းက အဖြစ်ပျက်များ၊ လက်ရှိ အခြေနေများ၊ အင်းထဲ အတွေ့အကြုံများကိုပြောပြီး လှိုင်းဖွေးတို့ နှုတ်ဆက်လျက် ဖေဖေ့အခန်းတွင်းမှ ထွက်ခဲ့ကြတော့မှ ဖေဖေ၏အစောင့်က အခန်းတွင်းသို့ ဝင်သွားတော့သည်။





"မမ"

"ဟင့်"

"စောစောက ပြောတာတွေ တကယ်လား။ ဦးလေး စိတ်ချမ်းသာအောင် ဟန်လုပ်ပြတာလားဟင်"

"ဩော်... တကယ်ပေါ့ကွယ်၊ အနောင်ကလည်း။ မမတို့က အနောင့် တိုက်ကြီးပေါ်မှာ ခေတ္တ ခိုလှုံနေရသူတွေပါရှင်"

"တကယ် မယုံနိုင်စရာပဲနော်"

"ပေါင်ဆယ်နဲ့ ဒေါ်လေးသိရင်လည်း ဝမ်းသာကြမှာပါ"

"မမ"

"ဟင်"

"ဒါဆို အစ်ကိုဖြိုးရဲ့ ချစ်သူ မန္တလေးက ချစ်နှင်းမြကို သွားခေါ်ကြမယ်လေနော်၊ ပေါင်ဆယ်နဲ့ အမေ့ကိုလည်း အလည်ခေါ်မယ်နော်၊ ပြီးတော့လေ..."

"အင်း... ဘာဖြစ်လဲ"

"မမနဲ့ အနောင်ပါ အတူတူ အားလုံး ဒီတိုက်ကြီးမှာ နေကြရအောင်ပါနော်"

"အောင်မယ်... ပြောလိုက်တာ အပိုင်"

"သိပါတယ်ဗျ၊ ဟောဒီ မျက်လုံးလေးတွေ၊ ဒီအပြုံးလေးတွေက ဒီကောင်ချစ်တာရဲ့ ထက်ဝက်လောက် ပြန်ချစ်နေပါပြီဆိုတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ချေးကောင်လေး.. ဟိတ်... အနောင်၊ မကဲနဲ့၊ အောက်က မြင်ကုန်ကြမယ်၊ လာပါ... အိမ်ပြန်ကြစို့"

လှမ်းဖက်သော သူ့လက်ကို တွန်းဖယ်ဆွဲယူလျက် လက်တွဲပြီး လှေကားပေါ်မှ ဆင်းသက်ခဲ့ကြသည်။

ပြန်ရန် နှုတ်ဆက်ပြီး နန္ဒနောင်ပင် ကားပေါ်သို့ ထိုင်မိချိန်မှာ...

"လှိုင်း... ခဏလာဦး"

"ဘာလဲ မေမေ"

"ဒီကောင်လေးက ဘာလို့ သွားလေရာ တကောက်ကောက် ပါနေရတာလဲ"

"သမီးရဲ့ ဖေဖေဆိုတာကို လာပြတာပါ မေမေ"

"မိလှိုင်း"

"မေမေ"

"ဒီကောင်လေးနဲ့ အနေအထိုင် နည်းနည်းဆင်ခြင်စမ်း၊ ကိုယ်က အပျိုမှ မဟုတ်တာ၊ အိမ်ထောင်သည်ဆိုတာ ပိုပြီး ဆင်ခြင်ရတယ်... နားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ မေမေ"

မျက်နှာသေလေးလုပ်ပြီး မေမေ့ရှေ့မှ ထွက်လာခဲ့ရပြီးနောက် ရင်ထဲမှ ရယ်ချင်စိတ်တို့ကို မနည်း ထိန်းထားရသည်။

ကိုဖြိုး၏ ဆန်နီပစ်ကပ်ပင် စီးစရာရှိ၍ လှိုင်းကိုယ်တိုင် မောင်းပြီး ကျောက်ကုန်းမှ မဝေးလှသော ဘောက်ထော်အိမ်သို့ ပြန်ခဲ့ကြရပါ၏။





"မိန်းမကမောင်းပြီး ယောကျာ်းကစီးတာ ရှက်စရာကြီးနော်၊ အနောင့်ကို ကားမောင်းသင်ပေး မမရာ"

"အင်းလေးမှာတုန်းက အနောင်က လှေလှော်၊ မမကစီး၊ အခု... မမက ကားမောင်း...အနောင်ကစီး၊ ကြေပြီ"

"မကြေသေးပါဘူး၊ ကြွေးတွေ အများကြီး ကျန်သေးတယ်"

"ဘာကြွေးလဲ"

"အနောင် အများကြီး ချေးငှားပေးဆက်ထားတဲ့ မေတ္တာကြွေးတွေ"

"တဖြည်းဖြည်းချင်း ဖွဲ့ဆပ်ပါ့မယ်ရှင်"

"တစ်စက္ကန့်ကို တစ်နမ်းလောက်ရရင် အသက်တစ်ရာ နှစ်ဆယ်ဆို ကြေလောက်ပါတယ်"

"ကဲ..."

ကားမောင်းရင်း သူ့ပေါင်ကို တစ်ချက် လှမ်းထုလိုက်မိသည်။

နန္ဒနောင်၏ ကြည်နူးမှုရယ်သံလေးသည် တေးသံစဉ်လေးလို သာယာနာပျော်ဖွယ်အတိ ရှိလှပါဘိသည်။

"အစ်ကိုဖြိုးကြီး အိမ်ရှေ့မှာ ထိုင်နေတယ်"

"သူ မန္တလေးကိုသွားဖို့ စီစဉ်နေပြီလေ"

"သနားပါတယ်ဗျာ၊ သူ ချစ်နှင်းဖြူကို သူတကယ် ချစ်တာ မမ... မမတို့အိမ်သွားနေရင် သူက အနောင့်ကို အမြဲပြောပြနေတာ ချစ်နှင်းဖြူကို ဘယ်လို ချစ်ရကြောင်း၊ လှိုင်းက ဘယ်လို [illegible] ကြောင်းတွေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"နောက် မမကိုလည်း သူတကယ်အားကိုးတာ။ သူငယ်ချင်းတစ်ယောက်ထက် လွန်ကဲပြီး အစ်မအရင်းတစ်ယောက်လို ချစ်တယ်လို့ အနောင်သိပြီ မမ"

"ဟင်း...ဟို နေ့က လူကို ဆောင့်တွန်းလိုက်တာ ခုလိ ခါးထဲက နာတုန်း... မကျေပါဘူး"

"ကျေပါဗျာ... အဲဒီကြေးကို စောစောကလို ဖဲ့ဆပ်မယ်လေ"

"သွားစမ်းပါ။ ဒီကတော့ သူ့ကို ဒီလိုနာကျင်အောင် မလုပ်ရက်ပါဘူး"

"ချစ်လွန်းလို့ ပေါက်ကွဲသွားရတာပါ မမရာ"

ဖြူလှိုင်းဖွေး ဘာမှ ပြန်မဖြေတော့။ ကားကို ရပ်လိုက်ပြီး အိမ်ရှေ့မှာ ထိုင်နေသော ကိုဖြိုးဆီသို့ လျှောက်သွားပြီး...

"ကိုဖြိုး ထမင်းစားပြီးပြီလား"

"ဟင်အင်း... ဒါနဲ့ ဟိုကိစ္စ ပြေလည်ခဲ့ပြီလား"

"အိမ်ကိစ္စ မဟုတ်လား...အစ်ကိုဖြိုး"

"ဟုတ်တယ်၊ ညီလေး ယုံပြီလား၊ လက်ခံပြီလား"

"ယုံတော့ ယုံပါတယ်၊ ဒါပေမယ့် ဒီအတိုင်းပဲ ရှိပါစေဗျာ၊ မဆီကလည်း လက်ပြောင်း ယူမနေချင်ပါဘူး။ အနောင် ပိုင်ဆိုင်ဝိုက်တယ် ဆိုရင်လည်း၊ အနောင်ပါ အားလုံးတူတူ ဒီမှာပဲ စုနေကြရအောင်ပါနော် အစ်ကို၊ အစ်ကို့ရဲ့ ချစ်နှင်းဖြူကိုသာ အမြန်ဆုံး သွားခေါ်ဗျာ"





"ကဲပါ... လာ ထမင်းစားကြမယ်"

ကလေးတွေး၊ ကလေးပြော ပြောနေသော နန္ဒနောင်ကို လက်ဆွဲခေါ်လာရသည်။

ပြဿနာသည် မလွယ်ကူ...

အကယ်၍ ချစ်နှင်းဖြူ ပါလာစေဦး ပတ်ဝန်းကျင်အမြင်တွင် မိမိသည် ဖြိုးမြင့်ဝေ၏ဇနီး...

"အို...ဒါတွေ နောက်ပိုင်းမှပဲ တွေးတော့မယ်ကွယ်၊ ကိုဖြိုးနဲ့ မန္တလေး လိုက်သွားပြီး ချစ်နှင်းဖြူကို ငါအဆုံးစွန်သော တောင်းပန်ခြင်းတွေနဲ့ တောင်းပန်ပြီး ကိုဖြိုးလက်ကို ပြန်အပ်နိုင်ဖို့ကသာ အဓိကပါ"

ဖြူလှိုင်းဖွေးမှာ လျှပ်စစ်မီးဖို ခလုတ်ကို ဖွင့်လိုက်ပြီး ချဉ်ရေဟင်းအိုးကို နွေးထားခိုက်၊ ထမင်းဝိုင်းကို ဆက်တိုက် ပြင်ဆင်နေသည်။ သောက်ရေဖန်ခွက်မှအစ လက်သုတ်ပဝါထိ ထမင်းစား စားပွဲပေါ် ရောက်ပြီးချိန်မှာ ဟင်းအိုး ပူလာသည်နှင့် အချိန်ကိုက်ပါ။

အိမ်ထောင်မှု ပစ္စည်းက လိုလေသေးမရှိရုံမက တိုင်ကပ်နာရီနှစ်လုံး၊ မီးဖိုနှစ်ခု စသော အပိုပစ္စည်းတွေပါ လက်ဖွဲ့ရခဲ့သည်။

ဖြူလှိုင်းဖွေးက ဤပစ္စည်းများအားလုံးသည် ကိုဖြိုးနှင့် ချစ်နှင်းဖြူ၏ ပစ္စည်းများဟု ခံယူထားသလို...

ဤတိုက်ကြီးမှာလည်း နန္ဒနောင်အတွက်သာ... ကိုယ်ပိုင်ဟူ၍ ရင်ထဲ၌ ပြည့်လျှံနေသော စေတနာမေတ္တာသစ္စာတရားများဟုသာ သူနားလည်စွာ ခံယူထားပါသည်။

"မွှေးလိုက်တာ...ဆာလှပြီ မမရ၊ မစားရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမအနောင်၊ ကိုဖြိုးကို သွားခေါ်တော့၊ စားကြစို့"

ခဏကြာတော့ အနောင်ရော ကိုဖြိုးပါ ဝင်လာပြီး...

"စားနှင့်ကြ လှိုင်း၊ ငါ မဆာသေးဘူး"

"မဟုတ်တာ...လာပါ"

"ဟုတ်သားပဲ အစ်ကိုဖြိုးရာ၊ တူတူ စားရအောင်ပါ၊ မမ ချက်တာတွေက တကယ်ကောင်းတာ"

"ငါ နောက်မှ စားပါရစေ မိလှိုင်းရာ"

"မရဘူး ကိုဖြိုး၊ ထိုင်စမ်း... ငါနှစ်ခါ မသိမ်းနိုင်ဘူး"

စားပွဲဝိုင်းရှည် ထိပ်မှာ ခွဲထိုင်ခိုင်းလိုက်ပြီး နန္ဒနောင်နှင့် လှိုင်းတို့က မျက်နှာချင်းဆိုင် မစား၊ နှစ်ခုံကပ်လျက်မှာ စားသည်။

"တစ်ခါတုန်းက စားသောက်ဆိုင်တစ်ခုမှာ အစ်ကိုတို့ ထမင်း တူတူ စားကြတယ်ညီလေး၊ မိလှိုင်းတို့ နောက်လိုက်တာကွာ၊ အစ်ကိုနဲ့ ချစ်လေ ဘယ်လိုနေရမှန်းတောင် မသိဘူး၊ သူတို့နဲ့ တစ်ဝိုင်းတည်း စားရတာကို ဘယ်လို စိတ်ညစ်သွားမှန်း မသိဘူး၊ နှစ်ယောက်တည်းပဲ စားချင်တာ၊ အစ်ကိုက အဲဒီလို ကိုယ်ချင်းစာလို့ပါကွာ..."

နန္ဒနောင် ရဲဝံ့ပါစေရန်၊ သူငယ်ချင်းလှိုင်း ပျော်ရွှင်ပါစေရန် သူ ဘေးဖယ်ပေးမည့်အကြောင်း ပြန်ပြောတော့...

တစ်ခါက ယဉ်ဆွေ စားသောက်ဆိုင်မှာ အသည်းနှင့် အသား သွပ် တို့ဟူးကြော် အတုံးလေးများကို ကိုဖြိုးကမှတ်ပြီး ချစ်နှင်းဖြူသို့ ကျွေးသော မြင်ကွင်းလေးကို မြင်ယောင်လာမိ၍ ရင်၌ ဝမ်းနည်းမှုက နင့်ပြည့်လာသည်။





"ကြည့်စမ်း၊ တို့မှ စားမယ့် ကျန်ကာ ရှိသေးကယ် အနောင် တစ်ပန်းကန် ကုန်ပြီ၊ ဒါကြောင့်လည်း ဒီကောင်လေး ဒီလောက် ထွားတာပဲ၊ ထည့်ညီလေး၊ အဝစား"

ကိုဖြိုး၏ စေတနာစကားကို ခံယူလျက် နန္ဒနောင်က ပြုံးရွှင် ပျော်မြူးစွာ ထမင်းများကိုထည့်ရင်း...

"တောသားဗျ၊ အဝစားလို့ မမတို့ဖို့ မကျန်ဘဲ နေဦးမယ်၊ ကျွန်တော့်အတွက် ဘယ်နှပန်းကန် ချက်ထားလဲဟင်...မမ"

"စကားမများနဲ့... စားမှာ စားစမ်း"

ကိုဖြိုးနှင့် လှိုင်းတို့၏ ရင်မှ ဝေဒနာများကို သူ နားမလည် ပြောပြပြီးသော်လည်း သနားတတ်သည်မှလွဲ၍ သူမအားနာ[illegible]

"ကိုဖြိုး ကိစ္စတွေ ဒီနေ့ပြီးခဲ့ရဲ့လား၊ ဘယ်တော့ [illegible] သွားမလဲ"

"ကိစ္စကတော့ ပြီးပြီ၊ နင် ခရီးရောက်မဆိုက် မန္တလေး ပြန်လိုက် ရမှာ အားနာလို့"

"ကိုဖြိုး ဘယ်တော့ သွားချင်လို့လဲ"

"ငါ့ဆန္ဒအတိုင်းဆိုရင်တော့ နက်ဖြန် ညရထားနဲ့ သွားချင်တယ် လှိုင်းရယ်"

"သွားတာပေါ့"

"အနောင်လည်း လိုက်မယ်ဗျာ"

"လိုက်ခဲ့လေ ညီလေး"

"အို... ကိုဖြိုးကလည်း၊ သူ့ခေါ်လို့ မဖြစ်သေးပါဘူး။ အနောင် အိမ်စောင့်နေခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ...၊ တစ်ယောက်တည်း မနေခဲ့ချင်ဘူး။ လိုက်မှာပဲ အစ်ကိုဖြိုး... အနောင်လည်း လိုက်ပါရစေ"

"မင်း မမ သဘောပဲ...မေးကွာ"

"မေးခိုင်းမနေနဲ့၊ မလိုက်ရဘူး။ ဒီတိုက်ကလည်း လူစောင့်တစ်ယောက် ရှိဦးမှပေါ့"

"ကျွန်တော် ခွေးမှမဟုတ်ဘဲ မမရ၊ အိမ်စောင့်မနေနိုင်ပါဘူး။ လိုက်မှာပဲ၊ မလိုက်ရရင် အင်းထဲပြန်မယ်"

"ပြန်ပါလား၊ ဘယ်သူက တားလို့လဲ"

စိတ်ညစ်ညစ်နှင့် ဖြူလှိုင်းဖွေးက ဟောက်ပစ်လိုက်ပြီး လက်ဆေး စတီးဇလုံမှာ ဆေးကြောရန်များကို စုပုံနေသည်။

မေမေတို့အမြင် မကြည်လင်နေရသည့်အထဲ ဇနီးမောင်နှံ နှစ်ယောက် ခရီးသွားချိန်မှာ နန္ဒနောင် ကန့်လန့်ပါနေ၍ မဖြစ်သေး။

ချစ်နှင်းဖြူနှင့် တွေ့ဆုံပြေလည်ပြီးမှသာ နောက်တစ်ကလွှ စီစဉ်ရပါဦးမည်။

"ဖယ်လေ...လှိုင်း၊ ငါဆေးလိုက်မယ်"

"နေပါစေ ကိုဖြိုး၊ ထားခဲ့ပါ"

မထားခဲ့ရှာ၊ ဖြူလှိုင်းဖွေး ဆေးပြီးသားပန်းကန်များကို ရေစစ်ပလတ်စတစ်ဇကာမှာ ရေစစ်ရန် စီထောင်၍ ပေးရင်း...

"နင်ဟောက်လိုက်လို့ အနောင် မျက်နှာပျက်ပြီး ထွက်သွားပြီ"

"နေပစေ...ထားလိုက်"

"နင်ကလည်း ဘာမှန့်တွေများပေးပြီး ကလေးကို ကြိုက်လာလဲမှ မသိတာ"





"အလကား ဆိုးနေတာ၊ ငါ့ထက် နှစ်နှစ်ငယ်ကျော်ကော်ပဲ ငယ်တာပါ"

"နင့်ကိုတော့ တကယ်ပဲ ဖွဲလမ်းမြတ်နိုးစိတ်နဲ့ သိပ်ချစ်တတ်တဲ့ ကောင်လေးတစ်ယောက်ဆိုတာ သိရလို့ နင့်အတွက် ဝမ်းသာပါတယ် လှိုင်းရယ်"

အစ်ကိုကြီး တစ်ယောက်လို စေတနာတွေဝေသော စကားပါလား။

"နက်ဖြန်ည လက်မှတ်ရမှာလား"

"ပြောထားပြီးပြီ"

"ဒါဖြင့် သွားကြမယ် ကိုဖြိုး၊ နင့်ကိစ္စတွေသာ ပြီးအောင်လုပ်၊ ငါက အဝတ်ကောက်ထည့်လိုက်ရင် ခဏလေး"

"အေး...အေး...အနောင့်ကို စကားပြောလိုက်ပါဦးဟာ..."

အပြင်ထွက်လာတော့ အနောင် အောက်ထပ်မှာ မရှိ၊ ကိုဖြိုးကလည်း သူ့အခန်းတွင်းဝင်၍ ချစ်နှင်းဖြူ၏ ဓာတ်ပုံအောက်မှ စားပွဲတွင် ထိုင်ပြီး သူ့ အလုပ် လုပ်နေသည်။

ဖြူလှိုင်းဖွေး အပေါ်ထပ်သို့ တက်လာတော့ သူ့အတွက် ပေးထားသော အခန်းမှာ နန္ဒနောင်က မှောက်လျက်ကြီး အိပ်နေသည်။

အပေါ်ထပ်၏ အိပ်ခန်းသုံးခန်းအနက် တစ်ခန်းမှာ... မင်္ဂလာခန်းဝင် အိပ်ရာများနှင့် ဖြူလှိုင်းဖွေး အိပ်ရသည်။ အရှေ့ဘက်မှအခန်းတွင် နန္ဒနောင်ကိုထားပြီး ကိုဖြိုးကတော့ ထုံးစံအတိုင်း အောက်ထပ်မှာ...



www.burmeseclassic.com

www.burmeseclassic.com



"လှည့်စမ်းပါဦး၊ စိတ်ကောက်တဲ့ မျက်နှာဆိုတာ ချိုသလား ချဉ်သလားလို့ ကြည့်ရအောင်"

နန္ဒနောင် ပြုံးချင်နေပြီ၊ ဒါပေမယ့် ပိုပြီး အရှော့ခံချင်သူမို့ မျက်နှာကို တင်းမာဟန်ကြီးလုပ်ပြီး...

"မမနဲ့ လိုက်လာရပြီး မမအိမ်ရောက်မှ ကျွန်တော့်ပေါ် နည်းနည်းမှ မညှာဘူး။ ဟိန်းလိုက် ဟောက်လိုက်နဲ့"

"ဘာ...မမအိမ်လဲ၊ သူ့အိမ်မှာ တို့က ကပ်နေရတာပါနော်... အိမ်ကြီးရှင်မျက်နှာ မကြည်သာရင် ခုပဲ ဆင်းသွားမှာ"

ဖြူလှိုင်းဖွေး သူ့နံဘေးမှ မထဖြစ်မီ နန္ဒနောင်က လက်ကို လှမ်းဆွဲလိုက်ပြီး...

"စိတ်မဆိုးကြကြေး မမရာ"

"သူချည်းပဲ စိတ်ကောက်နေပြီးတော့"

"အရှော့ခံချင်လို့ဗျ"

ကြည်လွင်လွန်းသော အပြုံးမျက်နှာလေးကို အပြုံးနှင့် ငုံ့ကြည့်ပြီး...

"အနောင်နော်... မမပေါ် သိပ်ဆိုးလာပြီ"

"သိပ်ချစ်လာလို့ပါ"

သူ့ကို မ,ထူလိုက်တော့ တမင် တောင့်တောင့်ကြီး လုပ်ထားပြီး ထူမရအောင် လုပ်နေသဖြင့် ဖြူလှိုင်းဖွေး လွှတ်လိုက်တော့လည်း ဖျတ်ခနဲထပြီး ဘေးချင်းယှဉ်ထိုင်လိုက်သည်။

"မမစကားကို နားထောင်ပြီး ဒီအိမ်မှာ ခဏစောင့်နေပေး





ပါနော် အနောင်၊ မမ မန္တလေးက နေပြီး ညတိုင်း ဖုန်းဆက်ပါ့မယ်။ နေရဲတယ် မဟုတ်လား"

"ဘယ်သူ့ ကြောက်ရမှာလဲ၊ မမကို လွမ်းလို့၊ မခွဲချင်လို့ လိုက်ချင်တာ၊ မထားခဲ့နဲ့ဗျာ"

"မမလည်း ဒီလိုပါပဲကွယ်။ ဒါပေမယ့် သူ နေပုံထိုင်ပုံက ဣန္ဒြေမရတော့ မေမေကတောင် ဆူလွှတ်လိုက်ပြီ"

"ဘယ်လို ဆူလို့လဲ"

"သြော်...ဒီကောင်လေးနဲ့ အနေထိုင်ဆင်ခြင်တဲ့၊ ကိုယ်က အိမ်ထောင်သည်၊ ဘာညာပေါ့၊ မမတို့ တရားဝင် ကွာထားတာ ဘယ်သူမှမှ မသိတာ"

"အေးဗျာ... မမတို့ အဖြစ်ကလည်း အဆန်းပဲနော်၊ ကျွန်တော် တော့ အစ်ကိုဖြိုးကြီးကို တကယ်သနားတယ်၊ မမနဲ့ လွဲရရင်လည်း အနောင်က သူ့ထက်တောင် ရောဂါတက်ဦးမှာ"

"အပိုတွေ"

"ဘာအပိုတွေလဲ၊ မချင့်မရဲဖြစ်အောင် မလုပ်နဲ့ဗျနော်၊ တစ်ခါ တည်း ကိုက်စားပစ်ချင်တဲ့စိတ် ပေါက်လာပြီ"

"ဒီမှာ... စကားအကောင်းပြောစမ်းပါရစေ အနောင်ရယ်။ အနောင် ဒီမှာ ခဏနေခဲ့ပေးပါ။ အင်းလေးကို မပြန်လို့ဖြစ်သေးတယ် မဟုတ်လား"

"ဖြစ်ပါတယ်၊ နန္ဒနောင်ဆိုတဲ့ကောင်ကို ငွေသုံးထောင်နဲ့ ဝယ်လာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြူလှိုင်းဖွေး အတင်း ကန်တော့ခဲ့သော သုံးပိုင်ငွေသုံးထောင်ကို အနောင် ရည်ညွှန်း၍ ပြောလိုက်သည်။ ပေါင်ဆယ်နှင့် ဒေါ်လေးတို့ အတွက် သည်ငွေနှင့် စားသုံးနိုင်ကြပါလိမ့်မည်။

"အနောင်"

"ဗျာ"

"မမစကားကို နားထောင်စမ်းပါကွာ၊ ကိုဖြိုးအတွက်သာ ချစ်နှင်းဖြူဟာ လိုအပ်တာ မဟုတ်ဘူး။ မမတို့ နှစ်ယောက်အတွက် လည်း ချစ်နှင်းဖြူ ရောက်လာမှ ဖြစ်မယ်ဆိုတာရော အနောင် သဘောပေါက်ရဲ့လားဟင်"

"သဘောပေါက်ပါတယ် မမရယ်၊ တကယ်လို့သာ ချစ်နှင်းဖြူ အနောင်တို့အားလုံး ဘဝထဲကို ဝင်မလာတော့ဘူးဆိုရင် လွှင့်ချင်းလွှင့် အနောင်ပဲ လွှင့်ပြေးရမယ်ဆိုတာ နားလည်ပြီးသားပါဗျာ"

အလွန် သင့်မြတ်မှန်ကန်သော အတွေးကို အနောင်လည်း တွေးတတ်နေပါလား။

သော...ကသည် ရင်၌ လှိုက်ဆူတက်လာသည်။ ဘာပဲဖြစ်ဖြစ် ကိုဖြိုးသည် တင့်တယ် ခမ်းနားစွာ လက်ထပ်ထားသော၊ လက်ရှိ အတူနေသော မိမိ၏ တရားဝင်ခင်ပွန်း။

ချစ်နှင်းဖြူကိုသာ အပြီးတိုင် ကိုဖြိုး စွန့်လွှတ်ရပါလျှင်...

မိမိသည်လည်း မိမိ၏ အချစ်ဦး အချစ်ဆုံးလေးကို စွန့်လွှတ်ရ လေမည်လား။

"မမ ဘာလို့ မျက်နှာညှိုးသွားတာလဲဟင်"





"ဩော်...ဘာမှ မဟုတ်ပါဘူး၊ ကဲပါ အနောင်ရယ်၊ လာ... အောက် ဆင်းကြရအောင်ပါနော်၊ မမလည်း နက်ဖြန် မန္တလေးသွားပါ ရစေ၊ မမရဲ့မောင်က ခွင့်ပြုပါနော်"

"ခွင့်ပြုပါတယ်ဗျာ၊ မမကို လွမ်းနေမှာမို့ အနောင် နှောက်နေမိ တာလည်း မမက ခွင့်လွှတ်ပါနော်"

"အနောင့်အတွက် ခွင့်မလွှတ်နိုင်ခြင်းဆိုတာ မဘဝမှာ မရှိ စေရပါဘူးကွယ်"

"မမရယ်"

ထုံးစံအတိုင်း ဖြူလှိုင်းဖွေး၏ လက်ကလေးကိုသာ ယုယ မြတ်နိုးစွာကိုင်ပြီး...

"အနောင့်ကို စိတ်ချသွားပါ၊ ထမင်းဟင်းလည်း အနောင် ချက်စားတတ်ပါတယ်"

"မမလည်း နက်ဖြန် အမျိုးမျိုး ချက်ထားပေးခဲ့မှာပါ။ ရေခဲ သေတ္တာထဲမှာလည်း သားငါးတွေ ဝယ်ထည့်ပေးခဲ့မယ်၊ ဘယ်လို ထုတ်ရမယ်၊ ဘယ်လို ချက်ရမယ်ဆိုတာတွေပါ ပြောခဲ့မယ်။ အနောင့်ဖို့ စာအုပ်တွေလည်း ငှားပေးခဲ့မယ်၊ အိမ်မှာပဲနေနော်"

"စိတ်ချပါ မမ၊ အနောင်မှ ဘယ်မှ မသွားတတ်တာ။ စာဖတ်ရင်း ဒီအိမ်ကနေ မမအလာကို စောင့်နေ မျှော်နေမှာပါ။ အနောင့်အတွက် နောက်ဆံမငင်နဲ့၊ စိတ်ချလက်ချသွားပါ မမရယ်"

"အနောင်က အလိမ္မာလေးပါ။ မမကို သက်သက်ဆိုးနေတာ— သိတာပေါ့။ မမ ညဥ့်ဦးပိုင်းမှာ ညတိုင်း မန္တလေးကနေ ဖုန်းဆက်မယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...မမ"

"မမတို့နှစ်ယောက် အပြန်မှာ ချစ်နှင်းဖြူ ပါလာပါစေလို့သာ အနောင် ဆုတောင်းနေတော့ကွယ်"

❖ ❖ ❖

## အခန်း သုံးဆံယှ်သုံး

မန္တလေး ရထားဆိုက်တော့ ဖြိုးမြင့်ဝေ ဦးလေးဝမ်းကွဲ 'ဒေါက်တာမြတ်ဦး'၏သား လာကြိုသည်။

ပြင်ဦးလွင် တစ်ခါတည်း သွားကြမှာလားကိုဖြိုး"

ကိုဖြိုးရော လှိုင်းပါ မန္တလေးတွင် အသိမရှိကြ။

"ဟာကွာ... ငါ ပြင်ဦးလွင်လာတာမှ မဟုတ်တာ၊ မင်း... ဖုန်းဆက်လို့ ငါ လှိုင်းကိုပြန်ခေါ်ပြီး ခုလာတာ၊ ငါးရက်လောက် ကြာသွားတယ်၊ ကဲ...တို့ လက်ဆည်ကန်ကိုပဲ သွားကြရအောင်၊ လှိုင်းအရင် သွားတွေ့လိမ့်မယ်"





ကိုဖြိုးက တက်ကြွနေသလောက် သူ၏ညီလေး 'စိုးတင့်ဦး' က ခပ်ငေါင်ငေါင် လုပ်နေပြီးမှ...

"ကဲ...လာ:ပါ ကိုဖြိုးရာ၊ ကားပေါ်ရောက်မှ စကားပြောကြတာပေါ့"

ရင်ထဲတော့ အထင့်သား...

မန္တလေးဘူတာ၏ ပြင်ပသို့ ထွက်ခဲ့သည်။ မြင်းလှည်းများ ရှင်းထား၍ မန္တလေးဘူတာကြီးက အရင်လို မရှုပ်ထွေးတော့၊ စိုးတင့်ဦး လာကြိုသည့် ဂျစ်ကားပေါ်သို့ လက်ဆွဲအိတ်များ တင်ပြီးကြသည်နှင့်...

"အခု ချစ်နှင်းဖြူ ဘယ်မှာရှိလဲဟင်"

ဖြူလှိုင်းမွေး မနေနိုင်တော့၊ ဝင်မေးမိသည်။

"လက်ဆည်ကန်က ဖရပ်ရှင်အိမ်မှာ မရှိတော့ဘူး"

"ဟာ"

"ကိုဖြိုး လာမယ်လို့ ဖုန်းရတော့ ကျွန်တော်သွားတာ အဲဒီအိမ်မှာ မရှိတော့ဘူးတဲ့"

"မင်း... ငါ့ညီမှန်းသိလို့ ထွက်ပြေးသွားပြီနဲ့ တူတယ်"

"မဟုတ်ဘူး ကိုဖြိုး၊ ဒီအကြောင်း ဘာမှ မသိဘဲ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့ အကူညီနဲ့ အလည်သဘောမျိုး သွားပြီး စုံစမ်းခဲ့တာ..."

ဗိမာန်ကြီးတစ်ခု တည်ဆောက်ပြီးမှ ပြိုကျ ပျက်စီးသွားသည့် တစ်ယောက်လို ကိုဖြိုး၏ ကြေကွဲမှုမျက်နှာက မမြင်ရက်စရာ။

"ကဲ...ဒီလိုလုပ်ပါ ကိုစိုးတင့်ဦး၊ အဲဒီ လက်ဆည်ကန် အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းသွားပါရစေ၊ အခြေနေအရပ်ရပ်ကို မေးပါရစေ၊ လမ်းသာ ညွှန်ပြပါ..."

"ဟုတ်ကဲ့ခင်ဗျ၊ ဒါပေမယ့် မလှိုင်း တစ်ယောက်တည်း သွားလို့ ဖြစ်ပါ့မလား"

"ရပါတယ် အစိုး၊ သူက ဘယ်ဖြစ်ဖြစ် လာနိုင်သွားနိုင်တယ်၊ မသိလည်း မေးလာလိမ့်မယ်"

ကိုဖြိုးက လှိုင်း၏ အရည်အချင်းကို ယုံပြီးသား။

ဂျစ်ကား၏ ရှေ့ခန်းမှပင် သုံးယောက်သား ထိုင်ပြီး မန္တလေး ဘူတာတွင်းမှ ထွက်ခဲ့ကြသည်။

ဖြိုးမြင့်ဝေ ပူပန်သလိုပင် ဖြူလှိုင်းဖွေး၏ ရင်မှာလည်း လှုပ်ရှားခြင်းများဖြင့် စိုးရိမ်လွန်းလှပါပြီ။

"ချစ်နှင်းဖြူကို မတွေ့ရင်..."

ဆိုသော ပြဿနာသည် အားလုံးအတွက် အထွတ်ထိပ်မှာ မဟုတ်ပါလား။

"နှင့်ကိုတော့ စိတ်ချပါတယ်လှိုင်း၊ ဒါပေမယ့် သူ့ကို တွေ့ရင် ညင်ညင်သာသာ ကိုင်တွယ်ပါနော်၊ သူဟာ အေးအေးလေးနဲ့ သိပ်စိတ်ကြီးတယ်"

"ချစ်နှင်းဖြူအကြောင်းကို ငါ သိပါတယ် ကိုဖြိုးရယ်၊ တကယ်တော့ ငါ့ရဲ့ စေတနာ လွန်မှုကြောင့် ခုလို မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတာပါ၊ ငါ့ရင်ထဲမှာ 'ငါ့ကြောင့်'ဆိုတာ အမြဲစွဲနေတယ်"

"လှိုင်း"





"ဟင်"

"နင့်ရဲ့ စေတနာဟာ မေမေ့အတွက် အကောင်းဆုံး အရာရောက်ခဲ့ပါတယ်၊ 'ငါ့ကြောင့်'ဆိုတာ ထပ်မပြောပါနဲ့တော့၊ ချစ်သာ ခုလို မတင်းမာရင် ပြဿနာတွေဟာ အားလုံး ပြေလည်မှာပါ"

"ဟိုတုန်းတည်းက နင်က သူ့စကား နားထောင်လွန်းလို့၊ ငါ အတင်းသွားတွေ့မိရင် ကောင်းသား"

"ခုဆို သိပ်များ နောက်ကျသွားပြီလားဟင်"

"တို့ လက်ထပ်ပြီးတာ နှစ်လကျော်ကျော်ပဲ ရှိပါသေးတယ် ကိုဖြိုး၊ အချိန်က မနှောင်းပါဘူး၊ ချစ်နှင်းဖြူကို တွေ့ရဖို့သာ အရေးကြီးတာပါ"

"ဟုတ်တယ် လှိုင်းရယ်၊ ချစ်ကိုမှ တွေ့ရပါတော့မလားဟာ"

"အို...တွေ့ရမှာပေါ့၊ ဒီမှာ ကိုဖြိုး၊ ချစ်နှင်းဖြူကို မတွေ့ရရင် တို့ မန္တလေးက မပြန်ဘူးကွယ်...ဒါပဲ"

ဖြူလှိုင်းဖွေး၏ အပိုင်ဆုံးဖြတ်ချက်ကို ပြောလိုက်အပြီးတွင် ဘာစကားမှ ထပ်ပြီး မပြောဖြစ်တော့။

"ရောက်ပြီ ကိုဖြိုး၊ ဟိုးရှေ့က ပန်းရောင်သုတ်ထားတဲ့တိုက်ပဲ၊ နင်သာမေးပါ၊ အိမ်ရှင်တွေက ပြေလည်ပါတယ်"

"အေး...ကောင်းပြီ၊ နင်တို့ ဘယ်က စောင့်မလဲ"

"ဒီ အနီးနားကပဲ စောင့်တာပေါ့"

"ဟိုမှာကြည့် အစ်မ၊ ဟောဟိုက အအေးဆိုင်ရှေ့မှာ ကျွန်တော်တို့ စောင့်နေမယ်၊ ကားလည်း ရပ်ထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ လှမ်းမြင်နေရတာပဲ၊ ကဲ...ငါသွားမယ် ကိုဖြိုး"

တစ်ညလုံး ရထားစီးလာခဲ့ရ၍ ပိုသီပတ်သီ ဖြစ်နေသော်လည်း လှပလွန်းသော မိန်းကလေးတစ်ယောက်၊ အထက်တန်းကျကျ ပုံစံနှင့် ရောက်လာပြီး လေးလေးစားစား မေးမြန်းပါ၍ အိမ်ရှင်များကလည်း လိုလိုလားလား ဆက်ဆံကြပါသည်။

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကအထိ ဒီမှာ ရှိပါတယ်။ သူဖြစ်တာက အသည်းယောင်၊ အသားဝါရောဂါလေ၊ မှန်တာပြောရရင် ကူးမှာလည်း ကြောက်တာတစ်ကြောင်း၊ နောက် သူ့အမေကိုယ်တိုင်ကလည်း လာခေါ်လို့"

"ရှင်...သူ့အမေ ဟုတ်လား"

"ဟုတ်တယ်၊ ချစ်နှင်းဖြူရဲ့ အမေတဲ့၊ လာခေါ်တယ်၊ ဆင်းရဲပုံရပါတယ်၊ အဲဒါ သနားတာနဲ့ ကြီးဒေါ်တို့လည်း ဆေးဖိုးဝါးခ ပေးလိုက်ပါသေးတယ်"

"အခု... အခု သူတို့ ဘယ်သွားကြသလဲရှင်"

"ဆေးရုံ တင်မလိုလို ပြောပြီး ခေါ်သွားတာပဲ၊ ကြီးဒေါ်လည်း ဒီတုန်းက တောင်ကြီးက ညှိသည်တွေရောက်နေလို့...ဟဲ့...သားရဲ့ လာစမ်းပါဦး၊ ဟိုဇရပ်က ကောင်မလေး ဘယ်ခေါ်သွားလဲ"

"မြက်ပါးရပ်လို့ ပြောတယ်"

"မြက်ပါးရပ် ဘယ်နေရာလဲရှင်"

"နေဦးဗျ၊ ကျွန်တော်တော့ မသိဘူး၊ သိတဲ့ ကျွန်တော့်ဦးကြီး ခဏနေ ပြန်လာလိမ့်မယ်"





"ဒါဆို ကျွန်မ ခဏစောင့်ပါရစေရှင်၊ ချစ်နှင်းဖြူကို တွေ့ဖို့ သိပ်အရေးကြီးလွန်းလို့ပါ"

"ရပါတယ်၊ နေပါ...နေပါ"

ဖြူလှိုင်းဖွေး မေးချင်သည်များကို မေးခွင့်မရတော့၊ အဝေးပြေးကား ထောင်သည့်အိမ် ထင်ပါသည်။ အလုပ်ရှုပ်နေရာသို့ စောစောက အိမ်ရှင်အမျိုးသမီးကြီး ထသွားတော့သည်။ ခဏအကြာတွင်...

"ဪ... နေပါစေ၊ အားနာစရာကြီး၊ ကျွန်မက အကူညီ လာတောင်းရတဲ့ ကိစ္စပါ"

လက်ဖက်ရည်တစ်ခွက် လာချပေးသော စောစောက သား ဆိုသူကိုပင် အမိအရ မေးရသည်။

"ချစ်နှင်းဖြူ ဒီမှာ ဘယ်နှရက်ကြာအောင် နေသွားလဲရှင်"

"အင်း... ဆယ်ရက်လောက်တော့ ရှိမယ်ထင်တယ်"

"သူ့ကို ဇရပ်က ခေါ်လာတာလားဟင်"

"ဟုတ်ပါတယ်"

"သူ့အမေက ဘယ်က လိုက်လာတာလဲ"

"ရန်ကုန်ကလို့ ပြောတာပဲ၊ ကျွန်တော်လည်း အလုပ်ရှုပ်နေလို့ မသိဘူး၊ အိမ်က ကိစ္စတွေကို ကျွန်တော်တို့ ဦးကြီးကမှ အကုန်သိတာ ခင်ဗျ၊ ဟော... ပြောရင်းဆိုရင်း ဦးကြီးတောင် လာပြီ"

အသက်ခြောက်ဆယ်ရွယ် ဤအိမ်၏ ဩဇာတိက္ကမ ရှိသူ၊ အရာရာ၌လည်း ဝင်ပါမည့်သူ တစ်ဦးဖြစ်ပုံရသူ အမျိုးသားကြီးကို စောစောက လူက အကျိုးကြောင်းပြပြီး မိတ်ဆက်ပေး၍...



www.burmeseclassic.com

www.burmeseclassic.com



"သြော်...မိန်းကလေးက သနားစရာကွယ်၊ သူ့ကြီးဒေါ်ဆီ လာပြီး တရားဝင်ရင်း နေမကောင်းဖြစ်တာ"

"ဟုတ်ကဲ့... ချစ်နှင်းဖြူအကြောင်း သိပါရစေရှင်၊ ကျွန်မက ချစ်နှင်းဖြူရဲ့ အချစ်ဆုံး သူငယ်ချင်းပါ"

"အေး...ဦးကြီးကလည်း ဒီမိန်းကလေးကိစ္စကို အားလုံး သိနေလို့ သနားပြီး ကယ်တင်တာပါ၊ ဒါနဲ့ ညည်းနာမည် ဘယ်သူလဲ"

"ရှင်...ကျွန်မလား"

"အေး"

"ဖြူ...ဖြူဖြူပါ"

"ဖြူလှိုင်းဖွေး ဆိုတာလား"

"ဟာ... မဟုတ်ပါဘူးရှင့်"

အလုံးစုံကို သိနေပြီဆို၍ 'သူဟာ သူပါ'ဟု ပြောလျှင် ဖြစ်မည် မထင်၍ ညာလိုက်မိခြင်းမှာ ကြီးစွာသော အကျိုးအမြတ်ပါ။

"ဒီလိုကွယ်...ဦးကြီးတို့ လူပျိုကြီးတွေတော့ နားမလည်ဘူး လူငယ်တွေကိစ္စကို။ သူ့ရည်းစားကို သူ့ သူငယ်ချင်းက ယူသွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သူ့အဖေက နှင်ချလို့ ကြီးဒေါ်ဆီ ရောက်လာ ရှာတာ"

ဦးကြီး၏ စကားမြားဦးသည် သူ့နှလုံးသားမှာ စူးပါ၏။

"ကြီးဒေါ် လုပ်သူကလည်း တရားရှင်ဆိုတော့ ချစ်နှင်းဖြူ ရောက်လာပြီး သံဝေဂကြောင့် မဟုတ်ဘဲ သောကကြောင့် သူလည်း တရားပင်၊ ဥပုသ်စောင့်၊ သက်သတ်လွတ် စားရာက အားနည်းပြီး





ရောဂါဝင်တာပါပဲ"

"ဘာရောဂါလဲရှင်"

"ပထမတော့ အပြင်းဖျားတာပဲ။ ဒါနဲ့ ဦးကြီးလည်း သနားလို့ ခေါ်လာတာ၊ ဒေါ်စုကလည်း သူ့ကို ဘယ်ပြုစုနိုင်မလဲ။ အသက်ကြီး ပြီ။ သူကိုယ်တိုင်လည်း ဦးကြီးတို့ ပြုပြင်ပြီး လှူတဲ့ဇရပ်မှာ နေရတာ လေ"

"ဟုတ်ကဲ့... ကျွန်မ တွေ့ချင်လှပါပြီရှင်၊ ကျေးဇူးပြုပြီး သူနေတဲ့ နေရာသာ လမ်းညွှန်ပေးပါ"

"ညည်းက ရန်ကုန်က မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို သူနေတဲ့နေရာကို ညွှန်လို့ မရဘူး၊ လိုက်ပို့မှဖြစ်မယ်။ ကားလာတော့မှာ၊ ခဏစောင့်လေ"

"နေရာသာ ပြောပြပါရှင်...၊ ကျွန်မဘာသာ သွားပါ့မယ်"

"ညည်း တစ်ယောက်တည်း မဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့"

"ဒါဆို ခဏလေးစောင့်ပါ။ အိမ်ကကား လာခါနီးပါပြီ"

အားလျော့နွမ်းလျစွာ ကုလားထိုင်နောက်သို့ မှီလိုက်ရသည်။ သူ့စောင့်ရ၊ သူ့ကား စောင့်ရနဲ့ပါလား...။

"ချစ်နှင်းဖြူရဲ့ အမေကိုရော သိလား"

"ရှင်... ကျွန်မ မမြင်ဖူးပါဘူး။ သူ့အမေ ရောက်လာပုံ၊ သူ ရောက်လာပုံကို သိပါရစေရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို သနားလို့ စစ်ကိုင်းဇရပ်က ခေါ်လာတာ။ အဲ... သူ့အမေကလည်း ဒေါ်စုဇရပ်ကို ရောက်လာပြီး ဒေါ်စုက ဒီအိမ်ကို လိုက်ပို့တာပဲ။ သူ့အမေ တစ်ညအိပ်ပြီး ချစ်နှင်းဖြူက ဒီအိမ်မှာ မနေချင်ဘူး၊ အားနာတယ်လို့ ပြော ထင်ပါရဲ့။ မြက်ပါးရပ်က သူ့အမျိုးလား၊ အသိလား မသိပါဘူး။ အဲဒီသွားမယ်ဆိုလို့ ကျုပ်ကိုယ်တိုင်ပဲ လိုက်ပို့လိုက်ရတယ်"

"ဟုတ်ကဲ့..."

"ဟိုကဟာ ကျုပ်ညီမ၊ ဟိုဟာ ကျုပ်တူ၊ သူတို့ကလည်း အသားဝါဆိုတော့ ကြောက်ကြတယ်လေ...၊ ကျုပ်လည်း သနားပေမယ့် မတားတော့ဘဲ ကိုယ်တိုင်လိုက်ပို့ပေးလိုက်ပါတယ်။ ငွေတစ်ရာလည်း ပေးလိုက်ပါတယ်"

ရင်မှာ တလှိုက်လှိုက် တုန်လာသည်။

စက္ကန့်တစ်ချက်သည် နှလုံးသားကို လာရောက်ရိုက်ပုတ်နေသလို စောင့်စားရသော ကာလက ရင်နင့်ဖွယ် ကောင်းလှသည်။

"ညည်း သိပ် စိတ်စောနေပုံရတယ်၊ ဟော...,ကားလာပါပြီ၊ သွားကြစို့"

တိုယိုတာ ပါဗလူကာ အဝါရောင် ဆိုက်လာသည်။

ဒရိုင်ဘာကိုချည်း လမ်းမညွှန်၊ စောစောက လူပျိုကြီးဆိုသော အဘိုးကြီးက ရှေ့ခန်းမှထိုင်၍ ဖြူလှိုင်းဖွေးနောက်က တမင်တကပ်လိုက်ရသည်။ ကိုဖြိုးတို့ကို အချက်ပြသာအောင်ပါ။

ဖြူလှိုင်းဖွေးက လက်မထောင်ပြီး ထွက်စ ကားဦးခေါင်းဘက်





သို့ လက်မနှင့် ညွှန်ပြလိုက်သည်။

"သူ့နောက်မှ လိုက်ခဲ့"

ဆိုသော အချက်ပြခြင်းကို သူတို့ နားလည်စွာ လိုက်လာကြသည်။

"ငါ့ရဲ့ စေတနာမှန်ရင်၊ ကိုဖြိုးရဲ့ သစ္စာတရားမှန်ရင် ချစ်နှင်းဖြူကို ချက်ချင်းပဲ တွေ့ပါရစေဘုရား..."

ပူပန်ရလွန်းသော စိတ်ဖြင့် ဘုရားကိုပင် တိုင်တည်မိသည်။

စေတနာရှင်မလေး ဖြူလှိုင်းဖွေး၏ မျက်ဝန်းမှာ မျက်ရည်တို့ ဝေဝိုင်းလျက်ပါ။

မြက်ပါးရပ်မှ ရွှေပြားခတ်ပြီး ရွှေဆိုင်းလုပ်သော တိုက်ကြီး၏ဘေးမှ ကွေ့ပြီး နောက်ဖေးဘက်သို့ ဝင်ခဲ့ရသည်။

တဒေါင်ဒေါင်နှင့် ရွှေချောင်းကို ပြားအောင် ထုနေသူများ၊ ပါးလှပ်သော ရွှေပြားဖြစ်အောင် ခတ်နေသော မိန်းကလေးများရှိသည့် အလုပ်ရုံကိုလည်း ကျော်လွန်ပြီးမှ ခြံထောင့် နောက်ဘက်ဆုံးတွင် သုံးခန်းတွဲ တန်းလျားလေး၏ ထောင့်ဆုံးအခန်းဝမှာ အသားအဲရေများ ညိုခြောက်ပြီး ဆင်းရဲနွမ်းပါးလွန်းပုံရသော အမျိုးသမီးကြီး တစ်ဦးကို တွေ့လိုက်ရသည်။

"အဲဒါ မခင်နှင်းပဲ"

"ရှင်..."

"ချစ်နှင်းဖြူ အမေလေ"

ဖြူလှိုင်းဖွေး တစ်ကိုယ်လုံး တုန်သွားသည်။ အန္တရာယ်တစ်ခုကို ရင်ဆိုင်ရခါနီးလို့ ချောက်ချားစွာ ခံစားနေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူလှိုင်းဖွေး ဆိုတာလား"

နာကျည်းမှု လေသံ...

"မဟုတ်ဘူး။ ဖြူဖြူတဲ့"

လိုက်ပို့သော အမျိုးသားကြီးက ဝင်ဖြေပေးသဖြင့် သက်ပြင်းကို ပင့်ကာ...

"အခု ချစ်နှင်းဖြူ ရှိပါသလားရှင်"

"ရှိတယ်။ အိပ်ရာက မထနိုင်ဘူး"

"ဒီအခန်းထဲမှာလားဟင်"

"ဟုတ်တယ်"

ဖြူလှိုင်းဖွေး ဘာမှ မေးမနေတော့။ လောကဝတ်တွေလည်း မကျေနိုင်တော့။ လိုက်ပို့သူကိုပင် ကျေးဇူးတင်စကား မဆိုနိုင်တော့ ပါဘဲနှင့် အိမ်ခန်းတွင်းသို့ စွတ်ဝင်လာခဲ့တော့သည်။

ကျဉ်းမြောင်းသော အခန်းလေးသည် မှောင်ပိတ်နေပါ၏။

မျက်စိကျင့်သားရတော့မှ ဝါးထရံနှင့် ပြတင်းတံခါးကို စမ်းမိပြီး ဖွင့်ချလိုက်သည်။ ကွပ်ပျစ်ကလေးပေါ်တွင် ခွေခွေလေး ရှိနေသော...

"ဟင်...ချစ်နှင်းဖြူ ညီမလေးရယ်"

သူ့ကို ပြေး၍ ဖက်လိုက်မိသည်။ အရိုးပေါ်၌ အရေသာ ရှိအောင် ပိန်လှီလွန်းလှသော ချစ်နှင်းဖြူ၏ တစ်ကိုယ်လုံးလည်း ဝါလို့...။

မျက်သားဖြူ နေရာများအားလုံး နနွင်းရောင်လို ဝါနေသည်။

၎င်းမျက်ဝန်းဖြင့်ပင် ဖြူလှိုင်းဖွေးသို့ နာနာကျည်းကျည်း





ကြည့်လာသည်။ ပြီးတော့ ကြေကွဲမှုသို့ ပြောင်းလဲသွားပြီး မျက်ဝန်းဆီမှ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာတော့သည်။

"မမလှိုင်းတို့ သိပ်ရက်စက်ကြတယ်နော်..."

အသံက တိုးတိမ်လွန်းသော်လည်း နှလုံးသား၏ နာကျည်းခြင်း မာန်များက အပြည့်။

"ထင်ပါ ချစ်နှင်းဖြူ။ ကြိုက်သလိုလည်း ပြောပါ၊ ပေးချင်တဲ့ အပြစ်လည်းပေးပါ"

ချစ်နှင်းဖြူ အားလျော့စွာ ခေါင်းခါသည်။

"မမလှိုင်းတို့မှာ ရှင်းပြစရာတွေ အများကြီးပါကွယ်။ ကိုဖြိုး မေမေ အဲဒီလက်ထပ်တဲ့နေ့က ဆေးရုံတင်ပြီးနောက် ဆုံးသွားတာ ညီမလေး သိလားဟင်"

"နောက်မှသိတယ်"

"ကဲ...ဒါတွေထားဦး၊ ရှင်းပြစရာတွေက အရှည်ကြီး၊ ခု ပြောလို့ မဖြစ်သေးဘူး။ လောလောဆယ် အရေးကြီးတာက ချစ်နှင်းဖြူကို ကုသဖို့ပဲ"

အပြင်သို့ ပြန်ထွက်ပြီး လူကြီးနှစ်ဦးနှင့် တိုင်ပင်ရန် ထလိုက်ချိန်တွင်...

"မမလှိုင်း"

"ပြောပါကွယ်"

"နှင်းဖြူရောဂါက ကျွမ်းနေပါပြီ ကုမနေပါနဲ့တော့"

"အို့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူများကို ဒုက္ခမပေးချင်ဘူး။ ဒီအိမ်မှာ နေရတာလည်း အားနာလှပြီ။ နှင်းဖြူကို တစ်နေရာရာ ပို့ပေးခဲ့ပါ"

"အားလုံး မမလှိုင်း ဆောင်ရွက်ပေးပါ့မယ်။ အကောင်းဆုံးကတော့ ဆေးရုံတင်လိုက်ဖို့ပဲ"

"အမေက ဆေးရုံတင်တာ မကြိုက်ဘူး"

ဆေးပညာ အသိမကြွယ်သော မိခင်၊ ဆေးရုံဆိုသည်မှာ လူနာအတွက် အားကိုးရာ ဌာနဆိုသည်ကို မသိလေသော ဒေါ်ခင်နှင်း...

"ချစ်နှင်းဖြူ"

သူ ငိုနေသည်။ ထူးနိုင်သည့် အင်အားပင် ရှိပုံမရတော့...

"မမလှိုင်းလေ...ချစ်နှင်းဖြူရဲ့ ခြေအစုံကို ဖက်ပြီး တောင်းပန်ပါရစေကွယ်"

ဖြူလှိုင်းဖွေးလည်း မတင်းနိုင်တော့၊ ရင်မှ လှိုက်တက်လာ၍ ရှိုက်ငိုမိပါပြီ။ ငိုလျက်နှင့်ပင် သူ့လက်ကို ကိုင်ပြီး...

"ပထမ ညီမလေးရဲ့ ဝေဒနာကို အစွမ်းကုန် ကုသခွင့်ပေးပါ၊ ပြီးတော့... ကိုဖြိုးနဲ့ မမလှိုင်း ကွာရှင်းထားပြီးကြတဲ့ စာချုပ်ကို ကြည့်ပါ"

"ဟင်"

"မမလှိုင်း အစအဆုံး ရှင်းပြခွင့်ပေးပါ ညီမလေးရယ်၊ ပြီးတော့မှ ချစ်နှင်းဖြူ ကြိုက်သလို ဆုံးဖြတ်ပါနော်"

"သူ...သူရော ဟင်..."

"ကိုဖြိုးဟာ ချစ်နှင်းဖြူကို ထာဝရ စောင့်မျှော်လျက်ပါကွယ်"





"သူဟာ မမလှိုင်းရဲ့ ယောက်ျားပါ"

"လုံးဝမဟုတ်ပါဘူး ညီမလေးရယ်"

"တူတူနေကြတာဆို၊ အမေပြောတယ်"

"မဟုတ်ပါဘူး။ မမလှိုင်း ရှမ်းပြည်နယ်မှာ နေတာပါ၊ ဒီသတင်းရမှ ပြန်ခေါ်လို့ ရောက်လာတာပါ။ မမလှိုင်း သံသရာအဆက်ဆက်မှာ ဝဋ်ဒုက္ခမျိုးစုံ ခံစားရပါစေလို့ ကျိန်ဆိုပြပါ့မယ် ချစ်နှင်းဖြူရယ်။ ညီမလေးကို ပေးခဲ့တဲ့ ကတိကနေ ဆံချည်တစ်မျှင်စာမှ မမလှိုင်းတို့ မဖောက်ဖျက်ခဲ့ကြပါဘူး"

"ဒါပေမယ့် လာခေါ်မယ်ဆိုတဲ့ ကတိတော့ ဖျက်ကြပါတယ်လေ"

"အဲဒီနေ့ တည့်တည့်မှာပဲ ကိုဖြိုးမေမေ ဆေးရုံတင်ရတယ်။ နောက်နှစ်ရက်မှာ ဆုံးသွားတာ ချစ်နှင်းဖြူ မသိဘူးလားဟင်"

"နောက်နေ့မှာပဲ ဖေဖေနှင်ချလို့ ထွက်ပြေးခဲ့ရပြီ"

အင်အားနဲ့နဲ့လေးနှင့် ချစ်နှင်းဖြူ ရှိုက်ငိုတော့ ဖြူလှိုင်းဖွေးက သူ့မျက်ရည်တို့ကို အရင် ပြန်ထိန်းရသည်။

"ကဲ...ကဲ...ဒါတွေ ပြေလည်အောင် နောက်တစ်ပိုင်း ရှင်းပါ့မယ်။ အခု ချစ်နှင်းဖြူရဲ့ ကျန်းမာရေးကို အရင်ဆုံး ကုသဖို့ စီစဉ်ကြရအောင်ပါကွယ်"

"မကုနဲ့၊ ကုပေးပြီး ညှဉ်းဆဲထားမယ့်အစား နှင်းဖြူ သေသွားတာပဲ ကောင်းပါတယ်"

ရှိစေတော့၊ ဤကြေကွဲမှု စကားထက် ပိုမိုပက်စက်သော စကားမျိုးပင် သူ့အနေနှင့် ပြောသင့်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူလှိုင်းဖွေး အပြင်ထွက်လာတော့ လိုက်ပို့သည့်လူကြီး မရှိတော့၊ ဆေးလိပ်တစ်တိုနှင့် ထိုင်နေသော ဒေါ်ခင်နှင်းကို တွေ့ရသည်။

"ငါကြားပါတယ်။ ညည်း ဖြူလှိုင်းဖွေး မဟုတ်လား"

ရင်ခွင်များစွာတွင် ကျင်လည်ရာမှ ကျဆုံးလာခဲ့ပြီဖြစ်သော အမျိုးသမီးကြီးက ဖြူလှိုင်းဖွေးကို အမုန်းတီးဆုံး အကြည့်နှင့် ကြည့်လာသည်။

သူ့ကို အမုန်းကန်ဆုံးနှင့် အမြန်ဆုံး အကဲခတ်နိုင်ဖို့ လိုအပ်သည်။

ကျဆုံးခြင်းမလှ ကျဆုံးနေပြီဖြစ်သော်လည်း လောဘ မျက်ဝန်းက အထင်းသား...

"ဒေါ်ဒေါ်ကို လှိုင်း ကန်တော့ပါရစေရှင်၊ ပြီးတော့မှ အားလုံး ရှင်းပြပါ့မယ်နော်။ အခုတော့...ချစ်နှင်းဖြူကို ကောင်းမြတ် ထိုက်တန်တဲ့ နေရာမှာ ဆေးခေါ်ကုခွင့်ပေးပါ၊ ဒေါ်ဒေါ်လည်း လိုက်ခဲ့ပါ၊ အခုဟာက ဒီအိမ်မှာ လိုအပ်ရင် ပေးခဲ့ဖို့နဲ့ ဒေါ်ဒေါ်သုံးဖို့ပါ"

ရာဂနိုင်ငါးရွက် သူ့ရှေ့ချပြီး ဖြူလှိုင်းဖွေး ထိုင်ကန်တော့လိုက်တော့ သူ ယောင်နနကြီးကို ဖြစ်သွားတော့သည်။ ငွေငါးရာကို မကိုင်ရသည်မှာ ကြာလှပြီဖြစ်ကြောင်း သိသာနိုင်ပါသည်။ လှိုင်းက သူ့ရှေ့မှ ငွေကိုယူပြီး သူ့လက်တွင်းသို့ပင် ထည့်ပေးလိုက်သည်။

"ဒီအိမ်ကလည်း အဒေါ်ဆူငယ်ချင်း၊ ဘာမှ တော်တာ မဟုတ်ဘူး။ သူ့ယောကျ်ားကလည်း ကြိုက်တာ မဟုတ်ပါဘူးကွယ်။ မဖြစ်လို့သာ နေရတာ။ သူတို့ကြွေးလည်း တစ်ရာကျော် တင်နေတယ်"





"ဒါဆို ဆပ်လိုက်ပါနော်၊ နောက်လိုသမျှလည်း ပေးပါ့မယ်၊ အခု လှိုင်းတို့ တစ်နေရာရာကို သွားကြပါစို့နော် ဒေါ်ဒေါ်"

"အင်း... သင့်လျော်သလို စီစဉ်ပေါ့"

"နောက်တစ်ခု တောင်းပန်ရမှာက လှိုင်းရဲ့ခင်ပွန်း မဟုတ်တဲ့ ကိုဖြိုးမြင့်ဝေလည်း ပါလာပါတယ်ရှင်"

"ဘာ"

"သူနဲ့ လှိုင်းနဲ့ လုံးဝ... အဲ... ဟို... ကွာရှင်းထားပြီးပါပြီ၊ လှိုင်းလည်း နန္ဒနောင်ဆိုသူနဲ့ လက်ထပ်တော့မှာပဲ။ အဲဒါတွေ အားလုံး နောက်တော့ ရှင်းပြပါ့မယ်ရှင်၊ အခုအချိန်မှာတော့ လှိုင်းနဲ့ ကိုဖြိုးကို ခဏလေး ခွင့်လွှတ်ပေးကြပါ၊ သူ့ကို ချစ်နှင်းဖြူနဲ့ တွေ့ခွင့်ပေးပါ၊ ပြီးရင် ဒီအိမ်က ထွက်သွားဖို့နဲ့ ဆေးကုသဖို့တွေ ဆက်တိုက် စီစဉ်ကြရအောင်ပါနော်...ဒေါ်ဒေါ်"

ဒေါ်ခင်နှင်း၏ လက်ကိုကိုင်ပြီး တောင်းပန်စကားများ မနားတမ်း ခပ်ကျယ်ကျယ် ပြောလိုက်သည်။ အခန်းတွင်းမှ ချစ်နှင်းဖြူလည်း ကြားသာနိုင်ရန်ပါ။

"အေးလေ၊ တော်သလိုလုပ်လေ"

မာန်လျှော့၍ လေပျော့စကား ကြားပြီးသည်နှင့် ဖြူလှိုင်းဖွေးမှာ ခြံအပြင်သို့ လမ်းလျှောက်၍ မထွက်၊ ပြေး၍ပင် ထွက်လာခဲ့တော့သည်။

"လှိုင်း...လှိုင်း...ဘာလဲဟင်"

ကိုဖြိုးကလည်း ကားပေါ်မှ ဆင်းပြီး ထိတ်ထိတ်ပျာပျာ အမူအရာနှင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး ကိုဖြိုး၊ ချစ်နှင်းဖြူ ရှိနေပြီ"

"ဟာ...ငါ...ငါ တွေ့ရမလား"

"အေး...တွေ့ရုံမဟုတ်ဘူး၊ သူ့ကို တစ်ခါတည်း ခေါ်သွားလို့ရအောင် ငါပြောခဲ့ပြီ"

"ဟာ... လိုင်းရယ်"

"လာ... ကိုဖြိုး၊ သွားစို့"

"ချစ်... ချစ်နေကောင်းရဲ့လားဟင်"

"နေမကောင်းဘူး ကိုဖြိုး၊ တို့သူ့ကို ခေါ်သွားကြမယ်၊ ဆေးကုယူမယ်"

"ငါ...ငါ...ချစ်ကို တွေ့ချင်လှပြီ မိလှိုင်း"

ဖြူလှိုင်းဖွေးထက် လျှင်မြန်သော ခြေလှမ်းနှင့် အိမ်ရှေ့သို့ ကိုဖြိုးအရင်ရောက်နှင့်သည်။

ပြီးတော့ သူအရင်မဝင်ရဲ၊ ဖြူလှိုင်းဖွေး ရှေ့ဆောင်ခေါ်သွားလေမှ ချစ်နှင်းဖြူ၏ ကွပ်ပျစ်လေးဘေးသို့ ရောက်သည်နှင့်...

အခင်းမရှိသောအိမ်၊ မြေပြင်ကို ကြမ်းလုပ်ထားသည့်ပေါ်သို့ ကိုဖြိုး ဒူးထောက် ထိုင်ချလိုက်ပြီး...

"ချစ်...ချစ်ရယ်"

ပွေ့ဖက်လိုက်ပြီး ကိုဖြိုးက အရင် စငိုသည်။

"မောင်တို့ သိပ်ရက်စက်ကြတယ်နော်"

"ပြောပါ ချစ်ရယ်... ပြောပါ၊ မောင့်အဖြစ်တွေ ချစ် မမြင်ရပေမယ့်၊ သိရမှာပါဗျာ"





သိပ်နွမ်းနေသော ချစ်နှင်းဖြူ၏ ကိုယ်ခန္ဓာလေးကို ကိုဖြိုးက သတိလက်လွတ်ဖြင့် မညင်မသာ ပွေ့ယူသည်။ ချစ်နှင်းဖြူမှာ ရုန်းနိုင်သည့်အင်အား မရှိ။

ပျောက်ဆုံးနေသော သူ့ချစ်သူကို ရင်ခွင်၌ ကျစ်ကျစ်ပါအောင် ပွေ့ပိုက်ရင်း ကိုဖြိုး ငိုနေသည်ကို ကြည့်ပြီး ချစ်နှင်းဖြူလည်း မျက်ရည် မဆည်နိုင်တော့ပါ။

"မငိုပါနဲ့၊ ချစ် မငိုပါနဲ့ကွယ်၊ ချစ်က တစ်နှစ်မလာနဲ့ဆိုလို့ မောင် သစ္စာစောင့်တဲ့အနေနဲ့ နေရတာပါ၊ ချစ်ကိုလေ တစ်စက်ကလေးမှ မောင် သစ္စာမဖောက်ဘူး သိလား"

ချစ်နှင်းဖြူက လက်ကလေး မြှောက်ပြီး ကိုဖြိုး၏ ပါးကို ဖြည်းဖြည်းလေး ထိတွေ့သည်။ ပြီးတော့ မျက်ရည်များ သုတ်ပေးလျက်...

"မောင်"

"ချစ်...ချစ်ရယ်"

ချစ်နှင်းဖြူ စကားများစွာ ပြောချင်သော်လည်း ပြောနိုင်စွမ်းအားမရှိအောင် မောနေရှာသည်။

ဖြိုးမြင့်ဝေမှာ...ပျော်ရွှင်ခြင်း၊ ကြေကွဲခြင်းများအားလုံး ရောထွေးပြီး ကြီးကြီးကျယ်ကျယ် ခံစားနေရ၍ သူ့ဘာကိုမှ ဝေဖန်စဉ်းစားနိုင်ခြင်း ရှိဟန်မတူတော့။

"ကိုဖြိုး"

မနေသာတော့ ဘေးမှ ဖြူလှိုင်းဖွေး ဝင်ပြီး ပြောရပါပြီ...။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်နှင်းဖြူကို ညင်ညင်သာသာလေးပဲ မွေ့ထားပါကိုဖြိုး၊ ပြီးတော့ သူ့ကို တို့တစ်နေရာရာ ခေါ်သွားကြမယ်လေ"

"ချစ် လိုက်မှာပါနော်"

ရင်ခွင်တွင်းမှ သူ့အချစ်ဆုံးကို ငုံ့မေးတော့ ချစ်နှင်းဖြူ ခေါင်းညိတ်ရှာသည်။

"ဆေးရုံတော့ မတင်ကြနဲ့ကွယ်၊ ဒီရောဂါမျိုး ဆေးရုံတင်ရင်၊ အဲလေ… အခေါ်မကြိုက်ဘူး၊ ဆေးခန်းပဲ သွားချင်သွား"

ကိုဖြိုးက ဖြူလှိုင်းဖွေးသို့ ကြည့်သည်။ 'ဘာလုပ်ကြမလဲ' ဆိုသည့် သဘော…

မန္တလေးတွင် အသိမရှိ၍ ဘာလုပ်ရ ကောင်းမလဲဟု လှိုင်း စဉ်းစားနေဆဲ…

ဖြိုးမြင့်ဝေ၏ ညီဝမ်းကွဲ စိုးတင့်ဦးကပါ အထဲဝင်လိုက်လာရာမှ အခြေနေ အရပ်ရပ်ကို ကြားသိပြီး သူက ဝင်ပြောလာသည်။

"ဒက်ဒီ ဆီပဲ ခေါ်သွားကြရအောင်လား ကိုဖြိုး၊ အိမ်က အကျယ်ကြီး၊ ကျွန်တော်ကိုသားအဖပဲရှိတာ"

အရင် ကိုဖြိုးလာပြီး စစ်ကိုင်းသို့ သွားစုံစမ်းပေးစဉ်ကလည်း ပြင်ဦးလွင်မှ ဦးလေး ဒေါက်တာ မြတ်ဦး အိမ်တွင်ပင် တည်းခိုသည်။

ဒေါက်တာ မြတ်ဦးသည် သမားသက် ရင့်နေသော အားကိုးထိုက်ဖွယ် ဆရာဝန်ကြီးတစ်ဦးပါ။

"ဆရာဝန် တစ်ယောက်နဲ့ အနီးကပ်နေခွင့် ရရင်တော့ အကောင်းဆုံးပေါ့ ကိုဖြိုး၊ စိုးတင့်ဦးရေ တို့များအားလုံး လိုက်လို့





ဖြစ်ပါတယ်နော်"

လှိုင်းက ညီကိုနှစ်ယောက်လုံးသို့ တစ်ဆက်တည်း ပြောလိုက်သည်။

"ဟာ… သိပ်ဖြစ်တယ်၊ အိမ်က အကျယ်ကြီး၊ အိမ်မှာ အောက်ဆီဂျင်ကအစရှိတယ်၊ လိုအပ်ရင်လည်း နပ်(စ)ခေါ်ထားပေးမှာပေါ့၊ အိမ်သာလိုက်ခဲ့ကြပါ"

"ကဲ…ဒေါ်ဒေါ် ယူစရာရှိတာယူ၊ သွားကြစို့"

ယိုးဒယား ပလတ်စတစ် ခြင်းလေး တစ်လုံးစာသာ သူတို့ ပစ္စည်းပါသည်။ အလုပ်ရုံထဲရောက် အိမ်ရှင်သို့ ဒေါ်ခင်နှင်း သွားနှုတ်ဆက်ရင်း ငွေပေးနေသည်ကိုလည်း တွေ့ရပါ၏။

ကိုဖြိုး ကိုယ်တိုင် သူ့အချစ်ဆုံးကို သူ့ရင်ခွင်မှာ ပိုက်ပွေ့လျက်—ပြင်ဦးလွင် တောင်ပေါ်မြို့သို့ တက်ရန် ကားစထွက်ခဲ့ပါပြီ…

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်လေး

"အနှောင်လား...မမပါ"

"ဟာ...မမ၊ ဒါနဲ့ ဖုန်း ညတိုင်း ဆက်မှာဆို"

"အေး...ဒီမှာ သိပ်အရေးကြီးနေလို့။ ပြီးတော့ မမတို့ မန္တလေးမှာ မဟုတ်ဘူး၊ ခု ပြင်ဦးလွင်က ဆက်နေတာ"

"ဘယ်တော့ ပြန်လာမှာလဲ၊ အနှောင်တစ်ယောက်တည်း မနေတတ်တော့ဘူး၊ လွမ်းလှပြီဗျ"

"အမယ်လေး၊ အရေးထဲ၊ ဒီမှာ မမ ပြောတာ နားထောင်စမ်း၊ အိမ်ကို အကြောင်းကြားထားတယ်၊ အိမ်က မောင်လေး လာစီစဉ်ပေးလိမ့်မယ်၊ အနှောင် မန္တလေးကို လိုက်ခဲ့"

"ဘယ်တော့လဲ"

"မမ မောင်လေး စီစဉ်ပေးလိမ့်မယ်၊ ပြင်ဦးလွင်အထိ ဘယ်လို လာရမယ်ဆိုတာလည်း ပြောလိမ့်မယ်၊ အဲ့ဒီအတိုင်း အနှောင် အမြန်ဆုံး မမဆီကို လိုက်ခဲ့တော့နော်...ကြားလား"

"လာခဲ့မယ်...လာခဲ့မယ်၊ မမ နေကောင်းလား၊ ချစ်နှင်းဖြူရော တွေ့ပြီလား"





"အေး...တွေ့ပြီ၊ ဒါပေမယ့် နေမကောင်းဘူး၊ ဒါတွေ ဒီရောက်မှ ပြောမယ်၊ ဒါပဲ...ဖုန်း ချလိုက်တော့မယ်"

မေမေမှတစ်ဆင့် နန္ဒနှောင် လိုက်ပါနိုင်ဖို့ လက်မှတ်ကိစ္စ၊ မေမြို့အထိ လမ်းညွှန်ပေးဖို့၊ ပြီးတော့ အိမ်ကို မောင်လေးနဲ့ သူ့ သူငယ်ချင်းတွေ စောင့်ပေးဖို့ကအစ မှာပြီးမှ နန္ဒနှောင်ဆီသို့ ဖုန်းဆက်ရပါ၏။

အောက်ထပ်မှ တယ်လီဖုန်းကို အော်ပြောပြီး အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။

ဒေါက်တာမြတ်ဦး၏ဇနီးကလည်း ဆရာဝန်ပါ။ မန္တလေးဆေးရုံမှာ တာဝန်ကျပြီး သမီးနှစ်ယောက်နှင့် နေသည်။ ပြင်ဦးလွင်မြို့ သစ်တောလမ်းမှ သူတို့ပိုင် ခြံကြီးတွင် ကျောင်းပြီးသွားသော သားတစ်ယောက်နှင့် နေကြပါ၍ အပေါ်ထပ်အခန်းကျယ်ကြီး တစ်ခုလုံးကို လှိုင်းတို့အတွက် ပေးထားပါ၏။ အားနာစရာ မရှိ၊ သားအဖနှစ်ယောက်လုံး ပြေလည်ရုံမက သဘောကောင်းကြသည်။

"ရလား လှိုင်း"

"အေး...အမြန်ဆုံး လိုက်ခဲ့လို့ ခေါ်လိုက်ပြီ"

"နန္ဒနှောင်နဲ့ နင်နဲ့ ချစ်သူအဖြစ် ချစ် မြင်အောင် တမင်ပြချင်လို့ ခေါ်တယ်ဆိုတာ ငါနားလည်ပါတယ်၊ နင့်...ကျေးဇူးတွေ များနေ..."

"အို...ဒါတွေ ပြောနေရမယ့်အချိန် မဟုတ်ပါဘူး...လာ"

ခုတင်ပေါ်တွင် ချစ်နှင်းဖြူ မှိန်းနေသည်။ ဂလူးကို့(စ)ရေများ တစ်စက်ချင်း ချစ်နှင်းဖြူ၏ သွေးကြောတွင်းသို့ စီးဆင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ် နေသာရဲ့လားဟင်"

ကိုဖြိုးက စို့နေသော နှုတ်ခမ်းပြင်မှ ချွေးဥလေးများကို တယုတယ တို့သုတ်ပေးရင်း မေးလိုက်သည်။

ချစ်နှင်းဖြူက ခေါင်းညိတ်ပြပြီး ကိုဖြိုး၏လက်ကို ဆွဲယူကာ သူ့လက်တစ်ဖက်နှင့် ရင်မှာ ပိုက်ဖက်ထားရှာသည်။

"မနေ့က ခရီးပန်းလာလို့ ညီမလေး နုံးနေတာပါ၊ မကြာခင် သက်သာလာမှာပါကွယ်"

"မမလှိုင်း"

"ပြောလေ ညီမလေး၊ ဘာလုပ်ပေးရမလဲ"

"မောင်"

"ဗျာ"

"ဒီထဲက နေမကောင်းဘူး"

သူ့ရင် တစ်ပြင်လုံးသို့ ဖိပြရင်း နွမ်းလျစွာ အသံယဲ့ယဲ့လေးနှင့် ပြောနေရှာသည်။

"ချစ်ရယ်...မောင် ပြောင်းယူပြီး ခံစားပေးချင်လိုက်တာ..."

ချစ်နှင်းဖြူ၏ နှုတ်ခမ်းပြင်ကို သူ့ပါးနှင့်အပ်ပြီး ပြောလိုက်သည်။ ကိုဖြိုး၏ နှလုံးသည်းပွတ်မှ ဖြစ်ထွန်းနေသော ကရုဏာဘာရားနှင့် သူစောင့်စည်းထားသော သစ္စာတရားတို့သည် ချစ်နှင်းဖြူ ခံစားနေရသော အသည်းပေါ်သို့ ကျရောက်၍ ရောဂါများ ပျောက်ကင်းနိုင်ပါစေသားကွယ်...

တစ်ယောက်ကလည်း သူ့ချစ်သူ၏လက်ကို ပိုက်ထားသည်။ တစ်ယောက်ကလည်း သူ့ချစ်သူ၏ နှုတ်ခမ်းပြင်မှာ ပါးအပ်ထားရှာသည်။





အချစ်ဆုံးနှစ်ယောက်တို့သည် ကြားကာလ ကိစ္စများကို မေ့လျော့ထားကြပုံရသည်။ ဖြေရှင်းမှုများကိုလည်း ခေတ္တဘေးဖယ် လိုက်ကြပုံရသည်။

ပြန်လည် ဆုံတွေ့ကြစဉ်မှာ အသည်းခိုက်အောင် လွမ်းကြရ ကြင်နာကြရသော ထိတွေ့မှုများဖြင့် ရှိနေကြသည်ကို ဖြူလှိုင်းမွေး ရင်အေးစွာ တွေ့ရပါပြီ။

သူ မလိုအပ်၍ အပြင်ဘက် ဝရန်တာသို့ ထွက်လာချိန်မှာ ချစ်နှင်းဖြူ၏မိခင်က လျှော်ပြီးသား အဝတ်များကို လှန်းနေသည်။

သည်အိမ်မှာ သမီးအတွက်ရော သူ့အတွက်ပါ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်နေပုံရပါ၏။

သူ့ဇလုံတွင်းမှ အဝတ်များကို ကူညီရွေးညှစ်ပြီး လှန်းပေး ရင်းက...

"ဒေါ်ဒေါ်နဲ့ ချစ်နှင်းဖြူ ဘယ်လို ဆုံမိကြတာလဲဟင်"

"မလှိုင်းတို့ဘက်က လာပြီး စုံစမ်းတာက စတာပေါ့"

"ရှင်..."

"မလှိုင်းနဲ့ ကိုဖြိုး မင်္ဂလာဆောင်ကာနီးလေ..."

"ဪ..."

"သူတို့ပဲ ခြေရာခံတတ်ကြတယ်၊ ချစ်နှင်းဖြူရဲ့ အမေဆိုတာကို လာကြည့်တယ်၊ မေးမြန်း စုံစမ်းတယ်တဲ့။ ဒါနဲ့ပဲ ငါ့သမီးလေး ဘာဖြစ် နေလို့ပါလိမ့်ဆိုပြီး ကိုစိုးချစ်ကို ရှာရတာပေါ့၊ သူ အရင်နေတဲ့ သုဝဏ္ဏမှာပဲတဲ့။ ဒီတော့ ဘာဖြစ်လဲ...တစ်ဆင့် တစ်ဆင့်မေးတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးချစ်သူကို ယောက်ျားလေးဘက်က သဘောမတူဘူးတဲ့။ သူတို့ သဘောတူတဲ့ မိန်းကလေးနဲ့ ပေးစားတော့မှာတဲ့"

"ဟင်း..."

ပင်ပန်းသော သက်ပြင်းတစ်ရှိုက် ချလိုက်ရသည်။

"နောက် မကြာခင်မှာပဲ သူ့အဖေက ရိုက်နှက်နှင်ချလို့ သူ့အကြီးရိုရာ စစ်ကိုင်းကို ထွက်ပြေးသွားတယ်လို့ ကြားရတာပါပဲ"

"ဟုတ်ကဲ့..."

"ဒါပေမယ့်... လိုက်သွားစရာ လမ်းစရိတ် မရှိလို့ အတော်လေးကြာသွားတယ်။ နောက်မှ သာကေတကို လာတဲ့...အခု မြက်ပါးရပ်က မတင်အေးနဲ့ တွေ့လို့ သူက စရိတ်ခံ ခေါ်လာတာ"

အဝတ်လှန်းပြီးတော့လည်း မတ်တတ် ရပ်လျက် စကားဆက်ကြပြန်သည်။

"ဒီရောက်တော့ သမီးလေးက မမာနေပြီ။ အဒေါ်လည်း ပြုစုပေမယ့် ဆေးဖိုးဝါးခက မရှိဘူးလေ...၊ ဒါနဲ့ ဖရပ်ရှင်က ခေါ်ပြီး ကုပေးတယ်။ ဒါပေမယ့်... အသားဝါ အသည်းရောင်ရောဂါမို့ သူတို့လည်း ကုးမှာကြောက်တယ် ဆိုတာနဲ့ မတင်အေးကို တောင်းပန်ပြီး ပြောင်းနေရတာ၊ သူ့ယောက်ျားက မကျေနပ်ပေမယ့် သူက လက်ခံထားလို့ တော်သေးတာပေါ့။ သမီးလေးကလည်း သူ့ကိုယ်သူ အားလျှော့၊ အဒေါ်လည်း ကြံရာမရဖြစ်နေချိန်မှာ မလှိုင်းတို့ ရောက်လာကြတာပါ"

"ဒါတောင် လှိုင်း ရှမ်းပြည်နယ် သွားနေလို့ နည်းနည်းနောက်ကျသွားရတယ် ဒေါ်ဒေါ်ရယ်"





"လှိုင်းက ကိုဖြိုးနဲ့ တကယ် မပေါင်းဘူးလား"

"ဟင့်အင်း...ဒေါ်ဒေါ့်ကို ပြောပြထားခဲ့တဲ့အတိုင်း ဟန်ဆောင်နေပြီး ကွာရှင်းထားပါတယ်။ လှိုင်းလည်း အဲဒီ ရှမ်းပြည်နယ်က လူနဲ့ပဲ လက်ထပ်တော့မှာပါ၊ မကြာခင်မှာ သူဒီကို လိုက်လာပါလိမ့်မယ်"

"ဒါဆို ကိုဖြိုးက သမီးလေးကို အတည်ယူမှာလားကွယ်—"

ဘယ်လိုပင် ဘဝဆိုးမှ ရောက်လာပါစေ...မိခင်၏ မေတ္တာတရားက ကြီးမားစွာ ကျရောက်တတ်မြဲပါလား။

"အတည်ယူရုံမကပါဘူး ဒေါ်ဒေါ်ရဲ့၊ အခုမြင်ရတဲ့အတိုင်း တစ်သက်လုံး မြတ်နိုးယုယစွာ ပေါင်းသင်းမှာပါ။ ကိုဖြိုးလို ချစ်နိုင်လွန်း၊ သစ္စာရှိနိုင်လွန်းတဲ့ ယောက်ျားမျိုးတော့ ဒီကမ္ဘာပေါ်မှာ ရှိနိုင်တော့မယ် မထင်ပါဘူး"

"သမီးလေး ကံကောင်းတော့မှာပေါ့နော်"

ကံကောင်းပါစေလို့ပဲ အသေအလဲ ဆုတောင်းနေရတယ် ဒေါ်ဒေါ်ရေ...ဟူသော ရင်တွင်းစကားကို ဒေါ်ခင်နှင်း မကြားသေးတော့။

"သမီးလေး တင့်တင့်တယ်တယ် ဖြစ်ရင် ပြီးတာပါပဲ။ အဒေါ်ကြောင့် မျက်နှာမငယ်စေရပါဘူးကွယ်"

"သားအမိချင်းပဲ ဒေါ်ဒေါ်ရယ်"

"ဘာပဲဖြစ်ဖြစ်၊ ဒေါ်ဒေါ် လိုက်မနေပါဘူးကွယ်...၊ အခုလည်း သမီးအတွက် စိတ်ချရပြီပဲ။ သုံးလေးရက်လောက် နေပြီးရင် ဒေါ်ဒေါ် ပြန်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com

ဖြူလှိုင်းဖွေး ဘာမှ မပြောတော့။ ဆေးပညာ အသိမကြွယ်သူမို့ ချစ်နှင်းဖြူ၏ အခြေနေမှာ လုံးဝ စိတ်ချရပြီဟု မပြောနိုင်သေးကြောင်း သူ မသိရှာ။

ငွေတွေ ဒလဟော အကုန်ခံသည်။ ဆေးကောင်းဝါးကောင်းတွေ ဝယ်သည်။ ပြင်ဦးလွင် ဆေးရုံမှ ဆရာဝန်၏ အိမ်တွင်နေပြီး အနီးကပ် အသေးစိတ် ပြုစုနေသည်။ ဤသို့သော ပြည့်စုံခြင်းများသည် လူသားတစ်ယောက်၏ အသက်ကို အသာလေး ကယ်တင်နိုင်ပေလိမ့်မည်ဟု ဒေါ်ခင်နှင်း စိတ်သက်သာစွာ တွေးထင်နေရှာသည်။

တကယ်တော့...

"ချစ်နှင်းဖြူရဲ့ အခြေနေဟာ စိတ်ချသွားရပြီလို့ လုံးဝ မပြောနိုင်သေးဘူး။ စိုးရိမ်စရာ အခြေနေမှာပဲ ရှိနေသေးတယ်။ အန်ကယ်(လ်)လည်း အစွမ်းကုန် ကြိုးစားနေဆဲပဲ။ သူ ကံကောင်းပါစေလို့ပဲ ဆုတောင်းတော့ကွယ်..."

ဆိုသော ဆရာဝန်ကြီး ဦးမြတ်ဦး၏ စကားက ဖြူလှိုင်းဖွေးနားမှ မထွက်တော့။

ပြင်ဦးလွင် တစ်ပြင်လုံး ဆောင်းဦး နှင်းမြူတွေ ဆိုင်းနေသော်လည်း...

ဖြူလှိုင်းဖွေး၏ ရင်မှာ နွေကန္တာလို သောကဖြင့် လောင်မြိုက်နေ၍...

မျက်ဝန်းမှာ မျက်ရည်မိုးများ ခိုသီးလျက်...

✣ ✣ ✣



## အခန်း သုံးဆယ့်ငါး

"ညီမလေး ချစ်နှင်းဖြူ၊ ဒါ မမလှိုင်းရဲ့ နန္ဒနောင်လေ"

သူက အားယူကြည့်သည်။ ပြီးတော့ ယဲ့ယဲ့လေးပြုံးပြီး ခေါင်းညိတ်ပါ၏။

"ချစ် လိမ္မော်ရည်လေး နည်းနည်းသောက်ဦးမလားဟင်"

"အန်ချင်တယ်မောင်ရယ်၊ မသောက်ချင်ဘူး"

"ထိုင်မလား၊ မောင် ပွေ့ထူပေးမယ်လေ"

ချစ်နှင်းဖြူက ခေါင်းခါပြီး ဖြိုးမြင့်ဝေ၏လက်ကို လှမ်းဆွဲလျက်...

"ချစ်သာ မမိုက်ရင်၊ မောင် ဒီလောက် ဒုက္ခရောက်ရမှာ မဟုတ်ဘူး၊ ချစ် မှားပါတယ်"

"ညီမလေး မမှားပါဘူးကွယ်၊ အားလုံးဟာ မမလှိုင်းရဲ့ အပြစ်တွေချည်းပါ"

"မဟုတ်ဘူး၊ မောင် လိုက်လာတုန်းက အတွေ့ခံမိရင်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ…ဒါတွေ ပြောမနေပါနဲ့ကွယ်"

"မဟုတ်ဘူး၊ ဒီတုန်းက တကယ်ပဲ ရက်စက်ကြတယ်ထင်ပြီး အပြတ်စာရေးမိတယ်၊ နှင်းဖြူရဲ့ စာရတော့ မောင် သိပ်ခံစားရသလား ဟင် မမလှိုင်း"

"ခံစားရလည်း အားလုံး ပြီးပြေပြီပဲကွယ်၊ သူ သိပ်ချစ်တဲ့သူကို ဖြူ့စုခွင့် ရနေပြီပဲ"

ချစ်နှင်းဖြူ ခေါင်းခါသည်။

သူသည် အားလုံး ရပ်နေသည့် အထဲမှ နန္ဒနောင်သို့ အသေအချာ စိုက်ကြည့်နေသည်။

"နေကောင်းပါရဲ့လား ခင်ဗျာ၊ ကျွန်တော်လည်း အစက လုံးဝ မယုံကြည်ဘူး၊ နောက် သူတို့နဲ့အတူနေတော့မှ အစ်ကိုဖြိုး တကယ် သစ္စာရှိတယ်ဗျာ"

နန္ဒနောင်က စကားသံဝဲဝဲလေးနှင့် ဝင်၍ထောက်ခံပေးသည်။

ချစ်နှင်းဖြူက ကိုဖြိုး၏လက်ကို ဆုပ်ကိုင်ထားသလို၊ နန္ဒနောင် ကလည်း ကွဲကွာနေရသော သူ့မမကို ပျောက်ဆုံးသွားမှာ ကြောက်သလို၊ ဖြူလှိုင်းဖွေး၏ လက်ကို မလွှတ်တော့။

"မောင်"

"မမလှိုင်း"

သူနှစ်ဦးအားလုံး တိုးကပ်သွားကြသည်။

"မြကျွန်းသာရဲ့ သူငယ်ချင်းတွေ ပြန်ဆုံပြီး မောင်နဲ့ ချစ်ခဲ့ရတဲ့ အချိန်လေးတွေကို ပြန်ရချင်လို့ပဲတာ"





"အို…ဘာလို့ ငိုရတာလဲ ညီမလေးရယ်"

ကိုဖြိုးက မနေ့စ်သိမ့်နိုင်၊ ချစ်နှင်းဖြူ ငိုလျှင် သူပါ လိုက်ငိုသူပါ။

"နှင်းဖြူ အမှားကြောင့်…"

"အို… မမလည်း 'ငါ့ကြောင့်'လို့ အမြဲထင်နေတာပဲ၊ ညီမလေး လည်း မမှားပါဘူးကွယ်၊ တကယ်တော့ အရာအားလုံးဟာ ကံကြမ္မာရဲ့ အလှည့်အပြောင်းကြောင့်ပါလို့ပဲ မမလှိုင်းတို့ ခံယူကြရအောင် ပါနော်…"

"ဟုတ်ပါတယ် ချစ်ရယ်၊ ချစ် နေကောင်းရင် မောင်တို့ ရန်ကုန် ပြန်ကြမှာပဲ၊ အားလုံး ပေါင်းစည်းမိကြပြီပဲကွယ်"

ချစ်နှင်းဖြူက အားလျော့စွာ ခေါင်းတစ်ချက် ယမ်းလိုက်ပြီး နန္ဒနောင်ကိုသာ ကြည့်နေ၍…

"အခြေနေ အားလုံး၊ အဖြစ်ပျက် အကုန်လုံးကို မချစ်နှင်းဖြူ လက်ခံပြီလား၊ ယုံကြည်ပြီလားဟင်"

နန္ဒနောင်က ရင်းနှီးသူ တစ်ယောက်လို ဝင်မေးသည်။

"လက်ခံလို့ ယုံကြည်လို့ မောင့်ကို သိပ်သနားနေရပါတယ် ရှင်"

ကိုဖြိုးသည် ဆုပ်ထားသော ချစ်နှင်းဖြူ၏ လက်ကလေးကို ငုံ့နမ်းလိုက်ပါ၏။

"သူ့ကို ဘာလို့ ဆေးရုံ မတင်တာလဲ ဟင်"

အနောင်က သူ့မမသို့ မေးသော်လည်း ကြားသွားသော ချစ်နှင်း ဖြူက…



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဖြူ ဆေးရုံမတက်ချင်တော့ဘူး"

"ဗျာ"

"ဆေးရုံမှာဆို မောင်နဲ့ ခုလို နေခွင့်မရမှာ စိုးလို့ပါ"

ဖြိုးမြင့်ဝေ၏ ရင်၌ ခိုက်သွားစေသော စကားလုံးလေးများ...

"ဒီမှာလည်း ဆေးရုံအတိုင်းပဲ ပြုစု ကုသနေပါတယ်။ အနောင်၊ မမလှိုင်းတို့အားလုံးလည်း အနားမှာ နေခွင့်ရတယ်လေ၊ အန်ကယ် ဒေါက်တာ မြတ်ဦးကတော့ ဆေးရုံ တက်စေချင်တယ်၊ ဒါပေမယ့်... ချစ်နှင်းဖြူရယ်၊ သူ့ မေမေရယ်ရဲ့ ဆန္ဒအရ အိမ်မှာပဲ အကောင်းဆုံး ကုသနေပါတယ်၊ မကြာခင် နေကောင်းသွားတော့မှာပါ..."

ဖြူလှိုင်းဖွေး၏ အားပေးစကား မဆုံးခင် ချစ်နှင်းဖြူက သူ့ရင်လေးကို ဖိပြီး...

"မောင်... အန်ချင်လာပြန်ပြီ"

"မထနဲ့ ချစ်၊ မောင့် လက်ပေါ်ပဲ အန်ချလိုက်"

ပါးစပ်နားမှာ လက်ခုပ်လေး ခံပေးလိုက်တော့၊ ဝါဝါ အရည်များ အန်လွှက်လာပြီး ချစ်နှင်းဖြူမှာ မောဟိုက်နွမ်းနယ်သွားသလို ငြိမ်ကျသွားပြန်သည်။

လက်ဆေးပြီး ပြန်လာသော ဖြိုးမြင့်ဝေသည် ချစ်နှင်းဖြူ၏ မျက်နှာလေးကို အနီးကပ်ကြည့်ပြီး မျက်ရည်တွေ ဝေနေရှာတော့သည်။

နန္ဒနောင်နှင့် ဖြူလှိုင်းဖွေးတို့ အပြင်ထွက်လာခဲ့ကြရပါ၏။

"အခြေနေက ဘယ်လိုလဲဟင်"

"ကြိုးစားကုတုန်းပဲ၊ တိုးတက်မလာတာကို အားမရဘူး





အနောင်ရယ်၊ ချစ်နှင်းဖြူအတွက် မမ သိပ်စိတ်ပူတယ်"

"နေကောင်းပါစေလို့ တစ်လမ်းလုံး ဆုတောင်းလာတာ။ မမ မျက်နှာလေးလည်း ချောင်သွားတယ်။ ဒီည အနောင် စောင့်ပေးမယ်။ မမ အိပ်ရေးဝအောင် အိပ်နော်၊ ကျွန်တော့်မမကရော နေကောင်းရဲ့လား ဗျာ"

"နေကောင်းပါတယ်၊ စိတ်ပင်ပန်းနေလို့ပါ"

အနောင်သည်လည်း ကိုဖြိုးလိုပင် သူ့ချစ်ဆုံးအတွက် သနား ကရုဏာသက်လွန်းသော မျက်ဝန်းလေးနှင့် မလွှဲတမ်း စိုက်ကြည့်နေ ရှာသည်။

"အနောင်လေ တစ်ယောက်တည်း နေရတုန်းက သေတောင် သေချင်တယ်။ ထာဝရသာ ခွဲရမယ်ဆိုရင် အနောင်လည်း သေမှာပဲ ထင်တယ်"

"အရေးထဲ ခွဲမနေစမ်းပါနဲ့"

"ခွဲတာမဟုတ်ပါဘူးဗျာ၊ တကယ့် ရင်ထဲ အသည်းထဲက သစ္စာစကားပါ"

"ဒါတွေ ပြောမနေပါနဲ့ အနောင် တစ်သက်လုံး တူတူနေရ မှာပဲ"

"တကယ်ပဲ တစ်သက်လုံး တူတူနေရမှာပါနော်...မမ"

"အေးပါ၊ ဟိုဘက်တိုးထိုင်စမ်း အနောင်ရယ်၊ သူများအိမ် မှာ..."

နန္ဒနောင်က လှိုင်းပြောမှ ရွှေ့ရုံလေးခွာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကဖြင့် ချစ်နှင်းဖြူအတွက် သနားရုံမှလွဲ၍ ဖြူလှိုင်းဖွေးလို ...န်သောက မရောက်ရုံမက သူ့မမဆီ လိုက်လာခွင့်ရ၍ သူ အကျေနပ်ကြီး ကျေနပ်နေလေသည်။

နန္ဒနောင်သည်လည်း ဖြူလှိုင်းဖွေးကို အပျောက်မခံနိုင်လောက်အောင် တွယ်တာစိတ်နှင့် မြတ်မြတ်နိုးနိုး ချစ်ပါကြောင်း ဖြူလှိုင်းဖွေး သိပါသည်။

"မမတို့ သွားတဲ့ညက ကျွန်တော်ဖြင့် ဘယ်လိုနေရမှန်းကို မသိဘူးဗျာ။ မမ အင်းလေးရောက်ပြီးနောက် အခု ရန်ကုန်အိမ်ရောက်တဲ့အထိ တစ်ခါမှ မခွဲဖူးဘူးမဟုတ်လား"

"အင်း"

"မမ ခါတ်ပုံတွေ ထိုင်ကြည့်ပြီး လွမ်းလွန်းလို့ အဲဒီညက အနောင်ငိုတယ်"

"စိတ်ညစ်ရတဲ့အထဲ"

"တကယ်... မမက လိုက်လာလည်းဆိုရော ပျော်လိုက်တာမှ"

"ဟိုမှာ ဒီလောက် နေမကောင်းနေတာ၊ ဘယ်လိုဖြစ်နေတာလဲ"

"အင်းပါ၊ ရန်ကုန်မှာ ပျော်တာပြောတာပါ၊ ဒီရောက်တော့လည်း မမတို့ စိတ်မကောင်းသလို အနောင်လည်း မချစ်နှင်းဖြူကို သနားတာပါပဲဗျာ..."

ဖြူလှိုင်းဖွေးထံမှ ဘာစကားမှ မတုံ့ပြန်၍ သူ ဘာစကားမှ မပြောဝံ့တော့သော်လည်း သူ့အချစ်ဆုံး မမ၏ အလှဆုံး မျက်နှာလေးကို သေးတိုက်အကြာကြီး ငေးကြည့်နေစဉ်...





"လှိုင်း...ချစ်က စကားပြောချင်လို့တဲ့"

ကိုဖြိုးက လှမ်းခေါ်ပြီး သုတ်ခနဲ အခန်းတွင်း ပြန်ဝင်သွားတော့သည်။ အခန်းတွင်းသို့ အမြန်လှမ်းဝင်သွားသော ဖြူလှိုင်းဖွေး၏ နောက်မှ နန္ဒနောင်ကလည်း ကပ်လျက်...

"ညီမလေး နားရအောင် အပြင်ထွက်နေတာပါ။ မမလှိုင်းကို ဘာပြောချင်လို့လဲဟင်"

"မမလှိုင်း"

"ဟင်... ချစ်နှင်းဖြူ"

"ထိုင်ပါဦး"

သူ့ခုတင်ဘေးသို့ ကုလားထိုင်ရွှေ့ယူပြီး ထိုင်ရသည်။ သူ့နောက်မှာ နန္ဒနောင်။ ခုတင်၏ ဟိုဘက်ခြမ်းမှာ ဖြိုးမြင့်ဝေ။

"နှင်းဖြူ စကားကို သေသေချာချာ နားထောင်ပါနော်"

"အေးပါကွယ်"

"နှင်းဖြူလေ...မောင့်ကို သိပ်ချစ်တယ်။ ပြီးတော့... သိပ်သနားရပါတယ်"

ချစ်နှင်းဖြူမှာ အဖြစ်ပျက်အားလုံးကို ယုံကြည်လက်ခံခဲ့ပြီးပါလေပြီ။ သူ့အပြစ်ဟုပင် သူက နောင်တဖြင့် ပြန်လည် တောင်းပန်နေရှာသော သဘောကောင်းမလေး ချစ်နှင်းဖြူ...

"မောင့်အတွက်၊ မောင့်ဘဝကြီး တစ်ခုလုံးအတွက် ကူညီဖေးမပေးနိုင်မယ့်သူဟာလည်း မမလှိုင်းပါပဲနော်"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန္ဒနောင်နဲ့ အင်းလေးရောက်မှ တွေ့ကြတာနော်"

"ဟုတ်ပါတယ်"

"မောင်နဲ့ မမလှိုင်းက အနှစ်နှစ်ဆယ်ကျော် သံယောဇဉ် ရှိခဲ့ကြတာပါ"

"ချစ်နှင်းဖြူ"

"နှင်းဖြူပဲ ပြောပါရစေ မမ"

"ချစ်ရယ်... မောနေပြီ၊ ဖြည်းဖြည်းပြောပါ၊ ချစ်...ဘာပြောချင်တာလဲ၊ ဘာဆိုလိုချင်တာလဲ ဟင်"

"မမလှိုင်းကို တောင်းပန်ချင်လို့ပါ"

"ဘာကိုလဲ ညီမရယ်"

"နှင်းဖြူ မရှိတဲ့နောက်ပိုင်းမှာ မောင့်ကို မမလှိုင်းရဲ့ လက်မှာပဲ အပ်ခဲ့ပါရစေ"

"အို"

အနားဌာ ရပ်နေကြသော သုံးယောက်လုံး၏ နှလုံးသားကို ကြမ်းတမ်းသော လက်နှင့် ဆွဲကိုင် လှုပ်ယမ်းလိုက်စေသော စကားပါလား။

"ကိုနန္ဒနောင်ဟာ ယယ်တယ်၊ ချောတယ်၊ သူ့ဘဝသစ်ကို ပူ့ပာသူ ဖန်တီးယူပါစေတော့ မမရယ်..."

"အို...ကျွန်တော်လည်း မမပေါ်မှာ ဘယ့်လောက်ထိအောင်..."

"အနောင်"

မခံမရပ်နိုင်သော လေသံနှင့် ဝင်ပြောလာသော နန္ဒနောင်ကို





ဟန့်တားထားရသည်။

"မောင်ဟာ... နှင်းဖြူကလွဲရင် မမလှိုင်းနဲ့ အထိုက်တန်ဆုံးပါ"

"ချစ်ရယ်...ဘာစကားတွေ ပြောနေတာလဲ။ ချစ်နေကောင်းရမှာပါ"

"ချစ်...ပြောချင်တာ ဝအောင် ပြောပါရစေ မောင်ရယ်၊ ဒီတစ်ကြိမ်ပဲ ပြောမှာပါ"

ပြင်းထန်လွန်းသော နှလုံးခုန်ခြင်းများမှလွဲ၍ သုံးယောက်လုံး ကျောက်ရုပ်လို ဖြစ်နေကြသည်။

"မမလှိုင်းနဲ့ မောင်ဟာ သံယောဇဉ်အရှိဆုံး၊ အတွယ်တာဆုံး လူသားနှစ်ဦးပါ"

"နှင်းဖြူ မရှိတဲ့ နောက်ပိုင်းမှာ မမလှိုင်းတို့ ပြန်လက်ထပ်ကြမယ်လို့ ကတိပေးပါနော်"

ချစ်နှင်းဖြူ အံကြိတ်လိုက်သည်။ မျက်ရည်တို့က မျက်ဝန်းမှာ ချက်ချင်း လျှံပြည့်တော့သည်။

နန္ဒနောင်သည်လည်း ပြင်းထန်လွန်းသော ခံစားမှုကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပါ၏။

ဖြိုးမြင့်ဝေသည်မှု...

"ချစ်ရယ်... ချစ်လည်း မသေနိုင်ဘူး၊ မသေရဘူး၊ မောင့်တစ်သက်မှာလည်း ချစ်ကလွဲပြီး ဘယ်သူ့မှ မောင့်ချစ်သူ မဖြစ်စေရဘူး"

"မောင်...မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်"

"မောင်...အဲဒီလို ဖြစ်နေမယ်ဆိုတာသိလို့၊ ချစ်ရဲ့ မျက်ကွယ် ဘဝမှာ ဒီလို ခံစားနေရမှာ စိုးလွန်းလို့ပါ အသက်ရယ်..."

"ချစ်...ချစ်ရယ်"

ဖြိုးမြင့်ဝေ ချစ်နှင်းဖြူကို ဖက်၍ ငိုလေပြီ။

"မမလှိုင်းနဲ့မောင်"

"ဟင်"

"နှင်းဖြူကို မသနားကြဘူးလား ရှင်"

"အို... သနားလွန်းလို့ ခုလို လိုက်ရှာပြီး မြှူစနေတာပေါ့ကွယ်"

"ဒါဆို နှင်းဖြူ အသေဖြောင့်အောင်၊ မောင့်အတွက် စိတ်ချမ်းသာသွားရအောင်၊ မောင်နဲ့ မမလှိုင်းနဲ့ အတူပေါင်းသင်း နေထိုင်ကြပါမယ်ဆိုတဲ့ ကတိကို ပေးကြပါ၊ မိနှင်းဖြူကို တကယ် သနားတယ်ဆိုရင် ပေးလိုက်ကြပါရှင်"

"ချစ်ရယ်... ဒါတွေ ဘာလို့ ပြောနေရတာလဲ၊ မောင့်အတွက် ဘာလို့ ဒီလောက် ထည့်တွက်နေရတာလဲဟင်"

"မောင့်ကို ချစ်လွန်းလို့၊ သနားလွန်းလို့၊ စိတ်မချနိုင်လွန်းလို့ ပေါ့"

နောက်ဆုံးအသံက တိမ်ဝင်သွားပြီး မောဟိုက်ပင်ပန်းလွန်းစွာ အသက်ရှူနေရပါလျက်နှင့် ချစ်နှင်းဖြူ၏ မျက်ဝန်းမှ မျက်ရည်များ စီးကျလာတော့သည်။

"ချစ်နှင်းဖြူ၏ နောက်ဆုံးအချိန်"





ဆိုသည်ကို သိလိုက်ရသော ဖြူလှိုင်းဖွေးမှာ အချစ်ဆုံး နှစ်ယောက် ဖက်ငိုနေကြသည့် မြင်ကွင်းကို မကြည့်နိုင်... မကြည့်ရက်တော့...

"ချစ်နှင်းဖြူ"

"ကိုဖြိုး"

ကွဲအက်မာကျောနေသော အသံကြောင့် သူတို့နှစ်ဦးလုံး လှိုင်းသို့ မော့ကြည့်လာကြသည်။

"မမလှိုင်းကြောင့် ခုလို ဖြစ်ခဲ့ရတာပါ၊ ဒါကြောင့် ကိုဖြိုးနဲ့ ချစ်နှင်းဖြူတို့ ဆန္ဒရှိသမျှ ကိစ္စတိုင်းကို မမလှိုင်း ဆောင်ရွက်ပေးသွားမယ် ညီမလေးရယ်"

ရှိုက်သံနှင့် ရောထွေးပြောလိုက်သော စကားဆုံးသည်နှင့်—

"မမ"

နန္ဒနောင် ကြုံးအော်လိုက်သည်။ ဖြူလှိုင်းဖွေး၏ လက်မောင်းကို ကြေမတတ် ဆုပ်ကိုင်၍ ခက်ထန်လွန်းသော မျက်နှာနှင့် စကားပြောတော့မည်ဟန်ပြင်၍ ဖြူလှိုင်းဖွေးက လက်မောင်းကို ဆောင့်ရုန်းပြီး—

"အပြင်မှာ သွားထိုင်နေစမ်း...အနောင်"

"ကျွန်တော် မသွားနိုင်ဘူး"

"ဒီကိစ္စထဲမှာ မင်း ဘာမှ ဝင်ပါစရာ မလိုဘူး၊ မင်းမှာ [illegible] အသည်းနှလုံးရှိရင် ငါ့ကို ဘာစကားမှ ဝင်မပြောနဲ့၊ အပြင်ထွက်သွားစမ်း"

ဖြူဖွေးနေသော မျက်နှာတစ်ပြင်လုံး ရဲတက်လာသည်။ [illegible] သော ကြေကွဲခြင်း၊ ခံပြင်းခြင်းများဖြင့် နန္ဒနောင် ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလှိုင်းရယ်... နှင်းဖြူ ကျေးဇူးတင်ပါတယ်၊ မောင့်ကို တစ်သက်လုံး ကြင်နာပါနော်"

"ချစ်ရယ်... ချစ် ပင်ပန်းလှပါပြီဗျာ၊ တော်ပါတော့... တော်ပါတော့ကွယ်"

သူတို့နှစ်ဦးနှင့်အပြိုင် ဖြူလှိုင်းဖွေးလည်း မျက်ရည်ဖြိုင်းဖြိုင်း စီးပါသတည်း။

❖ ❖ ❖

နောက်တစ်နေ့ ညဉ့်ဦးပိုင်းသို့ ရောက်ခဲ့ပြီ။

"အန်ကယ်(လ်)...အန်ကယ်(လ်)ရယ်၊ ကယ်ပါဦးဗျာ"

"အန်ကယ်(လ်)တင် မကပါဘူး။ ဆေးရုံက ဆရာဝန်ကြီးတွေ၊ မိတ်ဆွေ ဆရာဝန်တွေအားလုံး လာကြည့်ပေးကြ၊ တိုင်ပင် ကုသကြတာကို ကိုဖြိုး အမြင်ပါပဲကွယ်၊ ခုတော့..."

"ခင်ဗျာ"

"အန်ကယ်(လ်) တကယ် စိတ်မကောင်းပါဘူး ကိုဖြိုးရယ်..."

"ဗျာ...ဗျာ"

"ချစ်နှင်းဖြူရဲ့ ရောဂါဟာ ဘယ်သမားတော်မှ ကုလို့ မရနိုင်တော့ဘူးကွယ်"





"အို...ဗျာ"

ကိုဖြိုးသည် မျက်နှာကို လက်ဝါးဖြင့် ပိတ်ကာလိုက်ပြီး သည်းသည်းထန်ထန် ငိုကြွေးပါလေပြီ...

ဖြူလှိုင်းဖွေးသည်လည်း ပရိဒေဝ မျက်ရည်များ စီးသွယ်လျက်က...

"ချစ်နှင်းဖြူ... ညီမလေးရယ်"

မထူးနိုင်တော့...

ဘယ်သော အခါမှလည်း ထူးနိုင်တော့မည် မဟုတ်သော ချစ်နှင်းဖြူပါတကား...။

❖ ❖ ❖

"ငါ့မေမေရဲ့ အသည်းရောဂါ၊ ငါ့အချစ်ဆုံးရဲ့ အသည်းရောဂါတွေထက် ငါ့ရင်ထဲက အသည်းရောဂါက ပိုဆိုးပါတယ်ကွယ်။ ရင်ထဲမှာ တစ်စစီ ကြွေပြီ လှိုင်းရေ..."

"ကိုဖြိုး... သူငယ်ချင်းရယ်၊ ငါလည်း ဘယ်လိုလုပ်ပြီး ဖြေနိုင်ပါ့မလဲဟယ်"

"ချစ်နှင်းဖြူ ညီမလေးရေ..."

"အဖြစ်ဆိုးလွန်းတဲ့၊ ကံဆိုးလွန်းတဲ့ ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမလှိုင်း မဖြေနိုင်ဘူး။ ဘယ်လို ဖြေလို့မှ မပြေနိုင်ပါဘူး ကွယ်"

ဖြူလှိုင်းဖွေး လုံးဝ မထိန်းနိုင်တော့၊ ရင်ထဲမှာ ကြိတ်မနိုင် ခဲမရ ဖြစ်သမျှ အော်ဟစ်၍ ငိုပစ်လိုက်မိပါပြီ။

ခေါင်းသွင်းခါနီးမို့ ဒေါ်ခင်နှင်းလည်း လှိမ့်လူးငိုနေရှာပါ၏။

ကိုဖြိုးသည်မူ...

အကြီးအကျယ် ကျိတ်ခဲထားရာမှ သူချစ်သူ၏ ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး...

"ချစ်... ချစ်ရယ်... ခု... ခု... မှ...၊ ... တကယ်ပဲ ခွဲကြရပြီ လားဗျာ"

တိုးတိုးတိမ်တိမ် ဆို့ဆို့နစ်နစ် အသံလေး အဆုံးတွင် ချစ်နှင်း ဖြူ၏ အလောင်းပေါ်သို့ ပုံကျပါသတည်း။

❖ ❖ ❖

ဆောင်းဦး၏ မြူနှင်းငွေ့တို့ ဝေမှိုင်းနေသော နံနက်ခင်း...

ပြင်ဦးလွင်မြို့ပြင်သချိုင်းမှ ဂူအသစ်စက်စက်လေးပေါ်သို့ 'သစ္စာပန်းခိုင်'ကို တင်လိုက်ပြီး ကိုဖြိုးက ဒူးထောက်ထိုင်၍ ငုံ့ရှု လိုက်တော့...





သူ့အချစ်ဆုံး၏ ထာဝရ လဲလျောင်းရာ မြေပေါ်သို့ သူ့ မျက်ရည်စက်တို့ အဆက်မပြတ် ကျကြွေတော့သည်။

သူ့နောက်မှာ ဖြူလှိုင်းဖွေးကရပ်လျက်...

ဖြူလှိုင်းဖွေးနှင့် မလှမ်းမကမ်းတွင် ခရီးဆောင်အိတ်တစ်လုံးကို လွယ်လျက် ရပ်နေသော နန္ဒနောင်...

သူသည် တစ်ညလုံး ငိုထားကြောင်း ရဲရဲနီနေသော မျက်ဝန်းနှင့် မို့နေသော မျက်ခွံတို့က သက်သေခံနေပါ၏။

ဖြူလှိုင်းဖွေးသည် နောက်ဘက်သို့ လှည့်မကြည့်၊ ရှေ့ဆီသို့ တစ်လှမ်းချင်းတိုးလျက် ကိုဖြိုး၏ ပခုံးကို သိုင်းဖက်ပြီး မ်ထူလိုက် သည်။

"ပြန်ကြပါစို့ သူငယ်ချင်းရယ်..."

ကိုဖြိုး ဘာမှ မပြော။ အံကို တင်းတင်းကြိတ်ပြီး ငိုလျက်နှင့်ပင် ဖြူလှိုင်းဖွေး တွဲခေါ်ရာသို့ ပါလာသည်။

ငိုနေကြမှန်း သိပါလျက် တစ်ဦးမျက်ရည်ကို တစ်ဦးက မမြင်စေလို၍ ငုံ့ပြီး လျှောက်လာကြသည်။

ပြင်ပ လမ်းမပေါ်သို့ ရောက်ခါနီးတွင်မှ ပျဉ်းမပင်ကြီး၏ ပင်စည်ကို မှီလျက်ရပ်နေသော နန္ဒနောင်ကို ပြိုင်တူမြင်လိုက်ကြရ တော့သည်။

"အစ်ကိုဖြိုး"

"ဟင်... မင်း လိုက်လာတယ်လား အနောင်"

"ဟုတ်ပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒနောင်သည် ဖြူလိုင်းဖွေးသို့ ဝေသီလွန်းသော အကြည့်များဖြင့် ဆွေးဆွေးမြည့်မြည့် ကြည့်လိုက်ပြီး...

"မမရယ်..."

"အို...အနောင်"

"ကျွန်တော် လာနှုတ်ဆက်တာပါ။ ကျွန်တော် ပြန်ပါတော့မယ် ခင်ဗျာ"

ဖြူလိုင်းဖွေး၏ ဘဝတစ်သက်တာ အတွင်းမှ ပထမဆုံး ချစ်ဖူးသော အချစ်ဦးလေး၏ သဏ္ဌာန်သည် ရင်၌ ပီပြင်သော်လည်း အမြင်၌ မှုန်ဝါးနေရပြီ။

"အနောင် ဘယ်ကို ပြန်မှာလဲဟင်"

"အင်းလေးကိုပဲပေါ့ မမရယ်"

"ဘယ်တော့ ပြန်လာဦးမှာလဲဟင်"

"ဘယ်တော့မှ ပြန်မလာတော့ပါဘူးဗျာ"

"ရန်ကုန်က အနောင့်ရဲ့ တိုက်..."

"တော်ပါတော့ မမ၊ အနောင့်ရဲ့ရင်ထဲက အသည်းနှလုံးကိုတောင် ခွဲထုတ်ထားခဲ့ရမှတော့ ဒီတိုက်လည်း ဘာလုပ်ဖို့လဲဗျာ။ အနောင့်ရဲ့ အချစ်ရဆုံး မမနဲ့ အစ်ကိုဖြိုးတို့ နေဖို့ ပြန်ပြီး လက်ဖွဲ့ခဲ့ပါရစေခင်ဗျာ"

"အနောင်"

"ထာဝရ ခွဲခွာဖို့အတွက် နောက်ဆုံးနှုတ်ဆက်ခြင်းပါမမ၊ အနောင် သွားပါတော့မယ်ဗျာ"





ရိုက်ပြီးပြောလျက် ငိုပြီး လှည့်ထွက်သွားသော အနောင့်ကို မျက်ရည်တွေ တွေတွေစီးကျရင်းက ဖြူလိုင်းဖွေး လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်တော့သည်။

"အနောင်"

ကိုဖြိုး၏အသံက ဟိန်းထွက်လာသည်။

နန္ဒနောင်က ခြေလှမ်းသာ တန့်သွားသည် နောက်သို့ လှည့်မကြည့်။

"ညီလေး...နန္ဒနောင်"

ကိုဖြိုးက ပြေးလိုက်သွားပြီး သူ့ပခုံးကို ဆွဲလှည့်လိုက်သည်။

"ညီလေး မသွားရပါဘူးကွာ"

"ဗျာ..."

"လိုင်း... လာဦးလေ"

လိုင်းက ဖြည်းဖြည်းချင်း လှမ်းလာပြီး အနီးကပ်လာတော့ သူတို့သုံးဦး ဆိုင်မိကြချိန်မှာ...

"နန္ဒနောင် ရင်မှာ ဘယ်လို ခံစားရမယ်ဆိုတာ ငါအသိဆုံး၊ ငါမှ အစာနာတတ်ဆုံးပါ မိလိုင်း"

"ဟင်..."

"နင်နဲ့ နန္ဒနောင် မခွဲစေရဘူး၊ မခွဲရဘူး။ အို...ချစ်သူတိုင်း ငါတို့လို မဖြစ်ကြရပါစေနဲ့"

"ကိုဖြိုး"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ အနော်င့်ကို သိပ်ချစ်တယ်။ သူဟာ ငါ့ရဲ့ အချစ်ဦးဆိုတာ နင် အသိဆုံးပါ။ ဒါပေမယ့်... ချစ်နှင်းဖြူကို ပေးခဲ့တဲ့ ကတိအတိုင်း နင့်အတွက် ငါ့ရဲ့ အချစ်ဆုံးကို ငါ စွန့်လွှတ်ပေးရမှာပါ ကိုဖြိုးရယ်"

"ဒီမှာ မိလှိုင်း"

"ဟင်..."

"နင် ငါ့ကို နန္ဒနော်င်လို ချစ်နိုင်သလား"

"သူငယ်ချင်းတစ်ယောက်လို၊ အစ်ကိုတစ်ယောက်လို ငါနင့်ကို သိပ်ချစ်တယ်၊ သိပ်သနားတယ် ကိုဖြိုး။ ဒါပေမယ့်... ငါ့ရဲ့ ချစ်သူလို နှီးချစ်မျိုးဟာ ငါ့ရင်ထဲမှာ မရှိတော့ဘူး။ အနော်င့်ရင်ထဲကို ထာဝရ သွင်းပေးလိုက်ပြီးပါပြီ ကိုဖြိုးရယ်"

ဖြူလှိုင်းဖွေး ရှိုက်ငိုပုံက နလုံးသား ပွင့်ကွဲကြွေကျတော့မတတ်။

"အေး... ငါလည်း နင့်ကို သူငယ်ချင်းလို၊ ညီမလေး တစ်ယောက်လို သိပ်ချစ်တယ်။ ငါ့ရဲ့ အရင်းနှီးဆုံး၊ အားကိုးဆုံးဟာ လည်း နင်ပဲ လှိုင်း...

"ဒါပေမယ့်... ငါလည်း နင့်လိုပဲ၊ ငါ့ရင်ထဲက အချစ်အားလုံး ငါချစ်ရဲ့ ဂူထဲမှာ တစ်ခါတည်း မြှုပ်နှံလိုက်ပြီးပါပြီကွယ်"

"ကိုဖြိုးရယ်"

"ဒီတော့ ကံကြမ္မာက တစ်ခါမှ မျက်နှာသာ မပေးခဲ့တဲ့ ငါ့ဘဝရဲ့ အဖြစ်ဆိုးနဲ့ ငါပဲ ရှိပါစေတော့..."

ဖြိုးမြင့်ဝေသည် ဖြူလှိုင်းဖွေး၏ လက်ကို လှမ်းယူဆွဲကိုင် လိုက်ပြီး...





"ငါတစ်ယောက် စိတ်ဆင်းရဲရမယ့်အစား၊ ဘာလို့များ သုံးယောက်လုံး ရင်ကွဲခံမလဲ၊ အသည်းကြွေခံမလဲကွယ်။ နန္ဒနော်င်ဟာ နင့်ကို သိပ်ချစ်တယ်၊ ဒါကြောင့် ငါ့လို ခံစားနေရတယ်ဆိုတာ ငါ နားလည်တယ်၊ စာနာတယ် လှိုင်း"

"အစ်ကိုဖြိုးရယ်... မမလှိုင်းက မချစ်နှင်းဖြူကို ကတိပေး လိုက်ပြီပဲဗျာ၊ မမနဲ့ အစ်ကိုဖြိုးတို့ ကြိုက်သလိုသာ ဆုံးဖြတ်ကြပါ၊ ကျွန်တော့်လို ဘာမဟုတ်တဲ့ တောသားလေးအတွက် ထည့်တွက်မနေ ကြပါနဲ့"

"မင်းဟာ အရည်အချင်းရှိတဲ့ လူငယ်ပါ ညီလေး၊ ငါ့ညီမလေး နဲ့ ငါ သဘောတူတယ်"

"ပြီးတော့ ချစ်ကို သူသာ ကတိပေးတာ၊ ငါ မပေးလိုက်ပါဘူး ကွာ၊ ရောက်လေရာ ဘဝကနေပြီး၊ ငါ့ရဲ့ သစ္စာတရားကို ချစ် မြင်သာ မှာပါ၊ ငါ့စေတနာကို သူ နားလည် ပေးမှာပါ..."

"ကိုဖြိုးရယ်... နင် ငါတို့ကို ခွဲမသွားပါနဲ့နော်၊ နင့်ကို ငါ သနားလှပါပြီ"

"အေး...ငါလည်း နင့်ကို သနားတာပဲပေါ့၊ လှိုင်း... ငါချစ်တဲ့ ငါ့ညီမလေး၊ ငါ့လို မခံစားစေရပါဘူးကွယ်"

ဖြိုးမြင့်ဝေသည် ကျန်လက်တစ်ဖက်ဖြင့် နန္ဒနော်င်၏လက်ကို ဆွဲယူပြီး အချစ်ဦးနှစ်ယောက်တို့၏ လက်ချင်း ချိတ်ဆက်ပေးလျက်...

"ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေကွယ်"

"အစ်ကို သွားတော့မယ်နော် ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်း နင်လည်း မငိုပါနဲ့တော့ကွယ်၊ ကဲ...ငါ သွားတော့မယ်... သူငယ်ချင်းရယ်"

ငိုနေသော သူတို့ ဘာမှ မပြောဖြစ်လိုက်နိုင်မီမှာပင် ကိုဖြိုးသည် သူတို့နှစ်ဦးကို ကျောခိုင်းလျက်...

မြူနှင်းများဖြင့် ဝေသီပိတ်ဆီးနေသော စမ်းတဝါးလမ်းတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပါလေပြီ။

"ချစ်နှင်းဖြူရေ...တမလွန်ကနေပြီး မမလှိုင်းကို ခွင့်လွှတ်လိုက်ပါတော့ ညီမလေးရယ်"

ဂူဖြူဖြူလေးသို့ မှန်းမျှော်ရင်း တိုင်တည်တောင်းပန်နေသော ဖြူလှိုင်းဖွေး၏ ပခုံးလေးကို အယုယဆုံး ထွေးပွေ့လျက်...

"မမလည်း ပင်ပန်းလှပါပြီဗျာ၊ မငိုပါနဲ့တော့ မမရယ်၊ အနောင်ဘို့ အစ်ကိုဖြိုးကို ပြန်ခေါ်ပြီး အစ်ကိုကြီးတစ်ယောက်လို ပြုစုထားကြရအောင်ပါ နော် မမ"

နန္ဒနောင်၏ စေတနာသည် ပတ်ဝန်းကျင်နှင့် အံဝင်လိုက်ဖက်ခြင်း မရှိပါကြောင်း ရှင်းမပြချင်သေး"

"အနောင်ရယ်...ကိုဖြိုးနဲ့ ချစ်နှင်းဖြူအတွက် မမရဲ့အသည်းတွေ ကြေကျမတတ် သနားလှချည်ရဲ့ကွယ်"

"တိတ်ပါတော့ မမရယ်၊ အနောင့်ရင်ခွင်မှာ အနားယူ လှည့်ပါတော့ဗျာ၊ အနောင်တို့ ပြန်ကြပါစို့နော် မမ"





ချစ်နှင်းဖြူ၏ သက်မဲ့ခန္ဓာ လဲလျောင်းရာမြေကို ကျောခိုင်းလျက် နန္ဒနောင်၏ ပခုံးကို နွမ်းလျစွာမှီပြီး လျှောက်လာသော ဖြူလှိုင်းဖွေးသို့ နန္ဒနောင်သည်...

ထွေးပွေ့ယူတော့မတတ်၊ ယုယကြင်နာလွန်းစွာ... တွဲခေါ်လျက်...

"ကျွန်တော့်ရဲ့ အကြီးမားဆုံးသော အကြင်နာတွေနဲ့ မမ အငိုတိတ်အောင် ဖွမ်းဆောင်ပါ့မယ်ဗျာ"

"မမ"

"ကျွန်တော် သိပ်ချစ်ရတဲ့ မမရယ်..."

✱

ပြီးပါပြီ။

✱

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၁၉၈၃ ခု၊ ဩဂုတ်လ၊ ၂၅ ရက်

www.burmeseclassic.com